www.burmeseclassic.com

# သိပ္ပံ ဓာတ်ဝ
# [illegible] များ



www.burmeseclassic.com

www.burmeseclassic.com

## ရွှေစာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ မိသားစု လက်ရွေးစင်ဝတ္ထုတိုများ ... သိပ္ပံမောင်ဝ

၂။ ခေတ်စမ်း၏ ပန်းသုံးပွင့်ရနံ့များ ... သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်

၃။ အမှတ်တရ သိပ္ပံမောင်ဝ ... မြင့်ကြိုင်(အမျိုးသားစာကြည့်တိုက်)

၄။ အဟိတ် ·· ဝတ္ထုဇာတ်လမ်းများ ... သိပ္ပံမောင်ဝ

၅။ မြန်မာစာရေးဆရာတို့၏ကလောင် ... စာရေးဆရာစုံ

၆။ အမှတ်တရ ဇော်ဂျီ ... စာရေးဆရာစုံ

၇။ လွမ်း ... တက္ကသိုလ်ဘုန်းနိုင်

၈။ ငှက်မွေးသဘင် ... ပါရဂူ

၉။ လက်ရွေးစင် ဆုရဇာတ်လမ်းစုံ ... မောင်သင်

၁၀။ သူပတ်သောစာ၊ သူရေးသောစာ ... မြင့်သန်း

၁၁။ ပညာကထာ ... ပါရဂူ

၁၂။ နွေဦးကျက်သရေ ···နှင့်
ကျွန်တော် ရသစာတမ်းများ ... ဇော်ဂျီ

*ယခုလ*

၁၃။ သိပ္ပံမောင်ဝ ရာပြည့်စာတမ်းများ

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁၄။ လိပ်ပြာနှင့် လက်ရွေးစင်စာများ ... တိုက်စိုး

၁၅။ ဖန်တီးသူအကြိုက် လက်ရွေးစင်ဝတ္ထုတိုစု... ခင်နှင်းယု၊ ခင်ခွေဦး၊ ကြူကြူသင်း၊ ဂျူး။ မစန္ဒာ၊ နုနုရည်(အင်းဝ)၊ သန်းမြင့်အောင်

၁၆။ ထူးဆန်းသောပုံပြင်များ ... သော်တာဆွေ

၁၇။ ဇဝန ဝတ္ထုတိုပေါင်းချုပ် ... ဇဝန

၁၈။ [illegible]ဆောင် ... တင့်တယ်

၁၉။ လွင့်မျောနေသောကမ္ဘာကြီး၏ အနုပညာသည်တစ်ဦး ... မြင့်သန်း
**An Artist of the Floating World**
**(Kazuo Ishiguro)**

၂၀။ **Twelve American Detective Stories** ...လင်းဝေမြိုင်

၂၁။ မိမိနှင့်မြသန်းတင့် ... ပါရဂူ

၂၂။ နှစ်လောက ... မောင်ထွန်းသူ

၂၃။ **The Stars Look Down**... မောင်ထွန်းသူ
**(A.J Cronin)**

၂၄။ ဘကြီးမှုန်း၏ ပုံပြင်ဝတ္ထုများ... တင့်တယ်

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ

## ရာပြည့်စာတမ်းများ

သန်းထွတ် (ပညာရေးတက္ကသိုလ်)
ယုယုလွင် (Ms. Yuri Takahashi)
အောင်စိုးဦး
ချစ်နိုင် (စိတ်ပညာ)
လှထွန်း (မြန်မာစာ)
ဦးအေးချို (မဟာဝိဇ္ဇာ)
သုရဇော်
မောင်စွမ်းရည်

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း-၂၂၁၉၅၇၊ ၂၉၂၀၂၃။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ... ၉၆၀/၉၉ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၂၄၈/၂၀၀၁(၃)

ပထမအကြိမ်
၂၀၀၁၊ ဇွန်လ
အုပ်ရေ (၁၀၀၀)
တန်ဖိုး ၁၂၀၀

ဦးအောင်ကြီး (၀၉၈၆)၊ ရွှေပုရပိုက်စာပေ၊ အမှတ်(၅)၊ တင့်ဆန်းလမ်း၊ ဗွတ္တလစ်ဗဟာန်းမြို့နယ်၊ ရန်ကုန်မှ ထုတ်ဝေ၍ ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (၀၅၇၀၁)၊ အမှတ်(၅)၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်၊ ဖုန်း ၂၉၂၀၂၃ တွင် ပုံနှိပ်သည်။

## ရွှေစာပေတိုက်

၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း-၂၂၁၉၅၇၊ ၂၉၂၀၂၃။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အဖွင့်အမှာစကား | ထီလာစစ်သူ<br>တိုက်စိုး |
| ၂။ | သိပ္ပံမောင်ဝ၏စာပေချစ်စိတ် | ဦးသန်းထွတ်<br>(အငြိမ်းစားပါမောက္ခ) |
| ၃။ | သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများနှင့်<br>ကျွန်ုပ်၏အမြင် | ဒေါ်ယုယုလွင်<br>(Ms. Yuri Takahashi) |
| ၄။ | သိပ္ပံမောင်ဝနှင့်ပြည်သူ့ဝန်ထမ်း<br>စာရေးဆရာ | အောင်စိုးဦး |
| ၅။ | လူ့သဘာဝ၊ ကလေးသဘာဝတို့ကို<br>သိပ္ပံမောင်ဝရှုမြင်ရေးဖွဲ့ပုံ | ချစ်နိုင်(စိတ်ပညာ) |
| ၆။ | သိပ္ပံမောင်ဝ၏စာပေသဘောတရား | လှထွန်း(မြန်မာစာ) |
| ၇။ | သိပ္ပံမောင်ဝ၏စာပေနှင့်<br>ယဉ်ကျေးမှုအမြင် | ဦးအေးရှို(မဟာဝိဇ္ဇာ) |
| ၈။ | သိပ္ပံမောင်ဝနှင့်ကဗျာစာပေ | သူရဇော် |
| ၉။ | သိပ္ပံမောင်ဝရဲ့ စာပေဝေဖန်ရေး | မောင်စွမ်းရည် |
| ၁၀။ | နိဂုံးချုပ်အမှာစကား | ပါရဂူ |


www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာကြီးသိပ္ပံမောင်ဝ

### နှစ်တစ်ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲနှင့်ပြပွဲ ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးညွန့် (ထီလာစစ်သူ) ၏ အဖွင့်အမှာစကား

စာပေပညာရှင်များနဲ့ အထူးဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာမှုရှိနိုင်ကြပါစေလို့ ဦးစွာဆန္ဒပြုဆုတောင်းအပ်ပါတယ်။

ဒီကနေ့ဟာ မြန်မာစာပေသမိုင်းမှာ ပေါ်ထွန်းခဲ့တဲ့ ခေတ်စမ်းစာပေတစ်ခေတ်ရဲ့စကားပြေခေါင်းဆောင်တစ်ဦးဖြစ်သူ စာရေးဆရာကြီးသိပ္ပံမောင်ဝကို ဂုဏ်ပြုတဲ့မင်္ဂလာအခမ်းအနားပဲ ဖြစ်ပါတယ်။ ဒီလိုအခမ်းအနားမျိုးကို ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနက ဦးစီးပြီး စီစဉ်ကျင်းပခြင်းဟာ နိုင်ငံတော်ရဲ့ လူမှုရေးဦးတည်ချက်နဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့မူဝါဒတွေကို ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအနေနဲ့ လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုပဲ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

မြန်မာစာပေသမိုင်းကြောင်းတစ်လျှောက်ကို ပြန်ကြည့်ရင် ရှင်မဟာ

www.burmeseclassic.com

ရှင်သာရ၊ ဝန်ကြီးပဒေသရာဇာ၊ စိန္တကျော်သူ ဦးညြ၊ မြဝတီမင်းကြီး ဦးစ၊ ဦးပုည၊ လယ်တီပဏ္ဍိတအစရှိတဲ့ ရှေးမြန်မာ့စာဆိုတော်ကြီးများကို အမှတ်တရ အထိမ်းအမှတ်အဖြစ် အခါအားလျော်စွာ ဂုဏ်ပြုချီးကျူးပူဇော်ပွဲတွေကို ကျင်းပခဲ့ကြတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ အလားတူသဘောထားအတိုင်း ခေတ်စမ်းစာရေးဆရာကြီး သိပ္ပံမောင်ဝရဲ့ နှစ်တစ်ရာပြည့်တဲ့ အခုလိုကာလမျိုးမှာလဲပဲ ပူဇော်ထိုက်သူကိုပူဇော်အပ်ခြင်းဆိုတဲ့ မင်္ဂလာတရားနဲ့အညီ ချီးကျူးဂုဏ်ပြုပွဲတစ်ရပ်ကို အခုလိုစီစဉ်ကျင်းပရခြင်းပဲဖြစ်ပါတယ်။

(၂၀)ရာစုကုန်လို့ (၂၁)ရာစုစတော့မယ့် ကနေ့လိုအချိန်ဟာ (၂၀)ရာစုရဲ့ မြန်မာစာပေလမ်းကြောင်းမှာ မှတ်တိုင်တစ်တိုင်လို့ တင်စားသတ်မှတ်ခြင်းခံခဲ့ရတဲ့ 'ခေတ်စမ်းစာပေ'တစ်ခေတ်ရဲ့ စကားပြေခေါင်းဆောင် သိပ္ပံမောင်ဝရဲ့ သက်တမ်းတစ်ရာပြည့်လာတဲ့ကာလပဲဖြစ်ပါတယ်။ စာရေးဆရာကြီးသိပ္ပံမောင်ဝဟာ အခုလို ဖွန်လမှာပဲမွေးဖွားပြီး ဖွန်လမှာပဲ ကွယ်လွန်ခဲ့ရှာသူ ဖြစ်ပါတယ်။ စာရေးဆရာပီသလှတဲ့ သိပ္ပံမောင်ဝဟာ အသက် (၄၃)နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ရှာပေမယ့် သူအသုံးပြုသွားတဲ့ ကလောင်အမည်ကွဲပေါင်း (၅၇) ခုအထိ ရှိခဲ့တာကို တွေ့ရပါတယ်။ မြန်မာစာပေသမိုင်းမှာ ကနေ့အထိ ကလောင်အမည်ကွဲအများဆုံးကို အသုံးပြုသွားနိုင်ခဲ့သူဟုလည်း ဆိုစမှတ်ရှိထားကြပါတယ်။ စာရေးသွက်ပြီး ထက်မြက်တဲ့ကလောင်ရှင်တစ်ဦးဖြစ်လို့ ကိုလိုနီနယ်ချဲ့ခေတ်ရဲ့ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းခေါ်တဲ့ အိုင်စီအက်စ်အရာရှိကြီးဆိုတဲ့ဘဝကို သူ့ရဲ့စာပေတွေနဲ့ယှဉ်ပြီး ထဲထဲဝင်ဝင် လေ့လာကြည့်လိုက်ရင် သူ့စေတနာနဲ့ သူ့ရဲ့မြန်မာစာပေချစ်စိတ်ကို ဘွားခနဲ တွေ့မြင်နိုင်လိမ့်မယ်ထင်ပါတယ်။

'စာရေးရင် စေတနာကောင်းထားရမယ်၊စေတနာကောင်းထားရင် စာကောင်းတွေထွက်လာတတ်တယ်' လို့လည်း သိပ္ပံမောင်ဝရဲ့ အရင်းနှီးဆုံး စာပေမိတ်ဆွေတစ်ဦးဖြစ်တဲ့ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက ရေးသားတင်ပြထားခဲ့ဖူးပါတယ်။ စာရေးဆရာကောင်းတစ်ဦးဖြစ်တဲ့ သိပ္ပံမောင်ဝရဲ့ စာပေစေတနာ ဆန္ဒကောင်းတွေကို သူရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်လေးပုဒ်လောက်နဲ့ သူ့ဘဝကို သုံးသပ်ဆုံးဖြတ် မှတ်ချက်မချသင့်ပါဘူး။ သိပ္ပံမောင်ဝ

www.burmeseclassic.com

www.burmeseclassic.com

ရေးခဲ့တဲ့ စာပုဒ်ရေလေးရာမျှကို လေ့လာစူးစမ်းကြည့်မှသာလျှင် သူ့ရဲ့ဆန္ဒနဲ့ ကောင်းမွန်တဲ့စေတနာတွေကို ယထာဘူတကျကျစွာ မြင်တွေ့လာမှာဖြစ်ပါတယ်။

သိပ္ပံမောင်ဝရဲ့ စာရေးဆရာစိတ်ဓာတ်နဲ့ သူ့ရဲ့ထက်မြက်တဲ့အတွေးအခေါ်များကို စနစ်ကျစွာလေ့လာစူးစမ်းတတ်မှလည်း သဲကွဲစွာမြင်တတ်လာမှာဖြစ်ပါတယ်။ သိပ္ပံမောင်ဝရဲ့ မောင်လူအေးဇာတ်ဆောင်ပါတဲ့ ဝတ္ထုဇာတ်လမ်းအများစုတွေဟာ ကနေ့တိုင်မရိုးနိုင်တဲ့စာပေမျိုးဖြစ်သလို သူ့ရဲ့စာပေဆောင်းပါးတွေ၊ ပေးစာတွေ၊ ပြဇာတ်တွေဆိုရင်လည်း (၂၀)ရာစုခေတ်ရဲ့ မြန်မာစာပေသမိုင်းကြောင်းမှာ စာကောင်းစာသန့်တွေ အဖြစ် ရပ်တည်နေတာတွေ့ရမှာ ဖြစ်ပါတယ်။

'မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ပြုမှုနမည့် မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့' ဆိုပြီး သိပ္ပံမောင်ဝကိုယ်တိုင်ရေးသားခဲ့ဖူးသလို သူကိုယ်တိုင်လည်း သေသည့်တိုင်အောင်ကြိုးစားသွားခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် မြန်မာစာပေကိုချစ်မြတ်နိုးပြီး မြန်မာ့ယဉ်ကျေးမှုလူ့ဘောင်ကို သူ့ရဲ့အကျိုးပြုစာပေတွေနဲ့ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်သွားတဲ့ စာရေးဆရာကောင်းတစ်ဦးရဲ့ စာပေချစ်စိတ်ကို ဂုဏ်ပြုသတဲ့သဘောနဲ့ အခုလို နှစ်တစ်ရာပြည့်စာတမ်းဖတ်ပွဲနဲ့ပြပွဲကို ကျင်းပပေးရခြင်းဖြစ်ပါတယ်။

ဒီစာတမ်းဖတ်ပွဲမှာ စာပေပညာရှင်ရှစ်ဦးက စာတမ်းရှစ်စောင်ကို တင်သွင်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ဒီစာတမ်းတွေကို လေ့လာသုံးသပ်ပြီး သိပ္ပံမောင်ဝနဲ့ ပတ်သက်ရာ မှတ်ချက်တစ်ခုကိုပေးပါဆိုရင်…

'သိပ္ပံမောင်ဝဟာ ကိုလိုနီခေတ် ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်ပေမယ့် ပြည်သူလူထုအပေါ် စိတ်ကောင်း၊ စေတနာကောင်းထားတတ်တဲ့ စာရေးဆရာကောင်းတစ်ဦး ပီသတဲ့အပြင် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာတောင် မြန်မာစာပေအဆင့်အတန်းကို တိုးတက်မြင့်မားစေလိုသူတစ်ဦးဖြစ်တယ်' ဆိုတဲ့ မှတ်ချက်ကိုပဲ ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် နှစ်တစ်ရာပြည့်တဲ့ ဒီနေ့လိုအခါမျိုးမှာ သိပ္ပံမောင်ဝကို ချီးကျူးဂုဏ်ပြုပွဲ စီစဉ်ကျင်းပပေးခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေရှိနဲ့ အချိန်ကိုက်ပဲလို့ ဆိုရမှာဖြစ်ပါတယ်။

ဒီစာတမ်းဖတ်ပွဲနဲ့အတူ စာရေးဆရာကြီး သိပ္ပံမောင်ဝနဲ့ သက်ဆိုင်တဲ့ ဘဝနဲ့စာပေဖြစ်စဉ်များကိုလည်း စာအုပ်စာတမ်း၊ အထောက်အထားမှတ်တမ်း ဓာတ်ပုံများနဲ့တစ်ကွ ပြပွဲအဖြစ်ပြသနိုင်ခြင်းဟာ အင်မတန်လျော်ကန်လိုက်ဖက်တဲ့ အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ စာကြည့်တိုက်၊ ပြတိုက်၊ သုတေသန ဆိုင်ရာလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနဟာ မြန်မာစာပေ တိုးတက်မြင့်မားစေလိုတဲ့ စိတ်ရင်းစေတနာကောင်းနဲ့ အခုလို စာပေအခမ်း အနားတစ်ရပ်ကို ပြပွဲတစ်ခုနဲ့အတူ တစ်ပြိုင်တည်းကျင်းပနိုင်ခြင်းဟာ မြန်မာ့ ယဉ်ကျေးမှုလူ့ဘောင်အတွက် မင်္ဂလာရှိတဲ့အခမ်းအနားဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

စာရေးဆရာကြီးသိပ္ပံမောင်ဝရဲ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲနဲ့ ပြပွဲအခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်တွေဖြစ်တဲ့...

(က) ခေတ်စမ်းစာရေးဆရာတစ်ဦးနှင့် သူ၏လက်ရာများ၊ သူ၏ ဘဝနှင့်စာပေအကြောင်းများကို အများပြည်သူတို့သိရှိနိုင်ရန်၊

(ခ) သိပ္ပံမောင်ဝ၏ဘဝနှင့် စာပေဆိုင်ရာ စာတမ်းများ၊ ဟောပြော ချက်များ၊ လက်ရေးစာများ စသည်တို့ကို အများပြည်သူနှင့်အထူးသဖြင့် မျိုးဆက်သစ်များလေ့လာသိရှိနိုင်ရန်၊

(ဂ) နှစ်တစ်ရာပြည့်အခမ်းအနား၊ စာတမ်းဖတ်ပွဲ၊ ပြပွဲနှင့် အမှတ် တရစာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေဖြန့်ချိရန်... ဆိုတဲ့ ရည်ရွယ်ချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ယနေ့ အခမ်းအနားကျင်းပရေး အဖွဲ့နဲ့ စာတမ်းရှင်များက ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြား လိုပါတယ်။ မြန်မာစာပေပညာရှင်များအနေနဲ့လည်း မြန်မာစာပေအဆင့် အတန်းတိုးတက်မြင့်မားရေးနဲ့ ပြန့်ပွားရေးတို့အတွက် ဆတက်ထမ်းပိုးကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ဦးသန်းထွတ်(ဆရာတိုက်စိုး)၏

### အမှာစကား

သိပ္ပံမောင်ဝရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲမှာ ကျွန်တော် ခွင့်စကားပြောခွင့်ရလို့ ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပါတယ်။

သိပ္ပံမောင်ဝဟာ အစိုးရအမှုထမ်းရင်းစာရေးသားတဲ့လူပါ။ ကျောင်းသားဘဝကတည်းက (၄၃)နှစ်အရွယ် ကွယ်လွန်ချိန်အထိ ကလောင် ဘက်ကမချခဲ့ဘူး။ စာရေးအလွန်ကောင်းတယ်။ ဆရာကြီးပီမိုးနင်းကဆိုရင် ဒီလူ့စာဟာ ဆိပ်ကြီးပဲလှော်ဝါးရသလိုပဲလို့ ပြောသံလိုလို ကျွန်တော် ကြားခဲ့ဖူးတယ်။ စာကရွရွကလေး၊ ဖတ်ရတာပေါ့ပေါ့ပါးပါးကို ရှိပါတယ်။

သိပ္ပံမောင်ဝဟာ ဇော်ဂျီ… တို့နဲ့အတူ ခေတ်စမ်းစာပေကို ခေါင်းဆောင်ခဲ့ပါတယ်။ ရွှေကိုင်းသားကလောင်အမည်ခံ အရှင်ဦးသောဘိတ ကလည်း…

'ခေတ်စမ်းဆရာတွေထဲမှာ သိပ္ပံမောင်ဝဟာ စိန်ဗေဒါပဲ'… လို့ မှတ်ချက်ချဖူးကြောင်း ကျွန်တော်သိရပါတယ်။

သဘောကတော့ သိပ္ပံမောင်ဝဟာ အစိုးရဝန်ထမ်းအတွေ့အကြုံနဲ့ အိမ်ထောင်ရှင်ဘဝကိုမှီပြီး သူ့ကိုယ်ခွဲ Alter-ego မောင်လူအေးပါတဲ့ ဝတ္ထု ဆောင်းပါးတွေမှာ သူ့ခံစားချက်တွေကို ပီပီပြင်ပြင်ဖွဲ့ခဲ့ပါတယ်။ ထိုင်းတင့်

www.burmeseclassic.com

ထလောင်ခွဲသုံးပြီး ဒေသန္တရအဖွဲ့အစည်း အစ္စုပ်တော်ပုံတွေ၊ လာဘ်ပေး လာဘ်ယူကိစ္စတွေ၊ ထိဖွင့်လိမ်စားပုံတွေ၊ ဘာသာရေးဟန်ဆောင်မှုတွေ၊ တရားလွန်ခေတ်ဆံတာတွေ စသည်… စသည်ဖြင့် သူ့ခေတ်က အဖြစ်အပျက် အသာတွေ ပြဇာတ်ရေးပြခဲ့ပါတယ်။ ပုဂံဝန်ထောက်ဖိုးဖိုးတင်၊ မြန်မာစာ ညွှန့်ပေါင်းကျမ်း ဆရာဦးကျော်ထွန်း၊ ဒေါက်တာဘမော်၊ သီပေါမင်းနန်းတွင်း ရေး စတဲ့ အတ္ထုပ္ပတ္တိတွေ တစေ့တစောင်းရေးခဲ့ပါတယ်။ အယ်ဒီတာထံပေးစာ သဘောမျိုးနဲ့ ကျေးလက်တောရွာပြုပြင်ရေး၊ သဘော်ာပေါ်ကဖဲဝိုင်း၊ မင်္ဂလာ ဆောင်ဖိတ်စာဖောင်းပွမှု၊ ဘုန်းကြီးပျံကအပြိုင်အဆိုင်ယိမ်းတွေ စတဲ့ မျက်စိ အောက်က လူမှုရေးအကောင်းအဆိုးတွေကို ဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံး ပြောချင်တာကတော့ သူကောလိပ်ကျောင်းသားဘဝကတည်းက ကွယ်လွန်ချိန် အထိ မြန်မာစာပေ၊ မြန်မာမှုဖွံ့ဖြိုးရေးကို မရပ်မနားလှုံ့ဆော်ခဲ့ကြောင်းပါ။

အဲဒီလို စာအမျိုးမျိုးအဖုံဖုံ သူရေးသားတင်ပြနိုင်လေအောင် ခေတ် ကာလအခြေအနေနဲ့သူ့စရိုက်ဝါသနာကို နည်းနည်းပြန်ကြည့်ဖို့လိုပါ လိမ့်မယ်။

သိပ္ပံမောင်ဝ လူဖြစ်ခါစအချိန်ဟာ မြန်မာစာသိမ်ငယ်နိမ့်ကျနေတဲ့ အခါကာလဖြစ်ပါတယ်။ သိပ္ပံမောင်ဝ ကောလိပ်ရောက်ချိန်ကျတော့ ဝံသာနု လှုပ်ရှားမှုအရှိန် ရလာပါပြီ။ ကောလိပ်သပိတ်ကြီးလည်း ပေါ်ခဲ့ပါပြီ။ ဒီ အခါမှာ သိပ္ပံမောင်ဝဟာ သပိတ်ကြောင့်ပေါ်ပေါက်လာတဲ့ သရက်တော ကျောင်းတိုက်က အမျိုးသားကျောင်းမှာ ဆရာလုပ်ခဲ့တယ်။ သပိတ်ကိစ္စ ပြေငြိမ်းတဲ့အခါ သူ(ကောလိပ်)ကျောင်း ပြန်ဝင်တယ်။ ဒီအခါမှာ နဂို ဝါသနာကလည်းရှိ၊ ဆရာကြီးဦးဖေမောင်တင်ကလည်း အားပေးလေတော့ အခက်အခဲတွေကြားက မြန်မာစာပေ အလေးပေးသင်ယူခဲ့တယ်။ ဂုဏ်ထူးနဲ့ လည်း ဦးဦးဖျားဖျား အောင်ခဲ့တယ်။ အဲဒီအချိန်ကစပြီး မြန်မာစာ၊ မြန်မာမှု ဖွံ့ဖြိုးရေးဆောင်းပါးတွေ စရေးခဲ့တယ်။ သူ့အားရှိဖို့က သူ့နောက်ကွယ်မှာ မြန်မာစာအပါအဝင် အရှေ့တိုင်းပညာရပ်တွေ တိုးပွားအောင် ကြိုးစားနေတဲ့ ဆရာဦးဖေမောင်တင်၊ ဆရာပွား၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းတို့ ရှိတယ်။ အပြင်လောက က လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၊ ဘကြီးဖိုး၊ ဒီးဒုတ် ဦးဘချိုတို့ရဲ့ အရှိန်ဩဇာကလည်းအကူအပံ့သဘောဖြစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ တစ်ချက်ပြောစရာရှိပါတယ်။ သိပ္ပံမောင်ဝဟာ အခြေအနေအရ အုပ်ချုပ်ရေးဘက်မှာ အသက်မွေးဝမ်းကျောင်းပြုခဲ့တယ်။ သို့သော်လည်းပဲ အုပ်ချုပ်ရေးပညာရပ်များကို နှစ်နှစ်တိုင်တိုင် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးမှာ သွားသင်ရင်းနဲ့ မြန်မာသတင်းစာမှာ မြန်မာစာ၊ မြန်မာမှုဆောင်းပါးတွေ မှန်မှန်ပါနိုင်အောင် ဝီရိယစိုက်ခဲ့ပါတယ်။ စုစုပေါင်းလေးဆယ်အောက် မနည်းပါဘူး။

သိပ္ပံမောင်ဝဟာ ကိုယ့်ပြည်ကိုယ့်ရွာ ပြန်ရောက်လို့ အထက်အောက်မြို့ရွာအနှံ့ အလုပ်လုပ်ပြန်တော့လည်း မြန်မာစာ၊ မြန်မာမှုဆောင်းပါးတွေအပြင် အထက်ကပြောခဲ့တဲ့ ခေတ်ကြေးမုံပြဇာတ်တွေ၊ ထွေထွေရာရာဆွေးနွေးတဲ့ အယ်ဒီတာထံပေးစာတွေကို အလုပ်တာဝန်ကြားကမပြတ်ရေးခဲ့ပါတယ်။ ဒီကြားထဲ မြန်မာရာဇဝင်စာအုပ်ပြုစုနေတဲ့မျိုးချစ်ဦးဘသန်းကိုအကူအညီပေးတာမျိုး၊ ကျေးလက်တေးကဗျာတွေစုဆောင်းနေတဲ့ ဝန်ထောက်ဦးဖိုးလတ်ကို အကူအညီပေးတာမျိုးလည်းရှိသေးတယ်။ အထူးသဖြင့် မြန်မာစာ၊ မြန်မာမှု အရေးအသားနဲ့စပ်လို့ ကျွန်တော်ပြောချင်ပါသေးတယ်။ အဲဒါကတိုင်းတစ်ပါးလက်အောက်ရောက်ချိန်ကစပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်အထိ မြန်မာစာ၊ မြန်မာမှုဖွံ့ဖြိုးအောင်လှုံ့ဆော်တဲ့နေရာမှာ သိပ္ပံမောင်ဝဟာထိပ်ဆုံးကလိုက်တယ်ဆိုတဲ့အချက်ပါပဲ။

ကျွန်တော်အဆုံးသတ်ပါတော့မယ်။ သိပ္ပံမောင်ဝရဲ့ စာအရေးအသား၊ သိပ္ပံမောင်ဝရဲ့ဝွမ်းဆောင်ချက်နဲ့စပ်လို့ ပီမိုးနင်း၊ ဦးဖေမောင်တင်၊ ဦးလူဖေဝင်း၊ ဒေါက်တာမောင်ဖြူး၊ ဇော်ဂျီ၊ မောင်ထင်၊ တက်တိုး၊ ကြီးပွားရေးဦးလှ၊ သံအမတ်ကြီးဦးတင့်ဆွေ၊ သိန်းဖေမြင့်၊ မောင်သုတ၊ ဒဂုန်တာရာ၊ မြဇင်၊ မောင်ခင်မင်၊ တက္ကသိုလ်ဝင်းမွန်၊ ဦးမြင့်ကြိုင်တို့လို ပြည်တွင်းပညာရှင်များ၊ စာရေးဆရာများအပြင် လန်ဒန်တက္ကသိုလ်ကဒေါက်တာလှဘေ အမှူးရှိတဲ့ဆရာ ဆရာမများနဲ့ မင်းလတ်တို့လို ပြည်ပပညာရှင်များ၊ စာရေးဆရာများဟာရှေးယခင်က ဝေဖန်သုံးသပ်ခြင်း၊ ထောမနာခြင်းပြုခဲ့ပါတယ်။ ယနေ့မှာလည်းသူ့စာ၊ သူ့အကြောင်းကို ပညာရှင်အသီးသီးက စာတမ်းဖတ်ကြမှာမို့ ကျွန်တော်အနေနဲ့ တသော ကြိုဆိုလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံမောင်ဝ အမှတ်တရဓာတ်ပုံများ



သိပ္ပံမောင်ဝ ပဋ္ဌင်းဝတ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံမောင်ဝ
အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ အမှတ်တရ







သိပ္ပံမောင်ဝနှင့်လုပ်ဖော်ကိုင်ဖက်များ

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝ အမှတ်တရ



သိပ္ပံမောင်ဝ၏အုတ်ဂူ

www.burmeseclassic.com

www.burmeseclassic.com

၇-၆-၉၉ (တနင်္လာနေ့)

အကြည့်ကျသဘာပတိ - ဦးသန်းထွတ်(မြန်မာ့သမိုင်းအဖွဲ့ဝင်၊ ဆရာတိုက်စိုး)
သဘာပတိအဖွဲ့ဝင်များ - ဦးမြင့်သိန်းဆွေ(ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှု
ဝန်ကြီးဦးစီးဌာန)၊ ဒေါ်ခင်မေနွဲ့(အငြိမ်းစားမြန်မာစာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)

## သိပ္ပံမောင်ဝ၏ စာပေချစ်စိတ်

### စာတမ်းရှင်အငြိမ်းစားပါမောက္ခ ဦးသန်းထွတ်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း



၁၉၃၅ ခုနှစ်ဖွား၊ မော်ကျွန်းဇာတိ၊ အဖ ဦးသာဆင့်၊ အမိ ဒေါ်ငွေအု။ ရန်ကုန်တက္ကသိုလ်မှ B.A ဘွဲ့(၁၉၅၉)၊ B.Ed ဘွဲ့(၁၉၆၂)၊ ပညာရေးတက္ကသိုလ်မှ M.Ed ဘွဲ့(၁၉၇၈)များရခဲ့သည်။

၁၉၆၂ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အထက်တန်းပြ၊ ဆရာအတတ်သင် ...ထောက်ကထိက၊ ပညာရေးတက္ကသိုလ်ကထိက၊ တွဲဖက်ပါမောက္ခ၊

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် အငြိမ်းစားယူခဲ့သည်။ ယခုအခါ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ဆဲ။

မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီဝင်၊ ပညာလောက စာစောင် စာတည်းအဖွဲ့ဝင်၊ မြန်မာစာသင်ရိုးအဖွဲ့ဝင်၊ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။

မြန်မာစာသင်ကြားရေး၊ သိပ္ပံမောင်ဝနှင့်ခေတ်စမ်းစာပေ စာတမ်း (၁၉၆၇)၊ စစ်ပြီးစ စာပေလှုပ်ရှားမှု(၁၉၆၉)၊ မြန်မာနိုင်ငံဘုန်းတော်ကြီး ကျောင်းပညာရေးသမိုင်း(၁၉၈၀)၊ ဝေလွင်လွင်၊ သီတာရေစင်၊ သီရိဂေဟာ စသော အသုံးလုံးစာစဉ်များပြုစုခဲ့သည်။

၁၉၉၆ခုနှစ်တွင် 'အမျိုးသား ပညာရေးမဂ္ဂဇင်းများကို လေ့လာခြင်း' သုတေသနကျမ်းအတွက် ပခုက္ကူဦးအုံးဖေစာပေ ပထမဆုရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ၏ စာပေချစ်စိတ်

သိပ္ပံမောင်ဝ ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲမှာ စာတမ်းဖတ်ခွင့်ရသည့်အတွက်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မြန်မာစာပေကို အထူးလေးစားမြတ်နိုးသူ သိပ္ပံမောင်ဝ၏စာပေချစ်စိတ်အကြောင်းကို တင်ပြခွင့်ရသည့်အတွက်ဝမ်းမြောက်ကြည်နူးခြင်းဖြစ်ရပါသည်။

သိပ္ပံမောင်ဝ ပေါ်ထွန်းခဲ့သောခေတ်သည် အင်္ဂလိပ်များအုပ်စိုးသည့် ကိုလိုနီခေတ်ဖြစ်ပါသည်။ ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံနိုင်ငံဖြစ်ရသည်။ ကိုယ့်မင်းကိုယ့်ချင်း နေလာရာမှ ထီးကျိုးနန်းပေါက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရသည်။ ထီးသုဉ်းနန်းသုဉ်းဖြစ်ခဲ့ရသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို နန်းချ၍ သုံ့ပန်းအဖြစ် ဖမ်းဆီးလာခဲ့သည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် မြန်မာနိုင်ငံအထက်ပိုင်းကို ဗြိတိသျှပိုင်ဒေသဖြစ်ကြောင်း ကြေညာခဲ့သည်။

သီပေါမင်း ပါတော်မူရသည်နှင့် စပ်လျဉ်း၍ စာပေပညာရှင်များက ဤသို့ ကောက်ချက်ချကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'သီပေါမင်းတရားသည် မြန်မာနိုင်ငံလွတ်လပ်ရေး၏အထိမ်းအမှတ်ဖြစ်သည်။ သိမိနိုင်သောမြန်မာနိုင်ငံ၏သမိုင်းကိုကြည့်လျှင် လွတ်လပ်ရေးကျဆုံးခဲ့သည်မရှိချေ။ ဗြိတိသျှတို့နှင့်ရန်စစ်ဖြစ်သည့်အခါတွင်မှ တစ်တိတစ်တိနှင့် နိုင်ငံ၏လွတ်လပ်ရေး လုံးဝကွယ်ပျောက်ခဲ့ရလေသည်' ဟူ၍ ဝေဖန်ခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် သီပေါမင်းပါတော်မူခြင်းသည် မြန်မာ့ဓလေ့၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုများ ပါတော်မူခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

'မြန်မာမင်းများလက်ထက်အခါက မြန်မာ့တပ်မတော်ကြီးရှိသည်။ ရာဇသတ်၊ ဓမ္မသတ်၊ ဥပဒေများကို မြန်မာစကားနှင့်ရေးသားထားသည်။ ရုံးတော်များတွင် မြန်မာစကားကိုသာသုံးသည်။ တိုင်းရေးပြည်ရေး၊ သာသနာရေး စသည်များကို လွှတ်တော်တွင်စဉ်းစားဆွေးနွေးသောအခါ မြန်မာစကားနှင့်သာ စဉ်းစားဆွေးနွေးသည်။ မြန်မာတို့လုပ်ဆောင်သမျှ၊ ကြံစည်သမျှ အလုပ်အဆောင်၊ အကြံအစည်တို့ကို မြန်မာစကားနှင့်သာ လုပ်ဆောင်ကြ၊ ကြံစည်ကြသည်။ မြန်မာ့ယဉ်ကျေးမှု ကျယ်ဝန်းသလောက် မြန်မာစကားကျယ်ဝန်းသည်။ မြန်မာ့ယဉ်ကျေးမှု နက်နဲသလောက် မြန်မာစကားနက်နဲသည်။ မြန်မာစကားသည် မြန်မာတစ်မျိုးလုံး၏စကားဖြစ်၍ လူအားလုံးအတွက်လည်းကောင်း၊ ကိစ္စအားလုံးအတွက်လည်းကောင်း ဆက်ဆံဖလှယ်မှုမဏ္ဍိုင်ကြီးဖြစ်ပေသည်' ဟူ၍ ဂျေ၊ အက်စ်ဖာနီဗယ်က ဝေဖန်ခဲ့သည်ကို တွေ့ရသည်။ မြန်မာစာ၊ မြန်မာမှုအနုပညာ၊ ယဉ်ကျေးမှုတို့သည် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးရသောအခါမှစ၍ နိမ့်ကျသွားရတော့သည်။ အစည်းအဝေးများတွင် အင်္ဂလိပ်စကားကို အသုံးပြုကြသည်။ ဥပဒေများကို အင်္ဂလိပ်ဘာသာဖြင့် ရေးကြသည်။ ရုံးများတွင် အင်္ဂလိပ်စကားကို သုံးစွဲကြသည်။ ဥပဒေဆိုင်ရာမြန်မာ့အသုံးအနှုန်း၊ ဝေါဟာရတို့မှာ တိမ်ကော ပျောက်ကွယ်တော့သည်။ မြန်မာ့သေနင်္ဂဗျူဟာ စစ်ဝေါဟာရတို့ကိုလည်း မေ့ပျောက်ကုန်ကြသည်။ မြန်မာစကား၏နယ်ပယ်သည် အဘက်ဘက်တွင်ကျုံ့၍ကျဉ်းမြောင်းသွားခဲ့သည်။ မြန်မာစာ၊ မြန်မာစကားသည် အိမ်ဦးခန်းမှ မီးဖိုချောင်သုံးဘာသာစကားဘဝသို့လျော့ကျခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျော့ကျသွားရခြင်း၏အကြောင်းရင်းမှာ ကိုလိုနီခေတ် ကျွန် …ပညာရေးမူဝါဒကြောင့်ဖြစ်သည်။ ၁၈၃၅ခုနှစ်တွင် ဗြိတိသျှအစိုးရသည် …ဥဒေတာဝန်ခံနှင့်ပညာရေးကော်မတီဥက္ကဋ္ဌ လော့ဒ်မကောလေး၏ပညာရေး …မှတ်တမ်းကိုအခြေခံလျက် ပညာရေးစနစ်တစ်ရပ်ကိုချမှတ်ခဲ့သည်။

မကောလေးပညာရေးမှတ်တမ်း၏ အခြေခံမူသုံးရပ်မှာ -

(၁) အရှေ့တိုင်းပညာလေ့လာမှုအစား အင်္ဂလိပ်ဘာသာစာပေတို့ကို …လေ့လာဖို့ အားပေးရန်၊

(၂) အင်္ဂလိပ်ဘာသာကိုသင်ကြားမှုမဏ္ဍိုင်အဖြစ် အသုံးပြုရန်နှင့်

(၃) အသားရောင်အားဖြင့် ညိုသော်လည်း အင်္ဂလိပ်ဘာသာတတ်ကျွမ်း၍ …အင်္ဂလိပ်လိုတွေးခေါ်ကာ အင်္ဂလိပ်စိတ်ပေါက်နေသော လူတန်းစားတစ်ရပ်ကို …မွေးထုတ်ပြီး ၄င်းတို့ကို တိုင်းရင်းသားလူမျိုးများနှင့် အုပ်ချုပ်သူကြားတွင် …ခေါင်းကူးတံတားသဖွယ် ဆောင်ရွက်စေရန်ပင်ဖြစ်သည်။

ဤပညာရေးမူဝါဒသည်ပင် မြန်မာလူမျိုးတို့ ကျွန်သက်ရှည်စေမည့် …ပညာရေးစနစ်၏ရေသောက်မြစ်ပင် ဖြစ်တော့သည်။ မကောလေး၏ပညာရေး …မူဝါဒကို အကောင်အထည်ဖော်သောအခါ မြန်မာနိုင်ငံတွင် ဘိလပ်ပြန် မောင် …ဘောင်းဖေတို့လို လူတန်းစားများ ပေါ်ပေါက်လာတော့သည်။ ဤကဲ့သို့သော …တော်ဝန်းကျင်လောကတွင် သိပ္ပံမောင်ဝဟူ၍ နောင်အခါကျော်ကြားလာမည့် …မောင်စိန်တင်သည် ပေါ်ထွန်းလာခဲ့သည်။

သို့ရာတွင် မောင်စိန်တင်၏မိဘဆွေမျိုးအသိုက်အဝန်းသည် မြန်မာမှု၊ …မြန်မာစာပေကို ချစ်မြတ်နိုးကြသောအသိုက်အဝန်းဖြစ်၍ဝမ်းမြောက်ရသည်။ …မောင်စိန်တင်ငယ်စဉ်ကပင် မိခင်ဆုံးပါးခဲ့ရသည်။ အဘွားနှင့်ကြီးတော်တို့ …သက်တွင် ကြီးပြင်းခဲ့ရသည်။ အဘွားဖြစ်သူ ဘွားဒွေးသည် မြေးငယ်အား …ချစ်မြတ်နိုး၍ မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာတို့ကို သင်ကြားလေ့ကျင့် …ပေးသည်။ မောင်စိန်တင်သည် ငယ်စဉ်ကပင် အဘွားထံမှ မြန်မာမှုအမွေကို …ရရှိခဲ့သည်။

အရွယ်ရောက်သောအခါ မုပွန်ရပ် ဆရာဦးချစ်လှကျောင်းတွင် ပညာ …သင်ခဲ့သည်။ ထို့နောက် မောင်ငံရပ် သာသနာပြုကျောင်းသို့ပြောင်း၍ သတ္တမ …တန်းအောင်သည်အထိ ပညာသင်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်တန်းသို့ရောက်သောအခါ ရှင်မဟာဗုဒ္ဓဃောသကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူပြန်သည်။ ၁၉၂၀ ပြည့်နှစ်တွင် မောင်စိန်တင်သည် ဆယ်တန်းစာမေးပွဲကို မြန်မာဘာသာနှင့် ပါဠိဘာသာတို့တွင် အထူးအမှတ်ရကာ အောင်မြင်သည်။

မောင်စိန်တင်သည် ကျောင်းတွင်စာသင်ရသည်ကို မကျေနပ်နိုင်ဘဲ အဘိုးဖြစ်သူ စာတတ်ပေတတ် ဦးလူကလေးထံတွင် ပုံပြင်၊ ဝတ္ထု၊ ရာဇဝင်စသည်တို့ကို လေ့လာဆည်းပူးမှတ်သားခဲ့သည်။ ဘကြီးဖြစ်သူ တောင်ဝိုင်းကြီးရွှေကျင်တိုက် ဘုန်းတော်ကြီးဦးပညာဇောတထံတွင် ပါဠိမြန်မာနှစ်ဘာသာဆိုင်ရာ ပညာဗဟုသုတတို့ကို ကြားနာသင်ယူမှတ်သားခွင့်ရခဲ့သည်။

မောင်စိန်တင်သည် ထိုစဉ်အခါကပင် မြန်မာစာ၊ မြန်မာစကားပြေကို အထူးနှစ်သက်မြတ်နိုးသည်။ မဟာဇနကဇာတ်တော်ဝတ္ထု၊ ခေတ်ပေါ်သန်းသန်းဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထု၊ ဘီအေမောင်ဘလွင်ဝတ္ထုတို့ကို နှစ်ခြိုက်သက်ဝင်စွာ ဖတ်ရှုလေ့လာခဲ့သည်။ ဖတ်ရှုလေ့လာသော စာအုပ်စာတမ်းများကိုလည်း တရိုတသေသိမ်းဆည်းစုဆောင်းလေ့ရှိသည်။

မောင်စိန်တင်သည် ငယ်ရွယ်စဉ်ကပင် ပညာကိုလိုလားလျက် မြန်မာစာပေကို နှစ်သက်မြတ်နိုးခဲ့သူဖြစ်သည်။ မြန်မာစာပေကို ထိုစဉ်ကပင် ချစ်မြတ်နိုးခဲ့သည်။

## ရန်ကုန်တက္ကသိုလ်နှင့်မြန်မာစာ

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် မြန်မာ့မြေပေါ်တွင် တက္ကသိုလ်ဟူ၍ ပထမဦးဆုံး ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် ထိုတက္ကသိုလ်၌ မြန်မာစာဌာနဟူ၍ သီးခြားမရှိခဲ့ပေ။ အရှေ့တိုင်းဘာသာစာပေဌာနသာ ရှိခဲ့သည်။ ပါဠိစာပေ၊ မြန်မာစာပေနှင့် ပါရှန်းစာပေတို့ကို ပို့သည်။ မြန်မာစာပေသည် အရှေ့တိုင်းဘာသာရပ်၏အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ခဲ့သည်။ ပို့ချသောဆရာကြီးများမှာ ဂျာမန်အမျိုးသား ပါမောက္ခ ဒေါက်တာ အီးဖိုးသျှမ်းမား၊ အင်္ဂလိပ် အိန္ဒိယကပြား မစ္စတာဂျိမ်းဂရေး၊ ပြင်သစ်လူမျိုး

www.burmeseclassic.com



ခရင်ဂျီဘုန်းကြီး ချားလ်စ်ဒူရွိုင်ဆယ်နှင့် ဆရာကြီးဦးဖေမောင်တင်တို့ ဖြစ်ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၁၂ ခုနှစ်တွင် ပါဠိဘာသာ ပါမောက္ခ၊ ၁၉၂၄ ခုနှစ်တွင် အရှေ့တိုင်းဘာသာရပ်ဌာနမှူးဖြစ်လာသည်။ ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာ့တက္ကသိုလ်တွင် မြန်မာစာဌာနဟူ၍ မရှိခြင်း၊ မြန်မာစာပေကို အလေးထားသင်ယူပို့ချမှုမရှိခြင်းတို့ကို လွန်စွာ စိတ်ပျက်ခဲ့သည်။ ဆရာကြီးဦးဖေမောင်တင်၏ တပည့်ရင်းဖြစ်သူ သိပ္ပံမောင်ဝ က ထိုစဉ်အခါက မြန်မာစာမျက်နှာငယ်ရပုံကို ယခုကဲ့သို့ ရေးသားခဲ့သည်။

'မြန်မာစာပေကို မည်သူမျှ အရေးမလုပ်၊ မြန်မာစာပေကို လေ့လာ သင်ကြားရမည်ကိုလည်းကောင်း၊ လူပုံအလယ်တွင် မြန်မာစကားပြောကြား ရမည်ကိုလည်းကောင်း ရှက်ကြ၏။ စတုတ္ထမြောက်၊ ပဉ္စမမြောက် မြန်မာ နိုင်ငံလုံးဆိုင်ရာ ပိုင်အမ်ဘီအေ အစည်းအဝေးပွဲကြီးများမှာပင် အင်္ဂလိပ်စကား ဖြင့် အဆိုသွင်းကြ၊ ထောက်ခံကြ၊ ဆွေးနွေးကြလေသည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားမတတ်သူများမှာ အနားပင်မသီနိုင် ဖြစ်ကြလေသည်။'.........

.......... အထက်တန်းကျောင်း၊ ကောလိပ်ကျောင်းများတွင် အင်္ဂလိပ်စာ တော်သူများသာ ဂုဏ်ရှိကြ၏။ မြန်မာစာတော်သူတို့ကား ချောင်ကုပ်၍သာ နေကြရလေသည်။ မိတ်ဆွေအချင်းချင်း စကားပြောကြသောအခါ အင်္ဂလိပ်လို ပြောကြကုန်၏။ မြန်မာစာ၊ မြန်မာစကားမှာ မျက်နှာငယ်လှပေသည်။'... ဟူ၍ ကိုလိုနီခေတ်က မြန်မာစာ၊ မြန်မာစကား နိမ့်ကျရပုံကို စိတ်အပျက်ကြီး ပျက်ကာ ရေးသားတင်ပြခဲ့သည်။

သို့ရာတွင် ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာစာပေတိုးတက် ဖြစ်ထွန်းအောင် အစွမ်းကုန် ကြိုးပမ်းခဲ့သည်။ အရှေ့တိုင်းဘာသာရပ်ဌာနမှူး ဖြစ်သော ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာစာကို အင်္ဂလိပ်စာကဲ့သို့ ဥပစာတန်းတွင် မယူမနေရ ဆုံးဖြတ်ရန် တက္ကသိုလ်ဆီးနိတ်အဖွဲ့သို့ အရေးဆို တင်ပြခဲ့သည်။ ဆီးနိတ်အဖွဲ့၏အတည်ပြုချက်အရ ၁၉၂၅ခုနှစ်တွင် ဥပစာတန်း၌ မြန်မာစာသည်မသင်မနေရဘာသာဖြစ်လာခဲ့သည်။

ထိုအချိန်ကာလတွင် သိပ္ပံမောင်ဝသည် ရန်ကုန်ကောလိပ်သိပ္ပံ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၌ ပညာဆည်းပူးလျက်ရှိရာ ၁၉၂၄ ခုနှစ်တွင် အိုင်အေအထက်တန်းစာမေးပွဲကို မြန်မာဘာသာအတွက် ပထမဆုရသူတို့ကိုချီးမြှင့်သည့် သာဒိုးအောင်ဆုနှင့်ပါဠိဘာသာ ပထမဆုရသူတို့ကိုချီးမြှင့်သည့် ကောလိပ်ပါဠိဆုများရလျက် အောင်မြင်ခဲ့သည်။

ဆရာကြီးဦးဖေမောင်တင်သည် ဥပစာတန်းတွင် မြန်မာစာကို မသင်မနေရဘာသာဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရုံမက တစ်ဆင့်တက်ကာ ၁၉၂၅ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းဖွင့်နိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။

သို့ရာတွင် မြန်မာဂုဏ်ထူးတန်းသို့ တက်ရောက်သင်ယူမည့်သူမှာ ရှားမှုရှား ဖြစ်နေသည်။ ထိုအခါ မြန်မာစာပေကိုလိုက်စား၍ မြန်မာစာပေကို ချစ်မြတ်နိုးသော တပည့်မောင်စိန်တင်ကို ဆရာကြီးဦးဖေမောင်တင် စဉ်းစားမိသည်။ ဤအကြောင်းကို ဆရာကြီးဦးဖေမောင်တင်က ၁၉၆၁ ခုနှစ် ရန်ကုန်တက္ကသိုလ်ကလောင်အသင်း စာပေဟောပြောပွဲတွင် အမှတ်တရ ပြန်လည်ပြောပြခဲ့သည်။

'မောင်စိန်တင်ဆိုတဲ့လူငယ်ကလေးတစ်ယောက်ကို သွားတွေ့တယ်၊ သူက မော်လမြိုင်သားပဲ၊ အင်မတန် စာအရေးတော်တယ်၊ ဆရာက သူ့ကို ဆရာတို့ ဂုဏ်ထူးတန်းဖွင့်မယ့်အကြောင်းပြောတော့ သူကလဲ ဂုဏ်ထူးတန်းတက်လိုတဲ့အကြောင်းပြောတာနဲ့ သူ့ကိုနာမည်သွင်းပြီး ဆရာတို့ သင်ပြကြရတယ်'

ထိုစဉ်က မြန်မာစာဂုဏ်ထူးတန်းတွင် ဦးစိန်တင်ကို ပို့ချသင်ကြားပေးသော ဆရာကြီးများမှာ မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားလာသော စာပေပညာရှင်ကြီးများ ဖြစ်ကြပါသည်။ ပါမောက္ခ ဆရာကြီးဦးဖေမောင်တင်၊ ပုဂ်ဝန်ထောက်ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီး ဦးဖွားနှင့် အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်းတို့ ဖြစ်ကြသည်။

ဦးစိန်တင်ကို ပုဂံကျောက်စာမှစ၍ ပျို့၊ လင်္ကာ၊ ရာဇဝင်၊ သမိုင်းအပါအဝင် ကာလပေါ်ဝတ္ထုအထိ စာပေအမျိုးမျိုးတို့ကို သင်ကြားပို့သည်။

ဂုဏ်ထူးတန်းကျောင်းသားဖြစ်သူ ဦးစိန်တင်သည် ဘာသာနဒီပိဋကတ်တိုက်သို့ အမြဲသွား၍ မြန်မာမှုဆိုင်ရာ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာအမျိုးမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးစားစား လေ့လာဖတ်ရှုမှတ်သားရသည်။ မြန်မာစာပေဝိဇ္ဇာဂုဏ်ထူး တန်းစာမေးပွဲအတွက် မြန်မာပြဇာတ်အကြောင်း သုတေသနစာတမ်းတစ်စောင် တင်သွင်းရသည်။

၁၉၂၇ ခုနှစ်တွင် မောင်စိန်တင်(သိပ္ပံမောင်ဝ)သည် မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးတန်းကို ပထမတန်းမှ ထူးချွန်စွာအောင်မြင်ခဲ့သည်။ တက္ကသိုလ် မြန်မာစာပေလောကတွင် ပထမဦးဆုံးသောမြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်း ကျောင်းသားဖြစ်ပေသည်။

ထိုစဉ်အခါက မြန်မာစာဂုဏ်ထူးတန်းကို တက်ရောက်ရန် ဆုံးဖြတ် ခဲ့ခြင်းသည် တော်ရုံတန်ရုံ စာပေချစ်စိတ်နှင့်မဖြစ်နိုင်။ အိုင်စီအက် စျေးကောင်း သောအခါသမယဖြစ်သည်။ အိုင်စီအက်ဆိုသည်မှာ Heaven- Born Ser-vice မိုးကျရွှေကိုယ် ရာထူးဟူ၍ တင်စားခေါ်ကြသောအခါဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာစာဂုဏ်ထူးတန်းတက်မည့် ဦးစိန်တင်ကို သူ့မိတ်ဆွေ အသိုက်အဝန်းက -

'မြန်မာစာဂုဏ်ထူးတန်းတက်တော့ မြန်မာစာဆရာပဲ ဖြစ်တော့ မပေါ့' ဟူ၍ ဝေဖန်ကြသည်။ ထိုသို့ဝေဖန်ကြသော်လည်း ဦးစိန်တင်သည် စိတ်မပြောင်း၊ မြန်မာစာပေကို ချစ်မြတ်နိုးသူပီပီ ဝိဇ္ဇာဂုဏ်ထူးတန်းကို တက်ရောက်သင်ယူခဲ့လေသည်။ 'ဤသို့ မြန်မာဘာသာဂုဏ်ထူးယူသည်ကို ရင်းနှီးသောမိတ်ဆွေတို့က များစွာမနှစ်သက်။ မြန်မာစာဂုဏ်ထူးကြီးနှင့် အောင်ပြီးနောက် မည်သည့်အလုပ်မျိုးကို လုပ်မည်နည်းဟု စိတ်ပျက်အောင် ပြောလေ့ရှိကြသည်။ ဝါသနာပါ၍ယူသည်။ အလုပ်မှာကိစ္စမရှိဟူ၍ ပြန်ပြော ရ၏။ ထိုအခါက မြန်မာစာဂုဏ်ထူးမှာ အညံ့စားဂုဏ်ထူးပဲဟု အယူရှိကြလေ သည်။ များစွာမခံချင်သောကြောင့် 'မင်းတို့နဲ့တစ်နေ့နေ့တွေ့ဦးမယ်' ဟု စိတ်တွင်ကြိမ်းဝါးမိခဲ့ပေ၏။ အချို့က မြန်မာစာဂုဏ်ထူးယူခြင်းသည် အမျိုးသားအတွက် ဂုဏ်ယူစရာ၊ တိုင်းပြည်အတွက် ဂုဏ်ယူစရာဟူ၍ ချီးမွမ်း ကြ၏။ သို့ရာတွင် ဝမ်းထဲကမူကား များစွာစိတ်မပါလှ။ မည့်သည့်အရပ် သို့ဝင်သွားစေကာမူ မြန်မာစာဂုဏ်ထူးနှင့်အောင်လျှင် မည်သည့်အရပ် လုပ် မည်နည်းဟူ၍ မေးကြသည်နှင့်သာ ကြုံတွေ့ရလေသည်။ ပညာကို ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်တွက်စစ်၍ယူသောသူတို့သာ လောကဓံ္ဘမျှားပေသတည်း။' ...ဟူ၍ သိပ္ပံမောင်ဝ ပြန်လည်သုံးသပ်ဝေဖန်ခဲ့သည်မှာ မှတ်သားဖွယ်၊ သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။

'ကျွန်တော် မြန်မာဘာသာ ဂုဏ်ထူးလိုချင်သည်ကား အခြားကြောင့်မဟုတ်၊ မြန်မာစာပေကိုလေ့လာရန် ဆန္ဒရှိသည်တစ်ကြောင်း၊ မြန်မာစာကို အားပေးလိုသည်တစ်ကြောင်း၊ မြန်မာစာကို ဝါသနာပါသည်တစ်ကြောင်း တို့ကြောင့်...' မြန်မာစာဂုဏ်ထူးတန်းသို့ တက်ရောက်ခဲ့သည်ဟု သိပ္ပံမောင်ဝက အကြောင်းပြခဲ့သည်။ ထိုအကြောင်းပြချက်သည်ပင် သိပ္ပံမောင်ဝ၏ စာပေချစ်မြတ်နိုးစိတ်ကိုလှစ်ဟ၍၊ ပြသသည်ဟူ၍ ဆိုနိုင်ပါသည်။

## သိပ္ပံမောင်ဝ၏မြန်မာစာပေဆောင်းပါး

မြန်မာဂုဏ်ထူးတန်းအောင်ပြီးနောက် ဦးစိန်တင်သည် နည်းပြဆရာငါးလခန့်လုပ်ပြီးသောအခါ နိုင်ငံဝန်ထမ်းပညာတော်သင်အဖြစ် အရွေးခံရသည်။ အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ် ခရိုက်ချပ်ချ်ကောလိပ်တွင် ပညာသင်ရသည်။

ထိုကောလိပ်တွင် နှစ်နှစ်တာပညာသင်ယူစဉ် သိပ္ပံကျောင်းသားမောင်မြသွင်ကလောင်အမည်ဖြင့် 'မြန်မာစာပေအကြောင်း' အခန်းဆက်ဆောင်းပါးများရေးသားလျက် သူရိယနေ့စဉ်သတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ၁၉၂၈ခုနှစ်မှ၁၉၃၀ပြည့်နှစ်အထိ ဆောင်းပါးပုဒ်ရေ (၇၀) ကျော် ရေးသားတင်ပြခဲ့သည်။

အဆိုပါမြန်မာစာပေဆောင်းပါးရှည်တွင်

- ကာလပေါ်မြန်မာစာပေ၏ အခြေအနေ။
- မြန်မာစာပေတိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊ ရပ်တည်ပုံ။
- မြန်မာစာပေတိုးတက်ရေးနှင့် စာဟောင်းစာကောင်းများကို
- ပြန်လည်ထုတ်ဖော်ရေး အကြောင်းများကို အဓိကထား၍ တင်ပြရေးသားခဲ့သည်။

သိပ္ပံမောင်ဝသည် တိုင်းတစ်ပါးနိုင်ငံရပ်ခြားသို့ ရောက်ရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေကို ချစ်မြတ်နိုးသောစိတ်သည် ပျောက်လွင့်မသွား။ အမိမြန်မာနိုင်ငံ၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သော မြန်မာစာပေ၏ရေစီးကြောင်းကို ပြန်လည်သုံးသပ်ဝေဖန်ခဲ့သည်။ မြန်မာစာပေ ဝေဖန်ဆန်းစစ်ချက်စာတမ်းကို အင်္ဂလန်မှနေ၍ အမိမြေ မြန်မာနိုင်ငံသို့ အရောက်ပို့ခဲ့သည်။ သိပ္ပံမောင်ဝ၏ စာပေချစ်စိတ်သည် အံ့မခန်းနိုင်စရာကောင်းလှပေသည်ဟု မှတ်ချက်ချရမည်သာဖြစ်ပါသည်။

သိပ္ပံမောင်ဝသည် မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးကို အစဉ်အမြဲရှုပြုခဲ့သည်။ သူ့မှာ စာပေစိတ်အမြဲရှိနေသည်။ မြန်မာစာပေကို ချစ်မြတ်နိုးသောစိတ်ဖြင့် ဘဝရပ်တည်နေသူဖြစ်သည်။ ဤကဲ့သို့ မြန်မာစာပေချစ်စိတ်ဖြင့်ပင် သူ့အသက်ရှင်စဉ်ဘဝတစ်လျှောက်လုံး စာပေါင်းစုံကို ပြုစုရေးသားခဲ့ပေသည်။

| | | |
|---|---|---|
| - | လုံးချင်းစာအုပ်ပေါင်း | ၁၄ အုပ် |
| - | မောင်လူအေးဇာတ်ဆောင်ပါ ဝတ္ထုဆောင်းပါး | ၁၅၃ ပုဒ် |
| - | မောင်လူအေးဇာတ်ဆောင် အမည်မပါဆောင်းပါးများ | ၁၃ ပုဒ် |
| - | ခရီးသွားဆောင်းပါးရှည် | ၄ ပုဒ် |
| - | စာပေဆောင်းပါးများ | ၁၀၆ ပုဒ် |
| - | ပေးစာဆောင်းပါးများ | ၅၆ ပုဒ် |
| - | ပြဇာတ်များ | ၂၅ ပုဒ် |
| - | အထွေထွေ | ၄၃ ပုဒ် |

စာပေမျိုးစုံပုဒ်ရေ (၄၀၀)ကျော်မျှ ရေးသားပြုစုခဲ့ပေသည်။ မှတ်သားဖွယ် သိပ္ပံမောင်ဝ၏ စာပေဆောင်ပုဒ်ကြွေးကြော်သံမှာ...

**'မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ပြုမှုနေမည့် မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့။'**

(၂၅-၉-၃၁)

...ဟူ၍ ဖြစ်သည်။ သိပ္ပံမောင်ဝတိုက်တွန်းနှိုးဆော်ခဲ့သည်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာလျက် ကျွန်ုပ်တို့ပြုမှုနေသည့် မြန်မာစာပေတိုးတက်ရေးကို ကြိုးစားဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

## နိဂုံး

သိပ္ပံမောင်ဝ၏ဆရာဖြစ်သော ဆရာကြီးဦးဖေမောင်တင်၏ (၁၁၁) နှစ်ပြည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ၁၉၉၈ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက် နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၁၄၀)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ခန်းမတွင် ကျင်းပခဲ့ပါသည်။ ဂုဏ်ပြုစာတမ်းများကို ဒေါက်တာသန်းထွန်း၊ မောင်ထင်၊ ဒေါက်တာလှဖေ၊ မောင်ဖေယျာ၊ မောင်သာနိုး၊ ပါမောက္ခဒေါ်ခင်ထွေးရီတို့က ဖတ်ကြားခဲ့ပါသည်။

ထိုအောက်မေ့ဖွယ်အခမ်းအနားတွင် ဆရာကြီးဦးဖေမောင်တင်၏ ရုပ်တုကိုတွေ့ရပါသည်။ အခမ်းအနားပြီးဆုံး၍ ညနေစောင်းတွင် အမှတ်တရ သစ်ပင်စိုက်ကြပါသည်။ ပညာ၏အထိမ်းအမှတ်၊ ရန်ကုန်တက္ကသိုလ်၏ အထိမ်းအမှတ် ကံ့ကော်ပင်ကိုစိုက်ကြပါသည်။ ကံ့ကော်ပင်ပျိုကို မောင်ပေါက်စည် (မန်းတက္ကသိုလ်)၊ ဆရာတော် ဒေါက်တာဦးရေဝတနှင့် ဦးသွင်းကိုပညာ(အမရပူရ)တို့က စိုက်ကြပါသည်။

ဆရာကြီးဦးဖေမောင်တင်၏တပည့်ရင်းဖြစ်သူ ဦးစိန်တင်(ခေါ်)သိပ္ပံမောင်ဝရာပြည့်အထိမ်းအမှတ်အဖြစ် သိပ္ပံမောင်ဝခေါင်းချရာ ဂါးထာရွာရှိ သိပ္ပံမောင်ဝအုတ်ဂူကိုပြုပြင်ခြင်း၊ ဂါးထာရွာတွင် သိပ္ပံမောင်ဝအထိမ်းအမှတ် စာသင်ကျောင်းတည်ဆောက်ခြင်း၊ သိပ္ပံမောင်ဝအထိမ်းအမှတ် စာကြည့်တိုက် တည်ဆောက်ခြင်း ပြုလုပ်နိုင်လျှင် ကောင်းလေစွဟု ဆန္ဒဖြစ်ပေါ်လျက် ဤစာတမ်းကိုနိဂုံးချုပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း


၁။ ဇေယျာ၊ မောင်။ **ဦးဖေမောင်တင်၏ ဘဝဖြစ်စဉ်ရက်စွဲများ။** ယဉ်ကျေးမှုမဂ္ဂဇင်း၊ အမှတ် ၁၊ ဧပြီ၊ ၁၉၉၇၊ စာ ၁၅၇-၁၆၈။

၂။ မင်းယုဝေ။ **ပထမမြန်မာများ၊** ရန်ကုန်၊ သစ္စာမွန်စာပေ၊ ၁၉၆၈။

၃။ မင်းယုဝေ။ **စာဆိုနှင့်သုတေသီ၊** တွဲဖက်ရေးသူ တိုက်စိုး၊ ရန်ကုန်၊ လူငယ်စာအုပ်တိုက်၊ ၁၉၆၇။

၄။ မြင့်ကြိုင်၊ မောင်။ **သိပ္ပံမောင်ဝစာစုစာရင်း၊** ရန်ကုန်၊ စာကြည့်တိုက်ပညာဌာန၊ ၁၉၇၅။

၅။ လေးလုံ၊ မ။ **ဖေမောင်တင်(သို့မဟုတ်)ဘသက်ရှည်၊** ရန်ကုန်၊ ဆွေတင်နုစာပေ၊ ၁၉၇၅။

၆။ လှ၊ ဦး(လူထု) ။ **သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်း၊** မန္တလေးကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၆။

၇။ ဝ၊ မောင်(သိပ္ပံ)။ **မိသားစုလက်ရွေးစင်ဝတ္ထုတိုများ၊** ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ၊ ၁၉၉၈။

၈။ ဝ၊ မောင်(သိပ္ပံ)။ **ဝတ္ထုဆောင်းပါးများ၊** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃။

၉။ ဝ၊ မောင်(သိပ္ပံ)။ **သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေအထွေထွေ၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆

၁၀။ ဝ၊ မောင်(သိပ္ပံ)။ **သိပ္ပံမောင်ဝ၏ စစ်အတွင်းနေ့စဉ်မှတ်တမ်း၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆

၁၁။ သော်ကောင်း၊ဦး။ **ဦးဖေမောင်တင်၏စာစုစာရင်း၊** ငွေတာရီ၊ အမှတ် ၉၆၊ (ဇွန် ၁၉၆၈)စာ၇၅-၇၈။


www.burmeseclassic.com

www.burmeseclassic.com



၁၂။ သန်းထွတ်(ဆရာအတတ်သင်)။ **သိပ္ပံမောင်ဝနဲ့ခေတ်စမ်းစာပေ၊ ၁၃၂၈ စာပေစာတမ်းများ၊** မန္တလေးကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၇။
၁၃။ သန်းထွတ်၊ ဦး။ **မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း၊** ရန်ကုန်၊ သိန်းမင်းလှိုင်စာပေ၊ ၁၉၈၀။
၁၄။ Education Theory, Institute of Education, 1989.

www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းစားပါမောက္ခဦးသန်းထွတ် (ပညာရေးတက္ကသိုလ်) သိပ္ပံမောင်ဝနှင့်စာပေချစ်မိတ်

**ဆွေးနွေးမေးမြန်းသူများ**။ ။ ၁။ မောင်မိုးကျော်သူ။ ၂။ မောင်ထိန်လင်း။ ၃။ ဒေါက်တာခင်မောင်ညွန့်။ ၄။ ဒေါ်သင်းသင်းအေး။ ၅။ တက္ကသိုလ်စိန်တင်။ ၆။ ဦးဝင်းမွန်။

**ဆွေးနွေးမေးမြန်းချက်များ ...**

၁။ သိပ္ပံမောင်ဝ တက်ခဲ့သည့် မြန်မာစာဂုဏ်ထူးတန်းတွင် ပညာသင်သူဦးရေ ညီမျှပါဝင်ကြောင်းသိလိုပါသည်။

၂။ စာရေးဆရာသိပ္ပံမောင်ဝ၏အထ္ထုပ္ပတ္တိနှင့်အတူ၎င်း၏ စာပေဆက်လက်မြင့်မားစေရန်၊ ၎င်း၏ မျိုးချစ်စိတ်ပေါ်လွင်စေရန်၊ နောင်လာနောက်သားတို့အတုယူနိုင်ရန်၊ အလေးထားနိုင်ရန်စီစဉ်အပ်သည်ဟုထင်ပါသည်။

၃။ မေးခွန်းမဟုတ်ပါ။ စေတနာနှင့်ဖြည့်စွက်ချက်သာဖြစ်ပါသည်။ ၁၉၆၈ခုဆရာကြီးဦးဖေမောင်တင်အသက် (၈၀) ပြည့်ချိန်၊ ပညာရေး တက္ကသိုလ်သို့ ဆရာရောက်ဟောပြောစဉ်က မြန်မာစာကို တက္ကသိုလ်တွင် သင်ကြားသည့် ဘာသာတစ်ရပ်အဖြစ် စတင်သင်ရာတွင်၊ 'မောင်သိန်းဟန် (ဇော်ဂျီ)၊...နှင့် မောင်စိန်တင်(သိပ္ပံမောင်ဝ)တို့ရောက်လာ၍သာ ပွဲဦးထွက်နိုင်ခဲ့ကြောင်း' ပြောဖူးပါသည်။

၄။ မဟာဝိဇ္ဇာရှင်ဖြစ်ပါလျက်နှင့် အဘယ်ကြောင့် သိပ္ပံမောင်ဝဟု အမည်မှည့်ခေါ်ပါသနည်း။ ဥပမာ-ဝိဇ္ဇာမောင်ဝ မဖြစ်သင့်ဘူးလား။

၅။ ဆရာဦးသန်းထွတ်၏စာတမ်းကို ကြားနာရသဖြင့် ဆရာကြီးသိပ္ပံမောင်ဝ (ဦးစိန်တင်)၏ မြန်မာစာပေအပေါ် ချစ်မြတ်နိုးလေးစား၊ တန်ဖိုးထားမှုကို သိရှိနားလည်ခွင့်ရသောကြောင့် တက္ကသိုလ်စိန်တင် (မောင်စိန်တင်)က အထူးကျေးဇူးတင်လေးစားလျက်ရှိပါသည်။ စာတမ်းကိုစာအုပ်အဖြစ် ထုတ်ဝေပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



၆။ သိပ္ပံမောင်ဝ၏ စာပေချစ်စိတ်ကို ပေါ်လွင်အောင်တင်ပြသွားသည့် စာတမ်းရှင်ကို ကျေးဇူးတင်ပါသည်။သိပ္ပံမောင်ဝအထိမ်းအမှတ်အဖြစ် စာသင်ကျောင်း၊ စာကြည့်တိုက်တည်သင့်ကြောင်း အကြံပေးချက်ကို ထောက်ခံပါသည်။

သိပ္ပံမောင်ဝကွယ်လွန်ခါနီးနာရီအထိ စာရေးသားမှတ်တမ်းတင်ပုံကို စာချစ်စိတ်စာတမ်းတွင်ထည့်သင့်သည်ဟုမှတ်ထင်ပါသည်။ သင့်သည် ထင်ပါသလား။

**စာတမ်းရှင်၏ပြန်ကြားချက်များ...**

၁။ မြန်မာစာဂုဏ်ထူးတန်းတက်ရောက်သူ ဦးစိန်တင်(သိပ္ပံမောင်ဝ) တစ်ဦးတည်းသာရှိပါသည်။

၂။ အထက်ပါအချက်အလက်များ စာတမ်းများတွင်ပါဝင်ပါသည်။

၃။ ဆရာဖြည့်စွက်ပေးသည့်အတွက် ကျေးဇူးအထူးတင်ပါသည်။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊.... သုံးပွင့်ဆိုင်တပည့်များကြောင့် ခေတ်စမ်းစာပေ ပွဲဦးထွက်ကောင်းခဲ့သည်မှာလည်းအမှန်ပင်ဖြစ်ပါသည်။

၄။ ဦးစိန်တင်(သိပ္ပံမောင်ဝ) တို့ခေတ်က ကောလိပ်သိပ္ပံကျောင်း ဟူသော အသုံးအနှုန်းကြောင့် သိပ္ပံမောင်ဝဟုအမည်မှည့်ခြင်းဖြစ်ပါသည်။ သိပ္ပံကျောင်းသားများ စာရေးနိုင်စွမ်း ရှိသည်ကို ပြလို၍ ဤသို့ မှည့်ခေါ်ခဲ့ ခြင်းဖြစ်ကြောင်းသိရပါသည်။

၅။ ကျေးဇူးတင်ပါသည်။ စာအုပ်အဖြစ်ပုံနှိပ်ပါလိမ့်မည်။

၆။ ကျေးဇူးတင်ပါသည်။ ကွယ်လွန်ခါနီးအထိ စာရေးသားသည့် အကြောင်းကို အခြားစာတမ်းရှင်တို့၏ စာတမ်းတွင်ပါပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများနှင့်ကျွန်မအမြင်
## စာတမ်းရှင် Ms. Yuri Takahashi (ဒေါ်ယုယုလွင်)၏
## ကိုယ်ရေးမှတ်တမ်းအကျဉ်း



ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ အငြိမ်းစားတက္ကသိုလ်ဆရာတစ်ဦး၏သမီး၊ မွေးချင်းသုံးဦးအနက် သမီးကြီး။

တိုကျိုတက္ကသိုလ်မှ ဘီအေဘွဲ့ကို စီးပွားရေးဘာသာရပ်နှင့်ရရှိခဲ့။

တိုကျိုမြို့၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အလုပ်လုပ်ခဲ့ဖူး။

အရှေ့တိုင်းနည်းပြဘာဝနှင့် တိုကျို နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ကို *"သိပ္ပံမောင်ဝနှင့်သူ၏စာပေများကို လေ့လာသုံးသပ်ချက်"* ကျမ်းဖြင့် ၁၉၉၀ ပြည့်နှစ်တွင် အောင်မြင်ခဲ့။

၁၉၉၁ မှ ၁၉၉၄ အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးဝန်ထမ်း။

ယခုအခါ ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ် ဘွဲ့လွန်ကျောင်းသူတစ်ဦးအဖြစ်အလုပ်လုပ်ရင်း Ph.D ဘွဲ့အတွက် ဆက်လက်သင်ကြားနေ။

အသက် ၄၂ နှစ် အရွယ်ရှိ အိမ်ထောင်ရှင် ဂျပန်အမျိုးသမီး ပညာရှင်တစ်ဦးဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများနှင့်ကျွန်မအမြင်

ဂုဏ်သရေရှိ သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ၊ ကြွရောက်လာကြတဲ့ စာပေပညာရှင်များရှင့်။ ဒီနေ့ ကျွန်မ ယုရီတကာဟာရှိကို မြန်မာစာ သမိုင်းမှာ မှတ်တိုင်တစ်ခု ထူထောင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တဲ့ စာ ဆရာကြီးသိပ္ပံမောင်ဝရဲ့ မွေးနှစ်တစ်ရာပြည့် အထိမ်းအမှတ် စာတမ်း ဖတ်ပွဲ ဖိတ်ကြားခဲ့တဲ့အတွက် အထူးပဲကျေးဇူးတင်မိပါတယ်ရှင့်။ ဂုဏ်လည် ယူမိပါတယ်။

ကျွန်မကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်အချိန်က ဂျပန်ပြည် တိုကျို နိုင်ငံခြားဘာသာသင်တက္ကသိုလ် ကျောင်းသူဘဝတုန်းက ခေတ်စ စာပေအကြောင်းကို လေ့လာခွင့်ရခဲ့ပါတယ်။ ခေတ်စမ်းစာရေးဆရာ တွေ မှာ အထူးသဖြင့် သိပ္ပံမောင်ဝစာပေကို စိတ်ဝင်စားသွားပြီး "သိပ္ပံမောင် (ဦးစိန်တင်) ဝတ္ထုဆောင်းပါးများ လေ့လာချက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ မဟာဝိ ကျမ်း ရေးသားပြုစုခဲ့ပါတယ်။

ယခုဆိုရင် ကျွန်မဟာ အရင်နှစ်ကစပြီး ဩစတြေးလျနိုင်ငံ၊ တက္ကသိုလ်မှာ ပြန်လည်စာသင်ခွင့်ရသွားပြီးနောက် အရင်လုပ်ခဲ့တဲ့ သိ မောင်ဝလေ့လာရေးကို တိုးချဲ့လုပ်ဆောင်ဖို့အတွက် ခေတ်စမ်းစာ အကြောင်း၊ ခေတ်စမ်းစာပေကို မွေးဖွားလာစေတဲ့ မြန်မာယဉ်ကျေးမှု

www.burmeseclassic.com



တ်ခံသမိုင်းအကြောင်းတွေကို ဆက်လက် လေ့လာနေတုန်း ဖြစ်ပါတယ်။

ဒီနေ့ 'သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများနှင့် ကျွန်မအမြင်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောကြားရမှာဖြစ်လို့ ပထမဦးဆုံး သိပ္ပံမောင်ဝစာပေနဲ့ ကျွန်မ ဘယ်လိုစ တွေ့ဆုံခွင့်ရသွားတယ်၊ ပြီးတော့ သိပ္ပံမောင်ဝနဲ့ ပတ်သက်တဲ့ ကျွန်မ မမေ့နိုင်တဲ့ အတွေ့အကြုံအကြောင်း စတာတွေကို ရှေးဦးစွာ ပြောပါမယ်။

ကျွန်မ သိပ္ပံမောင်ဝစာပေကို စဖတ်ရတာ ၁၉၈၆ခုနှစ်မှာ တိုကျိုနိုင်ငံခြားဘာသာ သင်တက္ကသိုလ်က ဆရာဦးသစ္စာခေါ် ပါမောက္ခ Mr Ryuji Okudaira ရဲ့ အတန်းကို တက်ရောက်နေစဉ်က ဖြစ်ပါတယ်။ ဒီအတန်းဟာ မြန်မာစာအဓိက ဂျပန်ကျောင်းသူကျောင်းသားတွေကို အရေးပါတဲ့ ခေတ်သစ်မြန်မာစာပေကို မိတ်ဆက်ပေးတဲ့အတန်းဖြစ်ပါတယ်။ တစ်ပတ်ကို တစ်ခေါက် သူ့အတန်းမှာတက်တဲ့အခါမှာ 'စည်းစိမ်' ဝတ္ထုကို သင်ရပါတယ်။ ဆရာဟာ ကျောင်းသူကျောင်းသားတစ်ယောက်စီကို စာတစ်ပိုဒ်စီ ဖတ်ခိုင်းပြီး ဂျပန်လိုဘာသာပြန်ခိုင်းပါတယ်။ ဒီအလုပ်ဟာ ကျွန်မတို့အတွက် အင်မတန်ခက်ခဲတဲ့အလုပ်ဖြစ်ခဲ့ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ မြန်မာစာကို 'က'ကြီး၊ 'ခ' ခွေးကစသင်ပြီး နှစ်နှစ်တောင် မပြည့်သေးပါဘူး။

အင်္ဂလိပ်စာ၊ ပြင်သစ်စာ၊ ဂျာမန်စာ၊ တရုတ်စာနဲ့ ထိုင်းစာတွေလို ဂျပန်စာနဲ့ နှစ်ဘာသာနှိုင်းယှဉ်လေ့လာရေး တိုးတက်ပြီးသား ဘာသာစကားတွေဆိုရင် အဘိဓာန်ကောင်းကောင်းလည်းရှိကြပါတယ်။ ဒါပေမယ့် မြန်မာစာ-ဂျပန်စာကျတော့ ဒီလောက် စကားလုံးဝေါဟာရကြွယ်ဝတဲ့ အဘိဓာန်မပေါ်သေးပါဘူး။

အခက်အခဲဟာမပြီးသေးပါဘူး။ ခေတ်သစ် မြန်မာပြည် အကြောင်းကို မလေ့လာခဲ့ရင် 'ဝန်ထောက်' ဆိုတာဘယ်လောက်အဆင့်မြင့်တဲ့ အစိုးရဝန်ထမ်းလည်းဆိုတာကိုမသိနိုင်ဘူး။ တပေါင်းလ(မတ်လ)ထဲမှာ မြန်မာပြည်မှာ ရာသီဥတုအပူဆုံးဖြစ်မှန်းကိုလည်း ဒီပုံပြင်ကြောင့် သိရပါတယ်။

သမ္ဗန်ဆိုတဲ့ လှေတစ်မျိုးကို ဂျပန်ပြည်မှာ သုံးလေ့မရှိတဲ့အတွက် သဏ္ဌာန်ကို စိတ်ကူးဖို့လည်း အခက်အခဲ ရှိခဲ့ပါတယ်။ ဆရာ Okudairaက

www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေကို စိတ်ရှည်လက်ရှည် ရှင်းပြပေးပါတယ်။

ဒီလိုနဲ့ ကျွန်မ 'စည်းစိမ်' ဝတ္ထုထဲက ဇာတ်လိုက် မောင်လူအေးနဲ့လည်း တွေ့ဆုံသွားပါတယ်။

*'မောင်လူအေး ဘီအေအောင်သည်မှာ အတော်ပင် ကြာလေပြီ။ ဘီအေအောင်ပြီးသည့်နောက် ဝန်ထောက်အလုပ်ကိုရသောကြောင့် ငွေဝင်လမ်း ရှိလျက်နေပေ၏။ မောင်လူအေးမှာ အမည်နှင့်လိုက်အောင်ပင် အေးအေး ဆေးဆေး တစ်ယောက်တည်းပင် အပူမရှာသေးဘဲဘူတာကလေးလုပ်လျက် နေပေ၏'*

ခမ်းခမ်းနားနားနေနိုင်တဲ့ အိုင်စီအက်တစ်ယောက်ဖြစ်ပေမယ့် ပစ္စည်းဥစ္စာစည်းစိမ်ကို စိတ်မဝင်စားဘဲ အေးအေးဆေးဆေးနေနိုင်တဲ့ဘဝမျိုး အပေါ်တန်ဖိုးထားတဲ့ မောင်လူအေးနေပုံထိုင်ပုံကိုလည်း အားကျမိပါတယ်။

ဒီပုံဝတ္ထုကို ကြိုးစားပြီး တဖြည်းဖြည်းဖတ်သွားရာ မောင်လူအေး ရောဝတီမြစ်ကမ်းပေါ်မှာ လမ်းလျှောက်တဲ့အခန်းကိုရောက်လာတဲ့အခါ ညနေဆည်းဆာမှာ မောင်လူအေးအနည်းငယ်လွမ်းဆွတ်နေပုံကိုတွေ့ရပါတယ်။ ဆက်ဖတ်သွားတော့ မောင်လူအေး သူယူမယ့်အမျိုးသမီးအကြောင်းကို စဉ်းစားတဲ့အခန်းကိုရောက်လာပါတယ်။ ဒါပေမယ့် သူယူမယ့်အမျိုးသမီးကို တစ်ခါတည်းမဆုံးဖြတ်နိုင်ပါ။ ထပ်ပြီး ကြိုးစားဖတ်သွားပေမယ့် ကိစ္စမငြိမ်းသေးပါဘူး၊ ဘယ်လိုဖြစ်လာဦးမလဲ၊ ဘာမှဖြစ်မလာပါဘူး၊ ဒီနေရာမှာ ဇာတ်လိုက်မောင်လူအေး အိပ်ပျော်သွားပါတယ်။ အဆုံးသတ်တဲ့စကားက ဒီလိုပါ။

*'ဤစည်းစိမ်ထက် အဘယ်စည်းစိမ်သာနိုင်ပါအံ့နည်း ...'*

ဇာတ်လမ်းအဆုံးထိ စာဖတ်ပရိသတ်ကိုဆွဲဆောင်နိုင်တဲ့ သိပ္ပံမောင်ဝရဲ့ ကလောင်အစွမ်း၊ နောက်ဆုံးမှာ ပရိသတ်ကိုအံ့ဩစေ၊ ပြုံးမိစေနိုင်တဲ့သူ့ညဏ်ကို ကျွန်မအလွန်သဘောကျမိသွားပါတယ်။ ပြီးတော့ မောင်လူအေးဟာ ပုံပြင်ဇာတ်လိုက်အနေနဲ့ အင်မတန်ထူးဆန်းတဲ့ဇာတ်လိုက် တစ်ယောက်လို့မှတ်ချက်ချမိပါတယ်။ မောင်လူအေးဟာ Superman လို အစွမ်းသတ္တိပြည့်စုံတဲ့ဇာတ်လိုက်မျိုးမဟုတ်။ လူဆိုးဘဝသိမှာနေတဲ့ဇာတ်လိုက်

www.burmeseclassic.com



မျိုးလည်းမဟုတ်ဘူး။ ရိုးသားတဲ့သူ့စရိုက်ကိုမြင်ရပေမယ့် စိုးရိမ်စိတ်လွန်ကဲနေတဲ့စရိုက်ကိုလည်းတွေ့ရပါတယ်။ အမျိုးသမီးကြောင့် ငွေဆုံးရှုံးသွားမှာ၊ အမျိုးသမီးကသူ့အပေါ် သြဇာညောင်းလာမှာ ၊ မကောင်းတဲ့သူတွေနဲ့ဆွေမျိုးတော်စပ်ရမှာတွေကို ကြောက်ရွံ့တဲ့သဘောတွေများပြားနေပါတယ်။ ဒီစိတ်ဝင်စားဖို့ကောင်းတဲ့ဇာတ်လိုက်ဟာ စာရေးဆရာသိပ္ပံမောင်ဝရဲ့ကိုယ်ခွဲလို့သိပြီးရတဲ့နောက် ကျွန်မပိုစိတ်ဝင်စားသွားပြီး သူရေးခဲ့တဲ့ဝတ္ထုဆောင်းပါးများကို ဆက်ဖတ်သွားပါတယ်။ နောက်သုံးနှစ်ကြာတော့ ဝတ္ထုဆောင်းပါးများနဲ့ပတ်သက်တဲ့ ကျမ်းတစ်စောင် ပြုစုဖြစ်သွားပါတယ်။

ကျမ်းပြုပြီးသွားတဲ့နောက် ကျွန်မဟာ ၁၉၉၁ခုနှစ်ကနေ ၁၉၉၄ ခုနှစ်ထိ အလုပ်အကိုင်အရ ရန်ကုန်မှာလာနေခွင့်ရခဲ့ပါတယ်။ နေဖို့အိမ်တစ်လုံးကိုငှားရမ်းပြီးသွားတဲ့နောက် တစ်ပတ်လောက်ကြာတဲ့နေ့တစ်နေ့မှာ ကျွန်မစွည်းအထုပ်ထဲက သိပ္ပံမောင်ဝရဲ့ 'စစ်အတွင်းနေ့စဉ်မှတ်တမ်း' ကိုထုတ်ယူပြီး စာအုပ်ကိုလှန်ကြည့်မိပါတယ်။ ဘာဖြစ်လို့ ဒီစာအုပ်ကိုဖွင့်ကြည့်မိသလဲဆိုတာကိုတော့ ကျွန်မလုံးဝမမှတ်မိတော့ပါ။

စာမျက်နှာတစ်မျက်နှာကို ရောက်လာတဲ့အခါ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါစတုန်းက သိပ္ပံမောင်ဝတို့ မိသားစုနေခဲ့တဲ့အိမ်လိပ်စာကို ရေးထားတာတွေ့လိုက်ရပါတယ်။

'ရန်ကုန်မြို့၊ ရှိဇာဘင့်လမ်း၊ အမှတ်၉၉'

ဒီလိပ်စာဟာ အခု ကျွန်မငှားထားတဲ့အိမ်လိပ်စာ အမှတ်၉၉၊ နှင်းဆီဘုန်းလမ်းပါပဲလား။ အိမ်ငှားဖို့စာချုပ်ချုပ်စဉ်အခါက သိပ္ပံမောင်ဝအကြောင်းကိုလုံးဝမစဉ်းစားမိခဲ့ပါ။ တစ်လမ်းတည်းမှာနေတဲ့ရှေးမိနောက်မီ ဦးလေးဦးချိုညွန့်ကလည်း ကျွန်မအခုနေတဲ့ခြံဟာသိပ္ပံမောင်ဝနေသွားခဲ့တဲ့ခြံဖြစ်ကြောင်း ထောက်ခံပြောဆိုခဲ့ပါတယ်။ သူကိုယ်တိုင်သိပ္ပံမောင်ဝတို့မိသားစုကိုမှတ်မိနေသေးတယ်လို့ပြောခဲ့ပါတယ်။ အိမ်နီးနားချင်းအနေနဲ့တော့ဆက်ဆံရေးသိပ်မရှိပေမယ့် အေးတဲ့မိသားစုဖြစ်တယ်လို့ပြောပြပါတယ်။

ဒီဦးလေးစကားကိုကြားရပြီးတဲ့နောက် ကျွန်မဟာအလုပ်က ဖက်အားအချိန်ရှိသလောက် သိပ္ပံမောင်ဝနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တို့နဲ့တွေ့ဖို့ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ ပြန်စဉ်းစားကြည့်တော့ သိပ္ပံမောင်ဝဟာ ကျွန်မကိုလူအများကြီးနဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်မ မဟာဝိဇ္ဇာကျမ်းပြုစုနေတုန်း ဂျပန်ပြည်ကို ရောက်နေတဲ့ ဆရာဒေါက်တာသန်းထွန်း၊ ဆရာမဒေါ်စီစီဝင်းနဲ့ ဆရာ ဦးကျော်ဝင်းတို့နဲ့ ခေတ်စမ်းစာပေအကြောင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ အမျိုးသားစာကြည့်တိုက်က စာကြည့်တိုက်မှူးဦးခင်မောင်တင်နဲ့ဆရာ ဦးမြင့်ကြိုင်၊ ဆရာမလူထုဒေါ်အမာ၊ 'စစ်ပြန်မဂ္ဂဇင်း' က ဦးအောင်သန်းမှ တစ်ဆင့် ဆရာမောင်ထင်တို့နဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ရန်ကုန်ကိုရောက် လာတာ သိပ်မကြာမီမှာပဲ သိပ္ပံမောင်ဝမိသားစုနဲ့တွေ့ခွင့်ရပြီး ဒေါ်ခင်သန်းမြင့် ခေါ် ဒေါ်ခင်ခင်မြင့်နဲ့ စကားပြောခဲ့ရတာကိုလည်းမမေ့နိုင်ပါဘူး။

ကျွန်မ သိပ္ပံမောင်ဝနဲ့ပတ်သက်တဲ့နေရာတွေကိုလည်း ရောက်ဖူး အောင် ခရီးထွက်ခဲ့ပါတယ်။ ဒါပေမယ့် အိုင်စီအက်တစ်ယောက်အနေနဲ့ သိပ္ပံမောင်ဝနေထိုင်ခဲ့တဲ့အိမ်တွေ၊ နယ်ထွက်ခဲ့တဲ့နေရာတွေဟာ များလွန်းလို့ နေရာတိုင်းရောက်ဖို့မဖြစ်နိုင်ပါဘူး။

သိပ္ပံမောင်ဝ ၁၉၃၈ခုနှစ်မှ ၁၉၄၀ပြည့်နှစ်ထိနဲ့ ၁၉၄၂ခုနှစ်မှာ နှစ် ကြိမ် အရေးပိုင်အနေနဲ့အုပ်ချုပ်ခဲ့တဲ့ရွှေဘိုမြို့ကို ကျွန်မသိပ်စွဲလမ်းသွား ပါတယ်။ ရွှေဘိုမြို့ပေါ်မှာ ကျွန်မရောက်ခဲ့တဲ့အခါအသက်၁၀၂နှစ်ရှိတဲ့ဦးပြုံး ဆိုတဲ့အဘိုးအိုရှိခဲ့ပါတယ်။ ကျွန်မကိုသူဒီလိုပြောခဲ့ပါတယ်။

'အဲဒီခေတ်မှာ သာမန်လူတွေဟာ အရေးပိုင်နဲ့စကားပြောခွင့်မရခဲ့ကြ ပါဘူး၊ ဒါပေမယ့် အရေးပိုင်ဦးစိန်တင်ဟာစိတ်သဘောထားကောင်းတဲ့ပုဂ္ဂိုလ် တစ်ဦးဖြစ်မှန်းလူတွေသိကြပါတယ်။ သူဟာလူအထင်မှားခံရပြီး အသတ်ခံ ရှာတယ်၊ ကျွန်တော်တို့ဒီလိုယုံနေပါတယ်'

တစ်နေ့က ဖွန်လ(၅)ရက်နေ့ဆိုတာ သိပ္ပံမောင်ဝရဲ့ မွေးနေ့လည်းဖြစ် ပါတယ်။ မနေ့က (၆)ရက်နေ့ကတော့ အနိစ္စရောက်သွားတဲ့နေ့ပဲဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့အချိန်မှာ ကျွန်မအတွက် သိပ္ပံမောင်ဝအကြောင်းဟောပြောခွင့်ရ ဖို့ ဖန်တီးပေးတဲ့ကျေးဇူးရှင်ဟာ တခြားသူမဟုတ်ဘဲ သိပ္ပံမောင်ဝကိုယ်တိုင် ဖြစ်တယ်လို့လည်းစဉ်းစားမိပါတယ်။

အခုအချိန်ကစပြီး သိပ္ပံမောင်ဝရေးခဲ့တဲ့ဝတ္ထုဆောင်းပါးတွေနဲ့ ပတ်သက်တဲ့ ကျွန်မလေ့လာချက်တွေကိုတင်သွင်းပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



အခုကျွန်မ 'သိပ္ပံမောင်ဝ' လို့ခေါ်နေတာ ဦးစိန်တင်ရဲ့ကလောင်အမည်နာမည်တစ်ခုပဲဖြစ်ပါတယ်။ ဦးစိန်တင်ဟာ 'သိပ္ပံမောင်ဝ'အပြင် ကလောင်အမည်အများကြီးလည်းထားခဲ့ပါတယ်။ ဆရာဦးမြင့်ကြိုင်ရဲ့လေ့လာချက်အရ စုစုပေါင်း(၅၇)မျိုးတွေ့ရှိခဲ့ရပါတယ်။မြန်မာစာပေသမိုင်းမှာဒီလောက်ကလောင်နာမည်အများကြီး သုံးစွဲခဲ့တဲ့ စာရေးဆရာမရှိခဲ့ဘူးလို့ မှတ်ချက်ချခဲ့ပါတယ်။

သိပ္ပံမောင်ဝ ပထမဦးဆုံးကလောင်အမည်နဲ့စာရေးတာ မော်လမြိုင်မှာ ဆယ်တန်းမအောင်ခင် 'ဝဇိရာတင့်'ဆိုတဲ့ ကလောင်အမည်နဲ့သတင်းစာထဲမှာဆောင်းပါးတစ်ပုဒ်ဖြစ်ပါတယ်။ 'မောင်ဝ' ဆိုတဲ့ ကလောင်နာမည်ကိုတော့ တက္ကသိုလ်မှာနေတုန်း ၁၉၂၅ခုနှစ်က စသုံးခဲ့ပါတယ်။ ၁၉၂၉ခုနှစ် နောက်ပိုင်း 'သိပ္ပံမောင်ဝ'ဖြစ်လာပါတယ်။ 'မောင်ဝ' ဒါမှမဟုတ် 'သိပ္ပံမောင်ဝ'ဟာဝတ္ထုရေးတဲ့အခါ သုံးခဲ့တဲ့နာမည်ဖြစ်မှန်း သိပ္ပံမောင်ဝကိုယ်တိုင်ရှင်းပြခဲ့ပါတယ်။ စာပေဝေဖန်စာရေးတဲ့အခါသုံးခဲ့တဲ့ 'မောင်မြသွင်'၊ လမ်းညွှန်ဆရာအနေနဲ့ ရေးတဲ့အခါသုံးခဲ့တဲ့ 'တင်မောင်မြင့်'၊ ပြဇာတ်အတွက် 'တင်တင့်'၊ ပေးစာအတွက် 'မောင်သံချောင်း' ဒါတွေကတော့ အသုံးများခဲ့တဲ့ကလောင်နာမည်တွေဖြစ်ပါတယ်။

သိပ္ပံမောင်ဝကလောင်နာမည် အမျိုးမျိုးသုံးခဲ့တဲ့ မူလရည်ရွယ်ချက်ကတော့ မြန်မာစာပေကိုတိုးတက်စေချင်တဲ့သဘောနဲ့စာပုံစံအမျိုးမျိုးကိုစမ်းသပ်တင်ပြပြီး စာဖတ်ပရိသတ်တွေအနေနဲ့ ဘယ်သူရေးတဲ့စာပဲဖြစ်ပါစေ၊ အဲဒီစာရေးသူရဲ့အရေးအသားကိုကြည့်ပြီး တန်ဖိုးဖြတ်စေလိုတဲ့ဆန္ဒရှိကြောင်းကို အကဲခတ်နိုင်ပါတယ်။ နောက်ပိုင်း သိပ္ပံမောင်ဝ အစိုးရဝန်ထမ်းဖြစ်လာတဲ့အခါမှာ လွတ်လပ်စွာရေးသားလိုတဲ့သဘောနဲ့လျှို့ကလောင်ကွဲတွေသုံးစွဲတဲ့သဘောလည်းပါလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် 'သိပ္ပံမောင်ဝ'ဆိုတဲ့ကလောင်နာမည်ကတော့ တခြားကလောင်နာမည်နဲ့မတူ၊ ထူးခြားတဲ့နာမည်လို့ပြောရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်း စာဖတ်ပရိသတ် တွေဟာ သိပ္ပံမောင်ဝဟာ အိုင်စီအက်စ် စာရေးဆရာဦးစိန်တင်ဖြစ်မှန်း သိသွားပေမယ့် သိပ္ပံမောင်ဝမှာ သိပ်အမှုထားပုံမရသောကြောင့်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖို့ကောင်းတာကတော့ သူအင်္ဂလန်က ပြန်လာပြီး အင်္ဂလိပ်ဘဝကို လုံးဝနှုတ်ဆက်ထွက်ခွာပြီး အလုပ်ခွင်ကိုဝင်လာတဲ့အခါက စပြီး 'မောင်ဝ' ရှေ့မှာ 'သိပ္ပံ'၊ 'တက္ကသိုလ်' လို့တပ်သွားပါတယ်။ ဒီအချိန်၁၉၂၉ ခုနှစ်မှာ သိပ္ပံမောင်ဝဟာ 'မောင်မြသွင် သိပ္ပံကျောင်းသား' ဆိုတဲ့ တခြား ကလောင်အမည်နဲ့ဒီလိုရေးခဲ့ပါတယ်။

*'မြန်မာဂုဏ်ထူးဖြင့် ဘီအေစာမေးပွဲကို အောင်မြင်သူတို့မှာ ညီသည့်အလုပ်အကိုင်ပင်လုပ်ကိုင်စေကာမူ မိမိတို့လေ့ကျက်လာသော မြန်မာ စာပေကိုမေ့လျော့ထားခြင်းမပြုဘဲ ပြုလုပ်ကြရန် တိုက်တွန်းရပေသည်'*

('စာပေယဉ်ကျေးမှု'၊ စာမျက်နှာ ၁၆၇)

ဒီဆောင်းပါးဟာ သူများကို အားပေးတာမဟုတ် အလုပ်ဝင်သွားတဲ့ သူကိုယ်တိုင်ကိုဆုံးမတဲ့စာလို့ယူဆနိုင်ပါတယ်။ 'သိပ္ပံမောင်ဝ' ဆိုတဲ့ကလောင် နာမည်မှာ မြန်မာစာတိုးတက်ရေးအတွက် အကျိုးပြုနိုင်အောင်၊ သူဆည်းပူး ခဲ့တဲ့ပညာဗဟုသုတကိုဝေပေးနိုင်အောင် သိပ္ပံမောင်ဝရဲ့စိတ်ထဲကဆုံးဖြတ်ချက် ကိုတွေ့မြင်နိုင်ပါတယ်။

သိပ္ပံမောင်ဝဟာ ဒီကလောင်နာမည်ကိုသုံးစွဲတဲ့အခါမှာ အမြဲလို အိုင်စီအက်မောင်လူအေးကိုဇာတ်လိုက်ထားတဲ့ပုံပြင်ကိုရေးခဲ့ပြီး တချို့ပုံပြင် ထဲမှာ မောင်လူအေးမပါပေမယ့် ၁၉၃၀ပြည့်နှစ်ကစပြီး၁၉၄၁ခုနှစ်ထိ (၁၁)နှစ် အတွင်းဒီပုံပြင်တွေ၊ ဝတ္ထုဆောင်းပါးတွေ၊ အပုဒ်(၁၆၀)ကျော်ရေးခဲ့တာကိုဆရာ ဦးမြင့်ကြိုင်ကရှာတွေ့ခဲ့ပါတယ်။ ကျွန်မဟာ ဒီထဲမှာ(၈၆)ပုဒ်ပဲဖတ်ပြီး ဝတ္ထု ဆောင်းပါးအကြောင်းပြောရမှာဝန်လေးပေမယ့် ကျွန်မဖတ်ခဲ့တဲ့စာတွေဟာ မြန်မာပြည်က စာဖတ်ပရိသတ်အလယ်မှာ အခုထိအသိများတဲ့စာချည်းဖြစ် ပါတယ်။ ဒါကြောင့် မြန်မာပြည်ကအများလူထု ဘာဖြစ်လို့သိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးတွေကို ချစ်ခင်မြတ်နိုးနေကြသလဲဆိုတာကို သုံးသပ်ဖို့လည်း အခြေခံနိုင်တယ်လို့ယူဆပါတယ်။

ဝတ္ထုဆောင်းပါးတွေဟာ များသောအားဖြင့် မောင်လူအေးကို ဇာတ်လိုက်ထားတဲ့အတွက် 'မောင်လူအေးစာစဉ်' လို့လည်းခေါ်နိုင်ပါတယ်။ မောင်လူအေးဟာ သိပ္ပံမောင်ဝရဲ့စင်စစ်ဘဝကို ထင်ဟပ်နေတဲ့ ဇာတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အတိုင်း သိပ္ပံမောင်ဝ တာဝန်အရ ပြောင်းရွှေ့သွားတဲ့မြို့အမျိုးမျိုးမှ နေခဲ့ပါတယ်။ သိပ္ပံမောင်ဝအိမ်တွင်းအဖြစ်အပျက်တွေကိုလည်း ထင်ဟပ်ပြီ မောင်လူအေးလည်းအိမ်ထောင်ပြုပြီးသားသမီးထွန်းကားလာပါတယ်။ ချစ်စရ ကောင်းတဲ့ခွေးတွေလည်းမွေးခဲ့ရပါတယ်။

သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါးထဲမှာ ရေးခဲ့တဲ့အကြောင်းအရာကဏ္ဍ များသောအားဖြင့်(၇)မျိုးခွဲနိုင်ပါတယ်။

(၁) မောင်လူအေးရဲ့အိမ်တွင်းရေး
(၂) တောင်သူလယ်သမား၊ တံငါသည်တွေရဲ့ဘဝ
(၃) တရားဥပဒေကျိုးပေါက်သွားတဲ့လူတွေရဲ့ဘဝ
(၄) ခွေး၊ နွားအစရှိတဲ့တိရစ္ဆာန်ရဲ့ဘဝ
(၅) မြန်မာသမိုင်းကိုလေ့လာခြင်း
(၆) တိုင်းရင်းသားရဲ့ဘဝ၊ ယဉ်ကျေးမှုနဲ့သမိုင်း
(၇) တခြားအကြောင်းအရာ

ဥပမာ … မောင်လူအေး ပထမဆုံးပေါ်လာတဲ့ 'စည်းစိမ်' ဟာ မောင်လူအေးရဲ့အိမ်တွင်းရေး၊ ဆရာပီမိုးနင်းက 'ဝတ္ထုလား၊ ဆောင်းပါးလား' လို့ ချီးကျူးတဲ့ 'လေလံပွဲ' ဟာ တောင်သူလယ်သမား၊ တံငါသည်တွေရဲ့ဘဝလို့ ခွဲထားနိုင်ပါတယ်။

သိပ္ပံမောင်ဝဟာ 'မောင်လူအေးစာစဉ်' ကိုရေးတဲ့အခါမှာ အခုဖော် ပြမယ့်အချက်(၃)ချက် ပြည့်စုံတဲ့စာပေမျိုးကို ရေးဖို့ရည်ရွယ်ခဲ့ဟန်တူပါ တယ်။

(၁) သူများနားလည်ဖို့လွယ်ကူတဲ့စကားပြေနဲ့ရေးခြင်း။
(၂) သူများကိုဒေသန္တရဗဟုသုတဖြစ်နိုင်သောခရီးသွား မှတ်တမ်းရေးခြင်း။
(၃) အတ္ထုပ္ပတ္တိ…အထူးသဖြင့်ကိုယ်တိုင်အတ္ထုပ္ပတ္တိကိုရေးပြီ သူ့အတွေ့အကြုံ၊သူ့ခံစားမှု၊ထင်မြင်ချက်များကိုသူများကို တင်ပြခြင်း။

သိပ္ပံမောင်ဝဟာ သူ့ခေတ်မှာအများကြီးတိုးတက်လာတဲ့ စာနယ်ဇင်း ကို ကောင်းကောင်းသိရှိပုံရပါတယ်။ မဂ္ဂဇင်း၊ သတင်းစာနဲ့ ရေဒီယိုမှတစ်ဆင့် အများလူထုကိုလူတစ်ယောက်ယောက်ရဲ့ထင်မြင်ချက်၊ ဗဟုသုတတွေကိုသိစေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ 'စာနယ်ဇင်းခေတ်'၊ 'လူထုခေတ်' နဲ့ ဆီလျော်တဲ့စာအရေးအသားကို တီထွင်ဖို့ဆန္ဒရှိခဲ့တယ်လို့ပြောနိုင်ပါတယ်။

သိပ္ပံမောင်ဝဟာ ကိုယ်တိုင်အတ္ထုပ္ပတ္တိ ရေးလိုတဲ့စိတ်ရှိခဲ့တာကို သတိထားပြီးသုံးသပ်ဖို့လိုပါတယ်။ ဒီစာမျိုးဟာ မြန်မာစာပေထဲမှာသိပ်မရှိခဲ့တဲ့ ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး သိပ္ပံမောင်ဝ ဒီလိုရေးထားပါတယ်။

*မြန်မာစာပေ၌ ဤကဲ့သို့ စာရေးသူကမိမိအဖြစ်အပျက် အကြောင်းအရာတို့ကို ရေးသားထားသောစာမျိုးကို များစွာမတွေ့ရချေ။ အကြောင်းမူကား 'ကိုယ့်ကိုကိုယ်ဖော်မသူတော်' ဟူ၍ဆိုမှတ်ရှိသောကြောင့် ကိုယ့်အကြောင်းကို ကိုယ်တိုင်မရေးသားသင့်ဟူ၍ ထင်မှတ်လေ့ရှိသောကြောင့်တည်း။ ဤသို့ ထင်မှတ်ကြခြင်းမှာလည်းမမှားချေ။ အကြောင်းကိုဆိုသော် မိမိကိုယ်ကို ချောက်ကြွားနေခြင်းမှာ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသောကြောင့်ဖြစ်လေသည်။ သို့ရာတွင် တစ်စုံတစ်ယောက်သောသူသည် မိမိကိုယ်တိုင် တွေ့ကြုံခဲ့ရသောအကြောင်းအရာဟူသမျှ အကောင်းရောအဆိုးပါ ထုတ်ဖော်ရေးသားပါမူကား ၎င်းစာမျိုးကို ကဲ့ရဲ့ရန်မထိုက်သည့်အပြင် ချီးမွမ်းခြင်းကို ပင်ပြုထိုက်လှပေသည်။*

('အတ္ထုပ္ပတ္တိ' မောင်မြသွင်၊ သိပ္ပံကျောင်းသား ၁၉၂၉၊ ဖေဖော်ဝါရီလ၊ သူရိယရက်ခြားသတင်းစာ)

ဒီစာကိုထောက်ရှုကြည့်တော့ သိပ္ပံမောင်ဝစိတ်ထဲမှာ သူလုပ်တာကို ပြန်လည်သုံးသပ်ပြီး ကိုယ်တိုင်အတ္ထုပ္ပတ္တိရေးချင်တဲ့ဆန္ဒပေါ်လာကြောင်း သိရှိနိုင်ပါတယ်။ ပြီးတော့သူ 'ကျွန်တော်ဆိုတာဘယ်သူလဲ'၊ 'ကျွန်တော် ဒီလောကနဲ့ ဘယ်လိုဆက်စပ်နေသလဲ' လို့ စဉ်းစားနေတဲ့သဘောထားကြောင့်(၁၇)ရာစုက ပြင်သစ်ဒဿနိကဗေဒပညာရှင်ကြီး 'ရီနီဒေးကား' (Rene Descartes) ပြောသွားတဲ့{I think, therefore I am}ဆိုတဲ့စကားကို ကျွန်မပြေးပြီးသတိရမိလိုက်ပါတယ်။ သိပ္ပံမောင်ဝဟာ သူ့Self-Identity ကို လေ့လာလိုက်နိုင်အောင်၊ သူ့ကိုယ်တိုင်ကို ရှုထောင့်အမျိုးမျိုးက ငဲ့ညှာစရာကင်းလွတ်ပြီးသုံးသပ်နိုင်အောင် မှန်ထဲကသူ့ရုပ်လွှာအနေနဲ့ မောင်လူအေးကိုဖန်တီးခဲ့တယ်လို့ ယူဆနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝဟာ ဝတ္ထုဆောင်းပါးထဲမှာ အစကတည်းက မောင်လူအေးကို သူ့ဘဝကို တိုက်ရိုက်ထင်ဟပ်တဲ့ဇာတ်ကောင်အနေနဲ့ ရေးခဲ့တာ မဟုတ်ပုံတွေ့ရပါတယ်။ ဒါကို သိပ္ပံမောင်ဝစာပေထဲမှာ တွေ့ရှိနိုင်တဲ့စမ်းသပ်မှုတစ်ရပ်လို့လည်းယူဆနိုင်ပါတယ်။

'မောင်လူအေး' စာဖတ်ပရိသတ်ရှေ့မှာ ပထမဦးဆုံးပေါ်ထွက်လာတာ ၁၉၄၀ပြည့်နှစ်က'ဂန္ထလောက'မဂ္ဂဇင်း၊ ဒီဇင်ဘာလမှာထည့်ထားတဲ့ 'စည်းစိမ်'ဝတ္ထုထဲမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ သိပ္ပံမောင်ဝစည်းစိမ်ကို ခံစားနိုင်တဲ့ဘဝထဲမှာရှိသလားလို့ သံသယဖြစ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ သူ့ပထမဇနီး'မလှသန်း'ဆုံးသွားတာလပိုင်းပဲရှိပါသေးတယ်။ သိပ္ပံမောင်ဝအတွက် ဝမ်းနည်းကြေကွဲနေရတဲ့အချိန်ဖြစ်ပါလိမ့်မယ်။ အသက်အရွယ်ငယ်လှသေးတဲ့ဇနီးသည်ကို ရုတ်တရက်ဆုံးရှုံးရလိုက်သည့်အတွက်'အမြဲမရှိ'ဆိုတဲ့ လောကရဲ့သဘောတရားကို ခံစားနေရတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ မောင်လူအေးလိုစိတ်အေးအေးနေချင်တဲ့ သိပ္ပံမောင်ဝရဲ့စိတ်က စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်အဖြစ်နဲ့ 'စည်းစိမ်' နဲ့ 'ဇာတ်လိုက်' 'မောင်လူအေး'ကို မွေးထုတ်စေခဲ့တယ်လို့ယူဆမိပါတယ်။

နောက် နှစ်နှစ်အတွင်း မောင်လူအေးဟာ သိပ္ပံမောင်ဝရဲ့တကယ့်အစစ်အမှန်ဘဝကိုထင်ဟပ်တဲ့ ဇာတ်လိုက်ဖြစ်လာဟန်တူပါတယ်။ ၁၉၃၂ခုနှစ်မှာရေးခဲ့တဲ့'အင်းဝ'ပုံပြင်ထဲမှာ အပြင်လူတစ်ဦး၏ရှုထောင့်ကနေ သူ့ကိုယ်တိုင်ကို သုံးသပ်တဲ့အခန်းကို တွေ့ရပါတယ်။ အင်းဝမြို့ဟောင်းကို ရောက်လာတဲ့မောင်လူအေးကို တောသူအပျိုလေးနှစ်ယောက်ကကြည့်နေကြပါတယ်။

*'ဘောင်းဘီတိုတိုဖြင့်၊ ဖလေဇာအင်္ကျီဖားဖားကိုဝတ်၊ ဘွတ်ဖိနပ်ကိုစွပ်၊ ဦးထုပ်ကိုဆောင်း၊ လက်ကိုင်တုတ်ကိုယာန်ပါပါကိုင်ကာ ရထားကလေးနားတွင်ရပ်သော အင်္ဂလိပ်ယောင်ယောင်၊ တရုတ်ယောင်ယောင် မောင်လူအေးအားပြုံးသလိုလိုနှင့်ကြည့်ကြ၏။ အချင်းချင်းလက်တို့ကာရယ်ကြ၏။ မောင်လူအေးကား ရှက်တက်တက်ဖြစ်သွားပြီးလျှင် ဤမြေကြီး[illegible] ထားကာနေ၏'*

ဒီလို ဇာတ်လိုက်မောင်လူအေးကို အကြောင်း[illegible]ပြီး ဟာသပါစေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချက်ကိုတော့ တခြားဝတ္ထုဆောင်းပါးတွေမှာလည်း တစ်ခါတစ်ရံ တွေ့ရှိရပါတယ်။

သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါးများမှာ ရေးထားတဲ့ အကြောင်းအရာအမျိုးမျိုးရှိပေမယ့် စာရေးသူရဲ့ခေတ်အလိုက်ခံယူချက် ပြောင်းလဲမှုရှိတာကိုလည်းတွေ့ရပါတယ်။ ယေဘုယျအားဖြင့်ပြောရရင် ၁၉၃၀ပြည့်နှစ်အစပိုင်းမှာ တောင်သူလယ်သမားဘဝအကြောင်းကို မကြာခဏ ရေးသားတတ်ပြီး နောက်ပိုင်းမှာတော့ မောင်လူအေးရဲ့အိမ်တွင်းရေး အဖြစ်အပျက်အကြောင်းအရာများကို ရေးတာများလာပါတယ်။

မော်လမြိုင်၊ ရန်ကုန်နဲ့ လန်ဒန်လို မြို့ကြီးတွေမှာပဲ အချိန်အတန်ကြာအောင်နေခဲ့ရတဲ့ သိပ္ပံမောင်ဝအတွက် သူ့ဝန်ထောက်ရာထူးအရ ကြုံတွေ့ခဲ့ရတဲ့ ကျေးလက်ဘဝဟာ သူ့အမြင်ကို ပိုမိုကျယ်ဝန်းလာစေခဲ့တယ်လို့ဆိုရင် မမှားဘူးလို့ထင်ပါတယ်။ သိပ္ပံမောင်ဝဟာ မြို့ပေါ်ကစာဖတ်ပရိသတ်များကို မြန်မာပြည်အတွင်းက သူတို့မသိသေးတဲ့ ကျေးလက်ဘဝအကြောင်းကို သိစေလိုတဲ့ စေတနာရှိခဲ့ဟန်တူပါတယ်။ ဒီဝတ္ထုဆောင်းပါးမျိုးထဲမှာ ကျွန်မအထူးစိတ်ဝင်စားမိတဲ့စာတွေကတော့ 'လေလံပွဲ၊ ပစ္စန္တရာဇ်၊ ရွာကျက်သရေ၊ ရွေးကောက်ပွဲ၊ ကင်းစောင့်၊ တစ်ရာ့တစ်ဆယ်နဲ့ အညာဘုရားပွဲ' တွေပဲဖြစ်ကြပါတယ်။ ဒီစာတွေထဲမှာ အဓိကရေးသားထားတဲ့အကြောင်းအရာတွေကတော့ တောင်သူလယ်သမားအစရှိတဲ့ ကျေးရွာကလူတွေရဲ့ဘဝကို ဖော်ပြထားပါတယ်။ တချို့စာတွေဟာ ဓာတ်လမ်းကိုဆက်ရေးသွားတာထက် ဓာတ်ပုံ၊ဗီဒီယိုရိုက်ထားသလို မြင်ကွင်းကိုသရုပ်ဖော်တာကို အဓိကထားတဲ့အတွက် Sketches လို့လည်း စာပေသုတေသီအချို့တို့ကခေါ်နေကြပါတယ်။ ဒီလိုပုံပြင်တွေထဲမှာ မောင်လူအေးဟာ အများထဲကတစ်ယောက်အနေနဲ့ ကပြနေပါတယ်။ သိပ္ပံမောင်ဝဟာ ဒီလိုနဲ့သူနဲ့ အများလူထုဆက်စပ်နေတဲ့ပုံကို သုံးသပ်ခဲ့တယ်လို့ယူဆနိုင်ပါတယ်။ 'လေလံပွဲ' ထဲမှာ မောင်လူအေးဟာ ခဏပဲ သရုပ်ဆောင်နေပါတယ်။

*---သို့နှင့်ပင် ဆယ်နာရီထိုး၏။ ထို့နောက် ဆယ်နာရီခွဲ၏။ နယ်ပိုင်မောင်လူအေးလာပေပြီ။ အားလုံးဝိုင်း၍ကြည့်ကြ၏။ 'တယ်ဆိုး*

www.burmeseclassic.com



*တဲ့နယ်ပိုင်"၊ 'တယ်ကြွမ်းတဲ့နယ်ပိုင်' စသည်ဖြင့် တီးတိုးစကား ပြောကြလေသည်။*

သိပ္ပံမောင်ဝဟာ ဒီခေတ်ကာလပြောင်းလဲမှုကို ကောင်းကောင်းသိတဲ့ အတွက် ကလေးတွေအပေါ် တိုင်းပြည်ရဲ့နောင်ရေးကိုမျှော်ပြီး 'ရွာ့ကျက်သရေ' ကို ဒီလိုအဆုံးသတ်သွားပါတယ်။

*--..မောင်လှအေးမှာ နောင်နှစ်ပေါင်း ၄၀-၅၀ခန့်ကြာလျှင် ဤ ရွာကျောင်းမှပင် မြန်မာပြည်သူ့တွက်ချင်တွက်နေမယ်ကိုလည်း စဉ်းစား မိပုံမပေါ်။*

သိပ္ပံမောင်ဝဟာ သာမန်လူတွေနဲ့ အတူတူနေတာကို အင်မတန်ပျော် နေပုံကို 'အညာဘုရားပွဲ' ထဲမှာတွေ့မြင်ရပါတယ်။

*--တောသားနှင့်မောင်လှအေး၊ မောင်လှအေးနှင့်တောသား၊ တသား တည်းဖြစ်နေလေပြီ။ မောင်လှအေးဝမ်းမြောက်မိတော့၏။ လွတ်လပ်ခြင်းကို ရလေပြီ။ တောသားများနှင့်တိုးဝှေ့ခွင့်ကိုရလေပြီ။*

၁၉၃၆ခုနှစ်၊ နောက်ပိုင်းသိပ္ပံမောင်ဝဟာ အရင်လောက် သာမန် လူ့ဘဝအကြောင်းကိုမရေးခဲ့ပါဘူး။ ဒီနှစ်ထဲမှာ ကျောက်ဆည်ကအရေးပိုင်ဖြစ် လာတဲ့အတွက် အများဆုံးဆက်ဆံရတဲ့ လူတန်းစားပြောင်းလဲသွားတာလည်း အကြောင်းတစ်ကြောင်းလို့ခန့်မှန်းမိပါတယ်။သတိပြုစရာကတော့ ဒီနှစ်ကစပြီး သုံးနှစ်တိုင်အောင်မောင်လှအေးနဲ့သူ့ဇနီးခင်သန်းမြင့် မွေးထားတဲ့ခွေးအကြောင်း ကို ထပ်ခါထပ်ခါ ရေးထားပါတယ်။ ကျွန်မသိသလောက် ချင်းခွေးအာမိတ်နဲ့ လွေဇောတို့ ပထမဦးဆုံးရေးထားတာ ၁၉၃၆ခုနှစ်က 'ကြီးပွားရေးမဂ္ဂဇင်း၊ မေလထဲမှာထည့်ထားတဲ့'လက်ဖက်ရည်ကြမ်း'ပုံပြင်ဖြစ်ပါတယ်။ ဒီပုံပြင် ထဲမှာ ချင်းတောင်ကယူလာတာ သိပ်မကြာသေးတဲ့ ခွေးကလေးအာမိတ်နဲ့ လွေဇောအကြောင်းကို စာတိုတိုနဲ့ မိတ်ဆက်ထားပါတယ်။ သူတို့အကြောင်းကို အဓိကဖော်ပြထားတဲ့ပုံပြင်တွေကို သိပ္ပံမောင်ဝ သူ့ခေတ်မှာ (၈)ပုဒ်ထုတ်ပြ ခဲ့တာ အခုလိုတွေ့ရပါတယ်။

(၁) သင်းတို့နှစ်ကောင် ('ဂန္ထလောက' ၁၉၃၆ခုနှစ်၊နိုဝင်ဘာလ)

(၂) အချစ်မီး ('ဂန္ထလောက' ၁၉၃၆ခုနှစ်၊ ဒီဇင်ဘာလ)

www.burmeseclassic.com



(၃) သောက (ʻဂန္ထလောကʼ ၁၉၃၇ခုနှစ်၊ ဧပြီလ)
(၄) ငါးပွင့်ဆိုင် (ʻဂန္ထလောကʼ ၁၉၃၇ခုနှစ်၊ မေလ)
(၅) ကလေးတို့အဖေ (ʻဂန္ထလောကʼ ၁၉၃၈ခုနှစ်၊ ဧပြီလ)
(၆) အနိစ္စ (ʻဂန္ထလောကʼ ၁၉၃၈ခုနှစ်၊ မေလ)
(၇) ခွဲခွာရေး (ʻဂန္ထလောကʼ ၁၉၃၈ခုနှစ်၊ ဇွန်လ)
(၈) အာမိတ် (ʻဂန္ထလောကʼ ၁၉၃၉ခုနှစ်၊ စက်တင်ဘာလ)

ʻသင်းတို့နှစ်ကောင်ʼမှာ အာမိတ်နဲ့လွှဲဇောတို့ရဲ့ အချင်းချင်းဆန့်ကျင်တဲ့စရိုက်အကြောင်း၊ ʻအချစ်မီးʼ မှာ သခင်မောင်လူအေးနဲ့ ခင်သန်းမြင့်တို့ သဘောအတိုင်းဖြစ်မလာဘဲနဲ့ အသီးသီး ရည်းစားထားတဲ့အာမိတ်နဲ့လွှဲဇောတို့အကြောင်း၊ ʻသောကʼမှာ အာမိတ်နဲ့လွှဲဇော အချင်းချင်းချစ်လာကြတဲ့အခါမှာ လွှဲဇောအချစ်ကိုဆုံးရှုံးသွားတဲ့ခွေးနက်ကြီးအကြောင်း၊ ʻငါးပွင့်ဆိုင်ʼမှာ အာမိတ်နဲ့လွှဲဇောတို့ ကလေးတွေပေါက်ဖွားလာတော့ ခွေးနက်ကလေးပါလာတဲ့ဆန်းကြယ်ပုံကိုရေးထားပါတယ်။ ʻကလေးတို့အဖေʼမှာ ကလေးတွေကို ဂရုမစိုက်တဲ့လွှဲဇောအစား ကလေးထိန်းတဲ့အာမိတ်ရဲ့ကြိုးစားပုံ၊ ʻအနိစ္စʼ မှာ ကြောက်တတ်ခဲ့တဲ့အာမိတ်က ခွေးနက်ကြီးကိုတိုက်ခိုက်သွားပုံ၊ ʻခွဲခွာရေးʼ မှာ မောင်လူအေး ရွှေဘိုပြောင်းသွားရတဲ့အတွက် ခွေးတချို့ကိုထားခဲ့ရတဲ့အကြောင်းရေးထားပါတယ်၊ ʻအာမိတ်ʼမှာ မောင်လူအေးက သားမောင်လူမွှေးကိုဆေးကုနေတုန်း အာမိတ်မကျန်းမမာဖြစ်နေတာကို ဂရုမစိုက်မိလို့ အာမိတ်သေသွားပုံကိုရေးသားထားပါတယ်။ သိပ္ပံမောင်ဝဟာ ခွေးပုံပြင်တွေကို ʻအာမိတ်ʼနဲ့ပဲအဆုံးသတ်လိုက်ပါတယ်။

သိပ္ပံမောင်ဝ ဒီခွေးပုံပြင်တွေကို ထုတ်ပြနေတုန်း ခေတ်စမ်းစာပေကို မနှစ်သက်တဲ့အုပ်စုတချို့က ʻခေတ်စမ်းစာပေʼဆိုတာ ခွေးသတ္တဝါအကြောင်းကို လျှောက်ရေးတဲ့စာပေဆိုပြီး ဝေဖန်တာကို ကျွန်မတွေ့ရဖူးပါတယ်။ ဒါပေမယ့် အဲဒီခေတ်က စာဖတ်ပရိသတ်တွေ ဒီပုံပြင်တွေကိုသိပ်သဘောကျပြီး အာမိတ်နဲ့ လွှဲဇောတို့ဟာလည်း ရုပ်ရှင်မင်းသား၊ မင်းသမီးများလိုပဲ နာမည်ကျော်သွားကြပါတယ်။

သိပ္ပံမောင်ဝ ဒီပုံပြင်တွေကိုရေးရင်းနဲ့ ဘာကိုစဉ်းစားနေသလဲ၊ အဲဒီခေတ်ကလူတွေကလည်း ဘာဖြစ်လို့ဒီပုံပြင်တွေကိုသဘောကျသွား

www.burmeseclassic.com



ပါသလဲ။ ဒီပုံပြင်တွေထဲမှာ မောင်လူအေးနဲ့ခင်သန်းမြင့်တို့ဟာ ရှေးဆန်တဲ့ ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတာကို တွေ့ရပါတယ်။ 'အချစ်မီး' ပုံပြင်ထဲကနည်းနည်းကောက်နုတ်ကြည့်ပါဦးမယ်။

*-- အာမိတ်၊ လွှဲဇာတို့ကား ခေတ်သမားများဖြစ်ကြကုန်၏။ လူကြီးများသဘောတူသည်ကို အလိုမရှိ၊ မိမိတို့ချစ်သူနှင့်သာအတူနေချင်ကြလေသည်။ ကမ္ဘာလောကကြီးအတွင်းတွင် ရှေးသမားနှင့် ခေတ်သမားသဘောမတူနိုင်ကြချေ။ ခေတ်သမားက ကောင်းသည်ထင်သောအရာကို ရှေးဟောင်းတို့က သဘောမကျနိုင်။ ရှေးဟောင်းတို့သဘောကျသောအရာကို ခေတ်သမားတို့ကနှာခေါင်းရှုံ့ကြကုန်၏။ ခေတ်သမားများ အရွယ်လွန်၍ ရှေးဟောင်းများဖြစ်လာလျှင် သူတို့ထက်ခေတ်ဆန်သူတို့က သူတို့၏အထင်အမြင်ကို မနှစ်သက်နိုင်ဖြစ်ကြပြန်၏။ ဤနည်းအတိုင်းသာလျှင် ကမ္ဘာလောကကြီးအတွင်း ဆူဆူညံညံ တကျက်ကျက်ဖြစ်ခဲ့လေသတည်း။ ယခုလည်းဖြစ်ဆဲ နောင်လည်းဖြစ်မည်ပင်။*

ချစ်စရာကောင်း၊ ရယ်စရာလည်းကောင်း၊ တစ်ခါတလေ ဝမ်းနည်းစရာလည်းကောင်း!တဲ့ ခွေးတွေရဲ့ဇာတ်လမ်းကိုရေးရင်းနဲ့ သိပ္ပံမောင်ဝဟာဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ 'အမြဲမရှိ' ဆိုတဲ့ လောကသဘောကို ထပ်မံခံစားနေပုံရပါတယ်။ ခေတ်ကာလပြောင်းလဲတဲ့အရှိန်တက်သွားပြီး မြန်မာပြည်လွတ်လပ်ရေးရတော့မယ့် အင်္ဂလိပ်အစိုးရဝန်ထမ်းတစ်ဦးဖြစ်တဲ့ သူ့နောင်ရေးကိုလည်း မြင်နေရဟန်တူပါတယ်။ ခေတ်ကာလအပြောင်းအလဲလှိုင်းကြီးထဲမှာ ဘယ်သူမှ ကိုယ့်နောင်ရေးကို မမြင်တတ်ကြတဲ့အချိန်မျိုးမှာ မောင်လူအေးရဲ့ ခံစားချက်ဟာ စာဖတ်ပရိသတ်တွေက ခွေးဇာတ်လမ်းတွေကို သဘောကျသွားတယ်လို့ဆိုနိုင်ပါတယ်။

၁၉၃၈ခုနှစ်နောက်မှာ ပြောင်းသွားတာ နိုင်ငံရေးအခြေအနေသာ မကပါဘူး၊ စာပေအခြေအနေလည်း ပြောင်းစပြုလာတာကိုတွေ့ရပါတယ်။ 'နဂါးနီစာပေ' ဟာလည်း စာဖတ်ပရိသတ်ကိုဆွဲဆောင်လာပြီး စာပေနယ်မှာလည်း သိပ္ပံမောင်ဝဟာ သူ့ကဏ္ဍာကျဉ်းလာမှာကို ခံစားနေပုံရပါတယ်။ 'မောင်လူအေးစာစဉ်' ပုံပြင်လည်း ဒီခေတ်မှာရေးထားတဲ့ပုံပြင်တချို့ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝအကြံ့ထုတ်ဖို့ အခက်အခဲနဲ့ကြုံခဲ့တဲ့ပုံကိုတွေ့ရပါတယ်။ ဒါပေမယ့် သိပ္ပံမောင်ဝမှာ စာရေးဖို့သတ္တိဘယ်တော့မှလျော့မသွားပါဘူး။

၁၉၄၀ပြည့်နှစ်မှာ 'နိုက်နိုက်ချွတ်ချွတ်' ကို ရေးထုတ်လိုက်ပြီးတဲ့နောက် မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးထဲမှာပါသွားပါတယ်။ သိပ္ပံမောင်ဝဟာ ဇာတ်လိုက်မောင်လူအေးကိုဘေးဖယ်ပြီး စစ်ဒဏ်ကိုခံနေရတဲ့ရက်တွေထဲမှာ 'စစ်အတွင်းနေ့စဉ်မှတ်တမ်း' ကို စရေးခဲ့ပါတယ်။ ဒါပေမယ့် အများပြည်သူတွေသိကြတဲ့အတိုင်း သိပ္ပံမောင်ဝဟာ စစ်အတွင်းမှာကွယ်လွန်သွားခဲ့ပြီး အဲဒီနေ့စဉ်မှတ်တမ်းဟာလဲ ရေးရင်းတန်းလန်းနဲ့ပဲပြီးဆုံးသွားခဲ့ရပါတယ်။

'မောင်လူအေးစာစဉ်' ဟာ ခေတ်အရိပ်ကိုထင်ဟပ်တဲ့ လူအမျိုးမျိုး၊ ဘဝရဲ့ဖြစ်စဉ်အဖုံဖုံကို စေ့စေ့စပ်စပ်ဖွဲ့ဆိုထားတဲ့စာမျိုးအနေနဲ့ တန်ဖိုးအများကြီးရှိပါတယ်။ ဒီ့အပြင် ၁၉၃၀ပြည့်နှစ်မှ ၁၉၄၁ခုနှစ်အထိ ၁၁နှစ်ကာလက 'မောင်လူအေး' ဆိုတဲ့ မြန်မာတစ်ယောက်ရဲ့ဘဝပတ်ဝန်းကျင်စာပေလို့လည်း လက်ခံနိုင်ပါတယ်။ သိပ္ပံမောင်ဝဟာ သူ့ကိုယ်ခွဲမောင်လူအေးကို ရှုထောင့်အမျိုးမျိုးကကြည့်ပြီး ကပြနိုင်းရင်းနဲ့ အဲဒီခေတ် အပြောင်းအလဲလောကစံအောက်မှာ သူကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရတဲ့ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတွေကို ရိုးရိုးစင်းစင်းလေးဖော်ပြခဲ့ပါတယ်။ ဖွဲ့ထားတဲ့မောင်လူအေးရဲ့ခံစားချက်ဟာ အဲဒီခေတ်ကစာဖတ်ပရိသတ်တွေရဲ့ခံစားချက်ကိုလည်း ကိုယ်စားပြုခဲ့တဲ့အတွက် စာဖတ်ပရိသတ်တွေချစ်မြတ်နိုးခဲ့ခြင်းဖြစ်ပါတယ်။ ပြီးတော့ ခေတ်ကာလထပ်မံပြောင်းသွားပေမယ့် အခုထိ 'မောင်လူအေးစာစဉ်' ပုံပြင်ကိုချစ်မြတ်နိုးတဲ့လူတွေများလာနေတဲ့အကြောင်းရင်းကတော့ သိပ္ပံမောင်ဝဟာ လူ့ဘဝရဲ့အစစ်အမှန်အကြောင်းတရားကို တင်ပြနိုင်ခဲ့တဲ့အတွက် ယခုအချိန်အထိ သူ့စာပေတွေဟာ မတိမ်ကောဘဲ ဆက်လက်ရှင်သန်နေဆဲဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ သိပ္ပံမောင်ဝဟာ 'မောင်လူအေးစာစဉ်' နဲ့ သူ့ဘဝကို စာပေအနုပညာတစ်ရပ် ဖြစ်မြောက်လာတဲ့အထိ မြှင့်တင်နိုင်ခဲ့တယ်လို့လည်းဆိုနိုင်ပါတယ်။

နောင်မှာလည်း လူသားတွေရဲ့နေ့စဉ်ဘဝထဲမှာ တွေ့ရှိနေရတဲ့အစစ်

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားများကို ထုတ်ပြခဲ့တဲ့သိပ္ပံမောင်ဝရဲ့ဝတ္ထုဆောင်းပါးတွေကို လက်ဆင့်ကမ်း ဆက်လက်ဖတ်ရှုသွားကြမယ့် စာဖတ်ပရိသတ်တိုးပွားလာကြပါစေ၊ လူမျိုး၊ ဘာသာစကား၊ နိုင်ငံနဲ့တိုက်ရိုက်မသက်ဆိုင်ပေမယ့်၊ သိပ္ပံမောင်ဝရဲ့စာပေတန်ဖိုးကို နားလည်အသိအမှတ်ပြုတတ်တဲ့ စာဖတ်ပရိသတ်တွေ ရှိနိုင်ကြပါစေလို့ဆုမွန်ပြုရင်း ကျွန်မရဲ့စာတမ်းကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကိုအထူးကျေးဇူးတင်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း


၁။ ဇော်ဂျီ၊ **ရသစာပေအဖွင့်နှင့်နိဒါန်း**။ ရန်ကုန်၊ ချင်းတွင်းစာပေ တိုက်၊ ၁၉၇၆။

၂။ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ။ **မြန်မာမှု** ပထမတွဲ။ ရန်ကုန်၊ ယင်းကော်မတီ၊ ၁၉၇၅။

၃။ တင်ရွှေ၊ မောင်။ **ခေတ်စမ်းပုံပြင်များ**။ ရန်ကုန်၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၆၉။ (မဟာဝိဇ္ဇာဘွဲ့ကျမ်း)။

၄။ ပီမိုးနင်းအထိမ်းအမှတ်ဖြစ်မြောက်ရေး ဗဟိုကော်မတီ။ **ပီမိုးနင်း၏ ဘဝနှင့်စာပေ**။ ရန်ကုန်သတင်းဂျာနယ်ပုံနှိပ်တိုက်၊ ၁၉၇၃။

၅။ ဖေမောင်တင်၊ ဦး။ **မြန်မာစာပေသမိုင်း**။ ရန်ကုန်၊ စပယ်ဦး စာပေဖြန့်ချိရေး၊ ၁၉၈၇။

၆။ မိုးကြည်၊ (မေမြို့)။ **မြန်မာစာပေတိုက်ပွဲများ**။ ရန်ကုန်၊ ဆန်းသစ် စာပေ၊ ၁၉၆၉။

၇။ မောင်မောင်၊ ဒေါက်တာ။ **မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း**။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉။

၈။ မြင့်ကြိုင်၊ မောင်။ **သိပ္ပံမောင်ဝစာစုစာရင်း**။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ၁၉၇၅။ (စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့ကျမ်း)

၉။ **ရန်ကုန်တက္ကသိုလ်နှစ်ငါးဆယ် (၁၉၂၀-၁၉၇၀)**။ ရန်ကုန်၊တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၊ ၁၉၇၀။

၁၀။ သိန်းဖေမြင့်။ **တိုက်ပွဲဝင်စာများ**။ ရန်ကုန်၊ ယမုံနာစာပေ၊ ၁၉၆

၁၁။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊မင်းသုဝဏ်၊ သုံးပွင့်ဆိုင်ခေတ်စမ်းစာပေ။ ရန်ကုန်၊ ရှုမဝတိုက်၊ ၁၉၆၂။


www.burmeseclassic.com

www.burmeseclassic.com



၁၂။ သိပ္ပံမောင်ဝ။ **ခေတ်စမ်းရာဇဝင်ရေးများ။** ရန်ကုန်၊ ကြေးမုံ စာပေဖြန့်ချီရေး၊ ၁၉၅၅။
၁၃။ သိပ္ပံမောင်ဝ။ **ဝတ္ထုဆောင်းပါးများ။** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၅။
၁၄။ သိပ္ပံမောင်ဝ။ **ဂန္ထဝင်လေးအုပ်။** ရန်ကုန်၊ အလိမ္မာစာပေ၊ ၁၉၆၅။
၁၅။ သိပ္ပံမောင်ဝ။ **ခေတ်စမ်းစာပေအထွေထွေ။** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆။
၁၆။ သိပ္ပံမောင်ဝ။ **စစ်အတွင်းနေ့စဉ်မှတ်တမ်း။** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆။
၁၇။ သိပ္ပံမောင်ဝ။ **စာ။** ရန်ကုန်၊ စာနယ်မြေစာပေ၊ ၁၉၆၆။
၁၈။ သိပ္ပံမောင်ဝ။ **အောက်စဖို့ဒ်တက္ကသိုလ်၊ ခရီးသွားမှတ်တမ်း။** ရန်ကုန်၊ ယမုံနာစာပေ၊ ၁၉၆၆။
၁၉။ သိပ္ပံမောင်ဝ။ **ခေတ်စမ်းပုံပြင်များ၊** ပ၊ ဒု၊ နှစ်တွဲပေါင်း။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၆။
၂၀။ သိပ္ပံမောင်ဝ။ **စာပေယဉ်ကျေးမှု။** မန္တလေး၊ လူထုစာအုပ်တိုက်၊ ၁၉၇၆။
၂၁။ မြင့်ကြိုင်၊ ဦး (အမျိုးသားစာကြည့်တိုက်)။ **သိပ္ပံမောင်ဝနှင့်သူ၏စာစု၊** ရန်ကုန်၊ ဝါမိုးအောင်စာပေ။ ၁၉၉၅။

www.burmeseclassic.com

www.burmeseclassic.com

## Ms. Yuri Takahashi (ဒေါ်ယုယုလွင်)
## သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါးများနှင့်ကျွန်မ၏အမြင်

**ဆွေးနွေးမေးမြန်းသူများ။** ၁။ ဝင်းတင့်ဦး(ကြံခင်း) ၂။ မစောကြည်(Zhao Jin) ၃။ ဖြိုးထိန် ၄။ ရွှေကျွန်းတင်ဇော်သိဏ်း ၅။ မောင်မိုးကျော်သူ ၆။ မောင်အောင်နီဦး ၇။ မောင်အောင်မင်းနိုင် ၈။ ရွှေတိုင်မြတ်ကို ၉။ ဦးထွန်းအောင်ကျော် (လ/ထ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၁၀။ ရွှေဘိုသက်နှင်း

**ဆွေးနွေးမေးမြန်းချက်များ ...**

၁။ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများကို လေ့လာတင်ပြသွားသော စာတမ်းကိုနှစ်သက်ပါသည်။ ဤစာတမ်းပြုစုရန် အချိန်မည်မျှကြာအောင် ရေးသားခဲ့ရပါသနည်း။ သိပ္ပံမောင်ဝ၏ဘဝသရုပ်ဖော် ဝတ္ထုဆောင်းပါးများကို အခြားဘာသာ(ဥပမာ ဂျပန်၊ အင်္ဂလိပ်... စသည်ဖြင့်)တို့ဖြင့် ပြန်ဆိုရေးသားရန် အစီအစဉ်ရှိမရှိသိလိုပါသည်။ နိုင်ငံခြားသူတစ်ဦးဖြစ်သော်လည်း သိပ္ပံမောင်ဝစာပေများကို မြတ်နိုးစွာလေ့လာသဖြင့် ကျေးဇူးတင်ဝမ်းသာပါသည်။ ယခုဖတ်ကြားသောစာတမ်းကို ဂျပန်ပြည်တွင် ပြန်လည်ထုတ်ဝေရန်ဆန္ဒနှင့် အစီအစဉ်ရှိမရှိသိလိုပါသည်။ ထိုသို့လေ့လာခဲ့သဖြင့် မြန်မာကျေးလက်လူထု

www.burmeseclassic.com



အပေါ် မည်သို့ထင်မြင်သုံးသပ်ခံစားမိပါသနည်း။

၂။ နိုင်ငံခြားသူတစ်ယောက်အနေနဲ့ မြန်မာဘာသာစကားကို စတင်လေ့လာရာမှာ တွေ့ကြုံရတဲ့အခက်ခဲဆုံးအခြေအနေကို သိပါရစေရှင်။ ဆိုလိုတာက အသံနေအသံထားလား၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုလား။ သိပါရစေရှင်။

၃။ ကျွန်တော်တို့ကျောင်းမှာသင်တန်းက သိပ္ပံမောင်ဝ၏ ဆောင်းပါးဝတ္ထုများဆိုပြီး သင်ကြားရပါတယ်။ အခု ပုံပြင်များ၊ တစ်ခါ ဆောင်းပါးများ၊ နောက် ဝတ္ထုဆောင်းပါးများ၊တစ်ဖန် ကိုယ်ရေးအတ္ထုပ္ပတ္တိရယ်လို့ ဝေဖန်သုံးသပ်သွားပါတယ်။ ဒါ့ကြောင့် ဆရာကြီးရဲ့စာပေအမျိုးအစားကို ထပ်မံရှင်းလင်းအောင် ဝတ္ထုလား၊ဆောင်းပါးလား၊ ပုံပြင်လား၊ ဖွင့်ဆိုရှင်းပြပေးပါခင်ဗျား .....။

၄။ သိပ္ပံမောင်ဝ၏စာပေများကို လေ့လာမှတ်တမ်းရေးခဲ့သည်ကို အလွန်ဝမ်းမြောက်ပါသည်။ သိပ္ပံမောင်ဝ၏နေအိမ်ခြံအတွင်းနေထိုင်ခဲ့သည်မှာ မည်ကဲ့သို့ခံစားရပါသနည်း။

၅။ ဆရာကြီးသိပ္ပံမောင်ဝ၏အိမ်ဟောင်းတွင် နေထိုင်ခဲ့သောကာလနှင့် ထိုစဉ်က ဒေါ်ယုယုလွင်၏အလုပ်အကိုင်။

၆။ စာတမ်းရှင်သည် သိပ္ပံမောင်ဝ၏စာတချို့ကို Sketch များကဲ့သို့ ဖြစ်သည်ဟုဆိုပါသည်။ Essay ပုံစံတချို့လည်းပါရှိသည်ဟု ကျွန်တော်ထင်ပါသည်။ မှန်ပါသလား။

၇။ သုတေသနပြုမှုကို လေးစားဂုဏ်ယူမိပါသည်။ စာတမ်းရှင်တို့၏ဂျပန်နိုင်ငံတွင် သိပ္ပံမောင်ဝကဲ့သို့သော စာရေးဆရာကြီးမျိုးပေါ်ပေါက်ခဲ့ဖူးပါသလား။

၈။ ဆရာမစာတမ်းမှာ ဆရာကြီးကွယ်လွန်နေ့ရက်ကိုပါ ဖော်ပြစေလိုပါသည်။ ဆရာကြီးသိပ္ပံမောင်ဝသည် ၁၉၄၂ခုနှစ်၊ ဇွန်လ(၆)ရက်နေ့ အရုဏ်တက်အချိန်တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့ အရှေ့ဘက်(၁၀)မိုင်အကွာ ... ရွာ လူဆိုး၊ ဓားပြတို့ရဲ့လက်ချက်ဖြင့် ကွယ်လွန်ခဲ့တယ်လို့ မှတ်သားမိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မည်သည့်လက်နက်ဖြင့်ရိုက်နှက်သတ်ဖြတ်ခြင်းခံရတာလား။ ပစ်သတ်ခံရတာလား၊ ကွယ်လွန်တဲ့နေ့ရက်ကောမှန်ကန်မှုရှိသလားခင်ဗျား။ ကွယ်လွန်နေ့ရက်မှာ ဇွန်(၆)ရက် မှန်ကန်မှုရှိပါသလားခင်ဗျား။

၉။ စာရေးဆရာကြီးသိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများအပေါ် ဆရာမ၏ အမြင်မှာ သိပ္ပံမောင်ဝအား စာဖတ်ပရိသတ်က အဘယ့်ကြောင့်နှစ်သက်သဘောကျရကြောင်း အသေးစိတ်ဖော်ပြသဖြင့် ချီးကျူးရင်းကျေးဇူးတင်ပါသည်။

၁၀။ ဒေါ်ယုယုလွင်သည် ဂျပန်ပညာရှင်၊ ဂျပန်လူမျိုးတစ်ဦးက မြန်မာစာနှင့် စကားရပ်များကို ယဉ်ကျေးသိမ်မွေ့စွာ ပီပီပြင်ပြင်တင်ပြနိုင်စွမ်းရှိ၍ လွန်စွာဂုဏ်ယူချီးကျူးဂုဏ်ပြုပါသည်။

အကယ်၍များ မြန်မာအမျိုးသမီးတစ်ဦး၏ မြန်မာဝတ်စုံကလေးနှင့်များ တွေ့လိုက်ရမယ်ဆိုလျှင် ဘယ်လောက်သင့်လျော်လိုက်မလဲလို့လည်း စိတ်ထဲမှာခံစားမိပါသည်။ နောက်စာတမ်းဖတ်ပွဲများနှင့်ကြုံလျှင် မြန်မာ့အမျိုးသမီးလေးတစ်ဦး၏ဝတ်စုံဖြင့်မြင်လိုတွေ့လိုပါသည်။ ပရိသတ်ကလည်း မျှော်လင့်နေပါသည်။ ငါးမည်ရ ရွှေဘိုမြို့ကိုရောက်ခဲ့သည်ကြားရလို့ များစွာကျေနပ်မိပါသည်။ မြန်မာ့လွတ်လပ်ရေးကိုဦးတည်ခဲ့သည့် ကျွန်တော်တို့အလောင်းဘုရားမျိုးရိုးဗီဇ၊ မြန်မာ့ဇာတိဂုဏ်၊ ဇာတိသွေးမျိုးစေ့ချမှတ်ပေးခဲ့သော ရွှေဘိုမြို့ကို နောင်အချိန်အခါတွင် တစ်ကြိမ်ပြန်လည်ပြီးသွားရောက်နိုင်ခဲ့လျှင် ဘယ်လောက်ကောင်းလိမ့်မလဲလို့လည်းထင်မိပါတယ်။ ဖြစ်နိုင်ရင် သိပ္ပံမောင်ဝ၏အုတ်ဂူလေးမှာ သွားရောက်ပြီး ဂါရဝပြုရင်း ပို၍မှတ်တမ်းပြုစုနိုင်မည်လို့ ထင်မြင်မိပါသည်။ ကျန်းမာပါစေ။

**စာတမ်းရှင်၏ပြန်ကြားချက်များ ...**

၁။ 'သိပ္ပံမောင်ဝနှင့် သူ၏စာပေများကို လေ့လာသုံးသပ်ချက်' မဟာဘွဲ့ကျမ်းအတွက် တိုကျို နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် သုံးနှစ်လေ့လာဆည်းပူးခဲ့ရပါသည်။ ဤစာတမ်းသည် ထိုကျမ်း၏ တစ်စိတ်တစ်ဒေသ

www.burmeseclassic.com



သဘောမျိုးဖြစ်ပါသည်။ အချို့ကို ဂျပန်ဘာသာသို့ ပြန်ဆိုခဲ့ပြီးဖြစ်ပါသည်။ (ဥပမာ-တစ်ရာ့တစ်ဆယ်၊ ဆက်လက်ပြန်ဆိုပါမည်)။ သိပ္ပံမောင်ဝခေတ် ကျေးလက်လူထုနှင့်ယနေ့ကျေးလက်လူထုတို့မှာ ခေတ်ကာလမတူပါ။ မြန်မာ့ ကျေးလက်လူထုတို့မှာ မြန်မာမှု၊ မြန်မာ့ဓလေ့တို့ကို မြတ်နိုးစွာထိန်းသိမ်း တတ်တာကတော့ဂုဏ်ယူနိုင်စရာပါ။

၂။ ဖြေစရာမလိုပါ။

၃။ သိပ္ပံမောင်ဝမှာ စာပေဆောင်းပါးသက်သက်၊ ဝတ္ထုဆောင်းပါးခေါ်တဲ့ မောင်လူအေးဇာတ်ဆောင်ပါ (မပါတာလည်းရှိသည်) ဝတ္ထုဆောင်းပါးမျိုးက သီးသန့်ပါ။

ဆရာကြီးဦးဖေမောင်တင်တို့က ၁၉၃၄ခုမှာ ခေတ်စမ်းပုံပြင်လို့ ခေါ်စေ ချင်ပေမယ့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့က ဆောင်းပါးလည်းမကျ၊ ဝတ္ထုလည်းမကျ ဝတ္ထုဆောင်းပါး (Sketch) ဆိုပြီး နာမည်ပေးထားခဲ့လို့ ဝတ္ထုဆောင်းပါးဆိုပြီး ၁၉၆၁ခုနှစ်ကတည်းက ကျောင်းသုံးပြဋ္ဌာန်းခဲ့ဖူးပါ သည်။ သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးတိုင်းသူ့ကိုယ်ရေးအတ္ထုပ္ပတ္တိမဟုတ်ပါ။

၄။ သိပ္ပံမောင်ဝနေခဲ့ဖူးသောအိမ်ခြံဟုသိရှိကတည်းက 'သိပ္ပံမောင်ဝစာများ ထို ငါဆက်လုပ်ရန် ငါ့ကိုသိပ္ပံမောင်ဝကိုယ်တိုင် တိုက်တွန်းနေပါသလား'ဟု ခံစားမိတာတော့အမှန်ပါ။ အဲဒီခံစားတိုက်တွန်းချက်တွေနှင့် ယခုလိုစာတမ်း ဖတ်ကြားတင်ပြခြင်း၊ Ph.D ဘွဲ့အတွက် ဆက်လက်လေ့လာလုပ်ဆောင်ရမှာ ဖြစ်ခြင်းဖြစ်ပါသည်။

၅။ ဖြေစရာမလိုပါ။

၆။ ဖြေစရာမလိုပါ။

၇။ ဂျပန်နိုင်ငံ Meiji ခေတ် ၁၉ရာစုနှောက်ပိုင်းမှ ၂၀ရာစုအစပိုင်းက စာရေး ဆရာကြီး Soseki Natsume ဆိုတာ သိပ္ပံမောင်ဝလိုမျိုးပေါ်ပေါက်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်ပါတယ်။

၈။ ဖွန်လ(၆)ရက်နေ့ နံနက်မှာ သေနတ်နှင့်ပစ်သတ်ခံရပြီး ကွယ်လွန်ခဲ့သည်မှာမှန်ပါသည်။

၉။ ဖြေစရာမလိုပါ။

၁၀။ ဖြေစရာမလိုပါ။

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝနှင့်ပြည်သူ့ဝန်ထမ်းစာရေးဆရာ
## စာတမ်းရှင် အောင်စိုးဦး၏ကိုယ်ရေးမှတ်တမ်းအကျဉ်း



အမည်ရင်း ဦးအောင်စိုး။ ၁၉၄၈ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အဖ ဦးအုံးကြို၊ အမိ ဒေါ်စန်းကြည်တို့မှ ပုသိမ်မြို့တွင် မွေးဖွားခဲ့၊ အိမ်မဲမြို့တွင် ကြီးပြင်းခဲ့ရသည်။ ဝိဇ္ဇာ(မြန်မာစာ)အဓိကနှင့် မှတ်ပုံတင်ရှေ့နေစာမေးပွဲများ အောင်မြင်ခဲ့သည်။ တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် အောင်စိုးဦးကလောင်အမည်နှင့် လုံးချင်းဝတ္ထုရှည်များ ရေးသားကာ စာရေးဆရာအဖြစ် အသက်မွေးခဲ့သည်။ ကိုအလက်ဲ ကလောင်ခွဲဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးများကို မဂ္ဂဇင်း၊ ဂျာနယ်များ၌ရေးသားလျက်ရှိသည်။

၁၉၆၇ ခုနှစ်မှစ၍ ပုသိမ်ရုပ်ရှင်တွင် လခစားဇာတ်ညွှန်းရေးဆရာအဖြစ် ရုပ်ရှင်ဇာတ်ညွှန်းများရေးသားခဲ့သည်။ 'သကြိန်မိုး' ရုပ်ရှင်ဇာတ်ညွှန်းအပါအဝင် ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၂၀ကျော်၊ ဗီဒီယိုဇာတ်ညွှန်းပေါင်း ၅၀ကျော်ရေးသားခဲ့သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို စတင်ဖွဲ့စည်းရာ၌ အမှုဆောင်လူကြီးအဖြစ်ပါဝင်ခဲ့ပြီး ပြန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ဇာတ်ညွှန်းအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူထမ်းဆောင်ခဲ့သည်။

ဗီဒီယိုရုပ်ရှင်ဇာတ်ကားများကို ၁၉၉၀ ခုနှစ်မှ စတင်၍ ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့ရာ ဗီဒီယိုကားပေါင်း ၃၀ကျော် ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့ပြီးဖြစ်သည်။ စာပေဗိမာန်ဆုနှင့် အမျိုးသားစာပေဆုရ စာရေးဆရာမမြသန္တာ၏ 'နော်ရင်မွေး' ဝတ္ထုကို အလင်္ကာရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်ပြီး ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့သည်။ ပီမိုးနင်း နှစ်တစ်ရာပြည့်ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သော 'ယောက်ျားအမှန်' အပါအဝင် ရုပ်မြင်သံကြားဇာတ်လမ်းပေါင်း ၂၀ကျော်ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှနေ၍ ဒါရိုက်တာအဖြစ်ရိုက်ကူးတင်ဆက်ခဲ့သည်။

၁၉၆၈နှစ် မြန်မာစာအဓိကကျောင်းသားဘဝမှ စတင်၍ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာနကကျင်းပသည့် 'ရှင်မဟာရဋ္ဌသာရ' နှစ်ငါးရာပြည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် 'လူငယ်စာဆိုရှင်မဟာရဋ္ဌသာရ' စာတမ်းတင်သွင်းဖတ်ကြားခဲ့သည်။ ၁၉၈၅ခုနှစ်တွင် မရမ်းကုန်းမြို့နယ်စာပေလုပ်သားအဖွဲ့၏စီစဉ်မှုနှင့် 'မြန်မာ့ရုပ်ရှင်ဇာတ်ညွှန်း' စာတမ်းဖတ်ကြားခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ဇာတ်ညွှန်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဇာတ်ညွှန်းရေးဆရာများစုစည်း၍ 'ဇာတ်ညွှန်းစာတမ်းဖတ်ပွဲ'ကို ရုပ်ရှင်အစည်းအရုံး၌ ကြီးမှူးကျင်းပခဲ့သည်။

ရွှေမြန်မာဂျာနယ်၊ ရွှေပြည်တန်ဂျာနယ်တို့တွင် စာတည်းချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝနှင့်ပြည်သူ့ဝန်ထမ်းစာရေးဆရာ

ယခုကျွန်တော်ဖတ်ကြားတင်သွင်းမည့်စာတမ်း၏အမည်မှာ သိပ္ပံမောင်ဝနှင့် ပြည်သူ့ဝန်ထမ်းစာရေးဆရာဖြစ်ပါသည်။

သို့ဖြစ်၍ ပထမဦးစွာ **'ပြည်သူ့ဝန်ထမ်း'** ဟူသော အကြောင်းအရာကို တင်ပြပါမည်။

**ပြည်သူ့ဝန်ထမ်း**

**'ပြည်သူ့ဝန်ထမ်း'** နှင့် ပတ်သက်၍ MYANMAR THE PENAL CODE မြန်မာနိုင်ငံရာဇသတ်ကြီးစာအုပ် [၁] စာမျက်နှာ (၄)၌

**'ပြည်သူ့ဝန်ထမ်း'** (Public servant) ဆိုသည်မှာ အောက်ဖော်ပြပါ တစ်မျိုးမျိုးကိုဆိုလိုသည်။

| | | |
|---|---|---|
| ပထမ | - | အစိုးရပဋိညာဉ်ခံအမှုထမ်း |
| ဒုတိယ | - | နိုင်ငံတော်ကြည်း၊ ရေ၊ လေတပ် ဆိုင်ရာရေးရာပိုင် အရာရှိ |
| တတိယ | - | တရားသူကြီး |

... စသည့် **'ကဒသမ'** အချက်များ၌ ဖော်ပြထားသော သူများကို ခေါ်ပါသည်။ အပြည့်အစုံကို စာတမ်းနောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။

အများသိသောအရပ်သုံးစကားနှင့် ဖော်ပြရမည်ဆိုလျှင် ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူတို့၏တာဝန်ကိုထမ်းဆောင်ရန် အစိုးရက

---

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကန့်သတ်ထုတ်ဝေသည်။(အင်္ဂလိပ် မြန်မာနှစ်ဘာသာ)

www.burmeseclassic.com

www.burmeseclassic.com



ခန့်ထားသော အစိုးရဝန်ထမ်း၊ အစိုးရလခစား၊ မင်းမှုထမ်းများဟု အဓိပ္ပာယ်ရပါသည်။

ပြည်သူ့ဝန်ထမ်းဟူသော ဝေါဟာရအစား ယခုအခါ နိုင်ငံ့ဝန်ထမ်းများ ဟူ၍လည်း သုံးနှုန်းလေ့ရှိပါသည်။ သဘောအဓိပ္ပာယ်အတူတူပင် ဖြစ်ပါသည်။ ယခုစာတမ်း၌မူ ပြည်သူ့ဝန်ထမ်းဟူသော စကားရပ်ကိုသာ အစဉ်တစိုက်သုံးစွဲသွားမည်ဖြစ်ပါသည်။

## ပြည်သူ့ဝန်ထမ်းစာရေးဆရာ

ပြည်သူ့ဝန်ထမ်းစာရေးဆရာဆိုသည်မှာ ပြည်သူ့ဝန်ထမ်း၊ အစိုးရအမှုထမ်းစာရေးဆရာကို ဆိုလိုပါသည်။ စာရေးဆရာဟုသတ်မှတ်ရသူများကို ဆန်းစစ်ကြည့်သည့်အခါအမျိုးမျိုးကွဲပြားကြသည်ကို တွေ့ရပါသည်။

စာပေရေးသားခြင်းသက်သက်နှင့် ရပ်တည်သူ၊ အသက်မွေးသူ၊ စာရေးဆရာ။

အခြားသော ကုန်သွယ်စီးပွားအသက်မွေးမှုများနှင့်ရပ်တည်၍ စာရေးသူစာရေးဆရာ။

ပြည်သူ့ဝန်ထမ်း၊ အစိုးရအမှုထမ်း အရာထမ်းအဖြစ် လုပ်ကိုင်ရင်း စာပေရေးသားသူစာရေးဆရာ ဟူ၍ဖြစ်ပါသည်။

## သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝ

သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝကို အောက်ပါအတိုင်းလေ့လာသိရှိခဲ့ရပါသည်။

'ဘိလပ်ကပြန်လာပြီးနောက်၊ စစ်ကိုင်းမှာ အလုပ်သင်ရတယ်။ ဒီနောက် မြောင်းမြ၊ညောင်တုန်း၊ ရန်ကုန်၊ အင်းစိန်၊ စလင်း၊ ကျောက်ဆည်၊ မန္တလေး၊ရွှေဘိုမြို့များမှာ အစိုးရတာဝန်ဝတ္တရားများကို ထမ်းရတယ်။ သိပ္ပံမောင်ဝ ကြာကြာနေရတဲ့မြို့များကတော့ ညောင်တုန်း၊ ကျောက်ဆည်နဲ့ ရွှေဘိုပါပဲ။'[၁]

---

၁။ သူစာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ၊ လူထုဦးလှ၊ ကြီးပွားရေးပုံနှိပ်တိုက် (ဇူလိုင်၊၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ဝန်ထမ်း (အစိုးရလခစားဘဝ) အဖြစ်၊ မြို့အုပ်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ ဒုတိယအတွင်းဝန်စသည့်ရာထူးဌာနန္တရအမျိုးမျိုးဖြင့် စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ ဟင်္သာတ၊ ဇလွန်၊ မြောင်းမြ၊ ညောင်တုန်း၊ ရန်ကုန်(အင်းစိန်)၊ စလင်း၊ ကျောက်ဆည်၊ ရွှေဘို၊ မန္တလေးပေါင်း (၁၂)မြို့တို့၌ အမှုထမ်းခဲ့[၁]

ဝိဇ္ဇာဘွဲ့ရပြီးနောက် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းပညာကို အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်တွင်သင်ကြားခဲ့သည်။ ၁၉၂၉ခုနှစ်တွင် အင်္ဂလန်မှ ပြန်လာ၍ နိုင်ငံတော်ဝန်ထမ်းအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်သည်။ နိုင်ငံတော် အုပ်ချုပ်ရေးတာဝန်များကိုကျေပွန်စွာထမ်းဆောင်ရင်း စာပေတိုးတက်မှုကို မနားမနေဆောင်ရွက်နေခိုက်တွင် ၁၉၄၂ခုနှစ်ကာလပျက်သည့်အခါ ရွှေဘိုခရိုင် ကန့်ဘလူမြို့အနီး၊ ဂါးထားဆည်ကြီးရွာ၌ ဓားပြလူဆိုးတို့၏လက်ချက်ဖြင့် ဇွန်(၆)ရက်နေ့နံနက်လင်းအားကြီးအချိန်၌ရေတိမ်တွင်နစ်ခဲ့ရရှာလေသည်။[၂]

## သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝဆိုင်ရာမှတ်ချက်များ

စာရေးဆရာသိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝနှင့် ပတ်သက်၍ ခေတ်ပြိုင်စာရေးဆရာများ၊ သုတေသီများ၊ ပညာရှင်များ၏မှတ်ချက်အချို့ကို တင်ပြလိုပါသည်။

သိပ္ပံမောင်ဝသည် အိုင်စီအက်စ်ဘဝထက် စာရေးဆရာဘဝကသာ ပိုမိုရပ်တည်သွားနိုင်ခဲ့သည်ဟု သုံးသပ်မှုတစ်ရပ်ရှိသည်။

'မည်သို့ပင်ဆိုစေ၊ ကျွန်တော်တို့ မြန်မာစာပေလောကတွင် အိုင်စီအက်စ် ဦးစိန်တင်ဟူသည့် အမည်နာမထက်၊ မောင်လူအေးတည်းဟူသော စာတ်ဆောင်ပိုင်ရှင် စာရေးဆရာသိပ္ပံမောင်ဝအမည်နာမသည်သာ တည်ကြည်ခိုညားစွာပင် မားမားမတ်မတ် ရပ်တည်နေနိုင်သွားလိမ့်မည်ဟု မမိတ်မသုန် ယုံကြည်နေမိပါသတည်း...' ဟူ၍သိပ္ပံမောင်ဝမိသားစုလက်ရွေးစင်

---

၁။ သိပ္ပံမောင်ဝ၏ဘဝဖြစ်စဉ်အမှတ်တရများ၊ မြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)၊ အတွေးအမြင် (၁၉၈၂)

၂။ သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများ၊ စာပေဗိမာန် (ဇွန်လ၊ ၁၉၆၁)

www.burmeseclassic.com

www.burmeseclassic.com



**ဝတ္ထုတိုများ** [1] စာအုပ်တွင် မြင့်ကြိုင်(အမျိုးသားစာကြည့်တိုက်)က **မှတ်တမ်းရေးထိုးခဲ့ပါသည်။**

သိပ္ပံမောင်ဝသည် လွတ်လပ်ရေးမရမီကသော် ပြည်သူ့ဝန်ထမ်း နယ်အုပ်ချုပ်ရေးအရာရှိတစ်ဦးအဖြစ်ဖြင့် မြန်မာပြည်အောက်ပိုင်းဒေသ၊ အထက်ပိုင်းဒေသတို့၌ ပြောင်းရွှေ့လှည့်လည်၍ အမှုထမ်းခဲ့သူဖြစ်လေသည်။ အမှုထမ်းရင်း မိမိ၏အမြင်အကြား၊ အတွေ့အကြုံတို့ကိုအခြေခံပြုလျက် တစ်ခါတစ်ရံပျော်ရွှင်ဖွယ်ကောင်းသော၊ တစ်ခါတစ်ရံသနားဖွယ်ကောင်းသော၊ တစ်ခါတစ်ရံချီးကျူးဖွယ်ကောင်းသော ဝတ္ထုဆောင်းပါးများကို ရေးသားလေသည်။ ဟူ၍**စာပေဗိမာန်ထုတ်သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများစာအုပ်** [2] စာမျက်နှာ ၂၈၂၊ ခြုံငုံ၍ဆွေးနွေးခြင်းကဏ္ဍတွင် ဖော်ပြထားပါသည်။

ဆရာကြီး ဦးဖေမောင်တင်လည်း သူတည်းဖြတ်သော '**ခေတ်စမ်း ပုံပြင်များ**' [3] စာအုပ်နိဒါန်းတွင် ......

'မောင်စိန်တင်သည် ပထမတန်း မြန်မာစာဂုဏ်ထူးဖြင့် ဝိဇ္ဇာတန်းကို ၁၉၃၂ခုနှစ်တွင်အောင်မြင်၍ အစိုးရပဋိညာဉ်ခံအရာရှိတစ်ဦးအဖြစ် ထမ်းရွက်လျက်ရှိသည်။ အစိုးရအမှုထမ်းကို ထမ်းရွက်စဉ်ပင် ရံဖန်ရံခါ စာပေရေးသားလေ့ရှိသည်။'

သိပ္ပံမောင်ဝကိုယ်တိုင်သူ၏ စာပေများအပေါ် မှတ်ချက်ချခဲ့သည်ကို **'ခေတ်စမ်းပုံပြင်၊ ဒုတိယတွဲ နိဒါန်း'** [4] တွင် တွေ့ရှိခဲ့ရပါသည်။

'ဤခေတ်စမ်းပုံပြင် ဒုတိယတွဲတွင်ပါသော ပုံပြင်အားလုံးပင် မောင်လူအေး တွေ့မြင်ကြုံကြိုက်ခဲ့သော ကိုယ်တွေ့အဖြစ်အပျက်များသာဖြစ်လေသည်။ စိတ်ကူးဖြင့်ရေးသားထားသော ပုံပြင်တစ်ခုမျှမပါချေ။ သို့သော် အချို့ပုံပြင်များတွင် လူနာမည်နှင့်နေရပ်များကို လွှဲပြောင်း၍ထည့်သွင်းထားလေသည်။

အချို့သောစာဖတ်သူတို့က ဤပုံပြင်များကို ရေးသားရာ၌ရာ၊

---

၁။ သိပ္ပံမောင်ဝမိသားစုလက်ရွေးစင်ဝတ္ထုတိုများ၊ ရွှေစာပေ

၂။ သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများ၊ စာပေဗိမာန် (ဇွန်လ၊ ၁၉၆၁)

၃။ ခေတ်စမ်းပုံပြင်များ၊ ပုဂံစာအုပ်တိုက် (၁၉၇၆)

၄။ 'ခေတ်စမ်းပုံပြင်' ဒုတိယတွဲ၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း

www.burmeseclassic.com

www.burmeseclassic.com



အရပ်များကို သိချင်ကောင်းသိချင်ကြပေလိမ့်မည်။ ထိုသူတို့၏ လိုအင်ဆန္ဒကို ပြည့်ဝစေရန်ဖော်ပြပါအံ့။

စစ်ကိုင်းကူးတို့၊ အိုင်စီအက်၊ ဓားပြမှုခေါ် ပုံပြင်များကို မောင်လူအေး စစ်ကိုင်းတွင် အလုပ်သင်ဝန်ထောက်အဖြစ်နှင့်နေစဉ်က ရေးသားခဲ့လေသည်။ မအေးဖွယ်ခေါ် သောပုံပြင်မှအစ ငရဲပြည်ခေါ် ပုံပြင်အထိ ပုံပြင်များကိုကား မောင်လူအေး ညောင်တုန်းနယ်တွင် နယ်ပိုင်ဝန်ထောက်အဖြစ်အမှုထမ်းနေစဉ် ရေးသားခဲ့လေသည်။ စေတနာနှင့်တောက်တဲ့ခေါ် ပုံပြင်တို့ကိုကားမောင်လူအေး ကြေးတိုင်ဘက်တွင် အမှုထမ်းနေခိုက်ရေးသား၏။ ကျန်ပုံပြင်တို့ကား မောင်လူအေး စလင်းမြို့တွင် နယ်ပိုင်အဖြစ်အမှုထမ်းနေစဉ် ရေးသားသောပုံပြင်များ ဖြစ်လေသည်။

သိပ္ပံမောင်ဝ ၁၂၉၉၊ တပို့တွဲလဆန်း(၁)ရက်၊ ကျောက်ဆည်။

'သိပ္ပံမောင်ဝသည် ဗြိတိသျှတို့၏ နိုင်ငံဝန်ထမ်းအဖြစ် ဆောင်ရွက်နေရစေကာမူ မျိုးချစ်စိတ်ဓာတ်မပျက်သူဖြစ်သည်။ ရောက်လေရာအရပ်တိုင်း၌ တွေ့၊ မြင်၊ ကြား၊ သိသမျှတို့ကို ထိုမျိုးချစ်စိတ်အခြေခံကာရေးသား လေ့ရှိသည်။ ရောက်ရာအရပ်တိုင်း၌ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာရာဇဝင် တို့ကို စိတ်အားထက်သန်စွာလေ့လာဖော်ထုတ်လေ့ရှိသည်။ သူရေးသမျှစာ တို့၌ မျိုးချစ်စိတ်အငွေ့အသက်များ တစ်နည်းနည်းဖြင့် ပါဝင်နေတတ်ပေ သည်။[၁]

## သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများကပြောသောပြည်သူ့ဝန်ထမ်းလောက

**စည်းစိမ်**[၂]

***မောင်ဌေးအေး ဘီအေအောင်သည်မှာ အတော်ပင်ကြာလေသည်။ ဘီအေအောင်ပြီးနောက် ဝန်ထောက်အလုပ်ကို ရသောကြောင့် ဝင်ငွေလစ်မှန် လျက်နေပေ၏။ ဝတ်ရေးစားရေးအတွက် ပူပန်ရန် တစ်စုံတစ်ရာမရှိ တင်တင် တယ်တယ် နေထိုင်နိုင်သူတစ်ယောက်ဖြစ်လေသည်။***

* * * * *

၁။ ပင်ရင်းစကားပြေလက်ရွေးစင်၊ ဒဿမတန်းစာအုပ် (၁၉၈၇)

၂။ ဂန္ထလောက (၁၂၉၂၊ တန်ဆောင်မုန်းလ)

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် မောင်လူအေးသည် အထက်အညာဧရာဝတီမြစ်ကမ်းပေါ်တွင်တည်ရှိသော မြို့တစ်မြို့၌ ဝန်ထောက်အလုပ်ဖြင့် နေထိုင်လျက်ရှိ၏။ ဧရာဝတီမြစ်ဖက်သို့ မျက်နှာပြု၍ ဆောက်ထားသောအိမ်တွင် မိမိအစေခံများနှင့်အတူတူ တစ်ကိုယ်တည်းနေထိုင်လျက်ရှိပေ၏။

အစေခံဆိုရာမှာလည်း များများစားစားမရှိ။ မောင်သူနှင့်သူ၏မယားမယ်အေး၊ သမီးကလေးသန်းမေပါ သုံးယောက်သာရှိလေသည်။ မိမိသွားလေရာပါသော ကြောင်ကြီးနှစ်ကောင်၊ ကြောင်မကြီးမှ မွေးသောကလေးသုံးကောင်အပြင် အခြားအိမ်သားဟူ၍မရှိချေ။ ကြောင်ကလေးများမှာလည်း ကစားတတ်တုန်းအရွယ် နှစ်လကျော်ကျော်သာရှိကြသေး၏။

အိမ်အသုံးအဆောင်ဆို၍လည်းများစွာမရှိ၊ ပက်လက်ကုလားထိုင်တစ်လုံး၊ ရိုးရိုးကုလားထိုင်သုံးလုံး၊ စာရေးစားပွဲတစ်ခု၊ စာအုပ်တင်သောစင်ကလေးတစ်ခု၊ စာထည့်သောစာခြင်းတစ်လုံး၊ မိမိကောလိပ်နေစဉ်က မိတ်ဆွေများနှင့်ရော၍ရိုက်ထားသော ဓာတ်ပုံသုံးပုံသာ ဧည့်ခန်းထဲ၌ရှိ၏။

အိပ်ခန်းတွင်ကား အဝတ်သေတ္တာတစ်လုံး၊ ဖိနပ်များထည့်သောဗီရိုတစ်လုံး၊ ခေါက်ခုတင်တစ်လုံးနှင့် အိပ်ရာလိပ်၊ ခေါင်းအစရှိသောအသုံးအဆောင်များသာရှိ၏။ ထမင်းစားခန်းထဲတွင်ကား စားပွဲကုလားထိုင်ဟူ၍မရှိ။ သစ်တုံးကလေးတစ်တုံးပေါ်တွင် ပျဉ်ပြားတစ်ချပ်ခင်း၍ ထမင်းစား စားပွဲပြုလုပ်ကာထား၏။ ထမင်းစားသောက်သောအခါ ကြမ်းပေါ်တွင်ထိုင်၍ စားလေသည်။

* * * * *

တစ်နေ့သ၌ မောင်လူအေးရုံးမှ စောစောဆင်းလာခဲ့၏။ အိမ်သို့ရောက်လျှင် အစေခံပြင်ထားသော ကော်ဖီတစ်ခွက်ကိုသောက်၊ ဘောင်းဘီတိုနှင့် ရှပ်အကျီတိုဝတ်၊ တုတ်ကောက်တစ်ချောင်းကိုကိုင်ကာ ဧရာဝတီမြစ်ကမ်းခြေတစ်လျှောက် လျှောက်၍လာခဲ့၏။

'စည်းစိမ်' ဝတ္ထုတွင် မောင်လူအေးဟူသော ဝန်ထောက်၏စရိုက်၊ အနေအထိုင်၊ အသုံးအဆောင်၊ ဝတ်စားဆင်ယင်ပုံတို့ကိုတွေ့နိုင်ပါသည်။

www.burmeseclassic.com



ရောဝတီ -၁-

ဝန်ထောက်မောင်လူအေးသည် ရုံးတွင်နေ့ခင်းက အမှုကိုစစ်ဆေးရာ၊ နှစ်ဖက်စလုံးကပင် သက်သေနိုင်လုံနေသဖြင့် စဉ်းစားရကျပ်လှသောကြောင့် စိတ်အိုက်၍နေ၏။ ထိုနေ့ပင် စီရင်ချက်ချက မှားယွင်းမည်စိုးသောကြောင့် နောက်တစ်နေ့မှစီရင်ချက်ချမည်ဟူ၍ အမှုသည်တို့အားပြောပြီးလျှင် တရားခွင်မှဆင်း၍ အိမ်သို့ပြန်လာခဲ့လေသတည်း။

တစ်လမ်းလုံးတွင်အမှုအကြောင်းကိုသာ သို့လောသို့လော တွေးတောလျက်လာ၏။ အိမ်သို့ရောက်ပြန်ဂါလည်း ဤအမှုအကြောင်းကိုပင် တွေးတော၏။ ညနေလက်ဖက်ရည်သောက်သော် လက်ဖက်ရည်စားပွဲတွင်လည်း အမှုအကြောင်းကိုသာတွေး၏။ ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ ယင်းအမှုအကြောင်းမှာ ရစ်ဝဲရစ်ဝဲစိတ်ထဲတွင်နေ၏။ သို့သော် ဆုံးဖြတ်ချက်ကိုကား တွေးတော၍မရသဖြင့် အခက်နှင့်တွေ့ကြုံရ၏။

အကြံကောင်းများရလိုရငြား နေစောင်းသွားလျှင် အိမ်မှထွက်၍ ရောဝတီမြစ်ကမ်းသို့ လမ်းလျှောက်ထွက်သွား၏။

ဤစာအရ ဝန်ထောက်မောင်လူအေးသည် အမှန်အတိုင်း စီရင်ချက်ချရန် အားထုတ်သော ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်းသိနိုင်၏။ သူ့ခေါင်းထဲ၌ အလုပ်အကြောင်းကိုသာ တွေးနေသူဖြစ်ကြောင်းသိနိုင်၏။ ဝန်ထောက်မောင်လူအေးသည် ရောဝတီမြစ်ဖက်သို့ကြည့်လိုက်သောအခါ ပျော်ပါးစွာနေခပ်နေကြသည်များကို မြင်ရလျှင်စိတ်ပျော်ရွှင်၍လာ၏။

အသက်ကြီးသူ၊ ငယ်သူတွေမကျန် ရေအိုးကိုရွက်၊ ပုံစံမျိုးမျိုးနှင့် ရေခယ်ကြပုံ၊ သီချင်းအော်ဆိုသူကဆို၊ စကားပြောသူကပြော၊ ပျော်နေကြပုံ၊ ရေကူးသူ၊ ကစားသူ၊ ပြေးလွှားခုန်ပေါက်သူ၊ ပွဲအကြောင်း၊ ရုပ်ရှင်အကြောင်း၊ ကြည့်ခဲ့သောင်သည့်အကြောင်း၊ ဈေးပြတိုက်သည့်အကြောင်း ပြောဆိုရှုသည်နေကြပုံ၊ သောင်ပြင်၌ကလေးများ၊ ခွေးများ ပြေးလွှားပျော်ရွှင် မြူးဆော့ကစားကြ၊ ရေကူးရင်း စကြ၊ နောက်ကြ၊ သီချင်းဆိုကြ၊ အပူအပင်မရှိနေကြပုံတို့ကို

---

၁ ရှုမဝလောက (၁၂၉၂၊ တပေါင်းလ)

www.burmeseclassic.com

www.burmeseclassic.com



မောင်လှအေးတွေ့သည်။ ထိုအခါ ပြည်သူ့ဝန်ထမ်းဘဝနှင့်ယှဉ်၍ အောက်ပါစာကိုရေးခဲ့သည်။

* * * * *

*ဤသို့ ကြည့်ရှုနေရင်း ပျော်ရွှင်ခြင်းကိုအားကျမိ၏။ မိမိလုပ်ရသောအလုပ်အကိုင်၏တာဝန်ကြီးခြင်း၊ စိတ်ပင်ပန်းစရာကောင်းခြင်းတို့ကိုတွေးတောမိ၏။ ဤသို့တွေးတောနေရင်းပင်မိုးချုပ်လာ၏။*

သိပ္ပံမောင်ဝသည် အရာရှိကြီးဖြစ်သော်လည်း လွတ်လပ်ပျော်ရွှင်သူတို့၏ဘဝကိုအားကျလေ့ရှိကြောင်း သူ့စာများအရသိရ၏။ အစိုးရအမှုထမ်းတို့၏တာဝန်ကြီးမှုကိုလည်း အလိုလိုသိရပြီးဖြစ်သည်။

**အင်းဝ**[၁]

'အင်းဝ' ဝတ္ထုဆောင်းပါးတွင်မူ အလုပ်သင်အရာရှိတို့၏ သဘော၊ သဘာဝ၊ ဝတ်စားဆင်ပြင်ပုံ၊ အထက်အမိန့်ကိုမလွန်ဆန်နိုင်ပုံတို့ကို တွေ့ရ၏။

*ဤနေ့ကား စစ်ကိုင်းမြို့တွင် မိုးရွာသောနေ့ဖြစ်လေသည်။ အလွန်မှပြီးနောက်ရုတ်တရက်အေးသွား၏။ တနင်္လာနေ့တည်း။*

*မောင်လှအေးကား ထိုနေ့တွင်ရုံးတက်ရမည်ကို ပျင်းတင်းတင်းရှိလှ၏။ အိမ်တွင်ခပ်အေးအေးကလေး အိပ်နေ၊ ကွေးနေ စည်းစိမ်ကလေးနှင့်နေလိုသော်လည်းမနေရ၊ ရုံးသို့သွားရလေသည်။*

*ရုံးရောက်သောအခါ နယ်ပိုင်ဝန်ထောက်မင်းဦးတောက ထိုနေ့ညနေ အင်းဝတံတားဦးသို့ နယ်လှည့်သွားရမည့်အကြောင်းပြောရာ မိမိမှာယင်းလက်အောက်တွင် အလုပ်သင်ကြားနေနိုက်ဖြစ်သောကြောင့် ယင်းနှင့်ထိုနေ့ညနေပင်လိုက်ရန်စီမံ၏။ ညနေလေးနာရီ ရုံးမှဆင်း၍လာခဲ့၏။ အိမ်သို့ထွက်ခဲ့လေသတည်း။*

ထိုခေတ်၊ ထိုအခါက အလုပ်သင်ဝန်ထောက် မောင်လှအေး၏ ဝတ်စားဆင်ယင်ပုံကိုလည်း 'အင်းဝ' ဝတ္ထုဆောင်းပါးတွင် တွေ့နိုင်သည်။

* * * * *

---

၁။ ဂန္ထလောက (၁၂၉၃၊ ကဆုန်လ)

www.burmeseclassic.com



*ဘောင်းဘီတိုတို၊ မလေးရှားအင်္ကျီဖားဖားကိုဝတ်၊ ဘွတ်ဖိနပ်ကိုစွပ်၊ ဦးထုပ်ကိုဆောင်း၊ လက်ကိုင်တုတ်ကိုပာန်ပါပါကိုင်ကာ ရထားကလေးနား တွင်ရပ်သော အင်္ဂလိပ်ယောင်ယောင်၊ တရုတ်ယောင်ယောင် မောင်လူအေးအား မြူးသလိုလိုနှင့်ကြည့်ကြ၏။*

__ဗေဒါ__ [-၁-]

ဗေဒါဝတ္ထုဆောင်းပါးသည် ပြည်သူ့ဝန်ထမ်းမောင်လူအေး၏ ခံစား မှုကို ပီပီပြင်ပြင်ဖွဲ့ဆိုထားသော ဝတ္ထုဆောင်းပါးဖြစ်ပါသည်။ ဝတ္ထုဆောင်းပါး အစမှာပင် ..... .

*မောင်လူအေးသည် စိတ်အေးလက်အေးနှင့် နေထိုင်လိုသော်လည်း အစိုးရဘက် ဝင်မိလျက်သားဖြစ်သောကြောင့် မောင်လူပူဖြစ်လျက်နေတော့၏။*

ဟု ဝါကျကိုစထား၏။ ဤဝါကျကိုကြည့်ခြင်းအားဖြင့် အစိုးရ ဝန်ထမ်းဖြစ်ရသည့်အပေါ် သိပ္ပံမောင်ဝ၏ခံစားမှုကိုသိသာနိုင်သည်။ အစိုးရ ဝန်ထမ်းတစ်ယောက်၏နယ်လှည့်ရသည့်တာဝန်ကို ဆက်လက်ရေးဖွဲ့ပြန်သည်။

*အရေးပိုင်မင်းကအမိန့်ပေးသောကြောင့် မောင်လူအေးမှာ နယ်စပ်သို့ ပြေးခဲ့ရ၏။ အစိုးရသဘော်ပေါ်တွင် မိမိစာရေးနှင့်အစေခံများအပြင် အခြား သဘော်သားတို့သာပါ၏။ မိမိပိုင်နက်ဖြစ်သော ရွာစဉ်လျှောက်၍ သတင်း တိုးထောက်၏။ အခွန်တော်ကိုကောက်၏။ တင်းတင်းပျော့ပျော့၊ ချော့တန် ချော့၊ ခြောက်တန်ခြောက်၊ ဆူတန်ဆူ၊ ပူတန်ပူလုပ်၍လာခဲ့၏။ ၁၀၉- ၁၁၀ လုပ်ရန် စစ်ဆေးသည့်ရွာ၌လည်းစစ်ဆေး၏။*

သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းတို့၏အလုပ်တာဝန်ကို ဗေဒါတွင် ဤသို့ရေးဖွဲ့ပြီး သန်းခေါင်ကျော်ချိန်အထိမနားရသည်ကို ဆက်လက်ရေးဖွဲ့ သည်။ ထို့နောက် မိမိတို့ရောက်သည်ကိုသိ၍ လူဆိုးများ လူစုလူဝေးနှင့် လာနိုင်ကြောင်း ဆက်ဖွဲ့သည်။ အန္တရာယ်များလှသော ပြည်သူ့ဝန်ထမ်းဘဝ ကို ဖော်ပြခြင်းပင်။

*ဟာ... ကိစ္စမရှိ၊ သေတစ်နေ့၊ မွေးတစ်နေ့။ မင်းဖြစ်နေမှ လူဆိုး*

---

၁။ ဂန္ထလောက (၁၂၉၃၊ ပြာသိုလ)

www.burmeseclassic.com

www.burmeseclassic.com



*ကြောက်စရာမရှိ။ မိမိစိတ်ကိုရဲဆေးတင်၏။ ဂုဏ်တော်ကိုရွတ်၏။ အဋ္ဌာရာယကင်းဂါထာကိုရွတ်၏။ ရုပ်အကျီလက်ရှည်ကိုမကာ အပြန်ပြန်အလှန်လှန်အခန်းတွင်း၌လျှောက်၏။ အတန်ကြာလျှင် အိုက်စပြုလာ၏။ ချွေးတွေတစ်ကိုယ်လုံးရွှဲနေပြီ။*

ဤစာပိုဒ်များကိုဖတ်ရင်း သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းဘဝကို ကျွန်တော်စာနာမိသည်။ ပုထုဇဉ်ပီပီ သိပ္ပံမောင်ဝ မည်သို့ခံစားရသည်ကို ကျွန်တော်တွေးမိသည်။ အထူးသဖြင့် သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းဘဝနိဂုံးကိုသိထားပြီးထပ်မံဖတ်ရှုမိသည့်ကာလ၌ ကျွန်တော့်ရင်ထဲတွင် ထိထိခိုက်ခိုက်နာကျင်စေခဲ့ရပါသည်။

ပြည်သူ့ဝန်ထမ်းတစ်ဦး အိပ်မပျော်နိုင်သည့်အဖြစ်ကို 'ဗေဒါ' တွင် တွေ့ရသည်။ လွတ်လပ်မှုမရှိသောမောင်လူအေး၏ဝန်ထမ်းဘဝနှင့် လွတ်လွတ်လပ်လပ် မျောလိုရာမျောနိုင်သောဗေဒါတို့၏ဘဝဇာတ်လမ်း အတွေးများကို အောက်ပါအတိုင်းရေးဖွဲ့ခဲ့လေသည်။

*ယင်းဗေဒါတို့ကား မိမိဘာသာအလိုက်ပျော်ပါးစွာလှည့်လည်ကျက်စား၍နေကြကုန်၏။ ရေတက်လျှင် ရေတက်နှင့်လိုက်ပါ၍ လာကြကုန်၏။ ရေကျလျှင် ရေကျနှင့်အတူဆင်း၍ပါလာကြပြန်၏။ ကုန်းပေါ်တွင်တင်နေပြန်လျှင်လည်း ကုန်းပေါ်မှာပင်ကြီးပွားလျက်နေကြ၏။ စုန်ချည်ဆန်ချည်အပြန်ပြန်နေထိုင်ကျက်စားကြလေသည်။ ရောက်လိုရာရောက်၊ ဘာကိုမျှမကြောက်သောအပင်မျိုးပေတည်း။ မည်သူ့အားမျှမရှိ၊ လှေသင်္ဘော၊ လူမည်သူမျှမနိုင်။ တစ်ပင်ကိုဖျက်ဆီးလျှင်နှစ်ပင်ပေါက်၍လာ၏။ နှစ်ပင်ကိုဖျက်ဆီးလျှင်လေးပင်၊ လေးပင်မှရှစ်ပင်၊ ကြာလျှင်ဖျက်ဆီးသူတို့ လက်လျှော့ကြကုန်၏။ ထိုသို့လက်လျှော့လိုက်လျှင်ထင်တိုင်းသွား၊ ထင်တိုင်းလာ၊ပျော်ပါးလိုက်သည့်ဖြစ်ခြင်း။ လောကတွင် လူတို့မနိုင်သောအရာများတွင် ဗေဒါလည်းတစ်ပါးအပါအဝင်ဖြစ်လေသည်။ ဤသို့အတည်မကျ ရောက်လေရာတွင်ပျော်ကြသောဗေဒါပင်တို့ အဆက်မပြတ်မျော၍ လိုက်လာကြသည်ကိုမြင်လျှင် အားကျမိ၏။ ယင်းဗေဒါတို့ကားလွတ်လပ်ကြပေ၏။ မိမိမှာကား သူတို့ကဲ့သို့ သွားချင်ရာသွား၊ လာချင်ရာမလာနိုင်။ မိမိနယ်အတွင်း ကွက်ကွက်ကလေးမှာသာနေရ၏။*

www.burmeseclassic.com



'ဇေဒါ' ဝတ္ထုဆောင်းပါးသည် သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝ ဆိုင်ရာအတွေးအမြင်ကို စူးစူးရှရှဖော်ပြထားခဲ့သော ဝတ္ထုဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။

**တစ်ရာ့တစ်ဆယ်** -၁-

နယ်ပိုင်ဝန်ထောက်၏ သဘော်၊ ကွဲခြံရွာသို့ရောက်ခိုက် ကွဲခြံရွာရှိ သိန်းစား၊ လူဆိုး၊ ဘိန်းအရက်ကုန်သည်၊ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ့် အလုပ်လက်မဲ့ ဥပဒေကျူးလွန်သူတို့၏ ကြောက်လန့်ပြေးလွှားကြပုံနှင့်အတူ ပုဒ်မတစ်ရာ့တစ်ဆယ်ဖြင့် ဖမ်းဆီးခြင်းခံရသောဘိုးချစ်၊ ကျန်ရစ်သူမယား နှင်းမြိုင်နှင့် သမီးမေယ်တို့၏ သနားစရာဇာတ်လမ်းကို သိပ္ပံမောင်ဝရေးဖွဲ့ထား ခြင်းဖြစ်သည်။

အထူးသဖြင့် ဝန်ထောက်မောင်လူအေး၏ ပြည်သူ့ဝန်ထမ်းပီပီ တာဝန်နှင့်ဝတ္တရားကို အပီအပြင်ထမ်းဆောင်ရပုံ ပုထုဇဉ်ပီပီသနားခြင်းနှင့် ပြည်သူ့ဝန်ထမ်းပီပီ တာဝန်ကိုဦးစားပေးရခြင်းတို့အကြား ရှေ့မတိုးနောက် မဆုတ်သာဖြစ်ရပုံကို ရေးဖွဲ့ထားသည်မှာ တာဝန်သိသောပြည်သူ့ဝန်ထမ်း များ၏ ဘဝခံစားမှုနှင့်ထပ်တူထပ်မျှဖြစ်လှပါသည်။

* * * * *

ဝန်ထောက်မောင်လူအေးသည် ပုဒ်မ (၁၁၀)အရ ဘိုးချစ်အပေါ် အမှုတင်စစ်ဆေးပြီး ထောင်ဒဏ် (၂)နှစ်ချ၏။ အာမခံမပေးနိုင်သည့်အပြင် ထောင်ကျမည့်ချစ်လင်ကိုမခွဲနိုင်သည့် မယားနှင်းမြိုင်နှင့်သမီးကလေးမေယ် တို့၏အဖြစ်ကိုကြည့်ကာ နယ်ပိုင်ဝန်ထောက်မင်း၏ ရင်ထဲ၌ဖြစ်ပေါ်လာသည့် ခံစားချက်များကို .....

*ဘိုးချစ်နှင့်နှင်းမြိုင်တို့၏ အဖြစ်အပျက်ကိုမြင်သော ဝန်ထောက် မောင်လူအေးမှာ ယင်းတို့အားသနားမိလေသည်။ သို့သော်ဘာမှမတတ်နိုင်။ မိမိဝတ္တရားကို ဆောင်ရွက်ခြင်းသာဖြစ်လေသည်။ ထောင်သို့သွားရမည့်သူ ဘိုးချစ်နောက် အပြင်ကျန်ရစ်ခဲ့သောနှင်းမြိုင်နှင့်မေယ်တို့ ဘယ်လိုရှိကြမည် နည်း။ ဤစားရမဲ့သောက်ရမဲ့ နှင်းမြိုင်နှင့်သူ၏သမီးကလေး မည်မျှ*

---

-၁- ရှုမဝလောက (၁၂၉၃၊ တပို့တွဲလ)

www.burmeseclassic.com



*ပွစ္စေ့ကျွေးရှို၍နေကြမည်နည်း။ သနားသောကြောင့် ထောင်မချုပ်ပြန်လျှင် ဝတ္ထုရေး မကျောရောရောက်ပေမည်။ မိမိဝတ္ထုရေးအတိုင်းဆောင်ရွက်ပါကလည်း သနား စရာကြီးနှင့်ကြုံတွေ့နေရပေသည်။ ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ် နိုင်။ ဤအကြောင်းအရာများကို တွေဝေစဉ်းစားလျက်နေရင်းပင် သဘော လည်း ကွဲပြဲမှုထွက်လာခဲ့၏။ နှင်းမြိုင်တို့လည်းကျွန်ရစ်ကြလေသတည်း။*

ဟူ၍ရေးဖွဲ့တင်ပြခဲ့၏။ တာဝန်သိပြည်သူ့ဝန်ထမ်းဘဝကို တစ်ရာ့ တစ်ဆယ် ဝတ္ထုဆောင်းပါး၌ထင်ဟပ်လျက်ရှိသည်ကိုတွေ့ရပါသည်။

<u>ကင်းစောင့်</u>[-၁-]

ကင်းစောင့်ကား နယ်ပိုင်ဝန်ထောက်မင်း စီး၍လာသော အစိုးရ သင်္ဘောဖြစ်လေသည်။ တစ်စင်းသက်သက်လုံးချင်းမဟုတ်။ ဘေးတွင်တွဲတစ် တွဲပါလေ၏။ စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ခုတင်မှစ၍ အသုံးအဆောင်အပြည့် အစုံပါ၏။ ထို့ကြောင့် ယင်းအားအိမ်သင်္ဘောဟူ၍ခေါ်ဆိုကြသည် မဟုတ်ပါ လော။ အလျားပေ ၄၀ အနံ ၂၅ ပေခန့်ရှိလေသည်။ နယ်ပိုင်ဝန်ထောက်မင်း တစ်အိမ်ထောင်ကောင်းကောင်းခရီးသွားနိုင်၏။

သိပ္ပံမောင်ဝသည် ကင်းစောင့်ဝတ္ထုဆောင်းပါးတွင် ပြည်သူ့ဝန်ထမ်း နယ်ပိုင်ဝန်ထောက်တို့ အသုံးပြုလေ့ရှိသည့် သင်္ဘောအကြောင်းကိုထင်လာ မြင်လာအောင်ရေးဖွဲ့၏။ ဆက်လက်၍ ဝန်ထောက်မောင်လူအေးလူခွန်လာ ကောက်ခြင်းကိုဖွဲ့ဆိုသည်။ လူခွန်ငါးကျပ်မဆောင်နိုင်လျှင်အဖမ်းခံရမည်စိုး၍ ရွာသားတို့ ငွေချေးသူချေး၊ ကြက်ပေါင်၊ ဝက်ပေါင်၊ ဝမ်းစာစပါး၊ ငါးပိ ရောင်းသူရောင်း၊ လက်ကောက်ဖြုတ်သူဖြုတ်ဖြစ်ပုံကိုဖွဲ့ဆိုသည်။

လူခွန်ငါးကျပ်မပေးဆောင်နိုင်သည့် ဦးကျော်ဇံကြီးနှင့်နယ်ပိုင် ဝန်ထောက်တို့အကြောင်းကို ဖတ်ရှုခြင်းဖြင့် သိပ္ပံမောင်ဝ၏ စာနာတတ်သော ပြည်သူ့ဝန်ထမ်းဘဝကို ပိုမိုနားလည်ခွင့်ရခဲ့ပါသည်။

*ဦးကျော်ဇံကြီး၏ လျှောက်ထားသောအသံ၊ သူ့မျက်နှာထားတို့ကို မြင်လျှင် ယင်းဆင်းရဲကြောင်းကိုချက်ချင်းသိ၏။ ဦးကျော်ဇံကဲ့သို့မိကိုယ်တိုင်*

---

၁။ ဂန္ထလောက (၁၂၉၃၊ တန်ခူးလ)

www.burmeseclassic.com



*ဖြစ်နေပါကမည်သို့နေအံ့နည်း။ ပေးစရာ၊ စားစရာကြေးငွေကလည်းမရှိ အခွန်တော်ကလည်း ဖိမည်ဆိုကမခက်ပေလော။ အတန်ကြာအောင် စကားဆက်လက်၍ မပြောသေးဘဲ မိမိကိုယ်ကို ဦးကျော်စံ၏ နေရာတွင်ထားကာ စဉ်းစားတွေးတောကြည့်၏။ စိတ်တစ်မျိုး နူးညံ့၍လာ၏။ သနားစိတ်များတဖွားဖွားပေါ်ပေါက်၍လာ၏။ ချမ်းသာခွင့်ချက်ချင်းပေးလိုက်ချင်၏။ သို့သော် အစိုးရဘဏ္ဍာတော်ရေးကရှိသေးသည်။ ဤတစ်ယောက်ပေးလိုက်က အားလုံးဝိုင်းလာပြီးလျှင် ချမ်းသာခွင့်တောင်းကြပေလိမ့်မည်။ ရွာတိုင်းရွာတိုင်းက ချမ်းသာသူမရှိ။ ဆင်းရဲသူတို့သာများလေသည်။ အကယ်၍ ချမ်းသာခွင့် လျှောက်၍ပေးမည်ဆိုလျှင် ဘဏ္ဍာအရေးမအေးဖွယ်။ အခွန်တော်ကောက်ခံရန် အစိုးရကမိမိအားခန့်ထားခြင်းဖြစ်လေသည်။ ဤသို့လျှောက်၍ ချမ်းသာခွင့်ပေးမည်ဆိုလျှင် မိမိဝတ္တရား အဘယ်မှာကျေတော့အံ့နည်း။ သနားခြင်းစိတ်နှင့် အလုပ်ဝတ္တရားတို့ကို လိုက်နာသောစိတ်တို့သည် သူတစ်ပြန်ငါတစ်ပြန် အနိုင်လုနေကြကုန်၏။*

ဤကား သိပ္ပံမောင်ဝထားရှိသော ပြည်သူ့ဝန်ထမ်းသဘောတရားပင်ဖြစ်သည်။ နောက်ဆုံး၌ နယ်ပိုင်မင်းမောင်လူအေးက ငွေလေးကျပ်ချမ်းသာခွင့်ပေး၍ တစ်ကျပ်သာအခွန်ကောက်ခံခြင်းမှာ စည်းကမ်းဘောင်အတွင်းမှငဲ့ညှာတတ်သော ဝန်ထမ်းကောင်းတို့၏သဘာဝကိုတွေ့မြင်ရပါသည်။

**<u>နယ်ပိုင်မင်း</u>** [-၁-]

တာဝန်ဝတ္တရားများပြားရှုပ်ထွေးလှသော နယ်ပိုင်မင်းအလုပ်ကိုတွေ့ရသည်။ အမှုတွဲများ၊ တရားစွဲရန်လျှောက်လွှာများ၊ မတရားဒဏ်ရိုက်ခံရသူများ၊ တရားပါးရိုက်ခံရ၍ နာကျင်စေမှုနှင့် တရားစွဲရန်လာသူများ၊ လူဆိုးများအား တစ်ရွာတစ်ဆယ်လှုပ်ရန် လျှောက်ထားသည့်လူကြီးများ၊ ဓားပြကိုမခုခံ၍ အစိုးရမင်းကဒဏ်ရိုက်ထားသည်ကို ချမ်းသာပေးရန် ချမ်းသာခွင့်တောင်းသည့်ရွာသူရွာသားများ၊ ဝန်ထောက်စာမေးပွဲဝင်လို၍ အကျင့်စာရိတ္တကောင်းကြောင်းလျှောက်ထားသူများ၊ တစ်ရွာကိုးတစ်ရွာတစ်ဆယ်လုပ်ရန်တိုင်ပင်သော

---

၁။ ဓမ္မလောက (၁၂၉၄၊ သီတင်းကျွတ်လ)

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဝန်ထောက်၊ ဧရာဝတီမြစ်ရေတိုး၍ အစိုးရတာများပြိုသောကြေးနန်း၊ လူခွန်၊ မြေခွန်၊ ကိုင်းခွန်၊ ဂရန်စသောအခွန်တော်အမျိုးမျိုးအတွက် တိုင်ပင်ရန်လာသောမြို့ပိုင်မင်း၊ စစ်ကွင်းသူကြီးအား ဓားပြများသတ်သွား၍ချက်ချင်းလိုက်ရန် အမိန့်ပေးသည့်ကြေးနန်းစာ၊ မိဘမဲ့ကျောင်းအတွက် အလှူခံပုဂ္ဂိုလ်များ၊ အစိုးရမြေသိမ်း၍လျော်ကြေးလာယူကြသူများ၊ အသက်အာမခံတိုက်မှ အသက်အာမခံထားရန် ဆွယ်တရားလာဟောသော အသက်အာမခံကိုယ်စားလှယ်။ ယင်းပြဿနာများနှင့် ညနေလေးနာရီခွဲအရောက် အရှုံးမောင်အောင်လှ၏ရှုံးမရှုံးအမှုကိုစစ်ရသည်။

နယ်ပိုင်မင်း ဝတ္ထုဆောင်းပါး၏နောက်ဆုံးစာပိုဒ်သည်တာဝန်ဝတ္တရားများပြားရှုပ်ပွေလှသော နယ်ပိုင်မင်းအလုပ်နှင့် နောက်ဆုံးအရှုံးအောင်လှလိုလွတ်လွတ်လပ်လပ်နေလိုသော မောင်လူအေး၏အမှုထမ်းဘဝကို ပီပီပြင်ပြင်တွေ့မြင်ခံစားနိုင်ပါသည်။

*ခြောက်နာရီလည်းထိုးတော့မည်။ တရားရုံးလည်း မှောင်နေပြီ။ လှသံသူ့သံလည်းမကြားရ။ မိမိနှင့် အရှုံးအောင်လှတို့သာကျန်တော့သည်။ ဤအရှုံးနှင့်ပင်အဆုံးသတ်ရတော့မည်။ အလုပ်တွေလည်း တောင်ပုံယာပုံ၊ အတာယ်နည်းနှင့်ပြီးအောင်လုပ်မတုန်း။ အရှုံးအောင်လှနှင့် အလုပ်ချင်း လဲလိုက်ချင်သောဆန္ဒ များများကြီးပေါ်ပေါက်ပြီးလျှင် တရားခွင်မှဆင်းခဲ့၏။ တောင်ပုံယာပုံသောအလုပ်တို့ကို အိမ်သို့ယူလာရန်မှာထားပြီးရုံးဆင်းလာခဲ့သတည်း။*

ဤကား သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းခံစားချက်ပင်ဖြစ်ပါသည်။

**မောင်းသံ** -၁-

မောင်းသံကား ဝန်ထောက်မောင်လူအေး၏ပြည်သူ့ဝန်ထမ်း စွန့်စားခန်းကို ဟာသနှော၍ရေးသားထားသော ဝတ္ထုဆောင်းပါးဖြစ်သည်။ မောင်းသံအမျိုးမျိုးအကြောင်း ဗဟုသုတကိုလည်းရသည်။ ဝန်ထောက်တစ်ဦးအနေဖြင့် လူဆိုး၊ ဓားပြတို့၏အန္တရာယ်အချိန်မရွေးကျရောက်နိုင်ပုံ၊ သူကြီးအိမ်မှမောင်းသံကြောင့်အထိတ်တလန့်ဖြစ်ကာ ခြောက်လုံးပူးကိုင်၍ အမှောင်ထဲ၌အရဲစွန့်သွားရပြီးမှ အရက်မူးပြီးကင်းသမားကို မောင်းထုသည့်သူကြီး၏

၁။ ဂန္ထလောက (၁၂၉၃၊ နတ်တော်လ)

www.burmeseclassic.com



ဆောင်းသံဖြစ်မှန်းသိရသဖြင့် ထုချေလွှာတင်နိုင်းရပုံကို ဟာသနှောၡ၍ရေးထား သော်လည်း မောင်လူအေး၏ပြည်သူ့ဝန်ထမ်းဘဝကို စာနာနိုင်သော စာတစ်ပုဒ် ဖြစ်ပါသည်။

**လေလံပွဲ** -၁-

အင်းလေလံပွဲအကြောင်း သရုပ်ဖော်ရေးဖွဲ့ထားသောဇာတ်လမ်းဖြစ် သည်။ အင်းသားကြီးတို့၏ဘဝ၊ လေလံဆွဲသူတို့၏လောဘ၊ ဒေါသ၊ မောဟ အထွေထွေကိုထောင့်စေ့အောင်တင်ပြထားသည်။ မြို့ပိုင်မင်း၊ နယ်ပိုင်မင်း၊ အရေးပိုင်မင်းနှင့်တကွ ရုံးစာရေးတို့၏တာဝန်ဝတ္တရားများကိုလည်း တွေ့မြင်ရ သည်။ အရေးပိုင်မင်းနှင့်အရာရှိများရှေ့၌ အင်းလေလံဆွဲစဉ် မခံချင်သော စိတ်ရှိင်းကြောင့် ဒုက္ခကိုလေလံဆွဲခဲ့သော အင်းသားတစ်ဦးအကြောင်းကို သင်ခန်းစာပေး ရေးဖွဲ့ထားသည်ကိုတွေ့ရပါသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံဇာတ်လမ်းပင်ဖြစ်ပါသည်။

**စစ်ကိုင်းကူးတို့** -၂-

ခရီးသွားရင်းကြုံတွေ့ရသောအဖြစ်အပျက်တစ်ခုကို အခြေခံရေးသား ထားသောစာဖြစ်သည်။ ဤစာတွင် သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းဘဝ အမြင်တစ်ရပ်ကိုတစ်စွန်းတစ်စတွေ့ရသည်။

ဝန်းသိုဆိုသောနေရာသို့ လူအရောက်အပေါက်နည်း၏။ သို့သော် ရုံးစိုက်သောမြို့ကလေးဖြစ်လေသည်။ အစိုးရအမှုထမ်းတို့သည် မိမိတို့နေလိုရာ မှာမနေရ။ အစိုးရကပို့ရာသို့သွားကြရလေသည်။ မန္တလေးသားပင်ဖြစ်စေကာမူ အစိုးရကဝန်းသိုသို့လွှတ်လျှင်သွားရမည်ပင်။

ဤကား ပြည်သူ့ဝန်ထမ်းတို့၏သဘာဝပင်ဖြစ်ပါသည်။ ထိုသဘာဝ ကို သိပ္ပံမောင်ဝကရေးပြထားခြင်းဖြစ်ပါသည်။

**အိုင်စီအက်** -၃-

အရေးပိုင်မင်း၏ ယောက္ခမဖြစ်ချင်သော လယ်ဧက (၄၀၀၀)ကျေး

၁။ ဂန္ထလောက (၁၂၉၅၊ ကဆုန်လ)
၂။ ဂန္ထလောက (၁၂၉၀၊ တန်ဆောင်မုန်းလ)
၃။ ဂန္ထလောက (၁၂၉၁၊ နတ်တော်လ)

www.burmeseclassic.com

www.burmeseclassic.com



ပိုင် သူဌေးကြီးဦးသာအေး၏သမီးမတင်လှကို အိုင်စီအက်စ်မေးပွဲဝင်မည်ဟု အကြောင်းပြပြီးအရယူခဲ့သော မောင်သာဝ၏ဇာတ်လမ်းဖြစ်သည်။ မောင်သာဝသည် အိုင်စီအက်စာမေးပွဲဝင်မည့်သူဟု အသံလွှင့်ထား၍ သူဌေးကြီး ဦးသာအေးကသားမက်ဖမ်းသည်။ သူဌေးသမီးမတင်လှကို ရသောအခါ မောင်သာဝသည်စာမေးပွဲမဖြေဘဲ ယောက္ခမကြီး၏မြေဆီ၊ မြေခများကိုသုံးစားလေသည်။ ဤနည်းဖြင့် မောင်သာဝသည် အိုင်စီအက်ထက်ကောင်းသော စည်းစိမ်ကြီးကိုခံစားရလေသည်။ အရေးပိုင်မင်း၏ ယောက္ခမဖြစ်ချင်လွန်းသော သူဌေးကြီးဦးသာအေး၏ရုပ်ပုံလွှာကို ပီပီပြင်ပြင်ဖွဲ့ဆိုကာ ပြည်သူ့ဝန်ထမ်းဘဝကို လူတွေမည်မျှမက်မောကြကြောင်း သရော်ထားသော စာတစ်ပုဒ်ဖြစ်သည်။

<u>ဘထွန်း</u> -၁-

အသက် ၁၃နှစ်နှင့် လုံချည်ခိုးမှု၊ ခွပ်ကျယ်ခိုးမှုများဖြင့် ရုံးသို့ လိုက်လာသောဘထွန်း၊ နယ်ပိုင်ဝန်ထောက်မင်းကသနား၍ အိမ်တွင်အစေခံအဖြစ်ခေါ်ထားသည်။ အကောင်းဆုံးစောင့်ရှောက်ပြုစုထားသည်။ နောက် ပိုက်ဆံတစ်မတ်ယူ၍ဘထွန်းပျောက်သွားသည်။ တစ်နေ့ ဝန်ထောက်မင်းအမှုစစ်စဉ် တရားခံဘထွန်းအသက်(၁၃)နှစ်၊ ပုဒ်မ(၃၇၉)ခိုးမှုနှင့် ရုံးသို့ရောက်လာကြောင်းတွေ့ရသည်။ ခိုးရာပါပစ္စည်းတစ်ကျပ်မျှသာတန်သည်။ သက်သေမပြနိုင်၍ကြိမ်ဒဏ်ပေးလိုက်ရသည်။

ပြည်သူ့ဝန်ထမ်းနယ်ပိုင်မင်း၏ဘဝ၊ နယ်ပိုင်မင်း၏အတွေ့အကြုံ၊ နယ်ပိုင်မင်း၏ ခံစားချက်တို့ကိုတွေ့မြင်ရသည်။

" *နယ်ပိုင်ဝန်ထောက်မင်း၏ အိမ်တွင်ကောင်းစွာ နေထိုင်ရပါလျက် ထိုအိမ်တွင်မနေနိုင်ပါဘဲ ထိုအိမ်မှထွက်ပြေးသွားပြီးလျှင် သူတကာထံမှ တစ်ကျပ်မျှသာတန်သောပစ္စည်းကို ခိုးခြင်းမှာစားရမဲ့သောက်ရမဲ့သော ကြောင့်ဟုမဆိုနိုင်။ ဆင်းရဲသောကြောင့်ဟုမဆိုနိုင်။ သူတကာက သွေးဆောင်သောကြောင့်ဟုမဆိုနိုင်။ မွေးကတည်းကပင် သူခိုးနက္ခတ်နှင့်မွေးလာသော ကြောင့်ဖြစ်သည်ဟု၍သာဆိုရန်ရှိတော့သတည်း။*

---

၁။ ဂန္ထလောက (၁၂၉၂၊ ဝါဆိုလ)

www.burmeseclassic.com

www.burmeseclassic.com



ဤကား သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အတွေးအမြင်ဖြစ်သလို ဗီဇနှင့်ပတ်ဝန်းကျင်အကြောင်းကို မညွှန်းဆိုပါပဲလျက် ဖွင့်ဟညွှန်းဆိုပြီးသောစာတစ်ပုဒ်ဖြစ်ပါသည်။

## ဓားပြမှု -၁-

***နယ်ပိုင်ဝန်ထောက်မင်းကား တရားခွင်ပေါ်တွင် ထိုင်နေလေသည်။ သူ၏ အသက်ကား (၃၅)နှစ်ခန့်ရှိပေလိမ့်မည်။ သူ၏ပုံပန်းကား ခပ်ပုပု၊ ခပ်မည်းမည်းဖြစ်၏။ ဆံပင်ရှည်ရှည်ထားသူတည်း။ ချွေးဆန်လှ၏။ မြန်မာဗီလှ၏။ ခပ်မှောင်မှောင်ဖြစ်နေသောရုံးခန်းအတွင်း၌ တရားခွင်ပေါ်တွင်ထိုင်ကာ မိမိအင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စီရင်ချက်ကို ဘာသာပြန်ကာ ရွှင်းလျက်နေလေသည်။ထိုအမှုကားဓားပြမှုတည်း။***

ဟုအစချီကာ ထိုခေတ်ကာလက ပြည်သူ့ဝန်ထမ်းနယ်ပိုင်ဝန်ထောက်မင်း၏တရားစီရင်ပုံ၊ တရားခွင်၏အဆင်အပြင်အနေအထား၊ ဆင်းရဲသားတရားခံမိသားစုတို့၏ဘဝကို ကွင်းကွင်းကွက်ကွက် သရုပ်ဖော်ထား၏။ ထိုခေတ်ထိုအခါက တရားစီရင်ပုံကိုတွေ့မြင်ရသည်သာမက လူ့သဘာဝကိုပါမြင်တွေ့ရ၏။ သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းသရုပ်ဖော်ဖန်းချီကားချပ်ဟုတင်စားရမည့်စာတစ်ပုဒ်ဖြစ်ပါသည်။

## တို့ဆရာ -၂-

သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းဘဝကို ရေးသားရာ၌ မောင်လူအေးကို အခြေခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ၊ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်စသော ပြည်သူ့ဝန်ထမ်းများနှင့်သူတို့ကျင်လည်ရာလောကကိုသာအများဆုံးရေးဖွဲ့ခဲ့သူဖြစ်ပါသည်။ ထိုအထဲမှနေ၍ တက္ကသိုလ်ကျောင်းဆရာတည်းဟူသော ပြည်သူ့ဝန်ထမ်းဘဝကို ထင်ဟပ်သောစာတစ်ပုဒ်ကို ရှားရှားပါးပါးရေးဖွဲ့ခဲ့၏။ ထိုစာကား 'တို့ဆရာ' ပင်ဖြစ်ပါသည်။

***တို့ဆရာ ဝိဇ္ဇာတန်းကိုအောင်မြင်သည်မှာ အတော်ကြာပေပြီ။ အတော်ကြာသည်ဆိုရာ၌ (၅)နှစ် (၆)နှစ်ခန့်ကြာသည်ကိုဆိုလိုသည်။***

---

၁။ ဂန္ထလောက (၁၂၉၂၊ မြာသိုလ)

၂။ ဂန္ထလောက (၁၂၉၃၊ တပေါင်းလ)

www.burmeseclassic.com

www.burmeseclassic.com



*ဝိဇ္ဇာတန်းကိုအောင်မြင်ပြီးနောက် တက္ကသိုလ်မှမခွာရက်သောကြောင့် ဆရာဆက်၍လုပ်ကိုင်နေသူပေတည်း။*

*ဆရာလုပ်နေသောကြောင့် 'တို့ဆရာ' တည်းဟူသော အမည်ထူးကိုရ၏။ မြို့အုပ်အလုပ်ကိုလုပ်မည်ဆိုလျှင် 'တို့မြို့အုပ်' အမည်ကိုရမည်ကားမလွဲ။ ဝန်ထောက်အလုပ်ကိုဝင်၍လုပ်မည်ဆိုပါလျှင် တို့ဝန်ထောက်ဘွဲ့ကိုရမည်လည်းမလွဲပေ။ ဤမျှသတ္တိထူးသောပုဂ္ဂိုလ်ကြီးပေတည်း။*

ဟုအစချီကာ တက္ကသိုလ်၌ထင်ရှားပေါ်လွင်သောဆရာ၊ အသုံးဝင်သောဆရာ၊ ကျောင်းသားများကို စာအတတ်သင်ပေးသောဆရာ၊ ကျောင်းတွင် အငြိမ့်ခံလျှင်အငြိမ့်ငှားသည့်ဆရာ၊ အသိအကျွမ်းပေါသောဆရာ၊ ဧည့်ခံကောင်းသောဆရာ၊ အလှူပွဲ၌ အဝတ်အစားငှား၊ လက်မှတ်ရောင်း၊ ဧည့်ခံပေးသည့်ဆရာ၊ အသင်းတိုင်း၏ အားထားရသောဆရာ၊ တက္ကသိုလ်ကျောင်းသူများနှင့် အသိအကျွမ်းများသောဆရာအဖြစ် တို့ဆရာကိုဖွဲ့ဆိုထားပြီးနောက်ဆုံး၌ ......

*တို့ဆရာကား တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းလုံး၏ မျက်နှာဖုံးကြီးဖြစ်ပေ၏။ သူတကာ၏ အကျိုးကိုဆောင်ရွက်ရာ၌ မိမိ၏အကျိုးကိုမကြည့်ပေ။ သူတကာ၏အကျိုးဆောင်ကြီးပါတကား။ ဩော် ... တို့ဆရာ။*

ဟူ၍ နိဂုံးချုပ်ကာ တက္ကသိုလ်ဆရာတစ်ဦး၏အကြောင်းကို ထူးထူးခြားခြား ရေးဖွဲ့ထားသောပြည်သူ့ဝန်ထမ်းစာတစ်ပုဒ်ဖြစ်ပါသည်။

<u>မြင်းတွေ</u> -၁-

ဝန်ထောက်မင်းတစ်ယောက်၏ အသွင်အပြင်၊ အဆင်အယင်ကို 'မြင်းတွေ' ဝတ္ထုဆောင်းပါး၌ တွေ့ရသည်။ နယ်သို့ မြင်းနှင့်ခရီးထွက်ရင်းရွံ့များပေကျံနေသောနယ်ပိုင်မင်းအကြောင်းရေးဖွဲ့ရာမှ ဝန်ထောက်မင်းတို့၏ ထိုခေတ်ကအခြေအနေကိုအောက်ပါအတိုင်းရေးဖွဲ့ခဲ့ပါသည်။

*လူအများကား ဝန်ထောက်မင်းတရားခွင်ပေါ်တွင် ပုဆိုးသစ်၊ အင်္ကျီသစ်၊ ဖိနပ်သစ်တို့ကိုဝတ်၊ ခေါင်းပေါင်းကို ကြော့ကြော့ကလေးပေါင်းကာ*

---

၁။ ဂန္ထလောက (၁၂၉၄၊ တော်သတင်းလ)

www.burmeseclassic.com

www.burmeseclassic.com



*တရားစီရင်နေသည်ကိုသာ တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးကြပေလိမ့်မည်။ နံနက် ၁၀း၃၀နာရီ၊ ၁၁း၀၀နာရီမှရုံးတက်၊ ညနေ ၄း၀၀နာရီ မထိုးမီ စတိုင်တင်းတင်း နှင့်ရုံးမှဆင်းလာသည်များကိုသာ မြင်ဖူးကြပေလိမ့်မည်။ ရပ်ထဲ၊ ရွာထဲ၊မြို့ထဲ တွင်ပွဲလမ်းသဘင်ရှိက ရှေ့ဆုံးနေရာတွင် ခံ့ခံ့ညားညားထိုင်နေကြသည်ကိုသာ မြင်ဖူးကြပေလိမ့်မည်။*

ပြည်သူ့ဝန်ထမ်းများ၏ အဆင့်အတန်းအခြေအနေကို လှစ်ဟဖွဲ့ဆိုသော စာတစ်ပုဒ်ဖြစ်ပါသည်။

**မရွေးမီ** [၁]

မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထုတ်ရန်၊ အိန္ဒိယနိုင်ငံနှင့်တွဲထားရန် ခွဲရေး၊ တွဲရေး အငြင်းအခုံကာလကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုကိစ္စလည်း နိုင်ငံရေးကိစ္စဖြစ်သည်။ နိုင်ငံရေးကိစ္စအပေါ် ပြည်သူ့ဝန်ထမ်းများထားရမည့် အနေအထားကို 'မရွေးမီ'တွင် သိပ္ပံမောင်ဝကလှစ်ဟဖော်ပြထား၏။

*နယ်ပိုင်မောင်လူအေးက မိမိနယ်အတွင်းမည်သည့်အရပ်တွင်ရိုက်ရန် ဖြစ်ပွားမည်နည်း။ မည်သည့်နေရာတွင် အကြီးအကျယ်အဓိကရုဏ်းဖြစ်မည် နည်းဟူ၍သာလျှင်နားစွင့်ကာနားထောင်နေရလေသည်။*

*မိမိကား အစိုးရအမှုထမ်းဖြစ်သောကြောင့် အာဓေးမိလျက်နေတော့ ၏။ ခွဲရေးဘက်မပါရ။ တွဲရေးဘက်ကိုလည်းမပါရ။ ခွဲရေးကိုလည်း အားမ ပေးနိုင်၊ တွဲရေးကိုလည်းအားမပေးသာ။ သို့သော်လည်း စိတ်ထဲ၌မူကားခွဲရေး ဘက်ကို စိတ်သန်သည်မှန်၏။ စိတ်ထဲ၌ခွဲရေးတွဲရေးဘက်ပါသည်ကိုကား အစိုးရမင်းက ပိတ်ပင်ခြင်းမပြု။ အစိုးရမင်း၏အပြစ်လွတ်၍ စိတ်ထဲတွင်သာ ခွဲရေးဘက်ပါလျက်နေလေသည်။ သို့သော် နှုတ်ကမူကား မှား၍မျှမထွက်မိ။*

*ဤကား ပြည်သူ့ဝန်ထမ်းတို့၏ ကျင့်ဝတ်စည်းကမ်းပင်ဖြစ်သည်။*

ပြည်သူ့ဝန်ထမ်းကောင်း စိတ်ဓာတ်နှင့် ပုထုဇဉ်သဘာဝကို တွေ့ရသော သိပ္ပံမောင်ဝ၏ စာပေလက်ရာကောင်းတစ်ပုဒ်ဖြစ်ပါသည်။

---

၁။ ဂန္ဓလောက (၁၂၉၄၊ နတ်တော်လ)

www.burmeseclassic.com

www.burmeseclassic.com



**သူပုန်အငွေ့** -၁-

သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းဖြစ်၏။ ဝန်ထမ်းဆိုရာ၌ အုပ်ချုပ်ရေးဆိုင်ရာနယ်ပိုင်၊ အရေးပိုင်တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်၏။ အစိုးရပဋိညာဉ်ခံဝန်ထမ်းပီပီ သူ၏အတွေးအမြင်ခံယူသုံးသပ်ပုံတို့မှာ အုပ်ချုပ်ရေးဝန်ထမ်းအမြင်နှင့် ရှုမြင်သုံးသပ်လေ့ရှိကြောင်း 'သူပုန်အငွေ့' ဝတ္ထုဆောင်းပါးတွင် အပီအပြင် တွေ့မြင်ဖတ်ရှုရ၏။ တောင်သူလယ်သမား ခေါင်းဆောင်ဆရာစံကို အုပ်ချုပ်ရေးပြည်သူ့ဝန်ထမ်း အမြင်နှင့်ကြည့်သည့်အခါ တိုင်းပြည်ကို ဆူပူသူ သူပုန်အဖြစ်သာအမြင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

*သက္ကရာဇ် ၁၂၉၂ခုနှစ်တန်းက မြန်မာပြည်တွင်ခပ်ပြင်းပြင်းကလေး သူပုန်ထလိုက်၏။ ဆရာစံကဥက္ကဋ္ဌကြီးဖြစ်လေသည်။ ဂဠုန် (က)၊ ဂဠုန် (ခ)တွေနှင့် နိုင်ငံဆူပူအောင်လုပ်လိုက်ပေ၏။*

*ဆရာစံကား ရှင်ဘုရင်ဖြစ်ချင်သူတည်း။ အလံတော်တွင် နန်းတော်တွေကိုဆောက်၊ စည်တော်တွေကိုယွန်း၊ ဘိသိက်တွေကိုသွန်းလျက်နေလေသည်။*

*နောက်လိုက်ငယ်သားတို့အား ပြီးဆေးတွေကိုထိုးပေး၏။ ဂဠုန်ဆေးတွေကိုဆောင်စေ၏။ ထုံးမန်းတွေကိုမှုတ်စေ၏။ ခမျာတောသူတောင်သားတို့မှာ သူ့စကားကိုအကောင်းထင်မှတ်ပြီးလျှင် သူပုန်ထကြလေသည်။*

*အစိုးရမင်းလည်း ငြိမ်ငြိမ်မနေနိုင်တော့ပြီ။ လှုပ်ရှားရ၏။ စစ်တပ်တွေနှင့်နှိမ်နင်းရ၏။ ထိုဂဠုန်ဆေးဆရာတွေ၊ လက်ဖွဲ့ဆရာတွေ၊ ထုံးမန်းဆရာတွေမှာ စက်အမြောက်တွေ၏ရှေ့တွင် ကားခနဲကားခနဲနေကြလေတော့သည်။ ဆရာစံ၏ပယောဂပင်ဖြစ်လေသည်။*

*များမကြာမီတွင် ဆရာစံသည် စက်တိုင်ထက်တွင် အသက်ကုန်ရှာ၏။ အချို့က ဆရာစံ နတ်ပြည်ရောက်သည်ဟုအယူရှိကြ၏။ အချို့ကမူ ဆရာစံ အဝီစိရောက်သည်ဟူ၍ဆိုကြလေသည်။ နတ်ပြည်သို့ဆရာစံရောက်လျှင် နတ်သားတွေသူပုန်ထရန် ခေါင်းဆောင်မည်ဖြစ်သောကြောင့်*

၁။ ဂန္ဓလောက (၁၂၉၅၊ သီတင်းကျွတ်လ)

www.burmeseclassic.com

www.burmeseclassic.com



*သိကြားမင်းအလုပ်များတော့မည်။ အဝီစိသို့ရောက်မည်ဆိုလျှင်လည်း ငရဲသားတို့သူပုန်ထရန် ခေါင်းဆောင်မည်ဖြစ်သောကြောင့် ယမမင်းအလုပ်ရှုပ်တော့မည်။ ရောက်သည့်နေရာတွင် သူပုန်ထမည့်ဆရာစံတည်း။*

ဆရာစံနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏သုံးသပ်ချက်ကို ဆန်းစစ်ကြည့်လျှင် သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းအုပ်ချုပ်ရေးသမားပီပီ အုပ်ချုပ်ရေးအမြင်နှင့်သာ သုံးသပ်ထားကြောင်းထင်ရှားသည်။ ပြည်သူ့ဝန်ထမ်းသည် ပြည်သူ့ဝန်ထမ်းအမြင်နှင့်သာဆုံးဖြတ်တတ်ကြောင်း ဤစာများကဖော်ပြနေ၏။ ပြည်သူ့ဝန်ထမ်းပီသလွန်းသော စာရေးဆရာဟုဆိုရပါမည်။

**<u>နို့ဗွာန်ဆော်</u>** [၁]

*မောင်လူအေးကား အအိပ်ကြီးသူတစ်ယောက်ဖြစ်လေသည်။ တက္ကသိုလ်ကျောင်းမှာတုန်းက နံနက်လက်ဖက်ရည်ကို ဘယ်အခါမျှမသောက်ရချေ။ နံနက်စာစားရန်ခေါင်းလောင်းထိုးမှ အိပ်ရာမှထလေ့ရှိသည်။ သူတကာနံနက်စာစားပြီးမှ ထမင်းစားပွဲသို့ရောက်၏။ မကြာမကြာ နံနက်စာငတ်လေသည်။ ခေါက်ဆွဲနှင့်သာကျေနပ်ရသည်များ၏။*

*မောင်လူအေး ၄၊၅၊၆ တန်းတုန်းကမူကား ဘွားဒွေးကြီးသုံးကြိမ်တိုင်တိုင်နှိုးမှ အိပ်ရာမှထ၍ ကျောင်းသို့သွားလေ့ရှိ၏။ ပထမအကြိမ်နှိုးလျှင် မထသေး။ကိစ္စမရှိ။ဒုတိယအကြိမ်နှိုးလျှင်မထသေး။ ဘွားဒွေးကြီး ဆူလေသည်။တတိယအကြိမ်နှိုးလျှင်မထဘဲမနေဝံ့တော့ပြီ။ တတိယအကြိမ် နှိုး၍မှ မထဘဲနေလျှင် ဘွားဒွေးကြီးစိတ်ဆိုးသဖြင့် ဝါးခြမ်းဖြင့်ဆော်လေတော့၏။*

*ဤကားမောင်လူအေး၏ အအိပ်ကြီးသောဂုဏ်ထူးဝိသေသပေတည်း။*

*မောင်လူအေးကျောင်းမှထွက်၍ အလုပ်အကိုင်နှင့်ဖြစ်လာသောအခါ ယင်းဂုဏ်ထူးကြီးမှာ အနည်းငယ်လျော့သွားလေသည်။ ကျောင်းသားဘဝတုန်းက တာဝန်တွေမှာမများသေးပေ။ အခုကား တာဝန်တွေမှာများလာပေပြီ။ ငယ်ငယ်တုန်းက ဘွားဒွေးကြီးဝါးခြမ်းကို ကြောက်သောကြောင့် အိပ်ရာမှ စောစောထခဲ့ရ၏။ ယခုကား တာဝန်ဝါးခြမ်းကိုကြောက်သောကြောင့်*

---

၁။ ဂန္ထလောက (၁၂၉၅၊ ပြာသိုလ)

www.burmeseclassic.com

www.burmeseclassic.com



*စောစောအိပ်ရာမှထလေ့ရှိလေသည်။ တာဝန်ဝါးခြမ်းက ဘွားဒွေးကြီး၏ ဝါးခြမ်းထက် အဆတစ်ရာမကတန်ဖိုးကြီးမားပေသေး၏။ အိပ်မောကျနေရင်း ဆတ်ခနဲလန့်နိုးအောင်ပင်တတ်နိုင်သော တာဝန်ဝါးခြမ်းပေတည်း။*

ကျောင်းသားဘဝကပင် သိပ္ပံမောင်ဝ၏ ဘွားဒွေးကြီးဝါးခြမ်းနှင့် တာဝန်ဝါးခြမ်းတို့ကိုသဘောကျခဲ့ပါသည်။ စာလုံးတွေမကျန်အောင် အလွတ်မှတ်မိနေခဲ့ပါသည်။ တာဝန်တွေနှင့်အိပ်ချင်မူးတူးထရသည့်နံနက်ခင်းတိုင်း သည် စာပိုဒ်တွေကိုသတိရတတ်ပါသည်။ သိပ္ပံမောင်ဝ၏နိဗ္ဗာန်ဆော်ကို ဖတ်ဖူးသူတိုင်း တာဝန်ဝါးခြမ်းကို တစ်သက်လုံးစွဲနေအောင်ရေးဖွဲ့နိုင်ခြင်းမှာ သိပ္ပံမောင်ဝ၏စာပေစွမ်းရည်တစ်ပုဒ်ဖြစ်ပါသည်။

<u>ညနေခင်း</u> [၁]

သိပ္ပံမောင်ဝသည် နယ်ပိုင်၊ အရေးပိုင်၊ ဝန်ထောက်စသော အရေးပိုင် ရာထူးများထက် လွတ်လပ်သော တောသူတောင်သားတို့၏ဘဝကိုပို၍ အားကျတတ်ကြောင်း သူ့စာများ၌တွေ့ရလေသည်။ပြည်သူ့ဝန်ထမ်းဘဝထက် ယာခင်း ပိုင်ရှင်ကြီးဘဝက ပို၍လွတ်လပ်ရုံမျှမက စိတ်အေးချမ်းသာဖြစ်လှကြောင်းကို 'ညနေခင်း' ဝတ္ထုဆောင်းပါးတွင် ခံစားမှုအပြည့်နှင့်ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

*အလို၊ ဟိုမှာရှလော့။ ဆေးတံကြီးကိုခဲကာ လက်ပိုက်လျက် ယာခင်းများကို အားပါးတရ ကြည့်၍နေပေသည်။ မိမိ၏ယာခင်းများကို ကြည့်ပြီးလျှင် အားရ၍မဆုံးနိုင်၊ နှစ်သက်၍မဆုံးနိုင်၊ သဘောကျ၍ မဆုံးနိုင်ပြီ။ မိမိ၏ယာအပြင် မည်သည့်အရာကိုမှမခင်မင်။ ထိုယာသမား၏ စိတ်ထဲတွင် မိမိ၏ယာအပြင် မည်သည့်အရာကိုမျှမစုံမက်။ မိမိယာအပြင် မည်သည့်အရာကိုမျှမမြတ်နိုးပေ။ နယ်ပိုင်အလုပ်ကိုအလိုမရှိ။ အရေးပိုင် အလုပ်ကိုမလိုချင်။ မင်းကြီးအလုပ်ကိုမနှစ်သက်။ ဘုရင်ခံအလုပ်ကိုမစွဲ လမ်း။ ဘုရင်မင်းမြတ်ဖြစ်ရန်ကိုပင်စက်ဆုပ်နေပေလိမ့်မည်။ ပုဂ်တော်မှူး ကြီးအား တိုင်းပြည်ကိုအုပ်ချုပ်၍ မင်းလုပ်ပါမည့်အကြောင်း တောင်းပန်ကြ သောအခါ ခွေးမကြီး၏နို့ကို ခွေးသားကလေးများဝိုင်းစို့ကြသကဲ့သို့*

---

၁။ ဂန္ထလောက (၁၂၉၅၊ ပြာသိုလ)

www.burmeseclassic.com



*ရွှဲ့ရွှဲ့စီရရီသီးနေကြသော သခွားခင်းကိုပစ်၍ ဘယ်မှာလျှင် မင်းလုပ်ရပါ နည်းဟုငေါက်လိုက်ရာ မှူးမတ်များကဝိုင်း၍တောင်းကာမှ မင်းလုပ်သော တောင်သူကြီးမင်း၏အကြောင်းကို မောင်လူအေးသတိရမိလေသည်။ ထို အကြောင်း ရာဇဝင်စာအုပ်များတွင်ဖတ်ခဲ့စဉ်က အလွန်အသောတောင်သူကြီး ပါတကားဟု များများကြီးကဲ့ရဲ့မိခဲ့ပေ၏။ ရွတ်ချမိခဲ့ပေ၏။ ရယ်မိခဲ့ပေ၏။ ယခုတော့ မကဲ့ရဲ့၊ မရွတ်ချ၊ မရယ်လိုပြီ။ တောင်သူကြီးမင်းဘက်ကပင် ရှုနေလိုက်လိုက်ရပေဦးမည်။*

ဤကား သိပ္ပံမောင်ဝ၏နှလုံးသားအတွင်း အနက်ရှိုင်းဆုံးနေရာ၌ တိန်းဝပ်နေသောခံစားချက်ဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းကောင်းပီပီ ပြည်သူ့ဝန်ထမ်းတို့၏တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သူဖြစ်၏။ သို့သော်လည်း သူ့တွင် ရိုးသားလွတ်လပ်မှုကိုခုံမင်မြတ်နိုးသည့်အရိုးခံစိတ်ဓာတ်များရှိကြောင်း ကိုမူ သူ့စာများကလှစ်ဟဖော်ပြနေပြီးဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်း စာရေးဆရာဆိုသော်လည်း ပြည်သူ့ဘဝကို ခုံမင်မြတ်နိုးသူဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘတ်ဂျက်[၁]

သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းပီပီ အရာရာကို ပြည်သူ့ဝန်ထမ်း အမြင်နှင့်ကြည့်တတ်ကြောင်း သူ၏'ဘတ်ဂျက်'ဝတ္ထုဆောင်းပါးက သက်သေခံလျက်ရှိပါသည်။ မောင်လူအေး၏ဇနီးခင်သန်းမြင့်က သတင်းစာဖတ်ပြီး သတင်းစာတစ်စောင်လုံးဘတ်ဂျက်အကြောင်းချည်းပဲ၊ စိတ်ပျက်စရာတယ် ကောင်းဟုပြောရာ မောင်လူအေးက ...

*'ဘယ်နှယ့်ပြောပါလိမ့် ဘတ်ဂျက်ဟာ တစ်တိုင်းပြည်လုံးမှာ အရေးကြီးဆုံးမဟုတ်ပေဘူးလား။ ဘတ်ဂျက်မရှိရင် တိုင်းပြည်ကြီးကို အုပ်ချုပ်လို့ ရမှာမဟုတ်ဘူး။ အားလုံးကြောက်စရာ ကမောက်ကမတွေဖြစ်ကုန်လိမ့်မယ်။ ဘတ်ဂျက်ရှိလို့သာ တိုင်းပြည်မှာငွေဝင်ဘယ်လောက်၊ အသုံးစရိတ်က ဘယ်လောက်၊ အကြွေးကဘယ်လောက်၊ အမြတ်ကဘယ်လောက်ဆိုတာ သိတာပေါ့။ နို့မဟုတ်ရင်ခက်ကုန်မှာပဲ' ဟုပြောလိုက်လေ၏။*

---

၁ သူရိယမဂ္ဂဇင်း (၁၉၃၇၊ မေ-လ)

www.burmeseclassic.com

www.burmeseclassic.com



'တိုင်းပြည်ကို မဆိုထားနဲ့ ကိုယ့်အိမ်မှာပဲကြည့်တော့။ ဘတ်ဂျက်မလုပ်ထားတဲ့အတွက် တစ်လကိုဘယ်လောက်သုံးလို့၊ ဘယ်လောက်မြတ်တယ်၊ ဘယ်အတွက်၊ ဘယ်လောက်ကုန်တယ်ဆိုတာ ငွေဝင်နဲ့အသုံးစရိတ်ကို မျှတအောင်လုပ်ထားတာမျိုးပဲ။ ကိုယ်တို့အိမ်မှာလည်း လစဉ်ဘတ်ဂျက် လုပ်ထားဖို့ရာ ကိုယ်ကအဆိုသွင်းချင်တာပဲ ...'ဟုဆိုကာ မောင်လူအေးနှင့် ခင်သန်းမြင့်တို့ အိမ်တွင် ဘတ်ဂျက်ရေးဆွဲကြ၊ အဆိုတင်ကြ၊ ထောက်ခံကြ၊ ကန့်ကွက်ကြပုံတို့ကိုရေးသားဖော်ပြထား၏။ မောင်လူအေး၏ဘတ်ဂျက် ဇယားတစ်ခုကို အောက်ပါအတိုင်းတွေ့ရပါသည်။

(၁) အိမ်အသုံးစရိတ်

| | | |
|---|---|---|
| (က) ဈေးဖိုးတစ်နေ့ ၅/- | တစ်လ | ၆ဝ/- |
| (ခ) လက်ဖက်ရည်၊ ကော်ဖီ | တစ်လ | ၂ဝ/- |
| (ဂ) အဖျော်နှင့်ရေခဲဖိုး | တစ်လ | ၁၅/- |
| (ဃ) ဆေးလိပ်၊ စီးကရက် | တစ်လ | ၁၅/- |
| (င) ဧည့်ဝတ်စောင့်ဝတ် | တစ်လ | ၁၅/- |
| (စ) အထွေထွေ | တစ်လ | ၃ဝ/- |

(၂) မော်တော်ကားစရိတ်၊(၃) ပညာရေး၊(၄) အပျော်အပါး၊(၅) အစေခံများလစာ၊(၆) ပန်းခြံစရိတ်၊(၇) အိမ်အသုံးအဆောင်၊(၈) အသင်းကြေးများ၊ (၉) လက်ဆောင်၊ (၁၀) အလှူအတန်း (၁၁) အဝတ်အစား ဟူ၍ အိမ်တွင်ဘတ်ဂျက်ဆွဲပုံကိုကြည့်လျှင် သိပ္ပံမောင်ဝသည် အိမ်တွင်းရေး၌ ပင် ပြည်သူ့ဝန်ထမ်းအမြင်နှင့် ကြည့်မြင်တတ်သူဖြစ်ကြောင်း တွေ့ရပါသည်။

**သိပ္ပံမောင်ဝ၏ပြဇာတ်များ၌ထင်ဟပ်သော ပြည်သူ့ဝန်ထမ်းလောက**

သိပ္ပံမောင်ဝဟာ ပြည်သူ့လူထုနဲ့ တော်တော်များများ ထိတွေ့ ဆက်ဆံရတဲ့ နယ်ပိုင်ဝန်ထောက်အလုပ်ကိုလုပ်နေသူဖြစ်လို့ ဒီတြိတ် ကောင်စီ၊ မြူနီစီပယ်အဖွဲ့များမှ လာဘ်စားတာတွေ၊ ရဲအမှုထမ်းကြီးငယ်များ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးအရာရှိကြီးငယ်များ လာဘ်စားတာတွေကို အများကြီးတွေ့နေ၊ မြင်နေ၊ ကြားသိနေရတယ်။ ဒီရောဂါဟာ တိုင်းပြည်မှာအလွန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတယ်။ ပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်သင့်တယ်လို့ သူယူဆတယ်။ ဒါကြောင့် 'တင်တင့်' အမည်ခံပြီး ပြဇာတ်များရေးရာ … ဟူ၍လူထုဦးလှက "သူစာများကပြောခဲ့တဲ့သိပ္ပံမောင်ဝ"[၁] စာအုပ်မှာ ဖော်ပြထားပါသည်။ 'တင်တင့်' ဆိုသည်မှာ သိပ္ပံမောင်ဝ၏လျှို့ဝှက်ကလောင်တစ်ခုဖြစ်ပါသည်။

ပြဇာတ်တိုကလေးတွေရေးရာမှာ 'တင်တင့်' ဆိုတဲ့နာမည်ကိုခံတာ ကတော့ သူငယ်ငယ်မော်လမြိုင်မှာနေတုန်းက သူ့အပေါင်းအသင်း လောကမှာ 'မောင်စိန်တင်' လို့လည်းခေါ်တယ်။ 'မောင်စိန်တင့်' လို့ခေါ်တဲ့ လူတွေလည်း ရှိတာနဲ့ အဲဒီနှစ်ခုကိုပေါင်းပြီး ပေးလိုက်တဲ့ကလောင်နာမည်ဖြစ်တယ်လို့ ပြောပြပါတယ်။ မိဘများကမှည့်ခေါ်တဲ့နာမည်ရင်းကတော့ မောင်စိန်တင့် ပါတဲ့။

လူထုဦးလှစာအုပ်တွင် တင်တင့်ကလောင်အမည်မှည့်ခေါ်ပုံကို ဤသို့တွေ့ရပါသည်။ သိပ္ပံမောင်ဝဟာ တင်တင့်အမည်နဲ့ကြီးပွားရေးမဂ္ဂဇင်းမှာ ပြဇာတ်(၂၅)ပုဒ်တိတိရေးခဲ့ပါသည်။ သိပ္ပံမောင်ဝ၏ တင်တင့်ပြဇာတ်များ ဖြစ်ပေါ်လာပုံ အသေးစိတ်နှင့်အနှစ်သာရများ၊ ပတ်ဝန်းကျင်ဂယက်များကို လူထုဦးလှ၏စာအုပ်ထဲမှာပင်တွေ့ရှိခဲ့ရပါသည်။

၁၉၃၃-၃၄-၃၅ ဆိုတဲ့နှစ်တွေဟာ ဒီစတြိတ်ကောင်စီနဲ့ မြူနီစီပယ် အဖွဲ့တွေမှာလာဘ်ပေးလာဘ်ယူကိစ္စတွေ အလွန်သောင်းကျန်းနေတဲ့ခေတ်ဖြစ် တယ်။ သိပ္ပံမောင်ဝဆိုတဲ့ကလောင်အမည်နဲ့လူသိများတဲ့ဦးစိန်တင်ဟာ အဲဒီ အခါတုန်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ညောင်တုန်းမြို့မှာ နယ်ပိုင်ဝန်ထောက် အလုပ်လုပ်နေပါတယ်။

သိပ္ပံမောင်ဝက အဲဒီခေတ်မှာ အမြင်မတော်တာတွေကိုရေးချင်၊ ဖော်ထုတ်ချင်တယ်။ ပြည်သူလူထုသိအောင်လုပ်ချင်တယ်။ ဒါနဲ့ပြဇာတ်တို တစ်ပုဒ်ရေးပြီး ရန်ကုန်အနော်ရထာလမ်းနဲ့ဗိုလ်အောင်ကျော်လမ်းထောင့်မှာရှိတဲ့ သူရိယသတင်းစာတိုက်ကိုပို့လိုက်တယ်။

ပြဇာတ်နာမည်က 'ငို့ဘ' တဲ့ကလောင်အမည်ခံထားတာက 'တင်တင့်' တဲ့။

---

၁။ သူစာများကပြောခဲ့တဲ့သိပ္ပံမောင်ဝ၊ လူထုဦးလှ၊ ကြီးပွားရေးပုံနှိပ်တိုက် (ဇူလိုင်၊ ၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တွေ၊ အစိုးရလုပ်ငန်းတွေမှာ လာဘ်ပေး၊ လာဘ်ယူရှုပ်ထွေးတာတွေကိုရေးဖို့ကသူ့လိုအစိုးရအထက်တန်းအရာရှိ တစ်ယောက်အတွက်မဖြစ်နိုင်ဘူး။ အစိုးရအမှုထမ်းများ ကျင့်ဝတ်ဥပဒေကခွင့်မပြုတဲ့အပြင် သိပ္ပံမောင်ဝဆိုတဲ့ကလောင်ကို ဦးစိန်တင်ရယ်လို့ လူတိုင်းလိုလိုကသိနေတယ်မဟုတ်လား။ ဒီနာမည်နဲ့ရေးရင်ကောင်းကောင်းကြီးပြဿနာပေါ်မယ်။

'ငို့ဘ'ဆိုတဲ့ပြဇာတ်တိုတိုကလေးမှာ ပါတာတွေကတော့ မြူနီစီပယ် အဖွဲ့တစ်ခုမှာ ထင်သလိုလုပ်နေကြတဲ့အကြောင်းတွေပါပဲ။ အကြောင်းအရာတွေက အမှန်တွေချည်းဖြစ်နေပါတယ်။ သူကိုယ်တိုင်သိတာတွေဖြစ်တယ်။ မှန်ပေမယ့် ဆိုင်ရာလူတွေက သူတို့ကိစ္စကိုနာမည်တွေပြောင်းပြီး နာမည်ပျက်အောင်တမင်လုပ်တယ်ဆိုပြီး အသရေဖျက်မှုနဲ့တရားစွဲမယ်ဆိုရင် အမှုဖြစ်နိုင်တယ်။

ပြဇာတ်တိုဆိုတာကလည်း သတင်းစာမှာ ဆောင်းပါးလိုထည့်ကြတဲ့ ပုံစံမျိုးမဟုတ်ဘူး။ သူရိယမဂ္ဂဇင်းနဲ့ဆိုရင် နည်းနည်းနီးစပ်ပါရဲ့။ ဒါပေမယ့် သူရိယမဂ္ဂဇင်းကလည်း ဝတ္ထုကောင်းကောင်းနဲ့ဆောင်းပါးများကိုသာ ဂရုတစိုက်ထည့်တယ်။ ဒီလိုခေတ်ပြဇာတ်ဟန်နဲ့ခေတ်ပြင်စာမျိုးကို ထည့်လေ့မရှိဘူး။

ဒါ့အပြင် သူရိယသတင်းစာကိုအုပ်ချုပ်သူ၊ ထုတ်ဝေသူနဲ့အသိုက်အဝန်းတွေက ဦးဘဖေ၊ ဦးပု စတဲ့ (၂၁)ဦး အရင်းခံပုဂ္ဂိုလ်တွေဖြစ်တယ်။ မင်းတိုင်ပင်အဖွဲ့၊ မြူနီစီပယ်အဖွဲ့၊ ဒီစတြိတ်ကောင်စီအဖွဲ့တွေမှာ ပြည်သူပြည်သားပါတီလို့လဲ အဲဒီအခါက ခေါ်ကြတဲ့ (၂၁)ဦးပါတီဝင်တွေ တော်တော်များများရှိနေကြတယ်။ အဲဒီလူတွေထဲမှာ ကောင်းသူတွေရော၊ မကောင်းသူတွေပါရောနေတယ်။ ဒါကြောင့် အဲဒီအခါတုန်းက သူရိယသတင်းစာ၊ သူရိယမဂ္ဂဇင်းအနေနဲ့ ဒီလိုစာမျိုးထည့်သွင်းဖော်ပြလို့ဘယ်ဖြစ်ပါ့မလဲ။ ဒီလိုထည့်ပေးရင်ဆူကုန်ကြမှာပေါ့။ ကိုယ့်တပ်ကိုယ်ပြန်နင်းတယ်လို့ ဆိုကြမှာပေါ့။ အယ်ဒီတာလဲအလုပ်ပြုတ်လိမ့်မယ်။

သိပ္ပံမောင်ဝပို့လိုက်တဲ့ 'တင်တင့်' ရဲ့ 'ငို့ဘ' ပြဇာတ်ကို သူရိယသတင်းစာကမထည့်တာနဲ့ သိပ္ပံမောင်ဝရဲ့ဆန္ဒအရ ကိုမြို့မင်းက၊ သူရိယက

www.burmeseclassic.com

www.burmeseclassic.com



မြန်တောင်းခဲ့ပြီး ကျွန်တော်(လူထုဦးလှ) အယ်ဒီတာအဖြစ်နဲ့တာဝန်ခံထုတ်ဝေနေတဲ့ ကြီးပွားရေးမဂ္ဂဇင်းမှာ သုံးနိုင်ရင်သုံးပါဆိုပြီးလာပေးတယ်။ အဲဒီတုန်းက စွဇင်းထုတ်တဲ့နေရာဟာ အမှတ်(၁၇၂)ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းမှာရှိတဲ့ ထူငယ်များကြီးပွားရေးအသင်းတိုက်ခန်းကလေးပါပဲ။

ပြဇာတ်တိုကလေးကို ကျွန်တော်(လူထုဦးလှ) သဘောကျတာပေါ့။ ဒါနဲ့ယူထားလိုက်ပြီး ၁၉၃၄ခုနှစ်ဖေဖော်ဝါရီလထုတ် မဂ္ဂဇင်းမှာထည့်လိုက်တယ်။ စာဖတ်ပရိသတ်က အလွန်သဘောကျကြတယ်။ ပြည်သူတွေအနေနဲ့ ဒီစာမျိုးတွေကိုမျှော်နေတယ်ဆိုတာ အလွန်သိသာပါတယ်။

အထက်ပါလူထုဦးလှ၏ ညွှန်းဆိုချက်ကိုကြည့်ရင်းဖြင့် သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းစာရေးဆရာဘဝကို အကဲခတ်နိုင်ကြမည်ဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းပီပီ သူကျင်လည်ထိတွေ့ရသည့် ပြည်သူ့ဝန်ထမ်းလောကအတွင်းရှိ အမြင်မတော်မှုတွေကို ရေးဖွဲ့တင်ပြချင်သူဖြစ်သည်။ ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ပြုပြင်ချင်သူဖြစ်သည်။သို့သော် ပြည်သူ့ဝန်ထမ်းပီပီ မိမိရေးချင်သည်ကိုမရေးရ။ စာရေးဆရာပီပီ မိမိရေးသင့်သည်ဟုယူဆရာကိုရေးလိုသည်။ ထိုအခက်အခဲများအကြားမှလွတ်မြောက်ရန် နည်းကိုသိပ္ပံမောင်ဝရှာတွေ့ခဲ့သည်။ ကလောင်နာမည်ဝှက်သုံး၍ရေးခြင်းဖြစ်သည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် သိပ္ပံမောင်ဝသည် စာရေးဆရာပီပီ မိမိ ရေးကြည်ရာကိုမရရသည့်နည်းဖြင့် ကြိုးပမ်းရေးသားခဲ့သည့်စာရေးဆရာ စစ်စစ်တစ်ဦးဖြစ်ကြောင်း သူ၏ပြဇာတ်များကသက်သေခံလျက်ရှိပါသည်။

**အောသာလအိပ်မက်ပြဇာတ်** [၁]

တရားသူကြီးက တရားလို၊ တရားခံနှစ်ဘက်စလုံးမှလာဘ်ထိုးခြင်း ခံရသောပေါ် ခံစားပုံများကိုရေးဖွဲ့ထားသောပြဇာတ်ဖြစ်ပါသည်။ တရားစီရင်ရေး ဆိုင်ရာ ပြည်သူ့ဝန်ထမ်းဘဝကိုထင်ဟပ်သောပြဇာတ်ဖြစ်ပါသည်။

**ဇာတ်သမား** [၂]

မိန်းမပျိုလေးများကို ရာထူးပြပြီး ဖျက်ဆီးညာဝါး၊ ကလိမ်ကျသူများအကြောင်းကို ရေးဖွဲ့ထားသောပြဇာတ်ဖြစ်ပါသည်။ ပြည်သူ့

---

[၁] ကြီးပွားရေး တွဲ၄၊ မှတ်၂၊ (နိုဝင်ဘာလ)

[၂] ကြီးပွားရေး တွဲ၃၊ မှတ်၁၀၊ (ဇူလိုင်လ၊ ၁၉၃၅)

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအရာရှိလောက၏ အတွင်းသရုပ်ကို ဖော်ပြသောပြဇာတ်ဖြစ်ပါသည်။

**ခံတွင်းသုံးပေါက်** -၁-

ဘိန်းဖမ်းသော ယစ်မျိုးအင်စပက်တော်၏ဖမ်းမိသောဘိန်းကိုလည်းယူ၊ ငွေကိုလည်းစား၊ အစိုးရပေးသောဆုကိုလည်းရရှိပုံများကို ရေးဖွဲ့ထားသော ပြဇာတ်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းယစ်မျိုးအရာရှိဆိုးများကို ပြုပြင်ရန်ရေးဖွဲ့ ထားသောပြဇာတ်ဖြစ်ပါသည်။

**ငို့ဘပြဇာတ်** -၂-

မြူနီစီပယ်ဥက္ကဋ္ဌက အမှုဆောင်များနှင့်ပင်း၍ မိမိတူကို အတွင်းရေးမှူးရာထူးပေးပုံ၊ မကျေနပ်သူအဖွဲ့ဝင်အချို့ကလက်ရှိအဖွဲ့ကို မဲဖြင့်ဖြုတ်ချပြီး ဥက္ကဋ္ဌသစ်တင်ရာဥက္ကဋ္ဌအသစ်ကလည်း သူ့တူကိုအတွင်းရေးမှူးခန့်၍ ငါ့ဖို့လမ်းစဉ်အတိုင်း လိုက်ကြပုံများကိုရေးဖွဲ့ထားသောပြဇာတ်ဖြစ်သည်။ ထိုခေတ်က မြူနီစီပယ် ပြည်သူ့ဝန်ထမ်းလောက ပြုပြင်ရေးပြဇာတ်ဖြစ်ပါသည်။

**ပရဟိတ** -၃-

ကျေးရွာဒိစတြိတ်ကောင်စီလူကြီးများ၏ ကလိမ်ကျစ်ဉာဏ်စားကြပုံများအကြောင်းကိုရေးဖွဲ့ထားသောပြဇာတ်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းအတွေ့အကြုံအရတွေ့မြင်ရသည့် ဒိစတြိတ်ကောင်စီလူကြီးများ၏အကျင့်စရိုက်ကို ပြုပြင်စေလိုသောသိပ္ပံမောင်ဝ၏ စေတနာကို ဤပြဇာတ်တွင် အထင်းသားတွေ့မြင်ရသည်။

**မာယာသည်** -၄-

တားပြတိုက်မှုနှင့် အစွပ်စွဲခံရသော တရားခံကို သေသည့်တိုင်အောင်ရိုက်စစ်ပြီး လေဖြတ်၍သေသည်ဟုအကြောင်းပြလိုက်သော ရဲခေတ်ပုလိပ်များ၊ စစ်ဆေးသည့်ဆရာဝန်များစသည့် အကျင့်ပျက်သည့်အမှုထမ်းတို့

၁။ ကြီးပွားရေး တွဲ၃၊ မှတ်၇၊ (ဧပြီလ၊ ၁၉၃၅)
၂။ ကြီးပွားရေး တွဲ၂၊ မှတ်၅၊ (ဖေဖော်ဝါရီလ၊ ၁၉၃၄)
၃။ ကြီးပွားရေး တွဲ၄၊ မှတ်၂၊ (နိုဝင်ဘာလ)
၄။ ကြီးပွားရေး တွဲ၃၊ မှတ်၅၊ (ဖေဖော်ဝါရီလ၊ ၁၉၃၅)

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ရေးဖွဲ့ထားသောပြဇာတ်ဖြစ်သည်။ သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းအတွေ့အကြုံမှ ပေါက်ဖွားလာသောပြဇာတ်ဖြစ်ပါသည်။

**လူသတ်သခင်**

လူသတ်မှုကို အဖေကတရားရုံးနှင့်ပုလိပ်ဘက်သို့ ငွေထိုးပြီး လွတ်မြောက်အောင်ကြံဆောင်ပုံ အကြောင်းရေးဖွဲ့ထားသောပြဇာတ်ဖြစ်ပါသည်။ ငွေများတရားနိုင်၊ အမှုပျောက်သည့်အကျင့်ဆိုးကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

တင်တင့်အမည်နှင့် ရေးသားသော သိပ္ပံမောင်ဝ၏ပြဇာတ်များသည် အကျင့်ပျက်စရိုက်ဆိုးများ ဝန်ထမ်းလောက၌ပပျောက်စေရေးကို ဦးတည်၍ ရေးဖွဲ့ထားသောပြဇာတ်များဖြစ်ပါသည်။ စာရေးဆရာတစ်ဦးအနေနှင့် မိမိမြင်လည်းရာပတ်ဝန်းကျင်၌အမြင်မတော်သည်ကို အမြင်မတော်သည့်အတိုင်း၊ ပြုပြင်ရန်လိုသည်ကို ပြုပြင်ရန်လိုသည့်အတိုင်းရေးဖွဲ့ရန်မှာ အလွန်ခဲယဉ်းလှပါသည်။ အထူးသဖြင့် သိပ္ပံမောင်ဝကဲ့သို့ အစိုးရပင်စင်ညာဉ်ခံပြည်သူ့ဝန်ထမ်းတစ်ဦးအနေနှင့် ဤသို့သောအကြောင်းအရာများကို စာထက်အက္ခရာတင်ရန်မလွယ်ကူနှင့်၊ စဉ်းပင်စဉ်းစားရန်မဝံ့သောကိစ္စဖြစ်သည်။ ထိုသို့ အလွန်အခွင့်အရေးနည်းပါး၍အန္တရာယ်များလှသည့်ကြားမှ စာရေးဆရာပီပီ သူ့အချိန်အခါက ရေးစရာရှိသည်များကို ရေးဖြစ်အောင်ရေးနိုင်စွမ်းခြင်းအပေါ် ချီးကျူးရမည်ဖြစ်သည်။ ပြည်သူ့စာရေးဆရာပီသခြင်းဖြစ်ပါသည်။ စာပေသမားစစ်စစ်အဖြစ် သူ့ခေတ်ကိုထင်ဟပ်သည့်စာမျိုးကို မချွင်းမချန်ရေးနိုင်စွမ်းသည့်ပြည်သူ့ဝန်ထမ်းစာရေးဆရာသိပ္ပံမောင်ဂဟု ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**သိပ္ပံမောင်ဝ၏ ပေးစာများ၌ထင်ဟပ်သော ပြည်သူ့ဝန်ထမ်းလောက**

စာရေးဆရာသိပ္ပံမောင်ဝသည် စာမျိုးစုံကိုရေးသော စာရေးဆရာတစ်ဦးဖြစ်သကဲ့သို့ ကလောင်အမည်မျိုးစုံနှင့်ရေးသော စာရေးဆရာလည်းဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏စာပေလက်ရာများထဲတွင် ထူးခြားသောအရေးအသွေးတစ်မျိုးမှာ ‘ပေးစာ’ ရေးနည်းဖြစ်ပါသည်။ ‘ပေးစာ’ ရေးရာ၌ မိတ်ဆွေများထံ ပေးစာရေးသည့်သဘောမျိုးရေးသည်လည်းရှိသည်။ အယ်ဒီတာသို့ပေးစာပုံစံနှင့်ရေးသည်များလည်းရှိပါသည်။

www.burmeseclassic.com



ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်၍ လာဘ်ပေးလာဘ်ယူကိစ္စကို ဝန်ထမ်းကောင်းပီပီ သိပ္ပံမောင်ဝ လိုလားနှစ်သက်ပုံမရ။ ထို့ကြောင့် တင်တင့် ကလောင်အမည်နှင့် ဓာတ်လမ်းများဖွဲ့ကာ ပြဇာတ်အသွင်နှင့် တင်ပြရေးဖွဲ့ ပါသည်။ ထိုသို့တင်တင့်ပြဇာတ်များထွက်ပေါ်လာပြီး ပရိသတ်အတွင်းပျံ့နှံ့ သွားပြီးနောက် တင်တင့်ပြဇာတ်များကိုအခြေခံ၍ ပြည်သူ့ဝန်ထမ်းများနှင့် လာဘ်ပေးလာဘ်ယူကိစ္စကို အငြိမ်းစားဝန်ထောက်ဦးရွှေလှပေးစာ၊ တင်တင့်၏ ပြန်ကြားစာ၊ ပုလိပ်လုထွက်တစ်ဦး၏အယ်ဒီတာထံပေးစာ၊ တရားခံရှေ့နေတစ် ဦး၏ထင်မြင်ချက်ပေးစာ၊ ကုန်သည်မောင်ရွှေသိန်း၏ထင်မြင်ချက်ပေးစာတို့ ကို သိပ္ပံမောင်ဝကိုယ်တိုင် လျှို့ဝှက်ကလောင်အသီးသီးနှင့်ရှုမြင်သုံးသပ်ပုံ အမျိုးမျိုးကို ပေးစာများအသွင်နှင့်ရေးသားထားကြောင်းသိရှိရပါသည်။သည်လို ရေးဖွဲ့ခြင်းနှင့်ပတ်သက်၍ ကြီးပွားရေးအယ်ဒီတာလူထုဦးလှ၏သုံးသပ်ချက် ကိုအောက်ပါအတိုင်းတွေ့မြင်ရပါသည်။

သိပ္ပံမောင်ဝရေးတဲ့ လာဘ်ပေးလာဘ်ယူတဲ့ကိစ္စနဲ့ ပတ်သက်တဲ့ ဆောင်းပါးများကို ဟိုခေတ်စာဖတ်ပရိသတ်က အများကြီးစိတ်ဝင်စားကြ တယ်။ အထူးသဖြင့်လူငယ်တွေကစိတ်ဝင်စားကြပါတယ်။

သိပ္ပံမောင်ဝဟာ ပြည်သူလူထုနဲ့ တော်တော်များများ ထိတွေ့ဆက်ဆံ ရတဲ့ နယ်ပိုင်ဝန်ထောက်အလုပ်ကို လုပ်နေသူဖြစ်လို့ ဒီစတြိတ်ကောင်စီ၊ မြူနီစီပယ်အဖွဲ့များမှ လာဘ်စားတာတွေ၊ ရဲမှူးထမ်းကြီးငယ်များ၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအရာရှိကြီးငယ်များလာဘ်စားတာကို အများကြီးတွေ့နေ၊ မြင်နေ၊ ကြားသိနေရတယ်။ ဒီရောဂါဟာ တိုင်းပြည်မှာ အလွန်ဆိုးနေတယ်။ ပပျောက်အောင် ဝိုင်းဝန်းလုပ်သင့်တယ်လို့ သူယူဆတယ်။ ဒါကြောင့် တင်တင့်အမည်ခံပြီး ပြဇာတ်များရေးရာ တောပွဲစားကလေးသံချောင်းအဖြစ်နဲ့ စာများရေးရာမှာလဲ လာဘ်ပေးလာဘ်ယူကိစ္စများကို အများကြီးဖော်ထုတ် လေ့ရှိပါတယ်။ မောင်သံချောင်းပေးစာတွေထဲမှာတော့ သတင်းထောက်တွေ လိုရင်လိုသလို မလိုရင်မလိုသလိုလုပ်တတ်ပုံ၊ လာဘ်စားပုံ၊ ခေါက်ဆွဲတစ်ခွက်၊ လက်ဖက်ရည်တစ်ခွက်လဲ မရှောင်ပုံများကိုရေးလေ့ရှိပါတယ်။

အဲဒီလိုရေးနေတာတွေအပြင် အယ်ဒီတာထံပေးစာတွေရေးပြီး တီတီ

www.burmeseclassic.com



ထွင်ထွင် ရေးပါသေးတယ်။ လူထုဦးလှ၏တင်ပြမှုအတိုင်းပင်ဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် ရှုထောင့်အသီးသီးမှ ထောင့်စုံအောင်ရေးသားခဲ့ပါသည်။ သိသာရန်အကျဉ်းမျှတင်ပြပါမည်။

## အငြိမ်းစားဝန်ထောက်ဦးရွှေလှ၏ပေးစာ

အငြိမ်းစားဝန်ထောက် ဦးရွှေလှ၏ပေးစာတွင် ....

ငွေစားသောအစိုးရအမှုထမ်းများ၊ မတရားလုပ်သောအစိုးရအမှုထမ်းများ မရှိဟူ၍မဆိုနိုင်ပါ။ အများပင်ရှိပါသည်။ သို့သော် ငွေမစားဘဲ တရားအတိုင်းဆောင်ရွက်ကြသော အစိုးရအမှုထမ်း အများပင်ရှိသေးကြောင်းကိုလည်း သတိချပ်ရာသည်။ သို့ဖြစ်သောကြောင့် ဆရာတို့ မဂ္ဂဇင်းပြဇာတ်များတွင် ငွေစား၍မတရားပြုလုပ်နေကြသော အစိုးရအမှုထမ်းတို့အကြောင်းကိုသာလျှင် အပြစ်ပြု၍ရေးသားခြင်းမပြုဘဲ ကောင်းသောအစိုးရအမှုထမ်းတို့၏အကြောင်းကိုလည်း ရေးသားဖော်ပြသင့်သည်ဟုထင်ပါသည်။

ငွေစားခြင်းမှာလည်း ပေးသူရှိသောကြောင့်သာစားကြပါသည်။ စားချင်သူရှိသောကြောင့်လည်းပေးကြပါသည်။ သို့ဖြစ်သောကြောင့် လာဘ်စားခြင်းတွင် စားသူရောပေးသူပါ နှစ်ဦးစလုံးအပြစ်မကင်းကြပေ။ အိန္ဒိယရာဇဝတ်ဥပဒေကလည်း လာဘ်စားသူရောပေးသူပါနှစ်ဦးစလုံးတို့ကို အပြစ်ပေးနိုင်ပါသည် ... ဟုဖော်ပြရေးသားထားသည်ကိုတွေ့ရပါသည်။

## တင်တင့်၏ပြန်ကြားချက်

ပြဇာတ်ရေးသူတင်တင့်၏ပြန်ကြားချက်တွင် .....

ထိုမတရားသော အစိုးရအမှုထမ်းများ မတရားသောအမှုကိုလုပ်နေသည်ကိုမြင်ရလျှင် ကြည့်မနေနိုင်သောကြောင့် မဂ္ဂဇင်းထဲမှနေ၍ ပြဇာတ်အဖြစ်ထုတ်ဖော်ရေးသားခြင်းမျှဖြစ်ပါသည်။ ဤသို့ရေးသားခြင်းအားဖြင့် မတရားပြုကျင့်သောသူများ၊ နောင်တရပြီးလျှင် နောင်ကိုတရားတိုင်းဆောင်ရွက်လာချင်သောစိတ်ထားမျိုးပေါ်ပေါက်ရန် အကြောင်းရှိပါသည်။ ထို့ပြင်လည်း လက်အောက်ငယ်သားများ မတရားလုပ်နေကြကြောင်း၊ မည်သို့

www.burmeseclassic.com



မတရားလုပ်တတ်ကြောင်းများကို အထက်လူကြီးများ သိစေရန်ရေးသား ဖော်ပြခြင်းဖြစ်ပါသည်။ အကယ်၍အထက်လူကြီးများက မိမိတို့၏လက် အောက်ငယ်သားများ မတရားလုပ်နေပုံအမျိုးမျိုးကို ဟုတ်တိုင်းမှန်ရာသိပါ လျှင် ထိုလက်အောက်ငယ်သားတို့အား တရားအတိုင်းဖြစ်အောင်ဆုံးမနိုင်ပါ သည်။ ယခုမှာကား အထက်အရာရှိများသည်အများအားဖြင့် မိမိတို့၏ လက်အောက်ငယ်သားများရှုပ်ပွေနေကြသည်ကို မသိကြပါ။

အငြိမ်းစားဝန်ထောက်ကြီး၏ စာတွင်ပါသည့်အတိုင်း အစိုးရအမှု ထမ်းများငွေစားခြင်း၊ မတရားပြုလုပ်နေခြင်းတို့ကို တားဆီးရန်အကြံ ပေးသင့်သည်၊ ဆောင်ရွက်သင့်သည်မှာမှန်ပါသည်။ သို့ရာတွင် မဂ္ဂဇင်း ထဲတွင် ပြဇာတ်များကိုရေးသားနေသည်မှာ ငွေစားခြင်း၊ မတရားလုပ်ခြင်း တို့ကိုပပျောက်ရန် ဆောင်ရွက်ခြင်းတစ်မျိုးပင်ဖြစ်ပါသည်။ ငွေစားခြင်း၊ မတရားပြုလုပ်ခြင်းတို့ ဖော်ပြရန်မှာ ပြဇာတ်ဆရာ၏ တာဝန်မဟုတ်ပေ။ ဆောင်းပါးရှင်၏တာဝန်သာဖြစ်ပါသည်။

ဤကား သိပ္ပံမောင်ဝ၏ ပြဇာတ်ရေးသားသော 'စေတနာ' နှင့် 'စာပေသဘောတရား' အယူအဆများပင်ဖြစ်ပါသည်။ ပြဇာတ်နှင့် ဆောင်းပါးတို့၏ကွဲပြားမှုခြားနားမှုကို ခွဲခြားပြထားသည်မှာ မှတ်သားစရာ ဖြစ်ပါသည်။

## ပုလိပ်လူထွက်တစ်ဦး၏ထင်မြင်ချက်

ပုလိပ်လူထွက်တစ်ဦး၏ထင်မြင်ချက်အနေနှင့် ရေးသားရာတွင် ……'လာဘ်စားခြင်းသည် ခိုးခြင်းမဟုတ်၊ လိမ်လည်ခြင်းမဟုတ်၊ အပြစ်ရှိ သည်မဟုတ်ဟူ၍ ထင်မှတ်သည်ကများလေသည်။ လာဘ်စားသည်ကိုထမင်း စားရေသောက်သလောက်အရေးမကြီးဟူ၍ ထင်မှတ်နေသူအမြောက်အမြား ပင်ရှိနေသည်ကိုလည်း သတိချပ်ရာသည်။ လာဘ်စားသောအရာရှိတစ်ယောက် အား အစိုးရကအပြစ်ပေးလိုက်သောအခါ လူအများကဝမ်းသာရမည့်အစား ဝမ်းနည်းကြ၊ သနားကြလေ့ရှိကြလေသည်။ လာဘ်စားသောသူများကိုတကယ် တမ်းစက်ဆုပ်ခြင်းမဖြစ်သမျှကာလပတ်လုံး မြန်မာပြည်တွင် လာဘ်စားခြင်း အလေ့အထပပျောက်နိုင်မည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အချို့ဆွေမျိုးများကလည်းငွေမစားချင်လျှင် အစိုးရအလုပ်ကိုမလုပ်ဘဲ ဘုန်းကြီးဝင်လုပ်ပါဟု တိုက်တွန်းသလိုနှင့်ပြောင်လှောင်လေ့ရှိကြပါသည်။

ဤသို့လာဘ်စား၍ ရသောငွေများနှင့် စားသောက်သုံးစွဲနေသည်ကို မြင်ရသောသူတို့က ကျွန်တော့်အားကဲ့ရဲ့ကြပါသလားဟုမေးစရာရှိပါသည်။ ချည်သူမျှမကဲ့ရဲ့ပါ။ အင်မတန်ကံကောင်းတဲ့လူ၊ အင်မတန်တော်တဲ့လူဟူ၍ပင် ချီးမွမ်းကြပါသေးသည်။ ရှင်ပြုပွဲထိုင် မင်္ဂလာဆောင်မှစ၍ လူအများသွားသော ပွဲလမ်းသဘင်များကိုလည်း မကြာမကြာဖိတ်ကြပါသည်။ ပွဲလမ်းသဘင်များ သို့ သွားသောအခါများတွင်လည်း အားလုံးကပင်ခေါ်ခေါ်ပြောပြောလုပ်ကြ ပါသည်။ အားလုံးကပင်မြတ်နိုးကြပါသည်။

သို့ဖြစ်သောကြောင့် အကယ်၍ လာဘ်စားခြင်းရောဂါဆိုးကြီး မြန်မာပြည်တွင် ကင်းစင်သွားစေလိုလျှင် တိုင်းသူပြည်သားတို့က လာဘ်စား သူတို့အား နှာစွဲနေသူတို့ကဲ့သို့ စက်ဆုပ်လာစေရန် ဆောင်ရွက်ရေးသား သင့်ကြပေသည် ..... ဟုဖော်ပြထားပါသည်။

## တရားခံရှေ့နေ၏ထင်မြင်ချက်

တရားခံရှေ့နေတစ်ဦးအနေနှင့် ရေးသားရာတွင် ....

ကျွန်တော်၏အိုင်စီအက်မိတ်ဆွေများ ငွေမစား။ လခကောင်း၍ တည်း။ တက်လမ်းများ၍တည်း။ ကျွန်တော်၏အက်စီအက်စ်မိတ်ဆွေများ လာဘ်စား၏။ လခနည်း၍တည်း။ တက်လမ်းမရှိ၍တည်း။ အက်စီအက်မြို့ အုပ်ကလေးတို့သည် အိုင်စီအက်အရေးပိုင်များထက် အလုပ်များသော်လည်း ၎င်းတို့၏မော်တော်ကားစရိတ်မျှသော ကြေးငွေလစာကိုသာရသည်။ ကျွန်ုပ် သည် လာဘ်စားခြင်းကိုစက်ဆုပ်သည်။ သို့သော် ကျွန်ုပ်သည် အက်စီအက်စ် မြို့အုပ်ကလေးဖြစ်မူ ငွေစားကောင်းစားလိမ့်မည်။ 'မိန်းမကိုစိန်နားကပ် ဆင်ရက အရေးမကြီးသော်လည်း ကလေးကိုပညာပေးဖို့အရေးကြီးသည်။ မြို့အုပ်လခကား ကလေးကျောင်းထားနိုင်လောက်အောင်မရ။

ထို့ကြောင့်လာဘ်စားခြင်းပပျောက်စေလိုက အစိုးရအမှုထမ်းကလေး များကို လခကြေးငွေအလုံအလောက်ပေးရမည် .... ဟုဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကုန်သည်မောင်ရွှေသိန်း၏ထင်မြင်ချက်

ကုန်သည်ကလေးမောင်ရွှေသိန်း၏ပေးစာအဖြစ် သိပ္ပံမောင်ဝက ရေးဖွဲ့ရာတွင် ..

ယခုလက်ရှိလာဘ်စားနေကြသော သူတို့အားကုသမည်လော။ သူတို့အားမကုပါနှင့်တော့။ ရောဂါကျွမ်းနေပြီ။ ကုသ၍ရတော့မည်မဟုတ်။ မိမိတို့တွင် စွဲကပ်နေသောရောဂါကိုပင် ရောဂါဟူ၍ထင်သူများမဟုတ်ကြချေ။ ပိုးဖလံမျိုးကား မီးကိုတိုးကြမည်ပင်။ ထိုသူတို့အားလျစ်လျူရှုပါတော့။ ရောဂါ မကူးစက်သေးသော ကျောင်းသားအရွယ်သူငယ်လေးတို့အား ဤရောဂါဆိုး ကြီးမကူးစက်စေရန် တားဆီးရပေမည်။ ဖြောင့်မတ်တည်ကြည်သောစိတ်ထား ကျောင်းသားကလေးများတွင် ထက်သန်စွာပေါ်ပေါက်စေရန်လည်းကောင်း၊ ကျောင်းသားကလေးများစိတ်တွင် ဖြောင့်မတ်တည်ကြည်သောဂုဏ်ကို အရေး တကြီးစောင့်ရှောက်လိုသော စိတ်ထားပြင်းစွာပေါ်ပေါက်၍လာကြစေရန် လည်းကောင်း၊ ကျောင်းသားကလေးများစိတ်တွင် လာဘ်စားခြင်းမှာ အလွန် ဆိုးဝါးသောရောဂါဆိုးကြီးဖြစ်ကြောင်း ထင်ထင်ရှားရှားသိရှိလာကြစေရန် လည်းကောင်း ဆောင်ရွက်ကြရပေမည် ..... ဟုရေးသားခဲ့ပါသည်။

သိပ္ပံမောင်ဝ၏ပေးစာများကိုကြည့်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းကောင်း ဖြစ်ကြစေချင်သည့် စေတနာကိုအထင်းသားပေါ်လွင်နေပါသည်။ မကောင်း သောအကျင့်ဆိုး၊ စရိုက်ဆိုးများပပျောက်စေရန် သူ့ခေတ်၊ သူ့အခါက ကလောင်စွမ်းဖြင့်မရရအောင် သူနိုင်စွမ်းသမျှကာကွယ်စောင့်ရှောက်ခဲ့သည်မှာ လေးစားကြည်ညိုဖွယ်ဖြစ်ပါသည်။ သို့ကြောင့်လည်း သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းကောင်း စာ ရေးဆရာတစ်ဦးဟုကျွန်တော်ထပ်ဆင့် ဖွင့်ဆိုချင် ပါသည်။

## သိပ္ပံမောင်ဝနှင့်ပြည်သူ့ဝန်ထမ်းစာရေးဆရာ

သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းစာရေးဆရာစစ်စစ်တစ်ဦးဖြစ်ပါ သည်။ ပြည်သူ့ဝန်ထမ်းစာရေးဆရာဆိုရာ၌ ပြည်သူ့ဝန်ထမ်းဘဝကိုထင်ဟပ် သောစာများကို စဉ်ဆက်မပြတ်ရေးသားခဲ့သောစာရေးဆရာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝ၏စာပေလက်ရာများအပေါ် ခြုံငုံလေ့လာသုံးသပ်သည့်အခါ သိပ္ပံမောင်ဝသည် ဘဝနိဂုံးတိုင် ပြည်သူ့ဝန်ထမ်းတာဝန်ကိုလည်းကောင်း၊ မြန်မာစာပေကိုလည်းကောင်း နောက်ဆုံးအချိန်အထိတာဝန်ကျေပွန်စွာသယ်ပိုးထမ်းဆောင်ခဲ့သော ပြည်သူ့ဝန်ထမ်းစာရေးဆရာကြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းဘဝကို ထင်ဟပ်သောစာပေများအနက် အစောဆုံးတွေ့ရသောလက်ရာမှာ ၁၉၃၀၊ ဩဂုတ်လ၌ရေးသားခဲ့သည့် '**ဘထွန်း**' ဝတ္ထုဆောင်းပါးဖြစ်သည်။ ဤဝတ္ထုတွင် ပြည်သူ့ဝန်ထမ်းနယ်ပိုင်မင်း၏အတွေးအမြင်ကို ဖော်ပြထားခဲ့သည်။ ဗီဇနှင့်ပတ်ဝန်းကျင်အပေါ်ထားရှိသော သိပ္ပံမောင်ဝ၏အမြင်ကိုလည်းတွေ့မြင်ရသည်။ ပြည်သူ့ဝန်ထမ်းတို့၏ပြုပြင်ရေးစိတ်ဓာတ်ကိုလည်းတွေ့ရသည်။

၁၉၃၀၊ ဒီဇင်ဘာလတွင်ရေးဖွဲ့ခဲ့သော '**အိုင်စီအက်စ်**' ဝတ္ထုဆောင်းပါးတွင် ထိုခေတ်၊ ထိုအခါက ပြည်သူ့ဝန်ထမ်းအိုင်စီအက်စ်များကို သားမက်ဖမ်းကြသည်အထိ အရေးပေးကြပုံကို သရော်ထားသောစာဖြစ်၏။ ပြည်သူ့ဝန်ထမ်းဖြစ်လျှင်ပြီးရောဟု ရာထူးမက်ကြသည်ကို လှစ်ဟပြသည့်စာတစ်ပုဒ်ဖြစ်သည်။

၁၉၃၀ ဒီဇင်ဘာလတွင် မောင်လူအေးဇာတ်ကောင်နှင့် ရေးဖွဲ့ထားသော သိပ္ပံမောင်ဝ၏နာမည်ကျော်လက်ရာ '**စည်းစိမ်**' ထွက်ရှိလာသည်။ ပြည်သူ့ဝန်ထမ်းတို့၏စရိုက်၊ အနေအထိုင်၊ အသုံးအဆောင်၊ ဝတ်စားဆင်ယင်ပုံတို့ကိုတွေ့ရသည်။ ပြည်သူ့ဝန်ထမ်းဇာတ်ကောင် မောင်လူအေးကို စာဖတ်သူတို့စိတ်ဝင်စားစွာတွေ့မြင်ရအောင် ရေးဖွဲ့ခဲ့သည်။

၁၉၃၁၊ ဖေဖော်ဝါရီလတွင် နယ်ပိုင်မင်းတရားခွင်ကို '**တားပြမှု**' တွင်စတင်မြင်တွေ့ရသည်။ ဤဝတ္ထုတွင် သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းဖြစ်ပြီးတရားသူကြီးတစ်ဦးဖြစ်သော်လည်း တရားခံများ၏ဘဝထဲကိုဝင်၍စာနာနားလည်ခံစားနိုင်သူဖြစ်ကြောင်းတွေ့ရသည်။

၁၉၃၁ဧပြီလတွင်ရေးသားခဲ့သော '**ဧရာဝတီ**' ဝတ္ထုထဲတွင် ပြည်သူ့ဝန်ထမ်းတာဝန်များအကြားမှ ရိုးသားလွတ်လပ်ပျော်ရွှင်မှုကို တောင့်တတတ်သော သိပ္ပံမောင်ဝ၏နှလုံးသားကိုတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၁ဇွန်လတွင်ရေးဖွဲ့သော '**အင်းဝ**' ဝတ္ထုဆောင်းပါးတွင် ပြည်သူ့ဝန်ထမ်းတို့၏ဆင်ပြင်ဝတ်စားပုံ၊ တာဝန်ကိုငြင်း၍မရပုံတို့ကိုတွေ့ရပါသည်။ ၁၉၃၂၊ဖေဖေါ်ဝါရီလတွင်ရေးဖွဲ့သည့် တို့ဆရာဝတ္ထုဆောင်းပါးထဲ၌သိပ္ပံမောင်ဝသဘောကျသည့်ပြည်သူ့ဝန်ထမ်းတက္ကသိုလ်ကျောင်းဆရာတစ်ဦးကိုတွေ့ရသည်။ '**ရွာ့ကျက်သရေ**'မှ ဆရာစောနှင့်ယှဉ်ထိုးကြည့်ရင်း ပညာရေးလောကကိုစိတ်ဝင်စားသော၊ ပညာရေးမြင့်မားမှုကိုတွေ့မြင်ချင်သော သိပ္ပံမောင်ဝ၏မွန်မြတ်သော စိတ်ဓာတ်တွေ့မြင်ရပါသည်။

၁၉၃၂ မတ်လတွင်ရေးသားသော '**ဗေဒါ**'တွင် သိပ္ပံမောင်ဝ၏လွတ်လပ်မှုကို မြတ်နိုးသောစိတ်ဓာတ်တွေ့ရသည်။ တာဝန်အနှောင်အဖွဲ့ကြီးသော ပြည်သူ့ဝန်ထမ်းဘဝကိုစာနာရသည်။

၁၉၃၂ဧပြီလတွင်ရေးသားသော '**တစ်ရွာတစ်ဆယ်**'တွင်မှ ဥပဒေကျူးလွန်သူများနှင့် ဥပဒေစောင့်ရှောက်သူတို့၏အားပြိုင်မှုကိုတွေ့ရသည်။ သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းဖြစ်သော်လည်း ကျေးလက်ပြည်သူတို့၏ဘဝထဲမှဝင်၍ ခံစားတတ်သူဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းပီပီ တာဝန်ကိုဦးစားပေးရသော်လည်း ပုထုဇဉ်ပီပီ သနားတတ်သူဖြစ်ကြောင်းတွေ့ရသည်။ ပြည်သူကိုစာနာခြင်းကတစ်ဖက်၊ တာဝန်ကျေပွန်ခြင်းကတစ်ဖက် ရှေ့မတိုးသာနောက်မဆုတ်သာကြုံခဲ့ရသောသိပ္ပံမောင်ဝကို ကျွန်တော်တို့ စာနာနားလည်ခဲ့ရပါသည်။

၁၉၃၂ ဇွန်လတွင် '**ကင်းစောင့်**' အမည်ရှိဝတ္ထုဆောင်းပါးကိုရေးသည်။ လူခွန်တော်ငွေငါးကျပ်မဆောင်နိုင်သောဦးကျော်ဇံလို မိမိကိုယ်တိုင်ဖြစ်နေပါက မည်သို့နည်းဟုသိပ္ပံမောင်ဝတွေး၏။ ထိုအတွေးသည်စာနာသောအတွေးဖြစ်သည်။ စည်းကမ်းဘောင်အတွင်းမှ ငဲ့ညှာတတ်သော ပြည်သူ့ဝန်ထမ်းသဘောကို သိပ္ပံမောင်ဝက စာနာမှုနှော၍ပြောပြထား၏။

၁၉၃၂ ဩဂုတ်လတွင်ရေးသားသည့် '**မအေးဖွယ်**'ဝတ္ထုကိုကြည့်ရင်း သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်းဘဝ စိတ်မအေးဖွယ်ကိုတွေ့ရသည်။ အန္တရာယ်များအကြား၌ ပြည်သူ့တာဝန်ကိုသက်စွန့်ဆံဖျားထမ်းဆောင်ခဲ့ရသည့်သိပ္ပံမောင်ဝပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၂ အောက်တိုဘာလတွင် ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အဝတ်အစားလေး ကြော့ကြော့မော့မော့ဝတ်ကာ ဘုရားထူးခံလူပေါ်ကြော့များ သာမဟုတ်။ နယ်စွန်နယ်ဖျား၊ ရွံ့နွံ၊ ဗွက်ကြား သွားလာလှုပ်ရှားကာ ပြည်သူ့တာဝန်များကို ထမ်းဆောင်ကြရသူများလည်း ဖြစ်သည်ကို **'မြင်းတွေ'** တွင် ရေးဖွဲ့ထားပါသည်။ သိပ္ပံမောင်ဝသည် ပြည်သူ့တာဝန်ကို နေရာဒေသ၊ အချိန်ကာလမရွေး ထမ်းဆောင်လေ့ရှိသူဖြစ်ကြောင်းတွေ့ရပါသည်။

၁၉၃၂ ဒီဇင်ဘာတွင်ရေးဖွဲ့သည့် **'နယ်ပိုင်မင်း'** ဝတ္ထုကား ပြည်သူ့ဝန်ထမ်းဘဝကို ထိထိမိမိထင်ဟပ်ရေးဖွဲ့သည့်ဝတ္ထုဖြစ်သည်။ ပြည်သူ့ဝန်ထမ်းတစ်ဦး၏များပြားလှသော တာဝန်ဝတ္တရားများကို တွေ့မြင်ခံစားရရုံသာမက အရှုံးအောင်လှတို့လို လွတ်လွတ်လပ်လပ်နေလိုသော သိပ္ပံမောင်ဝ၏ ပြည်သူ့ဝန်ထမ်းဘဝကို ဖတ်ရသူလူကိုင်းစာနာနားလည်ခဲ့ရပါသည်။

၁၉၃၃ ဇန်နဝါရီတွင် **'ညနေခင်း'** ဆိုသော ဝတ္ထုဆောင်းပါးကို ရေးပြန်သည်။ အလုပ်ထဲမှာပင် ပြည်သူ့ဝန်ထမ်းတာဝန်တွေပိနေသမျှ ညနေခင်းအလှ၊ လွတ်လပ်သူတို့ဘဝ အားကျပုံကိုတွေ့ရ၏။ ယာခင်းရှင်ကြီးကို ကြည့်ကာ ဘုရင်မဖြစ်ချင်ငြင်းဆိုသောတောင်သူကြီးမင်းကို သိပ္ပံမောင်ဝ သတိရလာသည်။ ရိုးသားပျော်ရွှင်လွတ်လပ်သော ဘဝကိုအားကျခဲ့မင်သည့် သိပ္ပံမောင်ဝပင်ဖြစ်ပါသည်။

၁၉၃၃ ဖေဖော်ဝါရီလတွင် **'မောင်းသံ'** ဝတ္ထုကိုရေးသည့် ပြည်သူ့ဝန်ထမ်းတို့၏ အန္တရာယ်များလှသော ဘဝကိုတွေ့ရသည်။

၁၉၃၃ ဧပြီလ၌ **'မိန်းမစကော်'** ကိုရေး၏။ သိပ္ပံမောင်ဝသည် ရိုးရိုးကျင့်သော ပြည်သူ့ဝန်ထမ်းဖြစ်သည်။ ရာထူးတိုးရေး၊ နယ်ပြောင်းရေးအတွက် အထက်လူကြီးများကိုချဉ်းကပ်နည်းကိုသူမသိ၊ ထို့ကြောင့် ပြောင်းမိန့်ကျပြီးသူကမပြောင်းရဘဲ မောင်လူအေးကအစားထိုးပြောင်းရပုံ မိန်းမစကော်တွင် သိပ္ပံမောင်ဝကရေးသားသည်။ သိပ္ပံမောင်ဝ၏အရိုးခံပြည်သူ့ဝန်ထမ်းစိတ်ဓာတ်ကိုတွေ့ရသည်။

၁၉၃၃ မေလတွင်ရေးသားသည့် **'လေလံပွဲ'** မှာ သိပ္ပံမောင်ဝ၏ စာနာတတ်သော နှလုံးသားကိုတွေ့ရပြန်သည်။ လေလံပွဲ၌ ဖေသာ၊ ဒေါ်သာ၊

www.burmeseclassic.com

www.burmeseclassic.com



မောဟအမှားများနှင့် ဘဝပျက်ခဲကာ လေလံကိုမတန်တဆလုကြသူတွေကို ကြည့်ကာ သံဝေဂပွားများနေမည့် သိပ္ပံမောင်ဝကို ကျွန်တော်တို့ မြင်ယောင်စေမည့်စာတစ်ပုဒ်ဖြစ်ပါသည်။

၁၉၃၃ အောက်တိုဘာလတွင်ရေးသားသည့် 'သူပုန်အငွေ့' ဝတ္ထုဆောင်းပါးနှင့်ပတ်သက်၍ သိပ္ပံမောင်ဝကို ကျွန်တော်တို့စဉ်းစားစရာရှိပါသည်။ သိပ္ပံမောင်ဝသည် ဆရာစံအပေါ်သုံးသပ်ရာ၌ ပြည်သူ့ဝန်ထမ်းအဖြစ်လွှမ်းမိုး၍နေသည်။ နယ်ပိုင်၊ အရေးပိုင်တစ်ဦးအနေနှင့် ဗြိတိသျှတို့၏လက်နက်အင်အား ကြီးမားသာလွန်ပုံကိုသိပ္ပံမောင်ဝသိသည်။ မြန်မာတို့ဆေးဝါးအစွမ်းနှင့်သာ အန်တုကြရသည်ကို သူစာနာသည်။ မကြည့်ရက်။ မကြားရက်။ သည်အခါ ရင်ထုမနာဖြစ်ကာကရုဏာဒေါသောနှင့် သူ့လက်ရာအတိုင်းရေးဖွဲ့ခြင်းသာဖြစ်မည်။ ပြည်သူ့ဝန်ထမ်းရှုထောင့်မှရေးသားသောစာဖြစ်သည်။

ဤနေရာ၌ သိပ္ပံမောင်ဝသည် ဗျူရိုကရက်လောဟူသည့် ဒါရိုက်တာကြည်စိုးထွန်း၏ဆောင်းပါးကို တင်ပြချင်ပါသည်။ ထိုဆောင်းပါးတွင်

'ဗျူရိုကရေစီ' ဆိုသော စကားရပ်မှာ ပြည်သူ့ဆန္ဒမပါရှိဘဲ 'အုပ်ချုပ်သူလူတန်းစားက ရေးဆွဲသတ်မှတ်သောဥပဒေအရ စီမံအုပ်ချုပ်မှု' ဟု အဓိပ္ပာယ်သက်ဝင်ကြောင်း မြန်မာစာအဖွဲ့မှထုတ်ဝေသော မြန်မာအဘိဓာန်အကျဉ်းချုပ်စာအုပ်ကလေးက ဖော်ပြထားလေသည်။

ဗျူရိုကရက်ကိုတော့ (၁)ဗျူရိုကရေစီ အုပ်ချုပ်မှုစံနစ်အရ အုပ်ချုပ်သူ။ (၂) အခြေအနေသဘောတရားကိုမငဲ့ဘဲ စည်းကမ်းဥပဒေကို လေ့နံမားထစ်စွဲ၍ လုပ်ဆောင်သူအကြီးအကဲဟူ၍အဓိပ္ပာယ်ဖွင့်သည်။

ဦးစိန်တင်ခေါ်သိပ္ပံမောင်ဝသည် ဗြိတိသျှခေတ်တွင် မွေးဖွားပြီးကြီးပြင်းလာရသူဖြစ်သည့်အလျောက် ထိုခေတ်မှာပင်ပညာသင်၍ ထိုခေတ်မှာပင် အသက်မွေးဝမ်းကျောင်းအတွက် သူ့ပညာနှင့်ထိုက်တန်ရာလုပ်ငန်းကို လုပ်ခဲ့ခြင်းဖြစ်ပါသည်။ တကယ်တော့ ဗြိတိသျှအစိုးရသည် ပြည်သူ့ဆန္ဒနှင့်အညီ တင်မြှောက်ထားသောအစိုးရမဟုတ်။ မြန်မာလူမျိုးတို့ကိုလက်နက်ဖြင့်ခြိမ်းခြောက်ကာအနိုင်ကျင့်ပြီး အစိုးရတက်လုပ်နေသည့်ဗျူရိုကရက်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရကား သိပ္ပံမောင်ဝခေါ်ဗျာ သည်ပုတ်ထဲကသည်ပဲဘဝ ရောက်ရှိသည်က တော့အမှန်ဖြစ်ပါ၏။ သို့သော် လူထုဦးလှရေးသားသော သူ့စာတွေကပြောပြ တဲ့သိပ္ပံမောင်ဝအကြောင်း စာအုပ်တွင် တစ်ခါတစ်ခါလည်း ဤကဲ့သို့သော ဗွဲစားကလေးလုပ်နေသည်ကပင် အိုင်စီအက်စ်တည်းဟူသော ကျွန်အကြီးစား၊ ဘီစီအက်တ်တည်းဟူသော ကျွန်အငယ်စားတို့ထက်ကောင်းပါသေးကလားဟု တွေးတောမိပါသည်ဟူ၍ (သံချောင်းအမည်ခံကာ) သိပ္ပံမောင်ဝရေးသား ခဲ့ကြောင်းဖတ်ရသည်။

လူထုဦးလှကလည်း သိပ္ပံမောင်ဝအကြောင်းရေးရာတွင် သူ့အနေနှင့် ဗြိတိသျှအစိုးရကိုတော်လှန်ကြဆိုတဲ့ အာဘော်မျိုးတော့မရေးပေဘူး။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၊ မဟာဆွေတို့၊ နေသူရိန်တို့လည်းမရေးဘူး။ ဒါပေမယ့် ပြည်သူ့ဆင်းရဲသားတွေဘက်ကကြည့်ပြီး ရေးထားတာတွေကတော့ တင်တင့်၊ အောင်သံချောင်း၊ မောင်ထိပ်ပြောင်ဆိုတဲ့ကလောင်တွေ၊ တခြားလျှို့ဝှက် ကလောင်တွေနဲ့မှမဟုတ်ဘူး။ သိပ္ပံမောင်ဝဆိုတဲ့နာမည်နဲ့ရေးရာမှာလည်း တော်တော်ထိရောက်ပါတယ်ဟူ၍ ရေးသားထားသည်ကိုတွေ့ရခြင်းဖြင့် သိပ္ပံ မောင်ဝသည် အလုပ်ကသာဗျူရိုကရက်အလုပ်ကိုလုပ်ရသော်ငြား၊ စိတ်ထား နှင့်အရေးအသားကတော့ တကယ့်ပြည်သူ့ဘက်ကမှ ပြည်သူ့ဘက်ကဖြစ်လေ သည်။

သူသာ ဗျူရိုကရက်တစ်ယောက်ဖြစ်ပြီး ဗျူရိုကရက်စိတ်ထားမျိုး ရှိနေမည်ဆိုလျှင် 'ဘုရားပွဲ' ၌ကြုံရသော မြေးအဘိုးနှစ်ဦးကို စိတ်ဝင်တစား ကြည့်ရှုရန်အကြောင်းမရှိ။ 'တစ်ရာ့တစ်ဆယ်' နှင့် 'ပစ္စန္တရာဇ်' တွင်တွေ့ခဲ့ ရသော အဖမ်းခံရမည့်ရွာသားများအကြောင်း စာနာစိတ်ဖြင့်အသေးစိတ် ရေးသားခဲ့ဖွယ်မရှိ။ ထို့အတူ 'စားပြမှု' မှ စားပြနှင့်သူ့ဇနီးဘာမှမသိနားမ လည်ရှာသော သူ့ကလေးငယ်လေးအကြောင်း ရင်နာဖွယ်ရာဇာတ်လမ်းကို အထူးထင်ထင်ရေးသားခဲ့ဖွယ်မရှိ။ သိပ္ပံမောင်ဝသည် မည်သည့်ရာထူး မျိုးပဲရှိရှိ၊ မည်သည့်ဘဝမှာပဲရောက်ရောက် ပြည်သူ့တို့ဘက်က အကြံမျိုး၊ အမြင်မျိုး၊ ခံစားမှုမျိုးကိုခံစားရေးသားနိုင်ခဲ့သူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါတင်ပြချက်မှာ သိပ္ပံမောင်ဝ၏ဘဝရပ်တည်ချက်ကို ရှင်းလင်းစွာမြင်စေခဲ့ပါသည်။ ထို့အပြင် သိပ္ပံမောင်ဝ၏ဖြူစင်သော ပကတိစိတ်ထားကို တင်တင့်ပြဇာတ်များတွင်တွေ့ရပါသည်။ အဂတိလိုက်စားခြင်းကို ပြည်သူ့ဝန်ထမ်းဖြစ်သော်လည်း သိပ္ပံမောင်ဝနှစ်သက်လက်ခံခြင်းမရှိပါ။ သိပ္ပံမောင်ဝသည် အရက်သေစာသောက်စားခြင်းမရှိ။ ထန်းရည်လည်းမသောက်။ ဘီယာလည်းမသောက်သူဖြစ်သည်။ သိပ္ပံမောင်ဝ လာဘ်စားခြင်းကင်းကြောင်းကို သိပ္ပံမောင်ဝနှင့်အနီးကပ်ဆုံးနေထိုင်ခဲ့သူ ဒရိုင်ဘာမောင်ငယ်နှင့်လူထုဦးလှတို့တွေ့ဆုံမေးမြန်းခန်း၌တွေ့ရသည်။

မေး။ ။ ကိုငယ် စောစောကပြောသွားတယ်လေ။ ဦးစိန်တင်ဟာလာဘ်မစားဘူး။ သူ့လက်အောက်က သူတွေကလူတွေ၊ တပည့်တွေကိုလဲဒီကိစ္စမျိုးနဲ့နည်းနည်းမှ မပတ်သက်စေချင်ဘူးဆိုမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်၊ သူလဲမစားဘူး၊ သူ့သာဘာမှလက်မခံရုံမကဘူး၊ အဲဒီလူတွေက အိမ်မှာရှိတဲ့တပည့်တွေကို ပေးခဲ့သလားဆိုတာကိုအိမ်အပေါ်ထပ်ကနေ အကဲခတ်ချောင်းကြည့်နေသေးတယ်၊ တပည့်တွေလဲဘယ်ယူဝံ့မလဲ၊ လက်ခါပြီးပြန်ယူသွားပါလို့ပြောကြတာပါပဲ။

မေး။ ။ စားစရာလေး၊ ဘာလေးပေးတာတောင် ခင်ဗျားတို့ကယူမထားလိုက်ကြဖူးလား။

ဖြေ။ ။ အဲဒီလောက်လဲမယူဝံ့ပါဘူး။ လာဘ်စားတာကို သူအင်မတန်ရွံတယ်။ စက်ဆုပ်တယ်လို့ ဆရာဦးစိန်တင်(သိပ္ပံမောင်ဝ)ကပြောထားပါတယ်။ **စာ၆၀၃။ လူထုဦးလှ၊ သူ့စာများကပြောခဲ့တဲ့သိပ္ပံမောင်ဝ**

မှန်ပါသည်။ သိပ္ပံမောင်ဝသည် ပြည်သူ့ဝန်ထမ်းကောင်းပီပီသူကိုယ်တိုင် လာဘ်စားခြင်းကိုရွံမုန်းသည်။ ထိုအခါ စာရေးဆရာပီပီလာဘ်စားသူများဆင်ခြင်နိုင်ရန် ပြဇာတ်များအသွင်နှင့်ရေးဖွဲ့သည်။ နာမည်ရင်းနှင့်ရေး၍မရ။ ထိုအခါ 'တင်တင့်'ဟူသော ကလောင်အမည်ယူသည်။ စာမူပို့ရာ၌ပင် ဇနီးသည်ခင်သန်းမြင့်၏လက်ရေးနှင့် ရေးကူးပြီးပို့သည်။

၁၉၃၄ဖေဖော်ဝါရီလတွင် 'ငို့ဘ' ပြဇာတ်၊ ဩဂုတ်လတွင် 'ပရဟိတ' ပြဇာတ်၊ဒီဇင်ဘာလတွင် 'အသက်သခင်' ပြဇာတ်၊ ၁၉၃၅ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလတွင် 'မာယာသည်' ပြဇာတ်၊ ဧပြီလတွင် 'ခံတွင်း သုံးပေါက်' ပြဇာတ်၊ ဇူလိုင်လတွင် 'ခေတ်သမား' ပြဇာတ်၊ ဩဂုတ်လတွင် 'သမားတော်' ပြဇာတ်၊ နိုဝင်ဘာလတွင် 'ကောသလ' ပြဇာတ်များကို တင်တင့်အမည်နှင့် ကြီးပွားရေးမဂ္ဂဇင်းတွင်ရေးခဲ့ပါသည်။

သည်မျှမကသေး လာဘ်ပေးလာဘ်ယူကိစ္စကိုရှုထောင့်အမြင်အမျိုးမျိုး သုံးသပ်ဆင်ခြင်နိုင်အောင် ၁၉၃၅ စက်တင်ဘာလတွင် ပုလိပ်လုထွက်တစ်ဦး၊ ၁၉၃၅ အောက်တိုဘာလတွင် တရားခံရှေ့နေတစ်ဦး၊ ၁၉၃၅ နိုဝင်ဘာလတွင် ကုန်သည်မောင်ရွှေသိန်း၏ပေးစာတို့နှင့် ဝေဖန်ဆွေးနွေးပြခဲ့၏။ ပြည်သူ့တို့အပေါ် 'စေတနာ' ထားလွန်းသော စာရေးဆရာသိပ္ပံမောင်ဝ ဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းဘဝကို သိပ္ပံမောင်ဝမည်မျှအထိစိတ်ဝင်စားသနည်းဟုဆိုလျှင် ပြည်သူ့ဝန်ထမ်းအစိုးရအိမ်များတွင် ဘုရားစင်ထားရှိရေးအတွက် ၁၉၃၅စက်တင်ဘာလတွင် 'ဘုရားစင်'ဟူသော ဆောင်းပါးရေးကာ အသိပေးနှိုးဆော်ခဲ့သည့် ပြည်သူ့ဝန်ထမ်းစာရေးဆရာသိပ္ပံမောင်ဝဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းစာရေးဆရာသိပ္ပံမောင်ဝ၏ ထူးခြားချက်မှာ ကွယ်လွန်သည့်အချိန်အထိ စာရေးသားခဲ့သော စာရေးဆရာ၊ ကွယ်လွန်သည့်အချိန်အထိ ပြည်သူ့ဝန်ထမ်းတာဝန်ကိုထမ်းဆောင်ခဲ့သည့် ပြည်သူ့ဝန်ထမ်းသိပ္ပံမောင်ဝသည် နောက်ဆုံးနေ့ရက်၊ နောက်ဆုံးအချိန်အထိတာဝန်၊ အလုပ်တာဝန်နှစ်ရပ်ကိုထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံမှာနေ၍ဗြိတိသျှတို့ ဆုတ်ပြေးခဲ့ရပါသည်။ ထိုအခါ ပြည်သူ့ဝန်ထမ်းအနေနှင့် သိပ္ပံမောင်ဝခေါ် ဦးစိန်တင်အဖို့ ရွှေဘိုကနေပြီး မြစ်ကြီးနား၊ မြစ်ကြီးနားမှ အိန္ဒိယကိုလိုက်ရမည်ဆိုသည့်အမိန့်ရခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းပီပီ အမိန့်အတိုင်း မိးရထားနှင့်လိုက်ခဲ့သည်။ ထိုအချိန်ဘာလူဘူတာတွင် ရထားတွဲဖြုတ်ထားခဲ့ရ၍ နယ်ပိုင်ဝန်ထောက်ဦးဘာသန်းနှင့်အတူ ကန့်ဘာလူမြို့အရှေ့ဘက်(၁၀)မိုင်အကွာ ဂါးထာရွာ ဗိုလ်ခြံမှာ စစ်ရှောင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသိပ္ပံမောင်ဝ၏ ၁၉၄၂ ခု၊ ဇွန်လ (၅)ရက်နေ့ ညသန်းခေါင်အချိန်ကလေးမှာ ရေးထားခဲ့သည့်စာမှာ ..........

*၆. ၅. ၄၂*

*လွန်ခဲ့သည့် တစ်နှစ်ခန့်က ဗေဒင်ကျွမ်းကျင်သော မိတ်ဆွေတစ်ဦးက ယခုနှစ်မွေးနေ့မတိုင်မီအတွင်း သေလောက်သောဘေးနှင့်တွေ့ပေလိမ့်မည်ဟု ဟောပြောဖူး၏။ ထိုအခါ ထိုမိတ်ဆွေဟောပြောချက်ကို မယုံကြည်မိခဲ့ပေ။ ယခုနှစ်အတွင်း ဘေးဒုက္ခအပေါင်းတို့နှင့်တွေ့ကြုံသောအခါကျမှ ထိုမိတ်ဆွေဟောပြောချက်များကိုပြန်လည်သတိရမိပေ၏။ ဗေဒင်ကမှန်သောကြောင့်ပေလော။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်သောကြောင့်ပေလောမပြောတတ်။ ဤနှစ်အတွင်း ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ရသည်ကားမှန်ပေ၏။*

*ယခုကားမွေးနေ့ဖြစ်၏။ သန်းခေါင်ကျော်လျှင် မွေးနေ့လွန်တော့မည်။ မိတ်ဆွေဗေဒင်ဆရာဟောပြောချက်အရဆိုလျှင် ဘေးအပေါင်းတို့မှလွတ်ကင်းတော့မည်။ ဤအကြောင်းများကိုတွေးမိသောကြောင့် ဝမ်းမြောက်မိတော့သတည်း။*

*မနက်က ဦးစန်နှင့်အတူ အညောင်းပြေ၊ အညာပြေ တောလမ်းအတိုင်း အတော်ခပ်ဝေးဝေးပင်လမ်းလျှောက်ကြလေသည်။ အတော်ပင်စိတ်ကြည်နူး၏။ နေ့ခင်း လက်ဖက်ရည်သောက်ချိန်၌ ဦးစန်နှင့်ဦးဘသန်းတို့က အားလုံးကို အထပ်တရာ(ပလာတာ)နှင့် ကြက်သားဟင်းကို ကျွေးလေသည်။ အားရပါးရစားလိုက်ကြသည်မှာအတော်ပင်ကုန်၏။ မြို့နှင့်အတော်ဝေးသောတောထဲတွင် အထပ်တရာနှင့် ကြက်သားကိုစားသောက်ရသည်မှာ ကုသိုလ်ထူးသည်ဟုဆိုရပေမည်။ အောက်အရပ်မှပြေးလာစဉ်က နောက်ဆုံးတောရွာကလေးများတွင်တိမ်းရှောင်နေရသောအခါ ထမင်း.....*

စာရေးဆရာ သိပ္ပံမောင်ဝသည် ကွယ်လွန်ချိန်နောက်ဆုံးနာရီအထိ စာရေးခဲ့သောစာရေးဆရာဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏နောက်ဆုံးစာထဲတွင် ပြည်သူ့ဝန်ထမ်းတို့၏အခက်အခဲကိုတွေ့ရပါသည်။ နံနက်တစ်နာရီကျော် စာရေးနေဆဲဖြစ်ကြောင်းတွေ့ရပါသည်။ နံနက်လင်းအားကြီးဒိုးနာရီခန့်တွင် ဓားပြ (၁၀၀)ကျော် ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရပြီး ဓားပြများလက်ချက်နှင့် သေနတ်မှန်ကာကွယ်လွန်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝမည်သို့ကွယ်လွန်ခဲ့သနည်း။

ပြည်သူ့ဝန်ထမ်းဘဝနှင့်ကွယ်လွန်ခဲ့သည်။

ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရင်းကွယ်လွန်ခဲ့ပါသည်။

ဘထွန်းလို လူမမယ်တရားခံလေးများကို စာနာသနားခဲ့သော၊ ကိုဆရာကိုအားကျခဲ့သော၊ တစ်ရာ့တစ်ဆယ်တရားခံများကို စာနာ၊ နား လည်ခဲ့သောသိပ္ပံမောင်ဝ။ ခံတွင်းသုံးပေါက်နှင့် လာဘ်စားသူများ၊ မာယာ သည်များကိုရွံမုန်းသည့်သိပ္ပံမောင်ဝ။ ကင်းစောင့်တွေပြန်လွှတ်ကာ စားပြ တွေရန်ကိုတစ်ယောက်တည်း စိုးတထိတ်ထိတ်နေခဲ့ရသော သိပ္ပံမောင်ဝ၏ အေးဖွယ်ပြည်သူ့ဝန်ထမ်းဘဝ၊ ဗေဒါလိုလွတ်လပ်စီးမျောချင်သော သိပ္ပံ မောင်ဝ၊ ညနေခင်းမှာတွေ့ရသောယာခင်းရှင်ကြီးကိုအားကျခဲ့သော သိပ္ပံ မောင်ဝ၊ မောင်းသံကြောင့် တုန်လှုပ်ခဲ့ရသောသိပ္ပံမောင်ဝ၏ပြည်သူ့ ဝန်ထမ်းဘဝ၊ နောက်ဆုံးနာရီအထိ စာရေးဆရာအဖြစ်ရပ်တည်ခဲ့သည့် သိပ္ပံမောင်ဝ ......။

သိပ္ပံမောင်ဝနှင့် ပြည်သူ့ဝန်ထမ်းစာရေးဆရာဘဝကို ခြုံငုံကြည့် သည့်အခါ အထင်းသားပေါ်လွင်နေသည်မှာ 'စေတနာ' ဖြစ်ပါသည်။ သိပ္ပံ မောင်ဝသည် စာပေအပေါ်၌စေတနာကြီးသူ၊ မြန်မာပြည်သူများအပေါ်၌ စေတနာကြီးသူ၊ ပြည်သူ့ဝန်ထမ်းဘဝပေါ်၌စေတနာကြီးသူဖြစ်သည်။

သိပ္ပံမောင်ဝ၏မြင့်မြတ်သောဂုဏ်မှာ 'သစ္စာတရား' ဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် စာပေအပေါ်၌အသက်ထက်ဆုံးသစ္စာရှိသူဖြစ်သည်။

ဤကဲ့သို့သော စေတနာကြီးသူ၊ သစ္စာကြီးသူ မြန်မာစာရေး ဆရာတစ်ဦး ကျွန်တော်တို့ မြန်မာနိုင်ငံ၌ပေါ်ထွန်းခဲ့ခြင်းမှာ အမျိုးသားရေး ဂုဏ်တစ်ရပ်ဖြစ်ပါသည်။

သို့ပါ၍ စာရေးဆရာကြီးသိပ္ပံမောင်ဝ၏နှစ်တစ်ရာပြည့်အထိမ်း အမှတ်အခမ်းအနားမှာ ယခုကဲ့သို့ 'သိပ္ပံမောင်ဝနှင့် ပြည်သူ့ဝန်ထမ်းစာရေး ဆရာ' စာတမ်းကိုဂုဏ်ပြုတင်သွင်းရခြင်းဖြစ်ပါသည်။

ဤသို့ ဂုဏ်ပြုရာ၌ စာရေးဆရာကြီးသိပ္ပံမောင်ဝ၏လက်ရေးမူနှင့် 'ညီရွှယ်ချက်' ချမှတ်ထားသည်များကို ဖော်ပြရင်းနိဂုံးချုပ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အကျင့်စာရိတ္တ

(က) သတ္တိ

(ခ) ဖွဲ

(ဂ) ရှေ့ဆောင်

(ဃ) ဖြောင့်မတ်ခြင်း

(င) တည်ကြည်ခြင်း

(စ) မဟုတ်မခံခြင်း

(ဆ) ဆွေမျိုးဉာတိ။ အမျိုးသားကိုချစ်ခင်ခြင်း

(ဇ) မကျောခြင်း

(ဈ) အကျောမခံခြင်းတည်းဟူသော သိပ္ပံမောင်ဝ၏ရည်ရွယ်ချက်ပါအချက်အလက်များအတိုင်း အားလုံးပြည့်ဝကြပါစေလို့ ဆရာကြီး သိပ္ပံမောင်ဝကိုယ်စားဆန္ဒပြုအပ်သည်။ အမျိုးသားကိုချစ်ခင်ခြင်းဆိုသည်ကို မြတ်နိုးသည့်စာရေးဆရာကြီးသိပ္ပံမောင်ဝအား ဂုဏ်ပြုသောအားဖြင့် 'သိပ္ပံမောင်ဝနှင့်ပြည်သူ့ဝန်ထမ်းစာရေးဆရာ' စာတမ်းကိုဂုဏ်ပြု ဖတ်ကြားအပ်ပါသည်။ ကြွရောက်ချီးမြှင့်ကြသည့်လူကြီးမင်းများအားလုံးကို ကျေးဇူးတင်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဦးအောင်စိုးဦး
## သိပ္ပံမောင်ဝနှင့် ပြည်သူ့ဝန်ထမ်းစာရေးဆရာ

**ဆွေးနွေးမေးမြန်းသူများ။** ၁။ ကိုခိုင်ရမ္မာ ၂။ မခင်မျိုးမြတ်ဦး ၃။ မောင်အောင်မင်းနိုင် ၄။ ကိုမျိုးခင် ၅။ မောင်မိုးကျော်သူ ၆။ မောင်စွမ်းရည် ၇။ ဒေါ်ခင်မြင့်ဦး ၈။ ဦးမြင့်ဆွေ (မောင်မြတ်မွန်-ဆူးလေ)

**ဆွေးနွေးမေးမြန်းချက်များ ...**

၁။ လာဘ်စားမှုများပပျောက်စေရန် မည်သူတွင်တာဝန်အရှိဆုံးဖြစ်ပါသနည်း။ ဆရာအိသိပ္ပံမောင်ဝ၏အမြင်ကိုလည်းကောင်း ၊ဆရာအောင်စိုးဦး၏အမြင်ကိုလည်းကောင်း၊ ဖြေကြားပေးစေလိုပါသည်။

၂။ အခုခေတ်ပြည်သူ့ဝန်ထမ်းနှင့် သိပ္ပံမောင်ဝ၏ပြည်သူ့ဝန်ထမ်း ကွာခြားမှုရှိလာပါသလားရှင်။

၃။ သိပ္ပံမောင်ဝအား ပြည်သူ့ဝန်ထမ်းစာရေးဆရာတစ်ယောက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တင်ပြသွားသည်မှာပြည့်စုံပါသည်။ သို့သော် ပြည်သူ့ဝန်ထမ်းစာရေးဆရာ၏ စာပေဝေဖန်ရေးကျန်ခဲ့ပါသည်။ ခေတ်စမ်းစာပေဝေဖန်ရေးအကြောင်း အနည်းငယ်ပြောသင့်သည်ဟုယူဆပါသည်။ မည်သို့သဘောရပါသလဲ။

၄။ သိပ္ပံမောင်ဝ ပြည်သူ့ဝန်ထမ်းဘဝ စာရေးသားရာမှာအမြင်မတော်တာတွေကို မျိုးချစ်စိတ်ဓာတ်နဲ့ရေးခဲ့တဲ့အတွက် တာဝန်ရှိသူတွေက 'အရေးယူခြင်း၊ အပြစ်ပေးခြင်း၊ သတိပေးခြင်း၊ ခံခဲ့ရပါသလား' ဆုလာဘ်များကောရခဲ့ပါသလား။

၅။ သိပ္ပံမောင်ဝရေးသားပြီးသောဝတ္ထု၊ ဆောင်းပါးများအား စာပေဆုများ ထပ်မံချီးမြှင့်နိုင်ခြင်းရှိမရှိ။ အကယ်၍ ထပ်မံချီးမြှင့်နိုင်သည်ဆိုပါက စာတမ်းရှင်၏စိတ်ဆန္ဒနှင့်ကိုက်ညီမည့် စာပေဆုအမျိုးအစားတို့ကိုသိလိုပါသည်။

၆။ 'ပြည်သူ့ဝန်ထမ်း' ဆိုတဲ့စကားမှာ 'ပြည်သူ့' ဆိုတာခုခေတ်မှာ အဓိပ္ပာယ်တစ်မျိုးဆောင်နေပါပြီ။ ဒါကြောင့် 'အစိုးရဝန်ထမ်း'၊ 'မင်းမှုထမ်း'၊ 'ကိုလိုနီခေတ်ဝန်ထမ်း' ဘဝအစရှိတဲ့ဆရာစာတမ်းထဲမှာပဲ ပါရှိတဲ့ ဝေါဟာရကိုပဲသုံးလိုပါတယ်။ ဖြစ်နိုင်မလား။

၇။ ဆရာသိပ္ပံမောင်ဝသည် အရက်မသောက်၊ ဘီယာမသောက်ဟု စာတမ်းရှင်ကဆိုပါသည်။ ထန်းရည်သောက်ပါသလားသိချင်ပါသည်။

၈။ သိပ္ပံမောင်ဝကို 'ပြည်သူ့ဝန်ထမ်း' ဟုခေါ်ဆိုထားပါသည်၊ သိပ္ပံမောင်ဝ အမည်ခံဦးစိန်တင် (ICS) သည် 'ဗြိတိသျှကိုလိုနီဝန်ထမ်း' သာဖြစ်ပါသည်။ ပဋိညာဉ်ခံ ဝန်ထမ်းဆိုသည်မှာ 'တစ်ပါးကျွန်' သက်သက်မျှသာဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းမဖြစ်နိုင်ပါ။ ထို့ကြောင့် မျက်မှောက်ကာလ နိုင်ငံဝန်ထမ်းများနှင့် ထပ်တူမဖြစ်နိုင်ဟုယူဆပါသည်။ သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေများသည် ထိုခေတ်ကာလက အဖြစ်အပျက်များနှင့်ပတ်ဝန်းကျင်တို့ကို အသိဉာဏ်နှင့် ယှဉ်ကာ အဓိပ္ပာယ်ရှိရှိ တုံ့ပြန်ထားသောကြောင့် သိပ္ပံမောင်ဝကို 'ပြည်သူ့အကျိုးပြုစာရေးဆရာ' ဟူ၍သာ ဂုဏ်ပြုထိုက်ကြောင်း . . . မေးမြန်းတင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာတမ်းရှင်၏ ပြန်ကြားချက် ...

၁။ ဆရာသိပ္ပံမောင်ဝဆွေးနွေး ရေးသားခဲ့သည့်အတိုင်းပါပဲ။ ကျွန်တော်လည်း သိပ္ပံမောင်ဝ မြင်သလိုပဲရှုမြင်သုံးသပ်ပါတယ်။

၂။ ခေတ်အခြေအနေ ကွာဟမှုကြောင့် ကွာခြားတွေ ရှိမှာပါပဲ။ ကိုလိုနီခေတ်နဲ့ ကနေ့ခေတ်ဆိုတာ တူနိုင်တာမှမဟုတ်တာဘဲမဟုတ်လား။

၃။ စာပေဝေဖန်ရေးအကြောင်းနဲ့ပတ်သက်လို့ ဆရာမောင်စွမ်းရည်ရဲ့စာတမ်းသီးသန့်ရှိတာကြောင့် ဒီစာတမ်းမှာမဖော်ပြလိုခြင်းဖြစ်ပါတယ်။

၄။ အရေးယူအပြစ်ပေးခြင်းမခံခဲ့ရသလို ဆုလာဘ်ရရှိခဲ့ဖူးခြင်းလည်း မရှိကြောင်းလေ့လာသိရှိနိုင်ပါတယ်။

၅။ စာပေဆုမျိုးထက် အခုလိုနှစ်တစ်ရာပြည့်သဘောဂုဏ်ပြု ချီးကျူးခြင်းက ပိုထိုက်တန်ပြီး မင်္ဂလာတရားတော်နဲ့အညီဖြစ်တယ်လို့ခံယူပါတယ်။

၆။ ပြည်သူ့ဝန်ထမ်း ဆိုတဲ့ရာဇသတ်ကြီးရဲ့ဖွင့်ဆိုချက်နဲ့အညီ အခုခေတ်မှာလည်း ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့လို့ ထင်ရှားစွာရှိနေတာကြောင့် ပြည်သူ့ဝန်ထမ်းလို့ပဲသုံးနှုန်းရခြင်းဖြစ်ပါတယ်။ (Public Service)သဘောမို့ ပြည်သူ့ဝန်ထမ်းလို့ယူဆတာပါပဲ။

၇။ ထန်းရည်လည်းသောက်မည်မထင်ပါ။ (လူထုဦးလှ၏ သူ့စာများက ပြောခဲ့တဲ့သိပ္ပံမောင်ဝအကြောင်းစာအုပ်ထဲမှာ အထင်အရှားရေးသားထားတာတွေ့နိုင်ပါတယ်)။

၈။ ပြည်သူ့ဝန်ထမ်းကိစ္စကိုဖြေပြခဲ့ပြီးပါပြီ။ သိပ္ပံမောင်ဝရေးစာများအားလုံးကို ခြုံငုံသုံးသပ်မှတ်ချက်ချပေးရရင် သိပ္ပံမောင်ဝဟာ ပြည်သူ့အကျိုးပြုစာရေးဆရာကောင်းတစ်ဦးလို့ပဲ ဂုဏ်ပြုသင့်အပ်သူလို့ထင်ပါတယ်။ (ဒါ့ကြောင့် ဒီလိုအခမ်းအနားစာတမ်းဖတ်ပွဲနဲ့ပြပွဲကို စီစဉ်ကျင်းပပေးတယ် ထင်မြင်ရပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com

လူ့သဘာဝ၊ ကလေးသဘာဝတို့ကို
သိပ္ပံမောင်ဝရှုမြင်ရေးဖွဲ့ပုံ
စာတမ်းရှင် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း



ချောက်မြို့နယ်ကြီးနီရွာ၌ အဘကျောင်းဆရာဦးမာတင်၊ အမိ ဒေါ်အေးသတို့က ၁၉၄၈ခုနှစ်၊ဒီဇင်ဘာလတွင်မွေးဖွားသည်။ မွေးချင်း သုံးယောက်အနက်အကြီးဆုံးသားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးနီအလယ်တန်းကျောင်း၊ ချောက်မြို့ အမှတ် (၁) အထက်တန်းကျောင်းတို့၌ အခြေခံပညာသင်ယူခဲ့သည်။ မန္တလေးတက္ကသိုလ် (၁၉၆၆-၇၀)၊ ရန်ကုန်တက္ကသိုလ် (၁၉၈၂-၈၃)တို့တွင် ဝိဇ္ဇာဘွဲ့(စိတ်ပညာအထူးပြု) နှင့်ဘွဲ့လွန်(အသုံးချစိတ်ပညာ)တို့ကို ဆည်းပူးသင်ယူခဲ့သည်။

(၁၉၇၂-၉၈)ထိ တပ်မတော်(ကြည်း)တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ စစ်မှုထမ်းခဲ့သည်။ (၁၉၉၅-၉၇) မြဝတီစာပေတိုက်၊ စာတည်းမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် လူငယ်ဆိုင်ရာအမျိုးသားစာပေဆုရရှိခဲ့သည်။ ၁၉၉၇ခုနှစ်မှစ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၁၉၈၄ခုနှစ်မှစ၍ ရှုမဝ၊ သောင်းပြောင်းထွေလာ၊ မိုးဝေ၊ စံပယ်ဖြူ၊ ရုပ်ရှင်အောင်လံ၊ အာရောဂျ စသောမဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ပညာသင် တစ်နှစ်သွားရောက်ခဲ့သည်။ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများသို့ လေ့လာရေးခရီးရောက်ရှိခဲ့သည်။ တရုတ်ပြည်သို့ စာရေးဆရာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လေ့လာရေးခရီးနှစ်ပတ်သွားရောက်ခဲ့သည်။

စာနယ်ဇင်းများတွင်လည်း လူမှုစိတ်ပညာနှင့်လူငယ်စိတ်ပညာ ဆောင်းပါးများရေးသား၍ စာပေမြှင့်တင်ရေး တာဝန်များထမ်းဆောင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# လူ့သဘာဝ၊ ကလေးသဘာဝတို့ကို
# သိပ္ပံမောင်ဝရှုမြင်ရေးဖွဲ့ပုံ

**နိဒါန်း**

လေးစားအပ်ပါသော စာပေအနုပညာရှင်များ၊ စာပေဝါသနာရှင်မျှားခင်ဗျား၊ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေ ---

၁။ စာရေးဆရာသိပ္ပံမောင်ဝ၏နှစ်တစ်ရာပြည့် (၁၈၉၉-၁၉၉၉)အခမ်းအနားကျင်းပရေးကော်မတီ၏ စီစဉ်တာဝန်ပေးချက်အရ ဤစာတမ်းဖတ်ပွဲတွင် ကျွန်တော်ပါဝင်ခွင့်ရခြင်းကို ဂုဏ်ယူကြည်နူးမိပါသည်။ ကျွန်တော်တင်ပြမည့် စာတမ်း၏ခေါင်းစဉ်မှာ '**လူ့သဘာဝ၊ ကလေးသဘာဝတို့ကို သိပ္ပံမောင်ဝ ရှုမြင်ရေးဖွဲ့ပုံ**' ဖြစ်ပါသည်။

၂။ ကျွန်တော်လေ့လာဆည်းပူးခဲ့သမျှ ပညာဗဟုသုတဖြင့် ဆရာသိပ္ပံမောင်ဝ၏နှစ်တစ်ရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ဂုဏ်ကျက်သရေမြင့်မားအောင် ကျွန်တော်ကြိုးစားအားထုတ်၍ချဉ်းကပ်ဖော်ထုတ်ပါမည်။ စာပေမြတ်နိုးသူအချင်းချင်း အသိအမြင်ဖလှယ်သည့်သဘောပင်ဖြစ်ပါသည်။ အချိန်ကန့်သတ်ချက်အရ အမြွက်မျှ၊ အကျဉ်းမျှ ဖော်ပြနိုင်သည်ကို သည်းခံတော်မူနားလည်ပေးစေလိုပါသည်။ လူကြီးမင်းတို့က ပိုသည်ကိုဖြုတ်ပယ်၍ လိုသည်ကိုဖြည့်ပေးကြပါရန် အနူးအညွတ်မေတ္တာရပ်ခံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ

၃။ 'လူ့သဘာဝ၊ ကလေးသဘာဝတို့ကို ဆရာသိပ္ပံမောင်ဝရှုမြင် ရေးဖွဲ့ပုံအား ချဉ်းကပ်ခြင်း' စာတမ်းတွင် အောက်ပါအပိုင်း(၃)ပိုင်းပါ ရှိပါသည်-

(က) ကလေးသဘာဝကို ရှုမြင်ပုံ

(ခ) လူ့သဘာဝကို ရှုမြင်ပုံ

(ဂ) ခြုံငုံဆွေးနွေးချက်

## ကလေးသဘာဝကို ရှုမြင်ပုံ

၄။ ကျွန်ုပ်တို့အားလုံးသည် ကလေးဘဝကို ငယ်စဉ်ကတွေ့ကြုံဖြတ်သန်းခဲ့ကြသူများချည်းဖြစ်ပါသည်။ ကိုယ်တွေ့အတွေ့အကြုံများအရ ကလေး၏သဘာဝကို ဆင်ခြင်နိုင်ကြပါသည်။ ညီ၊ ညီမ၊ ဆွေမျိုးသားသမီးတို့၏ အမူအရာ၊ အသွင်အပြင်တို့ကို မြင်ရ၊ တွေ့ရသဖြင့်လည်း 'ကလေးသဘာဝ' သည် မိမိ၏နားရွက်သည် မျက်စိနှင့်နီးသကဲ့သို့ပင် လူတိုင်းမှာရင်းနှီးပါ၏။ သို့သော် စာဆိုတိုင်းကား ကလေးသဘာဝကို အရေးထား၍မရေးဖွဲ့ခဲ့ကြပေ။ ဤအလုပ်သည် တိမ်မယောင်နှင့်နက်လေသည်။ လွယ်မယောင်နှင့်ခက်ပေသည်။

၅။ သိပ္ပံမောင်ဝသည် ကလေးတို့၏သဘာဝကို မှတ်မှတ်ရရ ဂရုတစိုက်ဖြင့် ရေးဖွဲ့ခဲ့သူတစ်ဦးဖြစ်ပါသည်။ နမူနာအဖြစ် 'ငယ်ငယ်တုန်းက' ဟူသော စာထဲတွင် အထင်အရှားတွေ့ရသည်။

## ကလေးသဘာဝ(၁)

၆။ လူတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါတွင် ငယ်စဉ်တောင်ကျေးကလေးဘဝကိုပြန်လည်သတိရတမ်းတတတ်သည်။ကလေးဘဝအတွေ့အကြုံများကို စားမြုံ့ပြန်တတ်ကြသည်။ ယင်းတို့ကား လူ့သဘောသဘာဝဖြစ်သည်။ သိပ္ပံမောင်ဝသည် ယင်းသဘောသဘာဝကို သူ၏စာများတွင် မကြာခဏထည့်သွင်းရေးသားလေ့ရှိကြောင်းတွေ့ရသည်။ ဥပမာအားဖြင့် သိပ္ပံမောင်ဝ၏ 'ငယ်ငယ်တုန်းက' ဝတ္ထုတွင် ခုနှစ်နှစ်ကြာ ဇာတိရွာနှင့်ခွဲခွာပြီးနောက် ဇာတိရွာသို့ပထမအကြိမ်အလည်အပတ်ပြန်လည်ရောက်ရှိချိန်တွင် မောင်လူအေးနှင့်သူ၏ငယ်သူငယ်ချင်းများ ပြန်လည်တွေ့ဆုံခန်းကို ဤသို့ရေးဖွဲ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ငယ်ငယ်တုန်းက

၇။ ငယ်ငယ်တုန်းက မိုးဦးပေါက်စတွင် ကွင်းပြင်ထွက်ကာ တင်သာ၊ မေကြီး၊ မောင်ပါ၊ မောင်ထွန်းတို့နှင့် မြက်ကြားမှိုလိုက်ရှာနေတတ်သည်များကိုလည်းသတိရမိ၏။ တင်သာက ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ ဆိုပုံတို့ကို လိုက်၍ဆို၊ မေကြီးက ၎င်းတို့နှင့်တူအောင်လိုက်၍ကပြီးလျှင် တရုန်းရုန်းနှင့် ပျော်ပါးကာ၊ သွားလာကာနှင့် မှိုများကိုရှာခဲ့ကြပြီးနောက် ဒေါ်ဝက်မတို့ အိမ်တွင် ကန်စွန်းရွက်နှင့်ဖက်ကာ ကျော်ပြီးလျှင် တပျော်တပါးထမင်းကြမ်းနှင့် စားလားသောက်လားနှင့် နေခဲ့ကြသည်များကိုလည်းသတိရမိသည်။

၈။ ထို့ပြင် … ငယ်ငယ်တုန်းက ညည့်ဦးအချိန်တွင် ငယ်ကျွမ်းများနှင့် ဦးရှင်ကြီးတင်သော ပွဲကျကောက်ညှင်းကို လိုက်၍လုစားခဲ့သည်များကို အဘယ်မှာမေ့နိုင်အံ့နည်း။ ဤလုပွဲများတွင် စံရှင်းကားအတော်ဆုံးဖြစ်သည်။ အမြန်ဆုံးဖြစ်၏။ အကဲအသိဆုံးဖြစ်၏။ ငမဲကား အမိုက်ဆုံး၊ အရမ်းဆုံး၊ အကြမ်းဆုံးဖြစ်လေသည်။ အချိန်ကျသည်နှင့် တစ်ပြိုင်နက် ကောက်ညှင်းယန်းကန်သည်ကျောင်းဆောင်ပေါ်မှ စံရှင်းလက်ထဲသို့ရောက်သွားလေတော့၏။ စံရှင်းလက်ထဲသို့ ကောက်ညှင်းယန်းကန်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ၎င်းယန်းကန်ထဲမှ ကောက်ညှင်းလည်း ငမဲလက်ထဲသို့ရောက်ရှိရှာလေ၏။ မောင်လူအေးကား နောက်လိုက်မျှသာ။ ငမဲတို့စံရှင်းတို့ကမျှကြပါမှ ဦးရှင်ကြီး ပွဲကျကောက်ညှင်းကိုစားရရှာ၏။

၉။ သိပ္ပံမောင်ဝသည် နယ်ပိုင်တစ်ဦး ဖြစ်နေသော်လည်း ဘဝမမေ့။ ငယ်ဘဝကျေးလက်မှာ ကြီးပြင်းလာပုံကို မဖုံးမဖိ၊ သတ္တိရှိစွာ တိုင်းသိပြည်သိ ထုတ်ဖော်ရေးသားရဲသူဖြစ်သည်။ သူ၏ငယ်စဉ်ဘဝအတွေ့အကြုံများကို ကရုဏာပွားဖွယ်ဖြစ်အောင် လှူဘဝကိုသရုပ်ဖော်ပြထားသည်။

၁၀။ သိပ္ပံမောင်ဝသည် လူတို့၏သဘာဝကို ချဉ်းကပ်သကဲ့သို့ ကလေးတို့၏သဘာဝကိုလည်း ချဉ်းကပ်ကြည့်သည်။ ခေတ်စမ်းပုတ္တောဝါဒ၊ မျိုးရိုး၊ ချိတ်ပုံကြော၊ နိုက်နိုက်ချွတ်ချွတ် ဝတ္ထုဆောင်းပါးတို့၌ ကလေးတို့သဘာဝကို ဖော်ပြထားသည်။ ရွာ့ကျက်သရေဝတ္ထုဆောင်းပါးတွင် အစိုးရကျောင်း ပညာရေး၊ ဘုန်းတော်ကြီးကျောင်းပညာရေးတို့ပင် မရှိရှာသေးသောရွာ ခေါင်ခေါင်မှ ကလေးသူငယ်တို့ကို ရေးဖွဲ့ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချာ့ကျက်သရေ

၁၁။ ထိုကျောင်း၏ပညာရေးအဖြစ် သင်ပုန်းကြီးစာအုပ်ပါ ကကြီးခကွေး နှင့် မင်္ဂလသုတ်၊ ဝဲမေသုတ်၊ စာအံသံတို့ကိုဖော်ပြသည်။ ထိုကျောင်းသည် အစိုးရကျောင်းလည်းမဟုတ်၊ အမျိုးသားကျောင်းလည်းမဟုတ်၊ ကလေးတစ်ယောက်လျှင် တစ်နှစ်အတွက် စပါးသုံးတင်းပေးရသော ဆရာစောဆိုသူ၏ ကျောင်းဖြစ်သည်။

## ကလေးသဘာဝ(၂)

၁၂။ ဆရာစောသည် အခြားနယ်ကပြောင်းလာသော ဘုန်းကြီးလူထွက် ဖြစ်သည်။ သူ့ပညာမှာ သူ့အပြောအရ သင်ရိုးပေါက်ခဲ့သည်ဟုသိရသည်။ သူသည် ကျောင်းသားများကို ဤသို့သောစည်းကမ်းဖြင့် ပညာသင်ပေး သည်-

*မောင်တင့်နှင့်မယ်အေးတို့သည် တစ်ယောက်ကိုတစ်ယောက် ဆဲရေးနေကြလေသည်။ ထွန်းက စာမအံ၊ ယင်ကောင်တွေကို ဖမ်းပြီးလျှင် နောက်တိုး၏နားထဲသို့ လွှတ်သွင်းသဖြင့် နောက်တိုးနှင့် ထွန်းတို့ တစ်ယောက်နှင့်တစ်ယောက် စကားများကြပြီးနောက် တစ်ယောက် တစ်ချက် စီထိုးနေကြလေသည်။ စိန်ဖေက ဖေသန်းနှင့်အတူ ကျောင်းနောက်ဖေး ကွင်းပြင်ထဲတွင် ပြေးလွှားကစားကာ ဖားကလေးများကို ဖမ်းလျက်နေကြ လေသည်။ နောက်ဖေးအိမ်တွင်ကားဘထွန်း၊ ဘအေး၊ ငွေလှိုင်၊ စံမြတို့လူစု ဦးသာတောကျွဲများကိုဖမ်း၍ စီးရန် တိုင်ပင်နေကြလေသည်။ ထွန်းဝေနှင့်စံသိန်း တို့က ကျောင်းအောက်တွင် နပန်းလုံးနေကြကုန်၏။ သာထွန်းနှင့်ညွန့်မောင် တို့က ဒိုင်လုပ်ကြလေသည်။ ဝေလင်းက မိမိ၏ကျောက်သင်ပုန်းပေါ်တွင် ခွေးရုပ်၊ ကြောင်ရုပ်များကိုရေးပြီးလျှင် တင်အေးအားပြလျက်နေလေသည်။ တင်အေးက ဝေလင်းအားချီးမွမ်း၍မဆုံးမီ မိခွေးနှင့်မယ်သိန်းတို့ ထောင့်တစ် ထောင့်တွင် ခရာစေ့တောက်တမ်းကစားနေကြလေသည်။ ဆရာစော စကားပြော၍ကောင်းတုန်းပင်။*

၁၃။ *ကလေးများက ထိုသို့ရှိစဉ် ဆရာစောကဆေးတံကြီးဖွာကာ ဆယ် အိမ်ခေါင်းနှင့် တွဲရေးခွဲရေးအကြောင်းဆွေးနွေးနေလေသည်။ ညံသောစာအံ သံများ တစ်စတစ်စပျောက်သွားမှကိုင်ထားသောကြိမ်လုံးဖြင့် ကြမ်းပြင်ကို*

www.burmeseclassic.com

www.burmeseclassic.com



ဘမ်းဘမ်းမြည်အောင် သုံးလေးချက်နှက်လေသည်။ ထိုအခါ ကျောင်းသားတို့က ရမိရရာကို ထပ်၍အော်ဆိုကြသည်။ ကျောင်းပြင်ရောက်နေသည့် ကလေးတို့လည်း မိမိနေရာသို့ပြန်ရောက်ကြလေသည်။ ထင်မိထင်ရာကို အော်ဆိုနေကြသည်။ ဆရာတောက တိုင်းရေးပြည်ရေး ဆွေးနွေးလျက်ပင်ရှိနေပြန်သည်။ အတန်ကြာလျှင် စာအံသံတိတ်သွားသောအခါ ကြိမ်လုံးနှင့်ကြမ်းပြင်ကိုရိုက်ပြန်သည်။ ဤသို့ဖြင့် တိတ်ချည်၊ ဆူချည် သုံးကြိမ်လောက်ဖြစ်ပြီးနောက် ကျောင်းသားနှစ်ယောက် ကျောက်တံလုရာမှ တစ်ယောက်က ကျောက်သင်ပုန်းစောင်းဖြင့် ခုတ်သည်။ ဆရာတောသိသောအခါ ကြိမ်စကြာငါးချက်ကျွေးသည်။ ဤသို့ဖြင့် ကျောင်းသားတို့က နေချင်ရာနေ၊ လုပ်ချင်ရာလုပ်လိုက်။ ဆရာတောက ကြိမ်လုံးစာကျွေးလိုက်ဖြင့် ထိန်းကျောင်းသည်။

၁၄။ သိပ္ပံမောင်ဝသည် ရွာကျက်သရေ ဝတ္ထုဆောင်းပါးဖြင့် ကျေးလက်ရိုက်လက္ခဏာကိုလည်းကောင်း၊ ကျေးလက်နေကလေးသူငယ်တို့၏ ပညာသင်ကြားရေးစနစ်ကိုလည်းကောင်း အားမလိုအားမရဖြစ်ကာ ကရုဏာပွား၍တင်ပြခဲ့သည်။ဤတင်ပြချက်များသည် လူ့သဘာဝနှင့်ကလေးသဘာဝတို့၏ ခြားမှုရိပ်သွင်ကိုထင်ဟပ်ပြသနေပေသည်။

## ကလေးသဘာဝ(၃)

၁၅။ ကလေးတို့သဘာဝတွင် ကျောင်းသို့နေ့စဉ်သွားရမည်ကို ပျင်းတတ်သောကလေးများရှိကြသည်။ ကျောင်းပြေးချင်ကြသည်။ လူကြီးများဆူပူတာလည်း မကြောက်၊ ရိုက်တာလည်းမကြောက်ဘဲ အချို့ကလေးတို့မှာ အစ်ဗွတ်ထိုးလုပ်တတ်ကြသည်။ ကလေးတို့ကို ချစ်တတ်သော သိပ္ပံမောင်ဝသည် အချို့ကလေးတို့တွင် ရှကျောင်းပြေးချင်စိတ်ရှိတတ်သည့် သဘာဝကို ကိုယ်ချင်းစာ၍ 'မျိုးရိုး' ဝတ္ထုဆောင်းပါး၌ ထိုကလေးတို့၏သဘောကို သရုပ်ဖော်ပြခဲ့သည်။

၁၆။ မောင်လူအေး၏ ညီအငယ်ဆုံးမောင်လူထွေးမှာ ကျောင်းတက်ပျင်းတတ်သူဖြစ်သည်။ သူကျောင်းတက်ပျင်းသောအခါ ကျောင်းသို့သွားသည့်လမ်း၌ရှိသော မန်ကျည်းပင်ကြီးကိုမှီကာရပ်နေတတ်သည်။ သူ့[illegible]ကြီးသောအခါ ကြိမ်လုံးတစ်ချောင်းနှင့်လိုက်သည်။ မောင်လူထွေးက

www.burmeseclassic.com



*သစ်တစ်ပင်မှတစ်ပင်သို့ ကူးပြောင်းပြီးပြေးသည်။ နောက်ဆုံးဘွားဒွေးကြီး မောဟိုက်ပြီး မောင်လူထွေးကိုမလိုက်နိုင်တော့ဘဲ အရပ်ထဲကို အကူအညီ တောင်းသည်။ လူတွေကသူ့ကိုလိုက်သောအခါ သံလွင်မြစ်ထဲခုန်ချ၍ပြေး သည်။ ဤသို့ဖြင့် ဘွားဒွေးကြီးလက်လျှော့၍အိမ်သို့ပြန်ရသည်။ မောင် လူထွေးက တစ်နေ့ကုန်မပြန်လာပေ။ ညနေစောင်းမှပြန်လာသည်။ ညဘက် တွင်ဘွားဒွေးကရိုက်သည်။ နောက်နေ့ကျပြန်တော့လည်း မောင်လူထွေးက သူ့ကျောင်းပြေးချင်လျှင်ပြေးပြန်လေသည်။*

**မျိုးရိုး**

၁၇။ မောင်လူအေး၏သားမောင်လူမွှေးသည် သူ့ဘထွေးငယ်စဉ်က ကဲ့သို့ပင် တစ်ဖွတ်ထိုးလုပ်၍ ဖွံ့ကြီးသည်။ သူ့အသက်က နှစ်နှစ်မျှမရှိသေး၊ ဇာတိကပြလာသည်။ သူ့စိတ်မတွေ့လျှင် တိုင်တစ်တိုင်မှာ ပေ၍ရပ်နေသည်။ ခေါ်မရ၊ ချော့မရဖြစ်သည်။ သူ့စိတ်ပြေမှပင် ထိုနေရာမှ အခြားသို့ထွက်ခွာ သွားသည်။ ထိုကလေးသဘာဝကို မောင်လူမွှေးစရိုက်နှင့်ဖွဲ့ပြသည်-

*'မည်သူကခေါ်ခေါ်မရ၊ မည်သူက ချော့ချော့မရ၊ သူ့ကိုသွား၍ လျှင်လည်း ကျယ်လောင်စွာငို၏။ သူငို၍လွှတ်လိုက်လျှင် ယခင်ရပ်နေရာသို့ ပြေးသွားပြီးလျှင် ရပ်မြဲရပ်နေလေသည်။ အိမ်သားများက အမှုမဲ့အမှတ်မဲ့နေ လိုက်သောအခါကျမှ သူ့အလိုအလျောက်စိတ်ပြေသွားပြီး ထိုနေရာမှထွက် ခဲ့လေသည်။'*

၁၈။ မောင်လူမွှေးသည် ကျောင်းနေအရွယ်မရောက်သေးပေ။ ကျောင်း နေသောအခါ ကျောင်းပြေးဦးမည်လားမသိပေဟူ၍ ခွတ်တွတ်တွတ် ပေတေ တေနိုင်သော ကိုယ်ရည်ကိုယ်သွေးသည် ဇာတိမျိုးရိုးလိုက်နိုင်ကြောင်း ဖော်ပြ ခဲ့လေသည်။

**ချိတ်ပုံကြော**

၁၉။ ချိတ်ပုံကြောဝတ္ထုဆောင်းပါးတွင် ကလေးတို့သဘာဝပုံပြင်ကို ကြိုက်နှစ်သက်ခြင်း သဘောကိုရေးဖွဲ့ထားသည်။ ကလေးများသည် ပုံပြင်ကို နားထောင်ရာ၌ တစ်ပုံနှစ်ပုံဖြင့် အာသာမပြေကြပေ။ နားထောင်၍မဝနိုင် အောင်ပင် ကြားချင်ကြသည်။ ပြောသူကသာအညွှန်းပေးရမည်။ သူတို့ ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒမပြည့်နိုင်ပေ။ ချိတ်ပုံကြော ဝတ္ထုဆောင်းပါးတွင် မောင်လူမွေးက ဖခင်မောင်လူအေးကို ချိတ်ပုံကြောခိုင်းသည်။ ချိတ်ပုံကြောဆိုသည့်စကားမှာ … ကလေး၏ မပီသောစကားသံဖြစ်သည်။ အမှန်က ဆိတ်ပုံပြောဖြစ်သည်။ ကလေးများ ပုံပြင်ကြိုက်သည့်သဘောကို ပေါ်လွင်စေရန် သိပ္ပံမောင်ဝက တကယ့်ပုံပြင်ကိုမပြောဘဲ ဖန်တီးသောပုံပြင်ကို ပြောပြကာသရုပ်ဖော်သည်။

**ကလေးသဘာဝ(၄)**

၂၀။ *မောင်လူအေးသည် ကလေးက ချိတ်ပုံကြောဆိုသောအခါ ဆိတ်ပုံပြင်ကို သူမသိ၍မပြောတတ်ပေ။ သူ့ဇနီးခင်သန်းမြင့်က 'မပြောတတ်ရင်လဲ ကြံဖန်ပြီးပြောလိုက်ပါလား၊ ကလေးကနားထောင်ချင်လို့အပြောခိုင်းတာ' ဟူ၍စာဖတ်ရင်းက လှမ်း၍ပြောလိုက်မှမောင်လူအေးလည်း ဖန်တီးပြီး ဟိုရှေးရှေးတုန်းက မောင်လူမွေးဆိုတဲ့သုံးနှစ်အရွယ် သားကလေးတစ်ယောက်ရှိတယ်ဟုအစချီပြီး သူ့အိမ်မှာရှိကြသည့်မဟာရန်ဆိုသည့် စားပွဲထိုး၊ မဟာရန်မွေးထားသည့်ဆိတ်တစ်ကောင်၊ မာလီကုလားတစ်ယောက်၊ ၄င်းရိတ်ထားသောမြက်ပင်၊ မောင်လူအေးမွေးထားသည့်ခွေး 'လွှဲဆော' ၊ ထမင်းချက်တရုတ် 'တာတ'၊ ၄င်းချက်မည့်အမဲသားစသည်တို့ကို ဖန်တီးပြီး ပုံပြင်လုပ်ကာပြောလေသည်။ မောင်လူမွေးက အရှည်ကြီး ဖန်တီးကာပြော၍ပြီးဆုံးသွားသော်လည်း မောင်လူမွေးက 'ကောင်းတယ်ဖေဖေ၊ချိတ်ပုံကြောပါဦး' ဟုဆိုပြန်သည်။ မောင်လူအေးက 'ပြောလို့ပြီးပါကော' ဟုဆိုသည်။ ကလေးကလည်း 'နောက်ပြီးတော့တစ်ခါကြောဦး' ဟု တောင်းဆိုပြန်သည်။ မောင်လူအေးက ငြင်းလိုက်၊ ကလေးက တောင်းဆိုလိုက်နှင့် နောက်ဆုံးတွင် မောင်လူအေး တစ်ခါထပ်၍ ပြောရသည်။ သို့သော် မောင်လူမွေးက ထပ်၍ အပြောခိုင်းပြန်သည်။ သို့နှင့်ထပ်တလဲလဲ ပြောရသည်မှာ ငါးကြိမ်တိုင်ခဲ့သည်။ နောက်ဆုံး မောင်လူမွေး အိပ်ပျော်သွားတော့သည်။*

၂၁။ ကလေးတို့သည် ပုံပြင်ကြိုက်သည့်အရာ၌ ပုံပြင်ဆိုလျှင်ပြီးရော၊ ဆန်းစစ်ကြသူများမဟုတ်ပေ။ ပုံပြင်အစစ်ကိုပြောလည်း သူတို့ကြိုက်နှစ်သက်သည်။ ပုံပြင်အတုကိုဖန်တီးပြီးပြောလည်း သူတို့ကလက်ခံသည်။

www.burmeseclassic.com



မည်သို့ပင် ကြံဖန်ပြီးပြောပြော ပုံပြင်ဆိုလျှင် သူတို့ကကြိုက်နှစ်သက်ကြသည်ချည်းဖြစ်သည်။ ပြောချင်ရာပြော သူတို့က နားထောင်မဝရှိသည်။ နောက်ဆုံး သူတို့အိပ်ပျော်သွားမှပင် ပုံပြင်အပြောကိုရပ်၍ရသည်။

## နှိုက်နှိုက်ချွတ်ချွတ်

၂၂။ လောကအကြောင်းကို စတင်လေ့လာသင်ကြားသူတို့မှာ ကလေးများဖြစ်ကြသည်။ လောကအကြောင်းနှင့် စပ်လျဉ်းသည့် အရာအားလုံးကို ကလေးတို့သည် နှိုက်နှိုက်ချွတ်ချွတ်သိချင်ကြသည်။ သူတို့သည် သိချင်သည့်အရာတွေ့လျှင် အနီးရှိအဘိုးအဘွား၊ အမိအဖတို့ကို အမေးအမြန်း ထုတတ်ကြသည်။ သူတို့၏အမေးကိုဖြေ၍ပင် အဆုံးသတ်နိုင်သည်မရှိ။ သူတို့သည် သိချင်သည့်အရာနှင့်စပ်လျဉ်း၍ မေးခွန်းကို ထပ်၍ထပ်၍သာ မီးခိုးမဆုံး မိုးမဆုံးမေးတတ်ကြလေသည်။ ဤကလေးသဘာဝကို နှိုက်နှိုက်ချွတ်ချွတ် ဖွင့်ဖော်ပြထားသည်။

## ကလေးသဘာဝ(၅)

၂၃။ *မောင်လှအေးငယ်စဉ်က ဘွားဒွေးကြီးနှင့်အတူ ဘုန်းကြီးကျောင်းသို့ လိုက်ပါသွားဖူးသည်။ ဘုန်းကြီးဟောကြားသည့် တရားတော်တွင် 'ပြည့်တန်ဆာမ' ဟူသောစကားကိုကြားသောအခါ ဘွားဒွေးကြီးကိုမေးသည်။ ဘွားဒွေးကြီးက 'မိန်းမရွှင်ပေါ့ဟဲ့' ဟုဖြေသည်။ မောင်လှအေးနားမလည်သောအခါ မိန်းမရွှင်၏အဓိပ္ပာယ်ကိုထပ်၍မေးသည်။ ဘွားဒွေးကြီးကစိတ်တိုလာပြီး 'သည်ကောင်လေးဟာ နှိုက်နှိုက်ချွတ်ချွတ် ဘာတွေလျှောက်မေးနေတာလဲ … တော်' ဟူ၍ငေါက်လိုက်သည်။ မောင်လှအေးမကျေနပ်ပေ။*

၂၄။ *မောင်လှအေးက သူကလေးရလာသောအခါ ကလေးအမေးကို စိတ်ရှည်လက်ရှည်ဖြေမည်ဟု ဆုံးဖြတ်ထားသည်။ သူ့သား မောင်လှမွေးကိုရလာသောအခါ တစ်နေ့တွင် စာကလေးတစ်အုပ်ကို မောင်လှမွေးမြင်သည်။ 'ဖေဖေ-ဖေဖေ စာကလေးတွေဟာဘာဖြစ်လို့ ဖိနပ်မစီးသလဲ' ဟုမေးသည်။ 'ဘာဖြစ်လို့လဲသားရဲ့' ဟု မောင်လှအေးကပြန်မေးရာ 'မေမေက မြေကြီးပေါ်ဆင်းရင် ဖိနပ်စီးရမယ် ပြောတယ်၊ စာကလေးတွေက ဘာဖြစ်လို့ဖိနပ်မစီးသလဲ' ဟုပြန်မေးသည်။ 'မြေကြီးပေါ်ကို ဖိနပ်မပါဘဲဆင်းရင် ခြေအေးမှာစိုးလို့ပေါ့' 'စာကလေးကော ခြေမအေးဘူးလား' ဟု ပြန်မေးသည်။*

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ဤသို့ဖြင့် မေး-ဖြေလုပ်နေကြရာ စာကလေးကော မဖျားဘူးလား။ တီရစ္ဆာန်ဆိုတာဘာလဲ၊ ဉာဏ်ဆိုတာဘာလဲ၊ မေမေကတော့ ကလေးမွေးတယ်၊ ဖေဖေကတော့ ဘာလို့မမွေးလဲ စသည့်အမိပွားယ်မျိုးစုံကို အဖြေတစ်ခုပေးတိုင်း အမေးတစ်ခုသာထပ်တိုးလာပြီး မဆုံးနိုင်ဖြစ်နေရာ ရေခဲချောင်းသည် လာမှပင် အာရုံပြောင်းသွားပြီး နှိုက်နှိုက်ချွတ်ချွတ်ကိုစွ အဆုံးသတ်သွားသည်။ သိပ္ပံမောင်ဝသည် ကလေးကိုချစ်တတ်သဖြင့် ကလေးတို့၏သဘာဝကို ပေါ်လွင်စွာရေးခဲ့လေသည်။

**ကျောင်းထားရေး**

၂၆။ သိပ္ပံမောင်ဝသည် ကိုလိုနီခေတ်တွင် မွေးဖွားပြီး ကိုလိုနီခေတ်တွင် ကျောင်းနေကာ ကိုလိုနီတို့ထူထောင်ထားသော ဟတ္တသိုလ်မှဘွဲ့ရခဲ့သည်။ သူကွယ်လွန်သည့်အချိန်အထိ ကိုလိုနီအစိုးရကခန့်ထားသော နယ်ပိုင်ဝန်ထောက်အဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ သို့ရာတွင် သိပ္ပံမောင်ဝသည် အင်္ဂလိပ်ကိုအထင်မကြီးသူ၊ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်ကို ကိုယ့်မြန်မာလူမျိုးတို့အပေါ် ဖိနှိပ်ချုပ်ချယ်ရေးကိရိယာတစ်ခုအဖြစ် မသုံးဘဲ ကိုယ့်လူမျိုး သက်သာရာသက်သာကြောင်း ရှုထောင့်မှအုပ်ချုပ်စီရင်ခဲ့သူဖြစ်သည်။ သိပ္ပံမောင်ဝသည် သူ၏အမျိုးသားစိတ်ဓာတ်ကို သူ၏စာများတွင် အခါအားလျော်စွာ ထင်ဟပ်ဖော်ပြလေ့ရှိသည်။ ယင်းသို့ဖော်ပြရာတွင် လူ့သဘာဝအတိုင်း သားသမီးပညာရေးကိစ္စကိုလည်းပါလာတတ်လေသည်။ မိသားစုအရေး ချဉ်းကပ်ဖော်ပြရာတွင် 'ကျောင်းထားရေး'ဝတ္ထုတွင်မောင်လူအေး၏ သားမောင့်လူမွေးကို ဘယ်ကျောင်းထားရင် ကောင်းမလဲ၊ မောင်လူအေးနှင့်ဇနီးတို့ကြား အချီအချစကားပြောခန်း၌ အောက်ပါအတိုင်းရေးဖွဲ့ခဲ့သည်-

*'ဒါဖြင့်ရင်လဲ မောင်မွေးငါးနှစ်၊ ခြောက်နှစ်သားအရွယ်ရောက်ရင် စိန့်ပေါလ်မှာဖြစ်ဖြစ်၊ ဒိုင်အိုမှာဖြစ်ဖြစ် ထားရအောင်သဘောတူသလား'*

*'ဒီအင်္ဂလိပ် ကျောင်းတွေက ထွက်တဲ့ခနဲ့တွေဟာလည်း အများအားဖြင့် ဟိုမကျသည်မကျနဲ့၊ လိမ္မော်သီးဖွင့်လိုက်ပါလို့ ဆိုလိုဆို၊ ဝင်ဘဲဥ ပြုပ်ပလားလို့ မေးလိုမေး၊ ရေချမ်းချမ်းတစ်ခွက်ပေးပါလို့ တောင်းကတောင်းနဲ့ ဘယ်လိုင်နဲ့တွေလည်း မပြောတတ်ပါဘူးဗျာ'*

www.burmeseclassic.com

www.burmeseclassic.com



*'တချို့ကျတော့လည်း မြန်မာစကားကိုတော့ ကောင်းကောင်းပြော တတ်ပေမယ့် အင်္ဂလိပ်ဆန်ဆန်ကလေး ပြောလိုက်ရရင် ဂုဏ်ရှိတယ်ထင်ပြီး ပြောကြတာပဲ၊ ကိုယ်တို့ကောလိပ်မှာတုန်းက ဒီလိုငနဲတွေနဲ့ ကောင်း ကောင်းတွေ့ရတယ်၊ ကိုယ်တို့တတွေ ချဉ်လှန်းလို့မပြောပါနဲ့တော့'*

*'မြန်မာဆိုရင်လည်း မြန်မာပီပီမှ ကြိုက်တယ်။ အင်္ဂလိပ်ဆိုရင်လည်း အင်္ဂလိပ်ပီပီမှ ကြိုက်တယ်။ ဟိုမကျဒီမကျ ခွစာတွေကိုတော့ ချဉ်လှန်းလို့'*

**ယဉ်ကျေးမှုကွာခြားချက်ကို နားလည်သိမြင်ခဲ့ခြင်း**

၂၇။ ဤအချက်က တစ်ဖက်တွင် အင်္ဂလိပ်၏အမှုတော်ကိုထမ်းနေသော လည်း သိပ္ပံမောင်ဝ၏အတွင်းစိတ်တွင် နယ်ချဲ့လေ့ကိုမကြိုက်၊ ကိုယ့်အမျိုး သားဓလေ့ကိုသာကြိုက်သူဖြစ်ကြောင်း ပေါ်လွင်စေပါသည်။

**ကလေးသဘာဝ(၆)**

၂၈။ ကလေးတို့၏ ပူဆာတတ်သည့်သဘောကို ခေတ်စမ်းပုတ္တောဝါဒ ဝတ္ထုဆောင်းပါးတွင် အစားကိုခုံမင်၍ပူဆာသည့်သဘောကို ရေးဖွဲ့ထားသည်။

**ခေတ်စမ်းပုတ္တောဝါဒ**

၂၉။ မောင်လူအေး၏သားမောင်လူမွေးသည် အစားကိုခုံမင်ပြီး ပူဆာ တတ်သည်။ နံနက်နိုးသည်နှင့် 'ဆီးသီးပေး'ဟုတောင်းသည်။ မျက်နှာသစ် ပြီးလျှင် နို့တစ်ခွက်နှင့် မုန့်သေတ္တာများကိုစားပြီးသော်လည်း 'ဆီးသီးပေး၊ ဆီးသီးပေး' ဟု ပူဆာသည်။ ဆီးသီးတစ်ထုပ်ပေးပြန်သော်လည်းမရ။ လေးငါးထုပ်မရမချင်းပူဆာနေသည်။ ဆီးသီးထုပ်များရပြီးတော့လည်း 'အောက်ဆင်းမယ်၊ အောက်ဆင်းမယ်' ဖြင့် လုပ်လာပြန်သည်။ အောက်သို့ ရောက်သောအခါ အိမ်ရှေ့ရှိသဲပုံတွင် စိတ်ထင်တိုင်းကစားသည်။ အတန်ကြာ လျှင် အိမ်ပေါ်သို့ခေါ်တင်ပြီးရေချိုးပေးသည်။ အဝတ်လဲပြီးသည်နှင့် တစ်ပြိုင်နက် 'ဆီးသီးပေး'ဟုတောင်းပြန်သည်။ ဆီးသီးများလိုသလောက် ရသောအခါ'ရေကစားမယ်-ရေကစားမယ်' ဟု ပူဆာလာပြန်သည်။

၃၀။ မောင်လူအေးက ယင်းပူဆာမှုကို ရိုက်ပြီးဆုံးမသည့်သိမ်းရိုးနည်း နှင့် ပွဲမသိမ်းဘဲ ခေတ်စမ်းသမားပီပီ အပြောနှင့်နားချသည်။ ကလေးကမရ 'ဆီးသီးပေး'ဟူ၍ပူဆာသည်။ မောင်လူအေးက နောက်တစ်မျိုးပြော၍

www.burmeseclassic.com



နားချပြန်သည်။ သူ့စကားဆုံးသည်နှင့် ကလေးက 'ဆီးသီးပေး' ဟု တောင်းပြန်သည်။ ဤသို့ဖြင့် သူက အမျိုးမျိုး တစ်ခုပြီးတစ်ခုပြော နားချ လိုက်၊ ကလေးကလည်း သူ့အပြောဆုံးသည်နှင့် ဆီးသီးပေးတောင်းလိုက်နှင့် ပူဆာမှုကို ရပ်စဲလို့မရတော့ပေ။ နောက်ဆုံးတွင် မောင်လူအေးသည် ဗီရိုထဲမှ အရုတ်ဆီးသီးထည့်သောပုလင်းကြီးကို ယူထုတ်ပြီးလျှင် 'ကြိုက်သလောက် ယူတော်မူပါဘုရား' ဟု ဆိုကာ ပုလင်းကိုကလေးအားပေး၍ ထွက်သွားလေ သည်။ မောင်လူအေး ထွက်သွားလို့သာ၊ အကယ်၍ မောင်လူအေးရှိနေဦးမည် ဆိုလျှင် မောင်လူမွေးကသူ့ပူဆာမှုကို အဆုံးသတ်မည်မဟုတ်ချေ။ နောက် တစ်မျိုးကို ပူဆာဦးမည်ဖြစ်သည်ဟု ရေးဖွဲ့ခဲ့လေသည်။

## သူ့သဘာဝကို ရှုမြင်ပုံ

၁။ လူတို့သည် လောဘ၊ မောဟ၊ ဒေါသ၊ မုန်တိုင်းကြားတွင် ပြေးလွှား ရုန်းကန်နေကြသူများဖြစ်သည်။ မုဒိတာတရားပွားများကြရန် သူရေးဖွဲ့ခဲ့သော စာများမှတစ်ဆင့် သိမ်သိမ်မွေ့မွေ့လှုံ့ဆော်ခဲ့သည်။ သူ၏ပင်တိုင်ဇာတ်ကောင် မောင်လူအေး၏ဘဝခရီးတွင် မုဒိတာတရားပွားများခဲ့ပုံကို အခါအားလျော်စွာ ထည့်သွင်းရေးဖွဲ့ခဲ့သည်ကိုတွေ့ရသည်။

၂။ ဥပမာ သိပ္ပံမောင်ဝရေးခဲ့သော 'ခေတ်စမ်းမေတ္တာစာ' တွင် အထက် ညာ၌ အပူဒီဂရီ ၁၁၀ ကျော်သဖြင့် မြစ်ဝကျွန်းပေါ်သူ သူ့ဇနီးခင်သန်းမြင့် တစ်ယောက်အပူဒဏ်မခံနိုင်ဘဲ အပူရှောင်လိုသောကြောင့် ကျိုက်လတ်မြို့သို့ ခေတ္တခဏပြန်ပြေးပုံကို ဤသို့ဤပုံရေးဖွဲ့ခဲ့သည် -

*ယခုနှစ် အထက်အညာတွင် အလွန်ပူပြင်းလေသည်။ တစ်ခါ တစ်ခါ အပူဒီဂရီ ၁၁၀ ထက်ပင် ကျော်သေး၏။ နေမင်း၏အပူရှိန်ကို မခံနိုင်ရှာသောခင်သန်းမြင့်သည် မိမိ၏နေရပ် ကျိုက်လတ်မြို့သို့ပြေးလေ တော့သတည်း။ အကျယ်ချုပ်သမား မောင်လူအေးကား မိမိ၏နယ်အတွင်းမှ အပြင်အပသို့ထွက်ခွင့်မရသောကြောင့် မီးရထားဘူတာရုံမှ ငေး၍သာကျန်ရစ် ခဲ့လေသည်။ အစိုးရအရာရှိဆိုသည်ကား အေးလည်းမသွားရ၊ ပူလည်းမပြေး နိုင်၊ မိမိ၏နယ်ကွက်ကလေးမှာသာလျှင် တွင်ကျယ်၍နေရပေသည်။*

၃။ ထို့ပြင် အခြားပေးစာတစ်စောင်တွင် သူမွေးထားသောခွေးနှစ်ကောင် ကြွေးရပုံကိုလည်း ဤသို့ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



*မြင့်တို့ထွက်သွားပြီးတဲ့နောက်လည်းပူတာပဲ။ ညပိုင်းကောင်းကောင်း မအိပ်ရဘူး။ အိပ်ရာထဲမှာချွေးတလုံးလုံးနဲ့၊ အာမိတ်နဲ့လွှေစောတို့လည်း အိမ်ထဲမှာ မအိပ်ရကြဘူး။ အိမ်ရှေ့ကစိန်ပန်းပင်တွေအောက်မှာ ကျင်းယက်ပြီး ကျင်းထဲမှာသွားအိပ်ကြတယ်။ အေး... ထင်ပါရဲ့လေ။*

၃၄။ ဇနီးနှင့်အတူ မခွဲမခွာနေလိုသော်လည်း အပူဒဏ်မှလွတ်ကင်း သက်သာပါစေတော့ဟူသောမေတ္တာစေတနာဖြင့် ဇနီးခင်သန်းမြင့်ကို ပြန်လွှတ်ကာ အပူဒဏ်ကိုတစ်ယောက်တည်းကြိတ်မှိတ်ခံခဲ့ခြင်းဖြင့် မုဒိတာပွားခဲ့သည်။ ခွေးနှစ်ကောင် စိန်ပန်းပင်အောက်ကျင်းယက်ပြီး အပူဒဏ်မှသက်သာရာ သက်သာကြောင်း ရှာအိပ်ခြင်းနှင့်ပတ်သက်၍ သူရေးဖွဲ့သော 'အေး.. ထင်ပါရဲ့လေ' ဟူသောအဖွဲ့အနွဲ့သည် မုဒိတာတရားကို သိမ်မွေ့တိုရှင်းစွာ နှစ်သက်စဖွယ်ဖော်ကျူးလိုက်ခြင်းပင်ဖြစ်ပါသည်။

## လူပျိုကြီးတစ်ဦး၏အိမ်ထောင်ရေးတွေးတောစဉ်းစားပုံများ

၃၅။ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီး ဆိုစကားရှိသည်။ လူတိုင်းသည် အိမ်ထောင်ပြုရန် စိတ်ကူးစမြဲဖြစ်သည်။ ဤအချက်ကို သိပ္ပံမောင်ဝက သူ၏ 'စဉ်းစိမ်'အမည်ရှိ ဝတ္ထုတိုလေးနှင့် လူပျိုကြီးမောင်လူအေး၏ဘာဝကို ဤသို့ ရေးဖွဲ့ပြီးချဉ်းကပ်တင်ပြထားသည်။

### စဉ်းစိမ်

*အစေခံဆိုရာမှာလည်း များများစားစားမရှိ။ မောင်သူ့နှင့်သူ၏ မယားမယ်အေး၊ သမီးကလေးသန်းမေပါ သုံးယောက်သာရှိသည်။ မိမိ သွားလေရာပါသော ကြောင်ကြီးနှစ်ကောင်၊ ကြောင်ကလေးများမှာလည်း ကစားတတ်တုန်းအရွယ် နှစ်လကျော်ကျော်သာ ရှိကြသေး၏။*

၃၆။ လူပျိုကြီးတို့သည် အိမ်ထောင်ပြုတော့မည်ဆိုလျှင် အသင့်တော်ဆုံး မိန်းမကို စိတ်ကူးရွေးချယ်ကြစမြဲ၊ ရုပ်ချော၊ ဥစ္စာပေါကို ကြိုက်တတ်စမြဲပါ။ ချေးထူစမြဲဖြစ်ပါသည်။ ဤသဘော ဤသဘာဝကို သူ၏ 'စဉ်းစိမ်' ဝတ္ထုတိုတွင် မောင်လူအေး၏အမြင်ကို ဤကဲ့သို့ချဉ်းကပ်ပြီး ရေးဖွဲ့ထားသည်။

*ဦးဘိုးမောင်၏သမီးမလှတင်သည် ရုပ်ရည်ရူပကာ အလွန်လှပ သောမိန်းကလေးဖြစ်၏။ အသက်လည်းငယ်၏။ ချစ်စဖွယ်လည်းကောင်း၏။*

www.burmeseclassic.com

www.burmeseclassic.com



*သို့သော် ဦးဘိုးမောင်၌ ပိုက်ဆံတစ်ပြားမှမရှိ။ မိမိကပင် စိန်နားကပ်၊ စိန်ကြယ်သီး၊ စိန်လက်ကောက်တို့ကို ဝယ်ပေးရမည်ဖြစ်ချေသည်။ မဝတ်ချင်လျှင်ကောင်း၏။ မဝတ်ချင်မှာလည်းမဟုတ်။ မိန်းမဟူက ဝတ်ချင်သူချည်းဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ပြိုင်နေကြသူများဖြစ်ကြ၏။ စိန်ဝတ်ချင်ရုံမျှမက မော်တော်ကားလည်းစီးချင်ပေဦးမည်။ အိမ်ကိုလည်း ခမ်းခမ်းနားနားဆင်ချင်ပေဦးမည်။ မိမိရသောလခမှာလည်း များလှသည်မဆိုနိုင်။ ထိုလခနှင့်လောက်နိုင်ရန်အကြောင်းမမြင်။ အေးစေစေလို့တရားနာ၊ ပွဲစာအကျိုးဆိုသောစကားကဲ့သို့ မအေးရသည့်အပြင် မယားအတွက်၊ သားအတွက်ပူပင်စရာတွေများလာရန်အကြောင်းရှိ၏။ ဤသို့အပူအပင်တွေများလာရသည်ထက် ယခုလို လူပျိုကြီးလုပ်နေရသည်ကပင် ကောင်းသေး၏။*

၃၇။ ထို့ပြင် . . . 'ဦးရွှေဘိုးက အလွန်ချမ်းသာကြွယ်ဝသောမြေပိုင်ရှင်ကြီးတစ်ဦးဖြစ်လေသည်။ သားသမီးဆို၍လည်း မစိုးခင်တစ်ယောက်တည်းသာရှိ၏။ ဥစ္စာပစ္စည်းအတွက် အနည်းငယ်မှစိုးရိမ်ရန်မရှိ။ စိတ်အေးလက်အေးနှင့်လုပ်ကိုင်စားသောက်ရုံရှိလေသည်။ သို့သော် မစိုးခင်မှာ အလွန်ရုပ်ဆိုးသည်ဟုကြားရ၏။ ဤသို့ရုပ်ဆိုးသောမယားနှင့်အတူ ပွဲလမ်းသဘင်သို့ယှဉ်တွဲ၍သွားမည်ဆိုလျှင် သူတကာကဲ့ရဲ့စရာအကြောင်းမြင်၏' ဟု တွေးတောလေသည်။

၃၈။ အိမ်ထောင်တစ်ခုကိုလွယ်လွယ်နှင့်မပြုသင့်။ အဘက်ဘက်မှစဉ်းစားသင့်သည်မှာ လူတိုင်းအတွက်အရေးကြီးလှသည်။ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးဆိုပြီးတောင် ဆုံးမစကားရှိသည်။

၃၉။ ဤသည်မှာ ရှေ့ရေးနောက်ရေး အလွန်အလေးထား၍ တွေးတောစဉ်းစားတတ်သော မောင်လူအေး၏စရိုက်ကို ဖော်ပြ၏။ လူ့သဘာဝဖြစ်သည်။ ယင်းသဘာဝကို သူ့အတွေး၊ သူ့အမြင်၊ သူ့ရှုထောင့်ဖြင့်ချဉ်းကပ်ပုံကို ဖော်ပြခဲ့သည်။

## လင်မယား

၄၀။ သိပ္ပံမောင်ဝသည် စာပေမြတ်နိုးသလို ဂီတအနုပညာကိုလည်းမြတ်နိုးသူဖြစ်သည်။ ဂီတအနုပညာမြတ်နိုးတတ်ပုံကို သူ၏ 'လင်မယား'

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုဆောင်းပါးတွင် မေတ္တာဘွဲ့အဖြစ် ထင်ဟပ်ပြသခဲ့သည်။ သိပ္ပံမောင်ဝ၏ 'လင်မယား' အမည်ရှိဝတ္ထုတွင် မောင်လူအေးနှင့်ဇနီးခင်သန်းမြင့်တို့ ဂီတနှင့် ပတ်သက်၍ အနိုင်လုကြပုံကို အောက်ပါအတိုင်း ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

*မောင်လူအေးတို့နှစ်ဦးစလုံး သီချင်းဝါသနာပါကြသည်မှာမှန်၏။ အနုစိတ်ရန်လိုသေး၏။ မောင်လူအေးက သီချင်းကြီးများကိုကြိုက်၏။ ပန်းမြိုင်လယ်နှင့် ထူးမခြားနားကိုအကြိုက်ဆုံး။ ခင်သန်းမြင့်ကား ကာလပေါ် သီချင်းများကိုမှ ကြိုက်လေသည်။ ဆန်းလေကြိုက်လေ။ မကြည်အောင်ဆိုသော 'နောက်ဆုံးပိတ်အိတ်နှင့်လွယ်'သီချင်းကိုအကြိုက်ဆုံး။ မောင်လူအေးက ရုတနာမြင့်အသံကောင်းသည်ဟုဆိုလေသည်။ မောင်လူအေးရေချိုးရင်း ရေချိုးခန်းထဲတွင် ပန်းမြိုင်လယ်သီချင်းကို ခပ်တိုးတိုး အသံနေအသံထားနှင့် ဆို၏။ ခင်သန်းမြင့်ကြားလေ၏။ မကြိုက်။ အကြားရကတ်လေသည်။ မကြားလို။ ရေချိုးခန်းအပြင်မှနေ၍ သံပုံးတစ်လုံးကို တုတ်နှင့်နက်လေသည်။ မောင်လူအေး၏သီချင်းသံမှောမှာ တိတ်၍သွားရလေ၏။ အလွန်တရာမှ ကြီးလှစွာသော ပန်းမြိုင်လယ်သီချင်းကြီးဖြစ်စေကာမူ သံပုံးကိုမပြိုင်ပုံ၊ မတုပုံ၊ ကြောက်ရွံ့၍နေ၏။ နောက်တစ်နေ့တွင် ခင်သန်းမြင့်သနပ်ခါးလိမ်းရင်း မကြည်အောင်ဆိုသော နောက်ဆုံးပိတ်အိတ်နှင့်လွယ် သီချင်းကို ဆိုလျက်နေ၏။ မောင်လူအေး စာရေးရာမှကြားလေပြီ။ နားငြီး၏။ မိမိအချက်ပေါ်ပြီ။ အနားတွင်ထောင်ထားသော ကြိမ်လုံးဖြင့်ကြမ်းပြင်ကို ဘမ်းဘမ်းမြည်အောင် ရိုက်လေတော့၏။ ခင်သန်းမြင့်လည်းဆူနေလေပြီ။ မိမိရှေ့က ကြွက်ဖြတ်ပြေးသောကြောင့်လိုက်၍ရိုက်သည်ဟု မောင်လူအေးကဆင်ခြေပေး၏။*

၄၁။ သိပ္ပံမောင်ဝသည် လူ့ဘဝကိုချဉ်းကပ်ရာ၌ ဤကဲ့သို့သောဇနီးမောင်နှံ ကျီစယ်မှုမေတ္တာပြယုဂ်ကလေးများနှင့်လည်းချဉ်းကပ်ပြီး သူ့စာများကို ရေးဖွဲ့ခဲ့ပေသည်။

## လေလံပွဲမှယပ်ခွဲမောင်ခင်

၄၂။ သိပ္ပံမောင်ဝသည် အရေးပိုင်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သော်လည်း မြို့ငယ်များတွင်သာ လှည့်လည်သွားလာတာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်သည်။ ထို့ကြောင့်လည်း သိပ္ပံမောင်ဝသည် အဆင့်နိမ့်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများနှင့်တရင်းတနှီး ပေါင်းသင်းဆက်ဆံခဲ့ရသည်။ ယင်းသို့ဆက်ဆံရာ၌ ပြေပြစ်မှုကိုလည်းတွေ့ကြုံရသည်။ မပြေမပြစ်အဖုအထစ်လေးများကိုလည်း တွေ့ကြုံရသည်။ သို့သော် ဘယ်လိုပဲကြုံကြုံ သိပ္ပံမောင်ဝသည် လူ့သဘော၊ လူ့မနောကို နက်နက်နဲနဲသိမြင်သူဖြစ်ရာ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ လျစ်လျူရှုခြင်းတို့ကို အခြေခံကာဆက်ဆံခဲ့သည်ချည်းဖြစ်လေသည်။ ဥပမာ 'လေလံပွဲ' ဝတ္ထုတွင် မြို့ပိုင်မောင်လူအေး ယပ်ခတ်မောင်ခင်၏စရိုက်ကို အောက်ပါအတိုင်း ဟာသနှောရေးဖွဲ့ထားသည်။

*'မြို့ပိုင်မင်းထက်ကြောက်ရသူကား မြို့ပိုင်မင်း၏ယပ်ခတ်သူမောင်ခင်ဖြစ်လေသည်။ ကိုယ်တော်မြတ်မှာမြို့ပိုင်မင်းထက်ပင် အဝတ်အစားပြောင်သေး၏။ စီးကရက်ကိုလက်ကြားညှပ်၊ ဖိနပ်ဖြူကိုစီးလျက် ဟိုလူ့ကိုအော်၊ သည်လူ့ကိုမာန်နှင့် အင်မတန်ဂိုက်ထုတ်နေလေသည်။ သူနှင့်သင့်သူကား ရှေ့ကနေရ၏။ မသင့်သူတို့ကား နောက်သို့ဆုတ်ရလေသည်။ သူကိုယ်သူမြို့ပိုင်မင်းထင်နေရော့သလား'*

## မြင်းတွေနှင့်မောင်ဘိုးရွှေ

၄၃။ သို့သော် သိပ္ပံမောင်ဝကိုယ်ပွား မြို့ပိုင်မောင်လူအေးသည် ယပ်ခတ်သူမောင်ခင်ကို မဆူမပူ၊ မကြိမ်းမမောင်းပါ။ မုဒိတာပွားလျက် ခွင့်လွှတ်ခဲ့လေသည်။ တစ်ဖန် 'မြင်းတွေ' ဝတ္ထုတွင်လည်း ဝန်ထမ်းများ၏ပြုံးစရာစရိုက်ဟန်ပန်လေးများကိုတွေ့ရသည်။ ဤဝတ္ထုတွင် နယ်ပိုင်က မြင်းနှင့်ရှေ့ဆုံးက။ နယ်ပိုင်နောက်က သူကြီးတစ်ဦးက မြင်းစီးလျက်သွားကြသည်။ သူကြီး၏နောက်တွင် နယ်ပိုင်ရုံးမှ ပျာတာမောင်ဘိုးရွှေကလည်း မြင်းနှင့်ပါလာသည်။ ဤခရီးတွင် ပျာတာမောင်ဘိုးရွှေ၏ ဟန်ပန်၊ စိတ်နေစိတ်ထားကို သိပ္ပံမောင်ဝက ဤသို့ရေးဖွဲ့ခဲ့ပြန်သည်။

*မောင်ဘိုးရွှေကား မည်သူ့ကိုမှအမှုမထား။ ဝန်ထောက်နှင့်သူကြီးတို့၏ရှေ့မှပြေး၍ မသွားရသည်ကိုသာလျှင် မကျေမနပ်ဖြစ်၍လားသည်။ ချိုးယောင်းနှောင်းဖြစ်တို့ကိုတွေးတောရင်း မြင်းပေါ်တွင် သွေးကြွကာလာလေသည်။ မိမိပစ္စုပ္ပန်နယ်တွင်နေထိုင်စဉ်က ပစ္စုပ္ပန်မြို့ မြင်းပြိုင်ပွဲတွင်ဝင်၍နွှဲခဲ့သည်များကိုလည်းကောင်း၊ သူစီးသောမြင်း ပထမရ၍ မြင်းရှင်ထ*

www.burmeseclassic.com

www.burmeseclassic.com



*၎င်းငွေနှင့်ပျော်ပျော်ပါးပါး သွားလား၊ လာလား လုပ်ခဲ့သည်များကိုလည်းကောင်း စဉ်းစားမိ၏။ ရှေးအခါက သူတကာ၏ရှေ့မှ စီးခဲ့ရဖူးသော်လည်း ယခုကား သူတကာ၏နောက်မှခပ်ဖြည်းဖြည်း လိုက်လာရလေသည်။ ကျေနပ်ဖွယ်ရာမရှိပေ။ မိမိမြင်းကိုစိုင်းကာသူကြီးတို့၊ ဝန်ထောက်တို့ရှေ့တက်သွားချင်၏။*

၄၄။ မောင်လူအေးဆက်ဆံရသောဝန်ထမ်းများထဲတွင် ရုံးပျာတာ မောင်ဘိုးရွှေကဲ့သို့ စိတ်ကြီးဝင်နေသူများစွာရှိသည်။ သို့သော် မောင်လူအေးအနေနှင့်ကား ခွင့်လွှတ်ဆက်ဆံခဲ့သည်။ ခွင့်လွှတ်နိုင်ခြင်းမှာ ဝန်ထမ်းများသည် ရုံဖန်ရုံခါ အနစ်နာခံရခြင်း၊ တာဝန်ပိုများထမ်းဆောင်ရခြင်းတို့ကို စာနာမိသောကြောင့်ဖြစ်လေသည်။

**ဘထွန်း**

၄၅။ သိပ္ပံမောင်ဝသည် လူ့လောကအပေါ်အပြုသဘောဆောင်၍မြင်လေ့ရှိသည်။ အထူးသဖြင့် လူများကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် ကြည့်ရှုလေ့ရှိသည်ကို သူ၏စာများကဖော်ပြလျက်ရှိသည်။ သူသည် မိမိထိတွေ့နေရသော ပတ်ဝန်းကျင်ရှိလူများအပေါ်တွင် မေတ္တာထားသည်။ တတ်အားသမျှ အကူအညီပေးလေ့ရှိသည်။ ဤသို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွား၍ လက်တွဲခေါ်သော်လည်း မရသူများကို သိပ္ပံမောင်ဝသည် လျစ်လျူရှု၊ ဥပေက္ခာတရားထားတတ်ပုံကို 'ဘထွန်း' ဟူသောဝတ္ထုဆောင်းပါးတွင်တွေ့ရသည်။

၄၆။ ဘထွန်းသည် အသက် ၁၃နှစ်ခန့်ရှိသည်။ ရုံးသို့ နှစ်ကြိမ်ခန့်ရောက်ဖူးသည်။ သူ့အားတရားစီရင်သောနယ်ပိုင်မင်းကသနား၍ အိမ်တွင်ခေါ်၊ အဝတ်အစားဆင်ယင်၊ ကျွေးမွေးပြုစုထားသည်။ တစ်နေ့တွင်မိုးဇာအရပ်တွင် ဘုန်းကြီးပျံပွဲကျင်းပရာ ဝန်ထောက်သည် ဘထွန်းအား မုန့်ဖိုးတစ်မတ်ပေး၍ ပွဲသို့လွှတ်လိုက်သည်။ ထိုသို့ထွက်သွားပြီးနောက် ဘထွန်း ဝန်ထောက်မင်းအိမ်သို့ပြန်မရောက်တော့ပေ။ တစ်လခန့်အကြာတွင် နယ်ပိုင်မင်း၏ရုံးသို့ငွေတစ်ကျပ်ခိုးမှုဖြင့်ရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄၇။ နယ်ပိုင်ဝန်ထောက်မင်းအိမ်တွင် ကောင်းမွန်စွာနေထိုင်ရပါလျက် ထိုအိမ်တွင်မနေနိုင်ပါဘဲ ထိုအိမ်မှထွက်ပြေးပြီးလျှင် သူတကာထံမှတစ်ကျပ်မျှ တန်သောပစ္စည်းကိုခိုးခြင်းမှာ စားရမဲ့ သောက်ရမဲ့သောကြောင့်ဟုမဆိုနိုင်။ ဆင်းရဲသောကြောင့်ဟုမဆိုနိုင်။ သူတကာက သွေးဆောင်သောကြောင့်ဟု မဆိုနိုင်။ မွေးကတည်းကပင် သူခိုးနက္ခတ်နှင့်မွေးလာသောကြောင့်ဖြစ်သည် ဟူ၍သာဆိုရန်ရှိတော့သည်ဟု သိပ္ပံမောင်ဝက ကောက်ချက်ချခဲ့သည်။ ခွေးမြီး ကောက် ကျည်တောက်စွပ်တတ်သော လူ့သဘောသဘာဝကို ယောနိသော မနသိကာယဖြင့် မောင်ဘထွန်းအပေါ် ဥပေက္ခာပြုလိုက်ပုံကိုလည်း တွေ့မြင် နိုင်ပေသည်။

## လူမိုက်

၄၈။ သိပ္ပံမောင်ဝသည် လူ့သဘာဝအဖွဲ့စုံကို ရေးဖွဲ့ရာ၌ လူမိုက်၊ ဓားပြ၊ သူခိုးတို့၏သဘာဝကိုလည်းရေးဖွဲ့တင်ပြခဲ့သည်။ ယင်းလူမိုက်တို့၏သဘာဝ သရုပ်ကို သိပ္ပံမောင်ဝသည်အပြစ်မဆိုဘဲ သဘောထားကြီးသောအမြင်ဖြင့် 'လူမိုက်'ဝတ္ထုဆောင်းပါးတွင်ရေးဖွဲ့ခဲ့သည်။

၄၉။ လူမိုက်ဆိုသောစကားမှာ လူလိမ္မာတို့အတွက် နားခါးသော်လည်း လူမိုက်အဖို့မူ ဂုဏ်ပုဒ်ပင်ဖြစ်သည်။ လူမိုက်ဂုဏ်ထူးရသူတို့မှာ အနေအစား ချောင်ကြသည်။ လူမိုက်ဂုဏ်ထူးရရန်မှာ သူတကာတို့ကို အကြောင်းမဲ့ ဆဲရေး ရိုက်ပုတ်ဓားဖြင့်ထိုးဝံ့ရမည်။ အချုပ်ခံ၊ ထောင်ကျခံ၊ တစ်ကျွန်းအပို့ခံဝံ့ရမည်။ လူတစ်ယောက်၏အသက်ကို ပုရွက်ဆိတ်လိုသဘောထားရမည်။ နေရာတကာ ၌ရမ်းကားဝံ့ရမည်။ ဤသို့သော လူမိုက်၏သဘောသဘာဝကို သိပ္ပံမောင်ဝ သည် ဦးထွားဟူသောဇာတ်ကောင်ဖြင့်ဖွဲ့ဆိုပြသည်။

၅၀။ တစ်နေ့တွင် ဦးထွား၏ဇနီးငယ်သည် မောင်ဘိုးဝဆိုသူ၏ယာခင်းမှ ခဲလွှမ်းကိုဆွတ်ဏာရောင်းစားသည်။ မောင်ဘိုးဝကမခံနိုင်သဖြင့်တားရာ လူမိုက်ကြီးကတော် အမျက်ရှပြီး မကြာမီမှာပင် ဦးထွားနှင့်ဇနီး၊ သားသမီးအစုံ တို့ရောက်လာကြသည်။ မောင်ဘိုးဝသည် ဦးထွား၏ဓားရန်မှလွတ်အောင်အမြန် ပြေးရသည်။ နောက်နေ့တွင် မောင်ဘိုးဝက မောင်လူအေး၏ရုံးတော်ကိုတောင် ၌ဆိုင်ကြားသည်။ ဦးထွားကိုအချုပ်ချထားပြီးအမှုစစ်သဖြင့် မောင်ဘိုးဝ

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ သက်သေလိုက်ဝံ့သူများရှိလာကြပြီး ဦးထွားထောင်နန်းကိုပြန်၍ သွားရလေသည်။

၅၁။ သိပ္ပံမောင်ဝသည် လူမိုက်သဘာဝကို ဤသို့သရုပ်ဖော်ခဲ့ပြီး လူမိုက်နှင့်စပ်လျဉ်း၍ *'ဤလူမျိုးကိုဆုံးမနိုင်သောသူ၊ ဆုံးမနိုင်သောဥပဒေ၊ ဆုံးမနိုင်သောတရားတို့သည် အဘယ်မှာရှိကြပါသနည်း။ သိလိုလှ၏'* ဟု အဆုံးသတ်လိုက်သည်။

**ဓားပြမှု**

၅၂။ သိပ္ပံမောင်ဝသည် ဓားပြအကြောင်းကိုလည်း သနားစိတ်ဖြင့်ရေးဖွဲ့သည်။ လူဟူသည် ပတ်ဝန်းကျင်အသိုက်အဝန်းနှင့်နေသည်။ အသိုက်အဝန်းနှင့်နေသဖြင့် မိမိ၏အရောင်သည် ပတ်ဝန်းကျင်ကိုဟပ်စမြဲဖြစ်သည်။ မိမိ၏ ကိုယ်စိတ်နှလုံးသုံးပါး ကောင်းမွန်လျှင်ကောင်းမွန်သော အရောင်ဟပ်ပြီး၊ ဆိုးလျှင်ဆိုးသောအရောင်ဟပ်မည်မှာ ဧကန်တရားဖြစ်သည်။ တစ်ဆက်တည်းပင် အမှားကိုမြင်တတ်ရမည်။ မကောင်းသောအရောင်မှ ကောင်းသောအရောင်သို့ပြောင်းလဲနိုင်ရမည်။ သိပ္ပံမောင်ဝသည် 'ဓားပြမှု' ဝတ္ထုဆောင်းပါးတွင် ထိုသဘောကိုရေးဖွဲ့ထားသည်။

၅၃။ ဓားပြတို့သည်သာမန်အားဖြင့် ခံစားမှုကင်းမဲ့သောအရိုင်းအစိုင်းများဖြစ်ကြသည်။ သို့သော် သူတို့သည် ကြေကွဲဖွယ်ဖြစ်ရပ်နှင့်ကြုံလျှင် လူသားပီပီ ခံစားလာတတ်ကြသည်။ ဤသဘောကို တရားခံဖနီးမောင်နံ၏ ခံစားရမှုဖြင့်ရေးဖွဲ့တင်ပြသည်။ ဖနီးသည်၏ခံစားမှုကို ---

*'တရားခံမကလေးမှာ မိမိ၏ပေါင်ပေါ်တွင် ပျော်ပါးစွာထိုင်နေသော သားကလေးကိုကြည့်လိုက်၊ မိမိ၏ခင်ပွန်းတရားခံဖက်သို့ကြည့်လိုက်၊ တရားသူကြီးဖက်သို့ကြည့်လိုက်နှင့်နေရှာ၏။ မျက်စိမှမျက်ရည်တို့လည်း တတွေတွေစီးလျက်နေကြလေသည်။ အကယ်၍ မိမိတို့လင်မယား ထောင်ကျသွားပါက ဤသားကလေးကိုမည်သို့လုပ်ရပါမည်နည်း။ ထောင်အတွင်း၌မိမိ မည်သို့နေရပါမည်နည်း။ ထောင်ဆိုသည်ကို မြင်မှုမမြင်ဖူးပေ။ ကြောက်ဖွယ်ကောင်းလှပေ၏တကား။ မိမိတို့လင်မယားမှာ မိမိတို့၏အပြစ်အလျောက် ထောင်ကျလျှင်တော်ပေသေး၏။ ဤသားကလေးမှာကား အပြစ်မရှိမသိ၊ စင်စစ် အပြစ်ကင်းပါလျက် ထောင်အတွင်းသို့ မိမိတို့နှင့်လိုက်ပါရချေတော့မည်*

www.burmeseclassic.com

www.burmeseclassic.com



*တကား။ မိမိကလည်း ထိုသားကလေးကို ထောင်အပြင်ဘက်ပွင်ထားခဲ့ရက်မည်မဟုတ်ပေ'* ဟူ၍ ရေးဖွဲ့ပြီးနောက် ခင်ပွန်းသည်၏ခံစားနေရသည့် နောင်တတရားကိုဆက်လက်ရေးဖွဲ့သည်။

*မယားနှင့်သားကလေးဖက်သို့ မကြာမကြာကြည့်လျက် မျက်ရည်မထွက်စေရန်တင်းထားရသည်။ မိမိထောင်ကျမည်မှာ မိမိ၏အပြစ်အလျောက်ခံရခြင်းဖြစ်သော်လည်း မယားနှင့်သားကလေးတို့မှာ မိမိကြောင့်ထောင်အတွင်းသို့အသွင်းခံကြရတော့မည်ဖြစ်သည်။ ကလေးအပေါ်တွင်သနားသည်။ လင်သည်၊ ဓားပြသည်မိမိ၏နှီးနှင့်ကလေးအပေါ်တွင်သနားသောစိတ်များပြည့်လျှမ်းလျက်နေလေသည်။*

*စင်စစ် ဓားပြတို့သည် ခက်ထန်ကြမ်းတမ်းသော်လည်း ကြေကွဲဖွယ်အဖြစ်နှင့်ကြုံလျှင်ခံစားတတ်လေသည်။ ခံစားရင်းဖြစ်ပေါ်လာသည့် နောင်တဖြင့်လူသားပီပီ မိမိဆိုးပြစ်ကိုသင်ခန်းစာယူပြီး ရှေ့ဘဝလမ်းစရီးအတွက် လူကောင်းများဖြစ်သွားနိုင်သည်ကို ၎င်းတို့ခံစားနေရသည့် ကိုယ်အမူအရာများအရ သိနိုင်လေသည်။*

၅၄။ သိပ္ပံမောင်ဝသည် ဓားပြများအပေါ်၌အဆိုးမမြင်ဘဲ ပြုပြင်ရေးအမြင်ဖြင့်ရေးဖွဲ့ခဲ့သည်။ ဓားပြမိသားစုမှ မသိနားမလည်သောကလေးငယ်ပါမိဘတို့ကဲ့သို့ခံစားရမည့်ဒုက္ခကို သားသမီးချင်းစာနာ၍ ဓားပြလင်မယားအပြစ်ကို ရင်နင့်စွာခြယ်မှုန်းလျက် သင်ခန်းစာပေးခဲ့လေသည်။ ဤသည်မှာ သိပ္ပံမောင်ဝ၏ ဆင်းရဲချမ်းသာလူတန်းစားမရွေး လူ့သဘာဝအမြင်ဖြင့် ရှုမြင်သုံးသပ်သောအရေးအဖွဲ့များပင်ဖြစ်ပေသည်။

## တစ်ရာ့တစ်ဆယ်

၅၅။ တစ်ရာ့တစ်ဆယ် ဝတ္ထုဆောင်းပါးမှာလည်း ထိုသဘောကိုတင်ပြထားသည်။ တစ်ရာ့တစ်ဆယ်သမား သူခိုးဘိုးချစ်သည် သူကြီးကလာ၍ဖမ်းသည်ကို အဖမ်းမခံဘဲ လက်သီးနှင့်ထိုးခြေဖြင့်ကန်ပြီး လုံးထွေးသတ်ပုတ်သည်။ ဝန်ထောက်မင်းရောက်လာမှပင်အဖမ်းခံသည်။ ဝန်ထောက်မင်းဆောင်လူအေးလည်း ဘိုးချစ်ကိုဝတ္တရားအရ ပုဒ်မ(၁၁၀)ဖြင့် ထောင်နှစ်နှစ်စီရင်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



၅၆။ သိပ္ပံမောင်ဝသည် သူခိုးအပေါ်အဆိုးမမြင်ဘဲ သူ၏စာနာစိတ် အမြင်ဖြင့် ဆောင်းပါးကို ဤသို့ရေးဖွဲ့၍အဆုံးသတ်ခဲ့သည်။

*ဘိုးချစ်နှင့်နှင်းမြိုင်တို့၏ အဖြစ်အပျက်ကိုမြင်သော ဝန်ထောက် မောင်လူအေးမှာ သူတို့အားသနားမိလေသည်။ သို့သော် ဘာမှမတတ်နိုင်။ မိမိဝတ္တရားကို ဆောင်ရွက်ခြင်းသာဖြစ်လေသည်။ ထောင်သို့သွားရမည့်သူ သွားပြီးနောက် အပြင်ကျန်ရစ်သောနှင်းမြိုင်နှင့်ဓမယ်တို့ ဘယ်သို့ရှိကြမည် နည်း။ စားရမဲ့သောက်ရမဲ့နှင်းမြိုင်နှင့်သူ၏သမီးကလေးမှာ မည်မျှပူဆွေး၍နေ ကြမည်နည်း။ သနားသောကြောင့် ထောင်မချပြန်လျှင် ဝတ္တရားမကျေရာကျ ပေမည်။ မိမိဝတ္တရားအတိုင်းဆောင်ရွက်ပြန်ပါကလည်း သနားစရာကြီးနှင့်ကြုံ တွေ့နေရပေသည်။ ရှေ့လည်းမတိုးသာ နောက်လည်းမဆုတ်နိုင်သည့် အကြောင်းများကို တွေဝေစဉ်းစားလျက်နေရင်းပင် သဘော်လည်းကျွဲခြံမှထွက် လာခဲ့၏။ နှင်းမြိုင်တို့လည်းကျန်ရစ်ကြလေသည်။*

၅၇။ သိပ္ပံမောင်ဝသည် ဒုစရိုက်သမားများဖြစ်သော လူဆိုး၊ သူခိုး သို့မဟုတ်၊ ပုဒ်မကျူးလွန်သူတို့၏စရိုက်လက္ခဏာများ၊ အပြုအမူများကို ကရုဏာပွား၍လည်းကောင်း၊ မေတ္တာထား၍လည်းကောင်းရေးဖွဲ့ခဲ့သည်။

**ကြေးနန်းစာ**

၅၈။ လူတိုင်း ပူပင်သောကကင်းဝေးစွာ နေလိုသည်မှာဓမ္မတာဖြစ်သည်။ သို့သော် လူတိုင်းတွင် ပူပင်သောကနှင့်မကင်းနိုင်ကြပါ။ ဘဝတစ်သက်တာ တွင် တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကြိမ်မဟုတ်တစ်ကြိမ် ပူပင်သောကနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ ယင်းသဘောကို သိပ္ပံမောင်ဝက 'ကြေးနန်းစာ' အမည်နှင့်ရေးဖွဲ့သည့်ဝတ္ထုတိုတွင်တွေ့ရပါသည်။

၅၉။ ယင်းဝတ္ထုတွင် မမာမကျန်းဖြစ်နေသည့်မော်လမြိုင်ရောက်ဇနီးသည် ထံလိုက်သွားသည့်မောင်လူအေးတစ်ယောက် မြောင်းမြရန်ကုန်သဘော်ပေါ် ညခရီးတွင် မအိပ်နိုင်မစားနိုင် စိတ်ပင်ပန်းစွာခံစားရပုံကို ဤသို့သရုပ်ဖော် ရေးဖွဲ့ခဲ့သည်။

*ခြင်အပေါင်းတို့သည် နှစ်ထောင်းအားရ မောင်လူအေးဖော်သွားဖောက် ကာ သောက်ကြကုန်၏။ ဤသို့ အားပါးတရ ခြင်အပေါင်းတို့သည် မိမိ၏*

www.burmeseclassic.com

www.burmeseclassic.com



သွေးကိုဖောက်ကာ မြိန်မြိန်ရှက်ရှက် သောက်နေကြပါသော်လည်း တုန်လှုပ်ခြင်းမရှိ။ ပကတိငြိမ်သက်စွာ တွေဝေငေးမောလျက်သာနေ၏။ ၎င်းစိတ်ကား ထိုသဘောခန်းထဲတွင်မရှိ။ ခြင်တွေကိုက်နေကြသည်ဟူ၍လည်းမသိ။ ခြေသန်း၏ မမာဖြစ်နေရာသို့သာလျှင် ရောက်လျက်နေ၏။ မမြသန်းဘယ်သို့နေပါသနည်း။ မတော်တဆဒုက္ခရောက်သွားက အခက်ကြီးတကား။ခြင်အပေါင်းတို့မှာလည်း အားပါးတရ ကိုက်မြဲတိုင်းကိုက်လျက်နေကုန်၏။ သန်းခေါင်ကျော်လာခဲ့၏။ နာရီ(၂)ချက်(၃)ချက်ထိုး၍လာသည်။ သဘော ပေါ်တွင်လိုက်ပါလာသူတို့ကား အားလုံးပင်အိပ်လျက်နေကြ၏။ သဘော အင်းသမားမှာအလုပ်များလျက်နေ၏။ မောင်လှအေး၏စိတ်မှာလည်းကစားလျက်သာနေ၏။ အတန်ကြာလျှင် မိုးလင်းလာ၏။ မောင်လှအေးလည်း မြသန်းအကြောင်းစဉ်းစားရင်းနှင့်ပင် ၎တ်တုတ်မိုးအလင်းခံ၏။

လူတို့သည် သောကကိုကြောက်ကြသည်။ သို့သော် သောကကို ရှောင်၍မရနိုင်ပါ။ ဘဝနိဂုံးမချုပ်မီ သောကတစ်မျိုးမျိုးကို ရင်ဆိုင်ကြရမြဲဖြစ်သည်။ ဖော်ပြပါသဘောမှ သောကခံစားချက်သည် ဖတ်သူရင်ထဲ စိတ်ဝင်လာအောင် ရေးဖွဲ့ခဲ့သည်ကိုတွေ့ရပါသည်။

**မအေးဖွယ်**

သိပ္ပံမောင်ဝသည် စာပေကိုချစ်ခင်သကဲ့သို့ ပတ်ဝန်းကျင်လောကကို ချစ်ခင်ခြင်းရှိလေသည်။ ပညာရှင်ကို လေးစားရှိသေသကဲ့သို့ လူတိုင်းကိုလည်း အလတ်မရွေး ရှိသေလေးစားခြင်းရှိလေသည်။ သူတစ်ဖက်သားကို တတ်၊ ညှာတာတတ်သူလည်းဖြစ်သည်။ 'မအေးဖွယ်'ဟူသော ပါးပါးတွင် မိမိထက် နိမ့်ကျသူများအပေါ် သိပ္ပံမောင်ဝ၏ ကိုယ်ချင်း သနားညှာတာသည့် ကရုဏာဖြင့် လူ့ဘဝကိုချဉ်းကပ်မြင်တတ်ပုံကို ဖော်ပြခဲ့သည် …

အချိန်ကား သာယာဝတီတွင် သူပုန်အကြီးအကျယ်ထနေသောအချိန် တောင်သူလယ်သမားသူပုန်သည် သာယာဝတီမှအင်းစိန်နယ်၊ သုံးခုံ ဒေါက်မြို့နယ်၊ ပြည်နယ်တို့ကိုကူးစက်သည်။ သူပုန်တို့အား စစ်တပ် အခြားနှင့်နှိမ်နင်းရသည်။ သူပုန်ကိစ္စနှင့် မရှေးမနှောင်းမှာပင် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နှင့်ကုလား၊ မြန်မာနှင့်တရုတ်အဓိကရုဏ်းများဖြစ်ကြသည်။ စပါးဈေးတွေကကျ၊ ဆန်ဈေးတွေကမရ၊ အရောင်းအဝယ်ကလည်းမဟန်သဖြင့် ဒုက္ခကြီးစွာရောက်ကြကုန်၏။ သည်အထဲတွင် အထက်အညာ မြင်းခြံ၊ မိတ္ထီလာနယ်များ၌ မိုးခေါင်သဖြင့် နယ်သူနယ်သားများ တော်မွတ်ခေါင်းပါးကြ၏။ နယ်များတွင် ဓားပြများအထူးသောင်းကျန်းကြ၏။ ဓားပြအတိုက်ခံရသည်မှာလည်း ခဏခဏ၊ ခုခံလျှင် အသက်မချမ်းသာ၊ ပြေးပြန်ကလည်းမလွတ်၊ ချမ်းသာသူတွေမြို့တက်၍နေထိုင်ကြကုန်၏။ ဆင်းရဲသူတွေကိုကား လဲရာသူခိုးထောင်းကြကုန်လေပြီ။ ဤသို့သောခေတ်ဆိုးကြီးတွင် နယ်ပိုင်ဝန်ထောက်မောင်လှအေးသည်အင်းမရွာသို့ ညအိပ်ရောက်လာခဲ့သည်။

အင်းမရွာသို့ရောက်လျှင် ရေမိုးချိုး ထမင်းစားသောက် ပြီးနောက် သူကြီး၏ အိမ်အပြင်ဘက် ဝရန်တာလေးပေါ်၌ ခင်းထားသော ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဆွေရာလေးပါး စဉ်းစားလျက်နေသည်။ အတန်ကြာလျှင် လူလေးငါးယောက်တို့ တုတ်ချွန်တွေ၊ ဓားတွေ၊ လှံတွေကိုကိုင်ကာ သူကြီးမင်း၏အိမ်ဝင်းအတွင်းသို့ ဝင်လာကြကုန်၏။ ထိုသူတို့ကား မည်သူတို့ပါနည်း။ ဓားပြတွေလော၊ သူပုန်တွေလော၊ ဓားပြလည်းမဟုတ်၊ သူပုန်လည်းမဟုတ်၊ ကင်းသမားများဖြစ်ကြလေသည်။ သူတို့အသီးသီးစောင်ကိုယ်စီခြုံထားကြပြီး အိမ်ဝင်းအတွင်းခင်းထားသော ခုံရှည်တစ်ခုတွင် ထိုင်နေကြလေသည်။

မောင်လှအေးလည်း ထိုကင်းသမားတို့ကိုကြည့်ကာ ဟိုနယ်သည်နယ်စဉ်းစားပြန်၏။ သူတို့ကား သူကြီးမင်း၏အမိန့်ကြောင့်သာ ကင်းစောင့်ရန်လာကြလေသည်။ စိတ်ကားပါကြလိမ့်မည်မဟုတ်ပေ။ သားပစ်၊ မယားပစ်၊ ချမ်းကလည်းချမ်း၊ အိပ်ကလည်းပျက် မည်သူလာချင်အံ့နည်း။ ထိုသူတို့ကား ဓားပြတွေကို တုတ်ချွန်တွေကိုယ်စီကိုင်ကာ ဟန်ပါပါကင်းစောင့်ရှာသော်လည်း အကယ်၍ဓားပြများလာမည်ဆိုလျှင် အကုန်ပြေးကြမည့်သူတွေသာ ဖြစ်လေသည်။ ခုခံကြမည့်သူတို့ကားမဟုတ်ကြချေ။ သူတို့တခြေသည် ကင်းစောင့်နေကြရသော်လည်း အကျိုးရှိမည်မဟုတ်။ သို့သော် ဟန်ဖြင့် ခြောက်ရုံသာရှိသည်။ စင်စစ်ကား မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့အားကိုးရာရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



*ဤသို့ စိတ်ကူးထုတ်၍ အတန်ကြာလျှင် ကင်းသမားတို့အား အိမ်သို့ ပြန်လွှတ်လိုက်၏။ ကင်းသမားများပြန်သွားကြသောအခါ မောင်လူအေးအိပ်ရာ ထဲဝင်တော့သတည်း။*

**ခြုံငုံဆွေးနွေးချက်**

၆၂။ စာရေးဆရာသိပ္ပံမောင်ဝ(၁၈၉၉-၁၉၄၂)သည် ကလောင်အမည် တွဲပေါင်းများစွာဖြင့် စာပေရေးသားပြုစုခဲ့သူဖြစ်ပါသည်။ သိပ္ပံမောင်ဝ အမည်ဖြင့် ရေးသမျှအနက်မှ မိမိလက်လှမ်းမီသမျှကို လေ့လာသုံးသပ်ရာတွင် ဆရာသည် အောက်ပါအချက်(၄)ချက်နှင့်ပြည့်စုံကိုက်ညီသည်ဟု တင်ပြချင် ပါသည်။

(က) အရေးရှင်းလင်းခြင်း
(ခ) အမြင်ရှင်းလင်းခြင်း
(ဂ) အတွေးရှင်းလင်းခြင်း
(ဃ) အယူအဆရှင်းလင်းခြင်း

**အရေးရှင်းခြင်း**

၆၃။ ရှေးရှေးခေတ်ကပင် ရေးခဲ့ကြသော မြန်မာစကားပြေများသည် သူ့အလုနှင့်သူကောင်းကြပါသည်။ သူ့နေရာနှင့်သူ ဝါကျရှည်ရှည်ဖြင့်လည်း ကောင်းတတ်ကြသည်။ ဝါကျတိုတိုဖြင့်လည်း ကောင်းတတ်ကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဆရာကြီးရွှေဥဒေါင်းတို့၏စကားပြေများ သည်း ဖတ်၍အရသာရှိကြပါ၏။ သိပ္ပံမောင်ဝ၏ဟန်ကား သွက်လက် ချက်လက်ပြီး စာဖတ်သူအား ခါးဖက်၍ဆွဲခေါ်သွားသကဲ့သို့ သူရယ်လျှင် ကိုယ်ရယ်၍ သူလွမ်းသော်ကိုယ်ပါနွမ်းရသည်။ အပိုအမိုအဆာပလာမရှိ။ တိုရှင်းတိုရှင်းခရီးရောက်လှသည်။

၆၄။ သိပ္ပံမောင်ဝသည် မည်သည့်စာကိုရေးရေး စာဖတ်သူ၊ စာနာသူ စိတ်ဝင်စားအောင်၊ လွယ်ကူစွာနားလည်သဘောပေါက်အောင်၊ ဖတ်ရှုရ ချယ်ဖြစ်အောင်၊ ရသခံစားနိုင်အောင်အတွေးသစ်၊ အမြင်သစ်ဖြင့်ရှင်း ရှင်း ပြေပြေပြစ်ပြစ်ရေးဖွဲ့သည်။ ယင်းသို့ရေးဖွဲ့ရာတွင် စာဖတ်ရသူအ ပေါ်အလွတ်ဖက်၍ရေးသည်။ ဇာတ်ရုပ်များအပေါ် ဖြဟ္မစိုက်ရားလေးပါး

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ထားရေးဖွဲ့သည်။ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ အဆိုးမြင်သဘောဖြင့် မရှုမြင်၊ မသုံးသပ်။ အပြုသဘောဖြင့်သာရှုမြင်သုံးသပ်သည်။ ဓမ္မဓိဋ္ဌာန် ကျကျအပြုသဘောရေးဖွဲ့သောကြောင့် သူ့စာပေများသည် မြန်မာစာပေသမိုင်း တွင် အဓိကရမှတ်တိုင်ကြီးအဖြစ်ယနေ့တိုင်တည်ရှိနေခြင်းဖြစ်သည်။ နောင် ဘွင်လည်းတည်ရှိနေဦးမည်သာဖြစ်သည်။

၆၅။ လူ့သဘာဝအမြင်ရှင်းသဖြင့် လူ့သဘာဝကိုရေးဖွဲ့ရာ၌ ဇာတ်ကောင် များ၏စရိုက်သည် ရုပ်လုံးကြွသည်။ ရေးဖွဲ့ဟန်ကလည်းသွက်လက်ရှင်းလင်း လှသဖြင့် သူ့စာကိုအခေါက်ခေါက်အခါခါ အသံထွက်၍ဖတ်ကြသည်။ ကျွန်ုပ်တော်၏သူငယ်ချင်းအချို့သည် စည်းစိမ်၊ အညာဘုရားပွဲ၊ ရွာ့ကျက်သရေ ဆောဝတ္ထုဆောင်းပါးများကို အစအဆုံးအလွတ်ရွတ်ဆိုနိုင်ကြလေသည်။ ကဗျာမဟုတ်၊ သီချင်းမဟုတ်ဘဲနှုတ်ဖျားမှစွဲအောင်ရေးနိုင်သည်။

## အမြင်ရှင်းလင်းခြင်း

၆၆။ မေတ္တာအရင်းခံသော စိတ်သဘောထားဖြင့် လောကကိုရှုမြင်သဖြင့် သူ့အမြင်သည် ကြည်လင်သည်။ ထို့ကြောင့် အမြင်ရှင်းရှင်းလင်းလင်း ရှိကာ သူကအာရုံခံစားမှုကောင်းရသည်။ သို့ဖြစ်၍ လူ့သဘောလူ့သဘာဝ အဖွဲ့အနွဲ့များသည် ထင်ရှားပီသလှသည်။ အမြင်ရှင်းသဖြင့် အရေးလည်း ရှင်းသည်။ ဟန်ဆောင်ခြင်းမရှိ၊ လိမ်ညာခြင်းမရှိ။

၆၇။ သိပ္ပံမောင်ဝတို့နှင့်ခေတ်ပြိုင်လောက်ရှိမည့် စိတ်ကုဆရာဝန် ဆစ်ဂမန်ဖရွိုက် (၁၈၅၆-၁၉၃၉)၏ စိတ်ခွဲပညာဖြင့် သူ၏စာပေကို ခွဲခြမ်း စိတ်ဖြာကြည့်နိုင်ပါသေး၏။ သိစိတ်၊ မသိစိတ်၊ အစ်ဒ်၊ အီဂို၊ ဆူပါအီဂို စသည့် စိတ်သရုပ်ခွဲနည်းတို့ဖြင့်ချဉ်းကပ်ရမည်ဖြစ်ပါသည်။ သို့သော် စိတ်ခွဲပညာကိုလက်မခံတော့ဘဲ အချို့က လှုံ့ဆော်မှုနှင့်တုံ့ပြန်မှုအပေါ်မှာ သိပ္ပံနည်းကျစွာ အခြေပြုသောအပြုအမူဝါဒီ၊ စိတ်ပညာရှင်တို့၏စိတ်ပညာက ခေတ်မီသည်ဟု ယူဆလက်ခံလာသော ခေတ်ကာလရောက်လာပြန်ပါသည်။ ဂျောဘီဝပ်ဆင်မှသည် ဘီ၊ အက်ဖ် စကင်နာအထိ အပြုအမူဝါဒီတို့က စိတ်ခွဲ ပညာကိုသိပ္ပံပညာဟုပင်မယူဆချင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



၆၈။ တိကျသေချာစွာ ဖော်ထုတ်နိုင်သောအချက်မှာကား သိပ္ပံမောင်ဝ သည် ဤဝတ္ထုဆောင်းပါးတို့ကို ရေးသားခဲ့ရာ၌ 'စိတ်ကောင်းစေတနာနှင့် မေတ္တာဗြဟ္မစိုရ်တရား' ကို အများဆုံးလက်စွဲထားပြီး ရေးသားခဲ့သည်ဟူသော အချက်ဖြစ်ပါသည်။ သို့ဖြစ်၍ သူ၏စာများသည်အရှည်ခံ၍ တည်တံ့၏။ သူ၏ဇာတ်ကောင်များသည် လူနှင့်တူသောလူထဲကလူတွေဖြစ်နေပေသည်။

**အတွေးရှင်းခြင်း**

၆၉။ သိပ္ပံမောင်ဝ၏ အတွေးအမြင်သည် ကြည်လင်ရှင်းလင်းသည်။ သူ၏စိတ်သည်မှန်ကဲ့သို့၊ ရေကြည်မျက်နှာပြင်ကဲ့သို့ တည်ကြည်ငြိမ်သက် သဖြင့် လောကဓံ၏အရိပ်အရောင်တို့ကို ကောင်းစွာထင်ဟပ်နိုင်သည်။ သူ၏အတွေးတွင် ဗြဟ္မစိုရ်တရားပါဝင်သည်။ မေတ္တာစေတနာနှင့် ကရုဏာ ဥပေက္ခာတို့အရင်းတည်သည်။ အထက်တွင် နမူနာသာဓကများဖြင့် တင်ပြ ခဲ့ပါသည်။

**အယူအဆရှင်းလင်းခြင်း**

၇၀။ သူမြင်သမျှ၊ ကြားသမျှကို စိစစ်၍ တရားမျှတခြင်းနှင့်မှန်ကန်ခြင်း ရှိသည်ဟူသောယူဆသည့်အချက်ကိုလက်ခံသည်။ သိပ္ပံမောင်ဝ၏စာများကို ၁၉၄၅ခုနှစ်ကာလဆီက သုံးသပ်မည်ဆိုပါက အမျိုးသားရေးနှင့် ဇာတိမာန် စေ့ဆော်မှု၌ အားနည်းသည်ဟုအကဲဖြတ်ကောင်းဖြတ်ကြပေလိမ့်မည်။ ၁၉၅၉-၆၉ ကာလများတွင် သုံးသပ်ကြပါက လူတန်းစားရပ်တည်ချက်မရှိ၊ တော်လှန်သောအမြင်မပါ၊ ဆိုရှယ်လစ်အတွေးအခေါ်အားနည်းသည် စသဖြင့် ဆဖန်ကောင်းဝေဖန်ကြပါလိမ့်မည်။ သူသည် လူကိုလူလိုသာမြင်၍ ဆင်းရဲ သား၊ လူချမ်းသာ၊ ကျောမွဲ၊ တိုင်းမင်းကြီး စသည်ဖြင့် ခွဲခြားပိုင်းခြားလိုခြင်း မရှိ။ လူတန်းစားတိုက်ပွဲနှင့် လူမျိုးရေးခွဲခြားစွဲယူလိုသော အယူအခံမရှိလှ။ လူတွေဆင်းရဲခြင်းသည် ကိုလိုနီစနစ်ကြောင့်ဟုအပြစ်မဆို။ ကျေးရွာတွေမွဲချာ ခြင်းသည် အရင်းရှင်စနစ်ကြောင့်ဟုသူကမရေး။ ဝါဒစနစ် အယူအစွဲကင်း လေသည်။

၇၁။ သိပ္ပံမောင်ဝ၏ လူ့သဘာဝ၊ ကလေးသဘာဝတို့ကို ရေးဖွဲ့ခဲ့ပုံ အား အချိန်ရသမျှ မကျဉ်းမကျယ်ပြုစုတင်ပြခဲ့ပါသည်။ ပြည့်စုံခြင်းမိသော

www.burmeseclassic.com



စာတမ်းတစ်စောင်ဖြစ်အောင် ကြိုးစားထားပါသည်။ ဆက်လက်လေ့လာဖြည့်စွက်ရန်ကား လိုသေးသည်ဟုခံယူပါသည်။ ဝေဖန်အကြံပေးချက်များ၊ *အညွှန်တော်ပြုပြင်ခြင်းများကိုဖိတ်ခေါ်ကြိုဆိုပါသည်။*

**နိဂုံး**

၇၂။ ဤစာတမ်းကို ပြုစုနိုင်ရန် စာအုပ်စာတမ်းများ ရှာဖွေစုဆောင်းရာ၌ ကူညီခဲ့ကြသူများအားလည်းကောင်း၊ မှတ်စုထုတ်ခြင်း၊ ဂုဏ်တူစုပြုခြင်း၊ အားပေးခြင်း၊ ဆွေးနွေးခြင်းတို့ပြုခဲ့ကြသည့် စာပေအပေါင်းအသင်းများကိုလည်းကောင်း၊ ကျွန်တော်တင်သွင်းဖတ်ကြားသမျှကို ယခုကဲ့သို့ ကြွရောက်ချီးမြှင့်နားထောင်ပေးသည့် စာပေပညာရှင်များနှင့်စာပေဝါသနာရှင်များအားလည်းကောင်း ကျွန်တော်က အထူးပင်ကျေးဇူးဥပကာရတင်ပါကြောင်း တင်ပြ၍နိဂုံးချုပ်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း


၁။ ကျော်စိန်(ဒေါက်တာ)။ **စိတ်ပညာဆောင်းပါးပေါင်းချုပ်**။ မြဝတီစာပေတိုက်၊ ၁၉၉၇

၂။ ကျော်စိန်(ဒေါက်တာ)။ **စိတ်ပညာဆောင်းပါးပေါင်းချုပ်**။ ရာပြည့်စာအုပ်တိုက်၊ ၁၉၉၇

၃။ စာပေဗိမာန်။ **မြန်မာ့စွယ်စုံကျမ်း**။ ရန်ကုန်။ ၁၉၆၀

၄။ မြင့်ကြိုင်၊ ဦး (အမျိုးသားစာကြည့်တိုက်) **သိပ္ပံမောင်ဝနှင့် သူ၏စာစု**။ ရန်ကုန်။ ဝါမိုးအောင်စာပေ၊ ၁၉၉၅

၅။ ရှုမဝစာအုပ်တိုက်။ **သုံးပွင့်ဆိုင်ခေတ်စမ်းစာပေ**။ ၁၉၆၁၊ ဇန်နဝါရီလ

၆။ လှ၊ ဦး (လူထု)။ **သိပ္ပံမောင်ဝ**။ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၆

၇။ ဝ၊ မောင်(သိပ္ပံ-)။ **သိပ္ပံမောင်ဝ၏ခေတ်စမ်းစာပေအထွေထွေ**။ ရန်ကုန်။ ပုဂံစာအုပ်တိုက်၊ ၁၉၆၆

၈။ ဝ၊ မောင်(သိပ္ပံ-)။ **သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများ**။ စာပေဗိမာန်၊ ၁၉၆၁

၉။ ဝ၊ မောင်(သိပ္ပံ-)။ **မောင်လူအေး**။ ယနေ့မန္တလေးစာအုပ်တိုက်၊ ၁၉၉၆

၁၀။ဝ၊ မောင်(သိပ္ပံ-)။ **မိသားစုလက်ရွေးစင်ဝတ္ထုတိုများ**။ ရွှေစာပေ၊ ၁၉၉၈


www.burmeseclassic.com

www.burmeseclassic.com

## ချစ်နိုင်(စိတ်ပညာ)

## လူ့သဘာဝ၊ ကလေးသဘာဝတို့ကို သိပ္ပံမောင်ဝရှုမြင်ပုံ

**ဆွေးနွေးမေးမြန်းသူများ။** ။ ၁။ မောင်မိုးကျော်သူ ၂။ မောင်အောင်နိုဦး ၃။ ဦးစံမြင့် ၄။ ကိုခိုင်ရမွှာ ၅။ ဦးမြင့်အောင်

**ဆွေးနွေးမေးမြန်းချက်များ ...**

၁။ ဆရာကြီးသိပ္ပံမောင်ဝသည် ထိုစဉ်က မြန်မာစာပေအပေါ် သုံးသပ်ထားသော စာပေဆောင်းပါးမျိုးရေးဖူးခြင်းရှိမရှိသိလိုပါသည်။ (သို့မဟုတ်)နောင်ဖြစ်လာမည့် မြန်မာစာပေအနာဂတ်ရပ်တည်မှုကို ကြိုတင်တွေးခေါ်ဖော်ပြဖူးသောဆောင်းပါးမျိုး ရှိမရှိသိလိုပါသည်။

၂။ သိပ္ပံမောင်ဝသည် ငယ်စဉ်က ကောင်းစွာပြုစုပျိုးထောင်ခံခဲ့ရသဖြင့် သူငယ်ဘဝနှင့်နှိုင်းယှဉ်ကာ ကလေးတို့၏သဘာဝကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်ဟုထင်မြင်ပါသည်။ ၄င်းကိုအခြေခံ၍ ထိုခေတ်က မိဘများ၊ ဆရာများကို ကလေးငယ်တို့အား ကောင်းစွာပြုစု ပျိုးထောင်နိုင်ရန် လမ်းညွှန်ခဲ့သည်ဟုထင်ပါသည်။ ထို့ကြောင့် ဆရာကြီးပီမိုးနင်း၏ လမ်းညွှန်ခေတ်ပြင်စာပေများပမာ သိပ္ပံမောင်ဝ၏စာပေအချို့ကိုခေတ်ပြင်စာပေများအဖြစ်သတ်မှတ်လိုပါသည်။ သဘောတူပါသလား။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကလေးများသည် 'နိုက်နိုက်ချွတ်ချွတ်' မေးတတ်ပါသည်။ မောင်လူအေးသည် စိတ်ရှည်ပါသည်။ စာတမ်းရှင်အနေဖြင့်ရော ကလေးများအပေါ် စိတ်ရှည်ပါသလား။ စာတမ်းပါအချက်အလက်ထက်တင်ပြပုံ စိတ်ဝင်စားဖွယ်ကောင်းသည်ဟုဆိုလျှင် မည်သို့ဖြေမည်နည်း။

၄။ ဆင်းရဲခြင်းစနစ်နှင့်မဆိုင်ဟူသည်ကို ဆရာ့အနေနှင့် မည်သို့လက်ခံပါသနည်း။

၅။ ဆရာအောင်စိုးဦးက သိပ္ပံမောင်ဝကို ပြည်သူ့ဝန်ထမ်းဟူ၍သုံးသည်ကို ကြားရပါသည်။ ဆရာချစ်နိုင်(စိတ်ပညာ)က ဗြိတိသျှပင်္ဂိုလ်ညာဥ်ဝန်ထမ်းဟု သုံးပါသည်။ မည်သည့်အချက်ကိုယူပါက သင့်တော်မည်ကို ဖြေကြားပေးပါ။

**စာတမ်းရှင်၏ပြန်ကြားချက်များ ...**

၁။ သိပ္ပံမောင်ဝသည် ထိုစဉ်က မြန်မာစာပေအပေါ်သုံးသပ်ဝေဖန်သော စာပေဆောင်းပါးများ များစွာရေးသားခဲ့ဖူးပါသည်။ သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်း(လူထုဦးလှရေးသည်) စသောစာအုပ်များတွင် တွေ့ရှိနိုင်ပါသည်ခင်ဗျား။

၂။ သိပ္ပံမောင်ဝ၏စာပေအချို့ကို ခေတ်ပြင်စာပေများအဖြစ် သတ်မှတ်လိုသည်ဟူသော မောင်အောင်နီဦး၏ အဆိုကို ကန့်ကွက်ရန်မရှိပါ။ သဘောတူပါသည်။

၃။ စာတမ်းရှင်သည် ကလေးများအပေါ် အတော်အသင့် စိတ်ရှည်သူဟု ဆိုနိုင်ပါသည်။ စာတမ်းပါအချက်အလက်များ ပြည့်စုံစေရန်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစာတည်းအဖွဲ့က တစ်လကြာမျှ စုဆောင်းစုစည်းကြရပါသည်။ တင်ပြပုံစိတ်ဝင်စားဖွယ်ရှိအောင် ကြိုးစားပြုစုထားပါသည်။ 'သူကြီးဘုရား ရွာသားကောင်းမှု'ဖြစ်၍ မိမိတော်သောကြောင့် မဟုတ်ပါခင်ဗျား။ အားထုတ်မှုကို အသိအမှတ်ပြုသဖြင့်ဝမ်းသာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ လူတစ်ဦးချင်း၏ ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် ပုဂ္ဂလိကထိုသူ၏ တံ၊ ဉာဏ်၊ ဝီရိယနှင့်ဆိုင်သည့်အပြင် ကာလသမ္ပတ္တိ၊ ကာလဝိပ္ပတ္တိဟူသော အခြေအနေအချိန်အခါနှင့်လည်း ဆက်နွယ်နေပါသည်။ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုးအတွက်ဆိုလျှင်လည်း စနစ်များ၊ ခေတ်များနှင့် အတန်အသင့် ဆက်နွယ်ရိုက်ခတ်မှုရှိကောင်းရှိနိုင်ပါသည်။

၅။ ဆရာမြင့်အောင် သင့်တော်သလိုယူဆပါ။ အခြေအနေ၊ အချိန်အခါ၊ ပြောဆိုမည့် အကြောင်းအရာနှင့် ဆီလျော်မည်ဟုထင်သည့်အချက်ကို အသုံးပြုသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၈-၆-၉၉ (အင်္ဂါနေ့)

| | | |
|---|---|---|
| အလှည့်ကျသဘာပတိ | - | ဦးလှကြိုင် (စာရေးဆရာပါရဂူ) |
| သဘာပတိအဖွဲ့ဝင်များ | - | ဦးဝင်းဖေ (ဆရာမြဇင်၊ မြန်မာစာအဖွဲ့ဝင်) |
| | - | ဒေါ်ပို (မြန်မာစာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်) |

## သိပ္ပံမောင်ဝ၏ စာပေသဘောတရား
## စာတမ်းရှင် လှထွန်း(မြန်မာစာ)၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း



၁၉၄၇ခု ဧပြီလ (၁၆)ရက်နေ့တွင် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲရွာ၌ အဖဦးညီလေး၊ အမိဒေါ်စိုတို့မှမွေးဖွား။ အမည်မောင်လှထွန်း။ မွေးချင်းအစ်မသုံးဦးရှိ၊ သူငယ်တန်းမှသတ္တမတန်းအထိ ပင်းတလဲရွာ အစိုးရ အလယ်တန်းကျောင်းတွင်ပညာသင်ကြားခဲ့။ ၁၉၆၀ ပြည့်နှစ်တွင် အစိုးရစစ် သတ္တမတန်းအောင်မြင်ခဲ့။ ၁၉၆၁-၆၂များတွင် မန္တလေးနန်းရှေ့ပုံနှိပ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ပညာသင်ကြားခဲ့ပြီး တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို အောင်မြင်ခဲ့။ ၁၉၆၃တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဒုတိယအဆင့်ဖြင့် မန္တလေးမြို့နေပြည်တော်အထက်တန်းကျောင်းမှ အောင်မြင်ခဲ့။ ၁၉၆၃တွင် မန္တလေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့။ ၁၉၇၃-၇၄တွင် ရန်ကုန်မြို့လုပ်သားများကောလိပ်မှ ဝိဇ္ဇာ(မြန်မာစာဘွဲ့)ကို စကားပြေဂုဏ်ထူး၊ မဟာဝိဇ္ဇာတက်ရန် အရည်အချင်းမီအဆင့်ဖြင့်ရရှိခဲ့။ ၁၉၈၉ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ M.Phil (မြန်မာစာ)ဘွဲ့ရခဲ့။ ၁၉၉၁တွင် ရန်ကုန်တက္ကသိုလ်မှ 'မဟာဝိဇ္ဇာဘွဲ့'ကို သိပ္ပံမောင်ဝ၏စာပေဆောင်းပါးများလေ့လာချက် (စာပေသဘောတရား)ကျမ်းဖြင့်ရရှိခဲ့။

၇-၁၂-၆၄ မှ ၃၁-၇-၇၆ ထိ မူလတန်းပြဆရာရာထူးနှင့်မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် သမိုင်းနှင့်မြန်မာစာဘာသာရပ်များကို သင်ကြားပို့ချခဲ့။ ၁၅-၅-၇၇ မှ ၃၁-၁၂-၈၆ထိ မုံရွာဒေသကောလိပ်မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်ခဲ့။ ၁-၁-၈၇မှ၃၁-၅ ၉၄ ထိရန်ကုန်တက္ကသိုလ်(ပင်မ) မြန်မာစာဌာနတွင်နည်းပြ၊ လက်ထောက်ကထိကရာထူးဖြင့် စာပေများသင်ကြားပို့ချခဲ့။ ၁-၆-၉၄မှ၃၁-၁၂-၉၅ထိ ကလေးကောလိပ်မြန်မာစာဌာနတွင် လက်ထောက်ကထိက၊ ဌာနမှူးအဖြစ် ဆောင်ရွက်ခဲ့။ ၁-၁-၉၆မှ ယနေ့အထိ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် လက်ထောက်ကထိက၊ ကထိကရာထူးများဖြင့် တာဝန်ထမ်းဆောင်လျက်ရှိ။

၁၉၇၄ခုနှစ်တွင် 'မော်ဟိန်း' ကလောင်အမည်ဖြင့် 'နှလုံးသားကြယ်နီ' ဝတ္ထုကိုရေးသားထုတ်ဝေခဲ့။ မုံရွာဒေသကောလိပ်မဂ္ဂဇင်းများ၊ မုံရွာမဂ္ဂဇင်း၊ ကလေးကောလိပ်မဂ္ဂဇင်းတို့ကိုတာဝန်ခံထုတ်ဝေခဲ့။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ အခြေခံအထက်တန်းအဆင့်မြန်မာစာဂျာနယ်ကို ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ခုနှစ်များတွင် ဂျာနယ်အတွင်းရေးမှူးအဖြစ်တာဝန်ခံထုတ်ဝေခဲ့။ ၁၉၉၁တွင် 'အခြေခံစာစီစာကုံးများ'စာအုပ်ကို လှထွန်း(မြန်မာစာ)အမည်ဖြင့် ရေးသားထုတ်ဝေခဲ့။ 'မြန်မာစာဆရာများ၏မြန်မာစာစာစီစာကုံးများ' ကိုလည်း စီစဉ်ထုတ်ဝေခဲ့။ ၁၉၉၅ခုနှစ်တွင် 'ရွှေတြိဂံစာစီစာကုံးများ' စာအုပ်ကိုရေးသား ထုတ်ဝေခဲ့။ ယခုသင်ကြားရေးတာဝန်များကိုထမ်းရွက်ရင်း ကျောင်းသားများ အကျိုးရှိမည့်စာပေများကိုရေးသားလျက်ရှိ။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ၏စာပေသဘောတရား

## ၁။ နိဒါန်း

စာရေးဆရာကြီးသိပ္ပံမောင်ဝသည် ၁၈၉၉ ခု၊ ဇွန်လ(၅)ရက်တွင် မွေးဖွား၍ ၁၉၄၂ခု၊ ဇွန်လ(၆)ရက်တွင်ကွယ်လွန်ခဲ့ပါသည်။ စာရေးဆရာကြီး သိပ္ပံမောင်ဝမွေးဖွားခဲ့သည်မှာ- ၁၉၉၉ခု၊ ဇွန်လ(၅)ရက်နေ့ဆိုလျှင် နှစ်ပေါင်း တစ်ရာတိတိပြည့်ခဲ့ပါပြီ။ ကွယ်လွန်ခဲ့သည်မှာ ၅၇နှစ်ကြာမြင့်ခဲ့ပါပြီ။ စာရေးဆရာကြီးသိပ္ပံမောင်ဝသည် သူအသက်ရှင်သန်သည့်ကာလမြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးအတွက် သူ့အစွမ်းရှိသမျှ လုံ့လ၊ ဝီရိယ၊ ပညာသုံးဖြာစိုက် ထုတ်ကြိုးပမ်းခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ယင်းပုဂ္ဂိုလ်ကြီး၏စာပေရေးရာ ဆောင်းပါးများကိုအခြေခံ၍ ကျွန်တော်တင်သွင်းမည့်စာတမ်းမှာသိပ္ပံမောင်ဝ၏ စာပေသဘောတရားဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေ သဘောတရားဟုဆိုလျှင်ပိုမိုသင့်လျော်ပါလိမ့်မည်။

## ၂။ စာတမ်းဦးတည်ချက်

သိပ္ပံမောင်ဝ၏ စာပေသဘောတရားစာတမ်း၏ဦးတည်ချက်မှာ စာပေအမျိုးအစားအမျိုးမျိုးနှင့်ပတ်သက်၍ သိပ္ပံမောင်ဝမြင်သောစာပေ

www.burmeseclassic.com

www.burmeseclassic.com



သဘောထား၊ စာပေသဘောတရားများကိုဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။ ဖော်ထုတ်တင်ပြလိုက်သော သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေသဘောတရားများသည် ယခုအချိန်ထိခေတ်မီနေသည်။ ယခုအချိန်ထိ မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုနေသည်ဟု စာတမ်းပြုသူအနေဖြင့်ယုံကြည်မိပါသည်။ ဤသို့မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုနေသော၊ ယနေ့ထိခေတ်မီနေသေးသော သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေသဘောတရားများကိုကျယ်ကျယ်ပြန့်ပြန့်လေ့လာဖြန့်ချိနိုင်လျှင် မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် အားအင်တစ်ခုတိုးလာမည်ဟုယုံကြည်ပါသည်။ ဤဦးတည်ချက်ဖြင့် သိပ္ပံမောင်ဝ၏ စာပေသဘောတရားစာတမ်းကို တင်သွင်းရခြင်းဖြစ်ပါသည်။

## ၃။ သိပ္ပံမောင်ဝ၏စာပေဘဝဖြစ်စဉ်အကျဉ်း

သိပ္ပံမောင်ဝဖြစ်လာမည့်မောင်စိန်တင်သည် ငယ်စဉ်ကာလကျောင်းတွင် ပညာဆည်းပူးရသည်ကိုမကျေနပ်မူ၍ အဘိုးဖြစ်သူစာတတ်ကြီးဦးလူကလေးထံတွင် ဝတ္ထု၊ ပုံပြင်၊ ရာဇဝင် စသည်တို့ကိုကြားနာမှတ်သားသည်။ အဘွားဖြစ်သူဘွားဒွေးထံတွင် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာတို့ကိုကြားနာမှတ်သားသည်။ ထိုစဉ်ကပင် စကားပြေကိုအထူးနှစ်သက်စွဲလမ်းခဲ့သည်။ထို့ကြောင့်လည်း သူသည်မဟာဇနကဝတ္ထုတော်ကြီးမှကောင်းနိုးရာရာစာပိုဒ်များကိုနှုတ်တက်ဆောင်ကာ ရွတ်ပြလေ့ရှိကြောင်း၊ သန်းသန်းဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထု၊ ဘီအေမောင်ဘလွင်ဝတ္ထု စသည်တို့ကို မြိန်ရေရှက်ရေပြောလေ့ရှိကြောင်းကို သူ၏ကျောင်းနေဖက်များထံမှသိရသည်။ ထိုသို့ကြားနာမှတ်သားလေ့လာရင်း ဝါသနာမျိုးစေ့အညှောင့်ပေါက်၍ 'ဝဇီရာတင့်'ဟူသော ကလောင်အမည်ဖြင့် ဆယ်တန်းကျောင်းသားဘဝ ၁၉၁၉ခုနှစ်ကပင် သတင်းစာများ၌ ဆောင်းပါးများစတင်ရေးသားခဲ့ပါသည်။[၁]

မောင်စိန်တင်သည် ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်ယူနီဗာစီတီကောလိပ်သိပ္ပံကျောင်းသို့ရောက်လာသည်။ ကောလိပ်ကျောင်းသားဘဝတွင်

---

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၄၊ စအက္ခရာ၊ စာမျက်နှာ ၅၇-၆၊

www.burmeseclassic.com

www.burmeseclassic.com



(၄)အမှတ်အသားပါကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာဆောင်းပါး စသည်တို့ကို ယူနီဗာစတီကောလိပ်မဂ္ဂဇင်း၌ရေးသားခဲ့ပါသည်။[၁]

မောင်စိန်တင်သည် ၁၉၂၄ခုနှစ်တွင် ဥပစာတန်းစာမေးပွဲကို မြန်မာဘာသာနှင့်ပါဠိဘာသာထူးချွန်ဆုများဖြင့်အောင်မြင်သည်။ ဝိဇ္ဇာတန်းသို့ရောက်လျှင် မြန်မာစာဂုဏ်ထူးတန်းကိုယူသည်။ ၁၉၂၇ခုနှစ်တွင် မြန်မာစာဂုဏ်ထူးတန်းကိုပထမအဆင့်ဖြင့်အောင်မြင်သည်။ ပါမောက္ခဦးဖေမောင်တင်၏ကြိုးပမ်းမှုဖြင့် မြန်မာစာဂုဏ်ထူးတန်းကို ထိုနှစ်တွင်စတင်ဖွင့်လှစ်၍ ဦးစိန်တင်သည် ထိုအတန်းတွင်တစ်ဦးတည်းသောစာသင်သားဖြစ်ပြီးလျှင် ပထမတန်းကိုပထမရသူဖြစ်သည်။

ဦးစိန်တင်သည် ကောလိပ်သိပ္ပံကျောင်း၊ မြန်မာစာဂုဏ်ထူးတန်း၌ စာသင်စဉ်ပါမောက္ခဦးဖေမောင်တင်၊ ပုဂံဝန်ထောက်ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီးဦးပွား၊ အဂ္ဂမဟာပဏ္ဍိတဦးလင်းတို့ထံ၌ ပုဂံကျောက်စာမှစ၍ ပို့၊ သတ်ံာရာဇဝင်သမိုင်းတို့အပါအဝင် ကာလပေါ်ဝတ္ထုအထိဖြစ်သော စာပေအမျိုးမျိုးတို့ဆိုင်ရာနည်းနာနယျတို့ကို ကျိုးနွံခယစွာသင်ကြားသည်။ ဘားနဒ်ပိဋကတ်တိုက်သို့မပြတ်မလပ်သွားရောက်၍ မြန်မာမှုဆိုင်ရာစာပေ၊ ပုရပိုက်စာ၊ ပုံနှိပ်စာအမျိုးမျိုးတို့ကိုကြိုးကြိုးစားစားဖတ်ရှုမှတ်သားသည်။ မြန်မာစာပေဂုဏ်ထူးစာမေးပွဲအတွက် မြန်မာပြဇာတ်အကြောင်းစာတမ်းကို ရေးသား၍ ရှေးဟောင်းနှောင်းဖြစ် မြန်မာပြဇာတ်တို့ကိုအထူးလေ့လာနိုင်ခဲ့သည်။ အောင်သောအခါ ထိုစာတမ်းကိုပြုပြင်ချဲ့ထွင်၍ သူရိယသတင်းစာတွင် မြန်မာမှုဆောင်းပါးကြီးတစ်ခန်းအနေဖြင့် သိပ္ပံကျောင်းသားမောင်မြသွင်ကလောင်အမည်ခံယူကာ ရေးသားထည့်သွင်းခဲ့သည်။

ဤသို့ မြန်မာစာအခြေခံကောင်းများကို လေ့လာဆည်းပူးရင်း ကောလိပ်သိပ္ပံကျောင်းကထုတ်ဝေသော လက်ရေးစာစောင်၊ ပုံနှိပ်စာစောင်တို့တွင် ဆောင်းပါးများကိုရေးသားခဲ့သည်။ တကောင်းကျောင်းဆောင်တွင်

---

[၁] မောင်မြင့်ကြိုင်၊ သိပ္ပံမောင်ဝစာစုစာရင်း၊ စာကြည့်တိုက်ဒီပလိုမာဘွဲ့စာတမ်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ၁၉၈။

www.burmeseclassic.com

www.burmeseclassic.com



နေသော်လည်း မိမိ၏စာရေးသူအဖြစ်ကို ကွယ်ဝှက်လိုသောကြောင့် 'နေရပ်ချောင်က၊ လူမည်မောင်ဝ'ဟု ကလောင်အမည်ခံ၍ရေးသားခဲ့သည်။ ဤကလောင်အမည်သည် ဦးစိန်တင်ကို တစ်သက်လုံးစွဲကပ်သွားပြီး သိပ္ပံမောင်ဝဖြစ်လာခဲ့သည်ဟုဆိုနိုင်သည်။

၁၉၂၆-၂၇ခုနှစ်များတွင် သိပ္ပံမောင်ဝသည် ခေတ်စမ်းသမားမဖြစ်မီ 'မောင်စိန်တင်'ဟူသောအမည်ရင်းဖြင့်ပင် ယူနီဗာစတီမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းတို့တွင် ဆောင်းပါးများရေးသားခဲ့သည်။

ဦးစိန်တင်သည်နိုင်ငံတော်ဝန်ထမ်းပညာတော်သင်အဖြစ် အရွေးခံရ၍ အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်၊ ခရိုက်ချပ်ချ်ကောလိပ် သို့သွားကာ နှစ်နှစ်ပညာသင်ယူသည်။ ဤသို့ပညာသင်ယူနေသည့်ကာလ ၁၉၂၇-၂၉ ခုနှစ်အတွင်း အင်္ဂလန်မှနေ၍ 'ဆိပ္ပံကျောင်းသားမောင်မြသွင်' ကလောင်အမည်ဖြင့် ရန်ကုန်သူရိယသတင်းစာသို့ မြန်မာစာပေအကြောင်း ဆောင်းပါးများ ပုဒ်ရေ(၇၀)ကျော်ရေးသားပေးပို့ခဲ့သည်။ ထို့ပြင် အောက်စဖို့တက္ကသိုလ်တွင် နှစ်နှစ်ကာလပညာသင်ကြားစဉ်အတွင်း တွေ့ကြုံရသောကိစ္စအမျိုးမျိုးတို့ကို နောင်သောအခါစုပေါင်းရေးသား၍ 'အောက်စဖို့တက္ကသိုလ်' ဆိုသောနေ့စဉ်မှတ်တမ်းစာအုပ်ကိုထုတ်ဝေခဲ့သည်။

၁၉၃၀ပြည့်နှစ်ထဲတွင် မြန်မာစာပေအကြောင်းဆောင်းပါးကြီးပြီးဆုံးသွားသောအခါ 'သိပ္ပံကျောင်းသားမောင်မြသွင်'ကလောင်အမည်ဖြင့် မြန်မာမှုဆိုသော ဒုတိယဆောင်းပါးရှည်ကြီးကို သူရိယသတင်းစာတွင်ပင်ရေးသားခဲ့ပါသည်။ ယင်းဆောင်းပါးရှည်ကြီးတွင် (က) မြန်မာရာဇဝင် (ခ) မြန်မာစာဂုဏ်ထူး (ဂ) ဦးပုည (ဃ) မြန်မာပြဇာတ် (င) ကျောက်စာ (စ) မြန်မာပန်းချီ (ဆ) မြန်မာစာပေသင်ကြားရေးစသည်ဖြင့် အခန်းကြီးများခွဲကာ ၁၉၃၂ခုအထိရေးသားခဲ့သည်ကိုတွေ့ရသည်။ ဦးစိန်တင်သည်မောင်မြသွင်ကလောင်အမည်ဖြင့် ထိုဆောင်းပါးရှည်ကြီးများကိုရေးခိုက် သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ တင်တင့်၊ ကောလိပ်ခင် စသည့်ကလောင်အမည်အမျိုးမျိုးဖြင့် စာအမျိုးမျိုးတို့ကို စာနယ်ဇင်းအသီးသီးတွင် အမြဲတစေရေးသားနေခဲ့သည်။ ဂန္ထလောက၊ ဒဂုန်၊ သူရိယမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



သူရိယနေ့စဉ်၊ ကြီးပွားရေးမဂ္ဂဇင်း၊ မြန်မာ့နေ့စဉ်၊ ကောလိပ်မဂ္ဂဇင်းတို့မှာ ဦးစိန်တင် အထူးကျက်စားရေးသားရာ စာနယ်ဇင်းတို့ဖြစ်ကြသည်။

၁၉၃၁ခုနှစ်တွင် ခေတ်စမ်းစာပေကျမ်းစဉ်-၁ အဖြစ်ဖြင့်ဂန္ထလောက မဂ္ဂဇင်းတွင် အခန်းဆက်ရေးသားလာခဲ့သော 'လှအုံးမယ်' ဝတ္ထုကိုလုံးချင်း စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ လှအုံးမယ်ဝတ္ထုသည် သိပ္ပံမောင်ဝ၏တစ်အုပ် တည်းသော မြန်မာဝတ္ထု (Sketch မဟုတ် Novel)ဖြစ်သည်။

သိပ္ပံမောင်ဝသည် 'ပုဂံ'အမည်ရှိသောခရီးသွားဆောင်းပါးကို ၁၉၃၃ ခုနှစ်၊ ဇွန်လမှစတင်ကာ သူရိယရုပ်စုံသတင်းနှင့်သူရိယသတင်းစာ တို့တွင် လည်းကောင်း၊ မောင်သံချောင်း၏ပေးစာများကို ၁၉၃၄ခုနှစ်တွင် အောက်တိုဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်းမှနေ၍လည်းကောင်း ရေးသားခဲ့ သည်။ ၁၉၃၈ ခု၊ နိုဝင်ဘာလမှစ၍ သောင်းပြောင်းထွေလာပေးစာများအဖြစ် ဂန္ထလောကမဂ္ဂဇင်းတွင်လည်း ပေးစာပုံစံဆောင်းပါးများရေးသားခဲ့သည်။

ခရီးသွားမှတ်တမ်း ဆောင်းပါးအဖြစ်ဖြင့်လည်း စေတုတ္တရာ၊ ရဲရမန်း၊ အောက်စဖို့တက္ကသိုလ်မှတ်တမ်းစသည့် အကြောင်းရပ်တို့ကို ဂန္ထလောက မဂ္ဂဇင်းတွင်တွေ့ရှိရသည်။

၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်ကြီးပွားရေးမဂ္ဂဇင်းတွင် တင်တင့် မောင်အမည်ဖြင့် ပထမဆုံးရေးသားခဲ့သော 'ငို့ဘ'ပြဇာတ်ကိုတွေ့ရှိရ သည်။ သိပ္ပံမောင်ဝ၏တစ်ပုဒ်တည်းဟုယူဆရသော'သကြန်လက်ဆောင်' ကဗျာကို ၁၉၃၄ ခု၊ မေလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင်တွေ့ရှိရသည်။

၁၉၃၅ခုနှစ်တွင် ခေတ်စမ်းစာပေကျမ်းစဉ်-၂ အဖြစ်ဖြင့် ဦးဖေမောင် တင်တည်းဖြတ်ထုတ်ဝေကာ 'ခေတ်စမ်းပုံပြင်ပထမတွဲ' စာအုပ်တွင် သိပ္ပံ မောင်ဝ၏ပုံပြင် '၁၁' ပုဒ်ပါရှိခဲ့သည်။

၁၉၃၅ ခုနှစ်ထဲတွင်ပင် အောက်စဖို့တက္ကသိုလ်ခရီးသွားမှတ်တမ်း စာအုပ်ကို ပထမအကြိမ်အဖြစ်ထုတ်ဝေခဲ့သည်။ ယင်း အောက်စဖို့တက္ကသိုလ် စာအုပ်မှာ ကျောင်းသုံးစာအုပ်အဖြစ်ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။

ယင်းကာလတွင်ပင် ခေတ်စမ်းစာပေတိုက်ပွဲဟုခေါ်ဆိုရမည့်ရသေ [illegible] မောင်ထွန်းစိန်တို့နှင့်တိုက်ပွဲတွင် သိပ္ပံမောင်ဝသည် ကလောင်အမည်

www.burmeseclassic.com

www.burmeseclassic.com



ကွဲငါးမျိုးဖြင့် ခေတ်စမ်းစာပေဘက်မှဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။

သိပ္ပံမောင်ဝသည် ၁၉၃၅ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဂန္ထလောကမဂ္ဂဇင်းအကျိုးဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၅ခုနှစ်၊ အောက်တိုဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်း၏ နှစ်ပတ်လည်အထူးထုတ်အတွဲ-၄၊ အမှတ်-၁ တွင် ကလောင်အမည်ကွဲအမျိုးမျိုးဖြင့် စာမူပေါင်း ၁၃ပုဒ်ကိုတစ်ဦးတည်းဒိုင်ခံရေးသားခဲ့သည်။

၁၉၃၈ခုနှစ်တွင် သိပ္ပံမောင်ဝသည် သူ၏သားတင်မောင်မြင့် (မောင်လူမွေး)ကိုရည်စူး၍ ခေတ်စမ်းစာပေကျမ်းစဉ်-၅ အဖြစ်ဖြင့် သူတစ်ယောက်တည်းရေးသားသော စာမူ ၃၁ပုဒ်ကို ခေတ်စမ်းပုံပြင် ဒုတိယတွဲအဖြစ်ထုတ်ဝေခဲ့သည်။

သိပ္ပံမောင်ဝသည် ၁၉၄၂ ခုနှစ်၊ ဇွန်လ(၆)ရက် မကွယ်လွန်မီကာလအထိ 'စစ်အတွင်းနေ့စဉ်မှတ်တမ်း'ရေးသားလျက်ရှိစဉ် အခြေအနေမျိုးတွင် အနိစ္စရောက်ခဲ့ရရှာသည်။

သိပ္ပံမောင်ဝ၏ စာပေသမားဖြစ်စဉ်တွင် သိပ္ပံမောင်ဝ၏အကြီးမားဆုံးသောဆန္ဒမှာ မြန်မာစာပေတိုးတက်အောင် ဆောင်ရွက်လိုခြင်းဖြစ်သည်။ ယင်း ဆန္ဒအတိုင်း မမေ့မလျော့၊ ဇွဲလုံ့လဖြင့် ဆောင်ရွက်ခဲ့သည်။ သူတစ်ပါးဆောင်ရွက်အောင်လည်းတိုက်တွန်းခဲ့သည်။ သူ၏စာတစ်စောင်တွင်-

**'မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ ပြုမှုနေရမည့် မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့'**

(၂၂၊ ၉၊ ၃၀) ဟု ရေးသားခဲ့ကြောင်းတွေ့ရသည်။

ထို့ပြင် သိပ္ပံမောင်ဝသည် မြန်မာစာပေ ကြီးပွားတိုးတက်ရေးကို အားသွန်ကြိုးပမ်းရာတွင် အဓိကအကြောင်းသုံးရပ်ကိုလိုက်၍ ကလောင်အမည်သုံးမျိုးခွဲကာ သူ့အကြောင်းနှင့်သူကြိုးပမ်းရေးသားခဲ့သည်။ အဓိကအကြောင်းသုံးရပ်မှအပဖြစ်သော အခြားအကြောင်းများကိုရေးလိုသောအခါ အခြားသင့်လျော်ရာ ကလောင်အမည်အမျိုးမျိုးကိုသုံးစွဲရေးသားခဲ့သည်။ ယင်းကိစ္စနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ သူ့စာတစ်စောင်တွင်-

'မောင်မြသွင်အား ဗုဒ္ဓဘာသာအသင်းအကြောင်းရေးပါဟု တိုက်တွန်းလိုက်ပါ၏။ သို့သော်များစွာရေးချင်ပုံမပေါ်၊သူကစာပေဝေဖန်သူသက်သက်ဖြစ်လေသည်။ (Critic ဆိုပါတော့၊မောင်ဝကလည်း Novelist ဝတ္ထုဆရာ၊ တင်မောင်မြင့်ကတော့ လမ်းညွှန်ဆရာ Essayist) သူ့နေရာနှင့်သူ့နေရာကိုး' (၁၊ ၈၊ ၃၃)

ဟုရေးသားခဲ့ကြောင်းတွေ့ရပါသည်။

အချုပ်အားဖြင့်ဆိုရသော် သိပ္ပံမောင်ဝ၏စာပေသမားဖြစ်စဉ်ကိုကြည့်လျှင် သိပ္ပံမောင်ဝစာကိုအဆက်မပြတ်စတင်ရေးသားသော ၁၉၂၇ခုနှစ်မှ ကွယ်လွန်သည့် ၁၉၄၂ခုနှစ်ထိ ၁၅ နှစ်တာကာလအတွင်း ကလောင်အမည်အမျိုးမျိုးဖြင့် စာပေအမျိုးအစားမျိုးစုံကို အဆက်မပြတ်ရေးသားခဲ့ပါသည်။ သိပ္ပံမောင်ဝရေးသမျှစာပေတို့သည် မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းမှုများဖြစ်ကြောင်း၊ ကြိုးပမ်းမှုများသည်လည်း မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်နိုင်ကြောင်းတွေ့ရှိရပါသည်။

**၄။ စာတမ်းအတွက်အခြေခံသောဆောင်းပါးများနှင့်လေ့လာတင်ပြပုံ**

သိပ္ပံမောင်ဝသည် မောင်မြသွင် (သိပ္ပံကျောင်းသား) ကလောင်အမည်ဖြင့် မြန်မာစာပေအကြောင်းခေါင်းစဉ်တပ်ပြီး စာပေရေးရာဆောင်းပါးပေါင်း ၇၁ ပုဒ်မျှရေးသားခဲ့ပါသည်။

ထို့ပြင် သိပ္ပံမောင်ဝသည် မဏိ-ဦးကေတုကျောင်းသား၊ မောင်ဘကြီး၊ မောင်ခကွေး၊ မောင်ဏကြီး၊ မောင်ယပလက်၊ မောင်မောင်ဖျာပုံ၊ မောင်လှမောင်-စစ်ကိုင်း၊ သတင်းစာဖတ်သူတစ်ဦး၊ ဝတ္ထုဆရာတစ်ဦး၊ ဦးကုသလ-စစ်ကိုင်းတောင်ရိုး၊ ဦးသဏ္ဍ-ရန်ကုန်၊ မောင်သိန်းဖေ-ထိုက်စကူးကျောင်းသား၊ မောင်တောက်ထွန်း-အမျိုးသားကျောင်းဆရာသည့် ကလောင်အမည်ခွဲအမျိုးမျိုးကို အသုံးပြု၍လည်း စာပေရေးရာများကိုဆွေးနွေးဝေဖန်လေ့လာတင်ပြခဲ့ပါသည်။

မောင်ထိပ်ပြောင်၏မှတ်တမ်း၊ မောင်သံချောင်းပေးစာများ၊ အခြား

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများထံရေးသောစာများတွင်လည်း စာပေရေးရာများနှင့်ပတ်သက်၍ အများအပြားရေးသားခဲ့ပါသည်။

ဤမြန်မာစာပေရေးရာဆောင်းပါးများကို အခြေခံ၍ သိပ္ပံမောင်ဝ၏ စာပေသဘောထားနှင့် စာပေသဘောတရားကို လေ့လာတင်ပြသွားပါမည်။

'သဘောထား' -၁- ဟူသောစကားကို မြန်မာအဘိဓာန်အကျဉ်းတွင် 'စိတ်၌လက်ခံမှတ်ယူသည်' ဟုဖွင့်ဆိုထားပါသည်။ 'သဘောတရား' -၂- ဟူသောစကားကိုမူ (၁)'ပကတိအတိုင်းဖြစ်ပျက်တတ်သောသဘော၊ သဘောသဘာဝ၊'(၂)'လက်တွေ့အကောင်အထည်ဖော်နိုင်အောင်အခြေခံသဘာဝနှင့်ယှဉ်၍ ညွှန်းပြထားသောလမ်းညွှန်ချက်၊ အခြေခံမူ'ဟူ၍ အနက်ဖွင့်ဆိုထားပါသည်။

သိပ္ပံမောင်ဝ၏စာပေသဘောထားကို သိပ္ပံမောင်ဝ၏စာပေနှင့်ပတ်သက်၍ စိတ်၌လက်ခံမှတ်ယူချက်အဖြစ်လေ့လာတင်ပြပါမည်။ သိပ္ပံမောင်ဝ၏စာပေသဘောတရားကိုမူကား- ဒုတိယအနက်ဖွင့်ဆိုချက်ဖြစ်သော စာပေနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်နိုင်အောင် အခြေခံသဘာဝနှင့်ယှဉ်၍ ညွှန်းပြထားသောလမ်းညွှန်ချက် အခြေခံမူအဖြစ်ဖြင့် လေ့လာတင်ပြသွားပါမည်။ ဤသို့ လေ့လာတင်ပြရာတွင် ရှင်းလင်းစေခြင်းငှာ စာပေ အမျိုးအစားအလိုက်၊ ကဏ္ဍအလိုက်ခွဲခြား၍ ဖော်ထုတ်တင်ပြသွားပါမည်။

## ၅။ မြန်မာစာပေနိမ့်ကျရသည့်အကြောင်း

ရှေးဦးစွာ သိပ္ပံမောင်ဝမြင်သောမြန်မာစာပေနိမ့်ကျရသည့်အကြောင်းများကိုဖော်ပြပါမည်။ သိပ္ပံမောင်ဝအမြင်အရ မြန်မာစာပေသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်သော ပဒေသရာဇ်ခေတ်များတစ်လျှောက်တွင် သူ့နည်းနှင့်သူတိုးတက်ခဲ့သည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့

---

၁။ မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန်အကျဉ်းချုပ်အတွဲ(၄)။

၂။ မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန်အကျဉ်းချုပ်အတွဲ(၄)။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံကျရောက်ပြီး ကိုလိုနီဘဝရောက်ချိန်တွင် အင်္ဂလိပ်စာကို အရေးပေးချိန်မှစ၍ မြန်မာစာပေနိမ့်ကျလာခဲ့ရကြောင်း မြန်မာစာပေအကြောင်း ဆောင်းပါးနံပါတ် ၄၊ ၃၈၊ ၄၀၊ ၄၄ တို့တွင် ရှင်းလင်းဖော်ပြထားပါသည်။

အချုပ်အားဖြင့် သိပ္ပံမောင်ဝထောက်ပြသော ထိုစဉ်ကာလက မြန်မာစာပေနိမ့်ကျရသည့်အကြောင်းများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။

(၁) ပထမကမ္ဘာစစ်ကြီးမတိုင်မီ နယ်ချဲ့လက်အောက်မြန်မာပြည်တွင် အင်္ဂလိပ်စာပေကိုသာအရေးပေး၍ မြန်မာစာပေနိမ့်ကျခဲ့ရသည်။

(၂) ရေးခေတ်စာကောင်းစာဟောင်းများ နည်းအမျိုးမျိုးဖြင့် ဆုံးရှုံးကုန်ခြင်းနှင့် စာအုပ်အဖြစ်ထွက်မလာနိုင်ခြင်းသည်လည်း မြန်မာစာပေနိမ့်ကျရသည့်အကြောင်းတစ်ရပ်ဖြစ်သည်။

(၃) စာကောင်းပေကောင်းလက်ကိုင်ထားသူတို့၏ လျှို့ဝှက်စုဆောင်းထားမှုကြောင့် စာကောင်းတို့၏ကျေးဇူးကို လူအများမခံစားရခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။

(၄) မြန်မာစာပေဆုတ်ယုတ်ခြင်း၏အကြောင်းမှာ မြန်မာလူမျိုးတို့က မြန်မာစာပေကို အားမပေးသောကြောင့်ဖြစ်သည်။

(၅) မြန်မာစာရေးဆရာကောင်းများ ထိုစဉ်ကမပေါ်ထွန်းခြင်းသည်လည်း မြန်မာစာပေနိမ့်ကျရသည့်အကြောင်းတစ်ရပ်ဖြစ်သည်။

(၆) ကျောင်းများတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာ သင်ကြားရခြင်းကြောင့် တစ်မျိုးမျိုးမှာမှ အဟုတ်အဟတ်တတ်မြောက်ခြင်းမရှိခြင်းသည်လည်း မြန်မာစာပေနိမ့်ကျရသည့်အကြောင်းတစ်ရပ်ဖြစ်သည်။

ဖော်ပြပါအချက်များသည် မြန်မာစာပေနိမ့်ကျရသည့်အကြောင်းများနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏အမြင်များဖြစ်ပါသည်။ 'ရောဂါသိလျှင် ဆေးရှိမည်' ဟူသောအဆိုအရ မြန်မာစာပေနိမ့်ကျရသည့်အကြောင်းရောဂါများကို ရှာဖွေစစ်ဆေးပြီးနောက် မြန်မာစာပေကြီးပွားတိုးတက်ရေးတည်းဟူသော ဆေးကိုရှာဖွေတိုက်ကျွေးပါသည်။ သိပ္ပံမောင်ဝ၏မြန်မာစာပေကြီးပွား

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ရေးသဘောထားများကို ဆက်လက်တင်ပြပါမည်။

## ၆။ မြန်မာစာပေကြီးပွားတိုးတက်ရေးသဘောထား

နယ်ချဲ့အင်္ဂလိပ်လက်အောက် မြန်မာပြည်ကျရောက်ချိန်မှစ၍ အင်္ဂလိပ်စာတွင်ကျယ်လာပြီး မြန်မာစာနိမ့်ကျလာခဲ့ကြောင်း အထက်တွင် တင်ပြခဲ့ပါသည်။ ဤသို့ နိမ့်ကျနေသောမြန်မာစာပေ ပြန်လည်ကြီးပွား တိုးတက်ရေးအတွက် သိပ္ပံမောင်ဝသည် ဘက်ပေါင်းစုံမှကြိုးပမ်းခဲ့သည်ဟု ဆိုနိုင်ပါသည်။

မြန်မာစာပေပြန်လည်၍ နာလန်ထလာရသည်မှာ ပထမကမ္ဘာ စစ်ကြီးကြောင့်ဟု သိပ္ပံမောင်ဝကမြင်သည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ လူတိုင်းစစ်သတင်းကို စိတ်ဝင်စားကြ၍ သတင်းစာ ဖတ်ကြသည်။ သတင်းစာဖတ်ခြင်းဝါသနာကို ကမ္ဘာစစ်ကြီးကဖန်တီးပေး လိုက်ခြင်းဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ မြန်မာစာပေအကြောင်း ဆောင်းပါးနံပါတ်(၄)မှစ၍ စာပေဆောင်းပါးများစွာတွင် မြန်မာစာပေ ကြီးပွားတိုးတက်ရေးနှင့်ပတ်သက်သော သူ၏အမြင်များကိုဖော်ထုတ် ခဲ့ပါသည်။

သိပ္ပံမောင်ဝ၏ မြန်မာစာပေကြီးပွားတိုးတက်ရေးအမြင်များ၊ သဘောထားများ၊ အကြံပေးချက်များသည် ယနေ့ကာလတိုင်အောင် ခေတ်မီ သည်။ တိုးတက်သည်ဟုဆိုနိုင်သည်။ ဘက်ပေါင်းစုံမှရှုထောင့်မျိုးစုံဖြင့် လေ့လာတင်ပြထားကြောင်းတွေ့ရှိရသည်။ သိပ္ပံမောင်ဝ၏မြန်မာစာပေကြီးပွား တိုးတက်ရေးအမြင်များ၊ သဘောထားများ၊ အကြံပြုတိုက်တွန်းချက်များကို အနှစ်ချုပ်ကြည့်လျှင် အောက်ပါအချက်များကိုတွေ့ရှိရသည်။

(၁) ပထမကမ္ဘာစစ်ကြီး၏ကျေးဇူး
(၂) အမျိုးသားကျောင်းများ၏အားပေးမှု
(၃) ကဗျာလင်္ကာပိုင်းတိုးတက်ရေး
(၄) မြန်မာဝတ္ထုတို တိုးတက်ရေး
(၅) မြန်မာဝတ္ထုရှည်တိုးတက်ရေး

www.burmeseclassic.com

www.burmeseclassic.com



(၆) မြန်မာပြဇာတ်တိုးတက်ရေး
(၇) ဆောင်းပါးကဏ္ဍတိုးတက်ရေး
(၈) အတ္ထုပ္ပတ္တိစာပေထွန်းကားရေး
(၉) ကျောင်းများတွင်မြန်မာစာသင်ကြားမှုတိုးတက်ရေး
(၁၀) ကျောင်းသားမဂ္ဂဇင်းထုတ်ဝေရေး
(၁၁) ယူနီဗာစတီကောလိပ်ကျောင်းသားများမဂ္ဂဇင်းထုတ်ဝေရေး
(၁၂) ဘီအေအောင်သူများ မြန်မာစာပေရေးသားရေး
(၁၃) မြန်မာလူမျိုးတို့ စာဖတ်ဝါသနာပျိုးထောင်ရေး
(၁၄) မြန်မာအမျိုးသမီးမိခင်များ မြန်မာစာပေဗဟုသုတပြည့်စုံရေး
(၁၅) အသင်းဖွဲ့၍ ရှေးဟောင်းစာပေများစုဆောင်းပုံနှိပ်ထုတ်ဝေရေး
(၁၆) မြန်မာစာပေချဲ့ထွင်ရေးအသင်း
(၁၇) မြန်မာအဘိဓာန်ပေါ်ထွန်းရေး
(၁၈) စာပေဝေဌခြင်း
(၁၉) စာရေးဆရာတို့အား စာဖတ်သူတို့ကအားပေးရေး
(၂၀) စာပေအသင်းအဖွဲ့များ၏အခန်းကဏ္ဍ
(၂၁) မြန်မာစာထူးချွန်ဆုချီးမြှင့်ရေး
(၂၂) မိမိတို့အမျိုးသားစာဖြင့်ရေးသားရေး
(၂၃) မြန်မာစာကောင်းမွန်ကျနစွာရေးသားနိုင်ရေး
(၂၄) ခရီးသွားမှတ်တမ်းစာပေထွန်းကားရေး
(၂၅) အခြားဘာသာစကားတို့ကို မြန်မာဘာသာပြန်ဆိုရေး -
တို့ဖြစ်ပါသည်။

## ၇။ ရာဇဝင်စာပေသဘောတရား

သိပ္ပံမောင်ဝ၏ရာဇဝင်စာပေသဘောထား၊ ရာဇဝင်စာပေသဘောတရားများကို မောင်မြသွင်၊ သိပ္ပံကျောင်းသားကလောင်အမည်ဖြင့်ရေးသားသော မြန်မာရာဇဝင်ခေါင်းစဉ်ကြီးအောက်ပါ နိုင်ငံခြားသားရေးသည့်ရာဇဝင် ဦးဘာသန်း၊ ဟာဗီးနှင့်ဦးဘာသန်းဝေဖန်ချက်ဟူသော ဆောင်းပါးရေးဆောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



လေ့လာတွေ့ရှိရပါသည်။ ယင်းဆောင်းပါးများကို ၁၉၃၀ ပြည့်နှစ်အတွင်း သူရိယသတင်းစာတွင်ရေးသားခဲ့ပါသည်။

'နိုင်ငံခြားသားရေးသည့်ရာဇဝင်'ဆောင်းပါးတွင် မြန်မာရာဇဝင်ကို ဟာဗီး၊ ဖဲယား၊ နစ်ဘက်၊ ကောက်စ်၊ စကော့စသည့် အင်္ဂလိပ်ရာဇဝင်ဆရာတို့က အင်္ဂလိပ်လိုရေးကြသည်။ သို့သော် မြန်မာဓလေ့ထုံးစံနှင့်ကွာခြားသောကြောင့် မြန်မာလူမျိုးတို့၏အကြောင်းကို အမှန်အတိုင်းမသိရှိနိုင်ဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံခြားသားတို့ရေးသော မြန်မာရာဇဝင်၊ မြန်မာအလေ့အထ၊ မြန်မာအမှုအရာတို့ရေးသားရာ၌ အဟုတ်အမှန်မရောက်ဖြစ်နေရသည်။ ယင်းသဘောထားနှင့်ပတ်သက်၍ ဤဆောင်းပါးတွင်···

> 'မြန်မာပြည်သို့ရောက်လာကြသော နိုင်ငံခြားသားတို့မှာလည်း မြန်မာရာဇဝင်၊ မြန်မာအလေ့အထ၊ မြန်မာအမှုအရာတို့ကို ဖုန်အထပ်ထပ်ကပ်သော မျက်မှန်ဖြင့်ကြည့်ကာ မိမိတို့ထင်မြင်ချက်များကိုရေးသားလေ့ရှိသောကြောင့် အဟုတ်အမှန်သို့ မရောက်ဘဲရှိနေကြသည်ကို မကြာမကြာတွေ့မြင်ဖတ်ရှုရလေသည်။'-၁-

ဟူ၍ ဖော်ပြရေးသားထားပါသည်။ ယင်းသဘောမှာ နိုင်ငံခြားသားတို့သည် မြန်မာရာဇဝင်ကိုအမှန်အတိုင်းရေးနိုင်ခြင်းမရှိဟူသော သဘောထားပင်ဖြစ်ပါသည်။

ဆက်လက်၍ မြန်မာပြည်တွင် ခေတ္တမျှနေထိုင်ဖူးသူ နိုင်ငံခြားသားကလည်း မြန်မာပြည်အကြောင်းအများရေးသည်။ ကြာရှည်နေထိုင်ဖူးသူကလည်း မှားသောထင်မြင်ချက်ကိုပင်ရေးသားလေသည်။ ဤသို့ဖြစ်ရသည်မှာ ဖုန်အလိမ်းလိမ်းကပ်နေသောမျက်မှန်ဖြင့် ကြည့်သောကြောင့် မြန်မာအကြောင်းအမှန်ကိုမသိမြင်ခြင်းဖြစ်ကြောင်း သာဓကပြ၍ရှင်းပြထားသည်။

ဤသို့ဖြစ်နေသောအကြောင်းကြောင့် မြန်မာရာဇဝင်ကို မြန်မာ့ယခုကာလရေးသားနည်းအတိုင်းရေးသားမှသာ အမှန်သို့ရောက်မည်ဖြစ်သော

---

၁။ မောင်မြသွင်။ သိပ္ပံကျောင်းသား၊ နိုင်ငံခြားသားရေးသည့်မြန်မာရာဇဝင်၊ သူရိယသတင်းစာ၊ ဧပြီ ၁၉၃၀။

www.burmeseclassic.com

www.burmeseclassic.com



သဘောတရားကို ဖော်ထုတ်တင်ပြပါသည်။ ယင်းသဘောတရားမှာ-

'မြန်မာရာဇဝင်ကို နိုင်ငံခြားတို့ရေးနေ၍ နေရာမကျ၊ မြန်မာ တစ်စုံတစ်ယောက်က ယခုကာလရေးသားနည်းအတိုင်း ရေးသားပါမှအမှန်သို့ရောက်ပေလိမ့်မည်။' -၁-

ဟူ၍ဖြစ်ပါသည်။ ယင်းသဘောတရားမှာ မစ္စတာဟာဗီး၏ သဘောတရား ဖြစ်သည်။ သို့သော် ဟာဗီးကိုယ်တိုင် မြန်မာရာဇဝင်နှင့်ပတ်သက်၍ အမှားမှား အယွင်းယွင်းရေးထားသည်။ ထို့ကြောင့် အထက်ဖော်ပြပါသဘောတရား အတိုင်းရေးထားသော မြန်မာရာဇဝင်စာအုပ်ကိုမျှော်လင့်ကြောင်း ဖော်ပြထား သည်။ သို့အတွက် ယင်းသဘောတရားသည် သိပ္ပံမောင်ဝ၏ရာဇဝင်စာပေ သဘောတရားဟုဆိုနိုင်ခြင်းဖြစ်ပါသည်။

ဟာဗီး၏ အရေးအသားနှင့်ပတ်သက်၍ မှားယွင်းမှုကို သာဓကပြပြီး အနိုင်ကျင့်ရေးသားထားသည်ဟုယူဆသည်။ ယင်းဆောင်းပါးတွင်ပင်...

'မြန်မာဘုရင်က အိန္ဒိယဘုရင်ခံချုပ်နှင့်တိုက်ရိုက်စာချုပ်ခြင်း ကိုမပြုလို၊ အင်္ဂလိပ်ဘုရင်မင်းမြတ်နှင့်သာလျှင် တိုက်ရိုက် ချုပ်လို၏ဟူ၍ဆိုသည်မှာ ပြက်ရယ်ပြုထားသည်မှာ အနိုင်ကျင့် ကာ ရေးသားထားသည်နှင့်တူလှပေ၏။' -၂-

ဟူ၍ သိပ္ပံမောင်ဝသည် သူ၏သဘောထားကိုဖော်ထုတ်ရေးသားထားပါ သည်။

'ဦးဘသန်း'ခေါင်းစဉ်ပါဆောင်းပါးတွင် ကျောင်းသုံးမြန်မာရာဇဝင် စာအုပ်ကိုရေးသားထားသော ဦးဘသန်း၏အကြောင်းကို ရေးသားထားပါ သည်။

ဦးဘသန်းသည် မြန်မာစာပေကို စိတ်ဝင်စားစွာလေ့လာခဲ့ကြောင်း၊ ဘီအေမောင်ဘလွင်ဝတ္ထုကိုရေးခဲ့ကြောင်း၊ ကျောင်းဆရာကြီးအဖြစ်တာဝန်

၁။ မောင်မြသွင်။ သိပ္ပံကျောင်းသား၊ နိုင်ငံခြားသားရေးသည့်မြန်မာရာဇဝင်၊ သူရိယသတင်းစာ၊ ၅၊ ဧပြီ ၁၉၃၀။

၂။ မောင်မြသွင်။ သိပ္ပံကျောင်းသား၊ နိုင်ငံခြားသားရေးသည့်မြန်မာရာဇဝင်၊ သူရိယသတင်းစာ၊ ၅ ဧပြီ ၁၉၃၀။

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရင်း ကျောင်းသားများ မြန်မာစာပေကိုလေ့လာလိုက်စားရန် အားပေးခဲ့ကြောင်း၊ မျိုးချစ်သတင်းစာကိုထုတ်ခဲ့ဖူးကြောင်း၊ ဆောင်းပါး ရေးခြင်း၊ မြန်မာစာပေကိုလေ့လာအားပေးခြင်း၊ အင်္ဂလိပ်စာရော မြန်မာစာပါ ကျွမ်းကျင်ခြင်းစသည့် ဦးဘသန်း၏ဂုဏ်ရည်တို့ကို ဖော်ထုတ်ရေးသားထား ပါသည်။

ဟာဗီးနှင့် ဦးဘသန်းဟူသောဆောင်းပါးတွင် ဦးဘသန်းရေးသော ကျောင်းသုံးမြန်မာရာဇဝင်အကြောင်းကို လေ့လာဝေဖန်ဆွေးနွေးတင်ပြထားပါ သည်။

ဦးဘသန်း၏မြန်မာရာဇဝင်သည် ဟာဗီး၏စာအုပ်ကို ဘာသာ ပြန်ထားခြင်းဖြစ်သည်။ သို့သော်ဟာဗီး၏ရေးသားချက်များတွင် မှားယွင်းနေ သောအချက်တို့ကို အမှန်သို့ရောက်စေရန် ထင်မြင်ယူဆချက်များကို ထုတ်ဖော်၍ပြင်ဆင်ရေးသားထားသောစာအုပ်ဖြစ်သည်။ ဟာဗီး၏မှားယွင်း ရေးသားချက်များနှင့် ဦးဘသန်း၏ပြင်ဆင်ရေးသားထားသောစာအုပ်ဖြစ် သည်။ ဟာဗီး၏မှားယွင်းရေးသားချက်များနှင့်ဦးဘသန်း၏ပြင်ဆင်ရေးသား ချက်များကို သာဓကပြ၍ဆွေးနွေးတင်ပြထားသည်။

ရာဇဝင်ရေးရာတွင် ရေးသူကမိမိ၏ထင်မြင်ချက်ကို ရေးသားခြင်း သည် ကောင်းမွန်သည်ဟူသောသဘောတရားကို-

'ဤသို့ ရာဇဝင်ဆရာက မိမိ၏ထင်မြင်ချက်၊ ရာဇဝင်စာအုပ်ကို ဖတ်သူတို့ဆင်ခြင်ရန် အချက်တို့ကိုရေးသားဖော်ပြခြင်းသည် ကောင်းသောအချက်ဖြစ်သည်။ ရာဇဝင်ရေးသောအခါထင်မြင်ချက်၊ ဆင်ခြင်ရန်အချက်တို့ကို ဖော်ပြမှသာလျှင် ရာဇဝင်နှင့်တူပေမည်၊ ရှေးကအဖြစ်အပျက်တို့ကို ရိုးရိုးရေးသားပါက ဝတ္ထုသွားကဲ့သို့ဖြစ် နေမည်။'[-၁-] ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။

ဆက်လက်၍ မြန်မာရာဇဝင်သည် ရှုပ်ထွေးကြောင်း၊ မြန်မာမင်း တစ်ပါးတည်း မြန်မာတစ်ပြည်လုံးကို တန်ခိုးအာဏာပျံ့နှံ့သောအချိန်ကာလမှာ

၁။ မောင်မြသွင်(သိပ္ပံကျောင်းသား)၊ ဟာဗီးနှင့်ဦးဘသန်း။ သူရိယသတင်းစာ၊ ၂၉ ဧပြီ ၁၉၃၀၊

www.burmeseclassic.com

www.burmeseclassic.com



အလွန်နည်းကြောင်း၊ ထို့ကြောင့် မင်းဆက်အမျိုးမျိုးကို ထီးနန်းစိုက်ရာဒေသ လိုက်၍ အလှည့်ကျရေးရကြောင်း၊ ရာဇဝင်တစ်စောင်နှင့်တစ်စောင် မတူသည် များလည်းရှိကြောင်း၊ ထို့ကြောင့် မှတ်ချက်များထည့်သွင်းထားကြောင်း၊ ရှည်လျားလှသောရာဇဝင်ကို ချုပ်၍ရေးသားပြီး အနှစ်ချုပ်ရေးပုံကောင်းမွန် ကြောင်းစသည်ဖြင့် ရှင်းလင်းဝေဖန်ရေးသားထားပါသည်။

ထို့ပြင် ဦးဘသန်း၏ရေးသားပုံသည် ရှင်းလင်း၍ ရာဇဝင်လေသံ ထည်းပါသည်ဟု ကောက်ချက်ချထားသည်။

ဤနေရာတွင် ရာဇဝင်ရေးသားရာ၌ ရာဇဝင်လေသံပါမှကောင်း သည်ဟူသော သဘောတရားကို ဖော်ပြထားပါသည်။ ဖော်ပြထားပုံမှာ-

'ရာဇဝင်ရေးလျှင် ရာဇဝင်လေသံပါမှကောင်း၏၊ ပြဇာတ်တွင် ပြဇာတ်လေသံပါရ၏၊ ဝတ္ထုရေးကဝတ္ထုလေသံ၊ လင်္ကာရေးက လင်္ကာလေသံ စသည်ဖြင့် အသီးသီးပါဝင်ရလေသည်။ မည်သို့သော အရာမျိုးပါသနည်းဟူ၍ မေးလျှင် ဖြေဆိုရန်ခက်၏။ သို့သော်ငြားတို့ အသီးသီးကိုဖတ်လိုက်လျှင် ဆိုင်ရာလေတို့ကို တွေ့ရသကဲ့သို့ထင် မှတ်ရ၏။ ဆိုင်ရာဆိုင်ရာလေသံမပါလျှင် စာဖတ်သောအခါ ပေါ့ပျက်ပျက်ဖြစ်**နေတတ်**ပေသည်။ ဦးဘသန်း၏ရာဇဝင်တွင် ရာဇဝင်လေသံပါသောကြောင့် ဖတ်၍ကောင်း၏။' -၁-

ဟု၍ ရေးသားဖော်ပြထားပါသည်။ ဆက်လက်၍ ရာဇဝင်လေသံနှင့် ဆက်သော စကားအသုံးအနှုန်းတို့ကို သာကေပြ၍ရှင်းလင်းတင်ပြထား ပါသည်။

ထင်မြင်ချက်ရေးသားသူတို့မှာ တရားသူကြီးကဲ့သို့ ကျင့်ရမည်ဖြစ် ကြောင်း၊ ဦးဘသန်း၏မြန်မာရာဇဝင်တွင် အခန်း(၂)လာ မြန်မာနိုင်ငံတိုင်းရင်း သားလူမျိုးတို့အကြောင်းရေးသားရာတွင် အလွန်ရှုပ်ထွေးကြောင်း၊ အခင်

---

၁ မောင်မြသွင်၊ သိပ္ပံကျောင်းသား၊ ဟာစီးနှင့်ဦးဘသန်း၊ သူရိယသတင်းစာ ၂၉ ဧပြီ ၁၉၃၀

www.burmeseclassic.com

www.burmeseclassic.com



(၁၁) မွန်လူမျိုးတို့အကြောင်းရေးသားရာတွင် ကျောင်းသားတို့မှတ်ရန်ခက်ကြောင်းစသည်ဖြင့် ဝေဖန်ရေးသားထားပါသည်။

ထို့နောက် ရာဇဝင်စာပေရေးသားခြင်း သဘောတရားတစ်ရပ်ကို သိပ္ပံမောင်ဝသည် ဖော်ထုတ်ပြပါသည်။ ယင်းမှာ-

'ရာဇဝင်ရေးသားရာ၌ ရဲလွန်းလျှင်လည်းမသင့်၊ ကြောက်လွန်းလျှင်လည်းနေရာမကျ၊ အစဉ်ရဲလျှင်မှားတတ်၏။ ဆိုရမှာကြောက်လွန်းလျှင်လည်းစာဖတ်သူတို့ အားထားခြင်းမပြုနိုင်ဖြစ်တတ်လေသည်။'-၁-

ဟူ၍ဖြစ်သည်။ ဆက်လက်၍ ဦးဘသန်း၏ကျောင်းသုံးမြန်မာရာဇဝင်နှင့်ပတ်သက်၍ သတ်ပုံကိစ္စကို ဝေဖန်ဆွေးနွေးပြီး ဆောင်းပါးကိုနိဂုံးချုပ်ထားပါသည်။

အထက်ဖော်ပြပါ ရာဇဝင်ဆောင်းပါးလေးစောင်မှ လေ့လာတွေ့ရှိရသော သိပ္ပံမောင်ဝ၏ ရာဇဝင်စာပေ သဘောထားနှင့် သဘောတရားတို့ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

၁။ မြန်မာပြည်သို့ရောက်လာကြသော နိုင်ငံခြားသားတို့ရေးသည့် မြန်မာရာဇဝင်သည် မမှန်နိုင်ဟု သဘောထားသည်။

၂။ မြန်မာရာဇဝင်ကို မြန်မာတစ်ဆိုတစ်ယောက်ကရေးမှသာ အမှန်သို့ရောက်မည်ဟုသဘောထားသည်။

၃။ နိုင်ငံခြားသားရေးသည့် မြန်မာရာဇဝင်တွင် ပြက်ရယ်ပြုကာ အနိုင်ကျင့်ရေးသားထားချက်များပါသည်ဟုသဘောထားသည်။

၄။ ရာဇဝင်ရေးရာတွင် ရာဇဝင်ရေးသူ၏ ထင်မြင်ချက်၊ ဆင်ခြင်ရန်အချက်တို့ကိုထည့်မှသာ ရာဇဝင်နှင့်တူပေမည်ဟူသော သဘောတရားကို ညွှန်ပြသည်။

၅။ ရာဇဝင်ရေးရာတွင် ရာဇဝင်လေသံပါမှ ကောင်းသည်ဟူသော သဘောတရားကိုလည်း တင်ပြထားသည်။

၆။ ရာဇဝင်ရေးသားရာ၌ ရဲလည်းမရဲလွန်း၊ ကြောက်လည်းမကြောက်

---

၁။ မောင်မြသွင်၊ သိပ္ပံကျောင်းသား၊ ဝေဖန်ချက်၊ သူရိယသတင်းစာ၊ ၈ မေ ၁၉၃၀။

www.burmeseclassic.com

www.burmeseclassic.com



လွှန်းရန်လိုအပ်သည်ဟူသော သဘောတရားကိုလည်း ဖော်ပြထား ပါသည်။

**၈။ အတ္ထုပ္ပတ္တိစာပေသဘောထား**

အတ္ထုပ္ပတ္တိစာပေနှင့်ပတ်သက်၍ သိပ္ပံမောင်ဝသည် မြန်မာစာပေ အကြောင်း ဆောင်းပါးနံပါတ် ၂၃၊ ၂၄၊ ၂၅၊ ၃၁ တို့တွင်လည်းကောင်း၊ ပုဂံဝန်ထောက်ဦးတင်၊ ဦးကျော်ဒွန်း၊ တက္ကသိုလ်ဆရာကြီးဦးပွား၊ ပါမောက္ခ ဦးဖေမောင်တင်၊ စန္ဒရားကိုကျော်ဆောင်းပါးတို့တွင်လည်းကောင်း၊ ထွန်ခေါင် ဆရာတော်၊ ဦးပုည၏အတ္ထုပ္ပတ္တိဆောင်းပါး ငါးစောင်တွင်လည်းကောင်း၊ မောင်သံချောင်း ပေးစာအမှတ်-၂ တွင်လည်းကောင်း၊ ခေတ်စမ်းရာဇဝင် ရေးရာ အမည်ရှိစာအုပ်ပါ အဝေးရောက်မင်းဦးအောင်ကြီး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဒေါက်တာဘမော်ဆောင်းပါးများတွင်လည်းကောင်းရေးသား ထားပါသည်။

ယင်းဆောင်းပါးများတွင် 'ပုဂ္ဂိုလ်ခင်မှ တရားမင်'ဆိုသော စကားကဲ့သို့ ထင်ရှားကျော်ကြားသော စာရေးဆရာများ၊ ဝတ္ထုစာပေ များများကို လူအများကစိတ်ဝင်စားတတ်ကြောင်း၊ တစ်နည်းအားဖြင့် 'တရားကိုမင်၍ ပုဂ္ဂိုလ်ခင်'ဟူသောစကားကို လူအများကစိတ်ဝင်စား တတ်ကြောင်း၊ တစ်နည်းအားဖြင့် 'တရားကိုမင်၍ ပုဂ္ဂိုလ်ခင်'ဟူသော စကားကိုလည်းသုံးနိုင်ကြောင်း၊ အလွန်ကောင်းမွန်သောစာကိုဖတ်ရသော အခါ ထိုစာကိုရေးသူနှင့်ဆိုင်သည့်အကြောင်းများကို လူအများက စိတ်ဝင်တစားသိချင်ကြကြောင်း ဦးစွာရှင်းပြသည်။

အင်္ဂလိပ်စာပေတွင် နာမည်ကျော်စာရေးဆရာကြီးများအကြောင်း ရေးသားထားသော စာအုပ်များမြောက်မြားစွာ ရှိသော်လည်း ရှေးကျသော မြန်မာစာပေတွင် ယင်းကဲ့သို့ အတ္ထုပ္ပတ္တိရေးသားမှုမျိုး ကင်းမဲ့နေကြောင်း ထောက်ပြသည်။

ဤကဲ့သို့ အတ္ထုပ္ပတ္တိအရေးအသားနည်းရသည်မှာ ရှေးကျမ်းဂန် အပြင်ဘက်ကျသော အကြောင်းအရာတို့ကို စာပေထဲတွင် မရေးပြုကာ

www.burmeseclassic.com



မရေးသားသောကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ဤသို့ အတ္ထုပ္ပတ္တိမျိုး အားနည်းရသည်မှာ 'ကိုယ့်ကိုယ်ကိုဖော် မသူတော်'ဟူ၍ ဆိုစမှတ်အရ ကိုယ့်အကြောင်းကို ကိုယ်မရေးသားသင့်ဟူသော ထင်မြင်ချက်ကြောင့်ဖြစ်ကြောင်းရှင်းပြသည်။

ရှေးကျသော 'မြန်မာစာပေတွင် အတ္ထုပ္ပတ္တိအရေးအသားမျိုးကင်းမဲ့နေသည်မှာ ဝမ်းနည်းဖွယ်ရာကောင်းကြောင်း ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ဥတ္တမကျော်၊ နဝဒေးတို့၏ အရေးအသားစာပေများကို အလေးထားလေ့လာ ဖတ်ကြားရသော်လည်း ယင်းစာပေတို့တွင် ပြုစုသောပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိ အကြောင်းအရာအစုံအလင်ကို မသိရှိရသည်မှာ ဝမ်းနည်းဖွယ်ကောင်းကြောင်းဖော်ပြရေးသားထားပါသည်။

BURMESE CLASSIC

အနှစ်ခြောက်ဆယ်ကျော်ရှိသာကြာသေးသော အလွန်နာမည်ကျော်သည့် ဦးပုည၏အတ္ထုပ္ပတ္တိကိုပင် အပြည့်အစုံ မသိရှိရသောကြောင့် အထူးဝမ်းနည်းဖွယ်ကောင်းကြောင်း ဖော်ပြပါသည်။ ထို့ကြောင့် နာမည်ကျော်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိကို ရေးသားလျှင် အကျိုးကျေးဇူးကြီးမားနိုင်ပုံကို မြန်မာစာအကြောင်း ဆောင်းပါးနံပါတ်(၂၃)တွင် -

> 'အထူးသဖြင့် စာပေတွင် အကျော်ဆုံးဖြစ်သည့် ဆရာကြီးဦးပုညနှင့်လက်ရုံးဘက်တွင် အကျော်ဆုံးဖြစ်သော စစ်သူကြီး မဟာဗန္ဓုလတို့အကြောင်းကို ရေးသားခဲ့ကြမည်ဆိုပါလျှင် ယခုအခါတွင်များစွာ ကျေးဇူးရှိပေမည်'-၁-

ဟူ၍ သူ၏သဘောထားကိုဖော်ပြခဲ့ပါသည်။

ရှေးအခါက မြန်မာစာပေတွင် အတ္ထုပ္ပတ္တိစာအုပ်တို့ မပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင်မူ ကျမ်းဂန်တတ်ဆရာတော်များအကြောင်းကို ရေးသားထားသော ထေရုပ္ပတ္တိတို့ဖြစ်ကြောင်း၊ သို့သော် ပြည့်စုံခြင်းမရှိကြောင်း ဆွေးနွေးတင်ပြထားပါသည်။

အမျိုးသားပညာဝန်ဦးဖိုးကျားရေးသားသော ပုသိမ်ရာဇဝင်နှင့်

---

၁။ မြန်မာစာပေအကြောင်းအမှတ်(၂၃)၊ သူရိယသတင်းစာ၊ ၁ ဖေဖော်ဝါရီ ၁၉၄၂။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရှိန်အတ္ထုပ္ပတ္တိစာအုပ်တွင်လည်း ဦးထွန်းရှိန်၏အကြောင်းကို ပိုမိုပြည့်စုံအောင်ရေးသားရန် လိုကြောင်းဖော်ပြထားသည်။

ထို့နောက် အတ္ထုပ္ပတ္တိစာပေရေးသားခြင်းသည် မြန်မာစာပေတိုးတက်ရန် အကြောင်းဖြစ်ကြောင်းကို 'ဦးပုည'ဟူသောခေါင်းစဉ်ပါ အတ္ထုပ္ပတ္တိဆောင်းပါးတွင် -

'မြန်မာပြည်တွင် ထင်ရှားခဲ့သောပုဂ္ဂိုလ်ကြီးတို့၏ အကြောင်းကိုရေးလည်းရေးသားကြ၊ဖတ်လည်းဖတ်ကြမည်ဆိုလျှင် မြန်မာများအတွက် မြန်မာစာပေအတွက် အထူးအားတက်ဖွယ်ရှိလေသည်။'-၁-

ဟူ၍သူ၏သဘောထားကို ဖော်ပြထားသည်။ ယင်းဆောင်းပါးတွင်ပင် ပုဂ္ဂိုလ်ကျော်ကြီးတို့၏အတ္ထုပ္ပတ္တိကိုရေးသားခြင်းဖြင့် ယင်းပုဂ္ဂိုလ်ကြီးတို့အားချီးမြှောက်ရာရောက်ကြောင်းကို -

'ပုဂ္ဂိုလ်ကျော်ကြီးတို့၏အတ္ထုပ္ပတ္တိများကို ရေးသားခြင်းအားဖြင့် ထိုပုဂ္ဂိုလ်ကြီးတို့ကို ချီးမြှောက်ရာ၊ ကြည်ညိုရာ၊ မြတ်နိုးရာရောက်ပေသည်'-၂-

ဟူ၍လည်း အတ္ထုပ္ပတ္တိနှင့်ပတ်သက်သော သူ၏သဘောထားကို ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိစာပေကိုဖတ်ခြင်းဖြင့်ရနိုင်သော အကျိုးတရားများကိုလည်း သိပ္ပံမောင်ဝသည် သူ၏ဆောင်းပါးများတွင်ဖော်ပြထားပါသည်။ 'ဦးပုည' ဟု ခေါင်းစဉ်တပ်ထားသော အတ္ထုပ္ပတ္တိစာပေဆောင်းပါးတွင် -

'အတ္ထုပ္ပတ္တိများကို ဖတ်သောအခါ သူ၏စိတ်ထဲတွင် ထိုပုဂ္ဂိုလ်ကြီးများကို အားကျပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးများကဲ့သို့ဖြစ်လို၊ ကျွမ်းကျင်လို၊ လိမ္မာလိုသောဆန္ဒများ ပေါ်ပေါက်လာလေ့ရှိလေသည်။'-၃-

ဟူ၍ အတ္ထုပ္ပတ္တိစာပေဖတ်ခြင်း၏ အကျိုးတရားနှင့်ပတ်သက်သော သဘော

---

၁။ မောင်မြသွင် သိပ္ပံကျောင်းသား၊ ဦးပုည၊ သူရိယသတင်းစာ၊ ၁၇ ဇူလိုင် ၁၉၃၀
၂။ မောင်မြသွင် သိပ္ပံကျောင်းသား၊ ဦးပုည၊ သူရိယသတင်းစာ၊ ၁၇ ဇူလိုင် ၁၉၃၀
၃။ မောင်မြသွင် သိပ္ပံကျောင်းသား၊ ဦးပုည၊ သူရိယသတင်းစာ၊ ၁၇ ဇူလိုင် ၁၉၃၀

www.burmeseclassic.com

www.burmeseclassic.com



ထားကို ဖော်ပြထားပါသည်။

ထို့ပြင် ဝတ္ထုနှင့်အတ္ထုပ္ပတ္တိ မတူကွဲပြားပုံ၊ အတ္ထုပ္ပတ္တိကို စာဖတ်သူတို့ဝို၍ ယုံကြည်အပ်သဖြင့် ဖတ်သင့်ပုံ၊ သဘောထားကိုလည်း ဖော်ပြထားပါသည်။ အထက်ဖော်ပြပါ ဆောင်းပါးတွင်ပင် -

'ကျောင်းသားသူငယ်တို့၏ စိတ်မှာအလွန်နုနယ်သေးသောကြောင့် အလွယ်တကူနှင့်ပင် သူတကာကိုအားကျလေ့ရှိ၏၊ ထိုအခိုက်ထိုအခါတွင် အားမကျသင့်သောစာမျိုး၊အားမကျသင့်သောဝတ္ထုမျိုးကို မဖတ်စေဘဲ အားကျထိုက်သော နာမည်ကျော်ပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိ စာမျိုးကိုဖတ်စေရန် တိုက်တွန်းသင့်လှပေသည်' -၁-

ဟူ၍ ဖော်ပြတိုက်တွန်းထားပါသည်။

BURMESE CLASSIC

တစ်ဖန်အတ္ထုပ္ပတ္တိဖတ်ခြင်းဖြင့် အခြားရနိုင်သော အကျိုးတရားကိုလည်း အတ္ထုပ္ပတ္တိစာပေသဘောထားတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။ အဆိုပါဆောင်းပါးတွင်ပင် -

'ထို့ပြင် အတ္ထုပ္ပတ္တိစာမျိုးကို ဖတ်ခြင်းအားဖြင့် ရာဇဝင်ကိုလည်း သိတန်သရွေ့သိရှိနိုင်လေသည်၊ အတ္ထုပ္ပတ္တိကိုဖတ်ခြင်းသည် ရာဇဝင်ကိုဖတ်သည်နှင့်လည်းတူ၏၊ ရာဇဝင်ရိုးရိုးကိုဖတ်က ပျင်းစရာကောင်းသေးသည်။ အတ္ထုပ္ပတ္တိကိုဖတ်လျှင် မပျင်းဘဲ ရာဇဝင်အကြောင်းကိုပါသိရလေသည်။' -၂-

ဟူ၍ အတ္ထုပ္ပတ္တိဖတ်ခြင်းအားဖြင့် ရာဇဝင်ကြောင်းကိုပါသိရှိနိုင်သော အကျိုးတရားကိုရနိုင်သည့်သဘောထားကိုလည်းတင်ပြထားပါသည်။

သိပ္ပံမောင်ဝသည် အတ္ထုပ္ပတ္တိစာပေနှင့်ပတ်သက်သော သဘောထားများအပြင် အတ္ထုပ္ပတ္တိရေးသားပုံအမျိုးမျိုးနှင့်ပတ်သက်၍လည်း သူ၏သဘောထားနှင့် သဘောတရားများကိုဖော်ပြရေးသား ထားပါသေးသည်။

---

၁။ မောင်မြသွင် သိပ္ပံကျောင်းသား၊ ဦးပုည၊ သူရိယသတင်းစာ၊ ၁၇ ဇူလိုင် ၁၉၃၀

၂။ မောင်မြသွင် သိပ္ပံကျောင်းသား၊ ဦးပုည၊ သူရိယသတင်းစာ၊ ၁၇ ဇူလိုင် ၁၉၃၀

www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိရေးသားပုံတွင် နှစ်မျိုးနှစ်စားရှိကြောင်း၊ ပထမအမျိုးမှာ တစ်စုံတစ်ယောက်သူ၏အကြောင်းကို အခြားတစ်ယောက်က ရေးသားပုံမျိုး ဖြစ်၍၊ ဒုတိယအမျိုးကား မိမိအကြောင်းကို မိမိကိုယ်တိုင်ရေးသားပုံမျိုးဟူ၍ ဖော်ပြရေးသားထားသည်။

အင်္ဂလိပ်စာပေတွင် နှစ်မျိုးစလုံးရှိသော်လည်း မြန်မာစာပေတွင် ဒုတိယ အမျိုးအစားမပေါ်ပေါက်သေးဟုသုံးသပ်ထားသည်။ ယင်းရေးသားပုံ နှစ်မျိုးအနက် ဒုတိယအမျိုးကပို၍ကောင်းမွန်ပုံသဘောထားကို မြန်မာစာပေ အကြောင်း ဆောင်းပါးနံပါတ် (၂၅)တွင်-

'ဤရေးသားပုံနှစ်မျိုးအနက် ဒုတိယအမျိုးက ပိုမိုကောင်းမွန် လေသည်၊ အဘယ်ကြောင့်ဆိုသော် 'ကိုယ့်ဝမ်းနာကိုယ်သာသိ' ဆိုသကဲ့သို့ တစ်စုံတစ်ယောက်သူ၏အကြောင်းကို အခြားသူကသိ သည်ဆိုရစေကာမူ အပေါ်ယံမျှသာဖြစ်လေသည်။'[၁]

BURMESE CLASSIC

ဟူ၍ ကိုယ်ရေးအတ္ထုပ္ပတ္တိကပို၍ ကောင်းကြောင်းသဘောထားကိုတင်ပြထား ပါသည်။

ဆက်လက်ပြီး ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ သည် သူ၏သဘောတရားကို ဆောင်းပါးနံပါတ်(၂၅) တွင်ပင်-

'အကောင်းရောအဆိုးပါ ဟုတ်မှန်သမျှအကြောင်းအရာတို့ကို ရေးသားထားသောစာတို့ဖြစ်မှုကား အလွန်ချီးကျူးရာသည်'[၂]

ဟူ၍ ဖော်ပြထားပါသည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိရေးရာတွင် အကောင်းရော အဆိုးကိုပါရေးသားမှု ချီးကျူးဖွယ်ကြောင်းဖော်ပြထားပါသည်။

ဆက်လက်၍ မိမိအကြောင်း မိမိရေးသော ကိုယ်ရေးအတ္ထုပ္ပတ္တိ တွင် တွေ့ကြုံသမျှအကြောင်းတို့ကို ရိုးရိုးပင်ဟုတ်တိုင်းမှန်ရာ ရေးသားခြင်း နှင့် ထိုအကြောင်းကို ဝတ္ထုကဲ့သို့ တန်ဆာဆင်ကာရေးသားခြင်းဟူ၍ နှစ်မျိုး ရှိကြောင်း ဖော်ပြထားသည်။

---

၁။ မြန်မာစာအကြောင်း အမှတ်(၂၅)၊ သူရိယသတင်းစာ၊ ၆ ဖေဖော်ဝါရီ ၁၉၂၈။
၂။ မြန်မာစာအကြောင်း အမှတ်(၂၅)၊ သူရိယသတင်းစာ၊ ၆ ဖေဖော်ဝါရီ ၁၉၂၈။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေတွင် ထိုအချိန်က ဝတ္ထုကဲ့သို့ တန်ဆာဆင်ရေးထားသော ကိုယ်ရေးအတ္ထုပ္ပတ္တိရှိနေပြီဖြစ်ကြောင်း၊ လွန်ခဲ့သော ဆယ်နှစ်ခန့်က ပေါ်ပေါက်ခဲ့သည့် ဦးဘသန်း(ဘီ-အေ)၏ ဘီအေမောင်ဘလွင်ဝတ္ထုဖြစ်ကြောင်းရှင်းပြထားပါသည်။

ထို့ပြင် အတ္ထုပ္ပတ္တိစာပေမှာ လိုလားနှစ်သက်အပ်သော စာပေဖြစ်သော်လည်း မြန်မာစာပေတွင် အတ္ထုပ္ပတ္တိစာမျိုး ခေါင်းပါးခဲ့ပုံကို ထောက်ပြသည်။ စလေဆရာကြီးဦးပုည၏အတ္ထုပ္ပတ္တိကို ထိုစဉ်က အမျိုးသားပညာဝန်ဦးဖိုးကျားက ရေးသားခဲ့သည်။ သို့သော်နောက်ကျပြီး ကွယ်လွန်မှရေးသားရသောကြောင့် သိအပ်သောအချက်များကို သေချာစွာမသိရဖြစ်ရသည်။ အကယ်၍ ဦးပုညရှိစဉ်ကရေးသားခဲ့လျှင် ဤသို့ဖြစ်မည်မဟုတ်ပေ၊ ထို့ကြောင့် သူ့သဘောထားကိုဖော်ပြထားသည်။ 'ပါမောက္ခဦးဖေမောင်တင်' ခေါင်းစဉ်ပါဆောင်းပါးတွင် -

BURMESE CLASSIC

> 'ဤသို့နောင်သောအခါ စမ်းတဝါးဝါး မဖြစ်ကြရလေအောင် ယခုခေတ်တွင် ကျော်စောထင်ရှားလျက်ရှိသောပုဂ္ဂိုလ်၊ တိုင်းပြည်ခေါင်းဆောင်ပုဂ္ဂိုလ်ကျော်၊ ရဲစွမ်းသတ္တိရှိသောပုဂ္ဂိုလ်ကျော်တို့၏ အတ္ထုပ္ပတ္တိများကို ၎င်းတို့အသက်ရှင်နေစဉ်တွင် ရေးသားအပ်လှပေသည်' -၁-

ဟူ၍ဖော်ပြထားပါသည်။

အထက်တွင်တင်ပြခဲ့သည်တို့ကို ချုပ်ကြည့်လိုက်လျှင်သိပ္ပံမောင်ဝ၏ အတ္ထုပ္ပတ္တိစာပေနှင့်ပတ်သက်သောသဘောထား၊ သဘောတရားတို့ကို အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၁) မြန်မာစာပေတွင် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့်ကျော်ကြားသော ပုဂ္ဂိုလ်ကိုရေးသားခဲ့မည်ဆိုလျှင် အကျိုးကျေးဇူးများနိုင်ကြောင်းသဘောထားသည်။

(၂) မြန်မာပြည်တွင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများအကြောင်းကို ရေးလည်း

---

၁။ ပါမောက္ခဦးဖေမောင်တင်၊ မြဝတီ၊ အတွဲ(၁၁)၊ အမှတ်(၅)၊ မေ၊ ၁၉၆၃

www.burmeseclassic.com

www.burmeseclassic.com



ရေး၊ ဖတ်ကြမည်ဆိုလျှင် မြန်မာများအတွက်၊ မြန်မာစာပေအတွက် အထူးအားတက်ဖွယ်ဖြစ်သည်ဟု သဘောထားသည်။

(၃) ပုဂ္ဂိုလ်ကျော်ကြီးတို့၏ အတ္ထုပ္ပတ္တိများကို ရေးသားခြင်းအားဖြင့် ထိုပုဂ္ဂိုလ်ကျော်ကြီးတို့ကို ချီးမြှောက်ရာ၊ ကြည်ညိုရာ၊ မြတ်နိုးရာရောက်သည်ဟု သဘောထားသည်။

(၄) အတ္ထုပ္ပတ္တိများကိုဖတ်သောအခါ စာဖတ်သူ၏စိတ်ထဲတွင် ထိုပုဂ္ဂိုလ်ကြီးများကိုအားကျပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးများကဲ့သို့ဖြစ်လို၊ ကျွမ်းကျင်လို၊ လိမ္မာလိုသောဆန္ဒများ ပေါ်ပေါက်လာလေ့ရှိသည်ဟု သဘောထားသည်။

(၅) ကျောင်းသားလူငယ်တို့အား၊ အားမကျသင့်သောဝတ္ထုမျိုးကို မဖတ်စေဘဲ၊ အားကျထိုက်သော နာမည်ကျော်ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိစာမျိုးကို ဖတ်စေရန် တိုက်တွန်းသင့်သည်ဟုသဘောထားသည်။

(၆) အတ္ထုပ္ပတ္တိစာမျိုးကို ဖတ်ခြင်းအားဖြင့် ရာဇဝင်ကိုလည်း သိတန်သရွေ့ သိနိုင်သည်ဟုသဘောထားသည်။

(၇) အတ္ထုပ္ပတ္တိရေးရာတွင် တစ်စုံတစ်ယောက်၏အကြောင်းကို အခြားသူက ရေးသားခြင်းမျိုးထက်၊ မိမိအကြောင်းမိမိကိုယ်တိုင် ရေးသောအတ္ထုပ္ပတ္တိမျိုးက ပိုကောင်းသည်ဟု သဘောထားသည်။

(၈) မိမိကိုယ်တိုင်ရေးသော အတ္ထုပ္ပတ္တိတွင် အကောင်းရောအဆိုးပါ ဟုတ်မှန်သမျှရေးသားထားသောစာဖြစ်ပါက အလွန်ချီးကျူးရာသည်ဟု အတ္ထုပ္ပတ္တိရေးခြင်းသဘောတရားကို ဖော်ပြပါသည်။

(၉) ပုဂ္ဂိုလ်ကျော်များ၏အတ္ထုပ္ပတ္တိကို ၄င်းတို့အသက်ရှိစဉ်ကပင် ရေးသားသင့်သည်ဟု သဘောထားသည်။

## မြန်မာစကားပြေအရေးအသားသဘောတရား

မြန်မာစကားပြေအရေးအသားသဘောတရားနှင့် ပတ်သက်၍ ...င်မြသွင်-သိပ္ပံကျောင်းသားကလောင်အမည်ဖြင့် မြန်မာစာအ...
...င်းပါး အမှတ်-၄၆၊ ၄၇၊ ၄၇-က၊ ၄၈၊ ၈၉ ...
...သားကျောင်းဆရာ မောင်...

www.burmeseclassic.com

www.burmeseclassic.com



စာစီစာကုံးခေါင်းစဉ်ပါဆောင်းပါးနှစ်ပုဒ်တွင်လည်းကောင်း၊ မောင်မောင်-ဗျာပုံကလောင်အမည်ဖြင့်ရေးသော ခေတ်စမ်းပုံပြင်များဆောင်းပါးတွင်လည်းကောင်း၊ ဦးကုသလ- စစ်ကိုင်းတောင်ရိုးကလောင်အမည်ဖြင့် ကပြားစာပေဟူသောဆောင်းပါးတွင်လည်းကောင်း ဆွေးနွေးတင်ပြထားပါသည်။

မြန်မာစာအကြောင်းဆောင်းပါးနံပါတ် ၄၆ တွင် သဒ္ဒါမသင်သော်လည်း မြန်မာစာအုပ်တို့ကို ဖတ်ရှုလေ့လာခြင်း၊ မြန်မာစာတတ်တို့ထံတွင် မေးမြန်းဆွေးနွေးခြင်းအားဖြင့် မြန်မာစာပေအရေးအသား တတ်ကျွမ်းနိုင်ကြောင်းကို ကိုယ်တွေ့သာကေပြ၍ ဆွေးနွေးထားပါသည်။

ဆောင်းပါးနံပါတ် ၄၇ တွင်လည်း မြန်မာတစ်ယောက်သည် သဒ္ဒါမတတ်စေကာမူ မြန်မာစကားကို ပြောဆိုရေးသားပါလျှင်မွေးကတည်းကပြောကြားလာသောကြောင့်မှားမည်မဟုတ်ပေဟူသဘောထားကို တင်ပြထားပါသည်။ ကျောင်းတွင် ပြဋ္ဌာန်းထားသော သဒ္ဒါမှာ-ကပြားသဒ္ဒါဖြစ်နေသောကြောင့် မြန်မာကျောင်းသားအတွက် အထောက်အကူမပြုကြောင်း ဝေဖန်သုံးသပ်ထားသည်။

ယင်းဆောင်းပါးတွင်ပင် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ အရေးကြီးသော အချက်အဖြစ်-

> 'မြန်မာစာရေးသူ ရာဒ္ဓိ ကတ္တား၊ ဝါစက၊ ကံ အနေအထား မှန်အောင် ရေးသားနိုင်ခြင်းမှာ လွန်စွာပင်အရေးကြီးသော အချက်ဖြစ်ပေသည်'[၁]

ဟု သဘောထားကို ဖော်ပြထားပါသည်။ ဆက်လက်၍ ဝါကျရှည်ရေးသားလျှင် မှားတတ်ကြောင်းကို-

> 'ဝါကျရှည်ကြီးများကို ရေးသားကြသော သူတို့မှာ အစတွင် ရေးသားခဲ့ရင်းဖြစ်သော ကတ္တားကို မေ့ထားခဲ့ပြီးလျှင် ဝါကျဆုံးသောအခါ အနီးဆုံးဖြစ်သော ကံ၊ ကတ္တားတို့နှင့်သာဆိုင်သည့် ကြိယာကို သုံးမိသောကြောင့် ၎င်းတို့၏စာမှာ မှားယွင်းနေတတ်

၁။ မြန်မာစာအကြောင်းအမှတ်(၄၄)၊ သူရိယသတင်းစာ၊ ၂၁ မေ ၁၉၂၉။

www.burmeseclassic.com

ပေးသည်။'-၁-

၍ သဘောထားကို ထုတ်ဖော်ထားပါသည်။

ဆောင်းပါးအမှတ် ၄၇ တွင်ပင် မြန်မာစာကို ရေးသားရာတွင် ရန်ထက်အဓိပ္ပာယ်ကို ပို၍အလေးပေးရမည့် သဘောတရားကို-

'ကာရန်ဘက်ကိုသာလုပြီးလျှင် အဓိပ္ပာယ်မရှိသော ဆိုလိုရင်းသဘောနှင့်မသက်ဆိုင်စကားတို့ကို စွက်ဖက်ထားခြင်းသည် ရေးသားလိုရင်းသဘောကို ဖျက်ဆီးချိုးဖဲ့တတ်ပေသည်၊ ထို့ကြောင့် ကာရန်ထက်အဓိပ္ပာယ်ကိုပိုမို၍ သတိထားကြစေကုန်သတည်း။'-၂-

ဖော်ထုတ်တင်ပြထားပါသည်။

ဆောင်းပါးနံပါတ် ၄၇-က တွင် ပုဒ်အထားအသိုများ၍ အဓိပ္ပာယ်ခွဲဖြစ်တတ်ပုံ၊ စကားအသုံးအနှုန်းများတတ်ပုံ၊ ယင်းအမှားမျိုးကို သတင်းစာင်းကြီးပိုင်း၌ပင်တွေ့ရတတ်ပုံ၊ ယင်းအမှားတို့ကို ကျောင်းသုံးသဒ္ဒါများ၌ပြမထားပုံ၊ ထို့ကြောင့် သဒ္ဒါစာအုပ်ကို ကျောင်းသုံးအဖြစ်မှဖြုတ်ပစ်သင့်ပုံသည်တို့ကိုဆွေးနွေးရေးသားထားပါသည်။

ဆောင်းပါးနံပါတ် ၄၈ တွင် လူတို့သည် စိတ်တွင်း၌ ပေါ်ပေါက်သောအကြောင်းအရာတို့ကို အခြားသူတို့သိအောင် ကိုယ်၊ လက်၊ ခြေ၊ သံ၊ အမူအရာတို့ဖြင့်ပြခြင်း၊ စကားအပြောအဆိုနှင့်ပြခြင်း၊ စာအရေးအသားပြခြင်းဟူ၍သုံးမျိုးရှိကြောင်း၊ ယင်းတို့တွင် စာပေအရေးအသား တစ်စစ်စတီထွင်လာကြကြောင်း ဦးစွာရှင်းပြသည်။

စာအရေးအသားနှင့် ပတ်သက်သောသဘောထားကို ယင်းဆောင်းပါးတွင်-

'စင်စစ်အားဖြင့် စာပေအရေးအသားဆိုသည်မှာ လူတို့စိတ်တွင်ပေါ်ပေါက်၍လာသောအခြင်းအရာ၊ လူတို့ စိတ်တွင်ဆိုလိုချင်

---

၁ မြန်မာစာအကြောင်းအမှတ်(၄၄)၊ သူရိယသတင်းစာ ၂၁၊ မေ ၁၉၂၉။

၂ မြန်မာစာအကြောင်းအမှတ်(၄၇)၊ သူရိယသတင်းစာ ၁၁၊ဇွန် ၁၉၂၉။

www.burmeseclassic.com


သောအရာတို့ကို လူတကာသိနိုင်ရန် ဆောင်ရွက်ပေးတတ်သော အထောက်အပံ့သာတည်း။'-၁-

ဟူ၍ ဖော်ပြထားပါသည်။ စာအရေးအသားသည် လူတို့၏ဆိုလိုချက်ကို တစ်ပါးသူသိရန်အတွက် အသုံးပြုရသော ကိရိယာအထောက်အပံ့သာဖြစ်သည်ဟူသော သဘောထားဖြစ်ပါသည်။

မြန်မာစာပေအကြောင်းဆောင်းပါးအမှတ်-၅၉ တွင် မြန်မာစာပေရေးသားရာတွင် မြန်မာပီသကျနစွာရေးရန်နှင့် နိုင်ငံခြားစကားတို့ ရွက်ဖက်နေသည့် စကောစကစာမျိုးမဖြစ်ရန် သတိထားသင့်ကြောင်း သဘောထားကို-

'မြန်မာစာပေကို ရေးသားရာ၌ မြန်မာ ပီသကျနသေချာရှင်းလင်းစွာရေးသားရာသည်။ နိုင်ငံခြားစကားတို့ မြန်မာစာတွင် ဝင်ရောက်စွက်ဖက်နေ၍ အချက်မကျ၊ စကောစကစာမျိုး မဖြစ်စေရန် ကောင်းစွာသတိထားသင့်ကြပေသည်။'-၂-

ဟူ၍ ဖော်ပြထားပါသည်။ ဆက်လက်၍ မြန်မာစကားဖြင့် ရေးသားဖော်ပြ၍မရသော အင်္ဂလိပ်စကားလုံးအချို့ကို ယူသုံး၍ ကာလရှည်ကြာသောအခါ မြန်မာစကားကဲ့သို့ဖြစ်လာပြီး မြန်မာစာ၊ မြန်မာစကား ကြွယ်ဝလာကြောင်းရှင်းပြသည်။

သို့သော် မြန်မာစကားသက်သက်ဖြင့် ရေးသားရပါလျက် အင်္ဂလိပ်စကားအသုံးများရေးခြင်းကိုမူ တွေးမရအောင်ရှိကြောင်း၊ ဤသို့ရေးကြသည်မှာ ဝါကြွားလို၍သာဖြစ်နိုင်ကြောင်း၊ တစ်ခါတစ်ရံ အင်္ဂလိပ်စာအမှားများကိုအမှန်ကဲ့သို့ထည့်ရေးတတ်သေးကြောင်း၊ မြန်မာသတင်းစာများတွင် မြန်မာဆောင်းပါး၌ အင်္ဂလိပ်လိုခေါင်းစဉ်တပ်ခြင်းမျိုးကို ရပ်စဲသင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ရေးသားထားပါသည်။

သိပ္ပံမောင်ဝသည် မောင်မောင်-ဖျာပုံ ကလောင်အမည်ဖြင့်

---

၁ မြန်မာစာအကြောင်းအမှတ်(၄၈)၊ သူရိယသတင်းစာ၊ ဇွန် ၁၉၂၉။
၂ မြန်မာစာအကြောင်းအမှတ်(၅၉)၊ သူရိယသတင်းစာ၊ ၂၈ ဇွန် ၁၉၂၉။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်စမ်းပုံပြင်များဟူသောဆောင်းပါးတွင် ခေတ်စမ်းပုံပြင်များတွင် ရေးသား သောဝါကျတိုများကို ဝေဖန်ခြင်းအပေါ် ပြန်လည်၍ဆွေးနွေးထားပါသည်။

ခေတ်စမ်းပုံပြင်များတွင် အသုံးပြုရေးသားထားသော ဝါကျတို ကလေးများသည် ၃-၄ တန်းကျောင်းသားများပင် ရေးနိုင်သောကြောင့် အသုံးမကျ၊ ဝါကျတိုကလေးများရေးလျှင် မြန်မာစာပေပင် ကမောက်ကမ ဖြစ်သွားနိုင်ကြောင်း ပုဇွန်တောင်မောင်ထွန်းစိန် ဆိုသူ၏ဝေဖန်ချက်ကို တုံ့ပြန်ရေးသားထားသော ဆောင်းပါးဖြစ်ပါသည်။

ဤဆောင်းပါးတွင် သိပ္ပံမောင်ဝ၏ မြန်မာစာအရေးအသား ဝါကျတို၊ ဝါကျရှည်နှင့် ပတ်သက်သောသဘောထားများကို လေ့လာတွေ့ ရှိရပါသည်။

ယင်းဆောင်းပါးတွင် ဝါကျတိုနှင့် ပတ်သက်သော သူ့သဘောထား ကို-

'စင်စစ်ကား ဝါကျတိုတိုင်းလည်းမကောင်း၊ ဝါကျတိုတိုင်းလည်း အပြစ်မဆိုသာ၊ သူ့နေရာနှင့်သူ သုံးတတ်ခြင်းသာပဓာန ဖြစ်ပါ သည်'-၁-

ဟု ဖော်ပြထားပါသည်၊ ဆက်လက်၍ စာအရေးအသား စာစီစာကုံးဆို သည်မှာ နေရာဌာနလိုက်၍ သုံးစွဲရေးသားရခြင်းဖြစ်ကြောင်း၊ မင်္ဂလာဆောင် တွင် ဖတ်ရမည့်ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုပါလျှင် လူရယ်စရာဖြစ်နိုင်ကြောင်း၊ ထို့ပြင် လူတစ်ယောက် နှင့်တစ်ယောက်အချင်းဖြစ်ပွားခြင်း၊ မီးလောင်၍ ပြေးလွှားရသော အကြောင်းများကို ရေးသားရာတွင် မင်္ဂလာဆောင်ဩဘာစာကဲ့သို့ ရေးသား မည်ဆိုလျှင် လူရယ်စရာပင်ဖြစ်သွားမည်ကို သတိထားသင့်ကြောင်း ရှင်းလင်းရေးသားထားပါသည်။

ထို့နောက် ရှေးခေတ်က ဝါကျတိုများရေးခဲ့သော စာရေးဆရာကြီး များ၊ ဝါကျအရှည်ကြီးများရေး၍ အဓိပ္ပာယ်ရှုပ်ထွေးတတ်ပုံ၊ တိုးတက်ရေး

---

၁။ မောင်မောင်-ဖျာပုံ၊ ခေတ်စမ်းပုံပြင်များ၊ သူရိယသတင်းစာ၊ ၂၆ ... ၁၉၃၃။

www.burmeseclassic.com



မဂ္ဂဇင်းတွင်ပါသော ဝါကျတိုအရေးအသား၊ ခေတ်စမ်းပုံပြင်ပါ 'မောင်းသံ'မှ ဝါကျတိုအသုံးတို့ကို သာဓကပြ၍ ရှင်းလင်းဆွေးနွေးထားပါသည်။

ကပြားစာပေဟူသော ခေါင်းစဉ်ဖြင့် ဦးကုသလ-စစ်ကိုင်းတောင်ရိုး ကလောင်အမည်ခံပြီး မြန်မာစာအရေးအသားနှင့်ပတ်သက်၍ ဆွေးနွေး ရေးသားထားပါသည်။ ဦးဖိုးကျားနှင့် သိပ္ပံမောင်ဝတို့၏ဝါကျတိုအရေးအသား တို့သည် ကလေးကလားနိုင်သည်။ အင်္ဂလိပ်စာပေကို ဆက်နွယ်သောကြောင့် သဘောထားကိုတင်ပြထားပါသည်။ ယင်းသဘောထားမှာ-

'ဝါကျတိုလျှင် မကောင်းဟူ၍လည်း တစ်ထစ်ချ မမှတ်သားကြပါ ကုန်လင့်၊ ဝါကျရှည်ရှည်များဖြင့် ရေးသားထားသော စာတိုင်း အကောင်းချည်းဖြစ်သည်ဟူ၍လည်း တစ်ထစ်ချမမှတ်ထားရာ၊ သူ့နေရာနှင့်သူ ကောင်းသည်ချည်းပင်'-၁-

ဟူ၍ဖြစ်ပါသည်။

ထို့နောက် ဆက်လက်၍ စာအရေးအသားနှင့်ပတ်သက်သော သဘောထားတို့ကို ဖော်ထုတ်တင်ပြထားသည်။ စာအရေးအသားနှင့် ပတ်သက်၍-

'ဝါကျတိုသည်၊ ဝါကျရှည်သည်က ပဓာနမဟုတ်ပေ၊ စာရေးသူ ၏ စိတ်ကူးဆန်းကြယ်ခြင်း၊ စာအရေးအသားတို့၏ အစီအစဉ် ဆန်းကြယ်ခြင်းတို့သာ ပဓာနဖြစ်လေသည်'-၂-

ဟူ၍ ဖော်ထုတ်ရေးသားထားပါသည်။ ထို့နောက်ရှေးမြန်မာစာပေများမှ ဝါကျတိုဖြင့်ရေးသားထားသော မင်းဘူးဆရာတော်ဦးဩဘာသ၏ဝေဿန္တရာ ဇာတ်တော်လာအရေးအသား၊ ဦးကုလားရာဇဝင်လာအရေးအသား၊ မဏိ ရတနာပုံကျမ်းမှအရေးအသားတို့ကို သာဓကထုတ်ဆောင်၍ ဝါကျတိုလျှင် မကောင်းဟူသောစွပ်စွဲချက်ကို ချေဖျက်ထားပါသည်။

မြန်မာစကားပြေအရေးအသားနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏ သဘောထားကို ရှင်းလင်းစွာဖော်ပြသောဆောင်းပါးမှာ မောင်တောက်ထွန်း-

---

၁။ ဦးကုသလ-စစ်ကိုင်းတောင်ရိုး၊ ကပြားစာပေ၊ သူရိယသတင်းစာ။

၂။ ဦးကုသလ-စစ်ကိုင်းတောင်ရိုး၊ ကပြားစာပေ၊ သူရိယသတင်းစာ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကျောင်းဆရာ ကလောင်အမည်ဖြင့်ရေးသော မြန်မာစာစီစာကုံး ခေါင်းစဉ်ပါ ဆောင်းပါးနှစ်ပုဒ်ဖြစ်ပါသည်။

ယင်းဆောင်းပါးနှစ်ပုဒ်မှာ ဦးလူဖေဝင်း၏စာစီစာကုံးအခြေပြုကျမ်း နှင့် မြန်မာစာစီစာကုံးကျမ်းစာနှစ်အုပ်နှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ထားခြင်း ဖြစ်ပါသည်။ မြန်မာစာစီစာကုံးဆောင်းပါးအမှတ်(၁)တွင်-

> 'စကားပြေရေးသားရာ၌ ဝါကျအထားအသိုနေရာတကျဖြစ်ရန်၊ စကားပြေ ပြေပြေပြစ်ပြစ်ရှိရန် များစွာအရေးကြီးသောအချက်များ ဖြစ်ပေသည်။'-၁-

ဟူ၍ စကားပြေအရေးအသားနှင့်ပတ်သက်သောသဘောတရားကို ရှင်းလင်း စွာဖော်ပြထားပါသည်။ ဆက်လက်၍ ဆရာကြီးဦးလူဖေဝင်း၏အလိုကို ထောက်ခံရင်း သိပ္ပံမောင်ဝသည် စာပေအရေးအသားနှင့်ပတ်သက်သော သူ၏ သဘောတရားကိုဖော်ပြထားပါသည်။ ယင်းမှာ-

> 'ဦးလူဖေဝင်းအလိုအားဖြင့် စာပေအဖွဲ့အနွဲ့ကောင်းဆိုသည်မှာ ဝါကျတိုသည်၊ ဝါကျရှည်သည်မှာ ပဓာနမဟုတ်၊ ရှင်းရှင်းနှင့် ဆိုလိုရင်းရောက်ခြင်းကသာ ပဓာနဖြစ်လေသည်။ ဤနေရာ၌ ဦးလူဖေဝင်း၏ဝါဒကို ထောက်ခံလိုက်ရပေသည်။'-၂-

ဟုဖော်ပြထားခြင်းဖြစ်ပါသည်။ ဤဖော်ပြချက်အရ စာပေအဖွဲ့အနွဲ့ ကောင်းသည်ဟူသည် ရှင်းရှင်းနှင့်ဆိုလိုရင်းကို ရောက်ခြင်းဖြစ်သည်ဟူသော သဘောတရားကို တွေ့ရှိရပါသည်။

အထက်ပါအကြောင်းအရာများကိုထောက်ရှု၍ သိပ္ပံမောင်ဝ၏ စာပေအရေးအသားနှင့်ပတ်သက်သောသဘောထား၊ သဘောတရားတို့ကို အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၁) မြန်မာစာအရေးအသားတွင် ကတ္တား၊ ဝါစက၊ ကံအနေအထားမှန်အောင် ရေးသားနိုင်ခြင်းသည် အရေးကြီးကြောင်းသဘောထားသည်။

---

၁ မောင်တောက်ထွန်း-အမျိုးသားကျောင်းဆရာ၊ မြဝတီစာစီစာကုံး၊ ကြီးပွားရေး ဩဂုတ် ၁၉၃၄
၂ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



(၂) ဝါကျရှည်ကြီးများကို ရေးသားခြင်းသည် အဓိပ္ပာယ်မှားယွင်းနိုင်ကြောင်းသဘောထားသည်။

(၃) မြန်မာစာပေရေးသားရာတွင် ကာရန်ထက် အဓိပ္ပာယ်ပေါ်လွင်ရေးကို အဓိကထားသင့်သည့် သဘောတရားကိုဖော်ပြသည်။

(၄) စာပေအရေးအသားဟူသည် လူတို့၏ဆိုလိုချက်ကို တစ်ပါးသူ သိနားလည်ရန်အတွက် အသုံးပြုရသောကိရိယာအဖြစ်သဘောထားသည်။

(၅) မြန်မာစာရေးသားရာတွင် မြန်မာပီသစွာ ရေးသားရန်နှင့် စကောစကစာမျိုးမဖြစ်ရန်လိုကြောင်း သဘောထားသည်။

(၆) အရေးအသားတွင် ဝါကျတိုခြင်း၊ ရှည်ခြင်းသည် ပဓာနမဟုတ်၊ သူ့နေရာနှင့်သူသုံးတတ်ခြင်းသာ ပဓာနဖြစ်ကြောင်းသဘောထားသည်။

(၇) ဝါကျတိုတိုင်းမကောင်း၊ ဝါကျရှည်တိုင်းမကောင်းချည်းမမှတ်သင့်၊ သူ့နေရာနှင့်သူသုံးတတ်က ကောင်းသည်ချည်းဖြစ်သည်ဟုသဘောထားသည်။

(၈) စာရေးသားရာတွင် စာရေးသူ၏စိတ်ကူးဆန်းကြယ်ခြင်း၊ အရေးအသား အစီအစဉ်ဆန်းကြယ်ခြင်းသာ ပဓာနဖြစ်ကြောင်းဖော်ပြသည်။

(၉) စကားပြေအရေးအသားတွင် ဝါကျအထားအသိုနေရာကျရန်၊ စကားပြေပြစ်ရန် များစွာအရေးကြီးသည်ဟူသောသဘောတရားကို တင်ပြသည်။

(၁၀) စာအရေးအသားတွင် ရှင်းရှင်းနှင့်ဆိုလိုရင်းရောက်ခြင်းသည် စာပေအဖွဲ့အနွဲ့ကောင်းဖြစ်သည်ဟူသောသဘောတရားကို ဖော်ထုတ်တင်ပြသည်။

အထက်တွင် ရာဇဝင်စာပေသဘောတရား၊ အတ္ထုပ္ပတ္တိစာပေသဘောထား၊ မြန်မာစကားပြေအရေးအသားသဘောထား၊ သဘောတရားတို့ကို အသေးစိတ်လေ့လာတင်ပြခဲ့ပါသည်။ ဆက်လက်၍တင်ပြမည့်စာပေသဘောထား၊ စာပေသဘောတရားတို့ကို အချိန်ကန့်သတ်ချက်အရ အနှစ်ချုပ် အချက်အလက်ချည်းတင်ပြသွားပါမည်။

## ၁၀။ ဝတ္ထုတိုသဘောတရား

(၁) ဝတ္ထုတိုသည် မျက်မှောက်ခေတ်ကိုထင်ဟပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


(၂) ဝတ္ထုတို့သည် လောကသဘာဝ၊ လူ့သဘာဝကို ပေါ်လွင်အောင် ဖွဲ့ရမည်။

၁၁။ ဝတ္ထုရှည်သဘောတရား

(၁) ရာဇဝင်ဝတ္ထုရေးရာတွင် ရာဇဝင်ဝတ္ထုရေးသောအချိန်ကာလ အခြေအနေကိုထင်ဟပ်ရမည်၊

(၂) ဝတ္ထုရှည်များ ခေတ်ထလာခြင်းသည် မြန်မာစာပေအတွက် အားတက်စရာဖြစ်သည်။ မြန်မာစာပေတွင် ဝတ္ထုကောင်းများ ပေါ်ဦးမည်ဟုသဘောထားသည်။

(၃) စာရေးဆရာကိုယ်တိုင် တွေ့ကြုံရသောအကြောင်းများကို ရေးသားခြင်းက စိတ်ကူးဖြင့်ရေးသားခြင်းထက် ပိုကောင်းသည်။

(၄) ဝတ္ထုရေးသားရာတွင် ဇာတ်လမ်းကို စိတ်ဝင်စားအောင်ဖန်တီးသော ရှေ့ဆက်ဘာဖြစ်မည်နည်းဟု သိလိုစိတ်နိုးဆွနိုင်သည့်အကြောင်းဆက်နည်း သဘောတရားကိုဖော်ပြသည်။

(၅) ဝတ္ထုထဲတွင်တရားစာတွေ၊ အဟောစာတွေမပါစေသင့်၊ လိုက်နာစရာ၊ အားကျစရာ၊ ရှောင်ကြဉ်စရာတွေပါသင့်သည်။ တစ်နည်းအားဖြင့်ရသမှတစ်ဆင့် ဘဝအသိရနိုင်သော ဝတ္ထုမျိုးဖြစ်ရမည်ဟူသော သဘောတရားကိုတွေ့ရှိရပါသည်။

၁၂။ ညစ်ညမ်းဝတ္ထုများအပေါ်သဘောထား

(၁) ညစ်ညမ်းစုတ်ပဲ့သော ဝတ္ထုများသည် တိုင်းပြည်ကို အလွန်နစ်နာစေသည်ဟုသဘောထားသည်။

(၂) ဝတ္ထုရေးဆရာများသည် မိမိတို့၏ညီမငယ်၊ နှမငယ်များတကယ်ဖတ်စေသင့်သောဝတ္ထုမျိုးကိုသာ ရေးသင့်သည်။

(၃) ဝတ္ထုရေးဆရာများ ပါးစပ်ကဘုရားဘုရား လက်ကကားရားမဖြစ်အောင်သတိထားသင့်သည်။

၁၃။ ခရီးသွားစာပေသဘောထား

(၁) ခရီးသွားမှတ်တမ်းစာပေသည် ဒေသန္တရဗဟုသုတကို ဆည်းပူးနိုင်သည်ဟု သဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ရှေးခေတ်မြန်မာစာပေတွင် ခရီးသွားစာပေအဖြစ် မှတ်တမ်းတင်သင့်သောအကြောင်းအရာများနှင့် ရေးသင့်သောအချက်များကိုဖော်ပြသည်။

(၃) ခရီးသွားမှတ်တမ်းတွင် ဗဟုသုတလည်းရအောင်၊ စိတ်ပျော်ရွှင်ခြင်းလည်းဖြစ်ရလေအောင် ရေးသားသင့်သည်ဟုသဘောထားသည်။

(၄) မြန်မာပြည်သား နိုင်ငံခြားပြန်များ မိမိတို့ရောက်ဖူးသောနိုင်ငံအကြောင်းရေးသင့်သည်ဟုသဘောထားသည်။

(၅) ခရီးသွားမှတ်တမ်းစာပေများသည် တိုင်းသူပြည်သားတို့အား အမြင်ကျယ်စေသဖြင့် အလွန်လိုအပ်ကြောင်းသဘောထားသည်။

## ၄။ ပြဇာတ်စာပေသဘောထား

(၁) ရှေးပြဇာတ်များ မပျောက်ဆုံးရန်နှင့် ပြဇာတ်အကြောင်းသိရှိသူတို့က ရေးသားသင့်ကြောင်း သဘောထားသည်။

(၂) မြန်မာပြဇာတ်၏အစသည် နတ်ပွဲများကထွန်းကားလာသည်ဟုသဘောထားသည်။

(၃) ပြဇာတ်ကောင်းဟူသည် အလွမ်းအသောရသမြောက်ခြင်း၊ ဇာတ်ကောင်တို့၏ အတွင်းစိတ်သဘောပေါ်လွင်အောင် ဖွဲ့ဆိုနိုင်ခြင်း ရှိရမည်ဟူသောသဘောတရားရှိသည်။

(၄) ဇာတ်ဆောင်တို့၏ပြောစကားသည် ဇာတ်ဆောင်စရိုက်နှင့် ကိုက်ညီရမည်ဟူသောသဘောတရားကိုညွှန်ပြသည်။

(၅) စကားပြေရိုးရိုးနှင့်ရေးသော ခေတ်ပေါ်ပြဇာတ်များ ထွန်းကားဦးမည်ဟုသဘောထားသည်။

(၆) ပြဇာတ်စာအုပ်အမည်သည် အရေးကြီးကြောင်း၊ အသံလွင်သောအမည်ဖြင့် မှည့်ခေါ်သင့်ကြောင်းညွှန်ပြသည်။

(၇) စာရေးဆရာက စာကိုမနှိမ့်ဘဲ စာဖတ်သူတို့ စာကောင်းကိုဖတ်နိုင်လာအောင်ရေးသင့်ကြောင်း သဘောတရားကိုဖော်ထုတ်သည်။

(၈) သူတကာ ကြမ်းကြမ်းရေးသော်လည်း မိမိကိုယ်တိုင် ကြမ်းကြမ်း

www.burmeseclassic.com

www.burmeseclassic.com



မရေးသင့်ကြောင်း သဘောထားကိုဖော်ပြသည်။

(၉) ပြဇာတ်သည် စာပေ၏အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်း သဘောထားသည်။

## ၁၅။ ကဗျာ၊ လင်္ကာသဘောတရား

(၁) မယ်ဘွဲ့မောင်ဘွဲ့ကဗျာမျိုးကို ယခုခေတ်ကဗျာဆရာများသည် ရှေးစာဆိုကြီးတို့ကိုမီအောင် စပ်ဆိုနိုင်ရန်ခဲယဉ်းသည်ဟု သဘောထားသည်။

(၂) ကဗျာလင်္ကာရေးစပ်ရာတွင် ရှေးဆရာကြီးတို့ မရေးသားသေးသော အကြောင်းအရာတို့ကို ရေးမှသာ အရှည်တည်တံ့မည်ဖော့ လမ်းညွှန်သည်။

(၃) မိမိစိတ်တွင် တကယ်ခံစားရပြီး ရေးစပ်မှသာ ကဗျာကောင်း ဖြစ်နိုင်သည်ဟူသောသဘောတရားကိုညွှန်ပြသည်။

(၄) ကဗျာလင်္ကာတို့၏သဘောသည် တည်တံ့မနေဘဲ တိုးတက်နေ သည့်သဘောရှိသည်။

(၅) ကဗျာလင်္ကာတိုးတက်ရေးအတွက် ရှေးရိုးဝါဒရော၊ အသစ်ထွင် ဝါဒရော နှစ်မျိုးစလုံးလိုအပ်သည်ဟုသဘောထားသည်။

(၆) ကဗျာလင်္ကာဖွဲ့ဆိုရာတွင် အကြောင်းအရာအသစ်ကိုဖွဲ့ဆိုရာ သည်။ အကြောင်းအရာတူလျှင်လည်း စိတ်ကူးအသစ်ဖြင့်ဖွဲ့ဆို မှသာ ကဗျာကောင်းဖြစ်နိုင်သည်ဟုသဘောတရားရှိသည်။

(၇) ကဗျာဖွဲ့ဆိုရာတွင် ရေးဖွဲ့သည့်အကြောင်းအရာနှင့် လိုက်ဖက် သည့် စကားသံကိုသုံးနှုန်းနိုင်မှသာ ကဗျာကောင်းဖြစ်နိုင်သည့် သဘောတရားရှိသည်။

(၈) ခေတ်ကဗျာတို့သည် အဆင်တန်ဆာအလှအပထက် အသုံးဝင်မှု လိုရင်းရောက်မှုကို ပဓာနထားသည့်သဘောရှိသည်။

(၉) ဆန်းကြယ်သောစိတ်ကူးကို နေ့စဉ်ရိုးရိုးစကားဖြင့် ပေါ်လွင် အောင်ဖွဲ့နိုင်ခြင်းသည်လည်း ကဗျာကောင်း၏ လက္ခဏာတစ်ရပ် အဖြစ်သဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၀) အဓိပ္ပာယ်အကျယ်ကို စကားလုံးနည်းနည်းဖြင့် ဖွဲ့ဆိုနိုင်ခြင်းသည်။

၁၆။ သတင်းစာသဘောထား၊ သတင်းစာသဘောတရား

(၁) သတင်းစာအဆင့်အတန်းမြင့်မှ တိုင်းပြည်အဆင့်အတန်းမြင့်မည်ဟု သဘောထားသည်။

(၂) သတင်းစာသည်တိုင်းပြည်ကိုမှောက်နိုင်သည်အထိ အစွမ်းရှိသည်ဟုမြင်သည်။

(၃) ထိုစဉ် သတင်းစာအများစုမှာ ပါတီပယောဂမကင်းကြဟုမြင်သည်။

(၄) ထိုစဉ်က ဘက်မလိုက်သည့်သတင်းစာ ရှားသည်ဟုမြင်သည်။

(၅) လူအများ၏အလိုကိုသာလိုက်ကာ ရေးနေသောသတင်းစာမျိုးကို အလိုမရှိကြောင်း သဘောထားကိုဖော်ထုတ်ပြသည်။

(၆) ထိုစဉ်ကသတင်းစာများ၊စာဖတ်သူအကျိုး၊တိုင်းပြည်အကျိုးအတွက် ရဲရဲဝံ့ဝံ့ရေးသားသင့်ကြောင်း သူ့သဘောတရားကိုတင်ပြသည်။

(၇) သတင်းစာများ ကျေးလက်တောရွာအနှံ့ ပျံ့နှံ့ရေးအတွက် နည်းပေးလမ်းညွှန်သည်။

(၈) ထိုစဉ် သတင်းထောက်များသဘောထားမမှန်ဟု မြင်သည်။

(၉) သတင်းထောက်သည် သတင်းသာရေး၍ ထင်မြင်ချက်ပေး၍ မရေးသင့်ကြောင်း သဘောတရားကိုညွှန်ပြသည်။

(၁၀) သတင်းထောက်များထားရှိအပ်သည့် သဘောထားများကို အသေးစိတ်လမ်းညွှန်သည်။

(၁၁) သတင်းထောက်အဆင့်အတန်းမြင့်လျှင် သတင်းစာအဆင့်အတန်းမြင့်မည်ဟုသဘောထားသည်။

(၁၂) သတင်းစာတွင် ခေါင်းကြီးပိုင်းသည် အရေးပါသည်ဟုမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃) သတင်းစာခေါင်းကြီးပိုင်းသည် အရေးရခက်သည်ဟုသဘော ထားသည်။

(၁၄) သတင်းစာခေါင်းကြီးပိုင်းကို ကောင်းလျှင်မချီးမွမ်းကြ၊ မကောင်းလျှင်အပြစ်ဆိုတတ်ကြောင်းဖော်ပြထားသည်။

(၁၅) အနာဂတ်တွင် မြန်မာပြည်၌ သတင်းစာများခေတ်စားဦးမည် ဟုယုံကြည်သည်။

၁၇။ **စာပေဝေဖန်ရေးသဘောထား၊ စာပေဝေဖန်ရေးသဘောတရား**

(၁) ထိုစဉ် သတင်းစာမဂ္ဂဇင်းများတွင် အားတုံ့အားနာ ဝေဖန်ရေး များသာတွေ့ရသည်ဟုမြင်သည်။

(၂) စာအုပ်မကောင်းဘဲနှင့် ကောင်းသည်ဟုဝေဖန်လျှင် စာဖတ် သူများကိုလိမ်သည်နှင့်တူကြောင်း သဘောထားရှိသည်။

(၃) စာပေဝေဖန်ရာတွင် ဘာသာခြားစာပေတို့နှင့် နှိုင်းယှဉ် ဝေဖန်သင့်ကြောင်းသဘောထားသည်။

(၄) ဝေဖန်စာထွန်းကားရေးအတွက် အင်္ဂလိပ်ဝေဖန်စာများကို ဖတ်သင့်ကြောင်းလမ်းညွှန်သည်။

(၅) ဝေဖန်စာကို အသိုက်အဝန်းဖြင့် စာဖတ်သူစွဲငြိအောင် ရေးသင့် ကြောင်း၊ ဗဟုသုတများလေလေ၊ ဝေဖန်စာကောင်းလေလေ ဖြစ်ကြောင်းဖော်ပြသည်။

(၆) ဝေဖန်စာရေးသားရာတွင် မိတ်ဆွေမျက်နှာမထောက်ရ၊ စာပေ ကြီးပွားရေးမျက်နှာသာထောက်ရမည် ဟူသောသဘောတရား ကိုထုတ်ပြသည်။

(၇) ဝေဖန်မည့်စာအုပ်ကို အသေအချာဖတ်၍ နက်နက်နဲနဲ စဉ်းစား ချင့်ချိန်ရမည်ဟုလမ်းညွှန်သည်။

(၈) စာရေးဆရာအကြောင်းသိခြင်းသည် သူရေးသည့်စာကောင်း မကောင်း ဝေဖန်ရာတွင် အထောက်အကူပြုသည် ဟူသော အချက်ကိုလည်းဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ ခြုံငုံသုံးသပ်ချက်

သိပ္ပံမောင်ဝ၏စာပေသဘောတရားနှင့်ပတ်သက်၍ စာတမ်းရှင် တင်ပြခဲ့သောအချက်အလက်များကို ပြန်၍အနှစ်ချုပ်ကြည့်လျှင် သိပ္ပံမောင်ဝ မြင်သော မြန်မာစာပေနိမ့်ကျရသည့်အကြောင်း၊ မြန်မာစာပေကြီးပွား တိုးတက်ရေးသဘောထား၊ ရာဇဝင်စာပေသဘောတရား၊ အတ္ထုပ္ပတ္တိ စာပေသဘောထား၊ မြန်မာစကားပြေအရေးအသား၊ သဘောတရားတို့ကို အသေးစိတ်၍တင်ပြခဲ့ပါသည်။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုရှည်သဘော တရား၊ ညစ်ညမ်းဝတ္ထုများအပေါ်သဘောထား၊ ခရီးသွားစာပေသဘောထား၊ ပြဇာတ်စာပေသဘောထား၊ ကဗျာလင်္ကာသဘောတရား၊ သတင်းစာသဘော ထား၊ သတင်းစာသဘောတရား၊ စာပေဝေဖန်ရေးသဘောထား၊ စာပေဝေဖန် ရေးသဘောတရားတို့ကိုအနှစ်ချုပ်တင်ပြခဲ့ပါသည်။

သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေသဘောတရားတို့မှာ စာပေအမျိုးအစားစုံသည်။ စာပေအမျိုးအစားသာမက စာပေအရေးအသား သဘောတရားပါပါသည်။ သို့ဖြစ်ရာ သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေသဘောတရားတို့သည် စာပေဟင်းလေးအိုးကြီးနှင့်တူသည်ဟုစာတမ်းရှင် က အဆိုပြုလိုပါသည်။ မြန်မာ့ဟင်းလေးအိုးတွင် အသား၊ ငါး၊ အသီးအရွက် အစုံထည့်၍ရသည်။ အရသာမျိုးစုံ ခံစားစားသုံးနိုင်သည်။ တာရှည်လည်း အထားခံသည်။ ထိုနည်းတူ သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေ သဘောတရားတို့မှာ စာပေကဏ္ဍစုံသည်။ ဟင်းအရသာနှင့်တူသော ထက်မြက်စူးရှသည့် သဘောတရားများပါသည်။ ယင်းသဘောတရား များသည်လည်း ယခုအချိန်ထိ ခေတ်မီနေသည်အထိတာရှည်ခံသည်။ စာရေး ဆရာကြီးသိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေသဘောတရား ဟင်းလေး အိုးကြီးကို ရေရှည်စားသုံး၍ မြန်မာစာပေကြီးပွားတိုးတက်ရှင်သန်ရေးအတွက် စာပေဝါသနာရှင်အပေါင်း ကြိုးပမ်းနိုင်ကြပါစေဟုဆန္ဒပြုပါသည်။

ကျွန်တော်တင်ပြခဲ့သော သိပ္ပံမောင်ဝ၏စာပေသဘောထား၊ စာပေ သဘောတရားစာတမ်းကို စာပေပညာရှင်များအနေဖြင့် လိုသည်ကိုဖြည့်၊ ပိုသည်ကိုနုတ်၍ ပိုမိုကောင်းမွန်ပြည့်စုံရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြပါဟု

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြအပ်ပါသည်။

**၁၉။ နိဂုံး**

စာရေးဆရာကြီးသိပ္ပံမောင်ဝ၏ မွေးနေ့နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသောစာတမ်းဖတ်ပွဲတွင် စာတမ်းရှင်အနေဖြင့် သိပ္ပံမောင်ဝ၏ စာပေသဘောတရားစာတမ်းကိုတင်သွင်းခဲ့ပါသည်။ စာတမ်းရှင်တင်သွင်းသောစာတမ်းသည် စာရေးဆရာကြီးသိပ္ပံမောင်ဝကို ဂုဏ်ပြုရာလည်းရောက်၊ မြန်မာစာပေကြီးပွားတိုးတက်ရေးအတွက် တစ်စုံတစ်ရာအကျိုးပြုရာလည်းရောက်လျှင် ကောင်းလေစွ ဆန္ဒအာသီသဖြစ်မိပါသည်။ ဤစာတမ်းဖတ်ပွဲ ဖြစ်မြောက်အောင်ကျင်းပပေးသော တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ စာပေပါသနာရှင်အပေါင်းကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဦးလှထွန်း (မြန်မာစာ)
## သိပ္ပံမောင်ဝ၏စာပေသဘောတရား

**ဆွေးနွေးမေးမြန်းသူများ**။ ၁။ မောင်မိုးကျော်လူ ၂။ ဦးကျော်ဝင်း ၃။ ကိုဦး(မြန်မာစာ) ၄။ ဂေါယာမြေစောဝင်း

**ဆွေးနွေးမေးမြန်းချက်များ...**

၁။ ဆရာကြီးသိပ္ပံမောင်ဝရေးသားခဲ့သော ဝတ္ထုဆောင်းပါးများအနက် ပိတ်ပင်တားမြစ်ခံရသော ဝတ္ထုဆောင်းပါးများရှိခဲ့ပါသလား၊ သိလိုပါသည်။ (သို့မဟုတ်) အင်္ဂလိပ်အစိုးရနှင့်ပတ်သက်သော နိုင်ငံရေးဝတ္ထု၊ ဆောင်းပါးမျိုးရေးသား၍၊ မထုတ်ဝေဖြစ်ခဲ့၍ သိမ်းဆည်းထားသောဝတ္ထုဆောင်းပါးမျိုးရှိပါသလား။

၂။ သိပ္ပံမောင်ဝ၏စာပေများကို မြန်မာစာပေစင်မြင့်တွင် ဂန္ထဝင်စာပေအမြင်ဟာရှိသင့်ကြောင်းမိမိထင်မြင်မိပါသည်။ စာတမ်းရှင်၏ဆန္ဒသဘောထားသိရှိလိုပါသည်။

၃။ ဆရာကြီးဦးဖေမောင်တင်၊ ပုဂံဝန်ထောက်ဦးတင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းနှင့်ဦးပွားတို့သည် သိပ္ပံမောင်ဝ၏ဆရာရင်းဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သိရပါသည်။ သို့သော် ခေတ်စမ်းစာပေ၏ စကားပြေခေါင်းဆောင် သိပ္ပံမောင်ဝသည် မြန်မာ့အမျိုးသားစာပေခေါင်းဆောင် ဇာတိမာန်စာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏တပည့်ဖြစ်ခဲ့ဖူးပါသလား။ ရှင်းလင်းဖြေကြား ပေးပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါသည်။ သိပ္ပံမောင်ဝသည် (၁၉၂၇)မှ (၁၉၂၉)ထိ အိုင်၊စီ၊အက်စ်၊ဘဝဖြင့် စကောလားရှစ်ရပြီး ဘိလတ်သို့ပညာသင် သွားဘဲ တက္ကသိုလ်ကျောင်းဆရာဘဝဖြင့်ပင် အမှုထမ်းနေမည်ဆိုပါက သိပ္ပံ မောင်ဝ၏ဘဝအမြင်၊အတွေးအခေါ်အယူအဆများနှင့်သူ၏စာပေပုံသဏ္ဍာန်၊ စာပေသဘောထား၊ စာပေသဘောတရားများသည် မည်ကဲ့သို့ပြောင်းလဲလာ နိုင်ပါသလဲ၊ ဆရာလှထွန်း(မြန်မာစာ)၏ ထင်မြင်ယူဆချက်ကို ရှင်းပြပေး စေလိုပါသည်။

၄။ ဆရာလှထွန်း၏ သိပ္ပံမောင်ဝ၏စာပေသဘောတရားစာတမ်း၌ ဟာသ စာပေသဘောထားပါဝင်သည်ကိုမတွေ့ရပါ။ သိပ္ပံမောင်ဝသည် ဟာသစာပေ သဘောထားကိုလည်းရေးသားခဲ့ပါသည်။၁၉၂၉ခု ဇန်နဝါရီလ(၅)ရက် နေ့ထုတ် သူရိယသတင်းစာ၌ အမျိုးသားပညာဝန်ဦးဖိုးကျားကို ဂုဏ်ပြု ချီးကျူးရေးသားသောဆောင်းပါး၌ သူ၏ဟာသသဘောတရား၊ ဟာသအယူ အဆကိုထည့်သွင်းရေးသားခဲ့ပါသည်။ သိပ္ပံမောင်ဝသည် ဟာသဉာဏ်၊ဟာသ နှင့်မကင်းကြောင်း၊ ဟာသကိုမမေ့အောင်နေထိုင်ခဲ့သူဖြစ်ကြောင်း၊ သူ့စာပေ ထဲ၌ ထိုသဘောမျိုး ရုံဖန်ရံခါ ပေါ်လွင်နေသည်ကိုတွေ့ရကြောင်း၊ လူ့ဘဝကို ရှုထောင့်အမျိုးမျိုးမှ စေ့စုံအောင်ရှုမြင်ခဲ့သူဖြစ်ကြောင်း Ms. Yuri Takashi (ခေါ်ယုယုလွင်)၏စာတမ်း၌လည်းဖော်ပြနိုင်ခဲ့ပါသည်။ အထူးသဖြင့် ဆရာ လှထွန်း၏ 'သိပ္ပံမောင်ဝ၏စာပေသဘောတရား' စာတမ်း၌ပို၍ ပါဝင်ဖို့ သင့်ပါသည်။ ထိုသို့ မပါဝင်နိုင်ခဲ့သည်မှာ မည်သို့သောအကြောင်းကြောင့် ဖြစ်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**စာတမ်းရှင်၏ပြန်ကြားချက်များ**

၁။ အထက်ပါမေးခွန်းနှင့်ပတ်သက်၍ စာတမ်းရှင်မသိပါဟု ဖြေလိုပါသည်။

၂။ သိပ္ပံမောင်ဝ၏စာပေများကို မြန်မာစာပေစင်မြင့်တွင် 'ခေတ်စမ်းဂန္ထဝင်စာပေ'အဖြစ်ထားရှိသင့်သည်ဟုယူဆပါသည်။

၃။ ပထမမေးခွန်းနှင့်ပတ်သက်၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် သိပ္ပံမောင်ဝ၏ စာသင်ဆရာမဖြစ်ဖူးကြောင်း မှတ်သားရပါသည်။ သို့သော် သိပ္ပံမောင်ပနှင့်ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့သည် စာပေသမားဘဝ၊ စာပေချင်း အပြန်အလှန်ဖတ်ရှုဆက်သွယ်မှုရှိခဲ့ကြောင်း သိပ္ပံမောင်ဝသည် သခင်ကိုယ်တော်မှိုင်း၏စာအကြောင်းရေးခဲ့ဖူးခြင်းဖြင့်သိနိုင်ပါသည်။ ဒုတိယမေးခွန်းနှင့်ပတ်သက်၍ သိပ္ပံမောင်ဝသည် ဘိလပ်သို့ ပညာသင်မသွားဘဲ တက္ကသိုလ်ဆရာဘဝဖြင့် အမှုထမ်းမည်ဆိုပါက သိပ္ပံမောင်ဝ၏ဘဝအမြင်၊ အတွေးအခေါ်အယူအဆများနှင့် စာပေပုံသဏ္ဍာန်များ၊ စာပေသဘောထား၊ စာပေသဘောတရားများသည် 'ခေတ်စမ်းစာပေ' အသွင်ဖြင့်ပင် ရှိနေမည်ဟု ယူဆပါသည်။ ဝတ္ထုဆောင်းပါးများ၊ ပြဇာတ်များတွင်ရေးဖွဲ့သောပတ်ဝန်းကျင်ကွာချင်ကွာနိုင်ပါသည်။ အကြောင်းမှာ တက္ကသိုလ်ဆရာဘဝဖြင့်မြန်မာစာပေအတွက် တစ်ဂုဏ်တင့်စေခဲ့သောဇော်ဂျီတို့ ရှိနေသောကြောင့်ဖြစ်သည်။ သိပ္ပံမောင်ဝသည် ဇော်ဂျီတို့၏စာပေအစ်ကိုကြီးဖြစ်သောကြောင့်ပင်။

၄။ သိပ္ပံမောင်ဝ၏ဟာသစာပေသဘောထား၊ သဘောတရားကျန်ခဲ့ပါသည်။ နောင်ဖြည့်စွက်ပါမည်။ ထောက်ပြသည်ကိုကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝ၏ စာပေနှင့်ယဉ်ကျေးမှုအမြင်
## စာတမ်းရှင် ဦးအေးချို(မဟာဝိဇ္ဇာ)၏
## ကိုယ်ရေးမှတ်တမ်းအကျဉ်း



အဖတိုင်းရင်းမြန်မာသမားတော်ကြီးဦးတင်အေး၊ အမိဒေါ်ကြည်တင်တို့မှ ၁၃၀၇ခု၊ ကဆုန်လပြည့်ကျော် ၄ရက်နေ့တွင် မွေးဖွားသည်။ ၁၉၆၃ခုနှစ်တွင် ကမာရွတ်အစိုးရအထက်တန်းကျောင်းမှ ကျောင်းထွက်အောင်မှတ်ရစာမေးပွဲအောင်မြင်ခဲ့သည်။ ဝန်ထမ်းဘဝဖြင့် လုပ်သားများတက္ကသိုလ်တွင်ပီညာဆက်လက်သင်ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့ကို မြန်မာစာအဓိကဖြင့် ၁၉၇၄ခုနှစ်တွင်အောင်မြင်ခဲ့သည်။ ၁၉၈၃ခုနှစ်တွင် မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ကိုရရှိခဲ့သည်။ မှတ်ပုံတင်ရေးနေစာမေးပွဲကို ၁၉၇၈ ခုနှစ်တွင် အောင်မြင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာပေဗိမာန်စာမူပြိုင်ပွဲတွင် ၁၉၈၅ ခုနှစ်၌ သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်တွင် *'ငါးရှာငါးဆယ်သိမှတ်ဖွယ်'* စာမူဖြင့် ပထမဆုရရှိခဲ့သည်။ ၁၉၈၇ခုနှစ်တွင် *'မြန်မာစကား'* စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ် ဒုတိယဆုကိုရရှိခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် *'မြန်မာ့အိမ်သူမြန်မာမှု'* စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ဘာသာရပ် ဒုတိယဆုကိုရရှိခဲ့သည်။ *"ငါးရှာငါးဆယ် သိမှတ်ဖွယ်"* စာမူသည် ပုံနှိပ်စာအုပ်ဖြင့် ၁၉၈၈ ခုနှစ်တွင် ထုတ်ဝေခဲ့ရာ ထိုနှစ်အတွက် ယင်းစာအုပ်ဖြင့် အမျိုးသားစာပေဆုကို သုတပဒေသာ(ဝိဇ္ဇာ) ဘာသာရပ်အတွက်ရရှိခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင်လည်း ဦးအေးချို (တရားရုံးချုပ်ရှေ့နေ) အမည်ဖြင့် ဥပဒေရေးရာ ဆောင်းပါးများကိုရေးသား ခဲ့သည်။ အခြားမဂ္ဂဇင်း၊ ဂျာနယ်တွင်လည်း စာပေဆောင်းပါးများကိုရေးသား ၍ စာပေကိုဆက်လက်လေ့လာဆည်းပူးလျက်ရှိသည်။

၁၉၉၇ခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ဝေခဲ့သော "Shwedagon Symbol of Strength and Serenity" စာအုပ်အတွက် ဦးမျိုးသန့်(မောင်ဆုရှင်)နှင့်တွဲဖက်၍ မြန်မာဘာသာဖြင့်ပြုစု ပေးခဲ့သည်။ ၁၉၉၈ခုနှစ်တွင် ထုတ်ဝေခဲ့သော *'ဆူးလေစေတီတော်သမိုင်း'* ကို ရေးသားပြုစုခဲ့သည်။

ဝါသနာအလျောက်စာပေများကို လေ့လာဆည်းပူးရှာဖွေ သုတေသနပြုနေသူတစ်ဦးဖြစ်ပြီး တရားရုံးချုပ်ရှေ့နေအဖြစ် အသက်မွေး ဝမ်းကျောင်းပြုလျက်ရှိသည်။

ယခုအခါ အမှတ် (၂၉)၊ သပြေလမ်း၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင်နေထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝ၏စာပေနှင့်ယဉ်ကျေးမှုအမြင်

သိပ္ပံမောင်ဝ နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၌ ဖတ်ကြားမည့်စာတမ်းခေါင်းစဉ် တောင်းသောအခါ **သိပ္ပံမောင်ဝ၏စာပေနှင့်ယဉ်ကျေးမှုအမြင်** ဟူသောခေါင်းစဉ်ကို ပေးလိုက်မိသည်။ အသေအချာ စဉ်းစားလိုက်သောအခါ ဤခေါင်းစဉ်ကို သိပ္ပံမောင်ဝသာ သက်ရှိထင်ရှားရှိနေမည်ဆိုပါက ကြိုက်လိမ့်မည်မထင်။ သိပ္ပံမောင်ဝ မရေးသည့်စာကို **သိပ္ပံမောင်ဝ၏**အမြင်ဟု ခေါင်းစဉ်ပေးခြင်းကပင်လျှင် မှားနေပြီလားဟူ၍လည်း စဉ်းစားမိသည်။ မှန်၏။ ၁-၈-၃၃ နေ့စွဲတပ် စာတစ်စောင်တွင် ဤကဲ့သို့ရေးသားခဲ့ဖူးသည်။

"မောင်မြသွင်အား ဗုဒ္ဓဘာသာအသင်းအကြောင်း ရေးပါဟု တိုက်တွန်းလိုက်ပါ၏။ သို့သော်များးစွာရေးချင်ပုံမပေါ်။ သူက စာပေဝေဖန်သူသက်သက်သာ ဖြစ်လေသည်။ Critic ဆိုပါတော့။ မောင်ဝကလည်း Novelist ဝတ္ထုဆရာ။ ဆောင်မောင်မြင့်ကတော့လမ်းညွှန်ဆရာ Eassyist ။ သူ့နေရာနှင့်သူကိုး"

သိပ္ပံမောင်ဝသည် သိပ္ပံမောင်ဝကလောင်အမည်ဖြင့် ဝတ္ထုများကိုသာ ရေးလေ့ရှိသည်။ စာပေယဉ်ကျေးမှုရေးရာအမြင် ဆောင်းပါးများကို သိပ္ပံမောင်ဝကမရေး။ မောင်မြသွင် သိပ္ပံကျောင်းသားက ဒိုင်ခံရေးသားသည်။ မောင်စိန်တင်၊ ယူနီဘာစတီကျောင်းသား ဟူသောကလောင်အမည်ဖြင့်လည်းရေးသည်။ သိပ္ပံမောင်ဝ၏စာစုစာရင်းပြုစုသူဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်) က သိပ္ပံမောင်ဝ၏ ကလောင်အမည်ကွဲပေါင်း ၅၇ ခုခန့်ကို ရှာဖွေတွေ့ရှိထားကြောင်း ဖော်ပြထားသည်။ သိပ္ပံမောင်ဝသည် ကလောင်အမည်ကွဲအမျိုးမျိုးဖြင့် စာမျိုးစုံ၊ အကြောင်းအရာမျိုးစုံ၊ စကားပြေပုံသဏ္ဍာန်မျိုးစုံ ရေးသည်။ သူ့ခေတ် သူ့ကာလက သူ၏ ကလောင်အမည်ကွဲများကို သူနှင့်ရင်းနှီးသူ အချို့အဝက်သာသိသည်။ သူကွယ်လွန်သည့်အခါ ကလောင်မျိုးစုံနှင့် သူရေးခဲ့သမျှစာများကို သူသာ သနပြုကာ လေ့လာခဲ့ကြသည်။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာရှိရေ တို့သည် အမည်အမျိုးမျိုးဖြင့် စီးဆင်းနေကြသော်လည်း မဟာသမုဒ္ဒရာ၌

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံသည့်အခါ အမည်အမျိုးမျိုးပျောက်သကဲ့သို့၊ ကလောင်အမည်မျိုးမျိုးဖြင့်ရေးခဲ့သမျှစာတို့ကိုစုပေါင်းကာ သိပ္ပံမောင်ဝ၏စာဟု ကင်ပွန်းတပ်ခြင်းဖြစ်၍ သိပ္ပံမောင်ဝ မကြိုက်စေကာမူ ဂုဏ်ပြုခြင်းသာဖြစ်သဖြင့် ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယူဆပါသည်။

**မြန်မာစာပေသမားသိပ္ပံမောင်ဝ**

သိပ္ပံမောင်ဝကျောင်းတက်စဉ်ကာလသည် **မြန်မာစာသည်ဒို့စာ၊ မြန်မာစကားသည် ဒို့စကား** ခေတ်မဟုတ်သေး။ မြန်မာစာ၊ မြန်မာစကားကို အရပ်သုံးဘာသာစကားအဆင့်၌သာ ထားသည်။ ရုံးသုံးဘာသာစကားအဖြစ်အသုံးမပြုသဖြင့်လည်း မည်သူမျှအလေးအနက်မထားကြ။ ပညာသင်ကြားရေးနယ်၌ပင် ခွဲခြားမှုရှိခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှသိမ်းပိုက်ပြီးနောက် ပညာရေးဌာနသည် မြန်မာနိုင်ငံ၌ရှိရင်းစွဲဖြစ်သော ဘုန်းကြီးကျောင်းများ၊ အိမ်ကျောင်းများကို မှတ်ပုံတင်စေပြီး အိမ်ကျောင်းများကား ပညာမင်းကြီးရုံးမှ သတ်မှတ်ပေးသောနည်းစနစ်များ၊ သင်ရိုးညွှန်းတမ်းများ အတိုင်းသင်ကြားရသည်။ နောက်ပိုင်းတွင် ဘုန်းကြီးကျောင်းပညာရေး တစတစလျှော့ပါးအားနည်းသွားခဲ့ပြီး အိမ်ကျောင်းများသာ ကျန်ရစ်ခဲ့သည်။ ဗြိတိသျှအထောက်အပံ့ခံ ဘုန်းကြီးကျောင်းများနှင့် အိမ်ကျောင်းများသည် တိုင်းရင်းသားဘာသာသင်ကျောင်းအဖြစ်လည်းကောင်း၊ ခရစ်ယာန်သာသနာပြုကျောင်းများသည်အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်ကျောင်းအဖြစ်လည်းကောင်း အသွင်ပြောင်းခဲ့သည်။

ပညာသင်ကြားရေး၌ ဤသို့နှစ်မျိုးနှစ်ဖုံကွဲပြားနေသဖြင့် ၁၉၁၈ ခုနှစ် မော်လမြိုင်မြို့တွင်ကျင်းပသော ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းဆဋ္ဌမအကြိမ်မြောက်ပြည်လုံးကျွတ် အစည်းအဝေးကြီးတွင် ...

"မြန်မာလူမျိုး ဥရောပတိုက်သားဟူ၍ မခွဲခြားဘဲ ပညာသင်ကြားရေးဆိုင်ရာတွင် ဥပဒေတစ်မျိုးတည်းပြုလုပ်ဖို့ ပြည်ပိုင်အစိုးရသို့ လျှောက်ထားရန်၊ အကယ်၍ ကိစ္စမပြီးစီး မချောမမောသော် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အစိုးရထံလျှောက်ထားရန် စီမံသင့်ကြောင်း"[၁]

ဟူ၍ ဆွေးနွေးဆုံးဖြတ်ရသည့်အထိ ဖြစ်ပွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြီးပြီးသည့်နောက် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ကြသောအခါ တက္ကသိုလ်ပညာရပ်များကို မည်သည့်ဘာသာစကားဖြင့် သင်ကြားသင့်သနည်းဟု ဆွေးနွေးတိုင်း အယူအဆအမျိုးမျိုး ကွဲပြားကြသည်။ အဆုံး၌ အိန္ဒိယအစိုးရ လက်ခံနေသော "မက်ကောလေး"၏ ၁၈၃၅ ခုနှစ်ကတင်သွင်းသည့် အယူအဆများအတိုင်း သင်ကြားကြလေသည်။ "မက်ကောလေး"၏ အယူအဆများတွင်-

(က) အရှေ့တိုင်းပညာကို လေ့လာမည့်အစား အင်္ဂလိပ်ဘာသာစာပေကို လေ့လာရန်၊ အားပေးရန်။

(ခ) အင်္ဂလိပ်ဘာသာကို သင်ကြားမှုမဏ္ဍိုင်အဖြစ်ဖြင့် အသုံးပြုရန်။

(ဂ) အသားအရောင်အားဖြင့်ညိုသော်လည်း အင်္ဂလိပ်ဘာသာတတ်ကျွမ်း၍ အင်္ဂလိပ်လိုတွေးခေါ်ကာ အင်္ဂလိပ်စိတ်ပေါက်နေသော လူတန်းစားတစ်ရပ်ကို မွေးထုတ်၍ ယင်းတို့ကို တိုင်းရင်းသားလူမျိုးများနှင့် အုပ်စိုးသူများအကြားတွင် ပေါင်းကူးတံတားသဖွယ်ထားရှိဆောင်ရွက်စေရန်။

ဟူ၍ အဓိကအားဖြင့် မူသုံးရပ်ပါဝင်လေသည်။

ထိုမူများအတိုင်း မြန်မာပြည်တွင် နောင်အခါကျောင်းများဖွင့်လှစ်လာ[illegible] အင်္ဂလိပ်ဘာသာဖြင့် သင်ကြားသော ကျောင်းများကိုသာ အဓိကထား[illegible]ကပ်ပံ့ခဲ့လေသည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဟူ၍ တည်[illegible]ဖွင့်လှစ်ခဲ့သော်လည်း မြန်မာစာဌာနဟူ၍ကား ရှိဖို့ဝေးစွ၊ မြန်မာစာကို [illegible]ဘာသာတစ်ရပ်အဖြစ်ဖြင့်ပင် မသင်ပေးခဲ့ချေ။ အင်္ဂလိပ်ဘာသာ သာလျှင် [illegible]သင်ကြားမှုမဏ္ဍိုင်ဖြစ်ခဲ့လေသည်။ ၂

အင်္ဂလိပ်ဘာသာသည် သင်ကြားရေးနယ်၌ အဓိကအခန်းကဏ္ဍက [illegible]ခဲ့သလို အင်္ဂလိပ်စာသင်ကြားရသူများ၏ အနာဂတ်ရေးကလည်း မျှော်[illegible]ထားစရာများလှသည်။ စာသင်သားကျောင်းသားများ စိတ်ကြီးဝင်နိုင်[illegible]တော်လုံးများကလည်း အဆင်သင့်ပင်။ ဆရာဇေယျတို့ငယ်စဉ် သူတို့နေ[illegible]သို့ လေးနိုင်ငံဝန်ရှင်တော်မင်းကြီး လာရောက်စဉ်က ကြိုဆိုခဲ့ပုံများ[illegible]သည်ရေးသားရာ၌ ဤသို့ပါဝင်လေသည်။

"ကျောင်းသားတွေများ တယ်တန်ဖိုးကြီးပါကလား၊ လေးနိုင်ငံဝန်ရှင်တော်မင်းကြီးတောင် ရပ်ပေးရသဟ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာရပ်ရမှာပေါ့၊ ကျောင်းသားတွေက နယ်နယ်ရရမှတ်လို့၊ ခုနစ်တန်းသမား မြို့အုပ်လောင်းတွေကွ" ၃

ဆရာသိန်းဖေမြင့်ကလည်း ထိုခေတ်ထိုအခါက အင်္ဂလိပ်စာသင်ကြားရသူနှင့် မသင်ကြားရသူတို့အကြား ပေါ်ပေါက်နေသော စိတ်ကြီးဝင်ပုံများကို လူငယ်များ၏ ခံစားမှုအဖြစ် ဤသို့မှတ်တမ်းတင်ထားဖူးသည်။

"ကျွန်တော်နေသောအိမ်အနီးရှိ မြန်မာစာသင်ကျောင်းတွင် (၇)တန်း၌ စာသင်နေသော မိန်းကလေးတစ်ယောက်ရှိ၏။ ကျွန်တော်နှင့်ရွယ်တူလောက်ပင်။ × × ×။ ကျွန်တော်က အင်္ဂလိပ်ကျောင်းသား၊ သူက မြန်မာကျောင်းသူ။ ကျွန်တော်က လယ်ဝန်လောင်း။ သူက အစွမ်းကုန်ဖြစ်လှမှ မြန်မာကျောင်းဆရာမ။ ဤမျှအဆင့်အတန်းချင်းကွာခြားနေသောကြောင့် မပိုးလို" ၄

ဤသို့သောအခြေအနေမျိုးတွင် သိပ္ပံမောင်ဝသည် ရန်ကုန်တက္ကသိုလ်၌ မြန်မာစာဂုဏ်ထူးတန်းတက်သူဖြစ်သည်။ မြန်မာစာသင်သူကျောင်းသားဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၌ မြန်မာစာကို ဘာသာတစ်ရပ်အဖြစ်သင်ကြားရခြင်းမှာလည်း သိပ္ပံမောင်ဝကို အကြောင်းပြုသည်ဆိုက မှားမည်မထင်။ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်ကလည်း မြန်မာစာကို ဘာသာတစ်ရပ်အဖြစ် ရန်ကုန်တက္ကသိုလ်၌ သင်ကြားလိုသည်။ သင်ကြားခံယူမည့်ကျောင်းသားကား တစ်ဦးတည်းရှိသည်။ "သားကောင်းလျှင်တစ်ယောက်" ဖြစ်၍ ယုံစားသည်။ မြန်မာစာဂုဏ်ထူးတန်းကို ဖွင့်လှစ်သင်ကြားသည်။ ၁၉၂၇ ခုနှစ်တွင် သိပ္ပံမောင်ဝသည် ပထမဦးဆုံး မြန်မာစာဂုဏ်ထူးတန်းအောင်သူ တစ်ဦးတည်းသော ကျောင်းသားအဖြစ် ရန်ကုန်တက္ကသိုလ်မော်ကွန်းတိုက်၌ မှတ်တမ်းရေးသွင်းခြင်းခံရသူ ဖြစ်လေတော့သည်။ ထိုအကြောင်းကို သိပ္ပံမောင်ဝက "မြန်မာစာဂုဏ်ထူးပထမယူသူ" ဟူ၍ ရေးသားခဲ့ဖူးသည်။

သိပ္ပံမောင်ဝသည် သူရိယနေ့စဉ်သတင်းစာ၊ ဂန္ထလောကမဂ္ဂဇင်း၊ ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းတို့တွင် ကလောင်အမည်အမျိုးမျိုးဖြင့် စာများကိုမပြတ်ရေးသားလာတော့သည်။ သိပ္ပံမောင်ဝကလောင်အမည်ဖြင့် မောင်လူအေးကို ဖန်တီးကာ ခေတ်စမ်းဝတ္ထုများကို ရေးသည်။ သိပ္ပံကျောင်းသား မောင်မြသွင်ကလောင်အမည်ဖြင့် စာပေ၊ ယဉ်ကျေးမှုအမြင် ဆောင်းပါးများ ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀ ပြည့်နှစ်၊ နှစ်လယ်လောက်တွင်မှသာ "မြန်မာစာသည်ဒို့စာ၊ မြန်မာစကားသည်ဒို့စကား" ဟူသော ကြွေးကြော်သံ စတင်ကြားရစပြုလာသည်။ ထိုအသံများ မကြားမီကပင် သိပ္ပံမောင်ဝသည် မြန်မာစာ မြန်မာစကားကို မြှင့်တင်ရန် ကြိုးစားလာခဲ့သူဖြစ်ကြောင်း တွေ့ရသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဂန္ထလောကမဂ္ဂဇင်း၌ . . .

"ယခုခေတ် ယခုအခါ၌မူကား ဖော်ပြခဲ့သော ရှေးခေတ်ကြီးများနှင့်နှိုင်းစာခဲ့သော် မြန်မာစာပေပရိယတ္တိအလုပ်ကြီး ဆုတ်ယုတ်လျက်ရှိခဲ့ပေသည်။ ဤကဲ့သို့ ဆုတ်ယုတ်ရခြင်းမှာလည်း အခြားမဟုတ်၊ ယခုအခါ မြန်မာပြည်ကို စိုးမိုးအုပ်ချုပ်လျက်ရှိသော အင်္ဂလိပ်အစိုးရတို့သည် ရာဇဓမ္မဟုဆိုအပ်သော မင်းကျင့်တရား(၁၀)ပါးတို့တွင် အဝိရောဓနဟုဆိုအပ်သော တိုင်းသားပြည်သူ့ရှင်လူအပေါင်းတို့၏ ဆန္ဒသို့မလိုက်မူ၍ မိမိတို့အမျိုးဘာသာစာပေများကိုသာ လွှမ်းမိုးစေလိုသည့်အတွက် မြန်မာစာပေထွန်းကားခြင်းမရှိဘဲ အားနည်းဆုတ်ယုတ်လျက်ရှိရလေသည်။" [၅]

ဟူ၍ ရေးသားနေချိန်၌ သိပ္ပံမောင်ဝကလည်း ၂၂-၉-၃၁ နေ့ဖြင့် ရေးထားသည့်စာတစ်စောင်တွင် . . .

"မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ပြုမှ နမည့် မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့"

ဟူ၍ တပ်လှန့်ခဲ့သူဖြစ်သည်။ မြန်မာစာပေ လေ့လာရန်၊ မြှင့်တင်ရန် အားပေးနေသည့်ကာလ၌ မြန်မာစာပေလေ့လာလိုက်စားခြင်းသည် ထူးခြားသည်ဟု မဆိုနိုင်သော်လည်း မြန်မာစာပေခေတ်မှိန်နေချိန် မြန်မာစာပေကို အထင်မကြီးကြသော ကာလ၌ မြန်မာစာပေကို အထူးလေ့လာကာ မြန်မာစာပေကိုမြှင့်တင်ရန် အထူးလုံ့လစိုက်နေသော သိပ္ပံမောင်ဝကို မြန်မာစာပေသမားဟူ၍ ဂုဏ်ပြုခြင်းသည် သင့်မြတ်ထိုက်တန်သည်ဟု ယူဆပါသည်။

**ခေတ်စမ်းအပေါ်အမြင်**

သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ ဟုဆိုလိုက်လျှင် ခေတ်စမ်းဟူသော အမည်တွဲ၍ ပါလာမည်ကို နားလည်ပြီးသားဖြစ်ကြပေလိမ့်မည်။ **"ခေတ်စမ်းစာပေ"** ဟူသော စကားရပ်သည် ၁၉၃၄ ခုနှစ်ထိ မပေါ်ပေါက်သေးပေ။ ထိုစာပေများကို ရေးသားနေသူများသည်လည်း မိမိတို့ရေးသောစာကို "ခေတ်စမ်း

www.burmeseclassic.com



စာပေ”ဟု အမည်မတပ်ကြသေး။ စာပေကို စိတ်ဝင်စား၊ ဝါသနာပါ၍ရေးသားကြ၏။ ရေးသားကြသော စာများ၌ စေတနာထားကာ စိတ်ကိုစေစားကြသဖြင့် သူတို့ရေးသောစာများ တစ်မူထူးနေသည်ကိုကားသိသည်။ ၁၉၃၂ ခုနှစ် ထုတ် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း အတွဲ ၂၂၊ အမှတ် ၂ ခေါင်းကြီးပိုင်းတွင် **“တတ်နိုင်သမျှထွင်ကြစို့”** ဟု နှိုးဆော်ကာ သူတို့၏ စာပေခံယူချက်ကို ဖွင့်ဟထားသည်။

“ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကျွမ်းကျင်ရာ အင်္ဂလိပ်စာပေကြီးကိုမှီး၍ မြန်မာစာပေခေတ်သစ်ကို တတ်အားသမျှ ထွင်ကြစို့။ မည်သည့်စာပေကျမ်းဂန်ကိုမျှ မမှီးဘဲ ပင်ကိုဉာဏ်ကိုသုံး၍ ပညာရှိနားဝင်အောင် ဖွဲ့ဆိုရေးသားနိုင်ပါမူကား အတိုင်းထက်အလွန် ဖြစ်ပေမည်။ × × × × × × × မြန်မာစာပေကိုလည်း တတ်နိုင်သလောက် လိုက်စားလျက် နည်းသစ်နည်းကောင်းတို့ကို ထွင်ကြစို့။ ဤနည်းသစ် နည်းကောင်းတို့ကို တီထွင်နေသော ပုဂ္ဂိုလ်များလည်း ယခုအခါ ရှိပြီးပင်ဖြစ်၏။ “ဂန္ထလောက” တွင် ပင်တိုင်လိုရေးနေသော “သိပ္ပံမောင်ဝ” “ဇော်ဂျီ” စသောပညာရှင်တို့မှာ ရှေ့ဆောင်ခေါင်းဆောင်များဖြစ်ကြ၏။ အသစ်ထွင်စ၊ အနည်းမကျမီတွင်ကား ချွတ်ယွင်းချက်တို့ကို တွေ့ရပေလိမ့်မည်။ သို့ သော် ပြင်၍ ပြင်၍သွားပါက . . .”

အစရှိသည်ဖြင့် တွေ့ရသည်။ ၁၉၃၄ ခုနှစ် ဇူလိုင်လတွင် ဂန္ထလောကမဂ္ဂဇင်းပါ ဝတ္ထုများကိုပေါင်း၍ **“ခေတ်စမ်းပုံပြင်များ ပထမတွဲ”** ကို ထုတ်ဝေလိုက်သည်။ ဆရာကြီးဦးဖေမောင်တင်က နိဒါန်းတွင် ဤသို့ဖွင့်ဆိုထားပါသည်။

“**ခေတ်စမ်းပုံပြင်**” ဟု မှည့်ခေါ်ခြင်းမှာလည်း ခေတ်ကိုစမ်းသပ်သည့်အနေဖြင့်သော်လည်းကောင်း၊ စူးစမ်းဆင်ခြင်သည့်အနေဖြင့်သော်လည်းကောင်း အစရှိသည့်အဓိပ္ပာယ်မျိုးကို သက်ရောက်စေလျက်၊ ပုံပြင်မှာ ဘုရားဟောမဟုတ်ပါဠိတို့ကို မှီငြမ်းပြုကာ ရေးသားထားသောဇာတ်၊ ဝတ္ထု၊ နိပါတ်တို့မှ ခြားနားစေပြီးလျှင် ခေတ်ကာလအလျောက် အဖြစ်အပျက်တို့ကို အကြောင်းသင့်သလို ရေးသားဖော်ပြသော စာမျိုးဖြစ်ကြောင်းကို သိစေခြင်းငှာ ရည်ရွယ်၍ခေါ်ဝေါ်လိုက်ခြင်းဖြစ်ပေသည်”

www.burmeseclassic.com

www.burmeseclassic.com



ဤနိဒါန်းမှအစပြုပြီး ခေတ်စမ်းဟူသော ဝေါဟာရတွင်ကျယ်လာခဲ့သည်။ ထိုနှစ်ထိုလမှာပင် **ခေတ်စမ်းကဗျာများ-၁** ကို ဆက်လက်ထုတ်ဝေပြန်သဖြင့် ၁၉၃၄ ခုနှစ်နှောက်ပိုင်း၌ ခေတ်စမ်းဟူ၍ဖြစ်လာရပေသည်။ ၁၉၃၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းသည် ဘီအေအေ ဘောလုံးပွဲ၌ သုံးနှစ်ဆက်တိုက်နိုင်ခဲ့သောကြောင့် ချန်ပီယံဖလားကို အပိုင်ရခဲ့သည်။ ထိုအောင်မြင်မှုကိုဂုဏ်ပြုသောအားဖြင့် **"ဘောလုံးအောင်တော်မူပွဲစာတမ်း"** တစ်စောင် ထုတ်ဝေခဲ့သည်။ ယင်းစာစောင်တွင် ဆရာဇော်ဂျီက **"တာဝတိံသာ ခေတ်စမ်းဘောသံ"** အမည်ဖြင့် ဂုဏ်ပြုဝတ္ထုတစ်ပုဒ်ရေးသည်။ ဤသည်မှာ ခေတ်စမ်းသမားများကိုယ်တိုင်က ခေတ်စမ်းဟူသောအသုံးကို နှစ်နှစ်ခြိုက်ခြိုက် လိုလိုလားလား စတင်သုံးစွဲကြခြင်းဖြစ်သည်။ သိပ္ပံမောင်ဝကိုယ်တိုင် **"ခေတ်စမ်းမေတ္တာစာ"** **"ခေတ်စမ်းပုတ္တောဝါဒ"** ဟု ခေါင်းစဉ်ပေး၍ ဝတ္ထုများ ရေးသားခဲ့သည်။ သိပ္ပံမောင်ဝက . . .

"ခေတ်စမ်းဆိုသောစကားကို မကြိုက်သူတို့က "ခေတ်ဆိုး" ဟူ၍ပင် ဆိုချင်ဆို၊ "ခေတ်ဆန်း" ဟူ၍ပင် ဆိုချင်ဆို၊ "ခေတ်ပျက်" ဟူ၍ပင် ဆိုချင်ဆို၊ "ခေတ်အူပေါက်" ဟူ၍ပင် ဆိုချင်ဆို၊ ဆိုချင်သလိုဆို၊ ခေါ်ချင်သလိုခေါ် မတားလို"

ဟူ၍ လွတ်လပ်ခွင့်ပေးခဲ့သည်။

ခေတ်စမ်းပုံပြင်များနှင့် ခေတ်စမ်းကဗျာများထွက်စဉ်က သိပ္ပံမောင်ဝသည် ကလောင်သွက်သွက်နှင်နေချိန်ဖြစ်သည်။ ခေတ်စမ်းစာပေကိုလည်း သိပ္ပံမောင်ဝဝေဖန်ရန် တာဝန်ရှိလာသဖြင့် ဝေဖန်ရေးကလောင် ကိုင်ရလေတော့သည်။ ခေတ်စမ်းစာများကိုဝေဖန်ရာ၌ သိပ္ပံမောင်ဝသည် ကလောင်သိက္ခာကို ထိန်း၏။ သိပ္ပံကျောင်းသားမောင်မြသွင် အမည်နှင့်ရေးလျှင် ကိုယ့်ဂုဏ်ကိုယ်ဖော်ဖြစ်လာနိုင်စရာအကြောင်းရှိသည်။ "ဂန္ထလောကမှာပါသောစာများအား တစ်ဦးကိုတစ်ဦး မြှောက်ပင့်ရေးသားသော စာများသာတည်း" ဟူ၍လည်း ရှုပ်ခဲ့ကြဖူးပြီ။ "ဦးစိန်တင်နှင့် မောင်မြသွင်သည် မိတ်ဆွေများကို မြှောက်ပင့်ချင်စိတ် အားကြီးလွန်းလှသဖြင့် အတွေးချော်သွားချေပြီတကား" ဟူ၍လည်း ကန့်ကွက်ခံခဲ့ရဖူးပြီ။ ဤစွပ်စွဲချက်၊ ပုတ်ခတ်ချက်များမှ ကင်းစေရန် ကလောင်အမည်ပြောင်း၍ ဝေဖန်စာရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်စမ်းပုံပြင်များသည် ပုံပြင်ဟု သုံးသော်လည်း စင်စစ်ဝတ္ထုများသာဖြစ်သည်။ စကားပြေစာပေဖြစ်သဖြင့် ခေတ်စမ်းပုံပြင်များလာ စကားပြေရေးထုံးမျိုးကို တက္ကသိုလ်ပြင်ပ စာပေလောကသို့လည်း ရေးနေကြပြီဖြစ်ကြောင်း ဆိုသူများကလည်း ဆိုကြသည်။ သိပ္ပံမောင်ဝသည် ပြင်ပစာပေလောကကို မျက်ခြည်ပြတ်သူမဟုတ်။ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ပြီးနောက် အမျိုးသားကျောင်းများပေါ်ပေါက်လာသည်။ အမျိုးသားကျောင်းများသည် မြန်မာစာပေနှင့် မြန်မာ့သမိုင်းကို အထူးအလေးပေးသင်ကြားသဖြင့် ကောလိပ်ကျောင်းသားများ မြန်မာစာပေ စိတ်ဝင်စားလာကြပုံကို "ခေတ်စမ်းပုံပြင်များ" ဝေဖန်စာတွင် နိဒါန်းချီထားသည်။

"အမျိုးသားကျောင်းများမှ ပြုစုပေးလိုက်သော မြန်မာစာပေသစ်ပင်ကလေးမှာ တက္ကသိုလ်ကျောင်းသို့ရောက်သောအခါ ဆက်လက်၍ ပြုပြင်ပေးသူမရှိလျှင် အမှန်မုချပင် ပျက်စီးခြင်းသို့ ရောက်သွားရပေမည် "

"အမျိုးသားကျောင်းများမှ ချပေးလိုက်သော မျိုးစေ့ကလေးများမှာ ဦးဖေမောင်တင်၏လက်သို့ ရောက်သောအခါ ထွားထွားကျိုင်းကျိုင်း သန်သန်မာမာဖြစ်၍ လာကြပေ၏။ အသီးအပွင့်တွေပင် သီးပွင့်နေကြလေပြီ"

ဤအချီးကိုကြည့်ခြင်းအားဖြင့် ခေတ်စမ်းစာပေ ဖြစ်ထွန်းမှုသည် အမျိုးသားကျောင်းများ၏ ကျေးဇူးမကင်းကြောင်း လက်ခံခြင်းဖြစ်သည်။ ထိုဝေဖန်စာကို **"မောင်လှမောင်၊ စစ်ကိုင်း"**ကလောင်အမည်ဖြင့် ဝေဖန်သည်။ ဦးစိန်တင်၊ ဦးဇမောင်၊ ဦးသိန်းဟန်၊ နှင့် မောင်ဟိုးအောင်တို့၏ ပုံပြင်များ ဝေဖန်ထားသည်။

ခေတ်စမ်းပုံပြင်များကို ပိမိုးနင်းက လက်ခံကြောင်း ဂန္ထလောကမဂ္ဂဇင်း [၆] တွင် ကြေညာသည်။

"မြန်မာသတင်းစာဆရာများ၊ မဂ္ဂဇင်းထုတ်သူများနှင့် သတင်းစာမဂ္ဂဇင်းများအတွက် ရေးလိုသူဟူသမျှ ဤခေတ်စမ်းပုံပြင်စာအုပ်ကို ဖတ်သင့်ကြ၏ "

"သို့ဖြစ်လေရာ စာရေးဝါသနာပါသူများ အဘယ်စာမျိုးကို ရေးရမည်ဟူသော အကြောင်းကို သိလိုက ခေတ်စမ်းပုံပြင်ကို ဖတ်အပ်လှပေ

www.burmeseclassic.com

www.burmeseclassic.com



သတည်း"

ဟူ၍လည်း တိုက်တွန်းသည်။ ထိုခေတ် ထိုကာလက ပီမိုးနင်းသည် စာနယ်ဇင်းလောကတွင် စာပေဩဇာရှိသူတစ်ဦးဖြစ်၏။ မြန်မာဝတ္ထုလောကကို တစ်ခေတ်ဆန်းစေသူဖြစ်သည်။ အကြောင်းအရာမျိုးစုံကို စကားပြေဖြင့် တွင်တွင်ကျယ်ကျယ် ရေးနေသူဖြစ်သည်။ ဆောင်းပါး၊ ဝတ္ထု၊ ကျမ်းစာ စသည်ဖြင့်လည်း စုံလှသည်။ စကားပြေရေးဖွဲ့ရာတွင်လည်း တိုတိုရှင်းရှင်းရေးသူဖြစ်၍ သူ၏စကားပြေအရေးအဖွဲ့သည် ပြောစမှတ်ပြုရသည်ထိ ထင်ရှားသည်။ ခေတ်စမ်းပုံပြင်ကို ပီမိုးနင်းက ထောက်ခံလိုက်သောအခါ ဂယက်အရှိန်သိပ်မထလှဘဲငြိမ်ဆင်းသွားသည်ဟု ယူဆနိုင်သည်။

သိပ္ပံမောင်ဝသည် သူ၏စာများကို ဤသို့သုံးသပ်ကြည့်သည်။

"ဦးစိန်တင်ရေးသားသော ပုံပြင် ၁၁ ခုအနက် မောင်းသံဆိုသောပုံပြင်ကို အကြိုက်ဆုံးဖြစ်လေသည်။ ၎င်းရေးသားသော ပုံပြင်တိုင်းမှာပင် ဝန်ထောက်တစ်ယောက်၏ ကြုံတွေ့ခဲ့ရပုံများအကြောင်း ဖြစ်လေသည်။ အချို့မှာ ရယ်စရာ၊ အချို့မှာ စဉ်းစားဖွယ်ရာ၊ အချို့ကား သနားစရာတွေဖြစ်လေသည်။ စာရေးသူကိုယ်တိုင်ကပင် ဝန်ထောက်ဖြစ်သောကြောင့် ဆိုင်ရာဆိုင်ရာအချက်များကို ပေါ်အောင် ရေးသားနိုင်ပေသည်။ မိမိအဖြစ်အပျက်များကို ရေးသားဟန်တူလေသည် "

ဤသို့သုံးသပ်ရာ၌ အပြင်လူတစ်ဦး၏လေသံပါအောင် ရေးသားထားသည်ကို သတိပြုနိုင်သည်။ သိပ္ပံမောင်ဝ၏ ဝါကျတိုအရေးအသားကို မနှစ်သက်နိုင်သူများက ဝေဖန်ကြသည်။ ဝေဖန်ချက်ကို ပြန်လည်ချေပရာ၌ ရေးဖွဲ့သည့်အကြောင်းအရာနှင့် ဝါကျသည် လိုက်ဖက်မှုရှိရန်လိုကြောင်းကို အဓိကထားကာ ဤမောင်းသံကိုပင် ဥပမာပြု၍ သူ၏စာပေအမြင်ကို ဖော်ပြထားသည်။ ထိုဆောင်းပါးကို **"မောင်မောင်၊ ဖျာပုံ"** ကလောင်အမည်ဖြင့် ရေးခဲ့သည်။

"စာအရေးအသား အစီအကုံးဆိုသည်မှာ နေရာဌာနအလိုက် သုံးစွဲရေးသားရခြင်းဖြစ်ပေသည်။ မင်္ဂလာဆောင်တွင် ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားသည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက်အခြင်းဖြစ်ပွားကြသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရ

www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းများကို ရေးသားသောအခါ မင်္ဂလာဆောင်ဩဘာ ကဲ့သို့ ရေးသားနေမည်ဆိုလျှင် လှူရယ်စရာဖြစ်သွားမည်ကိုလည်း သတိထားသင့်လှပေသည် ”

ဟူ၍ ရေးသားထားပြီး မောင်းသံဝတ္ထုမှ စာတစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြကာ ဝါကျတို၏ အခန်းကဏ္ဍကို ဤသို့ဖော်ပြထားပါသည်။

“လက်ဦးတစ်ချက်ကြား၏။ နားစွင့်ကာထောင်လေသည်။ ၂ ချက်ကြား၏။ ထ၍ထိုင်လေသည်။ ၃ ချက်ကြား၏။ ဦးဘမော်ကိုခေါ်လေသည်။ ၄ ချက်ကြား၏။ ဦးဘမော်က ထူးလေသည်။ ၅ ချက်ကြား၏။ အိပ်ရာမှထလေသည်။ ၆ ချက်ကြား၏။ တစ်အိမ်လုံး နိုးလေပြီ။ နောက်မောင်းအချက်ပေါင်းများစွာပင်။ အရေးမလုပ်နိုင်။ သေနတ်ထုတ်သူထုတ်။ဘောင်းဘီဝတ်သူဝတ်။ယမ်းတောင့်ရှာသူရှာ။ မီးထွန်းသူထွန်း။ ဖိနပ်စီးသူစီး။ အိမ်နင့်တိုက်မိသူတိုက်မိ။ လက်နှိပ်ဓာတ်မီးထုတ်သူထုတ် ”

“ဤဖော်ပြပါ ရေးသားချက်တွင် ဝါကျတိုလေးချည်းပင်။ သို့သော် ရေးသားနေသော အကြောင်းမှာ ဓားပြတိုက်သောအခါ မောင်းထုသောကြောင့် အလုပ်ရှုပ်နေကြပုံအကြောင်း ဖြစ်လေသည်။ ၎င်းတို့ ဖြစ်ပျက်ပုံကို မျက်စိထဲတွင်ပေါ်၍မလာပါလော။ ဤလိုအခါမျိုးတွင် မင်္ဂလာဆောင်ဩဘာစာရေးသကဲ့သို့ အသိုက်အဝန်းအဖွဲ့အနွဲ့တွေနှင့် ရေးမည်ဆိုက ရယ်စရာပင်ဖြစ်သွားပေလိမ့်မည် ”

ခေတ်စမ်းကဗျာကိုလည်း ဝေဖန်စာရေးသည်။ ခေတ်စမ်းကဗျာများကို မရေးသားမီ “ခေတ်စမ်းစာပေများ မြန်မာပြည်၌ အဘယ်သို့စတင်ပေါ်ပေါက်လာကြောင်းကို ရှေးဦးစွာ ရေးသားရပေမည်” ဟု အစချီလျက် “မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်နှင့် ၁၂၇၅ ခုနှစ်အတွင်းတွင် မြန်မာစာပေမှာ တွင်းဆုံးဘဝသို့ကျရောက်၍ သွားရှာလေတော့သည်” ဟူ၍ ညည်းတွားကာမြန်မာစာအရေးနိမ့်ပါးပုံများကို ဖော်ပြထားသည်။ မြန်မာစာပေ အညွှဆုံးဘဝကျရောက်နေသည်ကို မကြည့်ရက်နိုင်ကြသောသူတို့က မြန်မာမဂ္ဂဇင်း၊ သတင်းစာတို့ကို ထုတ်ဝေပြကာ မြန်မာစာ၏ ဖွံ့ဖြိုးအောင် ဝါယမစိုက်ထုတ်ကြပုံများကိုလည်း ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေတ်စမ်းစာပေ" ဟူသော မြန်မာအသုံးအနှုန်းကို ထိုစဉ်က နားမငြီး ကြသော်လည်း **"Modern Literature"** ကို မြန်မာမှုပြုခြင်းဖြစ်သည်။ အသံလှယ်စနစ်နှင့် ဖော်ပြရလျှင် **"မော်ဒန်စာပေ"** ပင်ဖြစ်သည်။ မည်သည့် တိုင်းပြည်၌မဆို အနုပညာရပ်များ ထွန်းကားလာသောအခါ ရှေးရိုးဝါဒနှင့် အသစ်ထွင်ဝါဒနှစ်မျိုးပေါ်လာသည်မှာ ယခုမှမဟုတ်ကြောင်းနှင့် အသစ်ထွင် ဝါဒမှာ ခေတ်စမ်းဝါဒဖြစ်ကြောင်း တင်ပြသည်။ သိပ္ပံမောင်ဝက ခေတ်စမ်း စာပေသည် အခြေအနေအရ ပေါ်ပေါက်လာရန် အချိန်တန်နေပြီဖြစ်ကြောင်း လက်ခံနေသူဖြစ်ပြီး မိမိတို့တီထွင်မှုအပေါ် ဂုဏ်ယူဝံ့ကြွားလက်မထောင်သူ ကား မဟုတ်ချေ။

> "ခေတ်စမ်းကဗျာများ စတင်ထွန်းကား၍လာသည်မှာ ရန်ကုန် တက္ကသိုလ်ကျောင်းမှဖြစ်လေသည်။ အကယ်၍ ရန်ကုန်တက္ကသိုလ် ကျောင်းမှ စတင်၍တီထွင်ခြင်းမပြုလုပ်ပျှင် အခြားတစ်နေရာမှ စတင်လာကြလိမ့်မည်။ အကြောင်းမူကား လက်ာကဗျာစာပေအရေး အသားတို့မှာလည်း တိုင်းရေးပြည်ရေးအစရှိသော အရေးများကဲ့သို့ ပင် တည်၍မနေဘဲ တိုးတက်၍နေသောကြောင့်တည်း။ စာပေအရေး အသားတို့ တိုးတက်ခြင်းကို တားဆီးပိတ်ပင်ထား၍ မရချေ"

အခြေအနေသည် စာပေသစ်တစ်ရပ် ပေါ်ထွန်းလာစေရန် ဖန်တီးလာ ပြီဖြစ်ကြောင်း ယုံကြည်သော်လည်း ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်ကို ယုံကြည်သူ ဖြစ်၍ "ကျွန်တော်တို့လက်ထက် ခေတ်စမ်းသမားတို့မှာ နောင်အနှစ်အစိတ် ခန့်ကြာလျှင် ခေတ်စမ်းသမားဟူ၍ပင် ပြောကြတော့မည်မထင်" ဟူ၍ ယထာ ဘူတကျကျ သုံးသပ်ထားခဲ့သည်။ နောင်သောကာလများ၌ ခေတ်စမ်းစာပေ ကို သုံးသပ်ကြသည့်အခါ "ခေတ်စမ်းစာပေဟာ ဗမာစာပေတိုးတက် ဖြစ်ပေါ် မှုမှာ အဆင့်တစ်ဆင့်ပဲ၊ ဒီအဆင့်ဟာ အလွန့်အလွန်အရေးပါတယ်လို့ မယူ ဆဘူး" [၇] ဟူ၍အကဲဖြတ်ကာခေတ်စမ်းစာပေသည် ဧည့်ခန်းမ၌ တစ်နေရာရ သင့်သည်၊ ဘုရားစင်ပေါ်သို့ကား မတင်သင့် [၈] ဟု နေရာချထားပေးပြီး ခေတ်စမ်းစာပေမှတ်တိုင်ကို လှဲပစ်ရန် [၉] နှိုးဆော်သည့်အသံများကိုသိပ္ပံမောင်ဝ အသက်ထင်ရှားရှိနေ၍ ကြားမည်ဆိုလျှင်လည်း သိပ္ပံမောင်ဝက တုန်လှုပ်၍ နေလိမ့်မည် မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်စမ်းကဗျာများအပေါ် သိပ္ပံမောင်ဝ အမြင်ကိုမပြောမီ၊ သိပ္ပံမောင်ဝ၏ ကဗျာအပေါ်အမြင်ကို ဦးစွာပြောချင်ပါသည်။ သူသည် သူရိယသတင်းစာတွ င် "မြန်မာစာပေအကြောင်း" ဆောင်းပါးများကို ရေးသားနေရာ၊ ဆောင်းပါးအမှတ်(၈)တွင် သူ၏ကဗျာအမြင်ကို ဖော်ပြထားသည်။

"လင်္ကာကိုရေးသားရာတွင် ရေးသားသူ၏ စိတ်အတွင်း၌ပေါ်ပေါက်လာသောအကြောင်းအရာတို့ကို ရေးသားဖွဲ့ဆိုမှသာလျှင် လင်္ကာနှင့်တူပေမည်။ အကာယ်စင်စစ် လွမ်းသောသူက ဖွဲ့ဆိုသောစာမှသာလျှင် အလွမ်းဘွဲ့နှင့်တူပေလိမ့်မည်"

"ရေးသားသူ၏ စိတ်အတွင်း၌ ပေါ်ပေါက်လာသောအကြောင်းအရာ" ဟူသည်မှာ နောင်တွင် အပြောများလာသော "စာဆို၏ခံစားချက်" ဟူသောအသုံးအနှုန်းပင်ဖြစ်သည်။ ဥပမာအဖြစ် "မဲဇာတောင်ခြေ" ချိုးရတုကို သုံးသပ်ပြသည်မှာ ဤသို့ဖြစ်သည်။

"မဲဇာတောင်ခြေ" အစချီသောရတုကိုတွေ့တိုင်း ချီးမွမ်းလေ့ရှိ၏။ အဘယ့်ကြောင့်ပါနည်း။ ၎င်းတို့ကိုရေးသော လက်ဝဲသုန္ဒရအမတ်ကြီးသည် အကာယ်စင်စစ် စိတ်ညစ်လှသောကြောင့်၊ စိတ်ထဲတွင် ဖြစ်ပေါ်သမျှကို ထုတ်ဟ၍ ရေးသားခြင်းကြောင့်ဖြစ်၏"

ဤအမြင်ဖြင့် ခေတ်စမ်းကဗျာကို ဝေဖန်သည်။ ခေတ်စမ်းကဗျာစာဆိုများတွင်လည်း ရှေးရိုးဝါဒကို နှစ်သက်သောသူ၊ ခေတ်စမ်းဝါဒကို နှစ်သက်သောသူတို့ ရှိနေသေးကြောင်း သုံးသပ်ကာ . . .

"ရှေးရိုးကဗျာမျိုးကို နှစ်သက်သူတို့သည် ဦးဇမောင်၊ ဦးတိုးအောင်၊ မောင်ဘသောင်း၊ စောမောင်မောင်တို့၏ ကဗျာများကို ဖတ်ရာ၏။ ခေတ်စမ်းသမားတို့ကား ကိုသိန်းဟန်၊ မခင်စောမူတို့၏ကဗျာများကို ဖတ်ရာသည်" ဟူ၍ ခွဲပြီးပြောသည်။ တစ်ဦးချင်းအနေဖြင့်မူ "ဦးဇမောင်၏ 'လောကဇာတ်ရုံ' ကဗျာမှာ အတော်ကလေးနက်နဲစဉ်းစားဖွယ်အချက်များစွာ ပါလေသည် "

"ဦးသိန်းဟန်၏ ကဗျာဉာဏ်မှာ အတော်ပင်နက်နဲလေသည်။ ၎င်း၏ကဗျာများကို တော်စွာလျော်စွာဖတ်သွားလျှင် နားလည်နိုင်ပါ၏။ အထပ်ထပ်အခါခါ ဖတ်ပါမှ လေးနက်သော အဓိပ္ပာယ်မှာ တဖြေးဖြေး ပေါ်၍လာလေတော့သည်"

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဟန် (ဆရာဇော်ဂျီ)၏ "ပိတောက်ပန်း" ကဗျာကို သုံးသပ်ရာ၌ ပိတောက်ပန်းကို အသက်ရှိသောသူကဲ့သို့ တင်စားပြီးဖွဲ့ဆိုထားသည်မှာ ဆန်းကြယ်လှပေသည်။ ဤသို့ ဆန်းကြယ်သောစိတ်ကူး စိတ်သန်းသည်သာလျှင် ကဗျာဆရာတို့၏ အသက်မည်ပေသည်ဟုဆိုသည်။ "ပွင့်စမာလာအားဝန်ကြားချက်" နှင့်"ငှက်စွန်အားပန်ကြားချက်"ကဗျာတို့မှာ အမှုမဲ့အမှတ်မဲ့ ဖတ်သွားလျှင် အဓိပ္ပာယ်တစ်မျိုးရ၍ သေသေချာချာတွေး၍ ဖတ်လိုက်သောအခါ အဓိပ္ပာယ်တစ်မျိုးရသော နှစ်ဘက်လှကဗျာဖြစ်သည်ဟုလည်း ဆိုသည်။

"ဦးညွန့်ကား ခေတ်သမားလည်းမကျတကျ၊ ရှေးသမားလည်းမကတကဖြစ်နေပေသေးသည်။ ရန်ကုန်မြို့ ဆူးလေဘုရားအနီးရှိ ကော်ပိုရေးရှင်း အဆောက်အအုံကြီးကိုဆောက်သော ဗိသုကာနှင့် ခပ်ဆင်ဆင်တူလေသည်။ ပြာသာဒ်များလည်းပါ၏။ အသုံးဝင်သော အခန်းများလည်းပါလေသည်။ ရှေးခေတ်နှင့် ယခုခေတ်တို့ ရောစပ်၍ထားသူတည်း။ ဦးညွန့်၏စိတ်ကူးပုံမှာ ခေတ်ဆန်၏။ ဖွဲ့ပုံမှာရှေးဆန်လေသည်"

"မခင်စောမူကား ခေတ်စမ်းဝါဒီဖြစ်လေသည်။ စိတ်ကူးပုံ၊ ဖွဲ့ဆိုပုံတို့မှာ ခေတ်စမ်းဝါဒအတိုင်းဖြစ်လေသည်။ × × × × လိပ်ပြာနှင့်ကြာကုမုဒ်ခေါ် ကဗျာကလေးမှာကား လိပ်ပြာနှင့် ကုမုဒ်ကြာတို့၏ ဒဏ္ဍာရီကလေးအကြောင်းကို ဖွဲ့ဆိုထားလေသည်။ × × × × ကုမုဒ်ကြာနှင့် လိပ်ပြာတို့တွေ့ဆုံကြရကြောင်းကို ဖွဲ့ဆိုထားသော ကဗျာတိုလေးဖြစ်လေသည်။ အလွန်ဆန်းကြယ်သော စိတ်ကူးစိတ်သန်းအများကို ကဗျာတိုကလေးတည်းတွင် ပြည့်စုံအောင်ထည့်သွင်းထားနိုင်ခြင်းကို ချီးမွမ်းမိတော့သည်"

www.burmeseclassic.com

www.burmeseclassic.com



ဤကဗျာတွင်ပါဝင်သော "နေဝင်မောင်ငိုက်၊ လမိုက်မယ်ငုံ" ဟူသော စကားရစ်လုံးသည် ဤစိတ်ကူးကိုဤထက်တိုအောင် ချုံး၍ရတော့မဟုတ်။ ဤအဓိပ္ပာယ်လည်းပါလေအောင်၊ ဤစကားလည်းတိုလေအောင် မည်သည့်နည်းနှင့်မျှ ပြုပြင်၍ရ[illegible]မဟုတ်။ သိကြားမင်းပြင်လျှင် ဖြစ်နိုင်မည်လားမပြောတတ်ဟု ကျေကျေနပ်နပ်ကြီးဝေဖန်ထားသည်။ ဤစကားရစ်လုံးကို အကျယ်ရှင်းပြနေသည့်[illegible]ည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ဤစကားရစ်လုံးအပေါ် သိပ္ပံမောင်ဝသုံးသပ်မှုမှာ ယထာဘူတကျပြီး စောဒကတက်ဖွယ်မရှိသဖြင့် ဂန္ထဝင်ဝေဖန်ရေးစကားအဖြစ် ထင်ရှားလာခဲ့သည်။

ခေတ်စမ်းပုံပြင်နှင့် ခေတ်စမ်းကဗျာထွက်ပေါ်စက ဝေဖန်မှုများ အမျိုးမျိုး ပေါ်ထွက်လာသော်လည်း စိတ်ဓာတ်မကျကြဘဲ စိုက်လိုက်မတ်တတ်ဆက်ရေးဖြစ်ကြသည်။ အသစ်ထွင်လျှင် ကဲ့ရဲ့သူများ၊ မကြိုက်သူများရှိနိုင်ကြောင်း ကြိုသိထားပြီးဖြစ်ကြောင်း "မောင်သံချောင်း"၏ပေးစာတွင် တွေ့ရသည်။ ဤတွင် သိပ္ပံမောင်ဝ၏ အသစ်ထွင်သည့်စာပေပေါ်အမြင်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။

"အခုလို အသစ်ထွင်တယ်ဆိုရင် ကဲ့ရဲ့တဲ့လူတွေ၊ မကြိုက်တဲ့လူတွေကတော့ ရှိမပေါ့။ သို့ပေမယ့် နောင်ကာလအနှစ်ကြာ သွားပြန်ရင်လည်း ကြိုက်လာကြရတော့တာပါပဲ။ × × × × နာမည်ကိုက ခေတ်စမ်းကဗျာဆိုတော့ မကြိုက်သူတွေပေါ်မှာကို တင်ကြိုပြီးသိနိုင်တာပေါ့။ သို့ပေမယ့် မကြိုက်သူများတိုင်း အဲဒီကဗျာတွေကို မကောင်းဘူးလို့ ဘယ်သူဆိုနိုင်ပေမလဲ။ ကဗျာ၊ လင်္ကာ၊ စာပေဆိုတာမျိုးဟာ မင်းတိုင်ပင်အမတ်ရွေးကောက်ပွဲလို များရာလိုက်ပြီး ဆုံးဖြတ်လို့ရတာမျိုးမဟုတ်ဘူးဗျ"

ဖော်ပြပါပေးစာအရ စာပေနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏အမြင်နှစ်မျိုးကို တွေ့ရပါသည်။ အသစ်ထွင်မှုမျိုး၌ အစတွင် မကြိုက်ကြသော်လည်း ကာလကြာလျှင် ကြိုက်သွားတတ်သည်ဟူသောအမြင်နှင့် စာပေကိုလူကြိုက်များခြင်း၊ မများခြင်းသည် စာကောင်း၊ မကောင်းအကဲဖြတ်ရာ၌ ရွေးကောက်ပွဲကဲ့သို့များရာလိုက်၍ ဆုံးဖြတ်မရနိုင် ဟူသောအမြင်ဖြစ်သည်။ ထိုအမြင်များသည် ယေဘုယျအားဖြင့် မှန်ကန်သည် ဟုဆိုနိုင်ပါသည်။ ခေတ်စမ်းစာပေကို

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကြိုက်နေကြပြီဖြစ်ကြောင်း ပြောနိုင်သကဲ့သို့၊ လူကြိုက်များသော အချို့စာပေများသည်လည်း ဂန္ထဝင်စာရင်း မတင်နိုင်ခြင်းတို့ကိုကြည့်၍ သိနိုင်ပါသည်။

**အဘိဓာန်ပေါ်ထွန်းရေး**

သိပ္ပံမောင်ဝ မြန်မာစာသင်ကြားလေ့လာရသောအချိန်သည် မြန်မာစာပေ ခေတ်မှိန်နေသောအချိန်ဖြစ်၏။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဘဝသည် ထိုကာလက နိုးကြားစပြုနေပြီဖြစ်၍ တိုးတက်နေသော တိုင်းပြည်များနည်းတူ မြန်မာနိုင်ငံကိုလည်း တိုးတက်စေလိုသော စေတနာရှိကြ၏။

"တိုင်းပြည်ကြီးပွားရေး၊ စာပေပညာကြီးပွားရေးနှင့် လက်မှုပညာကြီးပွားရေးတို့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲဖြစ်ကြသော တွဲဖက်ကြီးများဖြစ်ကြလေသည်"

ဟူသောအမြင်ဖြင့် မြန်မာစာပေ ဟိုးတက်ထွန်းကားရေးကို သိပ္ပံမောင်ဝ လုံ့လစိုက်နေခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ အဘိဓာန်၏အရေးကြီးပုံကို သိပ္ပံမောင်ဝ နားလည်၏။

"မြန်မာစာအုပ်တို့ကို ဖတ်သောအ ခါ၌မူကား မသိနိုင်သောစကားတစ်စုံတစ်ခုကိုတွေ့မြင်ပါလျှင် ၎င်းစကားကိုသိသော ဆရာကောင်းတို့ထံသို့ ကိုယ်တိုင်သွားရောက်မေးမြန်းနေကြရသောကြောင့် စာဖတ်သည့်အလုပ် မတွင်နိုင်ချေ။ အကယ်၍ အနီးအနားတွင် ဆရာကောင်းမရှိပါက ထိုမသိသောအကြောင်းအရာတို့ကို မသိနိုင်တော့ချေ"

အဘိဓာန်မရှိသည့်အခက်အခဲကို ဖော်ပြသည်။ "မြန်မာစာပေပညာ၏ တိုးတက်ရေးကို လိုလားသောပုဂ္ဂိုလ်တိုင်းပင် အလွန်အရေးကြီး၍ အသုံးကျသော အဘိဓာန်ကြီး ဆုံးခန်းတိုင်အောင် ဝိုင်းဝန်းကူညီထိုက်လှပေသည်" ဟု၍လည်း နှိုးဆော်တိုက်တွန်းသည်။ သိပ္ပံမောင်ဝသည် ၁၉၂၇ ခုနှစ် မတ်လ ၂၁ ရက်နေ့ထုတ် သူရိယသတင်းစာတွင် မြန်မာအဘိဓာန်နှင့်ပတ်သက်၍ ဆောင်းပါးစတင်ရေးသည်။ ဆောင်းပါးပေါင်းမည်မျှရှိမည် မခန့်မှန်းသာ။ ဧပြီလ ၁၈ ရက်နေ့ထုတ်သတင်းစာတွင် ရေးသားထားသော ဆောင်းပါးအမှတ် (၁၃)ကို ရှာဖွေတွေ့ရှိသည်။ ထို ၁၃ ပုဒ်တွင်မှ ဆောင်းပါးအမှတ်(၃)(၄)နှင့် (၆)တို့ စာကိုယ်မတွေ့သေးသဖြင့် စုစုပေါင်းဆောင်းပါး (၁၀)ပုဒ်မျှကိုသာ

www.burmeseclassic.com

www.burmeseclassic.com



လှလာခွင့်ရသည်။

ဆောင်းပါးအမှတ် ၂ တွင် မြန်မာစကားများ မပျောက်ကွယ်ရန် ထိန်းသိမ်းရမည့်တာဝန်ကို ဖော်ပြထားသည်။ သိပ္ပံမောင်ဝ၏ စေတနာမှာ ဤသို့ဖြစ်သည်။

"ဤသို့ မြန်မာစကားတို့ ပျောက်ကွယ်ဖန်များလျှင် နောင်အခါ၌ မြန်မာစကားစစ်စစ်ဟူ၍ ရှာရတော့မည်မဟုတ်ဘဲ **နိုင်ငံခြားစကား**တို့ကိုသာလျှင် မြန်မာစကားဟူ၍ အသုံးပြုကြရတော့မည်ကို စိုးရိမ်မကင်းဖြစ်မိပေသည်"

လက်မှုပညာပိုင်းဆိုင်ရာစကားများ၊ စကားအမျိုးမျိုးမှစကားများ၊ ဘာသနာဆိုင်ရာစကားများ၊ ထီးသုံးနန်းသုံးစကား၊ စစ်တမ်းလာစကားများ၊ သဘင်နယ်မှစကားများ တို့ကို လက်လှမ်းမီသလောက် ရှာဖွေပြထားသည်။ ရှေးအဓိပ္ပာယ်မှ ပြောင်းလဲသွားသော စကားလုံးများကိုလည်း ရှင်းပြထားသည်။

ဤဆောင်းပါးတွင် စိတ်ဝင်စားဖွယ်ရာ စကားတစ်လုံးတွေ့ရသည်။ ယင်းစကားမှာ "**စစ်ကဲ**" ဟူသောစကားဖြစ်သည်။ သိပ္ပံမောင်ဝက ဤသို့ ရေးခဲ့ပါသည်။

"ယခုကာလ **စစ်ကဲ** ဟူသောအဓိပ္ပာယ်မှာ နယ်ပိုင်ဝန်ထောက်သော်လည်းကောင်း၊ နယ်ပိုင်ဝန်ထောက်နှင့် တစ်တန်းတည်းသော အစိုးရအမှုထမ်းကိုသော်လည်းကောင်း ဆိုလိုသည်။ ထို့ကြောင့် သတင်းစာများတွင် "မောင်စိန်ဟန်၊ ဘီ–အေနှင့် မောင်ဘကြွားတို့ကို မကွေး၊ မြင်းခြံနယ်များသို့ အသီးသီးစစ်ကဲအလုပ်ဖြင့် အစမ်းခန့်လိုက်သည်" စသဖြင့် တွေ့မြင်ဖတ်ရှုရလေသည် "

စစ်ကဲကို ထိုခေတ်က နယ်ပိုင်ဝန်ထောက်ကိုခေါ်သော ဝေါဟာရအဖြစ် သိခွင့်ရသည်။ ဤဝေါဟာရသည် တရားဝင်ရုံးသုံးစကားဟုတ်မဟုတ်။ အမိန့်စာများကို သတင်းစာများက ဘာသာပြန်ရာ၌ မိမိတို့တိုက်ပိုင်မူအတိုင်း ဘာသာပြန်ခြင်းဟုတ်မဟုတ် သေချာစွာ မပြောနိုင်သေးချေ။ ၁၉၇၈ ခုနှစ်က ထုတ်ဝေဖြန့်ချိခဲ့သည့် မြန်မာအဘိဓာန်အကျဉ်းချုပ်၌မူ "စစ်ကဲ" ကို ဤသို့ အဓိပ္ပာယ်ဖြင့် ဖော်ပြထားသည်ကို မတွေ့ရချေ။

ပေါ်ပေါက်ခါစ စကားလေးများကိုလည်း စုဆောင်းသင့်ကြောင်း နှိုးဆော်ထားသည်။ ဤသည်မှာ " ဗန်းစကား" များပင်ဖြစ်သည်။ ဗန်းစကား

www.burmeseclassic.com

www.burmeseclassic.com



သည် အဓိပ္ပာယ်တည်ငြိမ်သွားလျှင် အဘိဓာန်စကားဖြစ်သွားတတ်သည်။ ထိုပေါ်ပေါက်ခါစ စကားလေးများ (ဝါ) ကာလပေါ်စကားများတွင် "ကြမ်းပိုး" ဟူသောစကားကို အကျယ်ရေးပြသည်။ အခြားစကားများအဖြစ် "အသားယူသည်" "ဘိုင်ကျသည်" "ဘောက်လုပ်သည်" "အချောင်ရသည်" "အစစ် ပဲ" "သွေးထွက်အောင်မှန်သည်" ဟူသော စကားများကိုလည်း ဖော်ပြပေးထားသည်။ ထိုစကားများသည် ယနေ့ကာလ၌ အဓိပ္ပာယ်တည်ငြိမ်စွာ မပျောက်မပျက် ကျန်ရှိနေကြောင်း တွေ့ရသည်။

မြန်မာအဘိဓာန်တစ်စောင် ပေါ်ပေါက်နိုင်ရေးအတွက် သိပ္ပံမောင်ဝသည် ၁၉၂၇ ခုနှစ်က ရေးခဲ့၏။ ခေတ်မီအဘိဓာန်အင်္ဂါရပ်နှင့် ညီညွတ်သော **"တက္ကသိုလ်မြန်မာအဘိဓာန်"** အပိုင်း ၁ ကို ၁၉၅၂ ခုနှစ်တွင်မှ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ နှစ်အစိတ်ကြာမြင့်မှ ပေါ်ထွက်လာခဲ့သည်။ ထိုအချိန်၌ သိပ္ပံမောင်ဝ အသက်ထင်ရှားမရှိတော့ချေ။ တက္ကသိုလ်မြန်မာအဘိဓာန်ပင်လျှင် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ (ဆ အက္ခရာ) ထုတ်ဝေပြီးနောက်ပြတ်သွားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာစာအဖွဲ့မှ **"မြန်မာ အဘိဓာန်အကျဉ်းချုပ်"** အတွဲ ၁ ကိုထုတ်ဝေနိုင်ပြီး၊ အတွဲ ၅ ကို ၁၉၈၀ ပြည့်နှစ်တွင်မှ ထုတ်ဝေနိုင်ခဲ့သည်။ ဤ "မြန်မာအဘိဓာန်အကျဉ်းချုပ်"သည် "က" မှ "အ" အထိအပြည့်အစုံ ထုတ်ဝေနိုင်သည်ဟုဆိုသော်လည်း အကျဉ်း ချုပ်မျှသာရှိသေးကြောင်း သတိမူမိသည်။ သိပ္ပံမောင်ဝ၏ မျှော်လင့်တောင့်တ နှိုးဆော်ချက်သည် နှစ်ငါးဆယ်ကျော်မှ အကျဉ်းချုပ်မျှသာ ပြည့်စုံနိုင်ပေသေးသည်။ အကျဉ်းချုပ်မျှသာဖြစ်စေကာမူ သိပ္ပံမောင်ဝသာ အသက်ထင်ရှားရှိနေလျှင် ဝမ်းသာရှာလိမ့်မည်ထင်ပါသည်။

**စာပေတိုးတက်လာသည့်ရင်းမြစ်**

သိပ္ပံမောင်ဝ မြန်မာစာကိုဘင်ကြားသည်မှာ ကိုယ်တိုင်ကပင်လျှင် မြန်မာစာကို မြတ်နိုး၍ ဟုဆိုနိုင်သည်။ ကျောင်းသားဘဝက ကိုင်ခဲ့သော ကလောင်သည်ဘွဲ့ရသော်လည်း မစွန့်လွှတ်ခဲ့။ ထိုအချိန်တွင်မှ ကလောင်ပို၍ထွက်လာသည်။ ကလောင်မျိုးစုံလာသည်။ ကလောင်မျိုးစုံမှ ထွက်ပေါ်လာသမျှသော စာများအားလုံးသည် မြန်မာစာပေတိုးတက်ရေးကို ဦးတည်သည်။ မြန်မာစာ တိုးတက်ရေးအမြင်ဆောင်းပါးများကို စာနယ်ဇင်းအစုံတွင်ရေးသည်။

"ယခုခေတ်တွင် ပေါ်ပေါက် ထွန်းကားနေသော မြန်မာစာပေမှာ

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်နေသလော၊ ဆုတ်ယုတ်သွားသလော"

ဟုမေးမြန်းကာ ဆွေးနွေးထားသည်။ မြန်မာများသတင်းစာဖတ်သည့် အလေ့အထကို ကမ္ဘာစစ်ကြီးက လှုံ့ဆော်ပေးသည်ဆိုကာ စာပေတိုးတက်လာသည့်ရင်းမြစ်ကို စူးစမ်းသည်။

"ကမ္ဘာစစ်ကြီးဖြစ်သည် ဟုကြားသည်နှင့်တစ်ပြိုင်နက် မြန်မာပြည်တစ်ပြည်လုံး တုန်လှုပ်သွားလေ၏။ လူတိုင်း ပါးစပ်တွင် စစ်အကြောင်းကိုသာ ပြောဆိုကြ၏။ လူတိုင်းစစ်အကြောင်းကိုကြားလိုကြ၏။ နောက်ဆုံးစစ်သတင်းကို ကြားလိုကြသဖြင့် နေ့စဉ်သတင်းစာတို့ကိုစောင့်မျှော်လျက်နေကြ၏။ စာမတတ်သူများကပင် သတင်းစာကိုဝယ်၍ စာဖတ်တတ်သူတို့အား အဖတ်ခိုင်းပြီးလျှင် နားထောင်လေ့ရှိကြ၏· "

စစ်ဆိုသည်မှာ အနိဋ္ဌာရုံဖြစ်၏။ စစ်ကြောင့်သေကြေပျက်စီးမှုများ၊ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သည်မှာ မှန်၏။ သိပ္ပံမောင်ဝ ရည်ညွှန်းသော ကမ္ဘာစစ်သည် ယနေ့ကာလ၌ပထမကမ္ဘာစစ် ဟုရေးသားကြသော်လည်း သိပ္ပံမောင်ဝ ဤဆောင်းပါးရေးချိန်ကာလသည် ဒုတိယကမ္ဘာစစ် မဖြစ်သေးသဖြင့် စာရေးသည့်အခါ ပထမဟူသော ဝိသေသပုဒ်မထည့်ဘဲကမ္ဘာစစ်ဟု ရေးသားခဲ့ခြင်းဖြစ်သည်။ ဤကမ္ဘာစစ်ကြီးကာလက မြန်မာနိုင်ငံသည် စစ်ဘေးဒဏ်မခံရသော်လည်း စီးပွားရေးကပ်ပျက်ကို ကြုံလိုက်ရသည်။ ကမ္ဘာစစ်သည် မြန်မာနိုင်ငံအပေါ် သတင်းစာဖတ်ခြင်း ဝါသနာမျိုးစေ့ကို ပျိုးထောင်ပေးလိုက်သည်ဟု မှတ်ချက်ချခဲ့သည်။

ကမ္ဘာစစ်ကြီးက သတင်းစာဖတ်ခြင်း၊ မြန်မာစာပေကို လေ့လာခြင်း အလေ့အထတို့ တိုးတက်အောင် အားပေးသော်လည်း ၁၂၈၂ ခုနှစ်တွင် ကျောင်းသားများက သိပ္ပံကျောင်းများကို သပိတ်မှောက်၍ ထွက်လာပြီး အမျိုးသားကျောင်းများကို တည်ထောင်ခြင်းသည် မြန်မာစာပေလေ့လာရေးမျိုးစေ့ကိုကြီးပွားအောင် မြေဩဇာထည့်သွင်းသည်နှင့်တူသည်ဟု သုံးသပ်သည်။ အမျိုးသားကျောင်းများက မြန်မာစာကိုအမွန်အမြတ်ထား၍ သင်ကြားကြသည့်အခါ အစိုးရတည်ထောင်သော ကျောင်းအပေါင်းတို့သည်လည်း မြန်မာစာကို အရေးတကြီး သင်ကြားလာကြရသည်။ တက္ကသိုလ်၌ပင် မြန်မာစာဂုဏ်ထူးတန်းများ ဖွင့်လှစ်သင်ကြားကြရလေပြီ။ မြန်မာစာလေ့လာမှုကို

www.burmeseclassic.com



ဤသို့ဖော်ပြထားပါသည်။

"အင်္ဂလိပ်ဘာသာ သက်သက်သင်ကြားကြသော အင်္ဂလိပ်ကျောင်းများမှာပင် မြန်မာစာကိုယီးတီးယားတား လုပ်လို့မရဘူး ဟုတီးတိုးစကားပြောကြားစပြုကြရပေပြီ"

သိပ္ပံမောင်ဝ သုံးနှုန်းသော ၁၂၈၂ ခုနှစ်၊ သိပ္ပံကျောင်းသားသပိတ်မှာ ပထမကျောင်းသားသပိတ်ဟု ယနေ့ရေးသားနေသော သပိတ်ဖြစ်သည်။ သိပ္ပံမောင်ဝက ပထမကမ္ဘာစစ်ကြီးနှင့် ပထမကျောင်းသားသပိတ်သည် မြန်မာစာပေတိုးတက်ရေး၌ အရေးပါခဲ့သော သမိုင်းဖြစ်စဉ်များဟု ယုံကြည် လက်ခံခဲ့သူဖြစ်သည်။

**စာပေဝေဖန်ရေးအမြင်**

"ဝေဖန်" ဟူသော ဝေါဟာရကို မြန်မာအဘိဓာန် အကျဉ်းချုပ်၌ "အကောင်းအဆိုးကို သုံးသပ်စိစစ်သည်။ အကောင်းအဆိုးကို ခွဲခြားညွှန်ပြပြောဆိုသည်" ဟုအဓိပ္ပာယ်ဖွင့်ပါသည်။ အကောင်းအဆိုးကို သုံးသပ်စိစစ်ရာ၌၊ အကောင်းအဆိုးကို ခွဲခြားညွှန်ပြပြောဆိုရာ၌ ပြောဆိုသူ၏ စိတ်အခံသည် အရေးပါလေသည်။ သောမနဿစိတ်ဖြင့် ဝေဖန်သည်၊ ဒေါမနဿစိတ်ဖြင့် ဝေဖန်သည်ကိုကား ဝေဖန်မှု၏အသံများမှတစ်ဆင့် ဆင်ခြင်နိုင်ခွင့်ရသည်။

သိပ္ပံမောင်ဝသည် စာပေဝေဖန်ရေးကို ယုံကြည်သူဖြစ်သည်။

"ဝေဖန်ချက်ရေးသားသည်ဆိုရာ၌ မိမိစိတ်တွင်ပေါ်လာသော အချက်ကိုရေးသားခြင်းပင်ဖြစ်သည်။ ကောင်းလျှင်ကောင်း၏။ မကောင်းလျှင် မကောင်းဟူ၍ ရေးသားခြင်းပင်ဖြစ်၏။ ဤသို့ရေးသားရာ၌ တိုက်ရိုက်မရေးမူ၍ အသိုက်အဝန်းများစွာနှင့် ဖတ်၍ကောင်း၊ နားထောင်၍ကောင်းအောင်ရေးသားခြင်းဖြစ်လေသည်။ ဥပမာသာဓကတို့ကို သုံးခြင်းအားဖြင့်လည်း ဖတ်ရသူတို့၏စိတ်ကို ထိငြိစေနိုင်၏။ ထိုမှတစ်ပါးလည်း ဗဟုသုတလိုလေသည်။ ဗဟုသုတများလေလေ ဝေဖန်ချက်ကောင်းလေလေ" ၊

ဟူသော ခံယူချက်လည်း ထားသည်။

"ဝေဖန်ချက် ရေးသူတို့မှာ မိတ်ဆွေမျက်နှာကို မထောက်ရ။ စာပေတိုးတက်ရေး၊ စာပေကြီးပွားရေးမျက်နှာကို ထောက်ရပေသည်။ ပုဂ္ဂိုလ်ခင်သောကြောင့် တရားမင်ခြင်းသည် သူ့ဟာကာကို လမ်းမှားသို့

www.burmeseclassic.com



ညွှန်ပြနေသည်နှင့် တူသည်"

*ဟူ၍လည်း စာနှင့်ပုဂ္ဂိုလ်ကို စည်းခြားသူဖြစ်သည်။ ဤအမြင်ဤခံ*ယူချက်များနှင့် သိပ္ပံမောင်ဝသည် စာပေဝေဖန်ရေးကဏ္ဍကို ဖွင့်သည်။ သိပ္ပံမောင်ဝ အမည်နှင့်ရေးခဲ့သည်တို့ကို အခြားကလောင်အမည်များဖြင့်ဝေဖန်သည်။ မြန်မာစာပေများ အကြောင်းကိုလည်း သူရိယသတင်းစာမှ ရေးသားသည်။ ဤဆောင်းပါးများမှ သိပ္ပံမောင်ဝ၏ စာပေနှင့်ယဉ်ကျေးမှုအမြင်များကို လေ့လာခွင့်ရနိုင်သည်။

ထိုခေတ်၏ စာပေအခန်းကဏ္ဍကို နောင်းခေတ်၌ ပြန်လည်သုံးသပ်ရာတွင် မြန်မာစာပေဝေဖန်ရေးလုပ်ငန်းသည် ၁၉၃၀ ပြည့်နှစ်တွင် စန်းထလာသည်။ မြန်မာ့အမွေအနှစ်ဖြစ်သည့် ဂန္ထဝင်မြောက်စာပေကို ခေတ် အမြင်၊ ခေတ်နည်းများဖြင့် ဝေဖန်လာသည်။

ထိုအပြင် ခေတ်ပြိုင်စာပေအသစ်များ ရေးသားမှုများလာသည့်အလျောက်ထိုခေတ်ပြိုင်စာများကိုလည်း ဝေဖန်သမှုပြုကြသည် [၁၀] ဟု ဆရာမြဇင်က တင်ပြဖူးပါသည်။ ဂန္ထလောကမဂ္ဂဇင်းသည် ၁၉၂၅ ခုနှစ်က သန္ဓေတည်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် "ဂန္ထလောက" အမည်ပြောင်း၍ ထုတ်ဝေခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းတွင် စာပေဝေဖန်ရေးဆောင်းပါးများ အစဉ်ပါခဲ့သည်။ ဤသည်ကို ရည်ညွှန်း၍ ဆရာမြဇင်က မြန်မာစာပေ ဝေဖန်ရေးလုပ်ငန်းသည် ၁၉၃၀ ပြည့်နှစ် ဆယ်စုနှစ်တွင် စန်းထလာသည်ဟု ရေးခြင်းဖြစ်ဟန်တူသည်။

မြန်မာစာပေဝေဖန်ရေးသည် ရှေးကလည်း အထိုက်အလျောက်ရှိခဲ့သည်။ ဥပမာအားဖြင့် တောင်ငူဆိုရတုအဖြေကျမ်းများတွင် ရတုကိုအဓိပ္ပာယ်ဖွင့်ဆိုရင်း ရှေးဆရာ၏အဖြေကို နောက်ဆရာက ဝေဖန်ခြင်းမျိုးဖြစ်သည်။ သို့သော် စာပေဝေဖန်ရေးသက်သက်အဖြစ် သီးသန့်ဝေဖန်စာမျိုးရေးသားလေ့ရှိကြောင်းကိုမူ သတိမပြုမိသေးချေ။ သိပ္ပံမောင်ဝတို့ခေတ်မှသာ ဤသို့စခဲ့သည်ဟု သတိပြုမိပါသည်။

**ကဗျာဝေဖန်ရေးမှကဗျာအမြင်**

သိပ္ပံမောင်ဝ၏ ခေတ်စမ်းကဗျာအမြင်ကို တင်ပြခဲ့ပြီးဖြစ်သည်။ ခေတ်စမ်းကဗျာနှင့် ပတ်သက်သော ကဗျာဝေဖန်ရေး ဆောင်းပါးကိုလည်း တွေ့ရသည်။ သူရိယသတင်းစာတွင် ရေးသားနေသော မြန်မာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း" ဆောင်းပါး အမှတ်စဉ် (၆) (၇) နှင့် (၈)တို့တွင် မြန်မာကဗျာများ ကို ဝေဖန်ထားသည်။ ဆောင်းပါးအမှတ်စဉ် (၆) တွင်မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်ကို ဝေဖန်သည်။

"ငှင်းလင်္ကာတစ်အုပ်တည်းတွင်ပင် လောကုတ်လောကီနှစ်လီသော ဗဟုသုတတိုးပွားရာအကြောင်းတို့ဖြင့် ပြည့်နှက်လျက်ရှိသည်ကိုတွေ့ မြင်ရပေလိမ့်မည်။

ဤမျှကောင်းမွန်သော လင်္ကာမျိုး နောင်ပေါ်ပေါက်ရန် လွန်စွာခဲယဉ်း လှပေသည်။ မန်လည်ဆရာတော်ဘုရားကြီးသည် ယခုခေတ် အတွက် မြန်မာလင်္ကာဘက်က တိုးတက်ရန် ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သောကြောင့် ငှင်းအားများစွာ ကျေးဇူးတင် ထိုက်ပေသည်။

နှစ်ပေါင်းနှစ်ဆယ်အတွင်း စာတစ်စောင်တစ်ဖွဲ့ အဖြစ်ဖြင့် လင်္ကာ သုံးလေးစောင်သာ ပေါ်သောကြောင့် မြန်မာလင်္ကာမှာ တိုးတက်ထွန်း ကားနေပေသည် ဟုဆိုရန်များစွာမှပင် ခဲယဉ်းပေသည်။ မဃဒေဝ လင်္ကာသစ်တစ်ခုရှိနေပေသောကြောင့် အနည်းငယ်ခံသာပေသေး၏။ အကယ်၍ ငှင်းလင်္ကာမပေါ်ပါမူကား မြန်မာစာပေလင်္ကာဘက် တွင် ဆယ်မရအောင် ဆုတ်ယုတ်နေသည်ဟူ၍ အမှန်ပင် ဆုံးဖြတ် ရပေလိမ့်မည်"

ဟူ၍ မဃဒေဝလင်္ကာသစ်၏ အရည်အသွေးကို အကဲဖြတ်သည်။ ဤအကဲဖြတ်မှုကို ယနေ့တိုင် လက်ခံနိုင်ကြသည်ဟုယူဆပါသည်။

ဆောင်းပါးအမှတ် (၇) တွင်ကဗျာတိုများကို လေ့လာ၍ အကဲဖြတ် သည်။ သိပ္ပံမောင်ဝကမူ "လင်္ကာတိုကလေးများ"ဟုသုံးနှုန်းပါသည်။ ထို ဆောင်းပါးတွင် လင်္ကာတိုကလေးများကို သတင်းစာ၊ မဂ္ဂဇင်းများက အားမပေး ကြပုံကို ရေးသားထားပြီး ဆောင်းပါးအမှတ်(၈)တွင် ဖော်ပြရေးသားသမျှ အလင်္ကာများကို ဝေဖန်သည်။

"အထူးသဖြင့် ရေးသားလိုရင်းမှာ ယခုကာလ ကဗျာလင်္ကာတို ကလေးများကို ရေးသားသူတို့အား မောင်ဘွဲ့၊ မယ်ဘွဲ့၊ ငိုချင်း အစရှိ သောအကြောင်းအရာများကို စပ်ဆိုရေးသားခြင်းမှ ကင်းစေရန် တောင်း ပန်လိုရင်းဖြစ်ပေသည်။ ငှင်းအလင်္ကာမျိုးကို ရေးသားခဲ့ကြသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်းများလှပေပြီ။ ရှေးပုဂ္ဂိုလ်ကြီးများ ရေးသားခဲ့ကြသော ငှင်းလင်္ကာမျိုးကို မီအောင်လိုက်၍ ရေးသားနိုင်ကြသည်လည်း မဟုတ်ပေ"

"မြန်မာကဗျာ တိုးတက်စေလိုလျှင် မိမိတို့စပ်ဆိုသောကဗျာတို့တွင် အကြောင်းအရာဆန်းဆန်းများကို ထည့်သွင်းရေးသားသင့်လေသည်။ ကွယ်လွန်သူဆရာချစ်စရာ (သတိုးပီယ)ရေးသော အချို့ကဗျာများမှာ ပင်ကိုဉာဏ်သုံးပြီးလျှင် ဆန်းသောအကြောင်းအရာကလေးများကို ဖွဲ့ဆိုရေးသားထားသည်ကို တွေ့မြင်ရ၏။ ထိုနည်းအတူ ဘေသူတော်ဘွဲ့ခံသူ ပုဂ္ဂိုလ်ရေးသော စာအချို့မှာလည်း အလွန်ကောင်းပေသည် "

သိပ္ပံမောင်ဝ၏ ကဗျာတိုများနှင့်ပတ်သက်သော ဝေဖန်ချက်မှာ ၁၉၂၈ ခုနှစ်က ရေးသောစာဖြစ်သည်။ နောင်းခေတ်တွင် ၁၉၂၀ ပြည့်မှ၊ ၁၉၃၀ ပြည့်နှစ်အထိ မြန်မာကဗျာကို လေ့လာဝေဖန်ရာ၌

"မိမိပတ်ဝန်းကျင်ကို မိမိသတိပြုဆင်ခြင်၍ ချီးကျူးသင့်သည်ကို ချီးကျူးခြင်း၊ ဂုဏ်ပြုသင့်၊ မုတ်တမ်းသင့်သည်ကို မုတ်တမ်းတင်ခြင်းတို့ကို ပြုဆောင်လာသော ကဗျာများအနည်းအကျဉ်း တွေ့ရသော်လည်း ထိုကဗျာများမှာ မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီဘွဲ့ ကဗျာအများစုကြား၌ ခေါင်းမပြူနိုင်ဘဲ၊ မြုပ် ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြင့် မျက်နှာငယ်လျက်ရှိပါသည် "[၁၁]

ဟူသောအမြင်နှင့် ထပ်တူနေကြောင်းသတိပြုမိပါသည်။ သိပ္ပံမောင်ဝသည် သတိုးပီယနှင့် ဘေသူတော်တို့၏ကဗျာများကို ကဗျာပီသ သဖြင့် နှစ်သက်ကြောင်း ဖော်ပြထားသည်။ မည်သည့်ကဗျာများ ဖြစ်ကြောင်းကိုကား ပြမထားသဖြင့် ယှဉ်တွဲလေ့လာခွင့်မရဖြစ်ရပါသည်။

သတင်းစာနှင့် မဂ္ဂဇင်းအဟောင်းများထဲ၌ ထိုကဗျာများ နစ်မြုပ်နေသည်မှာ စိတ်မကောင်းစရာပင်ဖြစ်သည်။

**ဝတ္ထုဝေဖန်ရေးမှုဝတ္ထုအမြင်**

သိပ္ပံမောင်ဝသည် ကိုယ်တိုင်လည်း ဝတ္ထုများရေးခဲ့၏။ ထိုနည်းတူ ဝတ္ထုများကိုလည်းဝေဖန်ခဲ့သည်။ ဤသို့ဝေဖန်ရာ၌ သိပ္ပံမောင်ဝ၏ ဝတ္ထုအမြင် ကိုဖမ်းယူနိုင်ပေသည်။ ကာလပေါ်ဟူသော အသုံးကို သိပ္ပံမောင်ဝနှစ်ခြိုက်ဟန်

www.burmeseclassic.com

www.burmeseclassic.com



တူသည်။ သူရိယသတင်းစာတွင် ရေးခဲ့သော မြန်မာအဘိဓာန်အကြောင်း ဆောင်းပါး အမှတ်(၁၃)တွင် ပေါ်ပေါက်ခါစ မြန်မာစကားကလေးများ အကြောင်း ရေးရာ၌လည်း "ကာလပေါ်စကား"ဟုသုံးထားသကဲ့သို့ ဝတ္ထုများ အကြောင်းရေးရာ၌လည်း "ကာလပေါ်ဝတ္ထု" ဟုသုံးနှုန်းသည်။ ဤအသုံး အနှုန်းကို ဆရာကြီးဇော်ဂျီကလည်းကြိုက်သည်။

သိပ္ပံမောင်ဝက၊ ကာလပေါ်ဝတ္ထု ပေါ်ပေါက်စ အခါက နှစ်မျိုးရှိသည် ဟုဆိုသည်။ ပထမအမျိုးမှာ နန်းတွင်း ဇာတ်တော်ကြီးများကို တုပြီးဝတ္ထု အသွားမျိုးဖြင့်ရေးသည့် ဝတ္ထုများဖြစ်သည်။ ၎င်းအမျိုးအစားတွင် "မောင်မှိုင်း ဝတ္ထု" (ချဉ်ပေါင်ရွက်သည်မောင်မှိုင်း) ကိုအစထားသည်။ "ခင်မြင့်ကြီး" "တင်တင်မြ" ဝတ္ထုတို့မှာ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းကို တုပြီးရေးသည်ဟု သုံးသပ်သည်။ ဒုတိယ အမျိုးကား ဘာသာပြန်ဝတ္ထုမျိုးဖြစ်သည်။ ၎င်းအမျိုး အစားတွင် "မောင်ရင်မောင်၊ မမယ်မ" ဝတ္ထုကိုအစထားသည်။ ရွှေဥဒေါင်း၏ ရှုပနန္ဒီ၊ ရတနာပုံ တို့ကိုလည်း ဘာသာပြန်ဝတ္ထုမျိုးအဖြစ်စာရင်းသွင်းသည်။

"ရွှေဥဒေါင်း၏ဝတ္ထုများမှာဘာသာပြန်ဝတ္ထုဖြစ်သော်လည်း ဘာသာ ပြန်ပုံကောင်းလှသောကြောင့် ဘာသာပြန်ဟူ၍ပင် မထင်မှတ်ကြချေ" ဟူ၍ မှတ်ချက်ချသည်။

"နတ်သျှင်နောင်" "တပင်ရွှေထီး" "ဗညားနွဲ့" စသော လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသည့် ဝတ္ထုအရှည်ကြီးများမှာ ရာဇဝင်ဝတ္ထုများဖြစ်သည်။

ဝတ္ထုရေးသားဖွဲ့နွဲ့မှုများကိုလည်း သိပ္ပံမောင်ဝက သတိပြုဝေဖန် သည်။ ရာဇဝင်ဝတ္ထုများ အကြောင်းကို ဖော်ပြရာ၌ ဝတ္ထုရေးသူ၏ရည်ရွယ်ချက် ဝတ္ထုကျော ရိုးနှင့် ဝတ္ထုအတတ်ပညာပိုင်းဆိုင်ရာတို့ကို ဆန်းစစ်တင်ပြထား သည်။

"ရာဇဝင်ဝတ္ထုရေးသူတို့က စာဖတ်သူတို့ရာဇဝင်ကို ဖတ်ချင်စိတ် ပေါက်လာအောင်၊ ပျင်းစရာကောင်းသည့်အကြောင်းများနှင့် အရေး မကြီးလှသော အချက်များကို ချန်လှပ်ထားပြီးလျှင် ကောင်းသော အချက်အလက် အကြောင်းအရာများကို ဖတ်ချင်အောင်ချဲ့ထွင်၍ ရေးသားကြရလေသည်"

"ရာဇဝင်ဝတ္ထုတို့ကို ရေးသားလျှင် ရာဇဝင်လာအချက်တို့ကို ပုံကြမ်း အနေဖြင့်ထားပြီးလျှင် ကောင်းသောနေရာကလေးများအပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၏ စိတ်ကူးဖြင့်ကွန့်မြူးကာ မွမ်းမံရေးသားရာသည်။ ဤသို့စာရေးဆရာက ကွန့်ကာရေးသားသည့် နေရာတွင်လည်း ရာဇဝင်နှင့်မဆိုင်ပါဘဲ ယုတ္တိမတန် ရှေ့နောက်မညီသော အချက်တို့ကို မထည့်သွင်းအပ်ပေ"

ရာဇဝင်ဝတ္ထုများကို ရေးသားလျှင် ရာဇဝင်များကို ဖတ်ကြရမည်။ စာဖတ်သူ၏စိတ်ထဲတွင် ရှေးခေတ်ရှေးအခါထိုသို့ ကိုယ်တိုင်ရောက်သွားသကဲ့သို့ ထင်မှတ်အောင်ရေးရမည်။ ရှေးအခါကပြောကြဆိုကြပုံ၊ တစ်ယောက်နှင့် တစ်ယောက် ဆက်ဆံပေါင်းသင်းကြပုံတို့ကိုစုံစမ်းပြီးမှသာ ရေးသားရမည်။ ဝတ္ထုသွားမှာ ကာလဝတ္ထုသွားမျိုးဖြစ်၍ ဝတ္ထုပါသောဇာတ်ဆောင်တို့၏ အမည်များကိုသာ သီရိဇေယျာသူ၊ မဟာစည်သူ၊ စလင်းစား စသဖြင့်ရေးသားနေကြခြင်းသည် စာဖတ်သူကိုစိတ်ပျက်အောင် ရေးသားထားသည်နှင့် တူသည်ဟုဆိုသည်။ ရာဇဝင်ဝတ္ထုများ၏ စံအဖြစ် နတ်သျှင်နောင်ဝတ္ထုနှင့် တပင်ရွှေထီးဝတ္ထုတို့ကို ရည်ညွှန်းထားသည်။

ကာလပေါ်ဝတ္ထုများ၏ အဆင့်အတန်းအခြေအနေကိုလည်း ဤသို့ အကဲဖြတ်ထားသည်။

"ကာလပေါ်ဝတ္ထုများကိုဖတ်လျှင် အများအားဖြင့် သမီးရည်းစားတို့၏ချစ်ကြိုက်ခြင်းကို အရင်းတည်ကာ ရေးသားထားသည်ကို တွေ့မြင်ရလေသည်။ × × × × × × သမီးရည်းစားတို့ချစ်ခန်းကြိုက်ခန်းများကိုအရင်းတည်ကာ ရေးသားကြရုံမျှမကသေး၊ နောက်ဆုံး၌သမီးရည်းစားတို့ ညားကြရသော ဝတ္ထုမျိုးကိုသာရေးသားလေ့ရေးသားထရှိကြလေသည်။ သမီးရည်းစားနှစ်ယောက်မှာ မျှော်လင့်ချက်ကင်းလောက်အောင် အဘယ်ကဲ့သို့ပင်ကွဲနေစေကာမူ နောက်ဆုံး၌ ပြန်၍တွေ့ကြ၊ ပေါင်းကြရအောင်စီမံကာ ရေးသားထားကြ၏။ စိတ်ကူးနှင့်ရေးသားထားသော ဝတ္ထုများဖြစ်သောကြောင့် လွယ်ကူပါ၏။ သို့သော် ဝတ္ထုထဲမှာကဲ့သို့ကွဲကြပြီးနောက် တကယ်စင်စစ် ပြန်၍ပေါင်းသင်းကြရသော သမီးရည်းစားတို့ကား အလွန်တရာမှ ခဲယဉ်းလှပေသည်။ ဝတ္ထုရေးလျှင် နောက်ဆုံး၌ သမီးရည်းစားနှစ်ယောက်ပေါင်းရမည်ဟူသော ဥပဒေသမရှိသော်လည်း ရှိသကဲ့သို့ဖြစ်နေပေပြီ"

ဝတ္ထုရေးရာတွင် "ထွက်ပေါက်" ပေးရမည်ဟူသော အယူအဆတစ်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကို စွဲစွဲမြဲမြဲ လက်ခံကျင့်သုံးတတ်ကြသည်။ "ထွက်ပေါက်" ကိုလည်းရှာကြံပေးတတ်ကြသည်။ ထွက်ပေါက်နှင့်ညားကြသော ဝတ္ထုများကိုလည်း စာဖတ်သူများကလိုလားတောင့်တတတ်ကြသည်။ ဝတ္ထုတစ်အုပ်ကို ဖတ်မည်ဆိုလျှင် နောက်ကျောကို ဦးစွာလှန်လှော့ရှိသော စာဖတ်သူများ၏ အကြိုက်ကို လိုက်သည်ဟုလည်းဆိုနိုင်သည်။

"ဆင်းရဲသား သူဌေးဖြစ်စေလိုလျှင် အိုင်ယာလန်ထီပေါက်ပေးလိုက်လျှင် သူဌေးချက်ချင်းဖြစ်၍သွားတော့သည်။ တကယ်ကားမလွယ်ကူလှပေ"

"မော်တော်ကားမောင်းသမားက သူဌေးသမီးအား ကြိုစည်စပြု၏။ အကူစာရေးကလေးက အရေးပိုင်သမီးအားချိန်၏။ ဝတ္ထုများထဲတွင်ကား လိုတိုင်းပေါက်လေသည်။ ကြံတိုင်းမြောက်လေသည်။ သို့ရာတွင် တကယ်တမ်းကျသောအခါမူကား အဆဲခံရသည်လည်းရှိ၏။ ပါးနား အရိုက်ခံရသည်လည်းရှိ၏။ ထောင်နန်းစံရသည်လည်းရှိ၏။ ဟူသောသိပ္ပံမောင်ဝ၏ ဝေဖန်ချက်တို့မှာ သိပ္ပံမောင်ဝ၏ ဝတ္ထုအမြင်ပင်ဖြစ်လေသည်။

"စိတ်ကူးနှင့် ရေးသောဝတ္ထုဖြစ်သောကြောင့် တကယ်နှင့်မတူသော်လည်းအပြစ်မရှိ ဟူ၍ ဆင်ခြေပေးကောင်းပေးကြ ပေလိမ့်မည်။ စိတ်ကူးနှင့်ရေးထားသော ဝတ္ထုဖြစ်သောကြောင့် သာ၍ပင်တကယ်နှင့်တူအောင် ရေးသားရပေသည်"

"ဒဂုန်ခင်ခင်လေးရေးသော "ကာလရုပ်ရှင်"၊ ဉာဏရေးသော "လင်ယူသွားပြီ"၊ ဗြိတိသျှဘားမားကထုတ်သော "ပြိုင်ပွဲကြီး" တို့မှာလောကအဖြစ်အပျက်တို့ကို အဟုတ်အမှန်အတိုင်း ပေါ်အောင်ပြထားခြင်းဖြစ်လေသည်။ ဤဝတ္ထုမျိုးကို ပို၍အားပေးသင့်ကြပေသတည်း"

ဝတ္ထုသီည် စိတ်ကူးနှင့်ရေးသော်လည်း ဒိဋ္ဌဓမ္မလောကနှင့် မကင်းကွာစေကောင်း၊ အသင့်ယုတ္တိလောကနှင့် မကင်းကွာစကောင်း ဟူသော အမြင်ကိုသိပ္ပံမောင်ဝက လမ်းခင်းပေးသွားသည်ဟုဆိုနိုင်ပါသည်။ သရုပ်မှန်စာပေဟုသည်မှာ ဘာလဲဟူသော အသုံးအနှုန်းမျိုးမသုံးစေကာမူ ခေတ်စမ်းဝတ္ထုအမြင်မြင်ရှုမြင်ရေးသားခဲ့သူဖြစ်သည်။တွေ့- ချစ် - ကွဲ - ညား - ပေါင်းဖက် - ချမ်းသာ

www.burmeseclassic.com



ဟူသော ဝတ္ထုသာမားစဉ်ကို ဦးစွာဝေဖန်ခဲ့သူမှာ သိပ္ပံမောင်ဝဖြစ်၏။

ဝတ္ထုအတတ်ပညာကို သုံးသပ်ရာတွင်လည်း မောင်သံချောင်းပေးစာ၊ အမှတ်(၆)တွင် ဤသို့တွေ့ရပါသည်။

"ပျော်စရာလဲပါ၊ မှတ်သားစရာ ဗဟုသုတရစရာ၊ လိုက်နာဆောင်ရွက်စရာလဲပါတဲ့ဝတ္ထုမျိုးဟာ ပျော်စရာသက်သက်ရေးသားထားတဲ့ ဝတ္ထုထက်တော့ ကောင်းတာအမှန်ပေါ့။ သို့ပေမယ့် ဝတ္ထုထဲမှာတရားစာတွေ၊ အဘိဓာတ်စာတွေလဲမပါစေရဘူးဗျ။ ဝတ္ထုထဲမှာ လိုက်နာစရာ၊ အားကျစရာ၊ ရှောင်ကြဉ်စရာတွေ ပါရမယ်"

ဆောင်းပါးတစ်ပုဒ်တွင်လည်း-

"ဗဟုသုတနဲ့ဆိုင်တဲ့ အကြောင်းရေးချင်ရင် ဆရာသိန်းကြီးရေးသလို ဗဟုသုတအကြောင်းသက်သက် ရေမရောဘဲ ရေးစေချင်တယ်ဗျ။ ဝတ္ထုရေးတဲ့အခါမှာလည်း ဝတ္ထုသက်သက် ရေးစေချင်တယ်။ ဇဝနရေးတဲ့ဝတ္ထုတွေလိုပေါ့ဗျာ။ ခုတော့ဖြင့် ဝတ္ထုရေးတဲ့နေရာမှာလဲ ဗဟုသုတအကြောင်းတွေ ဆွဲထည့်တော့တာပဲ။ ဗဟုသုတအကြောင်းတွေကိုထည့်နေတာနဲ့ ဝတ္ထုကြောင်းပြတ်သွားတော့တာပဲ။ ဝတ္ထုအရသာ ပျက်လှသဗျာ။ တချို့ဝတ္ထုရေးဆရာတွေကလည်း စာဖတ်သူတွေ ဗဟုသုတရစေလိုတာက နည်းနည်းရယ် မိမိတို့ဗဟုသုတဘယ်လောက်ရှိတယ်ဆိုတာ ကြွားချင်တာနဲ့ လျှောက်ရေးတော့တာပဲဗျ"

ဟုဝေဖန်ထားသည်။ ဝတ္ထုထဲတွင် တရားမဟောရဟူ၍ ယနေ့ပြောနေကြသော အပြောပင်ဖြစ်ပါသည်။ ဝတ္ထုသည် ဝတ္ထုပီသရမည်။ ဝတ္ထုသည်ရသစာပေဖြစ်သည်။ ဆရာကြီးဇော်ဂျီက ရသစာပေတွင်အခြောက်တိုက် ပညာမပေးသင့်ဟုအကြံပေးသကဲ့သို့ပင်ဖြစ်သည်။

**ပြဇာတ်စာပေဝေဖန်ရေးမှပြဇာတ်အမြင်**

သိပ္ပံမောင်ဝသည် ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်သော ပထမဦးဆုံး မြန်မာစာဂုဏ်ထူးတန်းတွင် တက်ရောက်ကာ ပညာဆည်းပူးခဲ့သည့် ပထမဆုံးသော တစ်ဦးတည်း ဂုဏ်ထူးတန်းကျောင်းသားဖြစ်သည်။ မြန်မာစာဂုဏ်ထူးတန်းစာမေးပွဲအတွက် မြန်မာပြဇာတ်အကြောင်းစာတမ်း ရေးသားတင်သွင်းခဲ့သူဖြစ်၍ ပြဇာတ်စာပေကို ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ ကိုယ်တိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်များကို "တင်တင့်" အမည်ဖြင့်ရေးသားခဲ့သည်။

ပြဇာတ်များဖြစ်ပေါ်လာပုံရင်းမြစ်ကို ရှာဖွေရာတွင် ကွဲပြားနေသော အဆိုသုံးမျိုးကို ဖော်ပြ၍ ဆန်းစစ်ထားသည်။

(၁) အချို့က မြန်မာပြဇာတ်တို့သည် နတ်ပွဲများမှစ၍ တစ်စတစ်စ ကြီးပွားလာကြသည်ဟု ဆိုကြ၏။

(၂) အချို့ကလည်း မြတ်စွာဘုရားဟောကြားသော ငါးရာငါးဆယ် အစရှိသည့် နိပါတ်ဇာတ်တော်များကို စာမတတ်သူများ သိနားလည်ကြစေခြင်းအလို့ငှာ နိပါတ်ခင်းကျင်းပြသကြရာက စတင်ပေါ်ပေါက်လာသည်ဟု ဆိုကြကုန်၏။

(၃) အချို့ကမူကား ကွက်စိပ်ဆရာများမှ တစ်စထက်တစ်စ တိုးတက်လာပြီးလျှင် ပြဇာတ်အခြေအနေသို့ ရောက်လာသည်ဟု ဆိုကြလေသည်။

ဤသုံးမျိုးအနက် ဒုတိယအချက်ကိုများစွာ ယုတ္တိရှိသည်ဟုတင်ပြသည်။ "ဇာတ်" ဆိုသောစကားကပင် "ဇာတက" ဆိုသောစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ မြတ်စွာဘုရားဟောကြားတော်မူသော ငါးရာငါးဆယ်ဝတ္ထုနိပါတ်တို့ကို သဘင်သည်များကပြနိုင်စေရန် စီစဉ်ထားသဖြင့် "ပြဇာတ်"ဟု ခေါ်ခြင်းဖြစ်သည် ဟုဆိုသည်။ နတ်ပွဲမှ ဆင်းသက်သည်ဆိုသော အချက်ကို အနည်းယုတ္တိရှိသော အချက်ဟုလက်ခံသည်။ ဤနှစ်မျိုးအနက် နတ်ပွဲများက နိပါတ်ပြဇာတ်တို့ထက် ပိုမိုရှေးကျသည် ဟုယူဆရန်ရှိကြောင်း ကောက်ချက်ချထားသည်။

နန်းတွင်းဇာတ်မှာ နန်းတွင်းသူနန်းတွင်းသားတို့ ဖတ်ကြရန်၊ ကြည့်ရှုကြရန် ရည်ရွယ်ကာ နန်းတော်အတွင်းဖြစ်ပျက်ပုံ၊ နန်းတော်အတွင်း၌ မင်းသားမင်းသမီးတို့ ချစ်ကြိုက်ကြပုံ အကြောင်းများကို ရေးသားထားသောစာဟုဆိုသည်။ နန်းတွင်း၌ ဖတ်ကြရန်အတွက် တောသူရွာသားတို့ အကြောင်း ရေးသားထားပါက တောဆန်သည့်အတွက်နှစ်သက်ကြမည်မဟုတ်။ ထို့အတူ နန်းတွင်းဇာတ်တို့ကို ကျေးတောသူတောသားတို့ ဖတ်ကြပါကလည်း နှစ်သက်ကြမည်မဟုတ်ဟူ၍လည်း ဆန်းစစ်ပြထားသည်။

သိပ္ပံမောင်ဝသည် ရွှေတောင်သီဟသူ၏ "ရတနာကြေးမုံ" နန်းတွင်းဇာတ်တော်ကြီးကို မြန်မာသုတေသနအသင်းအတွက် တည်းဖြတ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းဖြတ်သူ၏ နိဒါန်းတွင် ကပြရန်ရေးသားသောဇာတ်နှင့် ဖတ်ရန်ရေးသားသော ဇာတ်တို့မတူကြောင်း ရှင်းလင်းပြသထားသည်။ "ရတနာကြေးမုံ" သည် ကာလပေါ်ဝတ္ထုများကဲ့သို့ ဝတ္ထုကြောင်းကို ရေးသားဖော်ပြပြီး ကပြရန် ရေးသားခြင်းမဟုတ် ကာလပေါ်ဝတ္ထုများကဲ့သို့ ဖတ်ရန်ရေးသားသော ဇာတ်ဟု ရတနာကြေးမုံကို အကဲဖြတ်ထားသည်။

နန်းတွင်းဇာတ်တော်များအနက် ကုဿဝတီဇာတ်ကို သိပ္ပံမောင်ဝ အလွန်ကြိုက်သည် ဟုဆိုသည်။ သူကြိုက်ရပုံကို ဤသို့ဖော်ပြထားသည်။

"ကုဿဝတီဇာတ်တွင် အကောင်းဆုံးသောအချက်ကား ဇာတ်တွင်ပါဝင်သူတို့၏ အတွင်းသဘောထားကို ပေါ်လွင်အောင် ရေးသားထားခြင်း ဖြစ်လေသည်။ ကုဿဝတီမင်းသားအား နမတော် ပဂုတာရီမင်းသမီးကလေး နွဲ့ဆိုးဆိုးနေပုံကို ရေးသားထားသည်မှာ သရုပ်ပေါ်လှပေသည်။ ဝိဇ္ဇာမြတ်စိုး၏ခွကျပုံကို ရေးသားထားသည်မှာလည်း အံ့သြစရာ အလွန်ကောင်းလှပေ၏။ ကုဿဝတီဇာတ်လောက် လူတို့၏စိတ်ကို ပေါ်လွင်အောင်ရေးသားထားသော မြန်မာဝတ္ထု မြန်မာပြဇာတ်များမှာ လွန်စွာမှပင် ရှားလေသည် "

သိပ္ပံမောင်ဝနှစ်သက်ရသည်မှာ ကုဿဝတီဇာတ်၌ ဇာတ်ဆောင်တို့ စရိုက် ပီပြင်မှုကြောင့် ဖြစ်ကြောင်းတွေ့ရသည်။ ဝတ္ထု၌ဖြစ်စေ၊ ပြဇာတ်၌ဖြစ်စေ စရိုက်ပေါ်လွင်အောင် ရေးဖွဲ့နိုင်မှသာ ဝတ္ထုကောင်း၊ ပြဇာတ်ကောင်းဖြစ်နိုင်သည်ဆိုသော အမြင်ရှုထောင့်မှ ခွဲခြားစိတ်ဖြာပြထားခြင်းပင်ဖြစ်သည်။

ဆက်လက်၍ ပေါ်ထွက်လာသော ပြဇာတ်များအနက် မော်လမြိုင်ဆရာရော၏ "သထုံရာဇဝင်ပြဇာတ်"၊ ဦးဆုသာ၏ "စောဘော စောမေပြဇာတ်"၊ ဆတိုင်မှူးဦးကူး၏ "လူဝံမောင်နှမပြဇာတ်" တို့ကိုတန်းဝင်သော ပြဇာတ်များအဖြစ်သတ်မှတ်သည်။ ထို့နောက် တစ်ပဲတန်၊ တစ်မူးတန်ပြဇာတ်များပေါ်လာသည်။ ထိုပြဇာတ်များ ပေါ်ပေါက်လာခြင်းကြောင့် ပြဇာတ်စာပေအတွက် အကျိုးမ များဖြစ်ရပုံကို

"ထိုတစ်ပဲတန် တစ်မူးတန်ပြဇာတ်တို့မှာ အများအားဖြင့် ရှေ့နောက်စကားမညီသော အချက်များ၊ သူတကာကို စောင်းမြောင်းရှုတ်ကဲ့ရဲ့သောအချက်များ၊ စာရေးဆရာက မိမိကိုယ်ကိုချီးမြှောက်ပြီးရေးသားသောအချက်များ၊ စာဖတ်သူတို့ နားမချမ်းသာလောက်အောင် ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တမ်းလှစွာသော စြက်လုံးများဖြင့် ပြည့်နှက်နေသောကြောင့် ၎င်းတို့ကိုဖတ်သောအခါ အလွန်သည်းခံ၍ ဖတ်ရလေသည်။ အထူးသဖြင့် ပတ်တိုက်စာများတွင် စာရေးဆရာက အခြားပြဇာတ်ရေးသူတို့ကို ပုတ်ခတ်ပြီးလျှင် မိမိကိုယ်ကို ချီးမွမ်းကာ ရေးသားထားလေ့ရှိ၏"

"အထက်ဖော်ပြရာပါပြဇာတ်တို့မှာ မြန်မာစာပေအတွက် အနည်းငယ်မျှအကျိုးရှိသော စာများမဟုတ်သောကြောင့် မည်သူမျှ စုဆောင်းထားခြင်းမပြုကြချေ"

ဟူ၍ ဝေဖန်သည်။ ပြဇာတ်စာပေများ တိမ်ကောရခြင်း အကြောင်းများဟူ၍လည်း ဆိုနိုင်လေသည်။ သခင်ဘသောင်း၏ "ဆရာဝန်ပါ ပဲ" ပြဇာတ်ကို ဝေဖန်ရာတွင် ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ရာသီကျမ်းတို့နှင့် ပတ်သက်၍ ရေးသားထားသောရယ်စရာများမှာ ထိုကျမ်းများကို မဖတ်ဖူးသူများအဖို့ ရယ်စရာကို တွေ့မြင်နိုင်မည်မဟုတ်သဖြင့် ရယ်စရာမတွေ့မြင်နိုင်။ စာပေမလေ့လာဖူးသူတို့အတွက် အနည်းငယ်မြင့်နေသည်။ စာပေမလေ့လာဖူးသူတို့အကြိုက်လိုက်ရေးသားနေပါလျှင်လည်း စာမှာနိမ့်သည်ထက်နိမ့်ပြီး ညံ့သွားပေလိမ့်မည် ဟူသောဝေဖန်ချက်မှာ သတိပြုဖွယ်ကောင်းသည်။ ဆရာကြီး ဇော်ဂျီ၏ "မဟာဆန်ချင်သူ" ပြဇာတ်ကို ဝေဖန်ရာ၌မူ သကြိုဟ်ဆရာ၊ အကဆရာ၊ အဆိုဆရာတို့ပြောသောစကားများမှာ အမှန်အတိုင်းရေးထားသည်။ ထို စကားများမှာ ညာလိုင်းရေးသားလျှင် ပို၍ရယ်ရပေမည်။ သို့သော် ညာလိုင်းမှန်းမသိသော ကျောင်းသားကလေးများဖတ်လျှင် အမှားကိုအမှန်ထင်သွားမည်ကို စိုးရိမ်ရသည်ဟု ပြန်၍ ဖြေကဖြေဆိုနိုင်လေသည် - ဟူ၍လည်း သုံးသပ်ထားသည်။ ပြဇာတ်စာပေကို ကပြရန်ရေးသည်ဖြစ်စေ၊ ဖတ်ရန်ရေးသည်ဖြစ်စေ၊ ကြုံတွေ့ရမည့်ပရိသတ်နှင့် လိုက်လျောညီညွတ်စေသော အဖွဲ့အနွဲ့မျိုးဖြစ်ရန်လိုကြောင်း သိပ္ပံမောင်ဝက မြင်သည်။ ပရိသတ်အလိုကျကို လိုက်လွန်း၍ စာပေ၏အဆင့်အတန်း မနိမ့်ကျစေရေးအတွက်ကိုမူ စာရေးသူက ချင့်ချိန်ဖို့လိုသည် ဟူသောအမြင်ကိုလည်း သိပ္ပံမောင်ဝကပေးခဲ့လေသည်။

**အဘွားပူ့ထွတ္တိစာပေအမြင်**

သိပ္ပံမောင်ဝသည် ရွှေတောင်သီဟသူ၏ ရတနာကြေး နန်းတွင်းစာတော်ကြီးကို တည်းဖြတ်စဉ်က နိဒါန်းကို ၁၂၉၆ ခုနှစ် ခေါင်လဆန်း ၁၀ ရက်နေ့စွဲဖြင့် ရေးသားခဲ့သည်။ ယင်းနိဒါန်း၌ ရွှေတောင်သီဟသူ၏

www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိကို မသိရကြောင်း ဖော်ပြပြီး အောက်ပါအတိုင်း ဆက်လက်ရေး သားထားသည်။

"မြန်မာစာပေတွင် အတ္ထုပ္ပတ္တိစာမျိုး နည်းပါးလှသေးသည်မှာ ဝမ်းနည်း စရာကောင်းလှသောအချက်ပင် ဖြစ်တော့သည်။ ယခုခေတ်တွင် ရှေး ဟောင်းစာကောင်းများကိုသာလျှင် ရှာဖွေစုဆောင်း၍ရ၏။ ၎င်းစာ များကိုရေးသားခဲ့ကြသော စာရေးဆရာများ၏ အတ္ထုပ္ပတ္တိတို့ကိုကား ရှာ၍မရပေ"

အတ္ထုပ္ပတ္တိစာပေ ဖြစ်ထွန်းစေချင်သောကြောင့် သူ့ရိယသတင်းစာတွင် "မြန်မာစာပေအကြောင်း" ဆောင်းပါးများရေးသားစဉ်ကလည်း ထည့်သွင်းရေး သားခဲ့သည်။ အတ္ထုပ္ပတ္တိစာပေကို နှစ်မျိုးခွဲ၍ ပြောသည်။ ပထမအမျိုးအစားမှာ "သူရေးအတ္ထုပ္ပတ္တိဖြစ်ပြီး" ဒုတိယအမျိုးအစားမှာ "ကိုယ်ရေးအတ္ထုပ္ပတ္တိ" ဖြစ် သည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်စောင်ကို မည်ကဲ့သို့ ရေးသင့်သနည်းဟူသော အမေးကိုမေးလာလျှင် သိပ္ပံမောင်ဝ၏ အမြင်မှာဤသို့ ဖြစ်ပါသည်။

"စာအရေးအသားကောင်းသော စာရေးဆရာတစ်စုံတစ်ယောက်မှာ မိမိ အကြောင်းစုံလင်စွာ ရေးသားမည်ဆိုလျှင် ၎င်းစာမှာ ကေန်ဖတ်၍ ကောင်းပေမည်။ × × × × × "

"မြန်မာစာပေ၌ဤကဲ့သို့ စာရေးသူကမိမိ၏အဖြစ်အပျက်အကြောင်း အရာတို့ကို ရေးသားထားသော စာမျိုးကိုများစွာ မတွေ့ရသေး ချေ။ အကြောင်းမူကား "ကိုယ်ကိုကိုယ်ဖော် မသူတော်" ဟူ၍ ဆိုစမှတ်ရှိ သောကြောင့် ကိုယ့်အကြောင်းကို ကိုယ်တိုင်မရေးသားသင့် ဟူ၍ ထင်မှတ်လေ့ရှိသောကြောင့်တည်း။ ဤသို့ထင်မှတ်ကြခြင်းမှာလည်း မမှားချေ။ အကြောင်းကိုဆိုသော် မိမိကိုယ်ကိုလျှောက်ကြွားနေခြင်း မှာ အလွန်စက်ဆုပ်ရွံရှာဖွယ် ကောင်းသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် တစ်စုံတစ်ယောက်သောသူသည် မိမိကိုယ်တိုင် တွေ့ကြုံခဲ့ ရသော အကြောင်းအရာဟူသမျှ အကောင်းရောအဆိုးပါ ထုတ်ဖော် ရေးသားပါမူကား ၎င်းစာမျိုးကို ကဲ့ရဲ့ရန်မထိုက်သည့်အပြင် ချီးမွမ်း ခြင်းကိုပင် ပြုထိုက်လှပေသည်"

ကိုယ်ရေးအတ္ထုပ္ပတ္တိ ကိုလည်းနှစ်မျိုးနှစ်စား ခွဲခြားပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအမျိုးမှာ မိမိတွေ့ကြုံခဲ့သမျှ အကြောင်းတို့ကို ရိုးရိုးပင်ဟုတ်တိုင်းမှန်ရာ ရေးသားခြင်းနှင့် ဒုတိယအမျိုးအစားမှာ ထိုအကြောင်းများကို ဝတ္ထုကဲ့သို့ ရေးသားခြင်းဖြစ်သည်။ ဝတ္ထုဟန်အတ္ထုပ္ပတ္တိ မျိုးပင်ဖြစ်သည်။ ဝတ္ထုဟန် အတ္ထုပ္ပတ္တိစာပေမျိုးကိုသိပ္ပံမောင်ဝက ဦးဘသန်းရေးသည့် ဘီအေမောင်ဘလွင် ဝတ္ထုကို သာဓကပြ၏။ ယင်းဝတ္ထုသည် စာရေးသူ၏တွေ့ကြုံခဲ့ပုံအကြောင်း အရာစုံလင်စွာ တို့ကိုသေသပ်ကျစ်လျစ်စွာ ရေးသားထားသောဝတ္ထုဖြစ်သည်။ ဤစာအုပ်ရှိနေသေးသောကြောင့် ရှေးအခါက ကောလိပ်ကျောင်းသားများ အကြောင်းကိုသိရ၏။ တက္ကသိုလ်ကျောင်းကြီး ပေါ်ပေါက်ထွန်းကားလာ ပြီးနောက်မှ ဘီအေမောင်ဘလွင်ဝတ္ထုလို ဝတ္ထုတစ်အုပ်မှ မပေါ်ပေါက်သေး သည်မှာ ဝမ်းနည်းစရာကောင်းသည် ဟုရေးသားထားသည်။ ဦး ဖိုးကျား၏ ဦးပုည အတ္ထုပ္ပတ္တိကိုဝေဖန်ရင်း ဤသို့ မှတ်ချက်ချသည်။

> "အတ္ထုပ္ပတ္တိ စာမျိုးကို ဖတ်ခြင်းအားဖြင့် ရာဇဝင်ကိုလည်း သိတန် သရွေ့သိနိုင်သည်။ အတ္ထုပ္ပတ္တိ ကိုဖတ်ခြင်းသည် ရာဇဝင်ကိုဖတ် သည်နှင့်လည်းတူ၏။ ရာဇဝင်ရိုးရိုးကို ဖတ်က ပျင်းစရာကောင်း သေးသည်။ အတ္ထုပ္ပတ္တိကိုဖတ်လျှင် မပျင်းဘဲ ရာဇဝင် အကြောင်းကို ပါ သိရှိရလေသည်"

ဤမှတ်ချက်အတိုင်း အတ္ထုပ္ပတ္တိစာပေ၌ အတ္ထုပ္ပတ္တိရှင်၏ခေတ်ကို ပါလေ့လာနိုင်သည် ဟူသောအမြင်သည် သိပ္ပံမောင်ဝ၏ အတ္ထုပ္ပတ္တိ စာပေ အပေါ်အမြင်ပင်ဖြစ်သည်။ အတ္ထုပ္ပတ္တိစာပေကိုဖတ်လျှင် ထိုပုဂ္ဂိုလ်ကြီးများကို အားကျပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးများကဲ့သို့ ဖြစ်မြောက်အောင်ကြိုးစားစေချင် သည့်စိတ်များ ပေါ်ပေါက်လာနိုင်သည် ဟုဖော်ပြလျက် ဥပမာပေးထားသည်။

> "ဥပမာ ရှင်မဟာရဋ္ဌသာရ အတ္ထုပ္ပတ္တိကိုဖတ်၍ အတ္ထုပ္ပတ္တိတွင်ရှင် မဟာရဋ္ဌသာရမှာ အသက် ၁၆ နှစ်တွင် ဘူရိဒတ်လင်္ကာကြီးကိုရေး သည် ဟူ၍ဖတ်ရလျှင် အလွန်တော်သောပုဂ္ဂိုလ်ပါတကား၊ ငါတို့မှာ အသက် ၂၀ မှ အသက် ၃၀ ပင်ကျော်နေပြီဖြစ်ပါလျက် တေးထပ် တစ်ပုဒ်မျှ ဟုတ်ဟုတ်ငြားငြား မရေးတတ်သေးပါတကား ဟု ရှင်မဟာရဋ္ဌသာရကို အားကျကာ လင်္ကာ၊ ကဗျာရေးသားခြင်းကို လေ့လာလိုသော ဆန္ဒများ ပေါ်ပေါက်၍ လာကြလိမ့်မည်"

အတ္ထုပ္ပတ္တိစာပေဖတ်ခြင်းမှာ ဝတ္ထုစာအုပ်တို့ကို ဖတ်ခြင်းနှင့်မတူ။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွင်ပါဝင်သောသူများမှာ မည်မျှပင်အစွမ်းသတ္တိရှိစေကာမူ စာဖတ်သူစိတ်တွင်တကယ်မဟုတ် ဝတ္ထုဆရာစိတ်ကူးအတိုင်းခြယ်လှယ်မွမ်းမံကာ ရေးသားထားကြောင်း သိနေသဖြင့် စာဖတ်ရာ၌ အရေးယူလေ့မရှိ။ အားကျလေ့မရှိဟုဆိုသည်။ အတ္ထုပ္ပတ္တိစာပေနှင့် ဝတ္ထုကို နှိုင်းယှဉ်ပြသည့် သိပ္ပံမောင်ဝ၏အမြင်မှာ ထူးခြားကောင်းမွန်ပြီး အသင့်ယုတ္တိလည်းရှိသည်။ အတ္ထုပ္ပတ္တိစာပေရေးသားလျှင် အတ္ထုပ္ပတ္တိရှင်၏အလှအပြင် အတွင်းစရိုက်ပါပေါ်အောင် ရေးသင့်သည်ဟုလည်း ပါမောက္ခဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိစာပေကိုဝေဖန်ရာ၌တွေ့ရသည်။ ဦးလှတင်၏ ဦးဖေမောင်တင် အတ္ထုပ္ပတ္တိစာအုပ်မှာ ဦးဖေမောင်တင်၏ ပုံပန်းပေါ်အောင်ဆေးရောင်စုံတို့ဖြင့် ဆန်းကြယ်ခြယ်လှယ်ကာ ရေးဆွဲထားသော ပန်းချီကားနှင့်တူပေသည်။ သို့သော် အသက်ကားမပါချေ။ အကြောင်းမူကား ၎င်းစာအုပ်ဖတ်ခြင်းအားဖြင့် ဦးဖေမောင်တင်၏ ပုံပန်းသဏ္ဌာန်ကိုသာသိရ၏။ ၎င်း၏စိတ်နေသဘောထား၊ မိတ်ဆွေများနှင့်ပေါင်းသင်းဆက်ဆံပုံ၊ တပည့်များနှင့်ပေါင်းသင်းဆက်ဆံပုံမှစ၍ ဦးဖေမောင်တင်၏အတွင်းစိတ်သဘောထားများကို ကောင်းစွာမသိရသောကြောင့် ဖြစ်လေသည်ဟူသော ဝေဖန်ချက်မှာ အတ္ထုပ္ပတ္တိစာပေ၌ အသက်ဝင်ရန်လိုကြောင်း အမြင်ဝင်ဖြစ်သည်။

သိပ္ပံမောင်ဝသည်အတ္ထုပ္ပတ္တိ ဆောင်းပါးတိုများကိုအထိုက်အလျောက်ရေးခဲ့၏။ အခြားသော အတ္ထုပ္ပတ္တိဆောင်းပါးများ၌ သိပ္ပံမောင်ဝ၏စကားပြေရေးဟန်မှာထူးထူးခြားခြားပြောရန်မရှိလှသော်လည်း ဇဝန၏ အတ္ထုပ္ပတ္တိကိုရေးရာ၌မူ စကားပြေရေးဟန် ထူးခြား၏။ မြူးကြွ ရွှင်လန်းနေသည်။ ဟာသလည်းဆန်လေသည်။သိပ္ပံမောင်ဝရေးဟန်မှာ ဤသို့ဖြစ်သည်။

"လွန်ခဲ့သော နှစ်ပေါင်း ၂၄ နှစ်ခန့်အခါနေ့တစ်နေ့တွင် တာဝတိံသာနတ်စစ်သည်တော်တို့သည် အသူရာစစ်သားတို့ကို အောင်ပွဲရလိုက်သောကြောင့် သိကြားမင်းကြီးသည် ဝမ်းသာလှသဖြင့် တာဝတိံသာ၌အောင်ပွဲကြီးခံလေ၏။ သိကြားမင်းကြီးသည် သုဇာတာ၊ သုနန္ဒာတို့နှင့် တွဲကာ အောင်ပွဲကြီးကိုကြည့်ရင်း ရွှင်ပျော်နေခိုက် အုဝဲ၊ အုဝဲ ဟူသော အသံကြီးကို စူးရှစွာကြားလိုက်ရသောအခါ အတော်ငိုတွန်လှုပ်သွားပြီးလျှင် နတ်မျက်စိ တစ်ထောင်ဖြင့် လူဘောင်ကိုကြည့်လိုက်ရာ ပြည်မြို့နေ၊ ဆန်ကုန်သည်ကြီးဦးဖိုးမင်း၏ ဇနီးဒေါ်မြတွင်

www.burmeseclassic.com



မိုးရွှေသန့် စင်ဖွားမြင်သော ဒသမမြောက်သားယောက်ျားကလေး၏ ငိုသံမှန်း သိလေ၏။ ထပ်မံစစ်ဆေးကြည့်သောအခါ ၎င်းကလေးမှာ မိမိ၏ရာထူးကို လုမည့်သူမဟုတ်မှန်း သိတော့မှ စိတ်ချလက်ချနှင့် အောင်ပွဲကြီးကို ဆက်လက်ကြည့်နိုင်လေတော့သည်။ ဤသို့သိကြား မင်းအား တုန်လှုပ်အောင် ငိုလိုက်သောငတိကားအခြားမဟုတ်။ ကြီး ပြင်းလာသောအခါ ဇဝန ဟူသောအမည်ဖြင့် နာမည်ကျော်ကြားမည့် ဝတ္ထုရေးဆရာ ကျွန်တော်၏ မိတ်ဆွေပင်ဖြစ်လေသည်။ × × × မွေးလျှင်မွေးချင်း သိကြားမင်းတုန်လှုပ်အောင် ငိုလိုက်ပြီးသည့်နောက် ယင်းကလေးမှာ ငိုဖူးသည်မရှိ။ အမြဲမပြတ် ရွှင်ပြုံးလျက်နေသည် ကိုသာ မြင်ရလေသည်"

ဤရေးဟန်ကိုကြည့်လျှင် အတ္ထုပ္ပတ္တိရှင်၏စရိုက်သဘာဝန်ကိုစကား ပြေဟန်ဖြင့် အရအမိဖမ်းသည်ဟု ဆိုနိုင်ပါသည်။ ဆရာဇဝနသည် အမြဲမပြတ် ပျော်ရွှင်စွာနေတတ်သူဖြစ်ကြောင်း အသိများသည်။ ဆရာဇဝန၏စာများသည် လည်း ဟာသရည်တို့ဖြင့် ရွှမ်းလဲ့နေ၏။ သိပ္ပံမောင်ဝရေးသော ပုဂံဝန်ထောက် ဦးတင်၊ ဦးကျော်ဒွန်း၊ ဆရာကြီးဦးပွားတို့၏ အတ္ထုပ္ပတ္တိဆောင်းပါးများကို ဤ စကားပြေဟန်ဖြင့်ရေးလျှင် အတ္ထုပ္ပတ္တိရှင်၏ ဂုဏ်သိက္ခာကိုထိပါးရာ ရောက် နိုင်၏။ ဇဝန၏အတ္ထုပ္ပတ္တိကို ဖော်ပြပါစကားပြေဟန်နှင့်ရေးသောအခါ ဇဝန၏ စရိုက်ပေါ်လွင်သည့်အပြင် အတ္ထုပ္ပတ္တိရှင်၏ဂုဏ်ကို ဖော်ထုတ်ချီးကျူးရာ ရောက်သည် ဟုဆိုနိုင်ပါသည်။ အတ္ထုပ္ပတ္တိရှင်နှင့် စာရေးဟန် လိုက်လျော ညီထွေသည့် နမူနာကောင်းတစ်ပုဒ် ဟုမှတ်တမ်းတင်လိုပါသည်။

**ခရီးသွားမှတ်တမ်းစာပေအမြင်**

စာပေအဖွဲ့အနွဲ့တွင် ခရီးသွားမှတ်တမ်းစာပေသည်လည်း အရေးပါ သည်။ ကိုယ်တိုင်ခရီးမသွားနိုင်သော်လည်း ခရီးသွားဖူးသူတို့ ရေးသားထား သော စာပေမှတ်တမ်းကို ဖတ်ရခြင်းကြောင့် ဒေသန္တရဗဟုသုတရရှိနိုင်သည်။ မှတ်တမ်းစာပေရေးသားခြင်းနှင့် မရေးသားခြင်းကြောင့် ဒေသန္တရဗဟုသုတ ကွာခြားပုံကို

"အခြားကိုမဆိုထားဘိ၊ မြန်မာပြည်အကြောင်း၊ မြန်မာလူမျိုး အကြောင်း၊ မြန်မာစကားမှစ၍ မြန်မာစာနှင့်ဆိုင်သည်ကို အင်္ဂလိပ် ခရီးသည်၊ ပြင်သစ်ခရီးသည်၊ ပေါ်တူဂီခရီးသည်တို့ အသေအချာ

www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားခဲ့ကြသော စာများအလွန်ပေါလေသည်။ ၎င်းစာအုပ်အချို့တို့တွင်ပင် အချို့မြန်မာများမသိသေးသော အချက်အလက်များကိုပင် တွေ့မြင်ရပေ၏"

ဟူ၍ မြန်မာများအကြောင်းကို ရေးသားရာ၌ မြန်မာများပင်မသိသေးသည့် အချက်များကို ခရီးသွားမှတ်တမ်းများ၌ ဖတ်ရှုရသည်။ တောအထပ်ထပ်တောင်အထပ်ထပ်ကို ကျော်ဖြတ်ပြီးရခိုင်ပြည်မှ မဟာမုနိဘုရားပင့်ဆောင်လာပုံကို မှတ်တမ်းတင်ထားခဲ့ကြပါလျှင်၊ ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီးလက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်၊ ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တို့တွင် ယိုးဒယားပြည်(ယခုထိုင်းနိုင်ငံ) သို့စစ်ချီတက်ခဲ့ကြသည့် စစ်ချီစစ်တက် ခရီးလမ်းပန်းတို့ကို မှတ်တမ်းတင်ထားခဲ့ကြပါလျှင် ကောင်းလေစွ၊ မြန်မာစာပေအတွက် အကျိုးများနိုင်လေစွ ဟုစိတ်မကောင်းစွာရေးဖွဲ့ထားသည်။

မြန်မာစာပေတွင်ရှိနှင့်ခဲ့ပြီးဖြစ်သော ကင်းဝန်မင်းကြီး၏လန်ဒန်သွားနေ့စဉ်မှတ်တမ်းနှင့် ဦးဖြိုး၏ပူတကေ စပိန် အီတာလျှံသွားမှတ်တမ်း နှစ်စောင်အပေါ် သိပ္ပံမောင်ဝဝေဖန်သုံးသပ်ချက်မှာ ခရီးသွားစာပေရေးသားရန်လိုအပ်သော အရည်အချင်းများဖြစ်သည် ဟုယူဆနိုင်ပေသည်။

"ဤကင်းဝန်ကြီးမှတ်တမ်းတွင် အင်္ဂလိပ်အခေါ်အင်္ဂလိပ်စကားတို့ကို လွန်စွာအသုံးပြုထားသောကြောင့် ဖတ်သောအခါ အလွန်ရှုပ်ထွေးလျက်ရှိနေပေသည်။ အချို့နေရာများတွင် ဘာသာပြန်ကာထည့်သွင်းရေးသားထားသင့်ပါလျက် နိုင်ငံခြားစကားတို့ကို တိုက်ရိုက်ထည့်သွင်းရေးသားထားခြင်းကြောင့် အင်္ဂလိပ်စာတတ်သောသူများပင်လျှင် မည့်သည့်အရာကိုဆိုမှန်း မသိသည့်အတွက် လွန်စွာစိတ်ညစ်ရလေသည်"

"ဤမှတ်တမ်းတွင် အင်္ဂလိပ်စကားတို့ကိုမြန်မာအက္ခရာဖြင့်ရေးသားထားသောကြောင့် တောင်မကျ၊ မြောက်မရောက်သော စကားများလွန်စွာ ပေါလေတော့သည်။ ဥပမာကပွဲသို့သွားသည်ဟူ၍ မြန်မာပြန်ကာရေးသားလျှင် အဓိပ္ပာယ်ရှင်းလင်းမည်ဖြစ်ပါလျက် ဘော သို့သွားသည်ဟူ၍ ရေးသားထားခြင်းကြောင့် အဓိပ္ပာယ်မရှင်းမလင်းဖြစ်နေသည်ကို တွေ့မြင်ရပေသည်"

www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီးမှတ်တမ်းတွင် ကင်းဝန်မင်းကြီးသည် မိမိတွေ့မြင်ခဲ့ရသောအကြောင်းအရာတို့ကို ဓာတ်ပုံရိုက်ယူသကဲ့သို့ ရေးသားဖော်ပြထား၏။ မိမိထင်မြင်ချက်များကိုပါ ရေးသားဖော်ပြထားခြင်း အလွန်နည်းလေသည်။ ဤမှတ်တမ်း (ပူတကော၊ စပိန်၊ အီတာလျှံသွားမှတ်တမ်း) တွင်ကား ရေးသူ၏ထင်မြင်ချက်များ ကိုပါထုတ်ဖော်ရေးသားထားသောကြောင့် ဖတ်၍ကောင်းလေသည်။ ကင်းဝန်မင်းကြီး၏မှတ်တမ်းကား ဘုရင်မင်းမြတ်ထံတင်ဆက်ရန် အစီရင်ခံစာနှင့်တူ၏။ ဤမှတ်တမ်း(ပူတကော၊ စပိန်၊ အီတာလျှံသွားမှတ်တမ်း)ကား နောင်အမှတ်ရလျှင်ဖတ်လိုသောအခါဖတ်ရန် ကိုယ်ပိုင်မှတ်တမ်းဖြစ်လေသည်။ သို့ဖြစ်သောကြောင့် အီတလီသွားမှတ်တမ်းက ဖတ်၍ပိုကောင်းလေသည်"

ဤဝေဖန်ချက်များကိုထောက်၍ ခရီးသွားစာပေရေးလျှင် မိမိရောက်ခဲ့သော ဒေသ၏အသုံးအနှုန်းများ၊ ပြောဆိုသည့်စကားများကို မူရင်းအတိုင်းရေးသားသည်ထက် မှတ်တမ်းတင်သည့်ဘာသာစကားနှင့်လိုက်လျောညီညွတ်သည့် ဝေါဟာရများဖြင့် ရေးသားသင့်သည်။ ခရီးသွားမှတ်တမ်းစာပေသည် အစီရင်ခံစာမျိုးမဖြစ်သင့်ဟူသော သိပ္ပံမောင်ဝအမြင်ကိုတွေ့ရပေသည်။

ဗဟုသုတတိုးပွားရေးအတွက် အနည်းငယ်သာပါ၍ မည်သည့်အရပ်သို့သွားသည်၊ ထိုမှတစ်ဖန်မည်သည့်အရပ်သို့သွားသည်၊ စသည်ဖြင့်ရေးသားသောစာမျိုးကိုမူ ပထဝီဝင်စာမျိုး ဟုမှတ်ချက်ချသည်။ ဦးဥတ္တမ၏ **ဂျပန်ပြည်အတ္ထုပ္ပတ္တိ**မှာ ဦးဥတ္တမဂျပန်ပြည်မှပြန်လာပြီး ရေးသောစာဖြစ်သည်။ ဂျပန်ပြည်နှင့်ပတ်သက်၍ မှတ်သားစရာ မြန်မာလူမျိုးတို့လိုဏ်နာဖွယ်ရာများပါဝင်သော်လည်းရေးသားပုံမှာ နေ့စဉ်မှတ်တမ်းစာမျိုးလည်းမဟုတ်၊ ခရီးသွားမှတ်တမ်းစာမျိုးလည်းမဟုတ်သဖြင့် ပထဝီ၊ ရာဇဝင်ကဲ့သို့သော စာမျိုးဖြစ်၍ ဖတ်မကောင်းကြောင်း မှတ်ချက်ချသည်။ ပူတကော၊ စပိန်၊ အီတာလျှံသွားမှတ်တမ်းတွင် မှတ်တမ်းရေးသူတို့ မြေထဲပင်လယ်ထဲ၌ လှိုင်းမိသည့်အကြောင်း ခပ်ရှင်ရှင်ကလေး ရေးသားထားသည်ကို များစွာ ချီးမွမ်းဖွယ်ကောင်းကြောင်း ဖော်ပြထားသည်။ ဤသုံးသပ်ဝေဖန်ချက်များကိုကြည့်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားမှတ်တမ်းစာများသည် ပထဝီဝင်ဆန်ဆန်၊ သမိုင်းဆန်ဆန်မရေးသင့်၊ တွေ့ကြုံရသောအတွေ့အကြုံများ အပေါ်ခံစားချက်များနှင့် တင်ပြရန်လိုသည်ဟူ၍ သိပ္ပံမောင်ဝမြင်ကြောင်း ကောက်ယူနိုင်လေသည်။

သိပ္ပံမောင်ဝသည်ခရီးသွားမှတ်တမ်းစာပေရေးရန် အားပေးသည့်နည်းတူ ကိုယ်တိုင်လည်း ရေးသားခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်သို့ ပညာသင်သွားခဲ့ရသည်။ ၁၉၂၇ မှ ၁၉၂၉ ခုနှစ်အထိ နှစ်နှစ်နီးပါးပညာသင်ကြားရသည့် အတွေ့အကြုံများကို **"အောက်စဖို့တက္ကသိုလ်ခရီးသွားမှတ်တမ်း"** ရေးသားထုတ်ဝေခဲ့သည်။ ထိုမှတ်တမ်းကို ဖတ်ကြည့်လျှင် ခရီးသွားစာပေအပေါ်တွင် မိမိမြင်သည့်အတိုင်း ရေးသားထားသည်။ မိမိ၏ခရီးသွားမှတ်တမ်းစာပေကို **"ခေတ်စမ်းမောင်"** အမည်ဖြင့်ကိုယ်တိုင်လည်းဝေဖန်စာ ရေးသားထားသည်။ သို့သော် ထိုဝေဖန်စာမှာ ဝေဖန်မှုမပါဘဲ စာအုပ်ပါအကြောင်း အချုပ်ကလေးများကို တင်ပြထားခြင်းဖြစ်၏။ **"မောင်သံချောင်း၏စာ"** အခန်းတွင်မှ ခပ်ရှင်းရှင်းဝေဖန်ထားသည်။

> "ခင်ဗျားပို့လိုက်တဲ့ အောက်စဖို့ မှတ်တမ်းကို ဖတ်ပြီးပြီဗျ။ အင်္ဂလိပ်မလေးတွေအကြောင်းပါနိုးပါနိုးနဲ့ ကြိုးစားပြီးဖတ်လိုက်တာ ဆုံးသာဆုံးရော မပါဘူးဗျ။ အတော့်ကို စိတ်ပျက်သွားတာပဲဗျ။ ဘာဖြစ်လို့ အင်္ဂလိပ်မလေးတွေအကြောင်း မရေးလဲလို့ မတွေးတတ်တော့ဘူးဗျာ။ သူတို့အကြောင်းသိရတာလဲ ဗဟုသုတတစ်မျိုးပေါ့။ ကျွန်တော်တို့လို လူပျိုတွေကတော့ ဒါမျိုးတွေ မှသိချင်တာကိုး"

ခေတ်စမ်းမောင်၏ဝေဖန်စာကို ၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြပြီး မောင်သံချောင်းစာကို ဒီဇင်ဘာလထုတ်တွင် ဖော်ပြထားသည်။ လေးနေသော အကြောင်းအရာကို ဖော့လိုက်သည့်သဘောမျိုးဖြစ်သည်ဟု ယူဆနိုင်ပါသည်။

**ထဥ်ကျေးမှုအမြင်**

သိပ္ပံမောင်ဝသည် ပြဇာတ်၊ ပန်းချီစသော အကြောင်းရပ်များကို "မြန်မာမှု" ဟူသောခေါင်းစဉ်တပ်၍ ရေးသည်။ ဦးသာမောင်၊ ယုဝ၊ မဏိ ဟူသော ကလောင်အမည်များဖြင့်လည်း ကြီးပွားရေး၊ ဂန္ထလောက မဂ္ဂဇင်းတို့တွင်ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီအမြင်

မြန်မာပန်းချီပညာ ဆောင်းပါးတွင် ပုဂံခေတ် ကောင်းစားစဉ်ကပင် ဘုရားပုထိုးများအတွင်း ရေးဆွဲထားသော ပန်းချီကားများကို တွေ့နိုင်သည်။ နိပါတ်တော်လာ အကြောင်းအရာများကို ရေးဆွဲလေ့ရှိကြ၏။ စာမတတ်သူတို့မှာ ပန်းချီကားများကို ကြည့်ခြင်းအားဖြင့် မဟာဝင်၊ ရာဇဝင်၊ ဗုဒ္ဓဝင်၊ နိပါတ်တော်တို့ကို နားလည်ကြလေသည်။ သို့ဖြစ်လေသောကြောင့် ပန်းချီဆရာများသည် ဝတ္တုဆရာ၊ ရာဇဝင်ဆရာ၊ နိပါတ်ဟောဆရာတို့နှင့်လည်း တူလှပေ၏ဟူ၍ အကြောင်းအရာကိုဝေဖန်သည်။ ပန်းချီကားရေးဆွဲသည့် စနစ်ကိုသုံးသပ်ရာ၌ရေးဆွဲသောပုံများကို အထူးလှပအောင်သာရေးဆွဲတတ်ကြ၏။ ရှေးအထက်က ရေးဆွဲခဲ့ကြသောပုံများအတိုင်း လိုက်၍ရေးဆွဲကြသောကြောင့် ပန်းချီဆရာတစ်ဦး ရေးဆွဲသောကားနှင့် အခြားတစ်ဦးရေးဆွဲသောကားသည် သာမန်မျက်စိ ဖြင့်ကြည့်လျှင် အတူတူလိုဖြစ်နေသည်ဟု ဝေဖန်သည်။ ပန်းချီပညာပြောင်းလဲမှုကို ဖော်ပြရာ၌ မြန်မာပန်းချီဆရာအချို့ အနောက်နိုင်ငံတွင် ပန်းချီပညာသင်ကြားပြီး ရေးဆွဲနေကြပုံများကိုတင်ပြသည်။ ထိုပန်းချီဆရာများ၏ လက်ရာကို ဤသို့အကဲဖြတ်သည်။

> "ရှေးစနစ်အတိုင်းလည်းမကတတက၊ အနောက်နိုင်ငံစနစ်လည်း မကျတကျ ပုံများကို ရေးဆွဲလေ့ရှိသော ပန်းချီကျော်တို့ကား ဦးချစ်မြိုင်နှင့် ဦးဘရင်ကြီးတို့ဖြစ်ကြလေသည်။ × × × × × ဦးထွန်းကြွယ်၏ပုံများကား ရှေးစနစ်အရိပ်ငွေ့လုံးလုံးမကင်းသေးသော်လည်း ခေတ်ဆန်သောကားများဖြစ်လေသည်"

ပန်းချီဆရာဦးဘဉာဏ်နှင့် ဦးဘဇော်တို့အကြောင်းကို ရေးသားရင်း ဦးဘဉာဏ်သည် အနောက်နိုင်ငံအကြိုက်ကားများကို ရေးဆွဲလေ့ရှိသည်။ သူ၏ကားများကြည့်ရလျှင် ခိုင်ခိုင်ခံ့ခံ့ ထင်ထင်ရှားရှား မြင်ရ၏။ လူပုံများသည်လည်း တောင့်တောင့်တင်းတင်းမြင်ရ၏။ ဦးဘဇော်မှာ ပုံကိုများစွာဂရုမစိုက်၊စိတ်ကူးနက်နဲခြင်း ကိုဂရုစိုက်သည်။ တွေးကြည့်လေ ကောင်းလေဆိုသော လင်္ကာများကဲ့သို့ ဖြစ်သည်။ ကြည့်သူကို လွန်စွာမှုပင်လူ့စေတတ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံ ပန်းချီအဆင့်အတန်း တိုးတက်ခြင်းရှိမရှိမေးမြန်းလျှင် အတိအကျအဖြေမပေးနိုင်။ အဘယ်ကြောင့်ဆိုသော် ပန်းချီပြတိုက်မရှိသေး

www.burmeseclassic.com



သဖြင့် အကဲမဖြတ်နိုင်သေးကြောင်းနှင့် ပန်းချီပြတိုက်တစ်တိုက် ဖြစ်ပေါ်စေရေး အတွက်လည်း အထူးတိုက်တွန်း နှိုးဆော်ထားလေသည်။

**ဂီတအမြင်**

သိပ္ပံမောင်ဝသည် မိမိကိုယ်မိမိ ကဗျာဆရာမဟုတ်ကြောင်း ကြေညာသူဖြစ်သည်။ ၂၂-၉-၃၁ နေ့စွဲနှင့် ရေးသားသည့်စာတစ်စောင်တွင်

"ကျွန်ုပ်တို့ကား ကဗျာရေးသားဖူးသော်လည်း ကဗျာဘက်၌မထူးချွန်" ဟူ၍ လည်းကောင်း၊ ၅-၉-၃၃ နေ့စွဲနှင့် ရေးသားသည့်စာတစ်စောင်တွင် လည်း

"မောင်ဝ၌ ရွှင်ပျသောဉာဏ် ရှိစေကာမူ၊ လင်္ကာဉာဏ်ကား ထင်သလောက်မရှိသည်ကို ရိပ်မိပေလိမ့်မည်။ မောင်ဝကား အလင်္ကာဆရာမဟုတ်၊ လူပြက်မျှသာတည်း"

ဟူ၍လည်းကောင်းရေးသားဖူးသည်။ သိပ္ပံမောင်ဝသည်ကဗျာအနည်းငယ်သာရေးဖူးသော်လည်း ကဗျာအမြင်ရှိသူဖြစ်သကဲ့သို့ ဂီတကိုမတီးမခေါက်ဖူးသော်လည်း ဂီတအမြင်ရှိသူဖြစ်သည်။ မြန်မာ့ဂီတအမြင်ကိုလည်း ဦးသာမောင်(မန္တလေး) အမည်ဖြင့် ရေးသားဖူးသည်။

သိပ္ပံမောင်ဝက ပန်းချီဆရာ၊ လင်္ကာဆရာနှင့် ဂီတဆရာတို့မှာ ညီအစ်ကိုတော်သူများ ဖြစ်သည်။ အနုပညာသို့မဟုတ် သုခုမပညာ၏ သားကောင်း သုံး ယောက် ဖြစ်သည်ဟု နှိုင်းယှဉ်ပြပြီး အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ပြသည်။

"ပန်းချီဆရာသည် မိမိစိတ်အတွင်းပေါ်၍ လာသောဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ညစ်ခြင်း၊ ကြည်နူးခြင်း တို့ကိုဆေးရောင်စုံဖြင့် ခြယ်ကာ ထုတ်ဖော်ပြောဆိုလေသည်။ လင်္ကာဆရာကမူ မိမိ၏စိတ်အတွင်းပေါ်ပေါက်လာသော အထက်ပါ အခြင်းအရာတို့ကို စကားဖြင့် ဖွဲ့နွဲ့ကာ ထုတ်ဖော်ပြောဆိုလေသည်။ ဂီတဆရာကမူကား မိမိစိတ်အတွင်းပေါ်ပေါက်လာသော အခြင်းအရာတို့ကို အသံအားဖြင့် ရေးသားဖော်ပြပြောဆိုခြင်းဖြစ်၏။ ပန်းချီ ဆရာ၊ လင်္ကာဆရာ၊ ဂီတဆရာတို့မှာ မိမိတို့ ပြောဆိုလိုရင်းအကြောင်းကား တစ်မျိုးတစ်စားတည်းဖြစ်၏။ ဤသို့ပြောဆိုရာတွင် အသုံးပြုသောလက်နက်သာခြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ၊ ကဗျာနှင့်ဂီတတို့သည် အနုပညာများဖြစ်၍ ဖန်တီးသူသည် မိမိစိတ်၌ ဖြစ်ပေါ်လာသော ခံစားချက်ကို ရသမြောက်အောင်ရေးဖွဲ့ဖန်တီးရမည် ဟူသောအမြင်ကိုလက်ခံထားသူဖြစ်သည်။ ဂီတ၏ သီးခြားလက္ခဏာကို လည်း ဤသို့ခွဲခြားတင်ပြထားသည်။

"ဂီတဆရာသည် ခမ်းနားသောအကြောင်းအရာများကို ပြောကြားလိုလျှင် ခမ်းနားသောအသံများကို အသုံးပြုလေသည်။ အသံတစ်မျိုးနှင့်တစ်မျိုး ဆီလျော်အောင်စပ်ထားခြင်းကို အသွားဟူ၍ခေါ်ဆို၏။ စကားလုံးကမည်မျှပင် ခမ်းနားနေစေကာမူ အသွားကခမ်းနားခြင်း မဖြစ်လျှင် ၎င်းဂီတမှာ ခမ်းနားမည်မဟုတ်ချေ"

မြန်မာ့ဂီတ၌ သီချင်းစာသားနှင့်အသံနှစ်မျိုးရှိသည်။ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းသော သီချင်းကိုစပ်မည်ဆိုလျှင် လွမ်းဆွတ်ကြေကွဲသံများကို အသုံးပြုရမည်။ ကြည်နူးဖွယ်အကြောင်းကို သီဆိုချင်လျှင် ကြည်နူးဖွယ်ကောင်းသော အသံတို့ဖြင့်ကြည်နူးဖွယ်အသွား အစရှိသည်ဖြင့် "အကြောင်းအရာ"နှင့် "အသွား" လိုက်လျောညီညွတ်မှုရှိရန် လိုကြောင်းဝေဖန်ထားသည်။ "ဒါတို့ပြေ (ပြည်)၊ ဒါတို့မြေ" အစရှိသော မြန်မာအမျိုးသားသီချင်းကားစာသားကောင်းလှသော်လည်း အသွားမှာ ခမ်းနား၍ကြွရွှေ့ရသောသီချင်းမဟုတ်သောကြောင့် အမျိုးသားသီချင်းကောင်းမဖြစ်နိုင် ဟုဆိုသည်။

ဤနေရာ၌ အလျဉ်းသင့်သဖြင့် စကားချပ်၍ ဆိုရန်ရှိပါသည်။ သိပ္ပံမောင်ဝရေးသော "ဒါတို့ပြေ(ပြည်)၊ ဒါတို့မြေ" သီချင်းဟူသည်မှာ ယနေ့အသုံးပြုနေသော နိုင်ငံတော်သီချင်းမဟုတ်ချေ။ ထိုဆောင်းပါးရေးစဉ်ကာလ(ခရစ်နှစ် ၁၉၃၅ ခုနှစ်) ကသီဆိုနေကြသော ဝိုင်အမ်တီ ဆရာတင်၏ "တို့ဗမာသီချင်း" ကို ဆိုလိုဟန်ရှိသည်။

ဂီတနှင့်ပတ်သက်၍ သိပ္ပံမောင်ဝအမြင်မှာ သီချင်း၏စကားအဓိပ္ပာယ်က အရေးမကြီးလှ၊ အသံကအရေးကြီးသည် ဟူသောအမြင်ဖြစ်သည်။ အနောက်နိုင်ငံမှ ဂီတသံစဉ်များကို ယူ၍ရေးဖွဲ့ထားသောသီချင်းများသည် ပေါ်ထွက်ပြီးနောက် သုံးလေးလအတွင်းပျောက်ကွယ်သွားကြသဖြင့် အဘယ်ကြောင့် ကြာရှည်မခံကြောင်း စုံစမ်းစစ်ဆေးရန်အချိန်တန်ပြီ ဟုသုံးသပ်ပြီးကာ အောက်ပါအတိုင်း ဆန်းစစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုကာလ သီချင်းရေးစပ်သူတို့မှာ အနောက်နိုင်ငံမှ လာသမျှသော သီချင်းတို့ကို ဆိုးကောင်းမရွေး အားလုံးကိုပင်လိုက်၍ ကူးကြလေတော့သည်။ အနောက်နိုင်ငံမှ လာသောသီချင်းများကို မကူးရဟုမဆိုလိုပါ။ ကူးယူရပါ၏။ ဤသို့ကူးယူမှုလည်းမိမိတို့၏ဂီတအဆင့်အတန်းမှာမြင့်၍လာပေမည်။ သို့ရာတွင် ကောင်းသောသီချင်းတို့ကိုသာ ကူးယူရာသည်"

ချန်ပီယံ ကိုကျော် ကွယ်လွန်သည့်အခါ ကိုကျော်၏အကြောင်းကို လွမ်းလွမ်းဆွေးဆွေးရေးရင်း၊ ကိုကျော်၏ ဂီတပါရမီကို ဤသို့သုံးသပ်ထားသည်။

"ချန်ပီယံကိုကျော်၏ သတ္တိကား လက်သံပြောင်ခြင်းနှင့် တွဲလုံးကောင်းခြင်းတို့ပင်ဖြစ်လေသည်။ × × × × × လက်သံပြောင်သည် ဆိုရာမှာ အားစိုက်ပြီးလျှင် အလွန်အမင်းမြည်စေရန် တီးခြင်းကိုဆိုလိုသည်မဟုတ်ပေ။ အားမစိုက်ပါဘဲလျက် လက်ဖျားကလေးများနှင့် တို့လိုက်၊ ထိလိုက်ရုံနှင့်ပင် စောင်းသံ၊ စန္ဒရားသံ၊ ဆိုင်းသံတို့မှာ လိုသလောက်ကြည်လင်၍ ထွက်လာခြင်းကို ဆိုလိုရင်းဖြစ်ပေသည်"

"ချန်ပီယံကိုကျော်မှာ လက်သံပြောင်ရုံသာမဟုတ်။ အသံအစပ်လည်း အလွန်မှပင်ကောင်းလေသည်။ အသံစပ်၍ တီးသည်ဆိုရာ၌ တွဲလုံးများနှင့်တီးသည်ကို ဆိုလိုခြင်းဖြစ်သည်။ တွဲလုံးများနှင့် တီးလိုက်လျှင်တေးသံမှာ သာယာ၍ထွက်ပေါ်လာ၏"

သိပ္ပံမောင်ဝ၏ မြန်မာ့ဂီတသုံးသပ်ချက်ဆောင်းပါး တစ်ပုဒ်မျှသာ တွေ့ရသေးသော်လည်း ယင်းဆောင်းပါး၌ သိပ္ပံမောင်ဝ၏ဂီတအမြင်မှာဆန်းသစ်သည်ဟု ဆိုနိုင်လေသည်။

**မြန်မာရုပ်ရှင်အမြင်**

သိပ္ပံမောင်ဝသည် ထိုခေတ်ထိုကာလက မြန်မာနိုင်ငံ၌ပေါ်ထွန်းနေသော ယဉ်ကျေးမှုအနုပညာမှန်သမျှကို စိတ်ဝင်စားသည်။ စိတ်ဝင်စားသည့်အလျောက် တိုးတက်စေလိုသည့် စေတနာလည်းရှိသည်။ ဤစေတနာရင်းခံဖြင့် မိမိလက်လှမ်းမီနိုင်သလောက် မိမိအမြင်ဖြင့် ဆွေးနွေးထားသည်ကိုတွေ့ရသည်။ သိပ္ပံမောင်ဝသည် ရုပ်ရှင်ကိုကြိုက်သူ ဟုဆိုနိုင်သည်။ သူနှစ်သက်

www.burmeseclassic.com

www.burmeseclassic.com



သောရုပ်ရှင်ကို ထပ်၍ပင်ကြည့်သူဖြစ်သည်။

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလထုတ်ကြီးပွားရေး မဂ္ဂဇင်းတွင် "ယုဝ" ဟူသောကလောင်အမည်ဖြင့် မြန်မာရုပ်ရှင်ခေတ် ဆောင်းပါးတစ်စောင် ရေးခဲ့သည်။ ၎င်းဆောင်းပါးတွင် "မေတ္တာနှင့်အသူရာ" မှစခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းကိုရေးသားထားသည်။

"လန်ဒန်အတ်ကုမ္ပဏီက ရတနာပုံဓာတ်ထုပ်ကြီးကို ရိုက်ကူးလိုက်သောအခါ မြန်မာရုပ်ရှင်အဆင့်အတန်းမှာ တစ်ဆင့်တိုး၍ တက်လာလေသည်။ ရုပ်ရှင်ကြည့်သူများ အတော်ကလေးမျက်စိ ပွင့်လင်းလာကြလေ၏"

"ဗြိတိသျှဘားမားကုမ္ပဏီမှထုတ်သော "လူ့ဘဝ"၊ "ပြိုင်ပွဲကြီး"၊ "လောကမာယာ" ခေါ်ကားများမှာ အလွန်ပင်ကောင်းသောကားများ ဖြစ်ကြလေသည်။ ထိုကားများတွင်လူတို့၏ သဘောထား၊ လူတို့၏ အဖြစ်အပျက်များကို လက်ဝါးပြင်တွင်တင်၍ပြသကဲ့သို့ ရိုက်ကူးထားသော ကားများဖြစ်ကြ၏။ ထိုကားတို့မှာ ရုပ်ရှင်ရာဇဝင်တွင်ပါဝင်ထိုက်သော ကားကောင်းများဖြစ်ကြလေသည်"

ဟုထွက်ပေါ်ပြီး ရုပ်ရှင်ကားများကို အကဲဖြတ်ကာလွန်ခဲ့သော ၁၂လအတွင်းတွင် မြန်မာရုပ်ရှင်အဆင့်အတန်းမှာ များစွာ တိုးတက်ခဲ့သည်ဟု ဆုံးဖြတ်ချက်ချပေးသည်။

ရုပ်ရှင်တစ်ကားချင်းအဖြစ် "ဣတ္ထိယ" နှင့် "စိန်ရောင်ခြည်" ကိုဝေဖန်သည်။ ဣတ္ထိယကားကို နှစ်ကြိမ်တိုင်တိုင်ကြည့်သည်။ ဣတ္ထိယ ကားကောင်းခြင်းမှာ သရုပ်ဆောင်ဖြစ်သောမောင်မောင်အေးနှင့်ခင်ခင်ရီတို့၏ သရုပ်ဆောင်မှုကြောင့်ဟုသုံးသပ်သည်။ ခင်ခင်ရီအသံမှာ အေးအေးနှင့်သာယာသည်။ နာမည်ကျော်အဆိုတော်များဖြစ်သော မကြည်အောင်၊ မအေးမိ၊ မတင်အုံးတို့ထက်သာလျှင်သာမည်။ "မသာစေကာမူ တန်းတူထားနိုင်သည်ဟု မြင်သူဖြစ်သည်။ ခင်ခင်ရီမှာ အသံထွက်များခေတ်ကောင်းသမျှ ကာလပတ်လုံးခေတ်ကောင်းမည့် မင်းသမီးဟု သုံးသပ်သည်။ ခင်ခင်ရီ၏သရုပ်ဆောင်မှု၊ အသံသာမှုပေါ် သိပ္ပံမောင်ဝ၏အမြင်မှာ မှန်ကန်ကြောင်း ခင်ခင်ရီရုပ်ရှင်ခေတ်က သက်သေခံလေသည်။မကြိုက်သည့် အချက်များကိုလည်း မှုမှုတတရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်ခြည်ကားကိုလည်း ဝေဖန်သည်။ စိန်ရောင်ခြည်ကားသည် သိပ္ပံမောင်ဝအသုံးနှင့်သုံးရလျှင် "အထိုးအသတ်ကား" ဖြစ်သည်။ အထိုးအသတ်ကားများကို ဝေဖန်ရာ၌ ယုတ္တိတန်သည်၊မတန်သည်ကို ဂရုမစိုက်ထိုးသတ်ရိုက်ပုတ်ခန်းများကိုသာ ခပ်ရှည်ရှည်ရိုက်ကူးလေ့ရှိသည် ဟုဆိုသည်။ ယနေ့တိုင်လက်ခံနိုင်သည့်ဝေဖန်ချက်ဖြစ်သည်။ သရုပ်ဆောင်ရင်ရင်မေတို့အိမ်သူခိုးတက်၍ဝရန်တာထွက် အော်ကြစဥ်ကဆံပင်များပြေလျက်ရှိနေသည်။ အော်သံကြား၍ မောင်တင်ဖေတက်လာသောအခါ ဆံထုံးနှင့်ဖြစ်နေသည်ဟူ၍ အသေးစိတ်ကလေးမှစ၍ မြင်သူဖြစ်သည်။

"လှမောင်ကြီးတို့လူစု မော်တော်ဘုတ်ကလေးနှင့်ထွက်ပြေးကြသောအခါ ပုလိပ်တပ်သားများက မော်တော်ဘုတ်သုံးစင်းနှင့်လိုက်ရာတွင် တစ်စင်းနှင့်တစ်စင်းကပ်ကာ တစ်ဖက်ကိုတစ်ဖက် အပြင်းအထန်ပစ်ခတ်နေကြပါလျက် တစ်ယောက်မျှမသေသည်ကို ထောက်လျှင် ကလေးများ စစ်တိုက်တမ်းကစားနေကြသည်နှင့် တူလှပေသည်"

ဟူသောဝေဖန်ချက်မှာ ယနေ့တိုင်မရိုးနိုင်သော ဝေဖန်ချက်ဖြစ်နိုင်သည်။ ယနေ့ထွက်ပေါ်နေသော ရုပ်ရှင်၊ ဗီဒီယို၊ အထိုးအသတ်ကားများကိုလည်း ရုပ်ရှင်နာမည်၊ သရုပ်ဆောင်နာမည်ပြောင်း၍ ဤဝေဖန်ချက်နှင့်ဝေဖန်လျှင်ရနိုင်ပေသေးသည်။

**သိပ္ပံမောင်ဝ၏ စကားပြေရေးဟန်**

သိပ္ပံမောင်ဝ အကြောင်းပြောလျှင် သူ၏စကားပြေရေးဟန်သည် အဓိကပါလာသည်။ သိပ္ပံမောင်ဝ ရေးဟန်ဟူသော အသုံးအနှုန်းပင် ပေါ်လာဖူးသည်။ "သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများ"ကိုတက္ကသိုလ်ဝင်တန်း၌ သင်ရိုးညွှန်းတမ်းအဖြစ် ပြဋ္ဌာန်းရှိန်က စာမေးပွဲဖြေဆိုမည့်ကျောင်းသားများကို လမ်းညွှန်ရာတွင် မေးခွန်းများကိုဖြေဆိုပါက သိပ္ပံမောင်ဝရေးဟန်မျိုးဖြင့်မဖြေဆိုရန်လမ်းညွှန်ခဲ့ဖူးသည်။ ထိုစဥ်ကလမ်းညွှန်ချက်ကို နားမလည်။ သိပ္ပံမောင်ဝစာကိုတော့ ပြဋ္ဌာန်းပြီး သိပ္ပံမောင်ဝရေးဟန်ကိုမူ အဘယ်ကြောင့်ခွင့်မပြုသနည်း။

သိပ္ပံမောင်ဝသည် ဦးလူဖေဝင်း၏ မြန်မာစာစီကုံးအခြေပြုကျမ်းကို ဝေဖန်ရင်း ဦးလူဖေဝင်း၏စကားပြေအဖွဲ့အနွဲ့ အယူအဆကိုလက်ခံကြောင်း

www.burmeseclassic.com

www.burmeseclassic.com



"ဦးလူဖေဝင်းအလိုအားဖြင့် စာပေအဖွဲ့အနွဲ့ကောင်းဆိုသည်မှာ ဝါကျတိုသည်၊ ဝါကျရှည်သည် ပဓာနမဟုတ်။ ရှင်းရှင်းနှင့်ဆိုလို ရင်းသို့ရောက်ခြင်းကသာပဓာနဖြစ်လေသည်။ ဤနေရာ၌ ဦးလူဖေဝင်း ဝါဒကို ထောက်ခံလိုက်ရပေသည်"

ဟူ၍ ထောက်ခံထားသည်။ သိပ္ပံမောင်ဝ ဝါကျတိုကလေးများရေးခြင်းကြောင့် ၁၉၃၄ ခုနှစ် မေလ ၁၂ ရက်နေ့တွင် မောင်ထွန်းစိန်ဆိုသူက ဝါကျတိုကလေးများကို သုံးလေးတန်းကျောင်းသားကလေးများပင် ရေးနိုင်သည်ဟု ဝေဖန်ဖူးသည်။ ဤရေးသားချက်ကို သိပ္ပံမောင်ဝက

"၎င်းမောင်ထွန်းစိန်မှာ အမှုမဲ့အမှတ်မဲ့ရေးသားလိုက် မိဟန်တူပေသည်။ ဝါကျတိုကလေးများကိုလည်း သူ့နေရာနှင့်သူ့နေရာအလိုက် အသုံးပြုက အသုံးများကြောင်းကို သတိမထားမိပေ "

စာအရေးအသား အစီအကုံးဆိုသည်မှာ နေရာဌာနအလိုက်သုံးစွဲရေးသားရခြင်းဖြစ်လေသည်။ မင်္ဂလာဆောင်တွင်ရွတ်ဖတ်ရမည့်ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများ ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်ပေလိမ့်မည်။ ထိုအပြင်တစ်ယောက်နှင့်တစ်ယောက် အခြင်းဖြစ်ပွားကြသောအကြောင်း၊ မီးလောင်၍ပြေးလွှားရသောအကြောင်းများကို ရေးသားသောအခါ မင်္ဂလာဆောင် ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာပင် ဖြစ်သွားမည်ကို သတိထားသင့်လှပေ သည်"

ဤသို့ချေပပြီးနောက် သိပ္ပံမောင်ဝ၏"**မောင်းသံ**"ဝတ္ထုတွင်ရေးသားထားသော စကားပြေကိုသာဓကပြပြီး (ချေပသည့်ဆောင်းပါးကို "မောင်မောင်၊ ရှာပုံ"ကလောင်အမည်ဖြင့် ရေးသားခြင်းဖြစ်သည်။) ဖြေရှင်းထားသည်။

"ဤဖော်ပြရာပါ ရေးသားချက်တွင် ဝါကျတိုလေးချည်းပင်။ သို့သော် ရေးသားနေသောအကြောင်းမှာ ဓားပြတိုက်သောအခါ မောင်းထုသောကြောင့် အလုပ်ရှုပ်ပွေနေကြပုံများအကြောင်း ဖြစ်လေသည်။ ၎င်းဖြစ်ပျက်ပုံကို မျက်စိ ထဲတွင် ပေါ်၍မလာပါလော။ ဤအခါမျိုးတွင် မင်္ဂလာဆောင်ဩဘာစာရေးသကဲ့သို့ အသိုက်အမြန်းအဖွဲ့အနွဲ့တွေနှင့် ရေးမည်ဆိုက ရယ်စရာပင်ဖြစ်သွားပေလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝစကားပြေရေးဟန်အမြင်မှာ ရေးဖွဲ့သည့်အကြောင်းအရာနှင့် စကားပြေရေးဟန်လိုက်လျောညီညွတ်မှု ရှိရန်လိုကြောင်း ချေပလိုက်ခြင်းပင်ဖြစ်သည်။

ဆရာကြီးမောင်ထင်က "သိပ္ပံမောင်ဝ၏စကားပြေသည် တို့ကနန်းဆိတ်ကနန်းစကားပြေဟု ဆိုချင်လည်းဆိုနိုင်သည်။ အရပ်သူအရပ်သား နေ့စဉ်သုံးနေကျ စကားပြေဖြစ်သည်။ စာဖတ်သူတို့အား သိစေလိုသောအဓိပ္ပာယ်များကိုသိလွယ်အောင် တိုတိုနှင့်လိုရင်းရောက်စေရန် အရပ်သုံးစည်းကမ်းဖြင့်ရေးသားခြင်းဖြစ်သည်ဟု မှတ်ချက်ချသည်" [၁၂]

ကွယ်လွန်သူ မြန်မာစာပါမောက္ခဆရာဦးမောင်မောင်ကြီးက သူ့အဖြစ်အပျက်မျိုးနှင့် တွေ့ကြုံသည်ဆိုပါစို့။ သူ့လိုရေးတတ်ပါမည်လော။ သူ့လို သရုပ်ဖော်တတ်ပါမည်လော။ သူ့လို စီကာစဉ်ကာထားတတ်ပါမည်လော။ သူ့လို စိတ်ဝင်စားဖွယ်ကောင်းအောင်၊ ဖတ်ကောင်းအောင်၊ စာတစ်စောင်ရေးနိုင်ပါမည်လော" ဟုမေးမြန်းထားပြီး သူ့စာများသည်အရေးအသားရှင်းသည်။ ပြေပြစ်သည်။ ချောမွေ့သည်။ စိတ်ဝင်စားဖွယ်ရာများဖြစ်သည်ဟုမှတ်ချက်ချဖူး သည်" [၁၃]

သိပ္ပံမောင်ဝ စကားပြေရေးဟန်သည် ဤကဲ့သို့ ဂယက်လှိုင်းထခဲ့သည်မှာ မှန်ပေ၏။ ဤစာတမ်း၌ ရေးသားခဲ့သမျှသော ဆောင်းပါးအားလုံးရှိ စကားပြေများသည် ဂယက်လှိုင်းထစေခဲ့သော သိပ္ပံမောင်ဝစကားပြေမျိုး မတွေ့ရ။ အဘယ်ကြောင့်နည်း စာရေးသူမှာ သိပ္ပံမောင်ဝမဟုတ်သော ကြောင့်ဟုဖြေဆိုရပေမည်။ သိပ္ပံမောင်ဝသည် သူ၏အမြင်အတိုင်းအကြောင်းအရာနှင့်စကားပြေကို လိုက်ဖက်ညီအောင်ရေးသည်။ သိပ္ပံမောင်ဝကလောင်သုံး၍ရေးသည့် ဝတ္ထုများနှင့်ပေးစာ၊ မှတ်တမ်းစသောရသစာပေနှင့်သုတရသစာပေမျိုးတွင် စကားပြေကိုလွတ်လွတ်လပ်လပ် သွက်သွက်လက်လက်ရေးသည်။ ပုဂ္ဂိုလ်ရေးပေးစာများ၌ပင် ဤစကားပြေဟန်ကို အစဉ်အမြဲသုံးသည်။ ဆရာကြီးတိုက်စိုးက "သိပ္ပံမောင်ဝသည် ဟန်မလုပ်တတ်၊ သူ၏ဇာတ်ကောင် မောင်လူအေးသည်လည်း သူ့နည်းတူဖြစ်သည်။ ထို့ကြောင့်စာဖွဲ့ရာ၌ ဣန္ဒြေသိက္ခာကြီးနှင့်မဟုတ်။ သူသည် စာဖတ်သူနှင့် ရင်းနှီး၏။ သူ့စိတ်တွင်ရှိသမျှ အပိုအလိုမပါ အရင်းခံအတိုင်း ဖောက်သည်ချနေသလို ထင်မိကြောင်း သုံးသပ်ခံစား တင်ပြခဲ့သည်" [၁၄]

www.burmeseclassic.com

www.burmeseclassic.com



စာပေယဉ်ကျေးမှုတိုးတက်စေရေးအတွက် ရေးသားထားသော စကားပြေဟန်မှာမူ ထူးခြားမှုမရှိဘဲ ခံ့ညားလှပြေရသော စကားပြေဟန်ကို သုံးလေသည်။ သူရိယမဂ္ဂဇင်းပါ မြန်မာစာပေအကြောင်း ဆောင်းပါးအမှတ် ၁၇ အစ စကားပြေကိုကြည့်စေလိုပါသည်။

"ဆောင်းပါးရေးသားပုံ အမျိုးမျိုးကွဲပြားလျက်ရှိကြောင်းကို သတင်းစာဖတ်သူအပေါင်းတို့ အသိပင်ဖြစ်ပေသည်။ ၎င်းတို့အကြောင်းကို စုံလင်စွာရေးသားနေမည်ဆိုလျှင် ရှည်လျားနေရန် အကြောင်းရှိသောကြောင့်ဆောင်းပါးရေးသားပုံ အချုပ်အားဖြင့် နှစ်မျိုးသာရှိကြောင်း ဖော်ပြရပေမည်။ ၎င်းနှစ်မျိုးကား အကြောင်းတစ်စုံတစ်ရာကို တိုက်ရိုက်ရေးသားခြင်းနှင့် သွယ်ဝိုက်တန်ဆာဆင် ရေးသားခြင်းတို့ ဖြစ်လေသည်"

ဤစကားပြေမျိုးဖြင့်သာ ဆောင်းပါးတစ်ပုဒ်လုံး ဖွဲ့နွဲ့ထားသည်။ ဆောင်းပါးအများစုလည်း ဤစကားပြေဟန်နှင့်မခြားလှ။ ဤစကားပြေချည်းသက်သက်ကို သိပ္ပံမောင်ဝ၏ဆောင်းပါးဝတ္ထုများကိုသာ ဖတ်ဖူးသူအားပြသကြည့်ချင်ပါသည်။ သိပ္ပံမောင်ဝရေးသည့်စာ ဟုဆိုလျှင် ထိုသူယုံမည်မထင်ပေ။ အတ္ထုပ္ပတ္တိစာပေတင်ပြစဉ်က ဦးကျော်ဒွန်းတို့ အတ္ထုပ္ပတ္တိစကားပြေ ရေးဟန်နှင့် ဇဝနအတ္ထုပ္ပတ္တိစကားပြေရေးဟန် ကွဲပြားပုံကို ဖော်ပြပြီးဖြစ်ပါသည်။

သိပ္ပံမောင်ဝသည် မိမိအပိုင်စားရထားပြီးဖြစ်သော စကားပြေဟန်ကို ဆုပ်ဆုပ်ပိုက်ပိုက် နေရာမရွေးသုံးနေသူမဟုတ်။ အကြောင်းအရာနှင့်လိုက်ဖက်ညီညွတ်စွာ ရေးသားတင်ပြတတ်သူအဖြစ် ဂုဏ်ပြုရမည်ဖြစ်ပါသည်။

**နိဂုံး**

သိပ္ပံမောင်ဝ စာပေနှင့်ယဉ်ကျေးမှုအမြင်များကို တင်ပြပြီးဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် မြန်မာစာဂုဏ်ထူးတန်း ပထမဆုံးကျောင်းသားဖြစ်ကြောင်းလည်းတင်ပြပြီးဖြစ်ပါသည်။ မြန်မာစာကို စာဖတ်ရမှတ်ရလွယ်ကူ၍ ယူသူဟုသုံးသပ်ရန် မသင့်လျော်ချေ။ မြန်မာစာကိုအမှန်တကယ်မြတ်နိုးသူဖြစ်ကြောင်းလည်းမြင်သာသည်။ မြန်မာစာတိုးတက်စေရန် စေတနာအရင်းခံထားသူဖြစ်ကြောင်းလည်းမြင်သာသည်။ ဝင်းလတ်က "ခေတ်သစ်မြန်မာစာပေတွန်းအေးအစ၊ သိပ္ပံမောင်ဝက ဟူ၍မှတ်ချက်ချဖူးသည်" ၁၅

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝအပါအဝင် ခေတ်စမ်းစာပေပညာရှင်များသည် ကိုယ်တိုင်လည်း အသစ်ထွင်ပြီးစာပေများဖန်တီးကြသကဲ့သို့ ပေါ်ပေါက်ပြီး စာပေများကိုလည်း စနစ်တကျလေ့လာသုံးသပ်ဝေဖန်ခဲ့ကြသူများဖြစ်သည်။ ဆရာမြဇင် ပြောသည့် ၁၉၃၀ ပြည့်နှစ် ဆယ်စုနှစ်အတွင်း စာပေဝေဖန်ရေး စန်းထလာသည် ဆိုခြင်းမှာ ဤခေတ်စမ်းစာပေ ဝေဖန်ရေးကိုရည်ညွှန်းခြင်းဖြစ်သည်။ ထိုသူများထဲတွင် သိပ္ပံမောင်ဝသည် ဝေဖန်ရေးကို စွဲစွဲမြဲမြဲကိုင်ထားသည်။ အကြောင်းအရာပေါင်းလည်းစုံသည်။

သိပ္ပံမောင်ဝက မိမိ၏စာပေအမြင်ယဉ်ကျေးမှုအမြင်များ တင်ပြခဲ့သည်မှာ နှစ်ပေါင်းခုနစ်ဆယ်နီးပါးမျှ ကြာခဲ့ချေပြီ။ ထိုကာလကမူ အမြင်သစ်များဖြစ်သည်။ စာရေးဖွဲ့လျှင် စာရေးသူ၏စေတနာကို ဒိဋ္ဌဓမ္မလောကအမြင်နှင့်တွဲဖက်၍ ရေးလျှင် စာကောင်းများရနိုင်ကြောင်းမြင်ခဲ့သူဖြစ်သည်။

သိပ္ပံမောင်ဝ၏ စာပေယဉ်ကျေးမှု အမြင်များသည် ယနေ့တိုင်လက်ခံနိုင်စရာများရှိနေသေးသည်။ သဘောထားအမြင်ဟူသည် ကွဲပြားနိုင်သည်။ ကွဲပြားနိုင်ခွင့်ရှိသည်။ ယနေ့ခေတ် ယနေ့အမြင်နှင့် နှိုင်းယှဉ်၍ သိပ္ပံမောင်ဝ၏ စာပေနှင့်ယဉ်ကျေးမှုအမြင်များသည် မိမိစိတ်၊ ဆန္ဒ၊ အယူအဆနှင့် ကိုက်ညီချင်မှလည်း ကိုက်ညီပေမည်။ ကိုက်ညီသည်ဖြစ်စေ၊ မကိုက်ညီသည်ဖြစ်စေ လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်နီးပါးက သိပ္ပံမောင်ဝ၏ အမြင်တို့မှာ အမြင်သစ်များဟုပင် မှတ်ချက်ချရပေမည်။

အားလုံးမငြင်းဆိုနိုင်သော အရည်အချင်းတစ်ရပ်ကိုမူ သိပ္ပံမောင်ဝ ပိုင်ဆိုင်ထားသည် ဟုယူဆပါသည်။ ၎င်းအရည်အချင်းမှာ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှု မြင့်မားတိုးတက်စေရန် သိပ္ပံမောင်ဝသည် စေတနာထား၍ စာပေများရေးဖွဲ့ခဲ့သည် ဟူသောအရည်အချင်းကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မှတ်စုအညွှန်း

၁ ။ ဘခိုင်၊ ဦး၊ ဖေဘီယန်။ "မြန်မာပြည်နိုင်ငံရေးရာဇဝင်" စာ-၄၆
မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ "အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှု သမိုင်းအကျဉ်း" စာ-၁၂၁
ဟန်တင်၊ စစ်ကိုင်း။ "မြန်မာနိုင်ငံတော်မှတ်တမ်းအမှတ်-၁" စာ-၂၈၂

၂ ။ ညီညီ၊ ဒေါက်တာ။ "တက္ကသိုလ်ပညာမြန်မာလိုသင်မည်" (တက္ကသိုလ်ပညာပဒေသာစာစောင် ၊ အတွဲ ၁၊ အမှတ် ၁၊ ၁၉၆၆- မတ်လ စာ-က-ခ)

၃ ။ ဇေယျ။ "မြန်မာ့မျက်ပွင့်"(ကဆုန်နွေလ စိတ်ရှုးထကြွချိန်) စာ-၂၁-၂၂

၄ ။ သိန်းဖေမြင့်။ "အရှေ့ကနေဝန်းထွက်သည့်ပမာ" ပထမတွဲ စာ- ၂၁

၅ ။ လွန်း၊ ဆရာ။ "မြန်မာပြည်တွင် မြန်မာစာ ဆုတ်ယုတ်ခြင်းအကြောင်း" ဂန္ထလောကမဂ္ဂဇင်း၊ တေရသမတွဲ၊ အုပ်စဉ် ၇၇၊ ၁၂၉၃- ခုကဆုန်လ

၆ ။ ပီမိုးနင်း "စာပေါင်းချုပ်" ဒုတိယတွဲ၊ စာ ၉၇-၉၉

၇ ။ သိန်းအောင်၊ မြန်မာပြန်။ "မြန်မာပြည်ဖွင့် ခေတ်စမ်းစာပေကိုခြေရာခံ ခြင်း" ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၇၄၊ ၁၉၆၆- ဩဂုတ်လ၊ စာ-၂၀-၂၁

၈ ။ သိန်းဖေမြင့်။ "ကျွန်တော့်ဝတ္ထုထဲက ကျွန်တော့်ဇာတ်ကောင်များ" စာ-၃၁

၉ ။ သိန်းဖေမြင့်။ "ခေတ်စမ်းစာပေဟူသော မှတ်တိုင်ကိုလှဲပစ်ရန်" (သိန်းဖေမြင့်၊ စာပေါင်းစု၊ စာပေဝေဖန်ရေး၊ စာ-၂၈၃

၁၀ ။ မြဇင်။ "စာပေဝေဖန်ရေး"၊ ဝေဖန်ရေးစာတမ်းများ၊ ပထမတွဲ၊ ရန်ကုန်စာပေဗိမာန်၊ စာ-၂၆

၁၁ ။ ဦးဝင်းမွန်နှင့်ဦးဇော်မြင့် "မြန်မာကဗျာ"(မြန်မာမှုပထမတွဲ၊ တက္ကသိုလ်များပုံနှိပ်တိုက်) စာ-၁၀၀

၁၂ ။ မောင်ထင်။ "ကိုလိုနီခေတ်မြန်မာစကားပြေ"(မြန်မာစကားပြေစာတမ်းများ၊ ပထမတွဲ)။ စာ-၁၄၃

၁၃ ။ တက္ကသိုလ်မှောင်မောင်ကြီး"သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါးများ"(စာမျက်နှာ) စာ-၁၇၅၊ ၁၈၁

၁၄ ။ တိုက်စိုး။ "သိပ္ပံမောင်ဝ၏စေတနာ"(မြန်မာစာမိတ်ဖွဲ့) ဒုတိယတွဲ စာ-၁၁၆

၁၅ ။ ဝင်းလတ် "စာပေဝေဖန်ရေးဆရာသိပ္ပံမောင်ဝ" (ခေတ်သစ်ကဗျာ၊ ခေတ်သစ်စာ) စာ-၁၂၁

www.burmeseclassic.com

www.burmeseclassic.com

## ဦးအေးချို(မဟာဝိဇ္ဇာ)
## သိပ္ပံမောင်ဝ၏စာပေနှင့်ယဉ်ကျေးမှုအမြင်

**ဆွေးနွေးမေးမြန်းသူများ**။ ၁။ ဦးစိုးလှိုင်မြင့် ၂။ ကိုဦး(စမ်းချောင်း) ၃။ မောင်မိုးကျော်သူ ၄။ ဒေါ်လှိုင်လှိုင်မြင့်

**ဆွေးနွေးမေးမြန်းချက်များ ...**

၁။ 'ခေတ်စမ်း'သည် စာပေခေတ်တစ်ခေတ်လား၊ တက္ကသိုလ်ဝန်းကျင်စာပေလှုပ်ရှားမှုလား ရှင်းပြပေးပါရန်။ ယင်း 'ခေတ်စမ်း'နှင့်အပြိုင် ပြင်ပလောကမှ ပီမိုးနင်း၊ ဦးဖိုးကျားတို့၏ အရေးအသားနှင့်အကြောင်းအရာများ နှိုင်းယှဉ်ပြပါရန်။

၂။ ခေတ်စမ်းစာပေသည် ရန်ကုန်တက္ကသိုလ်အသိုက်အဝန်းမှစတင် တီထွင်ခဲ့ခြင်းဖြစ်ပါသလား။ ခေတ်စမ်း(သို့) ခေတ်စမ်းစာပေဟူသော စကားအသုံးအနှုန်းကို မည်သူကပထမဦးဆုံး စတင်၍ရေးသားသုံးနှုန်းသတ်မှတ်ခေါ်ဝေါ်ခဲ့ပါသလဲ။

၃။ ဆရာကြီးသိပ္ပံမောင်ဝရရှိခဲ့သော မြန်မာစာဂုဏ်ထူးဘွဲ့အတွက် ပြဋ္ဌာန်းထားသောဘာသာရပ်များနှင့် အချိန်ကာလကို သိလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ယနေ့ခေတ်ထုတ်ဝေခဲ့သော မြန်မာအဘိဓာန်တို့နှင့်ပတ်သက်၍ အားရ ကျေနပ်ဖွယ်ကောင်းသည်ဟုယူဆပါသလား၊ သိပ္ပံမောင်ဝဖြစ်စေချင်သကဲ့သို့ မြန်မာစာပေနှင့်ယဉ်ကျေးမှုတို့သည် တိုးတက်လာသည်ဟုထင်မြင်ပါသလား၊ မည်သည့်လိုအပ်ချက်များရှိသေးသည်ဟုတွေးမြင်မိပါသနည်း။

## စာတမ်းရှင်၏ပြန်ကြားချက်များ

၁။ 'ခေတ်စမ်း' စာပေကို စာပေခေတ်တစ်ခေတ်အဖြစ် သတ်မှတ်လိုခြင်း ရှိမရှိမှာ မိမိ၏ဆန္ဒတွင်မူတည်သည်ဟုယူဆပါသည်။ ခေတ်စမ်းစာပေပြုစု သူများက ခေတ်ကိုစမ်းသပ်သည့်အနေဖြင့် အသစ်ထွင်၍ရေးကြပါသည်ဟု ဆိုသည်။

ခေတ်တစ်ခေတ်ထူထောင်ကြပါသည်ဟု မကြွေးကြော်ခဲ့ကြောင်းကို လည်း သတိပြုမိသည်။ ကမ္ဘာစစ်ကြီးနှစ်ခုအကြား မြန်မာစာပေသမိုင်းကို လေ့လာလျှင် ခေတ်စမ်းကိုခြွင်းချန်၍မရဟုလည်း ယုံကြည်မိသည်။ ခေတ်စမ်း စာပေသည် တက္ကသိုလ်ဝန်းကျင် စာပေလှုပ်ရှားမှုမျှသာဟူ၍တော့ မခံယူမိပေ။ ရေးဖွဲ့သူများသည် တက္ကသိုလ်ဝန်းကျင်၌ ပညာသင်ကြားနေသူများဖြစ်သော် လည်း ရေးဖွဲ့သည့်အကြောင်းတရားများသည် တက္ကသိုလ်ဝန်းကျင်အကြောင်း အရာများ၌သာ ဝဲလည်နေကြောင်း မတွေ့ရဘဲကျယ်ပြန့်သည်။

ထိုပုဂ္ဂိုလ်များသည် တက္ကသိုလ်မှထုတ်ဝေသည့်မဂ္ဂဇင်းများသာမက ပြင်ပ စာနယ်ဇင်းများ၌ပါ ဝင်ရောက်ရေးသားသည်ကိုလည်း တွေ့မြင်နိုင်သည်။ ခေတ်စမ်းနှင့်ပြင်ပလောကဟူ၍ စာပေနယ်ကိုမခွဲခြားလိုပါ။ ခေတ်စမ်းပုံပြင်၊ ခေတ်စမ်းကဗျာများကို တက္ကသိုလ်ပြင်ပကစာရေးဆရာများက ဝေဖန် ဆန်းစစ်၊ အကဲဖြတ်ကြသကဲ့သို့ ထိုအချိန်က ရေးသားနေသောစာများကိုလည်း ခေတ်စမ်းစာရေးဆရာများက၊ ဝေဖန်၊ ဆန်းစစ်၊ အကဲဖြတ်နေကြပါသည်။ ဤသို့ ရေးသားကြခြင်းကို အပြိုင်သဘောမျိုးဟုမယူဆပါ။ အပြိုင်သဘောမျိုးဟု

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါသည်။ ဒေသပတ်ဝန်းကျင်ကွဲပြားကြသော်လည်း အရေးအသားနှင့် အကြောင်းအရာတို့သည် သူ့နည်းနှင့်သူ့ဟန် ကောင်းကြသည်ချည်းပင်ဖြစ်ပါသည်။ ဆန့်ကျင်နိုင်းယှဉ်မှုမျိုးမပြုအပ်ဟု ယုံကြည်ပါသည်။ ပဏ္ဍာမြားနှင့်မြတို့သည် သူ့အရည်အသွေးနှင့်သူ့တန်ဖိုး အသီးသီးရှိကြသကဲ့သို့ပင်ဖြစ်ပါသည်။ သူတို့အားလုံး၌ အငြင်းမပွားနိုင်သောတူညီသည့် အရည်အချင်းတစ်ရပ်ကိုပူးတွဲပိုင်ဆိုင်ကြပါသည်။ ထိုအရည်အချင်းမှာ မြန်မာစာပေတိုးတက်စေလိုသော စေတနာအပြည့်နှင့်စာပေများ ရေးသားဖွဲ့နွဲ့နေကြသည်ဟူသော အရည်အချင်းပင်ဖြစ်ပါသည်။

၂။ ခေတ်စမ်းစာပေကို ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေကြသော စာပေဝါသနာရှင်ကျောင်းသားများက အသစ်ထွင်ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ စာတမ်းတွင်ပါဝင်ပြီးဖြစ်ပါသည်။

၃။ သိပ္ပံမောင်ဝ၏ဆောင်းပါးတစ်ပုဒ်တွင် ဝိဇ္ဇာတန်းတွင် သတ်မှတ်သော စာအုပ်များအနက် ယိုးဒယားနိုင်မော်ကွန်းနှင့် ဝက်န္တြပြဇာတ်တို့ကို ဝယ်မရကြောင်း၊ ဝက်န္တြပြဇာတ်ကိုစာမူတစ်စောင်မှကူးယူ၍ သင်ကြရကြောင်း၊ ယိုးဒယားနိုင်မော်ကွန်းကိုကား ဘားနဒ်ပိဋကတ်တိုက်မှာပင်မရှိ၍ ပြဋ္ဌာန်းစာအုပ်အဖြစ်မှဖြုတ်လိုက်ရကြောင်း ရေးသားသည်ကိုဖတ်ရသည်။ ကျောက်စာများကိုပြဋ္ဌာန်းသော်လည်း ပုဂံသွားပြီးလေ့လာကြ၊ ကျောက်စာကူးကြနှင့် သင်ကြရသည်ဟုတွေ့ရသည်။ ကူးရင်းသင်၊ သင်ရင်းကူးသဘောမျိုးဟုယူဆရပါသည်။ အတွဲအဖက်ဘာသာရပ်များကိုမူ သူ့ဆောင်းပါးများ၌မတွေ့ရ။ ယင်းအကြောင်းရပ်များကို University of Yangon's Calendars များတွင် လေ့လာနိုင်ပါသည်။ အချိန်ကာလကိုမူ လေးနှစ်ဟုသိရပါသည်။

၄။ ထုတ်ဝေခဲ့ပြီးသောမြန်မာအဘိဓာန်များမှ ခေတ်မီအဘိဓာန်အင်္ဂါရပ်များနှင့်အညီ ပြုစုထားသောအဘိဓာန်များဖြစ်၍ ပုံသဏ္ဌာန်အနေဖြင့် အာဂကျော်နုပ်ဖွယ်ဖြစ်သည်ဟုယူဆပါသည်။ အချက်အလက်များအနေနှင့် "အကျဉ်းချုပ်" ဟု ကမ္ပည်းတင်ထားသည့်အတွက် အပြည့်အစုံအဖြစ် မမျှော်လင့်သင့်။

www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်တို့၏သဘာဝသည်လည်း အထပ်ထပ်ဖြည့်၊ အကြိမ်ကြိမ်တည်းဖြတ်ရသည့်ရည်ညွှန်းစာမျိုးဖြစ်သည်ကိုလည်း မေ့မထားသင့်ပါ။ မြန်မာစာပေနှင့်ယဉ်ကျေးမှုတို့သည် သီပွံမောင်ဝဖြစ်စေချင်သကဲ့သို့ အတိုင်းအတာတစ်ခုအထိတိုးတက်လာသည်ဟုယူဆပါသည်။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာရပ်တို့မည်သည် မဟာသမုဒ္ဒရာကဲ့သို့ပင်ဖြစ်ပါသည်။ မည်သည့်အခါမျှပြည့်သည်ဟူ၍မရှိပါ။ မပြည့်စုံမှုတိုင်း၌ လိုအပ်ချက်ရှိစမြဲဖြစ်ပါသည်။ မည်သည့်လိုအပ်ချက်များပါနည်းဟူမှု မိမိဆန္ဒနှင့်မကိုက်ညီသမျှပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝ၏ စာပေသဘောတရား
## စာတမ်းရှင်  သူရစော်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း



၁၉၄၀ပြည့်နှစ်တွင် ဟံသာဝတီခရိုင်၊ တွံတေးမြို့နယ်၊ ကင်းရွာ၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် လောကုတ္တရာစာပေများ သင်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ်သုံးနှစ်အရွယ်တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့၍ အတန်းပညာသင်ယူရာ ၁၉၅၈ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲ၊ ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၊ ၁၉၇၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(မြန်မာစာ)များရရှိခဲ့သည်။

၁၉၅၈ခုနှစ်တွင် ကဗျာစတင်ရေးခဲ့သည်။ ၁၉၆၅ခုနှစ်တွင် 'သူရဇော်' ကလောင်အမည်ခံယူ၍ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ပြဇာတ်များရေးသားခဲ့သည်။ လုံးချင်းဝတ္ထု ငါးအုပ်ရေးသားခဲ့ဖူးသည်။

၁၉၆၈ခုနှစ်တွင် *ရောင်နီဦး*ကလေးကဗျာများဖြင့် အမျိုးသားစာပေ (စတုတ္ထ)ဆု၊ ၁၉၇၇ခုနှစ်တွင် *ကျေးလက်မြင်ကွင်းစာပျိုးခင်း* စာမူဖြင့် စာပေဗိမာန်စာမူ (တတိယ)ဆု၊ ၁၉၇၈ ခုနှစ်တွင် *မြသားနီလာ*ကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၁၉၉၅ ခုနှစ်တွင် *မြန်မာအချိုးကဗျာ* စာမူဖြင့် ပခုက္ကူဦးအုန်းဖေ စာပေဆု၊ ကျမ်းစာပေ (ပထမ)ဆုတို့ကိုရရှိခဲ့သည်။

၁၉၈၀ပြည့်နှစ်၊ စာပေဗိမာန်မှကြီးမှူးကျင်းပသော မြန်မာကဗျာစာတမ်းဖတ်ပွဲတွင် မြန်မာကလေးကဗျာစာတမ်းကို ရေးသားဖတ်ကြားသည်။ *စပယ်ဖြူ*ကလေးကဗျာများစာအုပ်ကို ၁၉၇၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

'၁၉၈၀ပြည့်နှစ်မှစ၍ ၁၉၈၈ ခုနှစ်အထိ ကြည့်မြင်တိုင်မြို့နယ်၊ စာပေလုပ်သားအဖွဲ့တွင် အမှုဆောင်ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

စာပေလုပ်သားမဂ္ဂဇင်း၊ သပြေတေးမဂ္ဂဇင်း၊ စစ်ပြန်မဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ ခတ္တိယဂျာနယ်၏တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါစာပေဖြင့် အသက်မွေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝနှင့်ကဗျာစာပေ

**နိဒါန်း**

စင်စစ်ဤစာတမ်းကိုရေးသားပြုစုရန် အားထုတ်ခြင်းသည် ကောက်ရိုးပုံထဲတွင် အပ်ကိုရှာသည်နှင့် တူလှပေသည်။ **သိပ္ပံမောင်ဝရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ**အတွက် စာတမ်းတစ်စောင်ရေးသား ပြုစုဖတ်ကြားရန် အခွင့်ကြုံလာသောအခါ 'ဘာအကြောင်းရေးမလဲ' ဟူသောမေးခွန်းတစ်ခုပေါ်လာ၏။ မိမိသည် ကဗျာရေးသူ ကဗျာသမားတစ်ယောက်ဖြစ်၏။ ဘာရေးမလဲဟု စဉ်းစားသောအခါ ကဗျာနှင့်ပတ်သက်ရာကိုသာ ရေးမည်ဟုစိတ်ကူးတစ်ခုရပါသည်။ ယင်းစိတ်ကူး၏အခြေခံကား ခေတ်စမ်းကဗျာများအပေါ် သိပ္ပံမောင်ဝ၏ ဝေဖန်သုံးသပ် ချီးမြှောက်သော အမှတ်စဉ်ထိုး၍ ရေးသားသည့် 'ခေတ်စမ်းကဗျာ'ဆောင်းပါးများပင် ဖြစ်ပါ၏။

စာရေးဆရာကြီး သိပ္ပံမောင်ဝသည် လူ့ဘဝတွင်သက်တမ်းတိုတောင်းစွာ ၄၃ နှစ်မျှသာနေထိုင်သွားရပြီး စာရေးသက် ၁၅ နှစ်အတွင်းစာပေါင်းများစွာ ရေးသားသွားခဲ့သည်။ ရေးလိုက်သည့်စာများကလည်း စုံလှပါ၏။ ဝတ္ထုတို၊ ဝတ္ထုဆောင်းပါး၊သုံးချင်းဝတ္ထု၊ ပြဇာတ်၊ ပေးစာ၊ စာပေကဗျာဝေဖန်ရေး၊ ခရီးသွားမှတ်တမ်း စသည်စသည်စုံလှစွာ၏။ အရေအတွက်လည်း များလှပါ၏။ အရေအတွက်များသလောက်လည်း အရည်အချင်းပြည့်ဝသည့်စာများချည်းဖြစ်ပါ၏။ စံတင်လောက်သည့်စာများချည်းဖြစ်ပါ၏။ ပင်ကိုရေးစာများချည်းဖြစ်ပါ၏။ ဤသည်ကား သိပ္ပံမောင်ဝစာများ၏ထူးခြားချက်ပင်ဖြစ်သည်။

ဦးမြင့်ကြိုင်(အောင်မိုးဆောင်း)၏ **သိပ္ပံမောင်ဝနှင့်သူ၏စာစုစာရင်း** စာအုပ်ထွက်လာသောအခါစာပေါင်းများစွာ၏ အမျိုးအမည်နှင့်အရေအတွက်တို့ သိရ၏။ အထူးသဖြင့် မထင်မှတ်နိုင်လောက်အောင် များပြားလှသော ကလောင်အမည်ကွဲ (၅၇) မျိုးကိုတွေ့ရသည်မှာ အကျိုးရှိလှပါ၏။

ဤစာတမ်းကို ရေးသားပြုစုနိုင်ခြင်းသည် သိပ္ပံမောင်ဝစာစုစာရင်း စာအုပ် ထွက်ပေါ်လာခြင်းကြောင့်ပါ ဟုဝန်ခံလိုက်ပါ၏။ မူလသိရှိပြီး သော ခေတ်စမ်းကဗျာဆောင်းပါးများကို အခြေခံကာ စာစုစာအုပ်ပါစာများမှ ကဗျာသဲလွန်စများကို ရှာရသည်။ သိပ္ပံမောင်ဝ၏ ကဗျာနှင့်ပတ်သက်သော ဆောင်းပါး များတွေ့ရ၏။ ယင်းဆောင်းပါးများမှ သိပ္ပံမောင်ဝသည် ကဗျာစာပေကို ဝါသနာထုံကြောင်း၊ ကဗျာရေးသားနည်းတို့ကို ဆရာကောင်းများထံမှ သင်ယူတတ်မြောက်ကြောင်း၊ ကဗျာရေးသားဖွဲ့ဆိုများနည်းကို

www.burmeseclassic.com



တတ်ကျွမ်းနားလည်ကြောင်းများကို သိရှိရသည်။ ယင်းသို့ဖြစ်ပါက သိပ္ပံမောင်ဝသည် ကဗျာရေးသားဖူးသလော ဆိုသည့်အတွေးကလည်း ဝင်ရောက်လာပြန်သည်။

စာပေါင်းများစွာကို ဖတ်ရှုလေ့လာလိုက်သောအခါ သိပ္ပံမောင်ဝသည် ကဗျာရေးသားခဲ့ဖူးကြောင်း ကိုတွေ့ရသည့်အပြင် သူ၏စာစုစာအုပ် တွင်ပါရှိသော 'ကဗျာသမားသိပ္ပံမောင်ဝ' ခေါင်းစဉ်အောက်တွင် ကဗျာရေးခဲ့သည့် အထောက်အထားများနှင့် ကဗျာစာကိုယ်တစ်ပုဒ်ကိုဖော်ပြထားပါသည်။ လူထုဦးလှ၏ သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်းစာအုပ်တွင် သိပ္ပံမောင်ဝ ကဗျာရေးခဲ့ကြောင်း ဖော်ပြထားပါသည်။

**ကဗျာအခြေခံရှိသောသိပ္ပံမောင်ဝ**

သိပ္ပံမောင်ဝသည် ကဗျာကို ကျကျနနသင်ကြားလေ့လာ တတ်မြောက်သူဖြစ်ပါသည်။ မြန်မာစာပေကိုလည်း အထူးတလည် လေ့လာတတ်ကျွမ်းသူဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် တက္ကသိုလ်ကျောင်းသားဘဝ ခရစ်နှစ် ၁၉၂၄ ခုနှစ်တွင် ဥပစာတန်းစာမေးပွဲကို မြန်မာဘာသာပထမရသည့်အတွက် သာဒိုးအောင်ဆုနှင့် ပါဠိဘာသာပထမဆုရခဲ့သည်။ ဝိဇ္ဇာတန်းသို့ရောက်သောအခါ မြန်မာစာဂုဏ်ထူးကိုယူသည်။ ထိုစဉ်က ယူနီဘာစီတီကောလိပ် ဟုခေါ်သော တက္ကသိုလ်ကျောင်းတွင် မြန်မာစာဂုဏ်ထူးတန်းကို ၁၉၂၅ ခုနှစ်တွင် စတင်ဖွင့်လှစ်သည်။ သိပ္ပံမောင်ဝသည် ယင်းဂုဏ်ထူးတန်း၏ တစ်ဦးတည်းသော ပထမဦးဆုံးကျောင်းသားဖြစ်သည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်းဖွင့်လှစ်နိုင်အောင် စီစဉ်သူမှာ မြန်မာစာပေတွင် ကျေးဇူးကြီးမားလှသော ဆရာကြီးဦးဖေမောင်တင်ဖြစ်ပါသည်။ မြန်မာစာပေကို အဆင့်မြင့်အောင်စီမံလိုက်ခြင်းဖြစ်ပါသည်။ ယင်းအစီအမံကို ဝင်ရောက်အကောင်အထည်ဖော်သူကား သိပ္ပံမောင်ဝဖြစ်ပါသည်။ ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်၌ မြန်မာစာဌာနမရှိသေးပါ။ အရှေ့တိုင်းဘာသာရပ်များဆိုင်ရာဌာနသာရှိသေးသည်။ ဆရာကြီးဦးဖေမောင်တင်က ပါမောက္ခဖြစ်ပါသည်။ လူထုဦးလှက

"၁၉၂၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ်များဆိုင်ရာ ပါမောက္ခ ဦးဖေမောင်တင် ဗိလတ်ကပြန်ရောက်လာတယ်။ ၁၉၂၀ ခုနှစ် သပိတ်အရေးတော်ပုံကြောင့် တိုင်းပြည်တိုးတက်နေတဲ့ မျိုးချစ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်များနဲ့အညီ ပါမောက္ခဦးဖေမောင်တင်က တက္ကသိုလ်မှာ မြန်မာစာကို အဆင့်အတန်း တိုးမြှင့်ဖို့ စီမံတယ်။ မြန်မာစာဂုဏ်ထူးတန်းကို တက္ကသိုလ်မှာ စဖွင့်ပေးလိုက်တယ်။ သိပ္ပံမောင်ဝဟာ မြန်မာစာဂုဏ်ထူးတန်းရဲ့ ရှေးဦးဆုံးကျောင်းသား ဖြစ်တဲ့အပြင် – – – " ၁

ဟုရေးသားခဲ့သည်။ သိပ္ပံမောင်ဝသည် ၁၉၂၇ ခုနှစ်တွင် မြန်မာစာဂုဏ်ထူးတန်းကို ပထမတန်းဖြင့် အောင်မြင်သည်။ သိပ္ပံမောင်ဝ မြန်မာစာဂုဏ်ထူးတန်းတက်ခြင်းသည် မြန်မာစာကိုမြတ်နိုး၍ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိပါ။ စာပေလောကတွင် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ တို့ တစ်တွဲတည်းထင်ရှားလာကြသည်။ ဤသုံးဦးတွင် သိပ္ပံမောင်ဝသည် ကျောင်းသားကြီးဖြစ်သည်။ အင်္ဂလိပ်စာလည်းတော်သူဖြစ်သည်။ သိပ္ပံမောင်ဝ မြန်မာစာကိုမြတ်နိုးကြောင်း အင်္ဂလိပ်စာတော်ကြောင်းနှင့်ပတ်သက်၍ လူထုဦးလှက

" . . . မြန်မာစာကို အထင်မသေးသင့်ကြောင်း ကြီးပွားတိုးတက်အောင်လုပ်ကြရမယ် စသည်ဖြင့်ပြောလေ့ရှိတယ်။ မြန်မာစာကို အထင်သေးသူများကိုမကြိုက်။ မြန်မာစာကို အထင်သေးသူများကို သရော်တဲ့ ဆောင်းပါးတစ်ပုဒ်ရေးပြီး တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းဟောပြောပွဲတစ်ခုမှာ သူဖတ်တယ်။ ကိုဝနဲ့ ကိုဇော်ဂျီဟာ ဒီလိုနဲ့ ရင်းနှီးလာကြတယ်။ ကိုဝဟာ အလွန်သဘောကောင်းသူဖြစ်တယ်ဆိုတာကို ကိုဇော်ဂျီသိလာတယ်။ ကိုဇော်ဂျီ မြန်မာစာဝါသနာပါတယ်ဆိုတာ သိရတော့ ကိုဝအလွန်သဘောကျတယ်။ ဝမ်းမြောက်တယ်။ နည်းပေးလမ်းပြလုပ်တယ်။ ကိုဝဟာ အင်္ဂလိပ်စာလည်းတော်တယ်။ ပထမနှစ်ကျောင်းသားငယ်ဖြစ်တဲ့ ကိုဇော်ဂျီကို အင်္ဂလိပ်စာများဖတ်ခိုင်းတယ်။ အက်ဆေး(Essay) ကောင်းတွေကို ဖတ်စေတယ် " ၂

ဟုရေးသားခဲ့သည်။ မြန်မာစာဂုဏ်ထူးတန်းယူခြင်းနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ ကိုယ်တိုင်ရေးသားဖော်ပြချက်ကိုလည်း တင်ပြပါဦးမည်။

"– – – ထိုနှစ်တွင် ကျွန်တော်သည် ဥပစာတန်းကို အောင်မြင်၏။ ဥပစာတန်းကို အောင်မြင်သည်ဟု ကြားသည်နှင့် တစ်ပြိုင်နက် မြန်မာစာဂုဏ်ထူးတန်းကိုပင် ယူမည်လော။ ပါဠိဘာသာဂုဏ်ထူးတန်းကိုပင် ယူမည်လောဟု တွေးတောဒွိဟဖြစ်ကာ ဆုံးဖြတ်မရနိုင်အောင်ဖြစ်လျက်နေလေသည်။ ကျွန်တော်ကဲ့သို့ပင် မြန်မာစာဂုဏ်

www.burmeseclassic.com



ထူးတန်းကို ယူသူတို့လည်း ဖြစ်ကြဖူးမည်ဟု ယုံကြည်ပါသည်။ မြန်မာစာဂုဏ်ထူးယူလိုသည်ကား အခြားကြောင့်မဟုတ်။ မြန်မာစာကိုလေ့လာရန် ဆန္ဒရှိသည်ကတစ်ကြောင်း၊ မြန်မာစာကိုအားပေးလိုသည်က တစ်ကြောင်း၊ မြန်မာစာကိုဝါသနာပါသည်ကတစ်ကြောင်း တို့ကြောင့်ဖြစ်ပါသည် " ၃

ဟု ၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မြန်မာစာ ဂုဏ်ထူးယူသူများ အသင်း ကတောင်းဆို၍ သိပ္ပံမောင်ဝကိုယ်တိုင်ရေးပေးလိုက်သော စာတမ်းတွင် တွေ့ရသည်။

သိပ္ပံမောင်ဝသည် ပထမတွင် မြန်မာနှင့် ပါဠိကြားတွင်ဗျာများနေသည်။ မြန်မာဘာသာကို ဂုဏ်ထူးယူလျှင် မြန်မာစာတစ်မျိုးတည်းသာ ကျွမ်းကျင်၍ ဘီစီအက် အိုင်စီအက် စာ မေးပွဲများဝင်ရန် ခက်ခဲပေမည်။ ပါဠိဘာသာ ဂုဏ်ထူးယူလျှင် ပါဠိအပြင် အခြားဘာသာကို ကျွမ်းကျင်မည်။ မြန်မာဘာသာမှာ မိမိတို့စာပေဖြစ်သောကြောင့် ဘီစီအက် အိုင်စီအက် စာမေးပွဲဝင်ကအောင်မြင်နိုင်သည်။ ပါဠိဘာသာယူသူများ ယင်းစာမေးပွဲများတွင် အောင်မြင်သွားကြသည်ကို သူသိသည်။ ယင်းသို့ **ဝါသနာနှင့် အလုပ်** ကြား စိတ်ဒုက္ခများနေလေသည်။

ကျောင်းပြန်ဖွင့်သောအခါ ဝါသနာဘက်သို့ ဦးစားပေးကာ ဆရာဦးဖေမောင်တင်ထံသို့ဝင်ကာ မြန်မာစာဘာသာဂုဏ်ထူး ယူလိုကြောင်းပြောလေသည်။ သို့သော် ဆရာဦးဖေမောင်တင်က ဂုဏ်ထူးအတန်းတွင် သင်ကြားပြသရန် ဆရာမလုံလောက်သဖြင့် ဂုဏ်ထူးတန်းမဖွင့်နိုင် ဟုပြောလိုက်၏။ ထိုအခါ သိပ္ပံမောင်ဝ ဝမ်းသာဝမ်းနည်းဖြစ်ရ၏။ ဝမ်းသာသည်က အလုပ်အတွက်ဖြစ်၍ ဝမ်းနည်းသည်ကား ဝါသနာ အတွက်ဖြစ်သည်။ သို့နှင့်သိပ္ပံမောင်ဝသည် ပါဠိ ဂုဏ်ထူးတန်းကို တက်ရလေသည်။ သို့သော် တနင်္ဂနွေ နှစ်ပတ်ခန့်မျှတက်ပြီးနောက် သူ့ကို ဘာဇာ(ယခုမော်ကွန်းထိန်းကဲ့သို့ရာထူးမျိုး) ကတွေ့လိုကြောင်း ပြောသဖြင့် ကြောက်ကြောက်နှင့်သွားတွေ့ရာ **မြန်မာစာဂုဏ်ထူးတန်းယူလိုက ယူနိုင်ကြောင်း** ဘာဇာကပြောလိုက် သည်။ သူကစဉ်းစားချိန်မတောင်းတော့ဘဲ "ယူပါမည်" ဟုတစ်ခါတည်းပြောလိုက်လေသည်။

"မြန်မာဘာသာဂုဏ်ထူးယူသူကား ကြောင်တောင်တောင်နှင့်တစ်ယောက်တည်းသာရှိသည်။ တိုင်ပင်ရန်လည်းမရှိ။ ပျင်းစရာလည်း ကောင်းလှ၏။ အချိန်စာရင်းမှာလည်း မိမိတစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အတန်းတက်ရသည်ကားနည်း၏။ ဘုံမရှိသောသူကဲ့သို့ ဟိုအတန်းပြေး သည်အတန်းပြေး၍ ရုံဖန်ရံခါ ဝိဇ္ဇာအထက်တန်း မြန်မာစာယူသူတို့နှင့်အတူတူတက်ရ၏။ ရံဖန်ရံခါ ဥပစာတန်းသားများနှင့်အတူလိုက်၍တက်ရလေသည်။ ရံဖန်ရံခါ ပါဠိယူသူ ဝိဇ္ဇာအထက်တန်းသားများနှင့် သင်ကြားရ၏။ ဤသို့ဘုံမရှိဘဲ ဟိုပြေးသည်ပြေး၍တက်ရသောအတန်းကများ၏။ တစ်ယောက်တည်း တစ်သီးပုဂ္ဂလတက်ရသောအတန်းမှာ တနင်္ဂနွေတစ်ပတ်မှာလေးကြိမ်မျှသာရှိလေသည်။ တစ်တန်းလုံးတွင် တစ်ယောက်တည်း ဆရာကြီးတစ်ဦးနှင့်စာသင်နေသည်ကို မြင်ကြရသောကျောင်းသားများတို့မှာ စောင်းငဲ့ကြည့်သွားလေ့ရှိလေသည်။ အားကျ၍ပင် ကြည့်သွားကြသလော။ ထူးဆန်း၍ပင် ကြည့်သွားကြသလော။ မည်သူပြောနိုင်အံ့နည်း" [၄]

ဟု သိပ္ပံမောင်ဝရေးခဲ့လေသည်။ သိပ္ပံမောင်ဝကားမြန်မာစာပေကိုဝါသနာထုံ၍ ချစ်မြတ်နိုး၍ ဂုဏ်ထူးတန်းတက်ကြောင်းထင်ရှားလှပါသည်။ ကောလိပ်သိပ္ပံကျောင်း၌ စာသင်စဉ်က သိပ္ပံမောင်ဝ၏ဆရာများမှာ ပါမောက္ခဦးဖေမောင်တင်၊ ပုဂံဝန်ထောက်ဦးတင်၊ ဂုဏ်ထူးဆောင်ဆရာကြီးဦးပွား၊ အဂ္ဂမဟာပဏ္ဍိတဦးလင်း တို့ဖြစ်ကြ၏။ သိပ္ပံမောင်ဝသည် ကဗျာကိုစနစ်တကျသင်ယူတတ်မြောက်ထားသူဖြစ်သည်။ သူသည် မြန်မာစာဂုဏ်ထူးတန်းတွင်ကဗျာကိုကောင်းစွာ သင်ယူခဲ့ရသည်။

"ဦးစိန်တင်သည် – – – – ပုဂံကျောက်စာမှစ၍ ပျို့၊ လင်္ကာ၊ ရာဇဝင်သမိုင်း တို့အပါအဝင် ကာလပေါ်ဝတ္ထုတို့အထိ ဖြစ်သောစာပေအမျိုးမျိုးတို့ဆိုင်ရာ နည်းနာနယတို့ကို ကျိုးနွံစွာခံယူသင်ကြားသည်။ ဘားနဒ်ပိဋကတ်တိုက်သို့ မပြတ်မလပ် သွားရောက်၍ မြန်မာမှုဆိုင်ရာ ပေစာ ပုရပိုဒ်စာ ပုံနှိပ်စာအမျိုးမျိုးတို့ကို ကြိုးကြိုးစားစား ဖတ်ရှုမှတ်သားသည်။ [၅]

ဟု ဦးသိန်းဟန်တို့က ရေးသားသည်။ သိပ္ပံမောင်ဝသည် ပထမဆုံး မြန်မာစာဂုဏ်ထူးတန်းကျောင်းသားဘဝအဖြစ် အခက်အခဲများစွာရင်ဆိုင်ခဲ့ရသည်။ ပြဋ္ဌာန်းချက်စာအုပ်အချို့ကိုဝယ်၍မရခဲ့။ ယိုးဒယားနိုင်မော်ကွန်းနှင့် ဝဏ္ဏပြဇာတ်တို့ကို ဝယ်၍မရပေ။ ဝဏ္ဏပြဇာတ်ကို ကူးယူသင်ကြားနိုင်သော်လည်း ယိုးဒယားနိုင်မော်ကွန်းကိုကား ဘားနဒ်ပိဋကတ်တိုက်တွင်ပင်မရှိတော့သောကြောင့် သင်ကြားခြင်းမပြုနိုင်ဘဲ ပြဋ္ဌာန်းချက်မှ ဖြုတ်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရေးသားထားသည်ကိုတွေ့ရသည်။

သို့ဖြင့် သိပ္ပံမောင်ဝသည် တစ်ဦးတည်းသောကျောင်းသားအဖြစ် ပထမနှစ်ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့၏။ ကျောင်းဖွင့်၍ကျောင်းတက်သောအခါ မြန်မာစာဂုဏ်ထူးယူသူ လေးယောက်တိုးလာသည်။ ထိုလေးယောက်ကား ဆရာညွန့်၊ ဦးဘမောင်၊ ဦးထွန်းလှနှင့် မဝမ်းမေတို့ဖြစ်ကြောင်း သိပ္ပံမောင်ဝက ရေးသားထားသည်။ ထိုအခါတွင် ဂုဏ်ထူးတန်းဒုတိယနှစ်တွင် သိပ္ပံမောင်ဝ တစ်ဦးတည်းနှင့် ဂုဏ်ထူးတန်းပထမနှစ်တွင် လေးဦးဖြစ်လာကာ မကြာမကြာ ဂုဏ်ထူးတန်းနှစ်တန်းကို ပေါင်းစပ်သင်ကြားလေ့ရှိသဖြင့် တပျော်တပါးကြီးဖြစ်ကြောင်းရေးသားသည်ကိုဖတ်ရှုရသည်။

သိပ္ပံမောင်ဝသည် ကဗျာကို စနစ်တကျသင်ကြားတတ်မြောက်သည်ဟု ဆိုခဲ့ပါသည်။ ယင်းအချက်ကိုအောက်ဖော်ပြပါ သိပ္ပံမောင်ဝ၏စာပိုဒ်များက သက်သေခံပါလိမ့်မည်။

> "တနင်္ဂနွေတစ်ပတ်လျှင် ကဗျာဖွဲ့ဆိုရန် အချိန်တစ်ချိန်ထားလေသည်။ ဂုဏ်ထူးနှစ်တန်းလုံးပေါင်း၍ ယူရ၏။ ထိုကဗျာအချိန်ကို ဆရာဦးလင်းကတစ်လှည့်၊ ဆရာဦးပွားကတစ်လှည့် ယူရ၏။ မိမိတို့စပ်၍လာသော ကဗျာများကို ထိုအချိန်တွင် ပြရလေသည်။ ဤသို့ပြကြသောအခါ ဆရာများက မှားသည့်နေရာများကို မှားကြောင်းပြောပြပြီးလျှင် အမှန်ဖြစ်အောင်ပြင်ပေးလေ့ရှိသည်။ ကဗျာသင်ကြား၍ နှစ်လခန့်ကြာသောအခါ အတန်းပင်ပျင်းတင်းတင်းဖြစ်၍ လာကြ၏။ တစ်နေ့သ၌ ကဗျာအချိန်သို့ ရောက်သောအခါဆရာဦးလင်းက မိမိတို့ဖွဲ့ဆိုခဲ့သောကဗျာများကိုပေးကြ ဟုတောင်း၏။ အတန်းသားများ အနက် မည်သူမျှ ကဗျာမပါလာသောကြောင့် ဆရာ့အား အကြောင်းသားငေး၍ ကြည့်နေကြကုန်သောအခါ ဆရာလည်းဘာမျှမပြောဘဲ သင်ပုန်းကြီးနားသို့သွားပြီးလျှင် အောက်ပါလေးချိုးကို ကောက်၍ရေးလေတော့သတည်း"

**လေးချိုး**

တပည့်ခများတွေ ညည်းရှာကြချေပေါ့
တကယ့်ကဗျာအခြေ နည်းနာပြရုံနှင့်
ပြီးမှာက မဟုတ်ပြန်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့းမဖင့်သာဘ
တွေးချင်ပါ့ ဘယ်ပညာမဆိုပ
တကယ်သင်ရာ အလိုလေ့ကျင့်ခန်းရယ်လို့
ထားကာပင် များစွာစွမ်းကြတယ်
လမ်းရှိအမှန်။
မြန်မာအော်နာယူ ဂုဏ်ထူးရယ်နဲ့
ကဗျာပေါ်မှာမူ အစုံမနူးရင်လှ
လူနံ့တစ်ဦးရယ်လို့ သဘောနဂိုမဟာန်အောင်
ပြောအဆိုခံရပါလိမ့် တပည့်အပေါင်း။
စိတ်ကရယ်လေ
ကိစ္စတွေ အလွန်ပွေလို့
ခုနစ်ထွေ ရက်အတွင်းမှာလှ
အကွက်အခင်းနော် ကဗျာစီဖို့
တစ်နာရီအချိန်မှ မထားနိုင်ဘ
အပျင်းပိုကာ အငြင်းဆိုတဲ့စကားဟာက
တအားချို့စရာ အကြောင်းပေပ
(တပည့်တို့ရယ်) ကြားလို့မကောင်း။ ။

ဋ္ဌင်းလေးချိုးကို ရေးပြီးသောအခါ ဘာမှမပြော။ ဆရာလည်းခပ်တည်တည်နှင့်ထိုင်နေတော့၏။ တပည့်အပေါင်းမှာလည်းမနေတတ် မထိုင်တတ် ဖြစ်နေကြလေသတည်း။ ထို့နေ့မှစ၍ ကဗျာနေ့သို့ရောက်လျှင် ကြိုးစားကာ တစ်ပုဒ်နှစ်ပုဒ် စပ်ကြရလေသည်။ တစ်ခါတစ်ရံ ကဗျာမစပ်ရသေးလျှင် ဆရာလာခါနီးမှ ဝိုင်းအုံကာ ကဗျာတစ်ပုဒ်နှစ်ပုဒ်ကို စပ်လေ့ရှိကြ၏။ ထိုအခါကစပ်သောကဗျာတို့အနက် ဆရာညွှန်၍ စပ်သောကဗျာတို့မှာ နှ၏။ စိတ်ကူးလည်းယဉ်ပေသည်"[6]

သိပ္ပံမောင်ဝ၏ ဤစာကို ဖတ်ရသောအခါတွေးစရာများရှိလာသည်။ ကဗျာများရေးသားစပ်ဆိုရကြောင်း သူရေးထား၏။ ဆရာကြီးဦးလင်းစပ်ဆိုသော လေးချိုးကဗျာကိုလည်း လုံးစေ့ပတ်စေ့ဖော်ပြထား၏။ သို့သော်သူတို့ ကျောင်းသားများ စပ်ဆိုသော ကဗျာများကိုမူ ဖော်ပြခြင်းမရှိပါ။ ထို့ခေတ်က သိပ္ပံမောင်ဝသည် ကျောင်းသားအဖြစ် ကဗျာရေးစပ်ခဲ့ရမည်သာဖြစ်ပါသည်။ အခြားကျောင်းသားများရေးသည့် ကဗျာကိုထားဘိဦး။ မိမိရေးစပ်သောကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖော်ပြရန်သင့်ပါ၏။ အဘယ်ကြောင့်မဖော်ပြသနည်း။ သူသည်မိမိကိုယ် မိမိ စကားပြေသမားဟု ခံယူထား၍လော။

"ကျွန်ုပ်တို့ကား ကဗျာရေးသားဖူးသော်လည်း ကဗျာဘက်၌မထူးချွန်။ ယခု အင်းစိန်တွင် ရာဘက်တရားသူကြီးဦးသိန်း၊ ထို့နောက်မြို့မ ကျောင်းဆရာ မောင်သိန်းဟန်တို့မှာ ကဗျာအရေးအသားကောင်းသူ များဖြစ်ကြလေသည်။ မောင်သိန်းထက် မောင်သိန်းဟန်က စိတ်ကူး ဉာဏ်ကောင်း၏။

၅-၉-၃၃ ရက်စွဲပါစာတစ်စောင်တွင်လည်း

"မောင်ဝ၌ ရွှင်ပျသောဉာဏ်ရှိစေကာမူလင်္ကာဉာဏ်ကား ထင်လောက် မရှိသည်ကို ရိပ်မိပါလိမ့်မည်။ မောင်ဝကား လင်္ကာ ဆရာမဟုတ်။ လူပျက်မျှသာတည်း" ၇

အထက်ပါ သိပ္ပံမောင်ဝ၏ ရေးသားချက်နှင့်ပတ်သက်၍

"ဦးစိန်တင်သည် စကားပြေအရာတွင်အလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ် ဖြစ်သည်။ သို့သော်လည်း လင်္ကာအရာတွင်ကား သူ့ကဗျာတို့ကို ကောင်းစွာမတွေ့ရဖူးသဖြင့် မပြောတတ်။ သူကိုယ်တိုင်ကမူ ကဗျာ နှင့်စပ်လာလျှင် သူကိုယ်သူ ရှုတ်ချပြောလေ့ရှိသည်" ၈

ဟု ဇော်ဂျီ တို့က ဝေဖန်ရေးသားကြပါသည်။

ဖော်ပြပါကောက်နုတ်ချက်များအရ သိပ္ပံမောင်ဝသည် ကဗျာနှင့်ပတ် သက်၍သူကိုယ်သူအတော်နှိမ့်ချထားပုံရသည်။ ထို့ကြောင့်လည်းကျောင်းသင် ခန်းစာအဖြစ်ရေးသားစပ်ဆိုခဲ့ရသော ကဗျာများကို မဖော်ပြခြင်းလောဟုတွေး ရပါသည်။

လူထုဦးလှကလည်း သိပ္ပံမောင်ဝ၏ကဗျာရေးသားမှု၊ ကဗျာအပေါ် သံယောဇဉ်ကြီးမှု ဝါသနာထုံမှုကို ဤသို့ဖော်ကျူးထားပါသည်။

"သိပ္ပံမောင်ဝဟာ ပင်ကိုကစာရေးဝါသနာပါသူစာအုပ်စာတမ်းထုတ် လုပ်ချင်သူဖြစ်တယ်။ သူတို့ခေတ်က တက္ကသိုလ်မဂ္ဂဇင်းဟာ ခပ်ပါး ပါးသာရှိသေးတယ်။ တစ်နှစ်မှာ နှစ်ကြိမ်လောက်သာ ထုတ်လေ့ရှိ တယ်။ ရေးတဲ့သားတဲ့လူတွေကလည်း အင်မတန်နည်းသေးတယ်။ အယ်ဒီတာလုပ်တဲ့လူက ကြိုးစားတောင်းပေမယ့် ရေးတဲ့လူတွေက နေ့ရွှေ့ညရွှေ့နဲ့ပေးချင်မှပေးတယ်။ တစ်ခါမှာအချိန်ကြာကြာလွန်း တော့ သိပ္ပံမောင်ဝက စိတ်မရှည်နိုင်တော့ဘဲ၊ မစောင့်တော့ဘဲ

www.burmeseclassic.com



သူ့ကဗျာလေးတွေရော၊ ဆောင်းပါးတွေရော၊ ဝတ္ထုတိုလေးတွေရော သူတစ်ယောက်တည်းနာမည်အမျိုးမျိုးနဲ့ ရေးပြီးပုံနှိပ်ထုတ်ဝေလိုက်တယ်။ မဂ္ဂဇင်းထွက်တော့ ကျောင်းသားကိုပျင်းတွေက ကြိုက်ကြတယ်။

"စောစောပိုင်းက သူကဗျာနည်းနည်းပါးပါး ရေးဖူးသေးတယ်။ အဲဒီခေတ်က မဂ္ဂဇင်းတွေကိုလဲ သိမ်းထားတယ် ။ သူ့ကဗျာလေးတွေဖတ်ပြီး တယ်မဆိုးပါဘူးလို့ ရယ်လေ့ရှိတယ်" ၉

ဤစာပိုဒ်တွင်လည်း လူထုဦးလှက "သူကဗျာ နည်းနည်းပါးပါးရေးဖူးသေးတယ်" ဟုသာဆိုသည်။ မည်သည့်ကဗျာကိုရေးသားခဲ့ကြောင်း ဖော်ပြခြင်းမပြုပေ။ မည်သို့ပင်ဖြစ်စေ။ သိပ္ပံမောင်ဝကား ကဗျာကိုစနစ်ကျနစွာ သင်ယူခဲ့ရသည်။ ကဗျာရေးဖူးသည်။ ကဗျာရေးတတ်သည်။ ကဗျာကိုစိတ်ဝင်စားသည်။ ကဗျာအပေါ်သံယောဇဉ်ကြီးသည် ဟူ၍ဆိုရပါတော့သည်။

**ခေတ်စမ်းစာပေနှင့်သိပ္ပံမောင်ဝ**

"လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်" ဟူ၍လည်းကောင်း၊ "အရိုးပေါ်အရွက်မဖုံးစေနှင့်" ဟူ၍လည်းကောင်း မြန်မာ့ဆိုရိုးစကားရှိပါသည်။ တီထွင်သည်ဆန်းသစ်သည်ဟုဆိုရာ၌ မူလရှုပ် ပင်ကိုသဏ္ဌာန်မပျောက်ကွယ်စေဘဲ ပြုပြင်ခြင်း စမ်းသပ်ပြောင်းလဲခြင်း သဘောတရားတို့ပါဝင်လေသည်။ ထိုနည်းတူစွာပင် မြန်မာစာစကားပြေ မြန်မာကဗျာသည် ပုဂံခေတ်မှ စတင်သန္ဓေတည်ကာ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူ၊ ကုန်းဘောင်စသည်ဖြင့် အဆင့်ဆင့်စည်ပင်တိုးတက်လာခဲ့သည်။ မြန်မာထီးနန်းပျက်သုဉ်းပြီးနောက် ကိုလိုနီခေတ်တိုင်အောင် စကားပြေ ကဗျာ ရေစီးကြောင်းသည်စီးမြဲ၊ဆင်းမြဲ၊ရှင်သန်မြဲဖြစ်ခဲ့၏။ ထိုအချိန်ကာလတွင် ရန်ကုန်တက္ကသိုလ်မှ စာပေသမားစာစ်စုတို့၏ စာပေဆန်းသစ်မှုသည် မှတ်မှတ်ထင်ထင်ဖြစ်လာခဲ့၏။ မြန်မာစကားပြေလောက မြန်မာကဗျာလောကအတွက် "ခေတ်စမ်းစာပေ"ဟူသည် တသီးတခြားထွက်ပေါ်ခဲ့သည်။ ယင်း၏အရှိန်သည်ကြီးမားလှသည်။ ဆရာကြီးဦးဖေမောင်တင် ဦးဆောင်ကာ တက္ကသိုလ်ကျောင်းသားတစ်စု ကြိုးပမ်းအားထုတ်သော ခေတ်စမ်းစာပေမီးတိုင်ကြီးသည် ထိန်ထိန်ညီးညီး တောက်ပခဲ့လေသည်။ ခေတ်စမ်းစာပေနှင့်အတူ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ တို့၏ကလောင်အညွှန့်များထင်ရှားလာခဲ့လေသည်။ ထိုသုံးဦးတွင် သိပ္ပံမောင်ဝ၏အခန်းကဏ္ဍသည်

www.burmeseclassic.com

www.burmeseclassic.com



စကားပြေအရာ၌ များစွာ အရေးပါခဲ့သည်။

ခေတ်စမ်းစာပေတွင် စကားပြေ နှင့် ကဗျာ ဟူ၍ ကဏ္ဍနှစ်ခုရှိရာ သိပ္ပံမောင်ဝသည် စကားပြေအရာတွင် မားမားရပ်ကာ စကားပြေဆရာအဖြစ် ခံယူလိုက်လေသည်။ ဝါကျတိုတိုကလေးများဖြင့် အရေးအသားသွက်လှသော သိပ္ပံမောင်ဝ စကားပြေများ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည်။ "မောင်လူအေး" ကိုဇာတ်ကောင်ထားကာ ရေးဖွဲ့သော သုံ့ဝတ္ထုများကို ပြည်သူများဖတ်ရှုနှစ်သက်ကြသည်။ သူကား ကိုယ်ပိုင်ပာန်တစ်မျိုးကို ထွန်းပေါက်အောင်မြင်စွာ ထုထောင်နိုင်ခဲ့သူဖြစ်ပါသည်။

သိပ္ပံမောင်ဝသည် စကားပြေကို လက်သံပြောင်စွာ ရေးသားနေချိန်တွင် ကဗျာကိုလျစ်လျူရှုထားခြင်းမရှိပေ။ သူ၏ပြောင်မြောက်သော ကလောင်စွမ်းဖြင့် ခေတ်စမ်းကဗျာများဘက်မှ မားမားရပ်တည်ခဲ့၏။

မြန်မာကဗျာရေစီးကြောင်းတွင် "ခေတ်စမ်းကဗျာ" ဟူသည်အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် ပေါ်ထွက်ခဲ့ပြီး နေရာတစ်ခုကိုအတည်တကျယူထားနိုင်ခဲ့သည်။ ခေတ်စမ်းကဗျာများကို ဇော်ဂျီ၊ ဟက္ကသိုလ်မောင်သန့်စင် တို့ကဦးဆောင်ရေးခဲ့သည်။ သိပ္ပံမောင်ဝကား သူကိုယ်သူ့စကားပြေသမားဟု ခံယူထားသူဖြစ်ရကား ကဗျာဝင်ရောက်ရေးသည်ကို မတွေ့ရပေ။ ရှာဖွေတွေ့ရှိသလောက် ကဗျာများမှာလည်း ခေတ်စမ်းကဗျာမပေါ်မီ အချိန်ကာလများက ရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သိပ္ပံမောင်ဝအမည်ဖြင့်တစ်ပုဒ်သာရေး၍ကျန်ကဗျာများကို အခြားကလောင်အမည်ကွဲများဖြင့် ရေးသားခဲ့ခြင်းဖြစ်လေသည်။ သို့သော် ခေတ်စမ်းကဗျာအရေးတွင် သိပ္ပံမောင်ဝသည် သူ၏စကားပြေအတတ်ပညာဖြင့် ပါဝင်ရေးသားချီးမြှောက်ခဲ့သည်။ သူသည် ခေတ်စမ်းကဗျာများနှင့်ပတ်သက်၍ ဆောင်းပါးပေါင်း ၆ ပုဒ်ရေးခဲ့သည်။ ဆောင်းပါးများကို အမှတ်စဉ်ထိုးကာ ၁၊ ၂၊ ၃၊ ၄၊ ၄က၊ ၄ခ ဟူ၍ အမည်တပ်ထား၏။ **ခေတ်စမ်းကဗျာ ၁ တွင်** ခေတ်စမ်းစာပေဟူ၍ ပေါ်ပေါက်လာပုံကို ရေးသားလေသည်။ မြန်မာ တစ်ပြည်လုံးအင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် မြန်မာစာမှေးမှိန်ခဲ့ရပုံ၊ ကျောင်းများတွင်သင်ကြားရသော မြန်မာစာပေအောက်တန်းကျပုံ၊ ထိုအခါကျောင်း များ၌ အင်္ဂလိပ်စာတော်သူများ အခြားဘာသာတော်သူများသာဂုဏ်ရှိ၍ မြန်မာစာတော်သူများချောင်ကုပ်နေရကြောင်း၊ မြန်မာစာပေအညွှန့်ဆုံးသို့ ရောက်သွားမည်ကို မကြည့်ရက်နိုင်သူတို့ မြန်မာမဂ္ဂဇင်း၊ သတင်းစာများထုထောင်ကြပုံ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာမောင်မှိုင်း၊ ပီမိုးနင်းတို့စာများစတင် ရေးသားကြပုံ၊ ထို့နောက် ဦးဖိုးကျား၊ ဦးဘချိုတို့ရေးသားကြပုံများ၊ မြန်မာ သက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် တက္ကသိုလ်ကျောင်း သပိတ်မှောက်ပြီးနောက် အမျိုးသားကျောင်းများထွန်းကားလာကာ သက်ဆိုင်ရာတို့က မြန်မာစာပေကို အားပေးလာပုံ၊ တက္ကသိုလ်ကျောင်းတွင် ဦးဖေမောင်တင်၏ အားထုတ်မှုကြောင့် မြန်မာစာပေ ခေတ်စားလာပုံကို အစချီပြီးလျှင် –

"မဂ္ဂဇင်းဂျာနယ်များတွင် ရှေးဦးတွင်စကားပြေများကို ရေးကြ၏။ နောင်ကဗျာခန်းများဖွင့်ပေးထားသောကြောင့် ကဗျာများကိုအမြောက်အမြား ပါဝင်ရေးသားကြလေသည်။ ဤသို့အမြောက်အမြားပါဝင်ရေးသားကြသော်လည်း အစဖြစ်သောကြောင့် ကဗျာကောင်းများကို မမြင်ရပေ။ ဒဂုန်တွင် သတိုးပိယအမည်ခံ ဆရာဦးချစ်စရာ၊ သျှင်သန်းမေ အမည်ခံတို့ရေးသားကြသော ကဗျာများမှာ အထူးပင်ကောင်းမွန်သောကြောင့် လူကြိုက်များလေသည်။ ထို့နောက် စာပေခေတ်ကြီးအတွင်း ပါဝင်နေကြသော ကျောင်းသားလူငယ်တို့သည်လည်း တက္ကသိုလ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင်ကလောင်စမ်းသောအနေနှင့် ကဗျာများ စကားပြေများကို ရေးသားကြကုန်၏။ ဤသို့စတင်ရေးသား၍ အတန်ကြာသောအခါ ရှေးရိုးအတိုင်းမရေးသား မဖွဲ့ဆိုမူ၍ တစ်နည်းထွင်ကာ ခပ်ဆန်းဆန်းကလေးဖွဲ့ဆိုရေးသားကြလေသည်။ ဆန်းသည်ဆိုရာ၌ ရေးသားစပ်ဆိုပုံရော စိတ်ကူးစိတ်သန်းရော ဆန်းကြယ်ခြင်း ကိုဆိုလိုသည် "

"ခေတ်စမ်းကဗျာများ စတင်ထွန်းကား၍လာသည်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းမှဖြစ်လေသည်။ အကယ်၍ ရန်ကုန်တက္ကသိုလ်ကျောင်းမှ စတင်၍ တီထွင်ခြင်းမပြုလုပ်လျှင် အခြားတစ်နေရာမှ စတင်လာကြပေလိမ့်မည်။ အကြောင်းမူကား လက်ာ ကဗျာ စာပေအရေးအသားတို့မှာလည်းဘိုင်းရေးပြည်ရေး အစရှိသော အရေးများကဲ့သို့ပင် တည်၍မနေဘဲ တိုးတက်၍ နေသောကြောင့်တည်း။ စာပေအရေးအသားတိုးဘက်ခြင်းကိုကား တားဆီး ပိတ်ပင်၍ မရချေ။ အသက်ရှိသောသတ္တဝါကဲ့သို့ပင်တစ်စတစ်စတိုးတက်၍လာနေလေသည်။ အကယ်၍ မတိုးတက်နေခဲ့ပါလျှင် ပုဂံခေတ်က စာပေမှာ ယခုခေတ်စာပေနှင့်အတူတူပင် ဖြစ်နေလိမ့်မည်။ သို့ဖြစ်၍ စာပေတိုး

www.burmeseclassic.com

www.burmeseclassic.com



တက်နေသည်ကို ဝမ်းနည်းကာ ကဲ့ရဲ့ရှုတ်ချနေသော်လည်း အချည်းအနှီးသာ ဖြစ်ကြလေတော့မည်" [၁၀]

ဟု ခေတ်စမ်းစာပေ၏ လမ်းကြောင်းအစကို မီးမောင်းထိုးပြထားသည်ကိုတွေ့ရ၏။

**ခေတ်စမ်းကဗျာ** ၂ တွင် ကဗျာနှင့်ပတ်သက်၍ အယူဝါဒကွဲပြားနေကြောင်း၊ သို့သော် ရှေးရိုးနှင့်ခေတ်စမ်းသည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အကျိုးပြုနေကြောင်းကို ဤသို့ရေးသားခဲ့သည်။

"မည်သည့် တိုင်းပြည်တွင်မဆို ကဗျာ လင်္ကာ ပန်းချီ ပန်းပု ပညာများ ထွန်းကား၍ လာသောအခါ ဝါဒနှစ်မျိုးပေါ်လာလေ့ရှိသည်။ ဤသို့ဝါဒနှစ်မျိုးပေါ်လာသည်မှာ ယခုအခါမှမဟုတ်။ ရှေးအခါကလည်း ဤနည်းအတိုင်းပင်ဖြစ်လေသည်။ ၎င်းဝါဒနှစ်မျိုးတို့ကား

(က) ရှေးရိုးလမ်းကိုလိုက်သောဝါဒ

(ခ) ရှေးရိုးလမ်းကိုမလိုက်ဘဲ လမ်းသစ်ထွင်သောဝါဒ

များဖြစ်ကြပါသည်။ မှတ်သားရလွယ်ကူစေရန် ပထမဝါဒကိုရှေးရိုးဝါဒဟုခေါ်၍ ဒုတိယဝါဒကို ခေတ်စမ်းဝါဒဟုခေါ်ဆိုကြပါစို့။ ဤသို့ဝါဒနှစ်မျိုးရှိသည်မှာလည်း ကောင်းသည်ပင်ဖြစ်တော့၏။ ခေတ်စမ်းဝါဒမရှိလျှင် မည်သည့်အရာမဆိုတိုးတက်တော့မည်မဟုတ်။ ထိုင်လျက်သာနေလေတော့မည်။ ပျင်းရိငြီးငွေ့ဖွယ်ကြီးဖြစ်နေပြီးလျှင် နောက်ဆုံး၌ ဆုတ်ယုတ်ခြင်းတွင်အဆုံးသတ်ရပေလိမ့်မည်။ ရှေးရိုးဝါဒမရှိပြန်ကလည်း ခေတ်စမ်းသမားတို့က အရမ်းမဲ့ပြုပြင်သွားကြမည်သာဖြစ်သောကြောင့် အမှားမှားအယွင်းယွင်း တို့နှင့်တိုးမိကြလိမ့်ပေလိမ့်မည်။ ရှေးရိုးသမားများ ရှိနေသောကြောင့် ခေတ်စမ်းသမားတို့မှာ မိမိတို့ထင်တိုင်း မထွင်ဝံ့တော့ဘဲ သတိထားကာ တစတစသာလျှင် ထွင်သွားကြပေလိမ့်မည်။ ဤဝါဒနှစ်မျိုးတို့မှာ တစ်မျိုးကိုတစ်မျိုး အထောက်အပံ့ပေးနေကြသောကြောင့် ၎င်းနှစ်မျိုးစလုံးအလိုရှိအပ်ပေသည်။ [၁၁]

ဤကားခေတ်စမ်း ကဗျာပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ရှေးရိုးနှင့်ခေတ်စမ်းတို့၏ ဆက်စပ်မှု အပြန်အလှန်အကျိုးပြုမှုကို သိပ္ပံမောင်ဝက ဝေဖန်သုံးသပ်ခြင်းဖြစ်သည်။ သူ၏အယူအဆကို ဆက်၍ရှုပါဦး။

"အချုပ်ကိုဆိုရသော် ယခုကဲ့သို့ခေတ်စမ်းသမားများ ခေတ်စမ်းက

www.burmeseclassic.com

www.burmeseclassic.com



ဗျာများ ပေါ်ပေါက်ထွန်းကားလာခြင်းသည်လျှင် မြန်မာစာတိုးတက်သည်မည်ပေ၏။ တိုးတက်ကြီးပွားသည်ဆိုသော စကားများကပင် သက်သေပြနေကြပေသည်။ရှေးရိုးအစဉ်အလာအတိုင်း မနေခြင်းကိုပင် တိုးတက်သည်ဟုဆိုနိုင်လေသည်။ သို့သော် ကောင်းသောတိုးတက်ခြင်း၊ဆိုးသောတိုးတက်ခြင်း ဟူ၍ကား ရှိနိုင်လေသည်။ ယခုခေတ်စမ်းကဗျာတိုးတက်ခြင်းသည် ကောင်းသောတိုးတက်ခြင်းလော ဆိုးသောတိုးတက်ခြင်းလော ဟုမပြောနိုင်သေးပေ။ အချိန်တည်းဟူသော တရားသူကြီးကသာလျှင် ဆုံးဖြတ်ပေလိမ့်မည်။ ရှေးရိုးသမားနှင့် ခေတ်စမ်းသမားတို့မှာ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်ကဲ့ရဲ့နေ၍ အကျိုးမရှိပေ။ တစ်ဦးအကြိုက်ကို တစ်ဦးကလိုက်နိုင်ကြမည်လည်း မဟုတ်။ ခေတ်စမ်းသမားတို့ ထွင်သည်ကိုထွင်ကြပါစေ။ ရှေးရိုးသမားတို့ကိုလည်း ခေတ်စမ်းသမားတို့က မကဲ့ရဲ့ကြပါနှင့်။ သူတို့နည်းလမ်းအတိုင်း သူတို့သွားကြပါစေ။ မည်သည့်အရာကိုမဆို ဤသို့ဝါဒနှစ်မျိုးရှိသည်မှာ ကောင်းသောအရာပင်တည်း " ၁၂

"ထိုမှတစ်ပါး ရှေးရိုးသမားတို့သည် အလှအပကို ပို၍အလေးပေးကြသည်။ ခေတ်စမ်းသမားတို့ကား အလှအပကိုချည်းဂရုမစိုက်။ အသုံးကျမကျ အရာရောက်မရောက်ကိုလည်း သတိထားကြပေသေးသည် " ၁၃

ဟုလည်း ဝေဖန်သုံးသပ်ထားသည်မှာ ခေတ်စမ်းကဗျာ၏ သဘောသကန်ကိုပေါ်လွင်စေပါသည်။

"ဤခေတ်စမ်း စာအုပ်ထဲမှာပင် ရှေးရိုးဝါဒကို နှစ်သက်သောသူ ခေတ်စမ်းဝါဒကို နှစ်သက်သောသူတို့၏ ကဗျာများပါဝင်နေလေသည်။ ဦးတိုးအောင်၊ မောင်ဘသောင်း၊ မောင်ဇော်မောင်တို့ကား ရှေးရိုးသမားများတည်း။ မောင်သိန်းဟန်တို့ကား ခေတ်စမ်းသမားများဖြစ်ကြ၏။ ဦးဇမောင်မှာ အစပ်တွင် ခေတ်ဆန်သော်လည်း စိတ်ကူးမှာ ရှေးရိုးသမားပင်ဖြစ်လေသည်။ ဦးညွန့်လည်း ဤ အတိုင်းပင်။ သို့ဖြစ်သောကြောင့် ရှေးရိုးကဗျာမျိုးကိုနှစ်သက်သောသူတို့သည် ဦးဇမောင်၊ ဦးတိုးအောင်၊ မောင်ဘသောင်း၊ မောင်ဇော်မောင်တို့၏ ကဗျာ များကိုဖတ်ရာ၏။ ခေတ်စမ်းသမားတို့ကား

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဟန်၊ မခင်စောမူ တို့၏စာများကို ဖတ်ရာသည် [၁၄]

ဤကား ခေတ်စမ်းကဗျာများပေါ်လာခြင်းနှင့် ပတ်သက်၍ရှေးရိုးသမားနှင့်ခေတ်စမ်းသမားတို့အကြား ညီညွတ်စေရန် တစ်ဦး၏လုပ်ရပ်အပေါ် တစ်ဦးကနားလည်မှုရှိစေရန် သိပ္ပံမောင်ဝက ဖြန်ဖြေပေးသည့်အကြောင်းဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် ကဗျာ လင်္ကာ ဘက်တွင် တတ်ကျွမ်းနားလည်ကြောင်း တင်ပြခဲ့ပါပြီ။ ဖော်ပြမည့်ကောက်နုတ်ချက်သည် သိပ္ပံမောင်ဝကဗျာ လင်္ကာ ဘက်တွင်မည်မျှနားလည်ကြောင်း သက်သေပြနေသည်ဟု ဆိုချင်ပါသည်။

"– – – အချို့ပုဂ္ဂိုလ်တို့ကား ခေတ်စမ်းကဗျာများကို ဆို၍မရဟူ၍ ပြောကြလေသည်။ ဤသို့ပြောဆိုကြသူများကား လင်္ကာနှင့်သီချင်းတို့ကို ခွဲခြား၍ မသိသူများသာဖြစ်ကြဟန်တူသည်။ သီချင်းတိုင်းကို သီဆိုရန်စပ်ကြသော်လည်း လင်္ကာတိုင်းကို သီဆိုရန်စပ်ဆိုသည် မဟုတ်ပေ။ သီဆိုမရသောသီချင်းကိုသီချင်းဟူ၍ မခေါ်ဆိုနိုင်သော်လည်း သီဆို၍မရသောလင်္ကာကိုကား လင်္ကာဟုဆိုနိုင်လေသည်။ ကဗျာဆိုသော စကားများမှာကား လင်္ကာထက်ပင် ကျယ်ဝန်း၍ သွားပြန်လေသည် [၁၅]

သိပ္ပံမောင်ဝသည် ခေတ်စမ်းကဗျာအရေးတွင် သူ၏ကလောင်စွမ်းဖြင့် ဘက်စုံထောင့်စုံမှ ဝေဖန်ရေးသားခဲ့လေသည်။ ခေတ်စမ်းကဗျာစာအုပ်ထွက်လာသောအခါ "တက္ကသိုလ်ကျောင်းသားတွေရဲ့လက်တဲ့စမ်းတဲ့စာတွေပါဗျာ" သုံးနှုန်းကာ လူထုဦးလှထံသို့ စာတစ်စောင်ရေးသည်။ ထိုလူစုသည် ရေးသားပုံထက် စိတ်ကူးစိတ်သန်းကို ပိုပြီးဂရုစိုက်ကြောင်း၊ ဖွဲ့နွဲ့ပုံကခပ်ဆန်းဆန်း၊ စိတ်ကူးစိတ်သန်းတွေကလည်း ခပ်ဆန်းဆန်းဖြစ်ကြောင်း၊ ခေတ်စမ်းစာပေဟုအသစ်ထွင်ခြင်းသည် ကဲ့ရဲ့သူ၊မကြိုက်သူများရှိနိုင်ကြောင်း၊ သို့သော် နောင်ကာလကြာသော် ကြိုက်လာကြမှာဖြစ်ကြောင်း၊ တေးထပ်တို့ ဘောလယ်တို့ပေါ်တဲ့ခေတ်တုန်းကလည်း မကြိုက်သူတွေရှိမှာဖြစ်ကြောင်း၊ ခုခေတ်အခါတွင် တေးထပ်တို့၊ဘောလယ်တို့သည် အဆန်းမဟုတ်တော့ကြောင်း ရေးသားခဲ့သည်။

"နာမည်ကိုက ခေတ်စမ်းကဗျာဆိုတော့ မကြိုက်သူတွေပေါ်မှာကို တင်ကြိုပြီး သိနိုင်တာပေါ့။ သို့ပေမယ့် မကြိုက်သူများတိုင်း အဲဒီကဗျာတွေမကောင်းဘူးလို့ ဘယ်သူဆိုနိုင်မလဲ။ ကဗျာလင်္ကာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးဟာ မင်းတိုင်ပင်အမတ်ရွေးကောက်ပွဲလို များရာလိုက်ပြီး ဆုံးဖြတ်ရတာမျိုးမဟုတ်ဘူးဗျ။ ခေတ်စမ်းကဗျာထဲမှာ ကောင်းတဲ့ ကဗျာကလေးတွေအများကြီးရှိတာပဲ။ ပိတောက်ပန်းအကြောင်းရေးထားလိုက်တာများ ဘယ်ကလောက်ထိသလဲလို့။ မောင်ထွေးဖို့ဆိုတဲ့ ကဗျာလေးတွေဟာ ဘယ်လောက်ငြိသလဲ။ လောကဓာတ်ရဲ့ ဆိုတဲ့ ကဗျာ ကလေးဟာ ဘယ်လောက်မိသလဲ။ မယုံရင်ဖတ်ကြည့်စမ်းပါ။ ဆံထုံးရကန်ကလည်း မခေဘူးဗျ။ တော်ပြီဗျာ။ အိပ်ငိုက်လှတယ်" ၁၆

ဖော်ပြခဲ့သည်တို့ကား ခေတ်စမ်းကဗျာအပေါ် သိပ္ပံမောင်ဝ၏ အမြင်အတွေး အရေးအသား အယူအဆတို့ဖြစ်သည်။ သူသည် ထိုမျှနှင့်တင်းတိမ်ရောင့်ရဲနိုင်သူ မဟုတ်ပေ။ ခေတ်စမ်းကဗျာ ၃ မှစ၍ ကဗျာရှင်တို့၏ အကြောင်းအရာနှင့် ယင်းတို့၏ကဗျာများကို ဝေဖန်သုံးသပ်ရေးသားလေသည်။ သိပ္ပံမောင်ဝသည် မြန်မာစာကိုလည်းကျွမ်းကျင်၊ ကဗျာအရာ၌လည်းနားလည်သူဖြစ်ရာကား ခေတ်စမ်းကဗျာများ အပေါ်ဝေဖန်သုံးသပ်ချက်များသည် လွန်စွာထိမိ၍ ကဗျာ၏အာဘော်ဆိုလိုချက်အရေးအသားအဖွဲ့အနွဲ့ အကြောင်းအရာဆန်းသစ်မှု၊ အတွေးအခေါ်နက်နဲမှု၊ စကားလုံးကြွယ်ဝမှု၊ ကာရန် လှပနိုင်နင်းမှုတို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေပါသည်။

ခေတ်စမ်းကဗျာစာအုပ်တွင် ဦးဇမောင်ကဗျာ ခုနစ်ပုဒ်ပါဝင်သည်။ သဇင်ပန်းဘွဲ့ 'ပန်းသဇင်'၊ စာဆိုဘုရင်နတ်ရှင်နောင်ကိုဖွဲ့ဆိုသော 'ကံနည်းသူနတ်ရှင်နောင်'ကဗျာ၊အလွမ်းဘွဲ့'မှုန်ပြာရီ'၊ မယ်ဘွဲ့'ယဉ်ပျိုဖြူ' နှင့် 'ချစ်သက်ဆေ' သံဝေဂဘွဲ့'ဖိုးခေါင်ငှက်' နှင့် 'လောကဓာတ်ရဲ့' တို့ဖြစ်၏။ ဦးဇမောင်၏ကဗျာများတွင် 'လောကဓာတ်ရဲ့'ကဗျာကို အကြိုက်ဆုံးဟုဆို၏။ သိပ္ပံမောင်ဝ၏စာများတွင် ယင်းကဗျာကိုကြိုက်ကြောင်း လူထုဦးလှပေးစာတွင် "လောကဓာတ်ရဲ့ဆိုတဲ့ကဗျာကလေးဟာ ဘယ်လောက်မိသလဲ"ဟုရေးဖူး၏။ သို့သော် မည်သို့ကောင်း၍ မည်သို့မည်ပုံ ကြိုက်ကြောင်းအကျယ်မရေးခဲ့ပေ။

သိပ္ပံမောင်ဝသည် ရွေးလက်ာ ကဗျာများတွင် နှံ့စပ်ကျွမ်းကျင်ကြောင်း ပန်းသဇင် ကဗျာကိုဝေဖန်ရာတွင် သိရ၏။

"သဇင်ပန်း ကဗျာအကြောင်းကို ဦးတိုး တို့ဖွဲ့ဆိုခဲ့ကြပြီးလေပြီ။ ဦးဇမောင်၏ ပန်းသဇင်တွင် 'မြေနှင့်တရံ၊ မဆက်ဆံဘား' ဟူသော အပိုဒ်များနှင့် ဦးတိုး တို့၏ 'မြေနှင့်ရန်ဖက်' ဟူသောအပိုဒ် တို့တို့နှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်၍ ကြည့်ရာ၌ ဦးတိုး၏ 'နဂိုပုံ့ပုံ့၊ ချိုစုံ့စုံ့နှင့်၊ ရဂုံ့ကျက်သရေ' ဆိုသောအဖွဲ့ ကိုလိုက်ပြီးလျှင် ဦးပုညက 'နဂိုဖိုင့်ဖိုင့်၊ ချိုဝိုင့်ဝိုင့်နှင့်၊ ဂနိုင့်ကျက်သရေ' ဟူ၍ စပ်သကဲ့သို့တည်း" ၁၇

ဦးဓမောင်၏ကဗျာကိုခြုံငုံသုံးသပ်ရာ၌ "စိတ်ကူးပုံမှာရှေးဆရာကြီးများ၏နောက်လိုက်ဖြစ်သည်ကို သိရလေသည်။ မှုံ့ပြာရီဟဉ်ပျိုဖြူ ချစ်သက်ဆေတို့တွင် အချီအချများတွင် ခပ်ဆန်းဆန်းကလေးချီချထားသည်ကို တွေ့မြင်ရ၏" ဟုမှတ်ချက်ပြုလေသည်။

"ဦးဓမောင်သည်ရာသီဘွဲ့မယ်ဘွဲ့မောင်ဘွဲ့တို့ကိုရေးသားလေ့ရှိလေသည်။ ကဗျာစပ်ဆိုရာတွင် စပ်ပုံအနည်းငယ်ထွင်ထားသောနေရာများကိုတွေ့မြင်ဖတ်ရှုရလေသည်။ မှုံ့ပြာရီဆိုသောကဗျာတွင် မှုံ့ပြာရီနှင့်ချီပြီးလျှင် ရီပြာမှုံ့ချ၏။ တစ်ဖန် ရီပြာမှုံ့နှင့်ချီပြီးလျှင် ပြာရီမှုံ့နှင့်ချ၏။ ထိုနောက်ပြာရီမှုံ့နှင့်ချီပြန်၍ မှုံ့ရီပြာနှင့်ချ၏။ အဆုံးသတ်တွင် မှုံ့ရီပြာနှင့်ချီပြီးနောက် အစဖြစ်သောမှုံ့ပြာရီနှင့်ချလေ၏။ ဤသို့အချီအချတွင် အနည်းငယ်ထွင်၍ စပ်ဆိုသည်မှာ ဦးဓမောင်အစပင်ဖြစ်လေသည်" ၁၈

ဟုကဗျာကို ဝေဖန်ပြီးနောက် ဦးဓမောင်သည့်ဖွဲ့ကောင်းစွာနှင့် ကဗျာလင်္ကာတို့ကို ဆက်လက်ရေးသားနိုင်ပါစေဟု ဆုတောင်းရပေတော့သည် ဟု အဆုံးသတ်ထား၏ "

ထိုနောက်ဦးသိန်းဟန်၏ အကြောင်းကို ဆက်၍ပြော၏။ ဇော်ဂျီအမည်ခံ ဦးသိန်းဟန်အကြောင်း အတော် စုံစုံပြောသည်။ ဦးသိန်းဟန်သည် ရန်ကုန်တက္ကသိုလ်ကျောင်းတွင် မဟာဝိဇ္ဇာတန်းတက်ရင်း နည်းပြဆရာအဖြစ်ဆောင်ရွက်နေကြောင်း၊ ကဗျာလင်္ကာဖွဲ့ဆိုခြင်း၌ ဝါသနာထုံသူဖြစ်၍ မြို့မကျောင်းသားဘဝမှာပင် ဆာဂျေအေမောင်ကြီး၏ ကဗျာဆုရွှေဒင်္ဂါးငါးပြားရခဲ့သူဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် ဥပစာတန်းတွင်လည်း သာဒိုးအောင်ဆုရကြောင်း၊ ဝံသယုဝမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင် ကဗျာများစပ်ဆိုထည့်သွင်းလေ့ရှိကြောင်း ရေးသားလေသည်။ ထိုနောက် ဦးသိန်းဟန်၏ ပိတောက်ပန်း ကဗျာကလေးကို ချီးကျူးသည်။ ယင်းကဗျာကလေးသည် ဦးသိန်းဟန်အား ကဗျာဆရာဟူသော ဘွဲ့ကိုပေးလိုက်ကြောင်း၊ ထိုကဗျာကလေးမှာ ပိတောက်ပန်းကိုဖွဲ့ဆိုသော ကဗျာကလေးဖြစ်၍ ကဗျာတိုပင်တိုသော်လည်း ကဗျာထဲ၌ တွေးတောစရာ အချက်များ၊

www.burmeseclassic.com

www.burmeseclassic.com



လေးနက်သည့်အဓိပ္ပာယ်များ ပြည့်ဝလျက်ရှိကြောင်း၊ ဦးသိန်းဟန်မှာထင်ပေါ် လိုသောစိတ်မရှိဘဲ နေလေ့ရှိကြောင်း၊ ထိုကဗျာကလေးကို စပ်ဆိုသည်နှင့်တစ်ပြိုင်နက်ထင်ပေါ်၍ လာကြောင်း၊ သို့သော်ယင်းကဗျာလေးမှာ ခေတ်စမ်းကဗျာတွင် မပါဝင်သောကြောင့် ဝမ်းနည်းမိပါကြောင်း ရေးသားထားသည်။

"ဦးသိန်းဟန်၏ ကဗျာဉာဏ်မှာ အတော်ပင်နက်နဲလေသည်။ ၎င်း၏ကဗျာများကိုတော်စွာ၊ လျော်စွာဖတ်သွားလျှင် နားမလည်နိုင်ပါ။ အထပ်ထပ်အခါခါ ဖတ်ပါမှ လေးနက်သော အဓိပ္ပာယ်တို့မှာ တရေးရေးသာပေါ်၍ လာလေတော့၏။ × × × [၁၉]

ဆက်လက်၍ ခေတ်စမ်းကဗျာတစ်အုပ်လုံးတွင် ဦးသိန်းဟန်၏ကဗျာ ၂၄ ပုဒ်ပါဝင်၍ ၎င်းကဗျာများမှာ အလွန်ခေတ်ဆန်သော ကဗျာများဖြစ်သည်ကို မည်သူမျှ ငြင်းဆိုနိုင်မည်မဟုတ်ကြောင်း၊ ထိုကဗျာများတွင် "အဖွဲ့အချိုးအစားဆန်းသစ်ဟုမဆိုလို၊ စိတ်ကူးဆန်းသစ်သည်ကိုသာ" ဆိုလိုပါကြောင်းရေးသားထားသည်။ ဦးသိန်းဟန်၏ကဗျာများအပေါ် သိပ္ပံမောင်ဝ အမြင်ကိုရှုပါဦး။

"ဦးသိန်းဟန်သည် ရှေးအခါက မရေးသား မစပ်ဆိုခဲ့သေးသော အကြောင်းအရာများကို ဖွဲ့ဆိုလေ့ရှိ၏။ အကယ်၍ ရှေးအခါက ဖွဲ့ဆိုခဲ့ပြီးသော အကြောင်းအရာများကို ဖွဲ့ဆိုပြန်သောအခါလည်း ရှေးကဗျာဆရာတို့ ဖွဲ့ဆိုသော စိတ်ကူးမျိုးနှင့် ဖွဲ့ဆိုသည်မဟုတ်ဘဲ မိမိကထွင်ကာ တစ်မျိုးဆန်းလာအောင် ဖွဲ့ဆိုလေ့ရှိသောကြောင့် ဦးသိန်းဟန်အား ချီးမွမ်းရပေတော့သည် " [၂၀]

သိပ္ပံမောင်ဝသည် ဦးသိန်းဟန်၏ ကဗျာအတော်များများကို ဝေဖန်သုံးသပ်တင်ပြထားသည်။ သို့သော်ချုပ်၍ဖော်ပြပါမည်။ သိပ္ပံမောင်ဝသည် ဦးသိန်းဟန်၏ ပိတောက်ပန်းကဗျာမှ အရေးအဖွဲ့ အတွေးအမြင်ကို ဝေဖန်သုံးသပ်ပြထား၏။ 'မခူးချင်စမ်းပါနဲ့'၊ 'သူလဲလေ လောကီသားလိုပေါ့'၊ ကြွားချင်လှပေလိမ့်မယ်'၊ 'ခများမှာတဂုဏ်ဆန်းရတယ်၊ ပန်းပိတောက်များ' ဟူသော အသုံးများသည်ဓ် ပိတောက်ပန်းကို သက်ရှိသူကဲ့သို့ တင်စားပြီးဖွဲ့ဆိုခြင်းဖြစ်ရာ ဤသို့ဆန်းကြယ်သော စိတ်ကူးစိတ်သန်းသည်သာလျှင် ကဗျာဆရာတို့၏

www.burmeseclassic.com

www.burmeseclassic.com



အသက်မည်ကြောင်း ဝေဖန်ရေးသားပြီး

"ဦးသိန်းဟန်၏ ကဗျာကလေးကို ဖတ်လိုက်သောအခါ အသက်မရှိသော ပိတောက်ပန်းကလေးပင် အသက်ဝင်၍လာတော့၏။ ၎င်းပန်းကိုရှုးရမည်ကိုပင် မရှုးရက် မရှုးချင် သနား၍ပင် လာပေလိမ့်မည်။ ဤကားသူတကာဖွဲ့ဆိုပြီးသော အကြောင်းအရာတို့ကိုပင် ခပ်ဆန်းဆန်းကလေး ဖွဲ့ဆိုထားခြင်း အကြောင်းပင်တည်း " ၂၁

သိပ္ပံမောင်ဝ ဆက်လက်ဝေဖန်သော 'ဝမ်းဘဲငှက်' ကဗျာတွင် သဒ္ဒါလင်္ကာရနှင့် ဆိုင်သောအကြောင်းကို ရေးသား၏။ မြည်သံစွဲအလင်္ကာ ဟုဆိုကြသော ဝမ်းဘဲမြည်သံကို ရေးသား၏။

"ရေတိမ်ကမ်းစပ်၊ တဃပ်ဃပ်နှင့်၊ ကူးခတ်တက်သက်"

ဟုဖွဲ့ဆိုသည်ကို ဝမ်းဘဲ၏မြည်သံမှာ အကြားရကတ်လှကြောင်း၊ဤသို့အကြားရကတ်သောအသံကို ဃ အက္ခရာဖြင့် ဃပ် ထားသောကြောင့်သာ၍လေးနက်သွားကြောင်း၊ 'အလားအလာ' တွင် အုံအင် အုံအင် ကြောက်မက်ဖွယ်အကြောင်းကို ဖွဲ့ဆိုသောအခါ ကြမ်းတမ်းသောအသံပါသည့် စကားတို့ဖြင့်စပ်ဆိုခြင်း၊ သာယာသောအကြောင်းတို့ကို ဖွဲ့ဆိုသောအခါ သိမ်မွေ့နူးညံ့သော အသံပါသည့် စကားလုံးတို့ဖြင့် စပ်ဆိုနိုင်ခြင်းသည်လည်း ကဗျာဆရာတို့၏ သတ္တိထူးတစ်ရပ်ဖြစ်ကြောင်း ရေးသားလေသည်။

"လမင်းနှင့်ဖီးကွက်"ကဗျာတွင် ဖွဲ့သည့်အကြောင်းအရာမှာ ဇီးကွက်တစ်ကောင်သည် ညောင်ပင်ပေါ်မှနေ၍ လမင်းကိုကြည့်နေပုံဖြစ်ကြောင်း၊ သို့သော်စပ်ဆိုထားသည်မှာ စိတ်ကူးလည်းဆန်းပြား၍ သရုပ်လည်းပေါ်ကြောင်း လမင်းကို ကြည့်ရင်း ဇီးကွက်ပီတိပွားနေပုံကို ကသိုဏ်းခွင်တွင်ပီတိပွားနေသော ရသေ့နှင့်နှိုင်းယှဉ်ထားသည့် ဦးသိန်းဟန်၏ကဗျာကလေးကို မြည်းကြည့်ပါဦး။

"ဥပမာလျှင်၊ ကသိုဏ်းခွင်ဝယ်၊ ဆင်ခြင်သတိ၊ ဘဝင်ထိ၍၊ ပီတိသုခ၊ ဤရသာကို၊ မျိုးကာမျိုးကာ၊ တည်ကြည်စွာသည်၊ ဒေါက်ချာဆင်လေ့၊ ချောင်ဂူရှေ့က၊ ရသေ့အသွင်တူတော့သည်"

သိပ္ပံမောင်ဝသည် ရှေးရှုးကဗျာနှင့် ခေတ်စမ်းကဗျာတို့ခြားနားပုံကို ယင်းသို့ရှုမြင်သုံးသပ်ထားသည် ကိုလည်းတွေ့ရသည်။

"ရှေးအဆောက်အအုံများသည် လှပ၏။ ယခုခေတ်အဆောက်အအုံများကား အသုံးကျလေသည်။ ရွှေတိဂုံဘုရားတန်ဆောင်းတစ်ခုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယခု တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံတို့ကို နှိုင်းယှဉ်ကြည့်ရသည်။ ရှေးလက်ာတို့ကားဆန်းကြယ်၏။ ယခုခေတ်လင်္ကာတို့ကား လိုရင်းကိုရောက်လွယ်၏။ အသုံးဝင်ခြင်းပေတည်း "၂၂

သိပ္ပံမောင်ဝသည် ဦးသိန်းဟန်ကဗျာများနက်နဲကြောင်း၊ ရုတ်တရက်ဖတ်သွား၍ အဓိပ္ပာယ်များမပေါ်ကြောင်း၊ ထပ်ထပ်ခါခါ တွေးတွေးဖတ်ပြီးမှ အရသာ တငွေ့ငွေ့ပေါ်လာလေ့ရှိကြောင်း၊ ကဗျာတိုကလေးများတွင်ပင်အလွန်နက်နဲ၍ တွေးဖွယ်အချက်အမြောက်အမြားပါနေကြောင်း၊ 'ပွင့်မာလာအား ပြန်ကြားချက်'၊ ငှက်စွန်အားပန်ကြားချက်' မှာ ဤကဗျာမျိုးဖြစ်ကြောင်း၊ အဓိပ္ပာယ်နှစ်မျိုးရှိနေ၍ ရိုးရိုးဖတ်လိုက်သော် ရိုးရိုးအဓိပ္ပာယ်ပေါ်ပြီး တွေး၍ဖတ်လိုက်သော် မြန်မာများ၏တက်လမ်း၊မြန်မာစာပေ၏တက်လမ်းကို ညွှန်ထားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း ဝေဖန်ရေးသားထားလေသည်။

ယင်းသို့ဦးသိန်းဟန်၏ ကဗျာများနက်နဲကြောင်း ရေးသားပြီးလျှင်နောက်ဆုံး၌ ဦးသိန်းဟန်မှာ ဟာသဉာဏ်လည်း ကင်းသူမဟုတ်ကြောင်းကို ကလိတိတိ ရေးသားကာ 'သင်္ကြန်အခါ အလံတိုင်ဘုရားမှာ' ကဗျာ၏ စကားညှပ်တွင် ပါဝင်သော

"ဟော့ လာဟော့ ရှင်မယ်မေ၊ ညည်းတို့မောင်လူရည်လှ၊ အကနယ်ထွေလှချည့်၊ ကြည့်စမ်းပါအေရယ်။ အိုအေ ထွေပါစေသည်လိုပွဲ၊ ချွေးများပဲ ကျကျ၊ အကတွေလှလွန်းလို့၊ ကြင်မဝရှုမရဲ၊ ကျဲလှတဲ့နေဝါဝါမှာ၊ သည်မေ့မောင်တကယ်ဟိုက်ကို၊ နေလိုက်လို့ကာချင်ရှဲ"

ဟူသောအရေးအသားမှာ ဖတ်ရသူတို့အတွက် ပြုံးချင်ချင်ဖြစ်၍ လာရပေတော့သည်။ မိမိတို့ရည်းစားများ သင်္ကြန်အခါ က ၍သွားရာတွင် အမျိုတစ်သင်းက ကြည့်ရင်း တစ်ယောက်ကိုတစ်ယောက်နောက်နေပုံကလေးကိုရေးထားသည်မှာ ပျော်စရာလည်းကောင်း၊ သရုပ်လည်းပေါ်လှကြောင်း ဝေဖန်ထားသည်။ ထို့အပြင်လည်း ဦးသိန်းဟန်မှာ မယ်ဘွဲ့မောင်ဘွဲ့ချစ်ခန်း ကြိုက်ခန်း အလွမ်းခန်းများ ရေးဖွဲ့လေ့မရှိဟုဆိုပြီးမှ 'ခရသင်းသံ' ကဗျာကလေးတွင် ဦးသိန်းဟန်မှာ အချစ်ငွေ့၊ အလွမ်းငွေ့ကလေး ရိုက်သွားသည်ကို တွေ့မြင်ရကြောင်း။ သို့သော် "သူလဲလေ လောကီမျိုးဟာမို့၊ ပိုးချင်လှပေလိမ့်ငယ်" အဘယ်လောကီသား အဘယ်ကဗျာဆရာသည် အချစ်ငွေ့နှင့်ကင်းနိုင်မည်နည်းဟု နိဂုံးချုပ်ထား၏။

ဤနေရာတွင် သိပ္ပံမောင်ဝ၏ ကဗျာဉာဏ်ကို တွေ့ရ၏။ 'သူလဲလေ

www.burmeseclassic.com

www.burmeseclassic.com



လောကီမျိုးဟာမို့၊ ပိုးချင်လှပေလိမ့်မယ်' ဟုရေးသားရာတွင် ဝိတောက်ပန်းကဗျာမှ 'သူလဲလေလောကီသားပေမို့၊ ကြွားချင်လှပေလိမ့်မည်' ဟူသောစာကြောင်းကို တုကာ သူ့စာနှင့်ပင်သူ့ကို ပြန်၍ ကလိထားသည်ကို တွေ့နိုင်ပါသည်။

သိပ္ပံမောင်ဝသည် **ခေတ်စမ်းကဗျာ ၄** တွင် ဦးညွန့် တို့အကြောင်းရေးသားထား၏။ ခေတ်စမ်းတွင် ဦးညွန့်၏ ကဗျာ ၆ ပုဒ်ပါဝင်၏။ ဦးညွန့်နှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးမိတ်ဆက်ထားသည်ကိုမတွေ့ရ။ ဦးညွန့်မှာ မိမိလက်ရှိ အလုပ်ဝတ္တရားများအတွက် မိမိဝါသနာပါသော ကဗျာဘက်ကို မလိုက်စားနိုင်သည်မှာ ဝမ်းနည်းစရာပင်ဖြစ်တော့၏ ဟုရေးသားထား၏။ ကဗျာများကို ဝေဖန်ရာတွင် ဦးညွန့်၏ကဗျာ ၆ ပုဒ်အနက် 'အိုဖခင်' မှတစ်ပါး ကျန် ၅ ပုဒ်မှာခေတ်ဆန်ဆန်ဖြစ်နေကြောင်း၊ စိတ်ကူးပုံမှာ ခေတ်ဆန်၊ ဖွဲ့စည်းပုံမှာ ရှေးဆန်ကြောင်း၊ ကဗျာများအနက် 'အိုဖခင်' နှင့် 'ယမုံနာ' တို့မှာ အကောင်းဆုံးဖြစ်ကြောင်း၊ အိုဖခင်တွင် စိတ်ထဲ၌ လှိုက်လှိုက်လှဲလှဲထွက်ပေါ်ပုံကို မြင်ရကြောင်း၊ အတော်ကလေး လေးနက်ကြောင်း ဝေဖန်သုံးသပ်ထား၏။ သိပ္ပံမောင်ဝ၏ ဦးညွန့်အပေါ် ရှုမြင်ချက်ကိုကြည့်ပါဦး။

> "ဦးညွန့်ကား ခေတ်သမားလည်းမကျတကျ၊ ရှေးသမားလည်းမကျတကျ ဖြစ်နေလေသေးသည်။ ရန်ကုန်မြို့ဆူးလေဘုရားအနီးရှိ ကော်ပိ ရေးရှင်းအဆောက်အအုံကြီးကိုဆောက်သောဗိသုကာနှင့် ခပ်ဆင်ဆင်တူလေသည်။ ပြာသာဒ်များလည်းပါ၏။ အသုံးဝင်သော အခန်းများလည်း ပါလေသည်။ ရှေးခေတ်နှင့် ယခုခေတ်ကိုရောစပ်၍ထားသူတည်း " ၂၃

ဦးညွန့်၏ကဗျာများကို ဝေဖန်ရင်း ရေးသားသွားသော "လက်ဖွဲ့ဆိုခြင်း"မှာ အမြဲလိုက်စားလေ့လာနေမှသာလျှင် ကဗျာဉာဏ်ထက်မြက်လေသည်။ ပစ်ထားလျှင် "ကဗျာဉာဏ်မထက်မြက်နိုင်" ဟူသောစကားမှာ မှတ်သားဖွယ်ကောင်းလှပေသည်။

ထိုနောက်ကိုတိုးအောင်၏ကဗျာများကိုဝေဖန်သည်။ ခေတ်စမ်းကဗျာစာအုပ်တွင် ကိုတိုးအောင်၏ကဗျာ ၉ ပုဒ်ပါသည်။ ခါဟေမန်၊ ခါသိန်၊ မိုးရာသီ ကဗျာများကို ဖတ်ခြင်းဖြင့် ကိုတိုးအောင်မှာ ရှေးရိုးသမားဖြစ်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ကြောင်းဖြင့် ခါဟောမန်ကဗျာမှစာပိုဒ်များကို ထုတ်နုတ်ဖော်ပြထားသည်။

"ကွင်းတစ်လျှောက်မှာလွင်လွင်မြက်ငိုက စိမ်းပါဘိသနဲ့

နှင်းသောက်ကာရွှင်ရွှင်မြစိုဖြင့် လိမ်းရှေ့သလား - - -

× × × × ×

ကျုန်ပ်တို့ဌာနေတွင် ရွှေအင်ကြင်းငယ်တို့

မြိုင်တွင်းမှာ တစ်ဂုဏ်ဆင်လို့

စုံတစ်ခွင်မှာလေ မှုန်လှင်ဖျန်းချိန်မို့ - - -

စိမ်းစိုစို ဝါးရုံနန်းဆီက - - - - "

ယင်းသို့ဖော်ပြကာရှေးရိုးသမားတို့၏ အလိုအားဖြင့် ဝါးရုံကို ဝါးရုံဟု စပ်လျှင် နေရာမကျ၊ သေးနုပ်လှ၏။ ဝါးရုံရိုးရိုးကိုပင် တန်ဆာဆင်ကာ ဝါးရုံနန်းဆီက ဟုတင်စားသုံးနှုန်းခြင်းဖြစ်ကြောင်း ဝေဖန်ထားလေသည်။

"ရှေးကစပ်ဆိုပုံများကို အတုယူပြီးဖွဲ့ဆိုရာ၌ ကိုတိုးအောင်သည် ဦးခေါင်းထက်ပင် သာပေသေးသည်" [၂၄]

ဟုဆိုကာ ကိုတိုးအောင်ကို နှိုက်ချုပ်လေသည်။

**ခေတ်စမ်းကဗျာ** ၄၈ တွင် မခင်စောမူ၊ ကိုဘသောင်း၊ ကိုစောမောင်တို့၏ကဗျာများအကြောင်းကို ရေးပါသည်။ ခေတ်စမ်းကဗျာတွင် မခင်စောမူ၏ကဗျာ ၆ ပုဒ်ပါသည်။ "မခင်စောမူကား ခေတ်စမ်းဝါဒီဖြစ်လေသည်။ စိတ်ကူးပုံ ဖွဲ့ဆိုပုံတို့မှာ ခေတ်စမ်းဝါဒအတိုင်းဖြစ်လေသည်" ဟုစ၍ရေး၏။ ကဗျာများမှ ဓမ္မတာ၊ ဖြေမပြေ၊ လိပ်ပြာနှင့်ကြာကုမုဒ် ကဗျာလေးများကောင်း၍ လိပ်ပြာနှင့် ကြာကုမုဒ်ကို အကြိုက်ဆုံးဟုဆို၏။ ကဗျာပါဓာတ်လမ်းလေးမှာ စိတ်ဝင်စားဖွယ်ကောင်း၏။ ကုမုဒ်ကြာတို့မည်သည် ညဥ့်မှပွင့်၍ လိပ်ပြာတို့ကား နေ့မှထွက်လေ့ရှိ၏။ ကုမုဒ်ကြာပွင့်သောအချိန်တွင် လိပ်ပြာက အိပ်နေလေပြီ။ လိပ်ပြာနိုးသောအခါ ကုမုဒ်ကြာက ငုံသွားလေပြီ။ လိပ်ပြာနှင့် ကုမုဒ်ကြာကား ဆုံစည်းရန် မဖြစ်နိုင်ပေ။ သို့သော် ကုမုဒ်ကြာအကြားမှ လနတ်သမီးလေး ထွက်ပေါ်လာသောအခါ လမင်းထွက်သည်ထင်၍ ကြာကုမုဒ်တနေ့ခင်းတွင် ပွင့်ရာ၏။ ထိုနတ်သမီး၏ ကျေးဇူးကြောင့် လိပ်ပြာနှင့် ကြာကုမုဒ်တို့ ဆုံတွေ့ကြရကြောင်း ဖွဲ့ဆိုသည့်ကဗျာတိုကလေးဖြစ်သည်။ "အလွန်နက်နဲကြယ်သော စိတ်ကူးစိတ်သန်းများကို ကဗျာတိုလေးတစ်ပုဒ်တွင် ပြည့်အောင်ထည့်သွင်းပြနိုင်ခြင်းကို ချီးမွမ်းမိတော့၏" ဟုဆိုလေသည်။ ကဗျာတွင်ပါ

www.burmeseclassic.com



သော–

“နေဝင်မှောင်ငိုက်
လမိုက်မယ်ငုံ”

ဆိုသောအပိုဒ်ကလေးကို သိပ္ပံမောင်ဝ အထူးချီးမွမ်း၏။ စကားလုံးရှစ်လုံးတွင်သွင်း၍ထားသော အကြောင်းအရာ စိတ်ကူးမှာနည်းသည် မဟုတ်ကြောင်း၊ ဤအကြောင်းအရာ၊ဤစိတ်ကူးကို ဤထက်တိုအောင်ချုံ့၍ ရတော့မည်မဟုတ်ကြောင်း ဝေဖန်ရေးသားလေသည်။ ဂုဏ်အလင်္ကာဘက်က ပြောကြစတမ်းဆိုလျှင် ဤစာရှစ်လုံးကို ဩဇဂုဏ်မြောက်သည်ဟု ဆိုရပါမည်။ သိပ္ပံမောင်ဝ၏ စကားပြေလေအတိုင်း ဖော်ပြရသော်–

“ဤအဓိပ္ပာယ်လည်းပါလေအောင်၊ ဤထက်လည်းတိုအောင် မည်သည့်နည်းနှင့်မျှ ပြုပြင်၍ရတော့မည် မဟုတ်ပေ။ သိကြားမင်းများပြင်လျှင်ကား ပြင်နိုင်ပေလိမ့်မလားမပြောတတ်။ သာမန်လူတို့ကား ပြင်နိုင်မည်မထင်× × × ဤသို့အဓိပ္ပာယ်အကျယ်ကို စကားလုံးနည်းနည်းနှင့် ဖွဲ့ဆိုနိုင်ခြင်းသည်လည်း ကဗျာဆရာတို့၏ သတ္တိထူးပင်ဖြစ်တော့၏”၂၁

ဟူသတည်း။

သိပ္ပံမောင်ဝသည် မောင်ဘသောင်း၏ကဗျာများကို ဆက်ဝေဖန်၏။ ခေတ်စမ်းတွင် မောင်ဘသောင်း၏ကဗျာလေးပုဒ်ပါဝင်သည်။ ယင်းတို့အနက် ဆံထုံးရကန်ကလေးကို အကောင်းဆုံးကဗျာ ရှေးရိုးစနစ်အတိုင်း ဖွဲ့ထားသောကဗျာ ဟုဆို၏။ ဤကဗျာကလေးများကို လင်္ကာတိုလေးများ၊ ရတုကလေးများ ဟု ဆိုလိုသည်ကလည်းဆိုနိုင်ပေသည်ဟု ဝေဖန်၏။

“ ‘လွမ်းစေတီ’ ခေါ်ကဗျာလေးတွင် “စက်ရှင့်ဘုန်းခေါင်၊ မိတည်းနောင်ဝယ်”ဟု ဂေါတမမြတ်စွာဘုရား၏ သရီရဓာတ်တော်များ ကိန်းအောင်းရာ စေတီကိုဖွဲ့ထားသည်မှာ အတော်ပင် ကဗျာညဏ်ဆန်းကြယ်ပေသည်။ သို့သော် ဤအပိုဒ်ကလေးမျိုးကို နတ်ရှင်နောင်၏ကဗျာများတွင် တွေ့ဖူးသလိုလိုဖြစ်၏။ သို့သော် အသေအချာမပြောနိုင်”၂၆

ဟုရေးသားရာတွင် သိပ္ပံမောင်ဝသည် ရှေးရတုကဗျာလေးများကိုလည်းဖတ်ရှုမှတ်မိကြောင်း သိသာ၏။ သူက‘တွေ့ဖူးသလိုလိုဖြစ်၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အသေအချာ မပြောနိုင်' ဟုဆိုသဖြင့် နတ်ရှင်နောင်ရတုပေါင်းချုပ်ကို ဖွင့်ရ၏။ ရှာရ၏။ သိပ္ပံမောင်ဝ သေချာပါပြီ။ ရတုပေါင်းချုပ် စာမျက်နှာ-၇ တွင် **တသောင်းရှစ်မည်** ချီ ကျောက်ဆောက်ဘုရားတိုင်မယ်ဘွဲ့ (စာပြိုင်အလိုက်) ရတုပိုဒ်စုံ ပထမပိုဒ်တွင်- 'သရေမမ္မ၊ သောကရွှေမှောက်၊ တည်ခဲ့မြောက်သည်၊ ကျောက်ဆောက်လျှံပြောင်၊ **မိတည်းနောင်**' ဟုတွေ့ရသည်။

နောက်ဆုံးကဗျာရှင်ကား စောမောင်မောင် ဖြစ်၏။ ခေတ်စမ်းတွင် ကဗျာလေးပုဒ်ပါ၏။အားလုံးပိုဒ်စုံရတုချည်း ဖြစ်လေသည်။ သိပ္ပံမောင်ဝက စောမောင်မောင်မှာ ရတုအဖွဲ့တွင် ကျွမ်းကျင်ကြောင်း၊ မိုးရွာသည့်အကြောင်း ဖွဲ့ဆိုထားသည်မှာ ရှေးဆရာကြီးများ၏ အာဘော်အတိုင်းကျနကြောင်း၊ မိုးရွာသည်ဆိုသော စကားကိုပင် အကျယ်ချဲ့၍ ဖွဲ့ဆိုနိုင်ခြင်းသည် ရှေးရိုးမျက်စိနှင့် ကြည့်ပါက ကဗျာဉာဏ်ရှိသည်ဟု ဆိုနိုင်ကြောင်း၊ ရတုများတွင် ကိုစောမောင်မောင် လက်စွမ်းပြထားသဖြင့် ပြာသာဒ်ဆရာကျော်ဖြစ်ကြောင်း ရေးသားသည်။ မယ်ဘွဲ့ပိုဒ်စုံရတုပါ-

"ကိန်းအောင်းစုံညီ၊ ဘယ်စေတီဝယ်၊ မြောက်ချီလက်စုံ၊ ဘယ်စည်းခုံဝယ်၊ ကြည်ယုံမြတ်နိုး၊ ဘယ်ပုထိုးဝယ်၊ ရှိခိုးထွေထွေ၊ ဘယ်ဓာတ်မွေဝယ်၊ ရှိသေသမှု၊ ဘယ်ဆင်းတုဝယ် - - - -"

× × ×

"စိမ်းမြဝေဝေ၊ မြေလည်းသာငြိမ်၊ တိမ်လည်းသာမော၊ တောလည်းသာခေါင်၊ တောင်လည်းသာထွေ၊ ရေလည်းသာထွန်း၊ ပန်းလည်းသာလျှိုင်၊ တကြိုင်ကြိုင်တည့်----"

စသောအဖွဲ့များမှာ သာယာနာပျော်ဖွယ်ကောင်း၍ ကြားပြီးရင်းကြားချင်ရင်းဖြစ်ပေ၏ ဟုရေးပါသည်။ ရှေးကဗျာဆရာကြီးများ၏ စနစ်ကိုလိုက်ရာ၌ ထိုဆရာကြီးတို့၏ အာဘော်ကို မီအောင်လိုက်နိုင်သော စောမောင်မောင်တည်းဟု မှတ်ချက်ပြု၏။

"အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သာယာနာပျော်ဖွယ်ဖြစ်အောင် စပ်ဆိုခြင်းသည် အလင်္ကာနည်းအားဖြင့် စစ်ဆေးသည်ရှိသော် ဂုဏ်မြောက်သော စပ်ဆိုခြင်းမည်ပေသည်"[၂၇]

ဟု သိပ္ပံမောင်ဝက ညွှန်းဆို၏။ မှန်ပါသည်။ **မဓုရတာဂုဏ်မြောက်သော** အရေးအဖွဲ့ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝသည် ခေတ်စမ်းကဗျာဆရာရှစ်ဦး၏ကဗျာများကို ဝေဖန်သုံးသပ်ပြသွား၏။ ကဗျာတတ်သူက ကဗျာကိုဝေဖန်သဖြင့် ဖတ်ရှုရသည်မှာ ကျေနပ်ခြင်း၊ နှစ်သက်ခြင်း ပီတိရသကိုခံစားရပါသည်။ ကဗျာအားလုံးကို ဝေဖန်ပြီးနောက် "ထူးဆန်းသောအချက်မှာ တေးထပ်-ရ၀ ပေါ၊ ဒွေးချိုး၊ ဘောလယ်များ မပါခြင်း ဖြစ်လေသည်" ဟုနိဂုံးချုပ်လိုက်တော့၏။

**ကဗျာဝေဖန်ရေးနှင့်သိပ္ပံမောင်ဝ**

ခေတ်စမ်းကဗျာအခန်းတွင် သိပ္ပံမောင်ဝ၏ ကဗျာလင်္ကာအပေါ် အာရုံစိုက်မှု၊ လေ့လာမှု၊ နှံ့စပ်မှုတို့ကို တွေ့ရ၏။ တက္ကသိုလ် အသိုက်အဝန်းမှထွက်လာသော ကဗျာများဖြစ်၍ နီးစပ်ရာကို စိတ်ဝင်စားခြင်း လောဟု ဆိုစရာရှိ၏။ မဟုတ်ပါ။ သူသည် ကဗျာလင်္ကာအားလုံးကို စိတ်ဝင်စားပါ၏။ စာတမ်းရေးသားရန် သုတေစာ များကို မွှေနှောက်ဖတ်သောအခါ ကဗျာဆိုင်ရာစာများ တွေ့ရပါသည်။ ယင်းတို့ကို ထားပါဦး။ ကဗျာရေးနည်းဟူသော ခေါင်းစဉ်ဖြင့်ပင် သူသည် ကဗျာအကြောင်းကို ရေးခဲ့၏။ ထိုစာတွင် ဆရာလွန်း၏ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ပုဂံဝန်ထောက်ဦးတင်၏ကဗျာဗန္ဓသာရ၊ ဆရာ ဦးဘိုးသစ်၏ ကဗျာရေးနည်း နိဿ ရည်းစာအုပ်များအကြောင်းကို ရေးသား၏။

သူ၏ကဗျာရေးနည်းဆောင်းပါးကိုဖတ်သော် သူ ကဗျာကိုမည်မျှနားလည်ကြောင်း ပေါ်လွင်လာပြန်သည်။ အထူးသဖြင့် ကဗျာစရေးသူတို့ မှားတတ်သော လေးချိုးကဗျာ၏ ဒုတိယအချိုးမှ တတိယအချိုးသို့ကူးသောအခါ အသံကာရန်ကို သတိထားရပုံကို ရေးသား၏။ ယင်းကား လေးချိုးကဗျာ၏ အရေးကြီးသော **ခွာထောက်** ပင်ဖြစ်လေသည်။ ထို့နောက် ဝဂ်နင်းအကြောင်းလည်း ပြောသေး၏။

"အထူးသဖြင့် တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ဘောလယ်တို့တွင် အသံကိုများစွာဂရုပြုကာ ရေးသားစပ်ဆိုရကြောင်းကို ကဗျာလေ့လာသူတိုင်းအသိ ဖြစ်ပေသည်။ လေးချိုး၌ ဒုတိယအချိုးမှ တတိယအချိုးသို့ကူးသောအခါ အသံကာရန်ကိုသတိထားရပုံ၊ ဒွေးချိုး၊ လေးချိုးအချများတွင် **ဝဂ်နင်း** ကို သတိထားရပုံ အစရှိသည်တို့ကိုလည်း အသိပင်ဖြစ်လေသည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သောစာအုပ်တို့တွင် အသံ၏အကြောင်းကို ကောင်းကောင်းဖော်ပြမထားသောကြောင့် ကဗျာကိုလေ့လာသူတို့မှာ မကြာမကြာ အချုပ်အတည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရလေသည်။ [၂၈]

သိပ္ပံမောင်ဝသည် '**ခေတ်စမ်းမပေါ်ခင် ကဗျာအခြေအနေ**' ဆောင်းပါးကို သူရိယသတင်းစာတွင် ရေးခဲ့၏။ ထိုစဉ်က ထွက်ပေါ်နေသမျှမဂ္ဂဇင်းများ၏ ကဗျာခန်းတွင်ပါနေကျမောင်ဘွဲ့၊မယ်ဘွဲ့၊မိုးဘွဲ့၊နိဗ္ဗာန်ဘွဲ့တို့မှာ ဖတ်ရဖန်များသဖြင့် ငြီးငွေ့လာပြီး ဖတ်ချင်စိတ်မရှိအောင်ဖြစ်ကြောင်း၊ လင်္ကာရေးသားရာတွင် 'ရေးသားသူ၏စိတ်အတွင်း၌ ပေါ်ပေါက်လာသောအကြောင်းအရာ' တို့ကို ရေးဖွဲ့ပြမှသာလျှင် လင်္ကာနှင့်တူမည်ဖြစ်ကြောင်း၊ အကယ်စင်စစ် လွမ်းသောသူကဖွဲ့သောစာမှသာလျှင် အလွမ်းဘွဲ့ဖြစ်မည်ဖြစ်ကြောင်း၊ လက်ဝဲသုန္ဒရအမတ်၏ 'မဲဇာတောင်ခြေ ချိုရတု'၊ အနန္တသူရိယအမတ်၏ 'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ' ချိုလင်္ကာ၊ လှိုင်ထိပ်ခေါင်တင်၏ စိန်ခြူးကြာညောင်' 'ဘောလယ်'၊ ရှင်မဟာရဋ္ဌသာရ၏ 'ရွှေစက်တော်သွား တောလား' စသည်တို့မှာ တကယ်ခံစားဖြစ်ပျက်ရောက်ရှိသည်ကို ဖွဲ့သဖြင့် ကောင်းမွန်ကြောင်း၊ ဦးပုည၏ မေတ္တာစာများမှာပင် ၎င်းနှင့်သက်ဆိုင်သော မေတ္တာစာများက သူတစ်ပါးအတွက် ရေးပေးသော မေတ္တာစာများထက် သာလွန်ကောင်းမွန်ကြောင်း ရေးသားလေသည်။

ဆက်လက်၍ မြန်မာကဗျာ တိုးတက်စေချင်လျှင် မိမိတို့စပ်ဆိုသောကဗျာတို့တွင် အကြောင်းအရာဆန်းဆန်းများ ထည့်သွင်းရေးသားသင့်ကြောင်း ကွယ်လွန်သူဆရာချစ်စရာ(သတိုးပီယ) ရေးသော ကဗျာအချို့မှာ ပင်ကိုဉာဏ်သုံးပြီး ဆန်းသောအကြောင်းအရာကလေးများဖွဲ့ဆိုရေးသား၍ကောင်းကြောင်း၊ ဖေသူတော်ဘွဲ့ခံသူရေးသော စာအချို့ကောင်းကြောင်း ရေးသားလေသည်။

"ယခုအခြေအနေထက် မတိုးတက်ပါလျှင် နောင်ကိုဆုတ်ယုတ်သွားပည်ကား အမှန်မုချပင်ဖြစ်ကော့၏။ ယခုကာလပေါ်ကဗျာစုမှာကောင်းမွန်လှသော ကဗျာများမဟုတ်သေးချေ။ ယို့ထက်တိုးတက်အောင် ရွက်ဆောင်ကြပါမှ ကဗျာဘက်က တိုးတက်ရန်အကြောင်းရှိပေသည်" [၂၉]

ဟု ကောက်ချက်ချလေသည်။

'**ကာလပေါ်လင်္ကာတိုကလေးများ**' ဆောင်းပါးတွင် သိပ္ပံမောင်ဝက တေးထပ်၊ ဒွေးချိုး၊ ရတု စသည့်လင်္ကာတိုကလေးများအကြောင်းကို ရေး၏။ ကောင်းမွန်သော ကာလပေါ်လင်္ကာတိုကလေးများကို စုပေါင်း၍စာအုပ်ရိုက်နှိပ်ရန် အကြံပြုထား၏။ ထွက်ပြီးသော စာအုပ်များကို ရှေးကျကျနှင့် ယှော

www.burmeseclassic.com



နောပုံနှိပ်ထားသည်ကို သူမကြိုက်ပေ။ ဟံသာဝတီသတင်းစာဆောင်းပါးများ တွင် တေးထပ်၊ ဒွေးချိုး၊ ရတုကလေးများ ဖတ်ရှုရသည်ကို သိပ္ပံမောင်ဝ ဝမ်း မြောက်သည်။ သို့သော် ဟံသာဝတီသတင်းစာ ရပ်သွားပြီး လင်္ကာတိုကလေး များ ပျောက်သွား၏။ တစ်ဖန် သူရိယသတင်းစာပေါ်လာသောအခါ မစ္စတာ မောင်မှိုင်းဆိုသူက ဆောင်းပါးများတွင် တေးထပ်၊ ဒွေးချိုးများ ထည့်သွင်းရေး သားလာ၏။ ထို့နောက် 'မောင်ခင်မောင်' အမည်ခံသူရေးသော ခင်မြင့်ကြီး၊ တင်တင်မြ စသည့်ဝတ္ထုများတွင် တေးထပ်၊ ဒွေးချိုး၊ ရတုများပါဝင်လာကာ ဖတ်ရှုသူများ နှစ်သက်စပြုလာကြောင်း၊ ထို့နောက် ပညာ့အလင်းမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းတို့ပေါ်လာပြီး လင်္ကာတိုများ ထည့်သွင်းလာကြောင်း ရေးသား ထား၏။

၁၉၂၀ ပြည့်နှစ် နောက်ပိုင်းတွင် လင်္ကာရေးသားခြင်းအကျင့် နေ့ချင်း ညချင်း အလွန်လျင်မြန်စွာ တိုးတက်လာသည်ကိုတွေ့ရကြောင်း၊ သတင်းစာ တိုင်း၊ မဂ္ဂဇင်းတိုင်းတွင် ကဗျာခန်းသီးသန့်ထားကာ ရေးသားသူတို့မှာ ကျောင်း သားကလေးများ၊ မိန်းကလေးများဖြစ်ကြောင်း ရေးသားထားသည်။

"၎င်းတို့ရေးသားသော စာစုကိုဖတ်ရတိုင်း များစွာအားတက်မိပေ သည်။ ဤသို့ နှစ်ပရိစ္ဆေဒ အနည်းငယ်အတွင်းတွင် ကျောင်းသား ကလေးများ၊ မိန်းကလေးများ လင်္ကာကဗျာတို့ကို ရေးသားစပ်ဆိုနိုင် ခြင်းသည် အားရဖွယ်ပင်ဖြစ်ပေသည်" [၃၀]

ဟုသုံးသပ်ကာဆောင်းပါးကို အဆုံးသတ်ထားလေသည်။

**ကာလပေါ်လင်္ကာရှည်များ** ဆောင်းပါးတွင်မူ မန်လည်ဆရာတော် ဘုရား၏ **မဟာသုတကာရီမဃဒေဝလင်္ကာသစ်အကြောင်းရေးသား၏။** "နောင် နှစ်ပေါင်းများစွာလွန်မြောက်၍ နောက်သားနောင်လာတို့ မြန်မာကဗျာလင်္ကာ တို့ကို လေ့လာသောအခါ ဤမာဃဒေဝလင်္ကာသစ်ကြီးကိုအထူးအရေးယူကာ သင်ကြားလေ့လာကြမည်မှာ အမုန်မုချပင်ဖြစ်လေတော့၏။" ဟူသော သိပ္ပံ မောင်ဝ၏ သုံးသပ်ချက်မှာ သွေးထွက်အောင်မှန်လှပေ၏။ ထိုစာရေးသော ၁၉၂၈ မှရေတွက်သော် ယနေ့တွင် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ မဃဒေဝလင်္ကာ ကြီးသည် သူမျှော်မှန်းသည့်အတိုင်း စာသမား ကဗျာသမားတို့၏ မှီခိုအားထား ရာ စံပြုရာ၊ နည်းယူစရာ ကဗျာကျမ်းကြီးတစ်ဆူဖြစ်နေပေပြီ။

သိပ္ပံမောင်ဝသည် မဃဒေဝလင်္ကာသစ်ကြီးကို သူတို့ခေတ်၏ကိုယ် စားလှယ်ကြီးဟု ကင်ပွန်းတပ်၏။ 'နောင်နှစ်ပေါင်း ၄၀၀ ခန့်ကြာလျှင်

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၂၆၀ ကျော်အတွင်း၌ မြန်မာစာပေကဗျာလင်္ကာတို့ ကောင်းစွာထွန်းကားနေပေသည်ဟူ၍ နောင်လာနောက်သား စာပေလိုက်စားသူတို့က ပြောကြားချီးမွမ်းကြပေလိမ့်မည်ဟုလည်းဆို၏။ သူသည် မဃဒေဝလင်္ကာသစ်အကြောင်း အသေးစိတ်ရေးပြ၏။ ယင်းတို့ကို ဤစာတမ်းတွင် ဖော်ပြခြင်းမပြုတော့ပါ။ သိပ္ပံမောင်ဝသည် လင်္ကာရှည်များပေါ်ပေါက်လာရန် ဆန္ဒရှိ၏။ သို့သော် သူမတွေ့ရ။ ပုံမနှိပ်ရသေးသော လင်္ကာများရှိသလော။ ရှိကြောင်းသိသူက သတင်းပေးပါဟု ဖိတ်ခေါ်ထား၏။

သိပ္ပံကျောင်း မြန်မာစာဆရာကြီး ဆရာပွားက 'ဝေလမင်းသား ရွှေနားတော်သွင်းချေင်း' ရေးသားသည်။ သို့သော် ပုံမနှိပ်ရသေးဟု သိရကြောင်း၊ ကျောက်စာရုံစာရေးကြီးဦးဘေရေးသည် ဝရဏပျို့ ထွက်ပေါ်လာကြောင်း၊ ရှည်လျားသော ပျို့မဟုတ်ဘဲ ထူးခြားကောင်းမွန်သည်လည်းမဟုတ်၊ ညံ့ဖျင်းသည်မဆိုသာဘဲ အလယ်တန်းစားပျို့သာဖြစ်ကြောင်း ရေးသားထားသည်။

> "နှစ်ပေါင်း ၂၀ အတွင်း စာတစ်စောင်တစ်ဖွဲ့အဖြစ်ဖြင့် လင်္ကာသုံးလေးစောင်သာ ပေါ်သောကြောင့် မြန်မာလင်္ကာမှာ တိုးတက်ထွန်းကားနေပေသည်ဟုဆိုရန် များစွာမှုပင် ခဲယဉ်းပေသည်။ မဃဒေဝလင်္ကာသစ်တစ်ခုရှိနေပေသောကြောင့်သာ အနည်းငယ်ခံသာပေသေး၏။ အကယ်၍ ၎င်းလင်္ကာမပေါ်ပါမူကား မြန်မာစာပေလင်္ကာဘက်တွင် ဆယ်မရအောင် ဆုတ်ယုတ်နေသည်ဟူ၍ အမှန်ပင်ဆုံးဖြတ်ရပေလိမ့်မည်" [၃၇]

ဟု အဆုံးသတ်ထား၏။ ယင်းသို့ မဃဒေဝလင်္ကာသစ်လို ကဗျာကျမ်းကို ကိုင် တွယ်သုံးသပ်ခွဲခြမ်းစိတ်ဖြာပြနိုင်သည့် သိပ္ပံမောင်ဝ၏ ကဗျာအခြေခံအင်အားကို စာပေပညာရှင်များ အကဲခတ်နိုင်လောက်ပြီဟု ထင်မိပါသည်။

**ကဗျာရေးသောသိပ္ပံမောင်ဝ**

ဤစာတမ်းအစတွင် 'ကောက်ရိုးပုံထဲတွင် အပ်ကိုရှာသည်နှင့်တူလှပေသည်' ဟုရေးမိသည်ကို ပိုသည်ဟု မထင်ကြပါနှင့်။ စာတမ်းရေးရန်ခေါင်းစဉ်းပေးပြီးသည်အထိ သိပ္ပံမောင်ဝ ကဗျာရေးခဲ့မှန်းမသိသေးပါ။ ခေတ်စမ်းကဗျာနှင့် ပတ်သက်သော ဆောင်းပါးများကို ဖတ်ရှုသဘောကျနှစ်မြို့ထားမိ၍သာ ဤခေါင်းစဉ်ကိုပေးခြင်းဖြစ်ပါသည်။

စာတမ်းရေးရန်စာအုပ်များ ရှာဖွေဖတ်ရှုသောအခါ သိပ္ပံမောင်ဝနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏စာစု' စာအုပ်တွင် 'ကဗျာသမားသိပ္ပံမောင်ဝ' ဆောင်းပါး၌ သိပ္ပံမောင်ဝ ကဗျာအချို့ကို တွေ့လိုက်ရသည်။ ထို့နောက် ဆက်လက်ရှာဖွေရာ အောက်ဖော်ပြပါကဗျာများကို တွေ့ရသည်။

၁။ **သိကြားမင်းထံလျှောက်လွှာ**(မေတ္တာစာဟန်)
ကလောင်အမည် - မောင်ဝ
ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ အတွဲ-၁၆၊ အမှတ်-၁၊ ၁၉၂၅။

၂။ **သကြိန်လက်ဆောင်** (ရတုဆန်ဆန်လေးလုံးစပ်လင်္ကာ)
ကလောင်အမည် - မောင်ဝ
ဂန္ထလောကမဂ္ဂဇင်း၊ အတွဲ-၁၉၊ အမှတ်စဉ်-၁၁၂၊ ၁၉၃၄၊ မေလ။

၃။ **အဖြည့်ရတု** (ထွန်းသည့်တေဇာချီ ကေပိုဒ်ရတု)
ကလောင်အမည် - တင်တင့်
ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၂၊ ၁၉၂၅။

၄။ **ရန်ကုန်ခင်ဆွေထံသို့ ကောလိပ်ခင်ခင်ထံမှပေးစာ**
ကလောင်အမည် - ကောလိပ်ခင်ခင်
ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၈၃၊ ဇူလိုင်လ၊ ၁၉၂၇။

၅။ **ကောလိပ်ကျောင်းအိပ်ကျောင်းစားကျောင်းဘွဲ့လေးချိုး**
ကလောင်အမည် - ကောလိပ်ခင်ခင်
ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၈၃၊ ဇူလိုင်လ၊ ၁၉၂၇။

၆။ **ဖြန့်လှိုင်းဝေဆာ၊ ထပ်လောင်းပါအံ့ ချီအဖြည့်ခံရတု**
ကလောင်အမည် - မောင်စိန်တင်(ဘီအေအမြင့်တန်း)
ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ အတွဲ-၁၇၊ အမှတ်-၁၊ ၁၉၂၆။

အမှတ်စဉ် ၁ ကဗျာမှာ သိပ္ပံမောင်ဝနေထိုင်ရာ ယူနီဘာစီတီကျောင်းတော်ကြီး၏ တကောင်းကျောင်းဆောင်၌ ခြင်တွေကိုက်လှသဖြင့် သိကြားမင်းအားကယ်မတော်မူပါရန် တိုင်တည်လျှောက်ထားသော မေတ္တာစာ ဖြစ်လေသည်။ လင်္ကာအရေးအသားမှာလည်း ပြေပြစ်ကောင်းမွန်သည်။ ဖတ်ရသည်မှာ ဆရာကြီး ဦးပုည မေတ္တာစာများနှယ် သွက်လက်လှပေသည်။

ယင်းကဗျာနှင့်ပတ်သက်၍ . . .

'ဒီအခါက ပြည်နဲ့ တကောင်းကျောင်းဆောင်တွေမှာ အလွန်ခြင်ကိုက်တယ်။ ဒီတော့ ကိုဝက သိကြားတိုင်စာတစ်ပုဒ် ရေးတယ်။ ကိုဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



တို့လူစုကို ဖတ်ပြတယ်။ အဲဒီအခါက ကိုဝံဟာ ဝေဿန္တရာ ဇာတ်တော်ထဲက ကာရန်အချိတ်အဆက်အရေးအသားမျိုးတွေနဲ့ ရေးနေတုန်းပဲရှိသေးတယ်'[၁၈]

ဟု ဦးလှက ရေးထားသည်။

**အမှတ်စဉ်** ၂ ကဗျာမှာ သကြ်ာန်အတွင်း ရေကစားရင်းဆုံတွေ့ရသော လှပျိုဖြူနှင့်မေတ္တာမျှပုံ၊ စိတ်ကောက်ပုံ၊ စိတ်ပြေပုံတို့ကို ရေးဖွဲ့ထားသော ဧကပိုဒ်ရတုဆန်ဆန်လေးလုံးစပ်လင်္ကာဖြစ်သည်။ ကဗျာ၏အောက်ခြေတွင် မှတ်ချက်အဖြစ် "ဂန္ထလောကတွင် ဇော်ဂျီ၊ တို့ သကြ်ာန်အကြောင်း အလွမ်းကလေးများနှောကာ ကဗျာဆန်းများရေးကြသည်ကိုအားကျ၍ ဖြစ်ကတတ်ဆန်း စပ်လိုက်သောလင်္ကာဖြစ်ပေသည်" ဟု ဖော်ပြထား၏။

**အမှတ်စဉ်** ၃ ကဗျာမှာ အလွမ်းဘွဲ့အဖြည့်ရတုဖြစ်သည်။ သိပ္ပံမောင်ဝ၏ ဇာတိမြို့မော်လမြိုင်ကိုအခြေခံထား၍ အချစ်ဇာတ်လမ်းတစ်ခုကို ကဗျာဖွဲ့ခြင်းဖြစ်သည်။ ချစ်ခင်နှစ်သက်စဉ်က သဇင်ပန်းကို ခူးယူပေးပြီးခါမှ ခင်လေးသက်လျာက မည်သည့်အတွက် စိမ်းကားသွားသည်ကိုသိလိုကြောင်း ရေးဖွဲ့ထားသည်။ မှတ်ချက်တွင် လွန်ခဲ့သည့်အပတ်မဂ္ဂဇင်း၌ပါရှိသည့် မောင်ခင်မောင်၏ရတုကို ဖြည့်သည်ဟု တွေ့ရသည်။

**အမှတ်စဉ်** ၄ မှာ ဒဂုန်မဂ္ဂဇင်း၏ လစဉ်ကဏ္ဍ ယုဝတီစက္ကူအခန်းမှ ရန်ကုန်ခင်ဆွေသို့ ကောလိပ်ခင်ခင်ထံမှ ပေးစာဖြစ်သည်။ ရန်ကုန်ခင်ခင်ဆိုသည်မှာ ယုဝတီစက္ကူ၏ ပင်တိုင်ကလောင်ဖြစ်သည်။ လင်္ကာညှပ်စကားပြေသို့မဟုတ် မေတ္တာစာဟန်လင်္ကာဟု ဆိုနိုင်ပါ၏။

**အမှတ်စဉ်** ၅ အထက်ပါ ကောလိပ်ခင်ခင်၏ ပေးစာအဆုံးတွင် ဖော်ပြထားသော လေးချိုးကဗျာဖြစ်သည်။ ယုဝတီစက္ကူကဏ္ဍ၏ ထုံးစံအတိုင်း အဖွင့်စွင်လည်းကောင်း၊ အပိတ်တွင်လည်းကောင်း တေးထပ်၊ လေးချိုးကဗျာများကို စပ်ဆိုထည့်သွင်းသည့်မူအတိုင်း ရေးစပ်ထည့်သွင်းခြင်းဖြစ်သည်။

**အမှတ်စဉ်** ၆ ကဗျာမှာမူ ရည်ညွှန်းပါမဂ္ဂဇင်းကို ရှာ၍မရသဖြင့် စာကိုယ်မဖော်ပြနိုင်ပါ။ သိပ္ပံမောင်ဝနှင့် သူ၏စာစုပါစာအုပ်တွင် တွေ့ရသမျှသာ တင်ပြနိုင်ပါသည်။ သိပ္ပံမောင်ဝ မြန်မာစာ ဂုဏ်ထူးတန်းတွင် ပညာသင်ကြားစဉ်က ပုဂံဝန်ထောက်ဦးတင်သည် ဆရာတစ်ဦးဖြစ်ခဲ့၏။ ထိုဆရာ ပုဂံဝန်ထောက်ဦးတင် အလုပ်မှနတ်ထွက်မည်ဟု သိရသောအခါ တပည့်များက အားငယ်ကြေကွဲပုံကို အဖြည့်ခံရတု နှစ်ပိုဒ်စပ်ဆိုသည်။ ပထမအပိုဒ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရေးသူမသိရဟုဆိုသည်။ ဒုတိယပိုဒ်ကိုကား ဘီအေအမြင့်တန်းမှ မောင်စိန်တင်က စပ်ဆိုကြောင်း သိရသည်။ စာတမ်းဖတ်ချိန်အထိ ကဗျာစာကိုယ်ကို မရနိုင်ခဲ့ပါ။ စာတမ်းများကို စာအုပ်အဖြစ် ပုံနှိပ်သည့်အခါ ပါဝင်နိုင်အောင် စာပေပညာရှင်များ သုတေသီများက ၁၉၂၆ ခုနှစ်၊ အတွဲ-၁၇၊ အမှတ်-၁၊ ယူနီဘာစီတီကောလိပ်မဂ္ဂဇင်းကို ကျေးဇူးပြုမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာဖြစ်ရပါမည်။ သိပ္ပံမောင်ဝ၏ကဗျာတစ်ပုဒ်ကိုဖော်ထုတ်ခြင်းဖြင့် စာပေလောကအတွက် များစွာအကျိုးဖြစ်ထွန်းပါမည်။

ကဗျာကို **နောက်ဆက်တွဲဖြင့်** ဖော်ပြထားပါသည်။

**နိဂုံး**

**စကားပြေဆရာကြီးသိပ္ပံမောင်ဝ** ဟု ထင်ရှားသောပုဂ္ဂိုလ်ကြီးသည် စကားပြေအမျိုးအမည်ပေါင်း မြောက်မြားစွာကို ရေးသားခဲ့သည်။ ယင်းတို့အနက် **ကဗျာဝေဖန်ရေးဆောင်းပါးများ** ပါဝင်သည်ကို တွေ့ရ၏။ ကဗျာဝေဖန်ရာ၌ သာမန်မည်ကာမတ္တမဟုတ်ဘဲ ထဲထဲဝင်ဝင် ပွန်းပွန်းတီးတီး ဝေဖန်သုံးသပ်အကြံပြုထားသည်ကို ဖတ်ရှုကြရပြီးဖြစ်ပါသည်။

သိပ္ပံမောင်ဝသည် ကဗျာကို အတော်လျှို့လျှို့ဝှက်ဝှက် ရေးခဲ့ဟန်တူ၏။ သူနှင့် ခေတ်ပြိုင်ဟုဆိုရမည့် ဆရာဇော်ဂျီ တို့ကပင် လျှင် "ဦးစိန်တင်သည် စကားပြေအရာတွင် အလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော်လည်း **လင်္ကာအရာတွင်ကား သူ့ကဗျာတို့ကို ကောင်းစွာမတွေ့ရဖူးသဖြင့် မပြောတတ်**" ဟုရေးခဲ့သည်။ သိပ္ပံမောင်ဝနှင့် အလွန်ရင်းနှီးပြီး စာပေးစာယူအမြဲရှိခဲ့သော လူထုဦးလှက "စောစောပိုင်းက သူကဗျာနည်းနည်းပါးပါးရေးဖူးသေးတယ် . . . သူ့ကဗျာလေးတွေဖတ်ပြီး တယ်မဆိုးပါဘူးလို့ရယ်လေ့ရှိတယ်" ဟု ရေးပါသည်။ ယခု နှစ်တစ်ရာပြည့် သူ့မွေးနေ့အထိမ်းအမှတ်ပွဲတွင် သူ့ကဗျာများ ထွက်ပေါ်လာပါပြီ။ **ကဗျာဆရာသိပ္ပံမောင်ဝ** ဟု ကင်ပွန်းတပ်လိုက တပ်နိုင်ပြီဖြစ်ပါသည်။

ဤစာတမ်းပြုစုရာတွင် အမိကကူညီသော ဦးမြင့်ကြိုင် (အောင်မိုးဆောင်း)၊ သူငယ်ချင်းရေးဖော် ဦးအေးချို(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှ ဒေါ်တင်ဘုန်းနွယ်၊ ဒေါ်ခင်နှင်းဦးနှင့် ဝန်ထမ်းများ၊ အမျိုးသားစာကြည့်တိုက်ဝန်ထမ်းများ၊ ချစ်ဇနီး ခင်သန်းဌေးနှင့် သားသမီးများအားကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်စဉ်အညွှန်းများ


| | | |
|---|---|---|
| ၁။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂ |
| ၂။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂ |
| ၃။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂၂၁ |
| ၄။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂၂၃ |
| ၅။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၁၇ |
| ၆။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂၁၇ က |
| ၇။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၂၄ |
| ၈။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၂၃၊ ၂၄ |
| ၉။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၂၆ |
| ၁၀။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၅၇ |
| ၁၁။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၅၉ |
| ၁၂။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၆၅ |
| ၁၃။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၆၃ |
| ၁၄။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၆၄ |
| ၁၅။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၅၁ |
| ၁၆။ | သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ | စာ-၄၁၆ |
| ၁၇။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၇၄ |
| ၁၈။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၆၇ |
| ၁၉။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၆၉ |
| ၂၀။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၇၅ |
| ၂၁။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၄၆ |
| ၂၂။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၈၀ |
| ၂၃။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၈၂၊ ၈၃ |
| ၂၄။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၈၈ |
| ၂၅။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၉၁၊ ၉၂ |
| ၂၆။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၉၃ |
| ၂၇။ | ခေတ်စမ်းစာပေအထွေထွေ | စာ-၉၅ |
| ၂၈။ | သိပ္ပံမောင်ဝစာပေယဉ်ကျေးမှု | စာ-၉၂ |


www.burmeseclassic.com

www.burmeseclassic.com



၂၉။ သူရိယသတင်းစာ၊ ဒီဇင်ဘာ ၆၊ ၁၉၂၈
၃၀။ သူရိယသတင်းစာ၊ ဒီဇင်ဘာ ၆၊ ၁၉၂၁
၃၁။ သူရိယသတင်းစာ၊ နိုဝင်ဘာ ၃၀၊ ၁၉၂၈
၃၂။ သူစာများကပြောခဲ့တဲ့သိပ္ပံမောင်ဝ စာ-၃

## ဖတ်ရှုကိုးကားစာအုပ်များ

### သိပ္ပံမောင်ဝ၏စာအုပ်များ

၁။ ခေတ်စမ်းစာပေအထွေထွေ၊ စံပယ်ဦးစာပေဖြန့်ချိရေး၊ ဒုတိယအကြိမ်၊ ၁၉၇၇၊ ဒီဇင်ဘာလ။
၂။ စာပေယဉ်ကျေးမှု၊ ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး၊ ၁၉၇၆ ဇူလိုင်လ။
၃။ မှတ်တမ်းဝင်စာပေများ၊ ကြေးမုံစာပေဖြန့်ချိရေး၊ ၁၉၅၅
၄။ ဝတ္ထုဆောင်းပါးများ၊ စာပေဗိမာန်၊ ၁၉၆၁
၅။ သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝ၊ လူထုဦးလှ၊ ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး၊ ၁၉၆၆၊ အောက်တိုဘာလ။
၆။ သုံးပွင့်ဆိုင်ခေတ်စမ်းစာပေ၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ ရှမဝစာအုပ်တိုက်၊ ၁၉၅၅။
၇။ သိပ္ပံမောင်ဝနှင့်သူ၏စာစု၊ ဦးမြင့်ကြိုင်(အမျိုးသားစာကြည့်တိုက်)၊ ဝါမိုးအောင်စာပေ၊ ၁၉၉၅၊ ဇွန်လ

### အခြားဟာအုပ်စာတမ်းများ

၈။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၄၊ စာ-၅၇၊ ၆၂
၉။ နတ်သျှင်နောင်ရတုပေါင်းချုပ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ တတိယအကြိမ်၊ ၁၉၆၆၊ ဧပြီလ
၁၀။ မိုးဂျာနယ်၊ ၁၉၉၈၊ ဇူလိုင်လ
၁၁။ ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ အတွဲ ၁၆၊ အမှတ်-၁၊ ၁၉၂၅
၁၂။ ဂန္ထလောကမဂ္ဂဇင်း၊ အတွဲ-၁၉၊ အမှတ်-၁၁၂၊ ၁၉၃၄၊ မေလ
၁၃။ ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၈၃၊ ၁၉၂၇၊ ဇူလိုင်လ
၁၄။ သူရိယသတင်းစာ၊ ဒီဇင်ဘာ-၆၊ ၁၉၂၁

www.burmeseclassic.com

www.burmeseclassic.com



၁၅။ သူရိယသတင်းစာ၊ နိုဝင်ဘာ–၃၀၊ ၁၉၂၈
၁၆။ သူရိယသတင်းစာ၊ ဒီဇင်ဘာ–၆၊ ၁၉၂၈

## သိကြားမင်းထံလျှောက်လွှာ

ကောဝိဋ္ဌာရ၊ ရက္ခပင်မင်း၏အနီး၊ အုံ့ချီးစဖွယ်၊ ဆန်းကြယ်ခမ်းနားကြီးမားအထု၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာအထက်၌၊ ကျက်သရေအမျိုးမျိုးတို့ဖြင့်၊ ကွန့်ဖြိုးတင့်တယ်စွာ၊ လစန္ဒာကို တာရာကြယ်နက္ခတ်အစုံ၊ ဝန်းအုံရံခသကဲ့သို့၊ မြတ်လှအေဝီ၊ နတ်ရွှေညီတို့၏အလယ်တွင်၊ စံပယ်ကွန့်မြူးခါ၊ မဟာအေဝရာဓ်၊ နတ်တကာတို့၏ သင်းကျစ်လည်းဖြစ်ထသော၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်သော၊ တောင်များသနင်း၊ မြင်းမိုရ်တောင်မင်းကို စင်လျက်၊ တစ်ချက်တည်းနှင့် ပျက်စီးယိုယွင်းအောင် စွမ်းဆောင်နိုင်သည့်၊ ဝရဇိန်လက်နက်၏ သခင်လည်းဖြစ်ထသော၊ သဟဿနစ်၊ ဘွဲ့ခံရင်း ဖြစ်သည့်အတိုင်း၊ စိစစ်နှိုင်းညှိ၊တစ်ထောင်သောအမြင်မျက်စိဖြင့်၊ သတိရေးယူလူတို့၏နယ်ဘက်ကို၊ တစ်ချက်တစ်ချက်ရှုမျှော်၍၊ မသူတော်တရား၊ လိုက်စားတိမ်းစောင်း၊ အပါယ်လောင်းဖြစ်ကြသည့်၊ မကောင်းသူတို့ကိုပယ်၊ ကောင်းသူတို့ကို ကယ်လေ့လည်း ရှိထသော၊ သက္ကမာဃိန်၊ ပုရိန္ဒဒ၊ နာမထင်ရှားသိကြားမင်းအရှင် သခင်မြတ်ဘုရား။

လူ့ပြည်လူ့ရွာ၊ လူခန်းဝါတွင်၊ ရတနာရိပ်မြုံ၊ သာမျိုးစုံသည်၊ ရန်ကုန်ပြည်သာ၊ မြောက်မျက်နှာဝယ်၊ ကမာရွတ်ခေါ်၊ ထင်ပေါ်ဂါမာ၊ သညာမည်သီးရွာအနီး၌၊ အုံ့ချီးဖွယ်တည်ထား၊ ယူနီဘာစီတီကျောင်းသားများ၏၊ ပျော်ပါးမွေ့လျော်ရာဖြစ်သော၊ ကျောင်းတော်ကြီးအတွင်းမှာ၊ အင္ဂာရသ၊ သိပ္ပအမျိုးမျိုးကို၊ အားကြိုးမာန်တက်၊ ကျက်မှတ်လေ့လာနေရပါသော ကျွန်တော်မျိုးမောင်ဝဏ ဟတ္ထပဒုံ၊ လက်ကြာမုံဖြင့်၊ ခြေတော်အစုံကို ဦးခိုက်လျက်၊ တိုက်ရိုက်လျှောက်ကြား၊ အသနားတော်မြတ် ခံလိုသည်မှာ။

ကျွန်တော်မျိုးတို့နေထိုင်ရာ၊ အိမ်ဂေဟာအနီး၊ တောအုပ်ကြီးတွင်ခိုမှီးပိုင်စိုး၊ လွှမ်းမိုးအထူး၊ ကွန့်မြူးစံပယ်ကာ၊ ခြင်ငယ်ဖြုတ်အပေါင်းတို့၏ဦးစီး၊ ၎င်းတောအနီးရှိ အသီးသီးအတန်တန်၊ တွင်းကန်အိုင်ချောင်းမကောင်းယွင်းပျက်၊ ရွံ့ညွှံ ဗွက်ဟူသမျှတို့၏အရှင်၊ ခြင်ဘုရင်အပေါင်းတို့သည်၊ ထုံး

www.burmeseclassic.com



ဟောင်းဥပမာ၊ အလားတူရှာလိုက်လျှင်၊ ဝေသာလီပြည့်ရှင်၊ ငါးရာသောလိစ္ဆဝီ
ဘုရင်တို့ကဲ့သို့၊ အသွင်မယှဉ်း၊ မိမိတို့အချင်းချင်းလျှင်၊ အသင်းအပင်းဖွဲ့စည်း
ဘ၊ သူရိယာနေစန်း၊ ဂေါယာကျွန်းသို့၊ ယွန်းသည်နှင့်တစ်ပြိုင်နက် အနောက်
ဘက်မျက်နှာ၊ နေရောင်ဝါအပျောက်၊ ဆည်းဆာရောက်လတ်သော်၊ ကြောက်
သန့်ဖွယ်ကြီး၊ အင်မတီးအင်မတန်၊ စိတ်မာန်ထက်ပြင်းတစ်စက္ကန့်အတွင်းမှာ၊
များစွာမိုင်ပေါင်း ပေါက်ရောက်နိုင်သော၊ အံ့လောက်ဖွယ်အပြီး၊ လေယာဉ်ပျံ
အပ်ကြီးများ ချီတက်၍လာသလို၊ ညီညာပျံသန်း၊ ကျွန်တော်မျိုးနေရာအခန်း
သို့၊ ကြွမြန်းဝိုင်းအုံတော်မူကြပြီးလျှင်၊ မကြင်မနာ၊ ညှာတာထောက်ထားခြင်း၊
အလျဉ်းလုံးလုံးမရှိ၊ ဖိစီးလွှမ်းမိုး၊ ကျွန်တော်မျိုးနှင့်ပြိုင်သူရန်ဘက်၊ အဆက်
ဆက်က မဟုတ်ရပါဘဲ၊ အစမွှအတင်း ချင်းနင်းဝင်ရောက်ခါ၊ ကျွန်တော်မျိုး
များကို၊ ညီညာခဲကိုက်၊ ခြင်သူပုန်တိုက်ခိုက်၍ နေကြပါကြောင်း။

ကျွန်တော်မျိုးလည်း၊ အားကြိုးမာန်တက်၊ ရန်သူတို့အနှိပ်စက်ကို၊
သက်သက်ခံ၍မနေနိုင်၊ ထိုင်ကာထကာ၊ ဘယ်ညာနှစ်ဘက်၊ အစုံသော လက်
ဝါးပြက်တို့ဖြင့်၊ တဖတ်ဖတ် တဖုတ်ဖုတ်၊ အတွင်းသားရိုက်ပုတ်၍၊ အဟုတ်
သက်မလွှတ်၊ အတင်းဇွတ်လျှင်၊အဝတ်နှင့်ယမ်းလိုယမ်း၊စွမ်းနိုင်သမျှ ခုခံ၍
ရသောအခါ၊ အာရုတိုက်အတွင်း၊ သတင်းကြီး၍၊ ဉာဏ်သိမ်မွေ့သည်၊ အရှေ့
အင်္ဂလန်၊ ဂျပန်ပြည်ထွက်၊ လက်နက်အပေါင်းတို့တွင်၊ အကောင်းဆုံးဖြစ်ပေ
သော၊ ခြင်သေမှိုင်းဆေးတို့ဖြင့် မနေးမပြတ်၊ အထပ်ထပ်အခါခါ၊ ပစ်ဖောက်
ရ၍ လွှတ်ပါသောကြောင့်၊ အရာအထောင်မက၊ များလှစွာသော၊ ခြင်အိုခြင်ပျို၊
ခြင်စစ်ဗိုလ်တို့သည်၊ ထိုထိုစစ်မြေတလင်း၌၊ ပျက်စီးခြင်းသို့ ဆိုက်ရောက်ကြ
ပါသော်လည်း၊ ကျန်ရှာသူ ခြင်စစ်သားများက၊ မနားမရပ်၊ တစပ်တည်းဆက်
သက်၍၊ မိမိတို့၏အသက်ကိုပင်မညှာတာ၊ ကြိုးစားကာ ရှုပ်ရှုပ်ချွံ ချွံ တိုက်
ခိုက်ပြန်သောကြောင့်၊ ဂျပန်လက်နက်များပင် မဖျက်ဆီးနိုင်၊ ယိမ်းယိုင်ခွေညိုး
ဘ၊ ကျွန်တော်မျိုး၏ ရှေ့တပ်မကို ရုပ်သိမ်းလိုက်ရပါကြောင်း။

ကျွန်တော်မျိုးတပ်မ၊ အခြေအနေမလှသည်ကို၊ မြင်ကြသောအခါ၊
ခြင်စစ်သည်အပေါင်းတို့သည် သောင်းသောင်းဆူပွက်၊ တက်သည့်လေယာဉ်ပျံ
တို့စက်အသံကဲ့သို့၊ ဆူညံစုဝေး၊ အောင်သံကိုပေးကြလျက်၊ ဘေးဆီးရန်ကာ
တော်မှာအားကိုး၊ ကျွန်တော်မျိုး၏ မြို့ရိုးတည်းဟူသော အိပ်ခန်းကိုဝိုင်းလန်း
လျက်၊ ဗလက္ကာရ၊ အစမွှအတင်း၊ ချင်းနင်းဝင်ရောက်ကြပြီးလျှင်၊ နူးသီးမွေး
အမျှင်တည်းဟူသော၊ အင်မတန်ကြောက်ဖွယ်ရာ၊ အရိန္ဒမာလှံစကြီးကြီးတို့ဖြင့်၊

www.burmeseclassic.com

www.burmeseclassic.com



ညှာတာမတွေး၊ ကျွန်တော်မျိုးကိုယ်သွေးကို၊ ဘေးကဖောက် နံကဖောက်။ အိမ်ထောင်စုံ သားမယားတို့ပါ၊ အများအပြား သောက်ကြသဖြင့်၊ ရှုံ့ကြောက် ဒေးမှိုင် မခံမရပ်နိုင်သည့်အတွက်၊ အထက်ခံတပ်တည်းဟူသော ကြာခြည်ယံသို့ ပြောင်းပြီးလျှင်၊ ပုန်းအောင်းလျက်နေရာ၊ ခြင်သူပုန်များစွာတို့သည်၊ မဟာစစ် အောင်ပွဲသဘင်၊ ဆင်ယင်ကျင်းပကာ၊ ဝမ်းသာရွှင်ကြည်၊ အောင်စည်အောင် မောင်းတို့ကို၊ ရိုက်ညောင်းတီးဆော်ကြပြီးသော်၊ အဖော်အပေါင်းတို့စုဝေး လျက်၊ တပ်မကို မဖျက်ဘဲ၊ ဆက်လက်စောင့်စားနေကြသဖြင့်၊ စိတ်ကကြောက် ရွံ့၊ မထွက်ဝံ့မထွက်သာ၊ ကြာခြည်ယံအတွင်းမှာပင်၊ အစာရေပြတ်၊ ထမင်းငတ် လျက်၊ မရပ်မတည်နိုင် ယိမ်းယိုင်မချို၊ ပျက်စီးလုနီးပါးရှိလေရကား၊ အရှင် သိကြားမင်းမှ မကယ်လျှင်၊ သေဖွယ်ရာရှိတော့သဖြင့်၊ အထိကရ ရန်ဘေး၊ ခြင်သူပုန်တို့နှင့်ဝေးရအောင်၊ ဖေးမစောင့်ရှောက်တော်မူပါမည့်အကြောင်းကို၊ စုပေါင်းလေးမူ၊ ယူနီဘာစီတီ၊ သညီထင်လင်း၊ ကောလိပ်ကျောင်းမဂ္ဂဇင်းတွင်၊ ထည့်သွင်းလျှောက်ထား၊ ဝတီနယ်ကကြားဖို့ရန်၊ အသနားတော်မြတ်ခံပါ သည်၊ သုဗိတာအစ၊ လေးဝသောမိဖုရားကြီး၊ အသီးသီးခြွေရွေ၊ နှစ်ကုဋေငါး သန်းသော မိဖုရားငယ်တို့၏ သခင်၊ ဤအရှင်သိကြားမင်းကြီးဘုရား။

အမည် - မောင်ဝ

နေရပ် - ချောင်ဘ

* * * * *

## သကြိန်လက်ဆောင်

သကြိန်အတာ၊ ကူးပြောင်းခါဝယ်
မာလာပိတောက်၊ ရဲရဲတောက်မူ
လက်အောင်ပတ်ကုံး၊ ပင်အလုံးတွင်
ပွင့်တုန်းဝေလွင်၊ မြေအပြင်မှ
ရွှေသွင်လျှမ်းတက်၊ ပန်းတစ်ခက်ကို
လှမ်းလက်အသာ၊ ဆွတ်ပြီးခါလျှင်
ချစ်စွာမယ်လျှ၊ ဦးဆံစည်ဍ
ယုယပိုက်ပေး၊ နှုတ်ချိုသွေးလျက်
မောင်ထွေးသို့လော၊ မယ်သို့လောဟု
သဘောကြည်စွာ၊ ညီသဒ္ဒါဖြင့်
ရီကာတစ်ထောက်၊ သံပြိုင်ကောက်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကချီ၊ တစ်ယောက်သီလျက်
တီတီတာတာ၊ ဖွဲ့နွဲ့ကာနှင့်
ပီစွာမယွင်း၊ ခန်းဆောင်တွင်းလည်း
ချစ်တင်းဆိုမော၊ တူစုံပြောခဲ့
တလောထွေပြား၊ ရေဖလားဖြင့်
ကစားတဲ့သွင်၊ လောင်းလိုက်လျှင်သော်
တသွင်နတ်မျှ၊ ဆင်းသူဇလည်း
ဒေါသအလျောက်၊ အမူဖောက်၍
စိတ်ကောက်သောပုံ၊ မျက်နှာသုန်နှင့်
မှုန်မှုန်ရှုဆောင့်၊ အမူကြောင့်ထင့်
ရှုဖြောင့်မမှန်၊ အတန်တန်လျှင်
ပြန်ပြန်အသော့၊ ဖန်ဖန်ချော့၍
စိတ်ပျော့သာယာ၊ ပြုံးရွှင်လာမှ
မကြာပျော်နွှေး၊ ရှိနေရေးကို
အဝေးမောင်တို့ သွားရည်ယို။ ။

သိပ္ပံမောင်ဝ

* * * * *

## အဖြည့်ရတု

ထွန်းသည့်တေဇာ၊ သတင်းဖြာလျက်၊ သာယာကြိုင်လှိုင်၊ မြို့ရွှေမြိုင်ဝယ်၊ သုံးဆိုင်ဗေဒင်၊ လွန်ကျွမ်းကျင်၍၊ ကုန်စင်ကျမ်းပေါင်း၊ တတ်ပေရှောင်းသည့်၊ မြင်ကြောင်းခြင်းရာ၊ ဦးဝိဇ္ဇာ။ ။ မကွာယှဉ်ပူး၊ ချစ်ကြည်နူးလျက်၊ အထူးသက်ဝင်၊ ရှိကြစဉ်တွင်၊ ပို့"ခင်"အိမ်နား၊ သစ်ပင်ဖျားထက်၊ ရွှေသားသစေ၊ ပန်းကိုမြင်သော်၊ ပန်ချင်ဆန္ဒ၊ လွန်မင်းလှ၍၊ ခဏမကြာ၊ ခူးပေးပါဟူ၊ ပူဆာငိုယို၊ နွဲ့ကာဆိုက၊ ဖိုဖိုစိတ်ထဲ၊ တယ်မရဲလည်း၊ အမြဲခင်မင်၊ ချစ်သည့်အင်ဖြင့်၊ အလျင်မနှေး၊ ဆွတ်ယူပေးခဲ့၊ ခင်လေးသက်လျာ၊ ခုအခါမူ၊ လွန်စွာစိမ်းကား၊ မည်သည့်အားကြောင့်၊ မုန်းထားမျက်လို၊ မကြည်ညိုဟု၊ ထိုထိုကျမ်းလာ၊ ဟုတ်မှန်ရာကို၊ မကြာမြွက်ဟ၊ ဟောဖော်ပြမှ၊ မုချမသွေ၊ သိရပေမည်။ ။ မပြေမီးသို့တောက်လွန်းလို့။ ။

တင်မောင်

*(လွန်ခဲ့သည့်အပတ်မဂ္ဂဇင်း၌ပါရှိသည့်*
*မောင်ခင်မောင်၏ရတုကိုဖြည့်သည်။)*

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## ကောလိပ်ခင်ခင်ထံမှ ပေးစာ
## ရန်ကုန်ခင်ဆွေထံသို့

အောက်ပြည်ရန်ကုန်၊ သထုံ၊ မော်လမြိုင်နှင့် ရခိုင်တောင်ရိုး၊ ပခိုး (ပဲခူး)၊ ဟသာ်ဝတ၊ တောင်ငူ စသည့်ဒေသတို့တွင် အခြေကျကျနေထိုင်လျက်ရှိသော ကေခိုင်ယုဝတီတို့၏ မကိုဋ်၊ ရန်ကုန်ဌာနရှိ ယုဝတို့ကပါ ကြိုက်သည့်၊ ယဉ်သိုက်မဟော၊ မမဆွေ။ ။ ရန်ကုန်ချက်ဘွေ၊ ကနက်မြေတွင်၊ ကျက်သရေ တောက်ဖြိုး၍၊ အမျိုးမျိုးသောသိပ္ပတို့ကို၊ နိစ္စမပြတ်၊ အထပ်ထပ် အခါခါ၊ ပို့ချရာဖြစ်သော ကောလိပ်သိပ္ပံကျောင်း၊ အိုင်–အေ–အတန်းတွင်၊ ပညာပဒေသာ၊ ထွေရာရာတို့ကို၊ ချေကာဆွတ်ခူးလျက် ရှိနေပါသော ကျွန်မ ခင်ခင်က၊ စာသဇင်ပန်းခက်ကို၊ မကြာအလျင်လှမ်းဆက်လိုက်ပါသရှင့်။

အကြောင်းမှာ၊ လွန်ခဲ့ပြီးသော ဒဂုန်–မဂ္ဂဇင်းကြီးမှာ၊ ကျွန်မတို့ကောလိပ်ကျောင်းနှင့်ပတ်သက်၍၊ အကြံပေး ဉာဏ်ပေးချက်တို့ကို မမဆွေရေးသားခဲ့သည့်အတွက်၊ တွေ့မြင်ဖတ်ရှုရပါသဖြင့်၊ ကျွန်မနှင့်တကွ၊ သဟာယ–ကျောင်းသား၊ ကျောင်းသူ ဟူဟူသမျှတို့မှာ၊ အားရဝမ်းမြောက်ကြပြီးလျှင်၊ မမဆွေအား အထူးကျေးဇူး ဥပကာရတင်ကြပါသည်။ ဤသို့ကျေးဇူးတင်ကြောင်းများကို၊ ဒဂုန်–မဂ္ဂဇင်းကြီးတွင် ရေးသားမယ်လို့ ကြံစည်ပါသော်လည်း၊ အစမ်းစာမေးပွဲက နီးကပ်လျက်ရှိနေပါသဖြင့်၊ စာကိုသာကြိုးစား၍ ကျက်နေရသောကြောင့်၊ အချက်တွေ လွတ်ကုန်သည့်အတွက်၊ မမဆွေအပြစ်တော်မမြင်ဘဲ၊ အချစ်တော်ဝင်ရန် တောင်းပန်ရပါတော့တယ်။

မမဆွေကတော့ “အရေးကြီး–သွေးနီးရာ” ဆိုတဲ့စကားလာလို၊ ကိုယ့်မြို့မှာရှိတဲ့ ကောလိပ်ကျောင်းကြီးကို မမေ့ထားဘူးပေါ့။ ဟို မန္တလာအထက်ကျေးဆီက၊ အသံစာစာနှင့် အသွက်ကလေးတို့ရဲ့အချုပ်လို့သညာရတဲ့၊ မမတုတ်(ဆရာမ)ကြီးကတော့၊ သတိတောင်မရရှာဘူး။

မမတိုတ်ကြီးဟာ၊ သူတို့အထက်က၊ အညာသူကလေးတွေသာ၊ ပညာတတ်တယ်၊ ကျွန်မတို့အောက်သူများကိုတော့၊ ကြင်ရာငတ်တယ်လို့ပေါ်ပြီးတော့၊ သူတို့အညာသူတွေကိုသာ မြှောက်ကာ မြှောက်ကာနှင့်၊ ကျွန်မတို့အောက်ရွာကိုတော့၊ ထောက်မစာဘဲ ရေးသားလေ့ရှိပါတယ်။ ပြော် . . လောကကြီးမှာ၊ ကိုယ့်နေရာကို၊ ကိုယ်ခင်စမြဲပေမို့၊ ကျွန်မတို့အောက်ပြည်အောက်ရွာကို အထင်လွှဲတော်မူတာကိုလဲ၊ အပြစ်တော့ဖြင့်မဆိုသာပေဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ ဒဂုန်–ယုဝတီပိုင်းတွင်ဝင်၍ ရေးသားနေကြတဲ့ ယုဝတီတွေမှာ၊ သထုံ၊ ဟင်္သာတ၊ တောင်ငူ ပျဉ်းမနားစတဲ့ အောက်သူတွေနှင့် မြေလတ်သူတွေသာ မဟုတ်ပါလား မမဆွေရဲ့၊ သူတို့အညာသူတွေကတော့၊ ကူဖော်မှ မရပါဘူး။

ကျွန်မတို့ကောလိပ်ကျောင်းကြီးမှာလဲ ယခုအခါ၊ ဆိုင်ရာလူကြီးများနှင့်တကွ၊ ကျောင်းသား၊ကျောင်းသူတို့ကပါ၊ မြန်မာစာပေအမျိုးမျိုးတို့ တိုးပွားစေဌာ၊ ကြိုးစားနေတာကို၊ မမဆွေလဲ သိပါလိမ့်မယ်။ အောက်မြန်မာပြည်အတွက်၊ အားတက်စရာကြီးပေပေါ့။ နောက်နောင် က ကောလိပ်ကျောင်းမှာ အမည်တောင်မှ မကြားဖူးတဲ့၊ အဲတို့၊ ့အိုင်တို့၊ ချင်း၊ မော်ကွန်းတို့ကိုလဲ၊ သင်နေရကြပါပြီ။ နောက်နောင် က မရှိခဲ့တဲ့ ဘီ.အေ.မှာ၊ မြန်မာစာဂုဏ်ထူးအတန်းများကိုလဲ ဖွင့်လှစ်ထားပြီဖြစ်လို့ ဝမ်းမြောက်စရာအချက်ကြီးပေပေါ့။ ကျွန်မတို့ယုဝတီဘက်ကသာ၍ အားတက်စရာကတော့၊ ဘီ.အေ. မြန်မာစာဂုဏ်ထူးအတန်းတွင်၊ ယုဝတီဂိုဏ်းသားဖြစ်တဲ့ မိန်းကလေးများပင်၊ ဝင်ရောက်သင်ကြားနေကြပါပြီ၊ ရှေးကို အနောက်မိဖုရား မမြကလေး၊ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားတို့လို၊ မိန်းမစာတတ်များ အောက်ပြည်ကထွက်ပေါ်တော့မယ်ဆိုတာ၊ စိတ်ချသာထားပေတော့။

မြန်မာစာတွင် သင်ကြားပို့ချသော ဆရာကြီးများဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာဦးလင်းနှင့် ဝေလမင်းသားဆုကို ပထမအချီးအမြှင့်ခံရသော ဆရာပွားကြီးတို့မှာလဲ၊ကျောင်းသားများ မြန်မာစာကောင်းစွာတတ်စေလိုသော ဆန္ဒနှင့် ကြိုးစားကာ၊ ပြသသင်ကြားကြပါတယ်။ ။ ယုဝတီများအထဲမှလဲ၊ တေးထပ်၊ ဒွေးချိုး အစရှိသော အစီအကုံး အဖွဲ့များကို ရေးသားဖွဲ့ဆိုနိုင်တဲ့သူများ အတော်အတန်ပေါ်ပေါက်လာပါပြီ။ သို့ရာတွင် ဆံထုံးမောက်မောက်နှင့်၊ အင်္ဂလိပ်စိတ်ပေါက်နေကြတဲ့ ယုဝတီကလေးတွေလဲ ရှိသေးသပေါ့၊ သို့သော် လောကမှာတော့ ကောင်းရာရှိက၊ အဆိုးရှိစမြဲမို့၊ အပြစ်ဆိုစရာတော့၊ တယ်မရှိလှပါ။ "တစ်ယောက်ဆိုးရုံနှင့် တစ်မျိုးကိုဂုဏ်ခံလို့" ဆိုတဲ့ တေးနှင့် "လူချင်းတူသော်လဲ အသက်ရှူချင်းကွဲ" ဆိုတဲ့ စကားပုံများဟာလဲ၊ အရှိသား မဟုတ်ပါလား၊ သို့မို့ကြောင့် အဲဒီ အင်္ဂလိပ်စိတ်ပေါက်တဲ့၊ အမျိုးနောက်တောက်တောက်ကလေးတွေကို၊ ပေယျာလကန်ပြီး၊ ဝက္ကလို့ ချန်ထားလိုက်ဦးစို့ မမဆွေရေ။ ။

www.burmeseclassic.com

www.burmeseclassic.com



ဒါထက် နောက်တစ်ခါ မမဆွေထံသို့၊ မမတုတ်ကြီး အလယ်လာတဲ့အခါ၊ ကျွန်မတို့ကျောင်းကို ခေါ်ခဲ့စမ်းပါ။အင်းယားကန်အနီးတွင်၊ သိမ့်ကျောင်းကြီး၏နေရာကိုလဲ၊ မော်တော်ကားနှင့် သွားရောက်ပြပါမယ်၊ စာသင်ရန်ကျောင်းအဆောက်အအုံကြီးတွေတော့ဖြင့် မပြီးသေးဘူး။ ကျောင်းအိပ်ကျောင်းစားများနေထိုင်ရန်၊ ကျောင်းကြီးသုံးကျောင်းတော့ဖြင့် ပြီးပါပြီ။ နာမည်များကတော့၊ တကောင်းကျောင်း၊ ပြည်ကျောင်း၊ ပုဂံကျောင်းလို့ ခေါ်ပါတယ်။ အင်္ဂလိပ်နာမည်မပေးဘဲ၊ မြန်မာရာဇဝင်တွင် ကျော်ကြားတဲ့မြို့ကြီးများရဲ့အမည်တို့ကို ပေးထားသည့်အတွက်၊ မြန်မာတို့အားတက်စရာကြီးပေပေါ့။ ။ မမတုတ်ကြီး အလည်လာချင်အောင်၊ ဤကျောင်းကြီးများအကြောင်းကို ဖွဲ့ပြီး၊ မရေးတတ် ရေးတတ်နှင့်၊ ရေးစပ်ထားသော လေးချိုးတစ်ပုဒ်ကိုလည်း၊ ထည့်ပေးလိုက်ပါသည်၊ မမတုတ်ကို ပြပေတော့။

* * * * *

## ကောလိပ်၊ ကျောင်းအိပ်၊ ကျောင်းစား၊ ကျောင်းဘွဲ့လေးချိုး

တူညီညာ ပေါင်းအဖော်တို့မှီးပါတဲ့
ယူနီဘာ ကျောင်းတော်ကြီးရယ်လို့
သောင်းကျော်အောင် ချီးလောက်ပါတဲ့တက္ကသိုလ်။
ပြေ(ပြည်)လမ်းတစ်ဝိုက်မှာလ
ကုဋေတစ်သန်းထိုက်အောင်အဆောင်ဆောင်နှင့်
တပြောင်ပြောင် ထိန်လျှံညီးတယ်
ကြီးမြင့်ဗဟို။
နတ်ပြည်ပမာ စနစ်တင်လို့ နှိုင်းစရာပ
ပတ်လည်မှာ သစ်ပင်တွေကဝိုင်းတာကြောင့်
ရစ်ဆွဲင်မှိုင်းပါလို့ ဗဟန်းနိမ့်ရာတစ်ခိုမှာ
စမ်းစိမ့်ကာစိုပါတဲ့ ရေယဉ်ချောင်း။
အခင်းအထားဟန်ပါတယ်
အင်းယားကန် အရှေ့တခေါ်ခန့်မှာလ
မွေ့လျော်အံ့စရာ ကမ်းခြေရောက်ပြန်တော့
အပန်းဖြေဖျောက်ဖွယ် သရဖီစကားဝါတို့

www.burmeseclassic.com

www.burmeseclassic.com



အညီအညာ တန်းကာပေါက်တဲ့ပြင်
လမ်းမှာလျှောက်သူ မိတ်ဖော်သဟာတွေနှင့်
စိတ်ပျော်စရာလေ ဖိတ်ခေါ်ကာအပြီးသာပ
ရေပြင်ဇလာမှာလှေယာဉ်အသာစီးပါလို့
မငြီးအထပ်ထပ် ပျော်စ ဖွယ်ကောင်းလိုက်ပါဘိတော့
ကြီးမြတ်တဲ့(ကျွန်မတို့) ဟော်စတယ်ကျောင်း။ ။

ကောလိပ်ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com

## ဦးသူရဇော်
## သိပ္ပံမောင်ဝနှင့်ကဗျာစာပေ

**ဆွေးနွေးမေးမြန်းသူများ။** ၁။ စမ်းမြအေး ၂။ ဒေါ်တိုးကြည် ၃။ ဒေါ်တင့်တင့်ခိုင်(မြို့တင့်ဦးခိုင်) ၄။ ကိုဦး(မြန်မာစာ)

**ဆွေးနွေးမေးမြန်းချက်များ...**

၁။ ခေတ်စမ်းကဗျာဆရာများထဲမှာ ဆရာသိပ္ပံမောင်ဝ ဘာကြောင့်မပါတာပါလိမ့်လို့စဉ်းစားခဲ့ပါတယ်။ ခုမှပဲ ဆရာသူရဇော်ရွတ်ပြတဲ့ ဆရာသိပ္ပံမောင်ဝရဲ့ကဗျာတွေဟာ ရှေးဆန်တဲ့(ဦးပုညဆန်တဲ့)မေတ္တာစာမျိုးတွေ၊ ရှေးစာပေအငွေ့တွေ လွှမ်းထုံနေတဲ့ကဗျာတွေလို့ ခံစားရပါတယ်။ ဆရာ့သဘောထားသိပါရစေ။ ဒါမှမဟုတ် ဖတ်မပြဖြစ်တဲ့ကဗျာတွေဟာ ခေတ်စမ်းနဲ့တူတာတွေပါပါသေးသလားဆရာရှင့်။

၂။ သာဒိုးအောင်ဆုဆိုသည်ကို အနည်းငယ်ရှင်းပြပေးစေလိုပါသည်။

၃။ သိပ္ပံမောင်ဝ၏ကဗျာများမှာ အလွန်ရသမြောက်ပါသဖြင့် တချို့ကျန်နေသေးသောကဗျာများကို နားဆင်လိုပါသည်။

၄။ သိပ္ပံမောင်ဝသည် တက္ကသိုလ်ကျောင်းသားဘဝ ၁၉၂၄ ခုနှစ်တွင် ဥပစာတန်းစာမေးပွဲကို မြန်မာဘာသာအတွက် သာဒိုးအောင်ဆုဖြင့် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်ဟု ဆရာသူရဇော်၏စာပေတွင်တွေ့ရပါသည်။ သိပ္ပံမောင်ဝသည် သာဒိုးအောင်ဆု၏ ဘယ်နှယောက်မြောက်ချီးမြှင့်ခြင်းခံရသူဖြစ်ပါသလဲ ဖြေကြားပေးစေလိုပါသည်။

## စာတမ်းရှင်၏ပြန်ကြားချက်များ

၁။ သိပ္ပံမောင်ဝရေးခဲ့သောကဗျာများမှာ ရှေးရိုးကဗျာများဖြစ်ပါသည်။ သူကဗျာရေးသည့်ကာလမှာ ခေတ်စမ်းထွက်စောပါသည်။ ယင်းကဗျာများမှာ ခေတ်စမ်းကဗျာတွင်အကျုံးမဝင်နိုင်ပါ။ အကယ်၍ သိပ္ပံမောင်ဝသည် ကလောင်ကွဲတစ်ခုဖြင့် ယင်းကဗျာများကိုဝေဖန်ခဲ့လျှင် မည်သို့ဝေဖန်မည်နည်းဟု စိတ်ဝင်စားမိပါသည်။

၂။ ဦးသာဒိုးအောင်ဆိုသော ပုဂ္ဂိုလ်ကြီးက မြန်မာစာထူးချွန်ဆုအတွက် ပေးသောဆုဖြစ်ပါသည်။ သိပ္ပံမောင်ဝသည် ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၄ ခုနှစ်၊ ဥပစာစာမေးပွဲကိုမြန်မာဘာသာအတွက် ပထမဆုံးရသည့်ဆုဖြစ်သည်။

၃။ ဆရာကြီးသိပ္ပံမောင်ဝ၏ကဗျာများအားလုံး ရွတ်ဖတ်ပြချင်ပါသည်။ သို့သော် ကန့်သတ်ပေးထားသောအချိန်အတွင်း ဆောင်ရွက်ရပါသဖြင့် ရွတ်ဆိုခြင်းမပြုနိုင်ပါ။

၄။ ဆရာမဒေါ်တိုးကြည်၏ အဖြေတွင်ပါပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပံမောင်ဝရဲ့စာပေဝေဖန်ရေး
## စာတမ်းရှင် မောင်စွမ်းရည်၏ကိုယ်ရေးမှတ်တမ်းအကျဉ်း



အမည်ရင်း ဦးဝင်းဖေ။

မြင်းခြံမြို့နယ်၊ ကန့်ဆင်တောင်ရွာ၊ သူကြီး၊ မူလတန်းကျောင်းအုပ်ဆရာကြီးဦးသိန်းဖေ၊ ဒေါ်တင်ကြည်တို့ရဲ့သားသမီးခုနစ်ယောက်အနက်အကြီးဆုံး။ ၁၉၃၇၊ ဖေဖော်ဝါရီ ၁၈ ဖွား။

ပညာအရည်အချင်းမှာ ဝိဇ္ဇာ၊ ပညာရေးဒီပလိုမာ၊ စာကြည့်တိုက်ပညာဒီပလိုမာ၊ အခြေခံပညာဦးစီးဌာန စာကြည့်တိုက်မှူး(ငြိမ်း)။

www.burmeseclassic.com



၁၉၅၃-၅၄ မန္တလေးအထက(၁)၊ အကြိုဆေးသင်တန်းတက်နေစဉ် ကျောင်းစာစောင်ထဲမှာကဗျာစတင်ရေးသားခဲ့။

၁၉၅၆ ခုနှစ် မန္တလေးတက္ကသိုလ်ကိုရောက်တဲ့အခါ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအတွင်းရေးမှူး၊ ကလောင်ရှင်အသင်းအတွင်းရေးမှူး။

၁၉၆၀-၇၀အတွင်း အထက်မြန်မာနိုင်ငံစာရေးဆရာအသင်းအမှုဆောင်အဖြစ်တာဝန်ယူရင်း မှာပေဝေဖန်ရေးစာတမ်းများ ဖတ်ကြားတင်သွင်းခဲ့။

၁၉၆၀ ပြည့်နှစ်မှာ ကြည်အောင်နဲ့တွဲပြီး *'စိတ်ကြွကဗျာများ'* စာအုပ်ထုတ်။

၁၉၆၄ခုနှစ်မှာ *'အနီနဲ့အပြာ'* လုံးချင်းကဗျာစာအုပ်ထုတ်။ အမျိုးသားစာပေဆုရခဲ့။

၁၉၇၀ ပြည့်နှစ်မှာ *မန္တလေးမြို့ရဲ့မနက်ခင်း* ကဗျာများ၊

၁၉၈၇ ခုနှစ်မှာ *အမေ့ခေါ်သံ* ကဗျာများ ထုတ်ဝေခဲ့၊

၁၉၆၅ ခုနှစ်မှာ *ပြည်သူ့ရှုထောင့်* စာအုပ်ဝေဖန်ချက်များ၊

၁၉၆၅ ခုနှစ်မှာ *ဟိုချီမင်း*၏ ဘာသာပြန်ကဗျာများ၊

၁၉၇၃ ခုနှစ်မှာ *ဂယက်* စာပေဝေဖန်ရေးနဲ့စာပေဆောင်းပါးများ၊

၁၉၇၆ ခုနှစ်မှာ *ဗမာစာပေဘာလဲ၊ ဘယ်လဲ* စာပေဝေဖန်စာများကို ထုတ်ဝေခဲ့တယ်။ ကလေးကဗျာပေါင်းချုပ်တစ်အုပ်၊ လူကြီးကဗျာပေါင်းချုပ်တစ်အုပ်၊ ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်၊ စာပေရုပ်ပုံလွှာတစ်အုပ်၊ ခေတ်ကဗျာသမိုင်းစာအုပ်တစ်အုပ်၊ ကဗျာပြဿနာများတစ်အုပ်၊ ဘာသာပြန်သိပ္ပံဝတ္ထုတစ်အုပ်၊ အားလုံးခုနှစ်အုပ်။

လက်ရှိ ကဗျာနဲ့စာအုပ်ဝေဖန်ချက်များ၊ စာပေဆောင်းပါးများရေးသားလျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# သိပ္ပံမောင်ဝရဲ့စာပေဝေဖန်ရေး

စာပေခေတ်တစ်ခေတ်ဆန်းရင် စာပေသမိုင်းဆရာ၊ စာပေဝေဖန်ရေးဆရာတစ်ဦးပါဝင်လာရမြဲဖြစ်တယ်။ အဲဒီဆရာက သူတို့စာပေအရေးအသားတွေဟာ ဘယ်လိုသစ်ဆန်းလာသလဲ၊ ရှေးစာပေနဲ့ ဘယ်လိုမတူသလဲ၊ ရှေ့ကိုဘယ်လိုမျှော်မှန်းထားသလဲ အစရှိသဖြင့်ရှင်းပြတယ်။ အဟောင်းသမားတွေကအထင်အမြင်မှားပြီး တိုက်ခိုက်ဝေဖန်လာတာတွေကိုလဲ ခုခံကာကွယ်ကြရတယ်။ ကြံ့ကြံ့ကြိုက်တုန်း ပွဲလန့်ဖျာခင်းဖို့ ဝင်ရောက်နှာမည်ယူလာတတ်သူများရှိတာကိုလဲ သတိပြုပြီး ရှင်းလင်းဖယ်ရှားပေးရပါသေးတယ်။ ကိုယ်နဲ့တကွကိုယ့်အဖွဲ့ဝင်တွေရေးထားတဲ့စာဟာ အသစ်အဆန်းဖြစ်နေလို့ စာဖတ်သူများအကြားမှာ ခပ်စိမ်းစိမ်းဖြစ်နေရင်လဲ ဖွင့်ဆိုရှင်းပြပေးတဲ့အလုပ်ကို လုပ်ရပါသေးတယ်။ ဒီတာဝန်တွေကို ခေတ်စမ်းစာပေခေတ်မှာ ရှေ့တန်းကတာဝန်ထမ်းဆောင်ရသူဟာ သိပ္ပံမောင်ဝဖြစ်ပါတယ်။

စာပေခေတ်သစ်တစ်ခုရဲ့ တံခါးကိုဖွင့်ရသူ စာပေဝေဖန်ရေးဆရာတစ်ဦးဟာ …

www.burmeseclassic.com

www.burmeseclassic.com



(၁) မိမိနိုင်ငံရဲ့စာပေသမိုင်းနဲ့ ကမ္ဘာ့စာပေသမိုင်းကိုသိရတယ်။ စာပေကို နောက်ခံစာပေသမိုင်းနဲ့ခင်းကျင်းဆက်စပ်ပြရတယ်။ ဒါကြောင့်စာပေဝေဖန်ရေး ဆရာတစ်ဦးကို စာပေသမိုင်းဆရာလို့လဲခေါ်ပါတယ်။

(၂) စာပေသဘောတရားအရပ်ရပ်ကို သိရှိနားလည်ထားရတဲ့အပြင် မိမိခေတ်ရဲ့စာပေသဘောတရားကို ဖွင့်ဆိုကြေညာပြနိုင်ရပါတယ်။ ဒါကြောင့် စာပေဝေဖန်ရေးဆရာကို စာပေသဘောတရားဆရာလို့လဲခေါ်ပါတယ်။

(၃) မိမိနဲ့သဘောထားတူသူတွေ အသစ်အသစ်ရေးလာကြတဲ့စာအုပ် စာပေတွေကို ဝေဖန်သုံးသပ်ရေးသားရသလို ခေတ်ပြိုင်သဘောကွဲလွဲသူ အမျိုးမျိုးရေးသားလာကြတဲ့စာအုပ်စာပေများကိုလဲ ဝေဖန်ရေးသားရပါတယ်။ ဒါကြောင့် စာအုပ်ဝေဖန်ချက်ရေးသူ၊ စာအုပ်ဝေဖန်ရေးဆရာလို့ခေါ်ရပါ တယ်။

အဲဒီတာဝန်သုံးရပ်ကို ခေတ်စမ်းစာပေ စကားပြေစာရေးဆရာသိပ္ပံ မောင်ဝကထမ်းဆောင်ပါတယ်။ သိပ္ပံမောင်ဝကိုယ်တိုင်ရေးသားနေတဲ့ စာပေ ပုံသဏ္ဌာန်တွေကိုကများပြားလှပါတယ်။ ဝတ္ထု၊ ဝတ္ထုဆောင်းပါး၊ ပြဇာတ်၊ အစမ်းစာ၊ အတ္ထုပ္ပတ္တိ၊ ခရီးသွားစသည်ဖြင့် စာအမျိုးမျိုးကိုရေးပါတယ်။ သူအသုံးပြုခဲ့တဲ့ကလောင်အမည်ကွဲပေါင်း(၅၇)[၁] ခုကျော်ရှိတယ်။ အမည် စာရင်းဟာ စစ်ဆေးအတည်ပြုပြီးအမည်စာရင်းဖြစ်ပါတယ်။ နောက်ထပ် စစ်ဆေးစရာကလောင်အမည်တွေလဲ ကျန်သေးတယ်လို့သိရပါတယ်။

အဓိကအားဖြင့်တော့ သူဟာ စာသုံးမျိုးကို အမည်သုံးခုနဲ့ရေးသား နေကြောင်း သူကိုယ်တိုင်ပြောဆိုခဲ့တာရှိပါတယ်။

*'မောင်မြသွင်အား ဗုဒ္ဓဘာသာအသင်းအကြောင်းရေးပါဟု တိုက် တွန်းလိုက်ပါ၏။ သို့သော် များစွာရေးချင်ပုံမပေါ်။ သူက စာပေဝေဖန်သူ သက်သက်ဖြစ်ပေသည်။ CRITIC ဆိုပါတော့။ မောင်ဝကလည်း NOVELIST*

---

၁။ မြင့်ကြိုင်၊ (ဦး)။ သိပ္ပံမောင်ဝနှင့်သူ၏စာစု။ ရန်ကုန်၊ ဝါမိုးအေးစာပေ (၁၉၉၅)

www.burmeseclassic.com

www.burmeseclassic.com



*ဝတ္ထုဆရာ။ တင်မောင်မြင့်ကတော့ လမ်းညွှန်ဆရာ ESSAYIST၊ သူ့နေရာနှင့်သူ့နေရာကိုး* ^၁^ ၁၊၈၊၃၃

တကယ်တော့ အလုပ်သုံးခုကို အဓိကထားပေမယ့် 'အလုပ်သုံးခုနဲ့' ဒီအမည်သုံးခုသာမကကြောင်း အများစာဖတ်ပရိသတ် သိကြပါတယ်။ သိပ္ပံမောင်ဝကတော့ တချို့ကလောင်အမည်ခွဲများကို အသက်ထက်ဆုံးလျှို့ဝှက်ထားခဲ့ပါတယ်။ မောင်မောင်၊ မောင်လှမောင်၊ မောင်ကကြီး၊ မောင်ခကွေး၊ မောင်ယပက်လက်၊ မဏိ၊ ခေတ်စမ်းမောင်၊ ဦးကုသလ၊ မောင်သိန်းဖေ အစရှိတဲ့ နာမည်များနဲ့ မိမိရဲ့ဝေဖန်စာတွေကို ထောက်ပြတာ၊ ထောက်ခံတာတွေလုပ်ပြီး 'ပွဲစည်အောင်' ဖန်တီးခဲ့ပါတယ်။

သာမန်စာရေးဆရာတစ်ယောက်ပဲဖြစ်ဖြစ်၊ စာပေဝေဖန်ရေးသားတဲ့ စာရေးဆရာတစ်ယောက်ပဲဖြစ်ဖြစ် သူစာရေးဆရာဖြစ်လာရတာဟာ အမှတ်တမဲ့ မတော်တဆမဟုတ်ပါဘူး။ သူ့ရဲ့စာပေလေ့လာမှုအခြေခံကောင်းနဲ့ခေတ်အခါရယ်၊ ဝါသနာအစွမ်းအစရယ်တိုက်ဆိုင်သွားလို့သာ ဖြစ်နိုင်ပါတယ်။ မောင်စိန်တင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကိုရောက်စအချိန်မှာပဲ ပထမကောလိပ်သပိတ်ကြီးနဲ့တန်းတိုးပါတယ်။ ဒါဟာ သူပါဝင်ရတဲ့ 'ခေတ်' ပါပဲ။ ၁၉၂၀ ပြည့်နှစ်ဆိုတာ တကယ်တော့ဗြိတိသျှကျွန်ဘဝရောက်လို့ ဘာမှကြာလှသေးတာမဟုတ်ပါဘူး။ ၁၈၈၅ခုနှစ်မှာ ပါတော်မူသွားပေမယ့် ၁၉၀၀ ပြည့်လောက်မှ ငြိမ်ဝပ်ပိပြားရေးကိစ္စတွေ ပြီးသွားခဲ့တာပါ။ မြေရှင်ပဒေသရာဇ် လက်အောက်က နယ်ချဲ့အရင်းရှင်လက်အောက်ကို ရောက်သွားလျှင်သွားချင်း လက်နက်နဲ့ခုခံတော်လှန်ရာက ဥပဒေတွင်းမှာ အသင်းအပင်း၊ အဖွဲ့အစည်းဖွဲ့ပြီး ခုခံတောင်းဆိုတဲ့နည်းကို မျိုးဆက်သစ်က ကျင့်သုံးလာခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေးကအသင်းအပင်းရယ်လို့ မရှိခဲ့ဖူးဘူး။ ၁၈၉၇ နှစ်မှာတော့ ဗုဒ္ဓသာသနာတော်ကိုစောင့်ရှောက်ဖို့ မန္တလေးမှာ ဗုဒ္ဓသာသနာပြု အသင်းတစ်သင်းကို စတင်တည်ထောင်တယ်။ ထင်ရှားပြီး အရေးပါတဲ့

---

၁။ ဝမောင်၊ သိပ္ပံ။ ခေတ်စမ်းစာပေအထွေထွေ၊ ဒုကြိမ်၊ စပယ်ဦး စာအုပ်တိုက်။ ၁၉၇၇။

www.burmeseclassic.com

www.burmeseclassic.com



အသင်းဖြစ်တဲ့ ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)ကို ၁၉၀၆ မှာတည်ထောင်တယ်။ အသင်းတွေပွားများလာပြီး ၁၉၂၀ပြည့်နှစ်မှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်ပေါ်လာခဲ့တယ်။ အဲဒီနှစ်ဟာ ပထမ ကောလိပ်သပိတ်ပေါ်ပေါက်တဲ့နှစ်ပါပဲ။ သိပ္ပံမောင်ဝဖြစ်လာမယ့်မောင်စိန်တင် ဟာ သပိတ်ကြီးမှာ စိတ်အားထက်ထက်သန်သန်နဲ့ ပါဝင်ခဲ့ရုံမက သပိတ် မလှန်မချင်း အမျိုးသားကျောင်းဆရာအဖြစ် အမှုထမ်းနေခဲ့ပါတယ်။ ဒီအပြု အမူဟာ မောင်စိန်တင်အနေနဲ့ အမျိုးသားရေးစိတ်ဓာတ် ထက်သန်တယ်ဆိုတာ ကို ပြနေပါတယ်။

အမျိုးသားကျောင်းမှာ သပိတ်လှန်သည်အထိ သုံးနှစ်လောက်လုပ်ခဲ့ပြီး ကျောင်းပြန်တက်တော့ သူ့ရဲ့အမျိုးသားရေးစိတ်ဓာတ်ဟာ ပွဲပြီးမီးသေဖြစ် မသွားခဲ့ဘူး။ မော်လမြိုင်ဗုဒ္ဓဃောသကျောင်းက မြန်မာစာနဲ့ပါဠိဘာသာ ဂုဏ်ထူးနဲ့အောင်လာခဲ့တဲ့ အရည်အချင်းနဲ့အမျိုးသားစိတ်ဓာတ်တို့ ပေါင်းစပ် မိသွားပါတယ်။ တက္ကသိုလ်မှာလဲ မြန်မာစာဂုဏ်ထူးတန်းတွေ စတင်ဖွင့်တော့ မယ့်အခါနဲ့လဲ ကြုံကြိုက်သွားလေတော့ မကြာခင်မှာပဲ ပထမဆုံး မြန်မာစာ ဂုဏ်ထူးတန်းကို ၁၉၂၇ မှာ ပထမတန်းကအောင်ခဲ့ပါတယ်။ မြန်မာစာ၊ မြန်မာစကားကို နောက်တန်းအပို့ခံနေရတဲ့ကိုလိုနီခေတ်မှာ ယူသူမရှိတဲ့ မြန်မာစာကိုယူခြင်းဟာလဲ နိုင်ငံရေးလုပ်ခြင်းတစ်မျိုးပဲ ဖြစ်ပါတယ်။ ဒီ စိတ်ဓာတ်၊ ဒီအရည်အချင်းများကြောင့် မြန်မာစာတစ်ခေတ်ဆန်းရေးကို မောင်စိန်တင် စိတ်အားထက်သန်ခဲ့တာဖြစ်ပါတယ်။ မြန်မာစာသည်တို့စာ၊ မြန်မာစကားသည်တို့စကား အစရှိတဲ့ တို့ဗမာအစည်းအရုံးကြွေးကြော်သံ မပေါ်ခင်ကပဲ ဦးဖေမောင်တင်ဟာ ဆရာလင်း၊ ဆရာပွား၊ ပုဂံဝန်ထောက် ဦးတင်တို့လို မြန်မာပညာရှိများနဲ့တွဲပြီး တပည့်တစ်စုနဲ့ မြန်မာစာတိုးတက် ရေးကို ကြိုးပမ်းနေကြရာမှာ မောင်စိန်တင်ဟာ ရှေ့ဆုံးကထွက်လာသူဖြစ် တယ်။ ဒါ့ကြောင့် မြန်မာစာနဲ့ မြန်မာ့ယဉ်ကျေးမှုအရပ်ရပ်တို့ကို သုတေသန ပြုတယ်၊ လေ့လာတယ်၊ ဖန်တီးတယ်၊ ဝေဖန်သုံးသပ်ပါတယ်၊ ခုလိုလဲ အတီအလင်း ကြွေးကြော်လှုံ့ဆော်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



*'မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ပြုမွမ်းမည့်မြန်မာစာဖြစ်သည်။ ကြိုးစားကြစို့'*[1] ၂၂၊၉၊၃၁

ဒီလို ရည်ရွယ်ချက်နဲ့စာရေးတယ်။ စာပေဝေဖန်ရေးတွေကိုရေးပါတယ်။ တက္ကသိုလ်ကိုရောက်လာတဲ့အခါ စာပေစင်အဖြစ် ကောလိပ်မဂ္ဂဇင်းရှိတယ်။ ဂန္ထလောကမဂ္ဂဇင်းရှိတယ်။ အပေါင်းအဖော်စိတ်တူသဘောတူ စာသမားတွေ၊ အသစ်ကြံဖော်စည်ဖက်တွေနဲ့လဲဆုံမိတယ်။ အဲဒီတုန်းက တက္ကသိုလ်ကို ကောလိပ်သိပ္ပံလို့ခေါ်တယ်။ အဲဒီခေတ်က စာရေးကြရင် တက္ကသိုလ်ပြင်ပက မြန်မာပညာရှိများသာရေးလေ့ရှိတယ်။ ကောလိပ်ကျောင်းသားဆိုရင် မြန်မာစာမတတ်ကြဘူးလို့မှတ်ယူထားတယ်။ အရင်ကတော့ တကယ်ပဲ ဒီလိုဖြစ်ခဲ့တယ်။ ခုတော့ သူတို့တတွေ မြန်မာစာကို မြတ်မြတ်နိုးနိုးလေ့လာလိုက်စားလာကြတာမို့ မြန်မာစာကို ရေးတတ်ကြပါတယ်လို့လဲ အစွမ်းပြချင်ကြတယ်။ ဒါ့ကြောင့် တက္ကသိုလ်ထဲက ဂန္ထလောကမဂ္ဂဇင်းနဲ့ ကောလိပ်သိပ္ပံမဂ္ဂဇင်းတွေမှာရေးသားပြီး အစွမ်းပြကြတယ်။ မောင်စိန်တင်ကတော့ သူ့ရည်ရွယ်ချက်ကို သူ့ကလောင်အမည်မှာဖော်ပြလိုက်တယ်။ သိပ္ပံမောင်ဝ၊ သိပ္ပံကျောင်းသားမောင်မြသွင်လို့ ကလောင်အမည်မှာ 'သိပ္ပံ' တွေထည့်ပေးထားလိုက်ပါတယ်။ (၂၂-၇-၃၃) ရက်စွဲပါစာတစ်စောင်မှာ ...

*'မောင်မြသွင်တို့၊ မောင်ဝတို့မှာ သူတို့အမည်တွင် သိပ္ပံဆိုသောစကားကိုမြင်ကြရပေသည်။ အမှုမဲ့အမှတ်မဲ့ တပ်ထားသည်မဟုတ်။ သိပ္ပံကျောင်းသားများရေးနိုင်သည်၊ ရေးတတ်သည်၊ အစွမ်းရှိသည်ကိုပြလိုသောကြောင့်မဟုတ်လော'*[2] လို့ရေးခဲ့ပါတယ်။ ဆိုလိုတာကတော့ ခေတ်သစ်တက္ကသိုလ်ကျောင်းသားတွေအနေနဲ့ မြန်မာစာပေတိုးတက်ရေးဆိုတဲ့ရည်ရွယ်ချက်နဲ့ စာပေတွေရေးသားပြုစုကြတယ်၊ ဝေဖန်ဆန်းစစ်ကြမယ်လို့ ခေါ်ကြတာပါပဲ။

---

၁။ ဝ၊ မောင်၊ သိပ္ပံ။ ခေတ်စမ်းစာပေအထွေထွေ၊ ရန်ကုန်၊ စပယ်ဦးစာအုပ်တိုက်၊ ၁၉၇၇။

၂။ ဝ၊ မောင်၊ သိပ္ပံ။ ခေတ်စမ်းစာပေအထွေထွေ၊ ရန်ကုန်၊ စပယ်ဦးစာအုပ်တိုက်၊ ၁၉၇၇။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြသွင်အနေနဲ့ အဓိကအားဖြင့် စာပေဝေဖန်စာများကို ရေးပါတယ်။ အခြားအမည်များနဲ့လဲရေးပါတယ်။ မောင်သံချောင်းအမည်နဲ့ပေးစာရေးတဲ့အခါမှာလဲ သွားရင်းဟာန်လွဲဆိုသလို အခြားအကြောင်းများကို ရေးရင်းက စာပေဝေဖန်ချက်များကို ထည့်ရေးသွားပါတယ်။

သိပ္ပံမောင်ဝအနေနဲ့ ဝေဖန်ရေးစင်မြင့်အဖြစ် အဓိကအသုံးပြုရေးသားသွားတဲ့စာနယ်ဇင်းတွေကတော့ ဂန္ထလောကမဂ္ဂဇင်း၊ ကောလိပ်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ သူရိယနေ့စဉ်၊ မြန်မာ့နေ့စဉ်၊ ကြီးပွားရေးမဂ္ဂဇင်း အစရှိတဲ့ မဂ္ဂဇင်းတွေဖြစ်ပါတယ်။ အဲဒီစာနယ်ဇင်းတွေမှာ သိပ္ပံမောင်ဝ ဝေဖန်စာတွေရေးနေတဲ့ကာလကို ၁၉၃၀ ပြည့်နှစ်ဝန်းကျင်လို့ပဲ အကြမ်းဖျင်းသိရှိထားစေလိုပါတယ်။ ဂန္ထလောကမဂ္ဂဇင်းမှာ ခေတ်သစ်နည်းနာနဲ့ ရေးနေတဲ့ဝေဖန်စာများ အမြဲပါရှိပေမယ့် အင်္ဂလိပ်ဘာသာနဲ့ပဲများပါတယ်။ သိပ္ပံမောင်ဝ၊ ပီမိုးနင်း၊ ဦးသန့်၊ သခင်ဘသောင်းတို့အနေနဲ့ မြန်မာဘာသာနဲ့လဲ ဝင်ရေးပါတယ်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်မှာတော့ စာအုပ်ဝေဖန်ချက်များကို ဂျာနယ်စထုတ်တဲ့ ၁၉၁၀ပြည့်နှစ်ကစပြီး အင်္ဂလိပ်ဘာသာနဲ့ပဲ ဖော်ပြခဲ့ပါတယ်။ အင်္ဂလိပ်ဘာသာနဲ့အဓိကရေးသားနေသူများကတော့ မစ္စတာစတီးဝပ်၊ မစ္စတာဖာနီဗယ်၊ ဦးဖေမောင်တင်နဲ့ ဒေါက်တာဘဟာန်တို့ ဖြစ်ပါတယ်။ ဒီမဂ္ဂဇင်းဝေဖန်စာများဟာ သိပ္ပံမောင်ဝ ဂရုပြုဖတ်တဲ့မဂ္ဂဇင်းတွေဖြစ်လို့ အပြန်အလှန်အကျိုးပြုကြဖွယ်ရှိပါတယ်။ အမှန်စစ်စစ် ခေတ်စမ်းပုံပြင်ခေါ် ခေတ်စမ်းဝတ္ထုတိုတွေနဲ့ ခေတ်စမ်းကဗျာတွေကို သိပ္ပံမောင်ဝတို့လို သိပ္ပံကျောင်းသားခေတ်စမ်းသမားတွေဟာ ဂန္ထလောကမဂ္ဂဇင်းမှာပဲ စတင်ရေးသားခဲ့ကြတာဖြစ်ပါတယ်။

တကယ်တော့ ခေတ်သစ်စာပေဝေဖန်ရေးနည်းနာများနဲ့ ဝေဖန်စာများဟာ ၁၉၃၀ပြည့်နှစ်တစ်ဝိုက် သိပ္ပံမောင်ဝ စာပေဝေဖန်ရေးဆောင်းပါးတွေရေးလာတဲ့အခါကျမှ စတင်ထွန်းကားလာခဲ့တာဖြစ်ပါတယ်။ ဒီ့ရှေ့ကတော့ စာအုပ်ဝေဖန်ချက်များ စနစ်တကျရေးသားတာမရှိသလောက်ပါပဲ။ သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com



တွေမှာ စာအုပ်ကြော်ငြာသဘောလောက်ပဲပါရှိပါတယ်။ ပုံစံပြရရင် မြန်မာ့အလင်းမဂ္ဂဇင်းရဲ့ 'စာအုပ်လက်ခံရရှိကြောင်း' ခေါင်းစဉ်အောက်မှာ…

*'ရန်ကုန်မြို့၊ စဥ့်အိုးတန်း၊ ရောဝတီစာပုံနှိပ်တိုက်မှာ ရိုက်နှိပ်သော 'စာရင်းကိုင်အခြေပြု' စာအုပ်ကို ကျွန်ုပ်တို့ထံပေးပို့လိုက်သဖြင့် ကျေးဇူးဥပကာရများစွာတင်ရှိကြောင်း'*[၁]… လို့ပါရှိပါတယ်။

စနစ်တကျရေးသားထားတဲ့ ခေတ်သစ်ဝေဖန်စာများကတော့ ၁၉၃၀ပြည့်နှစ်တစ်ဝိုက်မှာမှ ထွက်ပေကြောင်းကို ရှေးဟောင်းစာနယ်ဇင်းများအကြောင်းနဲ့ စာအုပ်ဝေဖန်ချက်များအကြောင်းကို အမှတ်တရပြန်လည်ရေးသားလေ့ရှိတဲ့ငွေဥဒေါင်းအမည်ခံ ဦးကြီးမောင်က …

*စာနယ်ဇင်းဟောင်းများတွင် စာအုပ်ဝေဖန်ချက်များအခန်းသည် တွေ့ရခဲ၏။ စာအုပ်ဝေဖန်ချက်အခန်းကို ကဏ္ဍတစ်ရပ်ပြုလုပ်၍ လေးလေးစားစားရေးခဲ့သော သူရိယမဂ္ဂဇင်းပင်လျှင် ၁၉၃၀ပြည့်နှစ်ကျော်မှ တွေ့ရှိရခြင်းဖြစ်သည်။*[၂] လို့ရေးပါတယ်။

*မြန်မာစာပေမှာ ၁၉၃၀ပြည့်နှစ်လောက်ကစပြီးဝေဖန်ရေးစာပေများ အစပြုခဲ့တာကို စာပေပညာရှင်များအသိပင်ဖြစ်ပါတယ်။*[၃]…လို့ စာပေဗိမာန် စာပေဝေဖန်ရေးစာတမ်းများမှာလဲ ဖော်ပြထားပါတယ်။ သိပ္ပံမောင်ဝတို့ရေးကြတဲ့ ခေတ်စမ်းဝေဖန်စာများနဲ့ပတ်သက်တယ်လို့ ဆိုရမယ့်မှတ်ချက်တစ်ခုကိုတော့ ဆရာဇေယျက အောက်ပါအတိုင်းရေးပါတယ်။

*'ဤသို့ မြန်မာစာပေဝေဖန်မှုနိမ့်ကျနေခိုက် ၁၉၃၀ပြည့်နှစ်ကျော်လောက်တွင်တက္ကသိုလ်ကျောင်းသားများက အနောက်နိုင်ငံ၏စာပေဝေဖန်မှုနည်းနာနိဿယများကိုယူ၍ အသစ်တစ်ဖန် စာပေဝေဖန်မှုလုပ်ငန်းကို ကြိုးပမ်းကြသည်တွင် သေယ်ဆောနှင့်ပြောနေသောဝေဖန်မှုသည် အသား*

---

၁။ မြန်မာ့အလင်းမဂ္ဂဇင်း ။ ၅၊ ၁၉၁၂၊ မေ၊ စာ ၅၄၄။

၂။ ကြီး၊ မောင်(ကြေးမုံ)။ စာနယ်ဇင်းသမိုင်း(နိဒါန်း)၊ ရန်ကုန်၊ ချစ်မြိုင်စာပေ၊ ၁၉၅၃။

၃။ မြဇင်၊ တက်တိုး။ စာပေဝေဖန်ရေးဆိုင်ရာစာတမ်းများ(ပတွဲ)၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၆၊ စာ ၇။

www.burmeseclassic.com

www.burmeseclassic.com



မြန်ရှုဝင်လာလေသည်။' -၁- ... လို့ဆိုပါတယ်။

သိပ္ပံမောင်ဝနဲ့ခေတ်ပြိုင် စာဆိုဆရာဇော်ဂျီ(ဦးသိန်းဟန်)ကတော့ သိပ္ပံမောင်ဝတို့ရဲ့ ခေတ်သစ်စာပေဝေဖန်ရေးသမိုင်းကို ခုလိုသုံးသပ်တင်ပြအပ်ပါတယ်။

*'၁၉၃၀မတိုင်မီကသော် ရှေးခေတ်ကဗျာများလောက်ကိုသာ ဝေဖန်သည်က များသည်ဟုဆိုချင်သည်။ ဝေဖန်စာတို့သည် စာတစ်စောင်တစ်ဖွဲ့အဖြစ်ဖြင့်မထွက်ခဲ့ကြ။ စာနယ်ဇင်းဆောင်းပါးများ၌ပါတတ်ကြသည်။ ဝေဖန်ကြရာတွင် စာ၏ဂုဏ်ရည်ကိုဖော်ထုတ်ကြသည်ကများသည်။ စာ၏ဂုဏ်ရည်ကိုဖော်ကြရာတွင် စာ၌ဖွဲ့ထားသောစကားတန်ဆာ၊ အနက်တန်ဆာတို့ကိုအဓိကထားကာ သုဗောဓာလင်္ကာရကျမ်းပါသဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့နှင့်ညှိ၍ ရသကိုရှာ၍ဖော်တတ်ကြသည်။ စာ၏အပြစ်ကိုပြလျှင် ဒေါသတို့နှင့်ညှိ၍ပြကြသည်။ အသတ်အလတ်၊ အပင့်အရစ်၊ ညီမညီ၊ ပေါ်ရာထာပါမပါ၊ ဝက်နင်းလွတ်မလွတ် စစ်ဆေး၍လည်းပြကြသည်။ ထိုသို့ပြကြရာတွင် ထိုနေရာမှာတစ်ကွက်၊ ဤနေရာမှာတစ်ကွက်ပြတတ်ကြသည်။ ဆိုခဲ့သည့်အတိုင်းဝေဖန်ကြခြင်းများသည် ထိုခေတ်က နိုင်ငံချစ်စိတ်ဓာတ်၏အရောင်ဟပ်မှုတစ်မျိုးဟုဆိုချင်သည်။'* -၂-

*'၁၉၃၀ပြည့်နှစ်ကျော်လာသောအခါ မြန်မာစာကိုခြုံငုံလေ့လာ၍ စာပေသမိုင်းရေးသားကြသည်ကိုတွေ့ရပါသည်။ ထို့ပြင် နိုင်ငံချစ်စိတ်ဓာတ်ကြောင့်ပင် စာပေဝေဖန်ပုံတစ်မျိုးပြောင်းလာသည်ကိုလည်း တွေ့ရသည်။ ပြောင်းပုံမှာ မျက်မှောက်ခေတ်ကာလ ကဗျာများကိုလည်း ဝေဖန်လာကြခြင်းဖြစ်သည်။ ဝေဖန်ကြရာတွင်ဂုဏ်ရည်ကိုပင်ဖော်ဖော်၊ အပြစ်ကိုပြပြ စာရေးဆရာ၏ခေတ်ကိုလည်းကောင်း၊ စာရေးဆရာ၏သဘာဝအဖြစ်အပျက်ကိုလည်းကောင်း၊ စာ၏ထင်ရှားသောအာဘော် (ဝါ) စာရေးသူ၏အမြင်ကိုလည်းကောင်း၊ ရသကိုလည်းကောင်း ထုတ်ဖော်၍ မည်သို့စည်းရုံးစီထားသည်*

၁။ ဓေယျ။ ကောင်းသလား၊ စာတိုပေစ၊ ရန်ကုန်၊ စိန်ပန်းမြိုင်၊ ၁၉၆၆။

၂။ သိန်းဟန်၊ ဦး။ မြန်မာစကားပြေ၊ မြန်မာမှု၊ ၁၉၇၅၊ စာ ၄၅-၄၆။

www.burmeseclassic.com

www.burmeseclassic.com



*တို့ကိုအဓိကထား၍ပြသည်။ ထိုသို့ပြပြီးမှ သဒ္ဒါလင်္ကာရတို့ကိုရှင်းသည်။ ၁၉၃၄-၃၅-၃၆-၃၇လောက်က ဂန္ထလောကမဂ္ဂဇင်း ဆောင်းပါးများနှင့် သိပ္ပံမောင်ဝ၏ပြဇာတ်ဆောင်းပါး၊ ကာလပေါ်ဝတ္ထုဆောင်းပါးများသည် သာဓကဖြစ်သည်။* [၁]

ဦးသိန်းဟန် (ဆရာဇော်ဂျီ)ရဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုမှာ မှတ်သား စရာနှစ်ခုပါရှိပါတယ်။

(၁) ရှေးရိုးနည်းစနစ်နဲ့ ဝေဖန်ခြင်းဟာ 'နိုင်ငံချစ်စိတ်' ကို အခြေခံ တယ်။ ခေတ်သစ်စနစ်သစ်နဲ့ဝေဖန်ခြင်းဟာလဲ 'နိုင်ငံချစ်စိတ်' ကို အခြေခံ တယ်ဆိုတာတစ်ချက်။

(၂) အဲသလို နိုင်ငံချစ်စိတ်အခြေခံပြီး စနစ်သစ်နဲ့ဝေဖန်လာကြသူတွေထဲ မှာ သိပ္ပံမောင်ဝပါတယ်ဆိုတဲ့အချက်ပါပဲ။ (ဆရာဇော်ဂျီလဲ ဝေဖန်ရေး အသစ်ထဲမှာ တစ်ဦးအဖြစ်ပါရှိပါတယ်။)

သိပ္ပံမောင်ဝရဲ့ဝေဖန်စာတွေဟာ အလွန်များပြားပါတယ်။ သူ့ ဝေဖန် စာများဟာ သူကိုယ်တိုင်ပါတဲ့ခေတ်စမ်းစာပေကို အများနားလည်အောင် ခင်းကျင်းရှင်းလင်းပြတဲ့ဝေဖန်စာတွေဖြစ်ပါတယ်။ သူ့ဝေဖန်စာတွေကို နားလည်ဖို့ကိုလဲ အဆင့်ဆင့် ခင်းကျင်းရှင်းလင်းရပါတယ်။ သာဓကဆောင် ရရင် သခင်ဘသောင်းရဲ့ 'ဆရာဝန်ပါပဲ' ပြဇာတ်နဲ့ ဆရာဇော်ဂျီရဲ့ 'မဟာဆန် ချင်သူ' ပြဇာတ်တို့ကိုဝေဖန်ဖို့အတွက် ကိုလိုနီခေတ်ဦး ဆတိုင်မွတ်ဦးကူးတို့ရဲ့ ပြဇာတ်တွေ၊ ကုန်းဘောင်ခေတ်နှောင်းက ဦးပုည၊ ဦးကြင်ဥပြဇာတ်၊ ဟိုးအဝေးကြီး ပြဇာတ်ပေါ်ခါစခေတ်ဖြစ်တဲ့ ဝန်ကြီးပဒေသရာဇာတို့ခေတ် လောက်အထိ ပြန်ဒွှားပါတယ်။ အလားတူပဲ ပီမိုးနင်း၊ ဦးညာဏတို့ဝတ္ထုတွေ အကြောင်းကို ပြောဖို့အတွက် ဟိုအဝေးကြီးကရတနာကြေးမုံခေတ်ကို အမြင် သစ်နဲ့ပြန်လည် ခင်းကျင်းတင်ပြပါတယ်။ ဒါမှလဲ ခေတ်ဟောင်း၊ ခေတ်သစ် ဆက်စပ်ပြီး နားလည်စေမှာ ဖြစ်ပါတယ်။

---

၁။ သိန်းဟန်၊ ဦး။ မြန်မာစကားပြေ၊ မြန်မာမှု။ ၁၉၇၅၊ စာ ၄၅-၄၆ ။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်(သမိုင်း) စာအုပ်တစ်အုပ်[၁] ကိုဝေဖန်ဖို့အတွက် သိပ္ပံမောင်ဝ ဘယ်လိုအဆင့်ဆင့်ခင်းကျင်းတယ်ဆိုတာကို စာအုပ်တစ်အုပ်နဲ့ သာဓကပြချင်ပါတယ်။

(၁) နိုင်ငံခြားသားရေးသည့်ရာဇဝင်

(၂) ဦးဘသန်း

(၃) ဟာဗီနှင့်ဦးဘသန်း

(၄) ဝေဖန်ချက်ဆိုပြီး ဆောင်းပါးတွေ အဆင့်ဆင့် အကျယ်တဝင့်ခွဲရေးရပါတယ်။

'သိပ္ပံမောင်ဝ၊ စာပေယဉ်ကျေးမှု' ဆိုတဲ့ စာအုပ်ထဲမှာ (၁၆)ချိုးစာမျက်နှာ(၁၇၇)က (၁၉၄)အထိ၊ (၁၇)မျက်နှာလောက်ထိပါရှိတယ်။ ပထမဦးဆုံး ရှင်းပြတာက နိုင်ငံခြားသားဟာဗီရေးတဲ့ မြန်မာရာဇဝင်စာအုပ်အကြောင်းဖြစ်ပါတယ်။ အချက်အလက်များ ရှုမြင်ပုံအမှားတွေကို ရဲရဲရင့်ရင့်ထောက်ပြတယ်။ နောက်တစ်ဆင့်အနေနဲ့ မြန်မာရာဇဝင်စာအုပ်အသစ်ရေးသူဦးဘသန်းဟာ မြန်မာစာနဲ့မြန်မာနိုင်ငံသမိုင်းလေ့လာမှုကို ဘယ်လိုထူးချွန်ကြောင်းကို စာဖတ်ပရိသတ်နဲ့မိတ်ဆက်ပေးတယ်။ ပြီးတော့ဟာဗီနဲ့ ဦးဘသန်းကို နှိုင်းယှဉ်ပြတယ်။ အဲလိုဆောင်းပါးတွေကို တစ်ဆင့်ချင်းခင်းကျင်းရေးသားပြီးမှ ဦးဘသန်းရဲ့ရာဇဝင်စာအုပ်ကောင်းပုံကို ဝေဖန်သုံးသပ်ပြတယ်။ ပြီးတော့သူမကြိုက်တာ၊ မကောင်းဘူးထင်တာတွေကိုလဲရေးပါတယ်။ ဒါမှလဲ လိပ်ပတ်လည်ပါတယ်။

သိပ္ပံမောင်ဝရဲ့စာပေဝေဖန်ရေးဆိုင်ရာ သဘောထားကိုတော့ ဦးသိန်းဟန်(ဇော်ဂျီ)တို့က သူ့စာထဲကပဲ ခုလိုထုတ်ပြထားပါတယ်။

*'ဝေဖန်ချက်ရေးသားသည်ဆိုရာ၌ မိမိစိတ်တွင်ပေါ်လာသော အချက်ကို ရေးသားခြင်းပင်ဖြစ်၏။ ကောင်းလျှင်ကောင်း၏။ မကောင်းဟူ၍ ရေးသားခြင်းပင်ဖြစ်၏။ ဤသို့ရေးသားရာ၌ တိုက်ရိုက်မရေး၍ အဆိုက်အဝန်းများစွာနှင့်ဖတ်၍ကောင်း၊ နားထောင်၍ကောင်းအောင်ရေးသားခြင်းပင်ဖြစ်လေ*

၁။ ဝါမောင်၊ သိပ္ပံ။ စာပေယဉ်ကျေးမှု၊ မန္တလေးလူထု၊ ၁၉၄၅၊ စာ ၁၇၇-၁၉၄။

www.burmeseclassic.com

www.burmeseclassic.com



*သည်။ ဥပမာ၊ သာကေတို့ကိုသုံးခြင်းအားဖြင့်လည်း ဖတ်ရသူတို့၏စိတ်ကို ထိပ်ငြိစေနိုင်၏။ ထိုမှတစ်ပါးလည်း ဗဟုသုတလိုလေသည်။ ဗဟုသုတများ လေလေ၊ ဝေဖန်ချက်ကောင်းလေလေ။* [၁] ၁၁၊၁၁၊၃၁

အဲဒါဟာ ဝေဖန်ပုံဝေဖန်နည်းနဲ့၊ ဝေဖန်သူရဲ့အရည်အချင်းကိုအကျဉ်း ဆုံးဖော်ပြလိုက်တာပဲဖြစ်ပါတယ်။ ဝေဖန်ရေးနဲ့ပတ်သက်ပြီးထားအပ်တဲ့ စိတ်နေသဘောထားကိုတော့ခုလိုဖော်ပြထားပါတယ်။

*'ဝေဖန်ချက်ရေးသူတို့မှာ မိတ်ဆွေမျက်နှာကိုမထောက်ရပေ။ ပုဂ္ဂိုလ်မင်သောကြောင့်တရားမင်ခြင်းသည် သုတကာကိုလမ်းမှားညွှန်ပြ သည်နှင့်တူ၏။'* [၂] ၂၂၊၆၊၃၃

သိပ္ပံမောင်ဝဟာ တကယ်လဲပြောတဲ့အတိုင်းလုပ်ပါတယ်။ သာဓက ဆောင်ရရင် သိပ္ပံမောင်ဝနဲ့အတူ ရေးဖော်ဖြစ်တဲ့ဆရာဇော်ဂျီရဲ့ 'မဟာ ဆန်ချင်သူ' ပြဇာတ်ကို…

*'အဓိပ္ပာယ်ရွှန်း၏၊ စကားလုံးအသုံးအနှုန်းတွင်များစွာရွှန်း'* [၃]

လို့ဝေဖန်တယ်၊ တစ်ဆက်တည်းမှာပဲ သခင်ဘသောင်းရဲ့ 'ဆရာဝန် ပါဝဲ' ပြဇာတ်ကို…

*'အဓိပ္ပာယ်ရော၊ စကားလုံးအသုံးအနှုန်းရောရွှန်းလေသည်။ ဆရာဝန် ပါဝဲ၌ ဂါမဒေါသ မလွတ်တတ်သောစကားများပါလေသည်'* [၄] လို့ဝေဖန် ပါတယ်။

ဆရာဝန်အီစမေ၏ဝတ္ထု။ ငှင်းကားရွှေဥဒေါင်း၏ဝတ္ထုတည်း။ ချောက်ဝတ္ထုခပ်ဆန်ဆန်ဖြစ်၏။ အရေးအသားကားရှင်းရှင်းလင်းလင်းနှင့် စိတ်ဝင်စားအောင်ရေးသားထားပေသည်။

*'ဝတ္ထုအကြောင်းမှာ ထူးထူးထွေထွေ မကောင်းလှ။'* [၅] လို့ဝေဖန် ပါတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကိုလဲ …

---

၁။ သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေအတွေ့တွေ့။ ဒု-နှိပ်၊ ရန်ကုန်၊ စပယ်ဦး၊ ၁၉၇၇။
၂။ သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေအတွေ့တွေ့။ ဒု-နှိပ်၊ ရန်ကုန်၊ စပယ်ဦး၊ ၁၉၇၇။
၃။ ခေတ်စမ်းစာပေအတွေ့တွေ့၊ စာ ၂၁၇။
၄။ ခေတ်စမ်းစာပေအတွေ့တွေ့၊ စာ ၂၁၇။
၅။ ခေတ်စမ်းစာပေအတွေ့တွေ့၊ စာ ၂၁၇။

www.burmeseclassic.com

www.burmeseclassic.com



*'ဤရာဇဝင်ဝတ္ထုတို့တွင် ရေးသားပုံကောင်း၏။ ရာဇဝင်အချက်အလက်များထင်ရှားစွာပေါ်လွင်၍လာ၏။ သို့ရာတွင် ၎င်းဝတ္ထုများမှာရှည်လျားသောကြောင့်စာတတ်မျှော်သွားတတ်လေသည်။ ဝတ္ထုရေးသားရာ၌ပုံပြင်ကိုကြိုတင်စဉ်းစားထားဟန်မတူ'*[၁] စသဖြင့် ဝေဖန်ထားပါတယ်။ အကောင်းအဆိုးနှစ်မျိုးစလုံးရေးပါတယ်။

ဦးဘသန်းရဲ့ 'မြန်မာရာဇဝင်စာအုပ်' ဝေဖန်ချက်ကိုထုတ်ပြရင် သိပ္ပံမောင်ဝရဲ့ဝေဖန်ရေးသဘောထားနဲ့ဝေဖန်နည်းကို ပိုမိုသဘောပေါက်လာစရာရှိပါတယ်။

ဦးဘသန်း၏မြန်မာရာဇဝင်စာအုပ်၌ ကျွန်တော်ကြိုက်သောအချက်များကိုစုတ်ဖော်ရေးသားပြီးနောက် ဤစာအုပ်တွင်ပင် ကျွန်တော်မကြိုက်သောအချက်အနည်းငယ်ကို ထုတ်ဖော်ရေးသားရပေဦးမည်။ မကြိုက်ဟူ၍ဆိုရမှာအားနာစရာပင်။ သို့ရာတွင် အကြိုက်ကိုချည်းရေးသားဖော်ပြနေလျှင် တစ်ဖက်သတ်မျက်နှာလိုက်နေသည်ဟု ဆိုစရာရှိလေသည်။

မည်သူမဆို စာအုပ်တစ်အုပ်ကိုဖွင့်ကာ ဂရုစိုက်၍ဖတ်လျှင် ထိုစာအုပ်တွင် ကြိုက်နှစ်သက်ဖွယ်ရာအချက်၊ မကြိုက်မနှစ်သက်ဖွယ်ရာ အချက်နှစ်မျိုးစလုံးကိုတွေ့မြင်ရပေလိမ့်မည်။ မည်သည့်စာအုပ်မျိုးမှာမှ အကောင်းချည်းရှာရမည်မဟုတ်။ တစ်စုံတစ်ယောက်သောသူက မိမိဖတ်သောစာအုပ်၏ကောင်းမကောင်းကိုမေးမည်ဆိုလျှင် ထိုစာအုပ်၌ မိမိကြိုက်နှစ်သက်သောအချက်တို့မှာ မိမိ မကြိုက်မနှစ်သက်သောအချက်တို့ထက် ပိုမိုများပြားစွာပါဝင်နေပါက ၎င်းစာအုပ်ကိုစာအုပ်ကောင်းဟူ၍ ဆိုပေလိမ့်မည်။ သို့တည်းမဟုတ် မိမိမကြိုက်မနှစ်သက်သောအချက်က မိမိကြိုက်နှစ်သက်သောအချက်ထက် ပိုမိုပါလျှင် ထိုစာအုပ်ကိုမကောင်းဟူ၍ ဆိုပေလိမ့်မည်ကားမလွဲတည်း။ အကြိုက်ဆိုသည်မှာလည်း တစ်ယောက်နှင့်တစ်ယောက် မတူသောကြောင့် မိမိကြိုက်လျှင်ကောင်းသည်။ မိမိမကြိုက်တိုင်း မကောင်းဟူ၍ကား တစ်ထစ်ချမှတ်သားထားရန် ခဲယဉ်းလှပေ၏။ သို့ရာတွင် တစ်စုံ

၁။ သိပ္ပံမောင်ဝ၊ စာပေယဉ်ကျေးမှု၊ မန္တလေးလူထု၊ ၁၉၇၆၊ စာ ၄၃။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သောသူက ထင်မြင်ချက်ပေးပါဟူ၍ဆိုလျှင် အထက်ဖော်ပြသော နည်းအတိုင်းသာလျှင် စဉ်းစားပြောကြားရလေသည်။

*'မိမိထင်မြင်ချက်ကို ရေးသားသည်ဆိုရာ၌ အကျိုးအပြစ်ကို ထုတ်ဖော်ရေးသားသည်ဟူ၍ မမှတ်ယူအပ်။ ဆရာဦးဘသန်း၏စာအုပ်တွင်ရှိသော အပြစ်တို့ကို ထုတ်ဖော်ရေးသားနိုင်သောအစွမ်းသတ္တိလဲ ကျွန်တော့်၌လုံလောက်စွာမရှိ။ အကြောင်းကား ဆရာဦးဘသန်း၏စာအုပ်တွင် ကြိုက်သောအချက် မကြိုက်သောအချက်တို့ကို ရေးသားနိုင်ရန်ကားမခဲယဉ်းပေ။ ဥပမာ အချက်အပြုတ်တွင် များစွာကျွမ်းကျင်သောစားတော်ကဲတစ်ယောက်၏ ဟင်းလျာကို စားမြည်းပြီးလျှင် ထင်မြင်ချက်ပေးပါဟုဆိုပါက လူတိုင်းပင် ကြိုက်မကြိုက် ထင်မြင်ချက်ပေးနိုင်ပေလိမ့်မည်။ သို့သော် ထိုစားတော်ကဲကဲ့သို့ကား ချက်ပြုတ်တတ်မည်မဟုတ်။ ချက်ပြုတ်တတ်ခြင်းကားတစ်မျိုး၊ ကြိုက်မကြိုက် ပြောနိုင်ခြင်းကားတခြား ဖြစ်လေသည်။'* -၁-

အထက်ပါကောက်နုတ်ချက်ဟာ မောင်မြသွင်၊ သိပ္ပံကျောင်းသား အမည်နဲ့ (၈၊၅၊၃၀)သူရိယရက်ခြားသတင်းစာမှ ရေးသားချက်ကကောက်နုတ်ထားတာဖြစ်ပါတယ်။ ဒီဝေဖန်ချက်များ 'ကြိုက်၊ မကြိုက်' 'ကောင်း၊ မကောင်း ပြဿနာ' နဲ့ 'ကိုယ်တိုင်ရေးတတ်မှု၊ မရေးတတ်မှု' ပြဿနာတို့ကိုတင်ပြထားပါတယ်။ 'ဦးဘသန်းကဲ့သို့ ကျွန်တော့်၌ ပညာဗဟုသုတမရှိ' ဆိုတာကိုလဲ ရိုးသားပွင့်လင်းစွာဝန်ခံထားတာကိုလဲတွေ့နိုင်ပါတယ်။

ထင်မြင်ချက်(ဝေဖန်ချက်)ရေးသားသူရဲ့ ရပ်တည်ရမယ့်အနေအထားကိုလဲ ဥပမာပေးပြီး ခုလိုဖော်ပြထားပါသေးတယ်။

*'ထင်မြင်ချက်ရေးသားသူတို့မှာ ရုံးတွင်တရားစီရင်သူ တရားသူကြီးကဲ့သို့ကျင့်ရပေမည်။ ရှေ့နေ၊ ရှေ့ရပ်ကဲ့သို့ မကျင့်ကြံကြရာ'* -၂-

ထင်မြင်ချက် ဝေဖန်ချက်ပေးနိုင်ဖို့ရာအတွက် ဗဟုသုတများတို့ကို သိပ္ပံမောင်ဝက မကြာခဏဖော်ပြပါတယ်။ 'ဗဟုသုတများလေလေ၊ ကောင်းလေလေ' လို့အထက်မှာဆိုခဲ့တယ်။ အက်ဆေး၊ ဝေဖန်စာ၊ ကာလပေါ်ဝတ္ထုတို့ဟာ မြန်မာမှုမှာအသစ်အဆန်းဖြစ်လို့ နိုင်ငံခြား(အင်္ဂလိပ်)စာပေများကို

---

၁။ ဝ၊ မောင်၊ သိပ္ပံ။ စာပေယဉ်ကျေးမှု ။ မန္တလေး၊ ကြီးပွားရေး၊ ၁၉၅၈
၂။ ဝ၊ မောင်၊ သိပ္ပံ။ စာပေယဉ်ကျေးမှု ။ မန္တလေး၊ ကြီးပွားရေး၊ ၁၉၅၈

www.burmeseclassic.com



ဖတ်ရမယ်လို့ တိုက်တွန်းတယ်။ ဝတ္ထုမှာ ကာလဒေသ၊ သဘာဝသရုပ်ပေါ်မှု၊ စကားအသုံးအနှုန်းတို့ကို ထောက်ပြဝေဖန်လေ့ရှိတယ်။ ၁၉၃၀ပြည့်နှစ်ကျော် တစ်ဝိုက်က ဂန္ထလောကမဂ္ဂဇင်းမှာ သူရိယကန္တီအမည်ခံဒေါက်တာစိန်ဘန်း၊ ဣန္ဒနီအမည်ခံဦးဘသောင်းတင်၊ ဇော်ဂျီအမည်ခံဦးသိန်းဟန်တို့လဲသိပ္ပံမောင်ဝ လိုပဲ နိုင်ငံခြားစာပေဝေဖန်ရေးတွေကိုဖတ်ပြီး ကာလပေါ်ဝတ္ထုလက္ခဏာများနဲ့ ခွဲခြမ်းစိတ်ဖြာပြီးဝေဖန်ခဲ့ကြတယ်။ တက္ကသိုလ်စည်သူဆိုသူ တစ်ဦးကလဲ တက်ခေတ်စာစောင် ၁၉၃၅မှာ တက္ကသိုလ်အမည်ခံပြီး ခေတ်စမ်းစာများကို ဝေဖန်တယ်။ ဒီပုဂ္ဂိုလ်များဟာ သိပ္ပံမောင်ဝရဲ့ကလောင်ခွဲတွေမဟုတ်ဘဲ သိပ္ပံမောင်ဝတို့ကိုခေတ်စမ်းဝေဖန်ရေးမူနဲ့ ဝေဖန်နေကြသူတွေဖြစ်ပါတယ်။ ဒီအထဲမှာ တက္ကသိုလ်စည်သူနဲ့ဣန္ဒနီတို့ဟာ ဆက်လက်မရေးကြလို့ နာမည် ထွက်မလာကြဘူး။ တက္ကသိုလ်စည်သူဟာ ခေတ်စမ်းကိုထောက်ခံယောင် ရှိပေမယ့် ဆန့်ကျင်ခဲ့တယ်။ ထူးခြားတာက ဣန္ဒနီဟာ သူဂန္ထလောကမှာ ရေးခဲ့တဲ့ဆောင်းပါးတွေကို စုဆောင်းပြီး ဦးဘသောင်းတင်၊ ဘီအေအမည် ရင်းနဲ့ စာအုပ်တစ်အုပ်ထုတ်တယ်။ စာအုပ်အမည်ကို 'အကဲဖြတ်စာတမ်း' လို့ပေးတယ်။ ဦးလှရဲ့ကြီးပွားရေးမဂ္ဂဇင်းတိုက်က ၁၉၃၉ခုနှစ်မှာမှ စာအုပ် အဖြစ်ထုတ်ဝေဖြစ်ပါတယ်။ မြန်မာစာပေလောကမှာ ပထမဆုံးစာပေဝေဖန် ရေးစာအုပ်ပါပဲ။ စာပေလောကမှာ မထင်ရှားခဲ့ပါဘူး။ ဒါပေမယ့် သူလဲ တက္ကသိုလ်အသိုက်အဝန်းကဖြစ်ပြီး သိပ္ပံမောင်ဝလိုပဲ အနောက်နိုင်ငံစာပေ ဝေဖန်နည်းဗဟုသုတများနဲ့ စာပေအကဲဖြတ်လိုသူတစ်ဦးဖြစ်ပါတယ်။ ကိုယ်ပိုင်စာမရေးတာကြောင့်လဲ နာမည်ထွက်မလာခဲ့တာ ဖြစ်ပုံရပါတယ်။

သိပ္ပံမောင်ဝဟာ ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတတို့ကို မမောနိုင်မပန်းနိုင် မနားတမ်းလေ့လာပြီး လေ့လာသိရှိရသမျှကိုလဲ စာဖတ် ပရိသတ်ကိုပြန်လည်ဖောက်သည်ချသူဖြစ်ပါတယ်။ 'ထိသမျှရွှေဖြစ်စေ' ဆိုတဲ့လက်လို တွေ့သမျှမြင်သမျှကို စာရွက်ပေါ်ချရေးနိုင်သူဖြစ်ပါတယ်။ ရာဇဝင်၊ ခရီးသွား၊ ကျောက်စာ၊ ဒေသန္တရ၊ ဒေသိယစကား၊ ပေါရာဏ၊ ဘုရားသမိုင်း၊ အတ္ထုပ္ပတ္တိ၊ အင်္ဂလိပ်စာ... အစရှိသည်တို့ကို လေ့လာပါတယ်။ ဝေဖန်ရာမှာ၊ ဝတ္ထုရေးရာတို့မှာ လိုအပ်သလိုအသုံးချပါတယ်။ ဒါပေမယ့်

www.burmeseclassic.com



ဝတ္ထုတွေကိုဝေဖန်တိုင်း သုတနဲ့ရသ မရောဖို့ကိုတော့ အမြဲသတိပေးပါတယ်။ သိပ္ပံမောင်ဝက-

*'ဗဟုသုတအကြောင်းသက်သက်ရေးချင်ရင် ဆရာသိန်းကြီးရဲ့ စာအုပ်တွေလို ဗဟုသုတအကြောင်းသက်သက်စာအုပ်မျိုး ရေးသင့်သဗျ။ ဝတ္ထုရေးရင်လည်း ဇဝနရေးတဲ့ဝတ္ထုလို ဝတ္ထုအကြောင်းကိုသက်သက် ရေးသင့်တယ်။ ဝတ္ထုထဲ ဗဟုသုတတွေထည့်၊ ဗဟုသုတတွေထဲ ဝတ္ထုတွေထည့်နဲ့ နေရာမကျပါဘူးဗျာ'* -၁-

သုတနဲ့ရသသဘောထားဖြစ်သလို ရှေးရိုးနဲ့ခေတ်သစ်သဘောထား ဖြစ်ပါတယ်။ သိပ္ပံမောင်ဝရဲ့ ရှေးရိုးနဲ့ခေတ်သစ်ဝါဒနှစ်ရပ်ပေါ် အမြင်ကို ခုခေတ်လူငယ်များအနေနဲ့လဲသိသင့်ပါတယ်။ ခုခေတ်မှာ ဂန္ထဝင်နဲ့ ခေတ်သစ် (မော်ဒန်)တို့ကြားမှာ မကြာခဏ သဘောထားကွဲလွဲမှုတွေပေါ်ပါတယ်။ သိပ္ပံမောင်ဝအမြင်ကဒီလိုဖြစ်ပါတယ်။ 'မည်သည့်တိုင်းပြည်မှာမဆို ကဗျာလင်္ကာ၊ ပန်းချီပန်းပုပညာများထွန်းကား၍လာသောအခါ ဝါဒနှစ်မျိုး ပေါ်၍လာလေ့ ရှိလေသည်။ ဤသို့ ဝါဒနှစ်မျိုးပေါ်လာသည်မှာ ယခုအခါမှမဟုတ်၊ ရှေးက လည်း ဤနည်းအတိုင်းဖြစ်၏။ ၄င်းဝါဒနှစ်မျိုးကိုကား (က)ရှေးရိုးလမ်းကို လိုက်သောဝါဒ (ခ)ရှေးလမ်းရိုးကိုမလိုက်ဘဲအသစ်ထွင်သော ဝါဒများဖြစ်ကြ လေသည်။ မှတ်သားရလွယ်ကူစေရန် ပထမဝါဒကို ရှေးရိုးဝါဒဟုခေါ်၍ ဒုတိယဝါဒကို ခေတ်စမ်းဝါဒဟုဆိုကြပါစို့။

ဤသို့ ဝါဒနှစ်မျိုးရှိသည်မှာလည်း ကောင်းသည်ပင်ဖြစ်တော့၏။ အင်းရိုင်းငွေဖွယ်ကြီးဖြစ်ပြီးလျှင် နောက်ဆုံး၌ ဆုတ်ယုတ်ခြင်းတွင် အဆုံးသတ် ရပေလိမ့်မည်။ ရှေးရိုးဝါဒမရှိပြန်သော်လည်း ခေတ်စမ်းသမားတို့က အရမ်းမဲ့ ပြုပြင်သွားကြမည်ဖြစ်သောကြောင့် အများမှားအယွင်းယွင်းတို့နှင့် တိုးမိသွား ကြပေလိမ့်မည်။ ရှေးရိုးသမားများရှိနေသောကြောင့် ခေတ်စမ်းသမားတို့မှာ မိမိထင်တိုင်းမထွင်ဝံ့ဘဲ သတိထားကာ တစ်စတစ်စသာလျှင် ထွင်သွားကြပေ လိမ့်မည်။ ဤဝါဒနှစ်မျိုးမှာ တစ်မျိုးကိုတစ်မျိုး အထောက်အပံ့ပေးကြ သောကြောင့် ...

---

၁။ သိပ္ပံမောင်ဝ၏ခေတ်စမ်းစာပေအထွေထွေ၊ ဒု-နှိပ်၊ ရန်ကုန်၊ စပယ်ဦး၊ ၁၉၇၇။

www.burmeseclassic.com

www.burmeseclassic.com



*‘၎င်းနှစ်မျိုးစလုံးအလိုရှိအပ်ပေမည်’* -၁-

သိပ္ပံမောင်ဝ(မောင်မြသွင်) ဒီလိုရေးနေတာဟာ ခေတ်စမ်းကဗျာကို ဝေဖန်ဖို့ခြေဆင်းစာအဖြစ် သဘောတရားခင်းကျင်းနေတာဖြစ်ပါတယ်။ ခေတ်စမ်းစာပေနဲ့ရှေးစာပေတို့ ခြားနားချက်ကိုပေါ်လွင်စေဖို့ ထူးခြားချက်ကလေးများကိုလည်းဖော်ထုတ်ပြပါတယ်။

ရှေးရိုးသမားတို့သည် အလှအပကိုပို၍အရေးပေးကြ၏။ ခေတ်စမ်းသမားတို့ကား၊ အလှအပကိုချည်းဂရုမစိုက်။ အသုံးမကျ၊ အရာရောက်မရောက်ကိုလည်းသတိထားကြပေသေးသည်။

*‘ရှေးရိုးသမားတို့၏ကဗျာကားလှပ၏။ ခေတ်စမ်းသမားတို့၏ကဗျာများကားလိုရင်းကိုသိလွယ်၏။ လင်္ကာဆရာ၏အာဘော်ကိုအမြန်သိရ၏’* -၂- ဟု နိဂုံးချုပ်ပါတယ်။

*‘အချုပ်ကိုဆိုရသော်ယခုကဲ့သို့ခေတ်စမ်းသမားများ၊ ခေတ်စမ်းကဗျာများ ပေါ်ပေါက်ထွန်းကားလာခြင်းသည်လျှင် မြန်မာစာတိုးတက်သည် မည်ပေ၏။ တိုးတက်ကြီးပွားသည်ဆိုသောစကားများကပင် သက်သေခံနေကြပေ၏။ ရှေးရိုးအတိုင်းမနေခြင်းကိုပင် တိုးတက်သည်ဟုဆိုနိုင်လေသည်။ သို့သော် ကောင်းသောတိုးတက်ခြင်း၊ ဆိုးသောတိုးတက်ခြင်းဟူ၍ကား ရှိနိုင်လေသည်။ ယခုခေတ်စမ်းကဗျာမှာ ကောင်းသောတိုးတက်ခြင်းလော၊ ဆိုးသောတိုးတက်ခြင်းလောဟုမပြောနိုင်သေးပေ။ အချိန်တည်းဟူသော တရားသူကြီးကသာလျှင်ဆုံးဖြတ်ပေလိမ့်မည်။ ရှေးရိုးသမားနှင့်ခေတ်စမ်းသမားတို့ထွင်သည်ကို ထွင်ကြပါစေ။ မည်သည့်အရာမှာမဆို ဤသို့ဝါဒ နှစ်မျိုးရှိသည်မှာ ကောင်းသောအရာပင်တည်း။’* -၃-

အဟောင်းအသစ်ဆိုင်ရာ သိပ္ပံမောင်ဝရဲ့သဘောထားဟာ အဲဒီတုန်းက တက္ကသိုလ်မှာရှိတဲ့ မြန်မာနိုင်ငံသုတေသနအသင်း၊ မြန်မာနိုင်ငံစာပေ

---

၁။ ခေတ်စမ်းစာပေအထွေထွေ

၂။ ခေတ်စမ်းစာပေအထွေထွေ

၃။ ခေတ်စမ်းစာပေအထွေထွေ

www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပွားရေးအသင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့ရဲ့ 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်' ဆိုတဲ့မူနဲ့အညီပဲ ဖြစ်ပါတယ်။ ရှေးရိုးနဲ့ခေတ်သစ် ပြဿနာရဲ့ အဆက် လူကြီးနဲ့လူငယ် ပြဿနာပဲဖြစ်ပါတယ်။ မြန်မာ့နေ့စဉ်သတင်းစာ၊ ၁၂၉၇၊ ဝါခေါင်လဆုတ်၊ ၁၁-၁၂ ရက်နေ့များမှာ မောင်ကကြီးနဲ့ ရသေ့ဦးစိန္တာတို့ 'လူကြီးလူငယ်' ပြဿနာပေါ်ပါတယ်။ ခေတ်စမ်းလူငယ်တွေကို လူကြီး ဦးစိန္တာက 'အလကားလူတွေပဲ' လို့ ပုတ်ခတ်တယ်။ ခေတ်စမ်းစာတွေကို (မဖတ်ဖူးသေးဘဲနဲ့) ပုတ်ခတ်တယ်လို့ လူငယ်ဘက်ကထင်တယ်။ အဲဒီအခါမှာ မောင်မြသွင်က…

*'စင်စစ်အားဖြင့် လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ မှန်သည့်အကြောင်း၊ မှန်သည့်အလုပ်၊ အကျိုးရှိသည့်အကြောင်း၊ အကျိုးရှိသည့်အလုပ်တို့ကို ပြောဆိုပြုလုပ်လျှင်လိုက်နာရလေသည်။ လူကြီးတိုင်းလည်းပညာမရှိ၊ လူငယ်တိုင်းလည်း ပညာမမဲ့ကြောင်းကို မြဲမြဲကြီးမှတ်ထားရန်သင့်၏'* -၁- လို့ ဖြေရှင်းပါတယ်။

အပေါင်းသမားတော်တော်များများက ခေတ်စမ်းစာပေမှာ ဘာတွေသစ်ဆန်းလာသလဲဆိုတာကို သိပ်မသိကြဘူး။ အရင်က မရေးဖူး၊ မတွေးဖူးတာတွေကို ရေးလာတဲ့အခါမှာ မြင်သာတာက ဝါကျတိုကလေးများပဲဖြစ်ပါတယ်။ ဒါကို မြန်မာစာဖျက်ဆီးသူတွေ၊ ကပြားစာရေးသူတွေလို့ စွပ်စွဲစရာဖြစ်နေပါတယ်။ အထူးသဖြင့် စကားပြေသမားသိပ္ပံမောင်ဝက ဝါကျတိုရှည်ပြဿနာနဲ့ပိုပြီးရင်ဆိုင်ရတယ်။ ရသေ့ဦးစိန္တာတို့ကလဲ ဒါကို သဲကြီးမဲကြီးဖြစ်နေတယ်။ သိပ္ပံမောင်ဝက မြန်မာစာပေကို သာမန်လေ့လာခဲ့သူတစ်ဦး မဟုတ်ဘူး။ မွန်၊ ပျူ၊ ပါဠိကစပြီး ရှေးခေတ်မြန်မာစာကြီးပေကြီးတွေကို နှံ့နှံ့စပ်စပ်လေ့လာ လာခဲ့သူဖြစ်ပါတယ်။ ဒါ့ကြောင့် ဝါကျတိုမကြိုက်သူတွေက ဦးကုလားမြန်မာရာဇဝင်၊ မှန်နန်းရာဇဝင်၊ မဏိရတနာပုံကျမ်းတို့ကို ဖတ်ကြည့်ပါလားလို့ ချေပလိုက်တယ်။ ဝေဿန္တရာဇာတ်မှာပါတဲ့ ဝါကျတိုလေးတွေကို ထုတ်ပြတယ်။

▪ ခေတ်စမ်းစာပေအထွေထွေ

www.burmeseclassic.com

www.burmeseclassic.com



*'ကျောင်းအနီး၌ အချို့သောသရက်ပင်တို့သည် ပွင့်ကုန်၏။ အချို့ကင်းကုန်၏။ အချို့စိမ်းရွှမ်းကုန်၏။ အချို့မှည့်ကုန်၏။'* -၁-

ဒါမျိုးကို ကမောက်ကမဖြစ်အောင် ရေးတတ်တာဆိုမလားလို့ ပြန်မေးတယ်။ ဒါဟာ အင်္ဂလိပ်ဝါကျတွေကို အတုယူထားတာလားလို့လဲ ပြန်မေးလိုက်ပါတယ်။ ဦးကုလားရာဇဝင်နဲ့မဏိရတနာပုံကျမ်းထဲက ဝါကျတို့ကိုရွေးထုတ်ပြတယ်။ တကယ်တော့ သိပ္ပံမောင်ဝအနေနဲ့ ဝါကျတို့ရှည်ကိစ္စလောက်ကို ရှင်းရတာလွယ်ပါတယ်။ အပေါင်းသမားတို့ ရုတ်တရက်နားလည်နိုင်တာကတော့ စိတ်ကူးသစ်ဆန်းလာပုံပါပဲ။ ဒါကြောင့် ခေတ်စမ်းပုံပြင်၊ ခေတ်စမ်းကဗျာတို့အကြောင်းကို အသေးစိတ်ဖွင့်ဆိုလိုက်၊ ယေဘုယျသဘောပြောလိုက်၊ အတိုချုံ့ပြောလိုက်၊ အကျယ်ချဲ့ပြောလိုက်နဲ့ အမျိုးမျိုးဖွင့်ဆိုရေးသားရပါတယ်။

*ရှေးရိုးကဗျာမျိုးကို နှစ်သက်သူတို့သည် ဦးသန့်စင်၊ ဦးတိုးအောင်၊ မောင်ဘသောင်း၊ စောမောင်မောင်တို့၏ကဗျာများကို ဖတ်ရာ၏။ ခေတ်စမ်းသမားတို့ကားကိုသိန်းဟန်နှင့်မခင်စောမူတို့၏ စာများကိုဖတ်ရာသည်* -၂-

လို့ ခေတ်စမ်းကဗျာထဲမှာကိုပဲ ရှေးရိုးနဲ့ခေတ်စမ်းခွဲပြပါတယ်။

*သိပ္ပံမောင်ဝ ချီးမွမ်းတဲ့ကဗျာတွေထဲမှာ ခင်စောမူရဲ့ 'လိပ်ပြာနှင့်ကြာကုမုဒ်' ပုံဟာ အစမ်းအနားဆုံးဖြစ်ပါတယ်။* -၃-

'နေဝင်မောင်ငိုက်၊ လမိုက်မယိုင်' ဆိုတဲ့ စာသားလေးကို ပြင်မရ၊ ဖြည့်မရ၊ ချုံ့မရ၊ ချဲ့မရနိုင်ပုံ၊ တိုသလောက် အဓိပ္ပာယ် ကျယ်ဝန်းပုံတို့ကိုရှင်းပြထားပါတယ်။ 'သိကြားမင်းများပြင်လျှင်ကား ဖြစ်နိုင်ပေလိမ့်မည်လား မပြောတတ်။ သာမန်လူတို့ကားပြင်နိုင်မည်မထင်' တဲ့။ အဲသလို ချီးကျူးထားပါတယ်။ စာလုံးလေးရှစ်လုံးမျှနဲ့ ဒီလောက်နက်နဲကျယ်ဝန်းလှပပေတယ်ဆိုတာကို ကြုံတိုင်းပြောပါတယ်။ သိပ္ပံမောင်ဝအနေနဲ့ ဒီကဗျာကလေးရဲ့

၁။ ခေတ်စမ်းစာပေအထွေထွေ
၂။ ခေတ်စမ်းစာပေအထွေထွေ
၃။ ခေတ်စမ်းစာပေအထွေထွေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းပုံ၊ ကျယ်ဝန်းပုံကို ဝေဖန်တာဟာ ဝေဖန်ပုံအကောင်းဆုံးဖြစ်နေပါတယ်။

အားလုံးကိုခြုံပြောရရင် သိပ္ပံမောင်ဝဟာ ခေတ်စမ်းစာပေဆိုတဲ့ စာပေလှုပ်ရှားမှုတစ်ခုကို ဝေဖန်မှုနဲ့တွန်းပို့မြှင့်တင်ခဲ့သူဖြစ်သလို၊ ၁၉၃၀ ခုနှစ်ကျော်ကာလတစ်ဝိုက်မှာ အသစ်ပေါ်ပေါက်လာတဲ့ စာပေဝေဖန်ရေး ကဏ္ဍမှာလဲ မြန်မာ့ရှေးဟောင်းဝေဖန်နည်းကိုစွန့်ခဲ့ပြီး ကမ္ဘာ့စာပေဝေဖန်ရေး နည်းသစ်ကိုသုံးစွဲခြင်းဖြင့် ရှေ့ဆောင်ခဲ့သူတစ်ဦးလဲဖြစ်တယ်လို့ ကောက်ချက် ဆွဲလိုပါတယ်။ ဒီလိုဝေဖန်ရေးမှုသစ်နည်းသစ်ကို ချမှတ်လုပ်ဆောင်တာဟာ လဲ (ဆရာဇော်ဂျီရဲ့သုံးသပ်ချက်အရ) စာပေကိုချစ်မြတ်နိုးစိတ်၊ နိုင်ငံချစ်စိတ်ကို အခြေပြုပြီး မြန်မာစာပေကိုချဲ့ထွင်ဖို့၊ မြှင့်တင်ဖို့ ကြိုးစားမှုတစ်ရပ်ဖြစ်တယ်ဆို တာကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့ရှိရပါကြောင်း တင်ပြလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မောင်စွမ်းရည် သိပ္ပံမောင်ဝရဲ့စာပေဝေဖန်ရေး

**ဆွေးနွေးမေးမြန်းသူများ။** ။ ၁။ သင်းအောင် ၂။ မင်းရဲစည်သူ (စာရေးဆရာ) ၃။ မင်းလှမြတ်ထွေး ၄။ ခင်ပန်နှင်း ၅။ ဦးအောင်မင်းနိုင် ၆။ ကိုဦး ၇။ ဦးချစ်နိုင်

**ဆွေးနွေးမေးမြန်းချက်များ**

၁။ မြန်မာပြဇာတ်များအပေါ် ဆရာကြီးသိပ္ပံမောင်ဝ သုံးသပ်ဝေဖန်တဲ့နေရာမှာ ဒါးပိန်ယိမ်း ဆရာဦးမောင်ကြီး၏ပြဇာတ်များကို တို့ထိဝေဖန်ခဲ့ခြင်းမျိုး ရှိမရှိ သိလိုပါသည်။

၂။ သိပ္ပံမောင်ဝသည် 'စာပေဝေဖန်ရေးသမား' သက်သက်ပဲဖြစ်ပါသလား။ လက်ရှိဖြစ်ပေါ်နေသောခေတ်ကို ဝေဖန်၊ သရော်သောဝေဖန်ရေးသမား ဖြစ်ခဲ့ ဖူးပါသေးသလား။

၃။ ဆရာသိပ္ပံမောင်ဝအား အမျိုးသားနိုင်ငံရေး စာရေးဆရာကြီးဟု ဂုဏ်ပြုရေးချင်ပါသည်။ မှန်ပါသလားခင်ဗျား။

၄။ စာတမ်းရှင်အား စာတမ်းအတွက်ကျေးဇူးတင်ရှိပါသည်။ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများကို ဘဝသရုပ်ဖော်စာပေအမျိုးအစားဟု စာတမ်းရှင်မှ သတ်မှတ်မှုမည်လား။ သိပ္ပံမောင်ဝကိုင်စွဲသော ဝေဖန်ရေးစံသည် မည်သည့်စံဖြစ်ပါသလဲ။

၅။ ဆရာခင်ဗျား၊ စာပေဝေဖန်ရေးမှာ တူရာတူရာ နှိုင်းယှဉ်ဝေဖန်ရေးနှင့် မိမိအသိ၊ မိမိအထင်အမြင်နှင့်ဝေဖန်ရေး နှစ်မျိုးရှိသည်ဟု ဆိုပါသည်။ သိပ္ပံမောင်ဝသည် မည်သည့်ဝေဖန်ရေးဆရာမျိုးဖြစ်ပါသလဲ၊ ဘယ်ဝေဖန်ရေးက ပို၍ကောင်းပါသလဲ။

၆။ မြန်မာပြည်မှာ စာပေဝေဖန်ရေး ဘယ်အချိန်ကာလလောက်က စတင်ခဲ့ပါသလဲ။ ရှင်းပြပေးစေလိုပါသည်။ သိပ္ပံမောင်ဝရေးသော ခေတ်စမ်း

www.burmeseclassic.com



စကားပြေကို ပထမဦးဆုံး စတင်ဝေဖန်သော စာပေဝေဖန်ရေးဆောင်းပါး တစ်ပုဒ်၏အမည်နှင့် စာရေးသူကို ဖော်ပြပေးစေလိုပါသည်။

၇။ ဆရာသိပ္ပံမောင်ဝကို အချို့က ဗြိတိသျှ 'ဗျူရိုကရက်စာရေးဆရာ' ဟု အကဲဖြတ်(သို့မဟုတ်) မှတ်ယူသည်ဟု ကြားဖူးပါသည်။ ထိုအဆိုသင့်ပါ သလား၊ ဆရာက စာပေဝေဖန်ရေးဆရာတစ်ဦးဖြစ်ပါသဖြင့် မည်ကဲ့သို့ သဘောထားသည်ကို သိပါရစေ။

## စာတမ်းရှင်၏ ပြန်ကြားချက်

၁။ ကျွန်တော်မှတ်မိသလောက်ကတော့ ဒါးပိန်ယိမ်းဆရာဦးမောင်ကြီးရဲ့ ပြဇာတ်ဝေဖန်ချက်များကို မတွေ့မိပါ။ ဒါပေမယ့် သေချာအောင်ဆိုရင် အမျိုးသားစာကြည့်တိုက်မှူး ဦးမြင့်ကြိုင်ပြုစုတဲ့ သိပ္ပံမောင်ဝစာစုစာရင်းမှာ ကြည့်သင့်ပါတယ်။ ဝါမိုးအောင်စာပေတိုက်ကထုတ်ဝေထားပါတယ်။ တက္ကသိုလ်စာကြည့်တိုက်နှင့်သုတပညာဌာနမှာ အဲသလိုစာစုစာရင်းတွေ သုံးရာကျော်ရှိနေတာ လူသိနည်းနေပါတယ်။ ပြန်ကြည့်တဲ့အခါ ၁၉၃၁ ခုနှစ်၊ ဧပြီလထုတ်၊ သူရိယသတင်းစာမှာ 'နောက်ဆုံးပြဇာတ်တို့၏ ထူးခြားပုံ' ဆိုတဲ့ခေါင်းစီးနဲ့ ပါရှိကြောင်းသိရပါတယ်။

၂။ သိပ္ပံမောင်ဝဟာ စာပေဝေဖန်ရေးသမား သက်သက်ပဲမဟုတ်ပါ။ ဝတ္ထု၊ ပြဇာတ်၊ခရီးသွားဆောင်းပါးစသည် အစုံရေးပါတယ်။ သူ့ဝတ္ထုနဲ့ ပြဇာတ်တွေမှာ ခေတ်ကိုဝေဖန်သရော်တဲ့အကြောင်းအရာတွေ ပါရှိပါတယ်။

၃။ သိပ္ပံမောင်ဝဟာ အမျိုးသားနိုင်ငံရေးစာရေးဆရာကြီးလို့ သတ်မှတ် ဂုဏ်ပြုလို့မဖြစ်ပါ။ နိုင်ငံရေးသက်သက် မရေးခဲ့ဖူးပါ။

၄။ သိပ္ပံမောင်ဝရဲ့ဝတ္ထုဆောင်းပါးများဟာ ဘဝကိုထင်ဟပ်တာဖြစ်လို့ တစ်စုံ တရာသောအတိုင်းအတာအထိ ဘဝသရုပ်ဖော်စာပေများဖြစ်တယ်လို့ ဆိုချင်ပါတယ်။ သိပ္ပံမောင်ဝကိုင်စွဲတဲ့ဝေဖန်ရေးစံက 'အမျိုး' ဖြစ်တယ် လို့ ဆိုချင်ပါတယ်။ စနစ်က အနောက်နိုင်ငံသုံး၊ ဈေးသုံးစနစ် ဖြစ် ပါတယ်။

www.burmeseclassic.com

# ဦးလှကြိုင်(စာရေးဆရာကြီးပါရဂူ)၏
## နိဂုံးချုပ်အမှာစကား

နှစ်ရက်ကျင်းပပြုလုပ်တဲ့ စာရေးဆရာကြီးသိပ္ပံမောင်ဝ နှစ်တစ်ရာပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနား နိဂုံးချုပ်ချိန်ရောက်လာပါပြီ။ ပထမနေ့က ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖွင့်မိန့်ခွန်းပြောကြားခဲ့တယ်။ ပထမနေ့အလှည့်ကျသဘာပတိရဲ့မိန့်ခွန်းနှင့်စာတမ်းရှင်များတင်သွင်းတဲ့စာတမ်း(၄)စောင်ကိုလည်း နာကြားခဲ့ကြပြီးပြီ။ ယနေ့ ဒုတိယနေ့မှာလည်း စာတမ်း(၄)စောင်တင်သွင်းဖတ်ကြားပြီးပါပြီ။

BURMESE CLASSIC

မိန့်ခွန်းများနှင့်စာတမ်းများကို နားထောင်ပြီးတဲ့ပရိသတ်ဟာ ဆရာကြီးသိပ္ပံမောင်ဝနှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားရဲ့အရေးပါအရာရောက်မှုနှင့်တကွ ဒီအခမ်းအနားကို ကျင်းပပြုလုပ်တဲ့အတွက် မြန်မာစာပေလောက ဘယ်လိုအကျိုးကျေးဇူးရှိလာနိုင်တယ်ဆိုတာ နားလည်သဘောပေါက်ပြီလို့ယုံကြည်ပါတယ်။

ကျွန်တော့်အနေနှင့်လည်း ဆရာကြီးသိပ္ပံမောင်ဝနှစ်တရာပြည့်အထိမ်းအမှတ်အခမ်းအနားရဲ့ ထူးခြားတဲ့အသွင်လက္ခဏာတချို့ကို ပြောပြလိုပါတယ်။ မြန်မာစာရေးဆရာကြီးတစ်ဦးရဲ့ရာပြည့်နှစ်အထိမ်းအမှတ်ပွဲကို ဝန်ကြီးဌာနတစ်ခုအနေနဲ့ကျင်းပတာဟာ ယခုအကြိမ်ဟာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ ၁၉၆၁ခုနှစ်က ပညာရေးဝန်ကြီးဌာနနဲ့ယှဉ်တွဲပူးပေါင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ခန်းမမှာ အိန္ဒိယကဗျာဆရာကြီး ရာဗိန္ဒြာနတ်တဂိုးရဲ့ ရာပြည့်အထိမ်းအမှတ်ပွဲကိုကျင်းပပြုလုပ်ခဲ့ပါတယ်။ နောက် ၁၉၆၉ခုနှစ်မှာ တစ်ခါပညာရေးဝန်ကြီးဌာနနဲ့ယူနက်စကိုပူးပေါင်းပြီး ဂန္ဒီခန်းမမှာ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးမဟတ္တမဂန္ဒီ ရာပြည့်နှစ်အထိမ်းအမှတ်ပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ယခုလိုမြန်မာစာရေးဆရာတစ်ဦးရဲ့ရာပြည့်အထိမ်းအမှတ်ပွဲကို ဝန်ကြီးဌာနတစ်ခုအနေနဲ့ကျင်းပတာကတော့ ယခုအကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အဲဒီအချက်ဟာ ယနေ့ကျင်းပပြုလုပ်နေတဲ့ဆရာကြီးသိပ္ပံမောင်ဝရာပြည့် အထိမ်းအမှတ်ပွဲရဲ့ထူးခြားတဲ့အသွင်လက္ခဏာတစ်ရပ်လို့ဆိုနိုင်ပါတယ်။

နောက်တစ်ခုက ယနေ့ကျင်းပပြုလုပ်နေတဲ့အခမ်းအနားဟာ မြန်မာစာပေသမိုင်းတစ်လျှောက် ခရီးနှင်လာတဲ့စာရေးဆရာတွေ၊ စာပေဝါသနာရှင်တွေအနေနဲ့အတိတ်ကိုပြန်လည်စောင်းငဲ့ကြည့်တဲ့ပွဲ ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ခရီးသည်တစ်ဦးတစ်ယောက်ဟာ မိမိကျော်ဖြတ်လာတဲ့ခရီးမိုင်တိုင်များကိုပြန်လည်အာရုံပြုကြည့်မှသာ မိမိဘယ်လောက်ခရီးပေါက်လာပြီဆိုတာ ခန့်မှန်းလို့ရပါတယ်။ မိမိဖြတ်သန်းကျော်လွန်လာခဲ့တဲ့မိုင်တိုင်များက ခရီးသည်ဘယ်လောက်ခရီးပေါက်လာပြီဆိုတဲ့ ခရီးအကွာအဝေးကို အဆုံးအဖြတ်ပေးပါတယ်။ စာပေသမိုင်းခရီးတစ်လျှောက်နဲ့ပတ်သက်လို့လည်း အဲဒီသဘောကိုစဉ်းစားကြည့်လို့ရပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့အခမ်းအနားဟာ ယခုလက်ရှိပစ္စုပ္ပန်မြန်မာစာပေရဲ့အခြေအနေကိုအကဲခတ်နိုင်ရန်အတွက် မြန်မာစာပေသမိုင်းခရီးတစ်လျှောက်က မိုင်တိုင်တစ်တိုင်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခမ်းအနားဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ပြန်လည်အာရုံပြုနေတဲ့ စာပေခရီးမှတ်တိုင်ကတော့ ခေတ်စမ်းစာပေဖြစ်ပါတယ်။ ယခုလိုခေတ်စမ်းစာပေနဲ့ခေတ်စမ်းစာပေခေါင်းဆောင်တစ်ဦးရဲ့ စာပေလက်ရာများကိုပြန်လည်သုံးသပ်ပြီး အဲဒီအချိန်က မြန်မာစာပေအခြေအနေနဲ့ယခုမျက်မှောက်ခေတ် မြန်မာစာပေ အခြေအနေကိုနှိုင်းယှဉ်ကြည့်တဲ့အခါမှာ ယနေ့မြန်မာစာပေခရီးဘယ်လောက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီဆိုတာအကဲဖြတ်လို့ရပါတယ်။ တိုးတက်မှုအရှိန်အဟုန်လျင်မြန်သလား၊ နှေးကွေးသလား၊ ကျေနပ်ဖွယ်ရှိသလား၊ မရှိဘူးလားဆိုတာတွေကို တွက်ကြည့်လို့ရပါတယ်။

ဒီနေရာမှာ မေးစရာမေးခွန်းတစ်ခုပေါ်လာနိုင်ပါတယ်။ အတိတ်ကို ပြန်ကြည့်တဲ့အခါမှာ စာပေခရီးတစ်လျှောက် တခြားမိုင်တိုင်တွေရှိပါလျက်နဲ့ ခေတ်စမ်းမိုင်တိုင်ကိုမှ ဘာကြောင့်ရွေးပြီးကြည့်ရသလဲလို့ မေးနိုင်ပါတယ်။ ယခုအချိန်၊ ယခုအထိမ်းအမှတ်ပွဲအခမ်းအနားမှာတော့ ခေတ်စမ်းစာပေ မိုင်တိုင်၊ ခေတ်စမ်းစာပေခေတ်ကိုပဲမျှော်ကြည့်ရပါလိမ့်မယ်။ ဘာကြောင့် လည်းဆိုတော့ ခေတ်စမ်းစာပေခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဆရာကြီးသိပ္ပံ မောင်ဝရာပြည့်အထိမ်းအမှတ်ပွဲ ကျင်းပဖြုလုပ်တဲ့အခါသမယ ဖြစ်နေတယ် မဟုတ်လား။

BURMESE CLASSIC

ဒီနေရာမှာ စကားစပ်လာတဲ့အတွက် ခေတ်စမ်းစာပေနဲ့ပတ်သက်ပြီး မိမိအမြင်ကိုပြောပြလိုပါတယ်။ တချို့က ခေတ်စမ်းစာပေကို ခေတ်တစ်ခေတ် လို့မမြင်ကြဘူး။ စာပေခရီးရဲ့မှတ်တိုင်တစ်တိုင်၊ မိုင်တိုင်တစ်တိုင်လို့ မသတ် မှတ်ကြဘူး။ ခေတ်စမ်းစာပေဆရာများမှာ များသောအားဖြင့် တက္ကသိုလ် ပရိဝုဏ်အတွင်းက လူနည်းစုလောက်သာဖြစ်ပြီး တက္ကသိုလ်ပရိဝုဏ် အပြင် ဘက်မှာအောင်မြင်ကျော်ကြားတဲ့စာရေးဆရာများ ရှိနေတယ်လို့ အကြောင်း ပြကြပါတယ်။ မှန်ပါတယ်။ အဲဒီအချိန်က တက္ကသိုလ်ပရိဝုဏ်အပြင်ဘက်မှာ ဦးဖိုးကျား၊ မဟာဆွေ၊ ပီမိုးနင်းစတဲ့စာရေးဆရာတွေရှိနေကြတယ်။ ဒါပေမယ့် အဲဒီစာရေးဆရာတွေဟာ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့သာ စာရေးနေကြတဲ့ပုဂ္ဂိုလ် တွေဖြစ်ပါတယ်။ စာပေလှုပ်ရှားမှုတစ်ရပ်ကို ဖန်တီးနေကြသူတွေမဟုတ်ဘူး။ ခေတ်တစ်ခေတ်ဆူထောင်တယ်ဆိုတာ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ထူထောင် လို့မရပါဘူး။ အများစုပေါင်းပြီးထူထောင်မှသာ ခေတ်တစ်ခေတ်ဖြစ်ပေါ် လာနိုင်ပါတယ်။ ခေတ်စမ်းစာပေကိုပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ကြိုးပမ်းမှုလို့ မမြင် ပါဘူး။ ရှေးရိုးစဉ်လာရေးသားနည်းက ခွဲထွက်လာသူများစုပေါင်းပြီးကြိုးပမ်း အားထုတ်ကြတဲ့စာပေလှုပ်ရှားမှုတစ်ရပ်လို့သာမြင်ပါတယ်။ ခေတ်တစ်ခေတ် မှတ်တိုင်တစ်တိုင်ကိုသတ်မှတ်တယ်ဆိုတာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်လို့မရပါဘူး။ လှုပ်ရှားမှုတစ်ရပ်ကသာသတ်မှတ်လို့ရပါတယ်။ အဲဒီအမြင်နဲ့ကြည့်ရင် ခေတ်စမ်းစာပေကို စာပေခေတ်တစ်ခေတ်၊ စာပေမှတ်တိုင်တစ်တိုင်လို့ပြောရင် မမှားဘူးလို့ထင်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့အထိမ်းအမှတ်ပွဲဟာ စာပေသမိုင်းမှာ ကဏ္ဍတစ်ရပ်ဖြစ်ခဲ့တဲ့ ခေတ်စမ်းစာပေနဲ့ခေတ်စမ်းစာပေခေါင်းဆောင်တစ်ဦးဖြစ်တဲ့ဆရာကြီးသိပ္ပံမောင်ဝကို မျိုးဆက်သစ်တွေနဲ့မိတ်ဆက်ပေးတဲ့အထိမ်းအမှတ်ပွဲဖြစ်တဲ့အတွက် မြန်မာစာပေလောကအတွက် အထူးကျေးဇူးပြုမယ့်အထိမ်းအမှတ်ပွဲဖြစ်တယ်လို့ဆိုချင်ပါတယ်။

ဆရာကြီးသိပ္ပံမောင်ဝရဲ့ရာပြည့်နှစ်အထိမ်းအမှတ်ပွဲမှာ ဆရာကြီးသိပ္ပံမောင်ဝရေးသားခဲ့တဲ့ စာအုပ်များကို အတော်များများပြန်လည်ထုတ်ဝေကြပါတယ်။ ရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲမှာ သိပ္ပံမောင်ဝရဲ့စာပေဘဝကို ဘက်စုံလေ့လာသုံးသပ်ထားတဲ့ စာတမ်း(၈)စောင် တင်သွင်းဖတ်ကြားနိုင်တာလည်း ဒီရာပြည့်အခမ်းအနားရဲ့ထူးခြားချက်ဖြစ်ပါတယ်။ စာတမ်း(၈)စောင်ကို စာအုပ်အဖြစ်ရိုက်နှိပ်ထုတ်ဝေဖို့ စီစဉ်ထားတယ်လို့သိရပါတယ်။

ယခုလို ထူးခြားတဲ့အသွင်လက္ခဏာအရပ်ရပ်နဲ့ ပြည့်စုံတဲ့သိပ္ပံမောင်ဝနှစ်တစ်ရာပြည့် အခမ်းအနားကျင်းပပြုလုပ်ပေးတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနကို အထူးကျေးဇူးတင်ပါတယ်။ မြန်မာစာပေကို အထူးအကျိုးပြုသွားခဲ့တဲ့ အခြားနာမည်ကျော်စာရေးဆရာကြီးများ နှစ်တစ်ရာပြည့်ချိန်ရောက်လာရင်လည်း အလားတူရာပြည့်ပွဲမျိုးကျင်းပပေးမယ်ဆိုရင် မြန်မာစာရေးဆရာကြီးများကိုဂုဏ်ပြုရာရောက်တဲ့အပြင် မြန်မာစာပေလောကအတွက်လည်း အကျိုးပြုရာရောက်လိမ့်မယ်လို့ထင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com